City MAGAZINE

Vol- 258, 2019

မိုးကြိုးမုန်တိုင်းနှင့် မိုးသီးငြွှေခြင်း



City MAGAZINE

VOL - 258, 2019

အယ်ဒီတာချုပ်

ကိုရာဇာ

အမှုဆောင်အရာရှိ

စောလှဦး

အယ်ဒီတာ

ကိုစော(ပထဝီဝင်)

စာပြင်

သင်မိုးနီ၊ အောင်ကျော်

မျက်နှာဖုံးနှင့်အတွင်းဒီဇိုင်း

MOE-Z

စာစီစာရိုက်

မြတ်မြတ်၊ သျှင်မင်း

ဓာတ်ပုံ

သန့်စင်

ပန်းချီသရုပ်ဖော်

အေကျော်စွာ၊ ဝင်းသိန်း၊ ဆု၊ ဝင်းတင်

ဖက်(စ်) ၀၁-၅၀၃၆၂၆

Email: yangoncitynews@gmail.com

ပုံနှိပ်ထုတ်ဝေသူ

ဒေါက်တာ တိုးအောင်

ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ(၀၄၅၁၇)

ပုံနှိပ်တိုက်

မြို့တော်ပုံနှိပ်တိုက်မြေ(၀၀၅၈၃)

ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်

ကြည့်မြင်တိုင်မြို့နယ်

ပြန့်ချိရေး

ကျော်မင်းထိုက်၊ အောင်မျိုးသန့်

ဖုန်း - ၀၉၂၅၄၂၃၉၇၇၊ ၀၉-၄၂၁၁၂၉၇၉

မြို့တော်မဂ္ဂဇင်း

ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်

ကြည့်မြင်တိုင်မြို့နယ်

ဖုန်း ၀၁-၅၀၃၆၇၀၊

တန်ဖိုး

၂၀၀၀ ကျပ်

အုပ်ရေ

၂၀၀၀

City MAGAZINE

Vol : 258, 2019

CONTENTS

4 EDITORIAL NOTE

POEM

5 ချင်းရွှေဟော်မှ ရေကြည်မြ မြင်းမူမောင်နိုင်မိုး
6 မေတ္တာကို ဓားပြတိုက်ခြင်း: ရွှေနွယ်ဂိုး
7 ပွဲသွားကြော့ကြော့ မောင်စိမ်းနောင်(လယ်ဝေး)
8 ရင်ထဲကနွေ တင်ရွှေဝင်း(ကျောက်လှည်းဘီး)
27 သဘာဝတရား:သို့ အနှံတုခြင်း: မောင်လွမ်းနိုင်(စံပယ်ဦ)
28 သီအိုရမ်-၁၅၀၀ ဆန်းလွင်(မြန်မာစာ)
72 ခွန်အား:ဖြစ်စေ ဆုပန်ခြေ ဝိုင်းမောင်(မာန်အောင်)
106 ရိုးမကျော်ပြီး ပြည်ထောင်စုခရီး: ကျော်စောဟန်
146 ဘဝတန်ဖိုး: မိုးမြင့်သုခ(အမှိုက်လေး)
155 တောင်လေဖျန်းချိန် မောင်မျိုးသန့်(ပင်လည်ဘူး)

CARTOON

9 စီစီတီဗွီ 10 သန်းနိုင် 11 ဖြူးလေး:
12 ဖိုးတုတ်ကလေး: 17 မောင်မောင်ညွှတ်
18 အောင်အောင်ထွေး: 44 ရွှေကိုဦး: 78 ဇက်တီ
130 စောဟန် 136 အီကွေတာ

RELIGION

39 လက်သီးဆုပ်မလား၊လက်ဝါးဖြန့်မလား: ထွေးမောင်






COVER ARTICLE

67 မိုးကြိုးမုန်တိုင်းနှင့် မိုးသီးကြွေခြင်း:
သိပ္ပံစာရေးဆရာကိုကိုအောင်

ARTICLE

13 တည်ငြိမ်ကုန်း နိုင်ငံတကာအဆင့်မီ သစ်သီးဝလံ
ဟင်းသီးဟင်းရွက်နှင့်ပန်းမန်စျေးကြီး: ကိုစော(ပထဝီဝင်)
19 ပြင်ဦးလွင်၊ လား:ရှိုး၊ မူဆယ်၊ ရွှေလီ(တရုတ်ပြည်)ခရီးစဉ်
မောင်မြတ်မွန်(ဆူးလေ)
23 ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်ဝယ်ရောင်းနဲ့
MSME's ချေးငွေ ဇော်ဟိန်:
51 ထိန်းသိမ်းကြပေ ရှေးဟောင်းအမွေ ခြယ်မှန်းသိ
83 ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်
မြို့သရေခေတ္တရာ ဆွေမြင့်သူ(ကြေး/မြေ)
91 စကား:လုံး:များ:၏ သိက္ခာ မိုးပန်းမွန်(ရာမည)
99 အမှိုက်ပစ်တတ်ဖို့ လိုနေပြီ သက်ပွ
107 ပြဇာတ်စာပေအခန်းကဏ္ဍ ထာဝရရှင်သန်ခြင်းနှင့်အတူ
အောင်မြင့်စိုး(ရေစကြို)
123 သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး: သက်ဝေမျိုး
137 မြေငလျင်မိတ်ဆက်(Earthquake Tips)
အယ်ဒီတာတစ်ဦး:
151 ဘူမိဘောအဒူယာဒတ်ဂျ ကိုဇော်



ခေါရင်းသဲတူးမြောင်း 88

ထိန်းသိမ်းကြပေ ရှားဟောင်းအမွေ 51

EXPERIENCE ESSAY

79 အကာလာ: အနှစ်လာ: မောင်သာစိုး(ပြည်)

STRANGE

88 ခေါရင်းသဲတူးမြောင်း: ရဲမာန်ခ

TRANSLATION

35 ချီကာဂိုရဲတပ်ဖွဲ့ကို ကုစားထိန်းကျောင်းသူ တက္ကသိုလ်ပရော်ဖက်ဆာ မောင်သီဟ

63 တကယ့်အိမ်နီးချင်းကောင်း: ဘနင်း(မြန်မာပြန်)

PHOTO

102 မြန်မာနိုင်ငံဓာတ်ပုံအသင်း: လစဉ်ဓာတ်ပုံပြိုင်ပွဲများ: သန့်စင်

CELEBRITY

119 *Celebrity and Showbiz* အောင်စိုးသူ(LPN)

YOUTH

147 မွန်မြတ်စိတ်ထား လူငယ်များ: မာမာ(အဓိမြေ)

SHORT STORY

29 မေတ္တာမှာလို့ စိတ်ထားတူ ဆင်ဖြူကျွန်းအောင်သိန်း:

45 သမုဒယနဲ့ နီသင်းအောင်ကျော်မိုး:

57 အမှတ်စက်လေးတွေ ဆုံစည်းရာ တက္ကသိုလ်အေးမြစန္ဒာ

73 ထီးစုတ်ခိုသူများ: ဒေးဗစ်မောင်မောင်

95 နေမဝင်မီ ခင်ဝေလင်း

115 ကျွန်တော် ရဲဒိုး သန်းဝင်းထွန်း(ဆွာ)

131 အနိုင်မယူသူအရှုံး: တာရာလမင်း

HEALTH

111 ကျန်းမာရေးအတွက် အစား:အစာကိုင်တွယ်သူ လိုက်နာရမည့်အချက်များ: ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)

JOKE

43, 56, 62, 66, 94, 118, 145 မောင်သီဟ

LONG STORY

156 အမှတ်တရ ဘဝသံသရာ သောင်းဝေဦး

ရှေးဦးစကား

မင်္ဂလာပါ

City Magazine (258) စာရှုသူများ၏ရှေ့မှောက်သို့ မိုးတစ်ဖြိုက်နှင့်အတူ ရောက်ရှိလာပါပြီ။ အစဉ်အလာအတိုင်း သုတရသစုံစွာပါရှိအောင် City အဖွဲ့သားများက ကြိုးစားထားကြောင်း ဦးစွာတင်ပြလိုပါသည်။

စာမူရှင်များကလည်း တစ်စုံတစ်ရာ Message ပေးလို၍ ရေးသားပေးပို့လာကြသည်၊ City အဖွဲ့ကလည်း သင့်ရာသင့်ရာကလွှာစုံအောင် ရိုးသားစွာ စုစည်းတင်ပြအပ်ပါသည်။

ဤနေရာတွင် ဖြူစင်ရိုးသားမှုဟူသည်ကို အလေးပေးတင်ပြလိုပါသည်၊ စိတ်ကောင်းရှိမှုနှင့် ဖြူစင်ရိုးသားမှုသည် စွယ်တော်ရွက်လို နှစ်လွှာပေါင်းဟု တင်စားချင်ပါသည်။ စိတ်ကောင်းရှိလျှင် ဖြူစင်ရိုးသား၍ ဖြူစင်ရိုးသားသူမှာ စိတ်ကောင်းရှိသည်ဟု မြင်ပါသည်။

ဆရာတော်အရှင်ဇနကာဘိဝံသ ဆိုဖူးသည်။ စိတ်ဆိုးစိတ်ယုတ်ရှိသူများသည် ဒါနပင်ပြုပြု၊ သီလပင်ဆောက်တည်ဆောက်တည်၊ ဘာဝနာကမ္မဋ္ဌာန်းပင် စီးဖြန်းစီးဖြန်း အကျိုးပေးတွင်မစင်ကြယ်ဟုဆို၏။ ထို့ကြောင့်လည်း မဟာဂန္ဓာရုံကျောင်းဝင်ဆိုင်းဘုတ်တွင် "စိတ်ကောင်းရှိရေး" ကို ပထမဟုတင်ပြထားသည်။ "စာတတ်ဖို့" ကို ဒသမနေရာတွင်ထားသည်။

မည်သို့ဆိုစေ City မဂ္ဂဇင်းသည် စိတ်ကောင်းနှလုံးကောင်းကိုအခြေခံ၍ ရိုးသားစွာဖြင့် အကြောင်းစုံပါဝင်အောင်၊ ကလွှာစုံအောင် ကြိုးစားထားပါကြောင်း ရှေးဦးစကား ဆိုပါရစေ -

အယ်ဒီတာချုပ်

ချင်းရွှေဟော်မှ ရေကြည်မြ

မြင်းမူမောင်နိုင်ပိုး

❖ ကွမ်းလုံကို ကျော်၊ ချင်းရွှေဟော်သို့
ချစ်ဖော် ဆွေမိတ်၊ သူတို့ ဖိတ်၍
ကိုယ်စိတ်ချမ်းမြေ့၊ ရောက်ခဲ့ရသည်
ဆောင်းလ စာဆို ရာသီတကား။

❖ မြောက်သို့လားသော်၊ ပါကျဲဟော် တဲ့
ရေပေါ် လျှပ်စစ်၊ စွမ်းအားသစ်ဖြင့်
မြို့သစ် ဝင်းအောင်၊ အလင်းဆောင်၏
တောင်ဘက် ညိုမောင်း၊ နမ့်တိန်ချောင်းတည့်
တောင်စောင်း နိမ့်မြင့်၊ စီရီဆင့်လျက်
ရွှေချင့်ဖွယ်ရာ၊ အရှေ့မှာမူ
နမ့်ဖာဟော် ကား၊ နယ်စပ်ခြားသည့်
တံတား ဆောက်တည်၊ သူတို့ပြည်တည့်
လည်ပြန် မျော်မှန်း၊ အနောက်ခြမ်းဝယ်
ကွမ်းလုံမြို့လျှင်၊ ရေးရေးထင်သည်
ဝန်းကျင် သာယာ လှသည်တကား။
ကိုးကန့်ဘာသာ၊ စကား မှာလျှင်
လေ့လာ ပိုင်းခြား၊ ပြန်ဆိုငြားသော်
"ချင်း" ကား ကြည်လင်ခြင်း
"ရွှေ" ကား ရေသီတာ
"ဟော်"မှာ ရေထွက်
အနက် အဓိပ္ပာယ်၊ ချစ်စဖွယ်ပင်
တင့်တယ် စွလေ၊ အလှဝေသည်
ရေကြည် ထွက်သော မြို့ကလေး။
ချင်းရွှေဟော်ဟု အမည်ပေး။

❖ ဩော် . . .ငွေနှင်းမှုန်မှုန်၊ လေညင်းသုန်စဉ်
ပန်းဂျုပွင့်လှိုင်၊ မြရိပ်မြိုင်နှင့်
လောက်ကိုင် သွားပြန်၊ ဆန်စုန် ခရီး
မငြီးမွေ့လျော်၊ ချင်းရွှေဟော်၌
ပျော်ရွှင် ခေတ္တာ၊ အနားရခဲ့
ဒေသ ငြိမ်းအေး၊ ငြိမ်းချမ်းရေးကြောင့်
မွေးထုံ လန်းဆန်း၊ မေတ္တာပန်းတို့
ပွင့်လန်း ခဲ့ပါ၊ ဤနေရာဝယ်
ထာဝရ ရေသည် ကြည်ပါစေ။
မြို့နာမည်နှင့် လိုက်ဖက်စေ။
ကမ္ဘာတည် သရွေ့ ခိုင်မြဲစေ။ ။



❖ မိခင်ဒေါ်နွား ၊ သမီးသားတို့
စို့ပို့စုထား ၊ နွားနို့များကို
လူသားတွေက ၊ ညှစ်ယူကြ၏။

❖ မိခင်ဒေါ်ပျား ၊ သမီးသားဖို့
ပျားလဘို့မှာ ၊ စုဆောင်းသိမ်းထား
ပျားရည်များကို ၊ လူသားတွေက
ဖွပ်ယူကြ၏။

❖ မိခင်နှစ်ပါး ၊ ပျားနှင့်နွား၏
သားသမီးတို့ ၊ သောက်စို့ဖို့ရာ
မေတ္တာချို့မြ၊ အာဟာရကို
ဓားပြလူမိုက် ၊ တိုက်ယူလိုက်သည်
လက်ပိုက်ကြည့်နေကြတကား။

ဣန္ဒယ်ရိုး

မေတ္တာကို ဓားပြတိုက်ခြင်း





ပွဲသွားကြော့ကြော့

လှည်းတန်းတွေ ရှုမဆုံး
ဖုံလုံးက လျှိုင်လျှိုင်။
သူထက်ငါ အနိုင်နဲ့
လှည်းချင်း ယှဉ်ပြိုင်။
ချွေသံက မြိုင်မြိုင်
တူနိုင်မယ် ထင်သလား။
ပွဲသွားချိန် လှည်းယဉ်ကြော့တို့
နော့ကြနိုင်အား။


ဟိုရွှေ့ဆီ လှည်းတစ်အုပ်
လူပ်တလူပ် ခရီးနှင်
တို့ရွာသူ ပျိုရွယ်သစ်တို့
ဖြစ်လိမ့်မယ်ထင်။
အလှဆုံး ပြင်ဆင်
မူဟန်သွင် အကြော့သား။
သစ်လွင်လွင် ဝတ်ဆင်နဲ့
ပွဲသို့အသွား။

ပွဲရှိရာ လှည်းအဆိုက်
ရွာအလိုက် ညီညီ။
စုဖွဲ့ကာ ဘယ်မခွဲ
လှည်းဖြတ်ကြပြီ။
အသီးသီး ကိုယ်စီ
ပွဲခင်းဆီ ထွက်လှမ်း။
ပွဲယဲမှာ ဇွဲသန်မှကြောင့်
လင်းလုခမန်း။

ဇာတ်ပေါင်းချိန် ကားလိပ်ချ
ထကြတော့ ကလေးတွေ။
ဖိနပ် ဖျာ ဦးထုပ်ဆွဲ
သိမ်းဆဲ (ဆည်း) ပါအော။
လှည်းကောက်ကြ လူငယ်တွေ
ပြင်ကြလေ ပြန်စို့။
မိုးသောက်ချိန် အပြန်လမ်းမှာ
နွှမ်းလို့ယိုင်လို့။

ပွဲပြန်ချိန် အကုန်လုံး
နုံးတုံးတုံး ခွေတေတေ။
မပြီးနိုင် ပွဲအကြောင်း
ပြောကောင်းတုန်းပေ။
လှည်းတန်းကရှေ (ရှည်)
နေးပလေ ဆိုကြ။
ချစ်စရာ . . .
တစ်နှစ်တစ်ခါ မြင်နိုင်သေး
ကျေးလက်ဘာဝ။ ။

မောင်စိမ်းနှင်(လယ်ငေး)



ရင်ထဲကနွေ

❖ ချစ်တယ်ဆို မုသားတွေနဲ့
ပစ်ပယ်လို ခုမျှားမှာဖြင့်
ကိုယ့်အပါးမှ သူရှောင်ခွာ။

❖ မကြင်နာရင် အသည်းကိုမှ
တမင်သာ သခင်ခွဲပြန်တော့
ရင်ထဲကနာ။

❖ ချစ်တတ်အောင် အပြုံးစကားတွေနဲ့
ရစ်ပတ်နှောင် နှလုံးသားကိုဖြင့်
လှည့်စားပြန်လို့ သခင်ညာ
ရင်လွှာကို အစိမ်းလိုက်ခွဲ။

❖ သြော် . . .ကိုယ့်မှာဖြင့်
ရက်ရှည်ကြာ
မျက်ရည်ဖြာ သောကစိမ်းရယ်နဲ့
လောကလမ်းမှာဖြင့် နေမပျော်
ကြင်နာဖော် သူမသိပေမဲ့
ရင်မှာနော် ဖြေမချိပါဘု
(သြော် . . .သခင်ရယ် ရင်ထဲမှာတော့)
နွေအတိပါဝဲ။

တင်ရွှေဝင်း(ကျောက်လှည်းဘီး)

CITY Cartoon



CITY Cartoon

CITY Cartoon



CITY Cartoon











တည်းကုန်း နိုင်ငံတကာအဆင့်မီ သစ်သီးဝလံဟင်းသီးဟင်းရွက်နှင့်ပန်းမန်ဈေးကြီး

ကိုစော(ပထဝီဝင်)

ဆောင်းနှင်းရေးရေး ဆောင်းလေအေးနဲ့ သာယာချမ်းမြ ၂၀၁၈ ဇန်နဝါရီလ ၃၁ ရက် နံနက်ခင်းမှာဖြင့် အရောင်အသွေးစုံ၊ အလှကျက်သရေစုံစွာနဲ့ တည်းကုန်း နိုင်ငံတကာအဆင့်မီ သစ်သီးဝလံဟင်းသီးဟင်းရွက်နှင့် ပန်းမန်လက်ကားဈေးသစ်ကြီးကို စတင်ဖွင့်လှစ်ခဲ့ကြပါတယ်။

ဒီဈေးသစ်ကြီးက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရွှေပြည်သာတံတားလမ်းနဲ့ ပုလဲလမ်းထောင့် မြေဧရိယာ ၈၂ ဒသမ ၈၈ ဇကေပေါ်မှာ တည်ရှိပြီး ၂၀၁၅ ခုနှစ်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် မြန်မာအက်ဂရိုအိတ်(စ်) ချိန်းပတ်ဘာလစ်လီမိတက် (MAEX) တို့ အကျိုးတူပူးပေါင်း စတင်တည်ဆောက် အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်တယ်။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလအတွင်းက ဈေးရုံအမှတ်(၁) သစ်သီးလက်ကားဈေးရုံ၊ ဈေးအမှတ်(၂) တောင်သူလက်လီဈေးရုံနဲ့ ဈေးရုံအမှတ်(၃) ကုန်မျိုးစုံနဲ့ စားသောက်ဆိုင်ဈေးရုံတို့ကို အပြီးသတ်တည်ဆောက်ပြီးစီးခဲ့တာကြောင့် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှာ ဈေးဆိုင်များ ငှားရမ်းဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့ပါတယ်။



နိုင်ငံတကာအဆင့်မီ သစ်သီးဝလံ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်လက်ကား ဈေးသစ်ကြီး ဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ တိုင်းဒေသကြီး ဝန်ကြီးများနဲ့ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဈေးသစ်ကြီးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ခြင်း၊ ဖဲကြိုးဖြတ်ဖွင့်လှစ်ခြင်းများ ပြုလုပ်ကြကာ အခမ်းအနားဖွင့်ပွဲမှာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ''ရန်ကုန်မြို့မှာ အိမ်တိုင်းအိမ်တိုင်းဟာ စားဝတ်နေရေးအတွက် ဈေးတွေနဲ့ ဆက်သွယ်ဆောင်ရွက်နေကြတာပဲဖြစ်ပါတယ်။ ဈေးတွေနဲ့ ဆက်သွယ်ဆောင်ရွက်ကြတဲ့ အခြေအနေတိုင်းမှာ တကယ်သန့်ရှင်းသပ်ရပ်ပြီးတော့ ရောင်းဝယ်တဲ့ပစ္စည်းတွေဟာလည်း ကောင်းမွန်ပြီး ကျန်းမာရေးအတွက်ညီညွတ်နိုင်တဲ့ အစားအသောက်တွေကို ရောင်းဝယ်နိုင်တဲ့ ဈေးတွေ ပေါ်ထွန်းဖို့လိုအပ်ပါတယ်။ ဒီအခြေအနေတွေကို ကျွန်တော်တို့ အစိုးရသစ် လက်ထက်မှာ ပြုပြင်ပြောင်းလဲရမယ့် အခြေအနေတစ်ရပ် ဖြစ်ပါတယ်။





ဒါကြောင့် အခုဆိုရင် ဒီဈေးကြီးကို လည်း တည်ဆောက်ပြီးပြီ၊ ဒီဈေးကြီးကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြမယ့် ကုမ္ပဏီတစ်ခုကလည်း အော်ပရေတာ လုပ်မယ်ဆိုတဲ့အတွက် ဒီဈေးကြီးဟာ ကျွန်တော်တို့အနာဂတ်အတွက် မျှော်မှန်းထားတဲ့ အဆင့်တစ်ဆင့်ကို ရောက်နိုင်မယ့်ဈေးဖြစ်တယ်ဆိုတာကို ပြောပါရစေ။ ဒီဈေးကြီးကတော့ ကျွန်တော်တို့ အစိုးရသစ်ရဲ့ ပထမဦးဆုံး စံနမူနာပြဈေးအဖြစ် ရှိလာမှာဖြစ်ပါတယ်။ ဒီဈေးကြီးဟာ ထပ်မံတည်ဆောက်မှုတွေ များစွာရှိနေဦးမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့ကြီးရဲ့ ဈေးတွေရဲ့ စနစ်ထဲမှာ ပထမဦးဆုံး ပြုပြင်ပြောင်းလဲလိုက်တဲ့ စနစ်တစ်ရပ်အနေနဲ့ သမိုင်းမှတ်တိုင်သစ်တစ်ရပ်ကို ဒီကနေ စိုက်ထူလိုက်တာပဲ ဖြစ်

အိမ်တိုင်းအိမ်တိုင်းဟာ စားဝတ်နေရေးအတွက် ဈေးတွေနဲ့ ဆက်သွယ်ဆောင်ရွက်နေကြ တာပဲဖြစ်ပါတယ်။ ဈေးတွေနဲ့ ဆက်သွယ်ဆောင်ရွက်ကြတဲ့ အခြေအနေတိုင်းမှာ တကယ်သန့်ရှင်းသပ်ရပ်ပြီးတော့ ရောင်းဝယ်တဲ့ပစ္စည်းတွေဟာလည်း ကောင်းမွန်ပြီး ကျန်းမာရေးအတွက် ညီညွတ်နိုင်တဲ့ အစားအသောက်တွေကို ရောင်းဝယ်နိုင်တဲ့ ဈေးတွေ ပေါ်ထွန်းဖို့ လိုအပ်ပါတယ်။



ပါတယ်''လို့ ဂုဏ်ယူဝင့်ကြွားစွာနဲ့ အမှာ စကားများ ပြောကြားသွားခဲ့ပါတယ်။

အဲဒီနောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများဟာ ဖွင့်လှစ်ခဲ့သည့် စျေးရုံများကို လိုက်လံကြည့်ရှုပြီး စျေးရုံအမှတ်(၇) အအေးခန်း အလတ်စားပွဲရုံ အဆောက်အအုံတည်ဆောက်မည့် မင်္ဂလာ Pile အား စက်ခလုတ်ဖြင့် ရိုက်နှိပ်ပေးခဲ့ပါတယ်။

တည်းကုန်းဘူတာနဲ့ ကပ်လျက်ရှိတဲ့ တည်းကုန်းစျေးဟောင်းကို ၂၀၀၃ ခုနှစ် ဇွန်လ ၂၆ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ နှစ်ကာလကြာမြင့်လာတာကြောင့် စျေး အဆောက်အအုံ ဖွဲ့စည်းမှုဟာလည်း ယိုယွင်းလာပါပြီ။ ဝင်လမ်း ထွက်လမ်းဟာလည်း ကောင်းမွန်မှုမရှိတော့ပါ။ ဒါ့အပြင် သန့်ရှင်းမှုလည်း အားနည်းလာပါတယ်။ ပတ်ဝန်းကျင်ကောင်းမဖြစ်တော့ ဒီစျေးမှာ တင်ရောင်းနေတဲ့ ကုန်ပစ္စည်းများဟာလည်း သန့်ရှင်းလတ်ဆတ်မှု လျော့ကျလာပါတယ်။ ကျန်းမာရေးအတွက်လည်းအထောက်အကူ မရတော့ပါဘူး။ ဒါကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက သီရိမင်္ဂလာ စျေးသစ်ကြီးနဲ့ တည်းကုန်း နိုင်ငံတကာ အဆင့်မီ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်စျေးသစ်ကြီးများကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်ပါတယ်။







တည်းကုန်းစျေးသစ်ကြီးတွင် ဒမန်းဆိုင်ခန်း ၄၆၇ ခန်း၊ ပျဲကျဆိုင်ခန်း ၆၂၀ ခန့် ပြင်ဆင်ထားရှိပါတယ်။ စျေးရုံ(၁) သစ်သီးတန်းတွင် ဆိုင်ခန်းပေါင်း ၁၁၂၀၊ စျေးရုံ(၂) တောင်သူပျဲကျစျေးရုံတွင် ဆိုင်ခန်း ၃၃၆၀ နှင့် စျေးရုံ(၃) ကုန်မျိုးစုံ ကုန်ခြောက်တန်းတွင် ဆိုင်ခန်း ၁၁၂၀ ခန်းတို့ဖြင့် ၂၄ နာရီ အသင့်ရောင်းချရန် တည်ဆောက်ထားပါတယ်။ ယာဉ်ရပ်နားရန်နေရာ ကျယ်





ဝန်းပြီး အမြဲသန့်ရှင်းသပ်ရပ်နေအောင် စီမံဆောင်ရွက်ထားပါတယ်။ ပြင်ပကုမ္ပဏီနဲ့ ပူးပေါင်းတည်ဆောက်ထားပေမယ့် ဈေးအုပ်ချုပ်ရေးမှူးကတော့ မြို့တော်စည်ပင်သာယာရေးကော်မတီအောက်မှာပဲ ထားရှိမှာဖြစ်ပါတယ်။

တည်ငြိမ်ကုန်းဈေးသစ်ကြီးကို ယခုတည်ဆောက်ဖွင့်လှစ်ခဲ့သည့် ဈေးရုံများအပြင် ဆက်လက်၍ အဆင့်လိုက် တိုးချဲ့ဆောက်လုပ်သွားမှာပါ။ ဈေးတည်ဆောက်မှု စီမံကိန်းတွင်ပါတဲ့ တင်ဒါစနစ်ကျင့်သုံးရန်အတွက် တင်ဒါခန်းမအဆောက်အအုံ၊ စားသောက်ဆိုင်များနဲ့ ပါဝင်ဖွဲ့စည်းထားတဲ့ နှစ်ထပ်ဈေးရုံ၊ အသင့်စားသုံးနိုင်တဲ့ သား၊ ငါး၊ ငါးပိ၊ ငါးခြောက်၊ ကုန်ခြောက်မျိုးစုံ ရောင်းဝယ်နိုင်တဲ့ နှစ်ထပ်ဈေးရုံ၊ အအေးခန်းပါဝင်သည့် အလတ်စားနဲ့ အကြီးစားပွဲရုံများ၊ နှစ်ခန်းတွဲသုံးထပ်၊ လေးထပ် လူနေထိုင်ခန်းပွဲရုံအဆောက်အအုံ ၂၀၀ ခန့်၊ Export ပြုလုပ်ရန် အသင့်ထုပ်ပိုးထားသော ပစ္စည်းများထားရှိဖို့ အအေးခန်းစက်ရုံ ၃ ရုံ၊ အဆင့်မြင့် Hyper Market တစ်ခု၊ အဆင့်မြင့် ရှစ်ထပ်မိုတယ်၊ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်တို့ကို အဆင့်လိုက် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီစီမံကိန်းကြီးတစ်ခုလုံးကို ၉၉ ဒသမ ၈ ဘီလီယံခန့် အကုန်အကျခံ တည်ဆောက်သွားမယ်လို့ သိရှိရပါတယ်။

နိုင်ငံတကာအဆင့်မီ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်ဈေးသစ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာတဲ့ ကုန်ပစ္စည်းများကို အမျိုးအစားအလိုက် ဈေးရုံများသတ်မှတ်ပေးထားတဲ့ ဈေးရုံများမှာသာ ရောင်းချစေပါတယ်။ ဒါမှသာ ဝယ်ယူသူများ လွယ်ကူစွာဝယ်ယူနိုင်မှာဖြစ်ပါတယ်။ ဈေးအတွင်း ဝင်ထွက်သွားလာမှု အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ထားတာကြောင့် တိုးဝှေ့နေစရာမလိုဘဲ လွယ်လွယ်ကူကူ မြန်မြန်ဆန်ဆန် ဝယ်ယူနိုင်ပါတယ်။ ဈေးသည်များလည်း သီးသီးသန့်သန့်နဲ့ စနစ်တကျ နေရာယူရောင်းချနိုင်ပါတယ်။ ဈေးရောင်းသူ၊ ဈေးဝယ်သူများရဲ့ ယာဉ်များ ဝင်ရန်ထွက်ရန် ယာဉ်ရပ်နားရန် နေရာများကိုလည်း စနစ်တကျဖြင့် ကျယ်ကျယ်ဝန်းဝန်း စီမံဆောင်ရွက်ထားပါတယ်။ ဒီဈေးကြီးမှ နိုင်ငံတကာသို့ အသီးအနှံများ တင်ပို့ရောင်းချနိုင်ရေး စနစ်တကျထုတ်ပိုးပြီး သိုလှောင်သိမ်းဆည်းထားနိုင်တဲ့ အအေးခန်းများပါ တည်ဆောက်ပေးသွားမှာ ဖြစ်ပါတယ်။

တည်ငြိမ်ကုန်းနိုင်ငံတကာအဆင့်မီ ဈေးသစ်ကြီးကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ရန်ကုန်မြို့သူမြို့သားများ စနစ်တကျအဆင့်မီမီ သန့်ရှင်းလတ်ဆတ်သော ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ ပန်းမန်များနဲ့ ကုန်ပစ္စည်းမျိုးစုံ တစ်နေရာတည်း၊ တစ်ချိန်တည်းမှာပင် ပြည့်စုံလွယ်ကူစွာ ဝယ်စားသုံးနိုင်တော့မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။

ကိုစော(ပထဝီဝင်)



CITY Cartoon



CITY Cartoon




စီးပွားဖြစ်ဆောက်လုပ်ထားတဲ့ မှန်တံတား


လွိုင်ဆမ်ဆစ်တောင်တန်းက သဘာဝကျောက်ချွန်များ

ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ(တရုတ်ပြည်)ခရီးစဉ်


မြေးကလေးမောင်ပြည့်ဘုန်းသန့်နဲ့ ဓာတ်ပုံတွဲရိုက်ခဖွမ် ၂၀ ပေးရတဲ့ ဝူခုန်း (ဂျွန်နန်းတော်မုခ်ဦးရှေ့)

မောင်ဖြတ်မွန်(ဆုံးလေ)

ဒီတစ်ခေါက်ခရီးစဉ်ကတော့ ပြင်ဦးလွင်ကို အခြေပြုကာ လားရှိုး၊ မူဆယ်ကနေ တရုတ်ပြည် ရွှေလီ(မှန်တံတား)အထိကို သမီးကြီး (သြရသ)ရဲ့ ''ပစ္စယနဂ္ဂဟ''နဲ့ ရက်သတ္တပတ်ကြာမြင့်တဲ့ ခရီးရှည်ကြီးပဲဖြစ်ပါပေတယ်။

၂၁-၁၂-၂၀၁၈ နေ့မှသည် ၂၈-၁-၂၀၁၈ ထိ ကြာမြင့်တဲ့ခရီးရှည်

King Long အမျိုးအစား လေအိတ်ကားကြီးနဲ့ ၂၁-၁-၂၀၁၈ နေ့ ည ၉ နာရီ တိတိမှာ ခရီးရှည်ကြီးကို စတင်ခဲ့ပါတယ်။ ၃၉ မိုင် မြောင်းမြဒေါ်ချို မုန့်ဟင်းခါးဆိုင်မှာ အကြော်မပါ မုန့်ဟင်းခါးတစ်ပွဲကို ကျပ်ရှစ်ရာပေးပြီး ပူပူနွေးနွေးလေးရာမှာ ငါးရိုးမမြက် အောင် အတော်သတိထားစားခဲ့ရတယ်။ ဝမ်းဝပြီးနောက်မှာ လေအိတ်ကားကြီးပေါ် အိပ်စက်ပြီးလိုက်သွားတာ နောက်နေ့နံနက်အရုဏ်မတက်မီတွင် နေပြည်တော်က မြောင်းမြဒေါ်ချို မုန့်ဟင်းခါးဆိုင်သို့ ရောက်ရှိရပ်နားပြန်တယ်။ နံနက် (၀၆း၃၀) နာရီမှာတော့ ပြင်ဦးလွင်က ထမင်းသုခစားသောက်ဆိုင်မှာ မျက်နှာသစ်၊ သွားတိုက်ပြီး အပေါ့အလေးသွားကာ နံနက်စာစားပြီးနောက် ပြင်ဦးလွင်က ပြည်ချစ်ဘုရားဖြစ်တဲ့ ''မဟာအံ့ထူးကံသာ''ကို ဝင်ရောက်ဖူးမြော်ပြီး ရွှေသင်္ကန်းကပ်လှူပူဇော် ကုသိုလ်ယူခဲ့ပါတယ်။ ပွဲကောက်ရေတံခွန် အမည်ရတဲ့ 'B.E, Fall' မှာတော့ B.E တပ်က စစ်သည်တွေက ကြိုးတံတားအကူးအဖြတ်ကို ကြပ်မတ်ပေးနေတာ ကျေးဇူးတင်ရပါတယ်။ များသောအားဖြင့်တော့ ကြိုးတံတားကူးကြရင် ခုန်ပေါက်ပြေးလွှားသွားကြလို့ အန္တရာယ်ကို ကြိုတင်

ကာကွယ်ပေးတဲ့ ရဲဘော်တွေကို ကျေးဇူးကမ္ဘာပါ။ အကောင်းအဆိုးဒွန်တွဲဖြစ်စဉ်အတိုင်း ရေတံခွန်ဘေးက ''ယမကာသမားများစားတဲ့ ရိုက်စား စားသောက်ဆိုင်မှာ ''ချိုချဉ်ကြော်တစ်ပွဲ''ကို ကျပ် ငါးထောင်ပေးပြီး စားခဲ့ရပါတယ်။ ဈေးများတယ်ထင်လို့ ပြင်ဦးလွင်မြို့ထဲက စားသောက်ဆိုင်မှာ ''ချိုချဉ်ကြော်'' ထပ်မှာစားကြည့်တော့ ဒီအရသာ၊ ဒီပမာဏကို ကျပ် ၁၈၀၀/- သာ ပေးခဲ့ရပါတယ်။ ဝိုင်သမားဈေးနှုန်းနဲ့ စားမိတာမျိုးဖြစ်မှာစိုးလို့ အသိပေးရေးသားလိုက်ရတာပဲ ဖြစ်ပါပေတယ်။

ပန်းမြို့တော်ဖြစ်တဲ့ ပြင်ဦးလွင်မှာကျင်းပနေတဲ့ ''၁၃ ကြိမ်မြောက် ပြင်ဦးလွင်ပန်းပွဲတော်''ကိုလည်း အကြောင်းတိုက်ဆိုင်တဲ့အတွက် ရောက်ရှိခဲ့တယ်။ လွန်ခဲ့တဲ့ နှစ်(၂၀)ခန့်က ဝင်ချင်သလို ဝင်၊ ထွက်ချင်သလိုထွက်ခဲ့ရတဲ့ ပြင်ဦးလွင်ကန်တော်ကြီးဟာ ပန်းအလှ၊ မြက်တောနဲ့ ရွှံ့အိုင်ပွက်တွေနဲ့ ပြည့်နှက်နေခဲ့ဖူးပါတယ်။ အခုတော့ ''ကန်တော်ကြီးအမျိုးသားဥယျာဉ်အဆင့်နဲ့ လိုက်လျောညီထွေစွာ ပန်းပေါင်းစုံလင်ရုံမျှမက ရေအိမ်သာကအစ သန့်ရှင်းသန့်ရပ် လှပါပေတယ်။ ဒါကြောင့်လည်း သိပ်ပဲမောင်ဝ အရေးအသားနဲ့ စာပန်းချီခြယ်မိတာက ''ပြင်ဦးလွင်ပန်းပွဲတော်တွင် အရောင်အသွေးစုံလင်၊ ပန်းပေါင်းစုံလင်စွာ၊ ပသာဒရှိလှပါပေ၏။ ဒေသအလှ၊ ရာသီပန်းအလှတို့ ရောင်စုံတောက်ပ၊ ရှုမဝပါတကား''လို့ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း It Happen in Myanmar လို့ နိဂုံးတကာ မီဒီယာ အရေးအသားနဲ့ ရေးသားရမယ့် မြန်မာတွေ စည်းကမ်းမဲ့စွာ ပန်းပေါင်းဝေဆာနေတဲ့ ဝန်းကျင်မှာ ''ပစ်ချထားကြ''တဲ့ အမှိုက်တွေ ပြန့်ကျဲနေတာကိုပါ တွေ့ရပြန်တော့ ''ရောင်စုံတောက်ပ၊ ပန်းအလှများ ဝန်းကျင်တွင်ကား ပြည်သူအများ စည်းကမ်းမဲ့စွာ စွန့်ပစ်ထားသည့် အမှိုက်များကား ဗရပွပါတကား''လို့လည်း စီကုံးမိပြန်ပါတယ်။ ဒါ့အပြင် ငန်းနဲ့ဘဲတို့ပျော်စံရာ ရေကန်သာဘေးမှာလည်း ထိုးဆွစားတတ်တဲ့ သတ္တဝါများအား ဘေးအန္တရာယ်ဖြစ်စေမယ့် ပလတ်စတစ်အမှိုက်တွေကို ရေကန်ပတ်လည်ဘေးတစ်လျှောက်မှာ တွေ့မြင်ခဲ့ရပါသေးတယ်။

အသည်းထိတ်စရာ ဂုတ်တွင်းဂုတ်ထိပ်လမ်းကြောင်းမဟာ

အကွေ့အကောက်တွေလွှမ်းနေတဲ့ ဂုတ်တွင်းဂုတ်ထိပ် လမ်းကြောင်းဟာ သည်းထိတ်ရင်ဖိုဖွယ်အတိ ဖြစ်ပါတယ်။ အကွေ့အကောက်ပေါင်း (၁၃)ခုကို တက်တစ်ခါ ဆင်းချီတစ်လှည့်နဲ့ ကွေ့ပတ်မောင်းနှင်နေရတာကို သည်းထိတ်ရင်ဖိုစီးနင်းရင်း မြင်ကွင်းကျယ်ရှုခင်းတွေကို ရှုမြင်ရတာဟာ ဘယ်အရာနဲ့မှ နှိုင်းလို့မရတဲ့ ပသာဒအလှတွေပါပဲ။ သဘာဝအလှအပတွေ မပျက်မယွင်းသေးတဲ့ ဂုတ်တွင်း ဂုတ်ထိပ် ရှုမျှော်ခင်းမှာ ဂုတ်တွင်းအတက်လမ်းကနေ အုံ့မခန်းလှပတဲ့ ဂုတ်ထိပ်တံတားကြီးကို ပြင်ဦးလွင် ပိတ်ချင်းမြောင်နန္ဒမူလိုဏ်ဂူတော် ဝင်ဖူးပြီး ခရီးဆက်ခဲ့စဉ်မှာ ''တန်ဖိုးရေးမထားတဲ့ ပန်းချီကားချပ်ကြီးအလား တွေ့မြင်ခဲ့ရတယ်။ ဂုတ်တွင်းရှုမျှော်ခင်းကနေ တွေ့မြင်ရတဲ့ တောင်စဉ်တောင်တန်းတွေကတော့ စိမ်းလန်းနေဆဲပါပဲ။ အန္တရာယ်လမ်းမှာ ကားတစ်စင်းဟာ လမ်းဘေးသစ်ပင်ကို ခေါင်းနဲ့ဝင့်ထားလို့သာ ချောက်ထဲကျမသွားတာကို သည်းထိတ်ရင်ဖို တွေ့မြင်ခဲ့ရတယ်။ ကိုယ်ပိုင်ကားလေးတွေကတော့ အကွေ့အဝိုက်တွေမှာပင် ကားကြီးတွေကို ကျော်တက်မောင်းနှင်နေကြလေရဲ့။ သီပေါမုဋ္ဌောဘော်ကြိုဘုရားဝင်းအတွင်းမှာ နံနက်စာစားပြီးနောက် ခရီးဆက်ခဲ့ရာမှာ ညနေ ၄ နာရီတွင် ''လားရှိုး''သို့ ရောက်ပြီး ဦးစွာ မန်ဆူဘုရားအား ဝင်ရောက်ဖူးမြော်ကာ မန်ဆူကျောင်းတိုက် ဆရာတော်ကိုပါ ဝင်ရောက်ကန်တော့ခဲ့ကြပါတယ်။ ကျယ်ဝန်းတဲ့ ကျောင်းဝင်းကြီးဟာ ခိုလှုံရာလည်း ဖြစ်ပါတယ်။ စာရေးသူတို့ရောက်ရှိချိန်မှာ စစ်ဘေးရှောင်တွေ နေရပ်ဌာနေ ပြန်သွားကြပြီလို့ ဆရာတော်က မိန့်ဆွေးပါတယ်။ လားရှိုးမြို့မှာ ညအိပ်တည်းခိုခဲ့ရတဲ့ ''ဇေရယ်မွန်း''တည်းခိုခန်းကတော့ အသားနားဆုံးပါပဲ။

တံတိုင်းခြားလို့ စည်းကမ်းခြားနားသွားတဲ့ မူဆယ်နဲ့ ကြယ်ဂေါင်

ချမ်းအေးလှတဲ့ ဒီဇင်ဘာ ၂၄ ရက်နေ့ နံနက်ပိုင်းမှာ လားရှိုးမြို့က ''ရေပူစမ်း''ကို ရောက်ရှိခဲ့တာကြောင့် ဒူးနာပျောက်စေဖို့



ဒူးနဲ့ပေါင်အထိသာ ရေပူစမ်းမှာ စိမ်ခဲ့ရတယ်။ ခရီးသွားဖော်တစ်ယောက် အိမ်သာထဲမှာကျန်ခဲ့တဲ့ ပိုက်ဆံအိတ်ကို ရေပူစမ်းလုံခြုံရေးတွေရဲ့ သစ္စာရှိမှုကြောင့် ပြန်လည်ရရှိအောင် ကူညီဆောင်ရွက်ပေးခဲ့ရတဲ့ ''ဝိတိ''နဲ့ မူဆယ်မြို့သို့ ခရီးဆက်ခဲ့တယ်။ လားရှိုးမူဆယ် ခရီးစဉ်မှာ သဘာဝအလှအပတွေနဲ့ ပြည့်လွှမ်းနေတဲ့ လွိုင်ဆမ်ဆစ် တောင်တန်းကို အံ့မခန်းတွေ့မြင်ရတယ်။ သဘာဝကျောက်ချွန်များ စုစည်းတည်ရှိရာမှာ ခရီးတစ်ထောက်နားရင်း အပေါ့အပါးသွားတာကို ''အဖိုးအခ''မယူတဲ့ ကလေးသုံးယောက်အမေ၊ ကိုးကန့်သူလေးကို ခရီးဖော်တွေက စုပေါင်းလှူကြတဲ့အတွက် မေတ္တာရောင်ပြန်ဟပ်ကာ လိုအပ်တာထက်ပင် ပိုရသွားတာကိုလည်း မုဒိတာပွားရပါတယ်။ (၁၃း၄၀) နာရီမှာ မူဆယ်မြို့သို့ရောက်တဲ့အတွက် ''ယာယီနယ်စပ် ဖြတ်သန်းခွင့်လက်မှတ်''ကို ရွှေနန်းတော်ဂိတ်က လူဝင်မှုကြီးကြပ်ရေးရုံးမှာ စတင်ပြုလုပ်ရတယ်။ တရုတ်ပြည်ကို ဝင်ဖို့ရာ လူအုပ်တန်းများစွာ တန်းစီနေတာကို တွေ့ရပါတယ်။ စူးစမ်းကြည့်တဲ့အခါ ''ကြိုခုတ်ရာသီ''ဖြစ်လို့ ကြိုခုတ်သွားမယ့်သူတွေက အများစု ဖြစ်ကာ၊ ထမင်းချက်၊ အဝတ်လျှော်၊ အိမ်ဖော်သွားလုပ်ကြမယ့် အမျိုးသမီးငယ်လေးတွေကိုလည်း တွေ့ခဲ့ရတယ်။ လဝကရုံးဘေးက မူဆယ်–နမ့်ခမ်းသွား ကားလမ်းဟာ ကျဉ်းလည်းကျဉ်း၊ ကြမ်းလည်း ကြမ်းတဲ့အပြင် တောင်ပေါ်ကားလမ်းတက်ဖို့ 'ဘီး' ရေဆေးလာတဲ့ ဘီး ၂၀၊ ၁၂ ဘီးယာဉ်ကြီးတွေကြောင့် ကျောက်ခဲတွေပေါ်နေတဲ့ ချိုင့်ဝှက်လမ်းမှာ ယာဉ်အန္တရာယ်ကို ဂရုမထားဘဲ တရုတ်ပြည်သွားဖို့အရေး အပြေးအလွှားသွားနေကြရရှာပါတယ်။ ကိုယ်စားလှယ်နဲ့ Temporary Border pass (TBP) လုပ်တဲ့ စာရေးသူတို့အုပ်စုပင် နိုင်ငံသားကတ်ကလေးတွေ ကိုယ်စီကိုင်ကာ လူအုပ်စုမကွဲအောင်နဲ့ ပြိုလဲမကျရလေအောင် ပူးပေါင်းဆောင်ရွက်လို့သာ နာရီပိုင်းအတွင်းမှာ 'TBP' ကိုယ်စီ ရရှိလာခဲ့ကြတာဖြစ်ပါတယ်။ ရရှိလာတဲ့ 'TBP' မှာ အမည်မပြည့်စုံတာ၊ အမည်မှားနေတာတွေကိုပါ ပြန်ပြင်ရပါသေးတယ်။

၂၅–၁၂–၂၀၁၈ နေ့ နံနက် ၆ နာရီမှာ မြန်မာလဝကနဲ့ တရုတ်လဝကတို့ကို နယ်ခြားမှတ်တိုင်အလယ်မှာထားပြီး တည်ဆောက်ထားတဲ့ ''ရွှေနန်းတော်ဂိတ်''လို့ အမည်ပေးထားတဲ့ မြန်မာပြည် မူဆယ်မြို့နဲ့ တရုတ်ပြည် ကြယ်ဂေါင်တို့ကို အုတ်တံတိုင်းသာခြားထားတဲ့နေရာမှာ တန်းစီကြရတယ်။ တရုတ်ဘက်မှာ ကြိုးတားထားတဲ့အပြင်၊ မြေပြင်မှာလည်း စည်းတားထားတဲ့နေရာမှာသာ တန်းစီရကာ၊ တရုတ်လဝကသို့ ဝင်ကြဖို့ရာ ကွေ့ကောက်တန်းစီကြရပြီး မြေပြင်မှာတားထားတဲ့ ''စည်းကျော်''ရင်တော့ အအော်ခံကြရတာပေါ့။ အသက်ကြီးတဲ့ စာရေးသူတို့ ဇနီးမောင်နှံကို ကိုယ်စားလှယ်က ရှေ့ခေါ်လို့ တန်းစီးရတာသက်သာသွားတဲ့အပြင် မှတ်တမ်းတင် ဓာတ်ပုံသာရိုက်ရပြီး လက်မွေမနှိပ်ရဘဲဝင်ခွင့်ရလို့ တရုတ်ပြည်ရဲ့အစ ''ကြယ်ဂေါင်''သို့ ရောက်ခဲ့ရပါပြီ။ သမီးကြီးကတော့ ''ဝူခုန်းဝတ်စုံဝတ်''နဲ့ ဓာတ်ပုံတွဲရိုက်မိလို့ ယွမ် ၂၀ ပေးလိုက်ရပါတယ်။ မြန်မာကျပ်ငွေတစ်သိန်းကို တရုတ်ယွမ် ၄၅၀ သာ ရပါတယ်။ အိမ်သာတစ်ခါသွားရင် ၁ ယွမ်ပေးရလို့ ဆီးကိုပင် အတော်ထိန်းခဲ့ရပါတယ်။ ကြယ်ဂေါင်ဘက်မှာတော့ အမည်နာမနဲ့လိုက်ဖက်စွာ ကျယ်ဝန်းတဲ့ရင်ပြင်နဲ့ တစ်ဆက်တည်းဖြစ်တဲ့ ကျယ်ဝန်းတဲ့ လမ်းဘေး



နှစ်ဖက်မှာ အထပ်မြင့်နဲ့ အဆင့်မြင့်တိုက်တာတွေ တန်းစီဆောက်လုပ်ထားတယ်။ အထပ်မြင့် အဆောက်အအုံ အောက်ထပ်မှာတော့ မြန်မာ့ကျောက်စိမ်းနဲ့ မြန်မာ့သစ်ရတနာတွေနဲ့ ထုလုပ်ထားတဲ့ သစ်သားပန်းပုတွေကို ရောင်းချပေးနေတယ်။ ကြယ်ဂေါင်ဝင်ပေါက်အတွင်းမှာ မော်တော်ဆိုင်ကယ်တွေ တန်းစီရပ်ထားပြီး ဂိတ်တံတိုင်းဘေးမှာ စည်းကမ်းမဲ့ရပ်ထားတဲ့ ဆိုင်ကယ်တွေကိုတော့ ''ဆွဲကား''နဲ့ လာရောက်တင်ဆောင်သွားတာ တွေ့ခဲ့ရတယ်။ ဒါ့အပြင် ဂိတ်တံတိုင်းနောက်ဘက်မှာ တရုတ်ဘာသာ၊ မြန်မာဘာသာ နှစ်ဘာသာနဲ့ရေးထားတဲ့ အသိပေးချက်ကို ဖတ်ရှုခဲ့ရတာက ''မြို့ပြအုပ်ချုပ်ရေးကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နေပါသည်။ မြို့ပြသန့်ရှင်းရေးကို မြို့ပြအဂိါရပ်နဲ့ ညီညွတ်အောင် ပြုလုပ်ဆောင်ရွက်နေပါသည်''လို့ ဖြစ်တယ်။ မြို့ပြအုပ်ချုပ်ရေးကောင်းပါမှ မြို့ပြသန့်ရှင်းရေးကို မြို့ပြအဂိါရပ်နဲ့ညီညွတ်အောင် ဆောင်ရွက်နိုင်မယ်မဟုတ်ပါလား။

ကြယ်ဂေါင်-ရွှေလီမှသည် မုန်တံတားသို့

ကြယ်ဂေါင်ကနေ ရွှေလီသို့သွားကားလမ်းမှာ ဖြောင့်ဖြူးကျယ်ဝန်းလို့ ယာဉ်ကြောပိတ်တာ မတွေ့ခဲ့ရပါဘူး။ အချက်ပြမီးစနစ်ကလည်း အဆင့်မြင့်သလို ယာဉ်ကြီးယာဉ်သေးခွဲခြားပြီး အရှိန်နှုန်းသတ်မှတ်ထားတာလည်း တွေ့ရှိခဲ့ရတယ်။ ''တောင်တွေ့ရင် လမ်းဖောက်''ကြရာမှာ တောင်ပတ်လမ်းနဲ့မဟုတ်ဘဲ တောင်အောက်မှာ လိုဏ်ခေါင်းဖောက်ပြီး လမ်းသွယ်ထားတဲ့ လိုဏ်ခေါင်းနှစ်ခုကို ကျော်ဖြတ်ပြီးနောက်မှာ စီးပွားဖြစ်ဆောက်လုပ်ထားတဲ့ မှန်တံတားအဝင်သို့ ရောက်တယ်။ အဝင်ဝမှာ ဒေသထွက် သီးနှံများနဲ့ တရုတ်လက်မှုပစ္စည်းတွေ ရောင်းချပေးနေသလို တရုတ်တိုင်းရင်းဆေးဝါးဖော်စပ်ရာမှာအသုံးပြုတဲ့ ''ဆေးအမယ်''တွေကိုလည်း ပြတိုက်ငယ်နဲ့ ပြသထားတာကို ဝင်ရောက်လေ့လာခဲ့ပါသေးတယ်။

''တရုတ်လိုရှာ၊ ကုလားလိုစု၊ မြန်မာလိုမဖြန်းနဲ့''လို့ ရှေးလူကြီးတွေက လက်ာသွယ်ကာ အသိပေးခဲ့တာ ကွက်တိမှန်ကန်နေပါတယ်။ တကယ်တော့ မှန်တံတားတည်ရာ လျှိုမြောင်ဟာ ဂုတ်ထိပ်လောက် မနက်ရှိုင်းပါဘူး။ လျှိုမြောင်တစ်ဝက်တစ်ပျက်ကိုသာ





တံတားထိုးထားပြီး ခရီးသွားတွေကို ဆွဲဆောင်မှုပြုထားတာပဲ ဖြစ်ပါပေတယ်။ ထူးခြားတာက မြန်မာဘာသာနဲ့ သတိပေးစာသားရေးသားထားတာပါပဲ။ ထိရောက်စွာရေးသားသတိပေးထားတာက ''အမှိုက်မပစ်ရ၊ မလိုက်နာပါက ဒဏ်ငွေ ယွမ် ၁၀၀ ပေးဆောင်ရမည်''လို့ ဖြစ်ပါတယ်။ တရုတ်တို့ ငွေရှာတတ်ပုံကို ''ရွှေလီထမင်းဆိုင်''မှာ ထပ်မံကြုံတွေ့ခဲ့ရပါတယ်။ ကြိုက်သလောက်စား၊ ကျသင့်တာပေး၊ ဘူဖေးစနစ်နဲ့ ကျွေးတယ်ထင်လို့ ဘူဖေးပုံစံ ဟင်းအမယ်နည်းနည်းစီ ထည့်စားမိတဲ့ စာရေးသူအပါအဝင် ခရီးသွားဖက်တွေဟာ ဆိုင်ရှင် တရုတ်မတောင်းတဲ့ နှုန်းအတိုင်း မတန်တဆပေးခဲ့ရခြင်းပါပဲ။ အန်ကွန်းဘိုးတော် တောင်ကုန်းရောက်လို့ စိတ်ပြေလက်ပျောက် အမြောက်ပစ်တာက တစ်တောင့်ကို တစ်ယွမ်။ သရဲခန်းက ၅ ယွမ်တဲ့၊ စီးပွားရှာတတ်ပါပေရဲ့။ ရွှေလီမြို့က ရွှေမင်းဝံအရိပ်မထွက်စေတီကို ၄က်တွေချီလာတဲ့ ဓာတ်တော်ဆံတော်တွေဌာပနာကာတည်ထားပြီး ''စောမွန်လှ''က ပြုပြင်မွမ်းမံခဲ့တယ်လို့ လေ့လာသိရှိခဲ့ရတယ်။ စေတီတော်ပုံသဏ္ဌာန်ကလည်း ရှမ်းစေတီပုံစံမှာ မြန်မာ့'ထီး'တော် တင်လှူထားတာဖြစ်တယ်။ ဘုရားက အဆင်းမှာတော့ တရုတ် ကျား၊ မ တွေ တန်းတူကစားနေကြတဲ့ ''မာကျောက်ဝိုင်း''နဲ့ အပေါ့သွားခဲ့ရတဲ့ ''မော်စီတုန်းခေတ်၊ တံခါးမပါ အိမ်သာတွေကို ခေတ်မီ တရုတ်ပြည်ရွှေလီမှာ တွေ့မြင်ခဲ့ရပါတယ်။ ရွှေလီမြို့လယ်က ''ဟပ်ဖောင်စျေးနဲ့ ရေပေါ်ဥယျာဉ်တွေကို ဝင်ရောက်လေ့လာပြီးချိန်မှာ ရွှေလီ မြို့လယ်လမ်းမကြီးတစ်လျှောက် ရောက်တဲ့အခါ မြန်မာပြည်မှာလိုပဲ ''ဆိုင်ကယ်စီးဦးထုပ်''မဆောင်းဘဲ 'ကျား'ရော၊ 'မ'ပါ စီးနေကြတာကို တွေ့မြင်ခဲ့ရတယ်။ ရှေ့တက်နောက်ဆင်း ဘတ်စ်ကားတွေ ၁၅ မိနစ်ခြားလာနေတာကိုလည်း သတိပြုမိတယ်။ ကား/ဆိုင်ကယ်တွေဟာ သတ်မှတ်နေရာမှာသာ ''ရပ်နား''ကြရတာလည်း တွေ့ခဲ့ရတယ်။ လမ်းဘေးအမှိုက်တွေကိုတော့ မော်တော်ဆိုင်ကယ်မှာ ''ခြင်းတောင်း''တင်ပြီး လမ်းတစ်လျှောက်လိုက်ကောက်နေတာလည်း တွေ့ခဲ့ရပါသေးတယ်။

ပြည်သူကြားမှာ အဖြေရှာခဲ့ရာမှာ လမ်းတစ်လျှောက်တွင် ၁၂ဘီးကားကြီးတွေပေါ်က ''နွားပျိုပေါက်'' တစ်အုပ်တစ်မကို သနားစဖွယ်တွေ့မြင်ခဲ့ရတယ်။ စိုက်ပျိုးရေးကိုအခြေခံတဲ့ မြန်မာနိုင်ငံမှာ ကုန်ထုတ်ကိရိယာဖြစ်တဲ့ နွားပျိုပေါက်တွေကိုပါ ထုတ်ကုန်လုပ်နေကြပါပေါ့လားလို့ တွေးတောမိပါတော့တယ်။ သာမန်ပြည်သူတစ်ဦးရဲ့ ခရီးစဉ်မြင်ကွင်းကို ပြည်သူ့ဘဝခရီးအတွေ့အကြုံအဖြစ် မှတ်တမ်းပြုလိုက်ရပါပေတယ်။

မောင်မြတ်မွန်(ဆူးလေ)





ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်ဝယ်ရောင်းနဲ့ MSME's ချေးငွေ

ကော်ဟိန်း

မြေရိယာ ၁၆ရ,၁၈၆,၀၀၀ ဇက ကျယ်ဝန်းပြီး လူဦးရေ ၅၂ ဒသမ ၉ သန်း မှီတင်းနေထိုင်တဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံဟာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရတဲ့အချိန်ကစလို့ ပြန်လည်ထူထောင်ရေးကာလ၊ ဖွံ့ဖြိုးစအချိန်၊ ဖွံ့ဖြိုးဆဲအခြေအနေ စသည်ဖြင့် အချိန်ကာလတွေ တရိပ်ရိပ်ဖြတ်ကျော်လာခဲ့ငြားလည်း ၂၀၁၈ ခုနှစ် အထိ နှစ်ပေါင်း ၇၀ ကြာတဲ့တိုင်အောင် ဖွံ့ဖြိုးဆဲအနေအထားမှာပဲ ရှိနေပါသေးတယ်။ အရှေ့တောင်နဲ့ အရှေ့အာရှနိုင်ငံအတော်များများဟာ မြန်မာနိုင်ငံလိုပဲ



ကိုလိုနီစနစ်အောက်က အသီးသီးလွတ်မြောက်လာကြပြီးတဲ့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ကြရာမှာ ဖွံ့ဖြိုးပြီးနိုင်ငံများ ဖြစ်သွားကြသလို ဖွံ့ဖြိုးဆဲအဆင့်ဆိုရင်တောင် ထိပ်စီးနေရာမှာ ရောက်ရှိနေကြပြီဖြစ်ပါတယ်။ အာဆီယံဒေသတွင်း ဆယ်နိုင်ငံမှာ ဖွံ့ဖြိုးမှုနောက်ကျတဲ့ နိုင်ငံ လေးနိုင်ငံအဖြစ် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနဲ့ ဗီယက်နမ်နိုင်ငံတို့ကိုသတ်မှတ်ပြီး အာဆီယံစီးပွားရေးမူဝါဒပါ အချက်အချို့နဲ့ ကာလသတ်မှတ်ချက်ကို ဖြေလျှော့ပေးခဲ့ပါတယ်။

၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေး အသိုက်အဝန်းကို စတင်ထူထောင်သတ်မှတ်ပြီးတဲ့နောက် အဆိုပါ လေးနိုင်ငံရဲ့ စီးပွားရေးလွတ်လပ်ခွင့်နဲ့ ယှဉ်ပြိုင်နိုင်စွမ်းကို ၂၀၁၈ ခုနှစ်အထိ စောင့်ဆိုင်းဖြေလျှော့ပေးခဲ့ပါတယ်။

ဖွံ့ဖြိုးမှုနောက်ကျသေးတယ်လို့ သတ်မှတ်ထားတဲ့ အာဆီယံအဖွဲ့ဝင် လေးနိုင်ငံအနက် ဗီယက်နမ်နိုင်ငံဟာ မထင်မှတ်လောက်အောင် တဟုန်ထိုးတိုးတက်သွားသလို လာအိုနဲ့ ကမ္ဘောဒီးယားနိုင်ငံတို့ဟာလည်း မြန်မာနိုင်ငံကို ဖြတ်ကျော်တက်သွား



တော့မယ့်အနေအထားမျိုးကို တွေ့မြင်နေရပါတယ်။ မြန်မာနိုင်ငံသာလျှင် ပြည်တွင်းပြည်ပ ပြဿနာပေါင်းမြောက်မြားစွာနဲ့ ရင်ဆိုင်ရုန်းကန်ရင်း ဖွံ့ဖြိုးဆဲအဆင့်က ပြုတ်ကျမသွားအောင် ကြိုးပမ်းနေရဆဲဖြစ်နေပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုပတ်ဝန်းကျင်ကဏ္ဍတိုင်းမှာလိုလို အခြေမခိုင်တဲ့ ပြည်တွင်းပြဿနာများကြောင့် ပြည်ပအရေးမှာ ရင်လေးဖွယ်ရာ၊ ရင်မအေးစရာများ ကြုံတွေ့နေရတယ်လို့ ပညာရှင်များက သုံးသပ်ကြပါတယ်။ ကိုယ်ခံအား၊ ဓာတ်ခံအားနည်းရင် ပြင်ပရောဂါများဝင်ရောက်ဖို့ လမ်းသင့်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။



လမ်းစဉ်ပါတီအစိုးရလက်ထက် ၁၉၈၇ ခုနှစ်၊ ဒီဇင်ဘာလအတွင်းကျင်းပတဲ့ ကုလသမဂ္ဂရဲ့ (၉၆)ကြိမ်မြောက် အထွေထွေညီလာခံမှာ မြန်မာနိုင်ငံက အဆိုပြုလျှောက်ထားချက်အရ (၄၁)နိုင်ငံမြောက် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ် မြန်မာနိုင်ငံကို သတ်မှတ်ပေးခဲ့ပါတယ်။ ၁၉၆၂ ခုနှစ်ကစပြီး ပုဂ္ဂလိကအခန်းကဏ္ဍ ပျောက်ကွယ်သွားခဲ့ရာက စီးပွားရေးကျဆင်းလာခဲ့သလို ပညာရေး၊ ကျန်းမာရေးနဲ့ တခြားသောကဏ္ဍတွေဟာလည်း တဖြည်းဖြည်းအားနည်းလာခဲ့ပါတယ်။ ၁၉၄၈ ခုနှစ်ကစခဲ့တဲ့ ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ငြိမ်းချမ်းရေး မရယူနိုင်ခဲ့တဲ့အပြင် အကြောင်းအမျိုးမျိုးနဲ့ ပေါ်ပေါက်လာတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပိုမိုများပြားလာတာဟာ ဒီကနေ့ကာလရဲ့ အလွန်ကြီးမားတဲ့ စိန်ခေါ်မှုကြီးတစ်ရပ်ပဲဖြစ်ပါတယ်။ နိုင်ငံရေးအရ ကြည့်ပြန်ရင်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးပါတီတို့အပြင် တိုင်းရင်းသားလူမျိုးစုပါတီများ၊ အခြားသော ပါတီဝင်များအပါအဝင် ပါတီအဖွဲ့အစည်းအသီးသီးတို့ရဲ့ အားပြိုင်မှုများကြောင့် တည်ငြိမ်တဲ့ နိုင်ငံရေး ရေစီးကြောင်းအဖြစ် သတ်မှတ်လို့မရသေးဘဲ ဖြစ်နေပါတယ်။

ပြည်ထောင်စုအတွင်း ထာဝရငြိမ်းချမ်းရေးရဖို့ ဆောင်ရွက်နေဆဲကာလမှာ ပြည်တွင်းရေး မတည်ငြိမ်မှုများဟာ တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်စေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံလို ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံစာရင်းဝင်၊ အာဆီယံဒေသတွင်း ဖွံ့ဖြိုးမှုနောက်ကျတဲ့နိုင်ငံအဖြစ် သတ်မှတ်ခြင်းခံထားရတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုအနေနဲ့ စီးပွားရေး တိုးတက်အောင်လုပ်မယ်ဆိုရင် ''ပြည်အင်အားသည် ပြည်တွင်းမှာသာရှိသည်'' ဆိုတဲ့ အတွေးအခေါ်မျိုးနဲ့မရလောက်တော့ဘဲ ပြည်အင်အားဆိုတဲ့ လူစွမ်းအားအရင်းအမြစ်တွေကို ဖွံ့ဖြိုးတိုးတက်အောင် ပြည်တွင်းပြည်ပအကူအညီ ပူးပေါင်းဆောင်ရွက်မှုတွေ ရယူဖို့လိုအပ်မှာဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု၊ နည်းပညာလွှဲပြောင်းရယူနိုင်မှုစတာတွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာ စီးပွားဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းပေါ်ကို အရှိန်အဟုန်နဲ့ တက်လှမ်းနိုင်မှာဖြစ်ပါတယ်။ နည်းပညာအပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ဖို့ဆိုတာကလည်း ဆိုင်ရာလုပ်ငန်းရှင်အဖွဲ့အစည်းအသီးသီးရဲ့ စီးပွားရေးဘဝ လုံခြုံမှုကို အာမခံပေးနိုင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ပြည်နယ်နဲ့တိုင်းဒေသကြီးများရဲ့ စီးပွားရေးနယ်မြေအသီးသီးမှာ ဘေးကင်းလုံခြုံမှုရှိအောင် ပြည်တွင်းလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ဖို့ လိုအပ်နေတာပဲဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်နေဆဲမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဖြစ်နိုင်ခြေရှိတဲ့ လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ကြရပါလိမ့်မယ်။ တိုင်းပြည်ဝင်ငွေတိုးတက်အောင် ဆောင်ရွက်နိုင်မှသာ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုပတ်ဝန်းကျင်မြှင့်တင်နိုင်ရေးတို့အတွက် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲနိုင်မှာဖြစ်ပါတယ်။ နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ဖို့ စီးပွားရေးမူ (၁၂)ရပ်ကို ချမှတ်ထားပြီးဖြစ်ရာမှာ ပြည်နယ်နဲ့တိုင်းဒေသကြီးအစိုးရအဖွဲ့များက မိမိတို့ရဲ့ လုပ်ပိုင်ခွင့်ကို ကိုင်စွဲပြီး ဒေသနဲ့ကိုက်ညီမယ့် စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အရပ်ဖက်အဖွဲ့အစည်းများနဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လက်ရှိစီးပွားရေးဘဝကို သုံး

ပြည်ထောင်စုအတွင်း ထာဝရငြိမ်းချမ်းရေးရဖို့ ဆောင်ရွက်နေဆဲကာလမှာ ပြည်တွင်းရေး မတည်ငြိမ်မှုများဟာ တိုင်းပြည်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိခိုက်စေတာဖြစ်ပါတယ်။

သပ်ကြည့်မယ်ဆိုရင် အမျိုးသားစီးပွားရေးအဆင့် (Macroeconomics Level) မှာ တည်ငြိမ်မှုရှိလာတာကိုတွေ့ရပြီး တစ်ဦးချင်းစီးပွားရေးအဆင့် (Microeconomics Level) မှာတော့ ကျဆင်းသွားတာကို တွေ့ရပါတယ်။ ဒါဟာလည်း စီးပွားရေးတည်ငြိမ်မှု (Economic Stability) ရအောင် ကြိုးပမ်းဆောင်ရွက်တဲ့ကာလအတွင်း ဖွံ့ဖြိုးဆဲ နိုင်ငံများမှာ ဖြစ်လေ့ဖြစ်ထရှိတဲ့ သီအိုရီပဲလို့ စီးပွားရေးပညာရှင်များက ထောက်ပြထားပါတယ်။

ဒီလိုအခြေအနေမျိုးမှာ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝင်များနဲ့ ပြည်နယ်နဲ့တိုင်းဒေသကြီးအစိုးရအဖွဲ့များရဲ့ လုပ်စွမ်းရည်ပေါ်မူတည်ပြီး ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝဟာ တိုးတက်ခြင်း၊ တန့်ရပ်ခြင်း၊ ကျဆင်းခြင်းများ ဖြစ်နိုင်တဲ့အတွက် အထူးအရေးပါတဲ့အချိုးအကွေ့၊ အလှည့်အပြောင်း ဖြစ်တယ်ဆိုတာကို သတိချပ်ဖို့လိုအပ်ပါတယ်။ ဒါကြောင့်လည်း တိုင်းပြည်ရဲ့ ကုန်ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်နိုင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့်လည်း တိုင်းပြည်ရဲ့ ကုန်ထုတ်လုပ်မှုစွမ်းအားကို မြှင့်တင်နိုင်ဖို့ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး (Micro,Small and Medium Enter Prises': MSME's Development) ကို ပြည်ထောင်စုအဆင့်၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးအဆင့် ခွဲခြားပြဋ္ဌာန်းသတ်မှတ်ပြီး ဆောင်ရွက်နေတာကို တွေ့ရတာပဲဖြစ်ပါတယ်။ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများရဲ့ အဓိကလိုအပ်ချက်ဖြစ်တဲ့ ငွေကြေးအရင်းအနှီးနဲ့ နည်းပညာအကူအညီ ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်ထောင်စုအဆင့် အေဂျင်စီနဲ့ ပြည်နယ်နဲ့တိုင်းဒေသကြီးအဆင့် အေဂျင်စီရုံးခွဲများ ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းရှင်များအတွက် ငွေကြေးအရင်းအနှီးရရှိအောင် မြန်မာ့စီးပွားရေးဘဏ်နဲ့ ပုဂ္ဂလိကဘဏ်များက ချေးငွေထုတ်ပေးရေး ဆောင်ရွက်နေတာကို မြင်တွေ့ရပါတယ်။ သို့သော် မျှော်မှန်းထားသလောက် အားရကျေနပ်ဖွယ် အောင်မြင်မှုမရသေးဘဲ တစဲလည်လည်ဖြစ်နေပါသေးတယ်။

မြန်မာနိုင်ငံမှာ စီးပွားရေးလုပ်ငန်း အသေး၊ အငယ်၊ အလတ် စုစုပေါင်း နှစ်သိန်းနှီးပါး ရှိမယ်လို့ ခန့်မှန်းခြေစာရင်းအရ သိရှိရပြီး၊ အမှန်တကယ် ဘယ်ရွေ့ဘယ်မျှရှိမယ်ဆိုတာ စာရင်းအတိအကျ ကောက်ယူထားနိုင်မှုမရှိသေးဘူးဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ အဆိုပါလုပ်ငန်းပေါင်း တစ်သိန်းဝန်းကျင်ရှိနိုင်သော်လည်း မှတ်ပုံတင်စာရင်းအရ ၄၀,၀၀၀ ကျော်ခန့်သာ ရှိပါတယ်။ ၂၀၁၈ ခုနှစ် (၆)လ ဘဏ္ဍာနှစ် ကုန်ဆုံးချိန်အထိ မြန်မာ့စီးပွားရေးဘဏ်နဲ့ ပုဂ္ဂလိကဘဏ်သုံးခုအပါအဝင် ချေးငွေကျပ် ၃၈၅ ဒသမ ၄၀ သန်းကို လုပ်ငန်းရှင် ၂၉၅ ဦးသို့ ထုတ်ချေးပေးပြီး ဖြစ်တယ်လို့ စက်မှုကြိုးကြပ်ရေးနဲ့ စစ်ဆေးရေး ဦးစီးဌာန၊ အေဂျင်စီရုံးခွဲရဲ့ ထုတ်ပြန်ချက်အရ သိရပါတယ်။ သောင်းကျန်းရှိတဲ့ လုပ်ငန်းများအပေါ် ရာဂဏန်းမျှသာ ရင်းနှီးမြှုပ်နှံမှုချေးငွေ ထုတ်ပေးနိုင်တာဖြစ်လို့ အချိုးအဆအားဖြင့် နည်းပါးလွန်းတဲ့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ လုပ်ငန်းအများစုကို ချေးငွေထုတ်ပေးနိုင်ဖို့ ကြိုးပမ်းနေဆဲဖြစ်ပါတယ်။



စီးပွားရေးလုပ်ငန်း (Enterprise) ကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ ထုတ်လုပ်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ကုန်သွယ်ဝယ်ရောင်းလက်လီလက်ကားလုပ်ငန်းများပါဝင်ကြောင်း၊ အခြားလုပ်ငန်းများလည်းအကျုံးဝင်ကြောင်း ဥပဒေမှာ ဖော်ပြထားပါတယ်။ အကျယ်ချဲ့ယူမယ်ဆိုရင် ထုတ်လုပ်မှုလုပ်ငန်းမှာ စက်မှုကုန်ထုတ်လုပ်ငန်း၊ လယ်ယာ၊ သားငါး၊ သစ်တောသယံဇာတ စတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများ ပါဝင်တာကိုတွေ့နိုင်ပါတယ်။ ဥပဒေမှာ အသေးစိတ် ဖော်ပြမထားပေမယ့် ဝန်ဆောင်မှုလုပ်ငန်းဆိုရင်လည်း ခရီးသွားဝန်ဆောင်မှု၊ တည်းခိုနေထိုင်စားသောက်ရေး ဝန်ဆောင်မှု၊ ပညာရေးဝန်ဆောင်မှု၊ ကျန်းမာရေးဝန်ဆောင်မှု စသည်ဖြင့် ထည့်သွင်းစဉ်းစားရမှာဖြစ်ပါတယ်။ လက်လီလက်ကား ရောင်းဝယ်မှုဆိုတဲ့ ကုန်သွယ်ဝယ်ရောင်းကဏ္ဍကို ကြည့်ရင် ကိုယ်တိုင်ထုတ်လုပ်ရောင်းချခြင်း၊ တစ်ဆင့်ခံ ဝယ်ရောင်းပြုလုပ်ခြင်း၊ ပြည်တွင်းထွက် ကုန်စည်၊ ပြည်ပတင်သွင်း ကုန်စည်ရောင်းဝယ် ကုန်သွယ်ခြင်း စတာတွေ

ကွဲကွဲပြားပြားဖြစ်အောင် သတ်မှတ်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်စေ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ထုတ်လုပ်မှု၊ ဝန်ဆောင်မှုနဲ့ ကုန်သွယ်ဝယ်ရောင်းလုပ်ငန်းများကို သင့်မျှအောင် လျာထားပြီး ချေးငွေထုတ်ပေးနိုင်ရေး ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ သို့သော်ငြားလည်း ချေးငွေ ထုတ်ပေးနိုင်မှု အားနည်းနေသေးတာကို တွေ့ရတဲ့အတွက် တစ်စုံတစ်ရာ နည်းလမ်း ရှာသင့်ပြီဖြစ်ပါတယ်။



လုပ်ငန်းရှင်များကို ငွေထုတ်ချေးရာမှာ မူဝါဒသတ်မှတ်ပြဋ္ဌာန်းပေးနိုင်တဲ့ အစိုးရအဖွဲ့၊ ငွေထုတ်ချေးပေးမယ့် အစိုးရနဲ့ ပုဂ္ဂလိကဘဏ်များ၊ ချေးငွေလိုအပ်တဲ့ လုပ်ငန်းရှင်များဆိုပြီး သုံးဦးသုံးဖလှယ်၊ ဖိုခုံလောက်ဆိုင် ဖြစ်တည်နေတာကိုတွေ့ရပါတယ်။ အစိုးရအဖွဲ့အနေနဲ့ လုပ်ထုံးလုပ်နည်းများကို လွယ်ကူလျင်မြန်အောင် ပေါင်းစပ်ညှိနှိုင်းပေးပြီး ဘဏ်များကလည်း စည်းမျဉ်းစည်းကမ်းများကို အတတ်နိုင်ဆုံး ဖြေလျှော့ပေးသင့်သလို လုပ်ငန်းရှင်များကလည်း လိုအပ်တဲ့စာရင်းဇယားအချက်အလက်များကို ပြည့်စုံအောင် ဆောင်ရွက်ပေးမှသာလျှင် ငွေချေးလုပ်ငန်းဟာ အချိန်တိုအတွင်း ပြီးပြတ်မှာဖြစ်ပါတယ်။ အသေးစား၊ အငယ်စားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးချေးငွေ (Micro small and Medium Enterprise' Development Loan) လို့ ဆိုထားတဲ့အတွက် သာမန်စီးပွားရေးချေးငွေ (Commercial Loan) လို့ မစဉ်းစားအပ်ကြောင်းလည်း သတိချပ်ဖို့လိုပါတယ်။ တိုင်းပြည်ရဲ့ ကျိဒီပိတိုးတက်ဖို့ စီးပွားရေးလုပ်ငန်းတွေကို ဖွံ့ဖြိုးတိုးတက်စေရမှာဖြစ်ပါတယ်။ အထက်က တင်ပြခဲ့တဲ့ အစိုးရအဖွဲ့၊ ဘဏ်များနဲ့ လုပ်ငန်းရှင်၊ ဖိုခုံလောက်သုံးခုဟာ ချေးငွေလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ကြတဲ့အခါ ဖွံ့ဖြိုးတိုးတက်ရေး (Development) ဆိုတဲ့ စကားရပ်နဲ့အညီ ဦးတည်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။





ချေးငွေရရှိပြီးရင်တောင် နည်းပညာပိုင်း၊ ကုန်ထုတ်လုပ်မှုအပိုင်း၊ စျေးကွက်ရှာဖွေမှုအပိုင်းနဲ့ ပြည်ပပို့ကုန်အဖြစ် တန်ဖိုးမြှင့် ဆောင်ရွက်နိုင်မှုအပိုင်းတွေကို အစိုးရအဖွဲ့၊ အေဂျင်စီရုံးခွဲများနဲ့ လုပ်ငန်းရှင်များက ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပထမအဆင့်ဖြစ်တဲ့ လုပ်ငန်းရှင်များအတွက် ချေးငွေ လျင်လျင်မြန်မြန်ရရှိစေဖို့ ဖွံ့ဖြိုးတိုးတက်ရေးချေးငွေ (Development Loan) ဆိုတဲ့ စကားရပ်ကို အလေးအနက်ထားသင့်ပြီဖြစ်ပါတယ်။ ဖိုခုံလောက်ငြိမ်မှ မီးရှိန်ကောင်းအောင်ထိုးပြီး ထမင်းအိုး၊ ဟင်းအိုး တည်နိုင်မှာဖြစ်ကြောင်း ရေးသားလိုက်ရပါတယ်။

ဇော်ဟိန်း



သဘာဝတရားသို့ အာန်တူခြင်း

❖ အို . . .မုန်တိုင်းရယ်
ခုန်ပိုင်းရိုက်ခတ်၊ တရစပ်မျှ
ပင်ပြတ်ရွက်ကြွေ၊ တိုက်မမွှေနှင့်
အိမ်ခြေပျက်ပြား၊ ကွယ်ပျောက်သွားလျှင်
သင်နားခိုရာ၊ ကွယ်ပျောက်မှာပဲ
စာနာမှုလေး ပေးပါနော်။

❖ ငြိုးချက်မာန်ပြင်း၊ အိုမိုးမင်း၏
စွေရင်းမောက်ထန်၊ ဒီရေလျှံက
နိုင်ငံအဝန်း၊ မငြိမ်းချမ်းနိုင်
ယာဉ်းလည်းမျော၊ လယ်လည်းကောလိမ့်
စိုက်သောအပင်၊ လန်းမရှင်၍
သခင်လူသား၊ ပျက်သုဉ်းသွားလျှင်
မိုးသားကောင်းကင်၊ လှမမြင်နိုင်
ဆင်ခြင်မှုလေး ပေးပါနော်။

❖ အပူစိုင်း၍
ဆူလှိုင်းမို့မောက်၊ တွန့်ခေါက်မြေပြင်
နှုန်းတင်ဆွဲဆန့်၊ ငလျင်ဖြန့်၍
ကြဲပြန့်ဆောက်အုံ၊ မြေမာပုံလျှင်
အို လူဘုံကမ္ဘာ၊ လှမဖြာနိုင်
သဘာဝတရား၊ ဘာမျှမတရား
လူသားတို့မှာ၊ ပြစ်တင်ကြလိမ့်
လောကမြေပြင်၊ အလှဆင်ဖို့
ကြင်နာမှုလေး ပေးပါနော်။

❖ သဘာဝတရား
ဆီးတားမရ၊ သဘာဝဘေး
ရှောင်ပြေးမရ၊ တို့မရှိက်ပါ
ရင်လှိုက်ဖိုမော၊ မျက်ရည်တောကို
ရယ်မောဖြတ်သန်း၊ ငါတို့လှမ်းအံ့
တစ်လှမ်းမရ၊ နှစ်လှမ်းမှသည်
တစ်ညမဖြစ်၊ နှစ်လသစ်လိမ့်
တစ်နှစ်မနိုင်၊ ဆယ်နှစ်ဆိုင်၍
အားပြိုင်တစ်လက်၊ ရုန်းမထွက်လျှင်
တွဲလက်ချိတ်ထား၊ ပြည့်အင်အားဖြင့်
စိတ်ထားမတ်ခိုင်၊ တို့ရင်ဆိုင်မည်
မှတ်တိုင်ကမ္ဘည်း သစ်စေသော။ ။

မောင်လွမ်းနိုင်(စံပယ်ငုံ)

သီအိုရမ်–၁၅၀၀

❖ သစ္စာမျှင် ယှက်သိုင်းရံသော
မေတ္တာစင် စက်ဝိုင်းသဏ္ဌာန်တစ်ခုတွင်
နက်ရှိုင်းမာန် နှလုံးသွေးအငြိုးနဲ့
ခက်လှိုင်းထန် အမုန်း"လေးကြိုး"ဆက်လေတော့
အရှုံးပေးညှိုးလို့ခက်ပြီပေါ့ မသည်းအူ။

❖ စံပယ်ဖြူ အခက်ရွန်းလေတဲ့
အရွယ်တူ စက်ဝန်းပေါ်ရှိ
အစွန်းမကွာ တူညီထောင့်လိုပ
မောင့်ရင်ခွင် အဝန်းဝိုင်း
အနှိုင်းမဲ့တူ။

❖ အမျက်သိုင်းပတ်ပါဘု
စက်ဝိုင်းဖြတ် အချင်းမျဉ်းပေါ်မှာ
မတ်မျဉ်းကို ဝိတဝီဆွဲစေတော့
ဒီဂရီမလွဲပါ ကိုးဆယ်အတိပါပဲ
တိုးတွယ်ငြိလို့ တည့်မတ်ထူ
နွဲ့တတ်သူကိုတဲ့ မေတ္တာနှင်း။

❖ ဩော် . . .
သီအိုရမ် အရေးမှားသယောင်နဲ့
မကြည်သလိုဟန် ဘေးစကားနှောင်လို့
ဝေးသွားအောင် တမင်ဖျက်ခဲ့လေသလား
ရှင်လျက်နဲ့ သေရသလိုထင်
အဖြေမလှတဲ့ အချစ်ပုစ္ဆာကို
အပြစ်ထုတ်ကာ တန်းမဝင်တော့ပြီမို့
ကျမ်းမတင် သွေလှစ်ခဲ့သည်
လွမ်းဘုရင် ကေရာဇဘွဲ့ချည်၍
ပေကြစ်ဖွဲ့စီ ကမ္ဘည်းတင်စိုက်စေတော့
နေရစ်ခဲ့ပြီ စည်းအပြင်တဝိုက်ဆီက
(သခင်မရေ . . .)
သည်းခိုက်ဝပ်စင်း။ ။


ဆန်းလွင်(မြန်မာစာ)



(၁)

'ပျိုလေးတို့ ကောက်စိုက်ရာ လိုက်လာနဲ့လေး'

မယ်အုံ၏အသံသည် သာယာ၏။ ဆွဲတိုင်းရ၏။ အသံကို မြှင့်သည်ဖြစ်စေ၊ နှိမ့်သည်ဖြစ်စေ နားထောင်၍ကောင်းသည်ချည်းဖြစ်၏။ ပျိုးဖတ်များ ပစ်ချသံ၊ ကောက်စိုက်မများ ခြေလှမ်းပြင်သံများမှအပ ရွှေပြည်စိုးမြည်သံ၊ ချိုးကူသံများပင် တိတ်ဆိတ်နေချိန်ဖြစ်၏။



နေရိပ်သည် တို၍ တို၍လာ၏။ လူ့ကိုယ်အောက်တွင် နေရိပ်လုံးဝကွယ်ပျောက်သွားလျှင် မွန်းတည့်ရော့မည်။ သည်သို့ နေရိပ်တိုလာသည်နှင့်အမျှ အပူရှိန်သည် ပြင်းလာပြီ၊ အပူရှိန်ပြင်းထန်လာသည်နှင့်အမျှ ခင်မှန်တို့ရပ်နေရသော လယ်ကွက်ထဲမှ ရေသည်လည်း ပူ၍ ပူ၍လာပြီ။

အောင်ပင်လယ်ကန်တော်ကြီးမှ မြောင်းအသွယ်သွယ်၊ အဆင့်ဆင့်ဖြင့် စီးဝင်ရောက်ရှိလာသောကန်ရေသည် လမိုင်းလယ်တော်စုသို့ ဗွေဆော်ဦးရောက်ရှိရ၏။ အဝင်ကတွတ်ပေါက်မှ ရေရှင်တသွင်သွင် စီးဝင်သည့်နည်းတူ အထွက်ကတွတ်ပေါက်မှလည်း သွင်သွင်သွက်သွက် စီးထွက်သွား၏။ သည်နှယ် ရေရှင်ဖြစ်ငြား ပူမှန်းမသိ ပူလှပြီ။

တစတစ ပူသောကြောင့် ပူမှန်းမသိ ပေမယ့် ဝဲပေါက်သည့် သလုံးညိုညိုခဲခဲကလေးတွင် အနီရစ်ကြီးထင်နေသည်။ ထင်မည်ပါ့။ ရေပူက အသားကိုလောင်နေသည် မဟုတ်လား။

မည်မျှ ပူလောင်သည်ဖြစ်စေ ခင်မှန်တို့ လက်တွေ့ နှေးသွား၍မရပါ။ နောက်ဆုံး စိုက်သည့်လယ်ကွက်ကြီး ပိတ်မှဖြစ်မည်။ ကိုယ့်ခြေအောက်၌ ကိုယ့်အရိပ်ပျောက်ချိန်တွင် ကန်သင်းနှင့် ခြေဖနောင့် ထိမိလိမ့်မည် မျှော်မှန်းကြ၏။

သို့အတွက် နေပူခံအောင် ထူထူပိန်းပိန်းကြီး လိမ်းလာခဲ့သော သနပ်ခါးပျက်၍လည်း ပျက်မှန်းမသိ၊ နားထင်က ချွေးစီးကြောင်းကြီး လည်ပင်းသို့ တသွယ်၊ နှုတ်ခမ်းထောင့်သို့တစ်ကြောင်း စီးဝင်သည်ကိုလည်း မသုတ်အား၊ ခြေလှမ်းကို မှန်မှန်ဆုတ်ရင်း ကောက်ပင်နုနုကလေးများကို သွက်သွက်ထိုးစိုက်နေခဲ့ကြ၏။

အသည်သားတို့၏ လယ်ကွက်များသာဆိုလျှင်...

''သနပ်ခါးနုံ့သာတွေ ချွေးရေကျလို့ ပျက်ပြီလေ၊ ဘောက်သူကြီးဆရာရေ၊ အနားပေးဖို့ တော်ပြီလေ'' စသည်ဖြင့် တေးဆိုနိုင်၏။ နားခွင့်တောင်းနိုင်၏။

ဘောက်သူကြီးက မကြားယောင်ဆောင်နေပါက၊ လယ်ရှင်က မနားရန် ကန့်ကွက်ပါက–

''ခေါင်းဖြီးမယ်လို့ ဘီးကိုရှာသတော့်''

''လယ်ရှင်ကြီးဟာ ယောင်လို့နှိုက်မိ''

''ဆီလိမ်းမယ်လို့ ဆီအိုးရှာဟေ့''

''လယ်ရှင်ကြီးဟာ ယောင်လို့နှိုက်မိ'' ဟူ၍ သရော်စကားဆိုနိုင်၏။ ဟေးလား ဝါးလား လုပ်နိုင်၏။

သည်လယ်မှာကား သည်သို့မလုပ်သာ။ လမိုင်း လယ်တော်အုပ်ကိုယ်တိုင် သည်လယ်ပွဲကို သည်နေ့အပြီးစိုက်ရမည် ဆိုမြွက်ခဲ့ပြီးပြီ။ သို့ကြောင့် အချိန်မီ ပိတ်ရေးအတွက် အားခဲကြရသည်။ ဟိုနားက စည်ခနဲ သည်နားက စည်ခနဲ ဆိုခဲ့ သီခဲ့ကြသော တေးရှင်များမှာ နောက်ဆုံးလယ်ကွက်အရောက်၌ ပင်ပန်းနေကြပြီ၊ အသံတိတ်နေကြပြီ။ ပျိုးဖတ်ပစ်သံ၊ ခြေလှုပ်သံများမှတပါး တခွင်တပြင်လုံး နေပူကြီး အောက်၌ တိတ်ငြိမ်နေစဉ် မယ်အုံ၏ တေးချင်းသံကြောင့် ခေါင်းထောင်လာကြ၏။ အချို့ ကြည်ရွှင်လာကြ၏။

''ပျိုလေးတို့ကောက်စိုက်ရာ မုဆိုးဖိုပါးရေလိပ်က ငွေအိတ်နဲ့ လာသတော်''

''ကြိုက်ရထင်ထားလို့ မြင်လိုက်ရရင် မတော်သေးလား၊ မုဆိုးဖိုရဲ့လေး''

နှစ်ဘက်သွားပါသော တေးချင်းမို့ ဟေးခနဲအော်မိကြသည်။ သို့သော် အာသာဖြေသောတေးချင်းသာဖြစ်သည်။ သည်လမိုင်းလယ်တောသူများမှာ ငွေအိတ်နှင့် လာမည့် မုဆိုးဖိုထင်ထား၊ ပုဆိုးစုတ်ဖြင့် လာမည့် ယောကျ်ားပင် မရှိချေ။ လမိုင်းသူဟူသော နှောင်အိမ်က ကျဉ်းကျပ်လှပါဘိ၊ ဆိုးရွားပါဘိသနှင့်။

တစ်ယောက်က စလိုက်သောအခါ အားကျစိတ် ပေါ်လာကြဟန်တူ၏။ မယ်အုံ၏ အသံသာကလေးသည် တမန်းပုပ်နံ့သင်းသော လယ်ကွက်ပေါ် ဝဲပျံလာ၏။

''ပျိုလေးတို့ ကောက်စိုက်ရာ လိုက်လာနဲ့လေး၊ လိုက်လာရင် ရွှံ့စဉ်ရော့မယ် ဗောင်းကြော့ရင်သွေး''

ကြည်နူးထားရသမျှကလေး၊ ချမ်းမြေ့ထားရသမျှကလေးများ ခင်မှန့်ရင်ထဲက လုံးဝလွင့်စဉ်သွားသည်။ ရင်ထဲသို့ ပြေးဝင်လာသောအရာမှာ နာကျင်ခြင်း၊ ပူလောင်ခြင်း။

(၂)

မောင်ကြီး ကိုသုခကို ဓနက်ပလာဝန်မင်း၏ တူတော်မှန်း ခင်မှန် မသိရှိးအမှန်ပါ။ သိများသိခဲ့လျှင် ရွှေမျက်နှာကို မော်၍ပင်ကြည့်မိမည်မဟုတ်ပါ။ အချုပ်တန်းရှိ ဆရာဖေ၏ အိမ်ခြေရင်းတွင် မြင်းကုန်းနှီး အချုပ်အလုပ်ဖြင့် ရောက်လာနေထိုင်



သော အကြောသားပါဟုဆိုသောကြောင့် မောင်ကြီးကို တစေ့တစောင်း ကြည့်မိသည်။

မောင်ကြီးနှယ် ယောကျ်ားပီသလိုက်ပါဘိ။ နူတ်ခမ်းမွေးရေးရေး၊ စူးရှသော မျက်လုံး၊ ပိရိသော နူတ်ခမ်း၊ လေးထောင့်ကျသော မျက်နှာနှင့် ရင်အုပ်ကားကား၊ မျက်နှာထား တည်တည်ကြီးပေမယ့် ချိုသာသောအသွင်နှင့် တင့်တယ်ပါဘိတောင်း။ အသားက ညိုသော်ငြား လတ်သည်၊ နုသည် ထင်မိ၏။ သို့သော် နေပူစပ်ခါး အထွက်ရနည်းသောကြောင့်ဟု ခင်မှန်တွက်ခဲ့မိမှား၏။

သူသည် ခင်မှန်အား ကျောက်တော်ကြီးဘုရားပွဲတွင် မြင်တွေ့စွဲလမ်းခဲ့ဖူး၏။ ညိုးငယ်သော်ငြား ကြည်လင်သော မျက်လုံးပိုင်ရှင် ခင်မှန်၏အလှကို နေပူထဲ၌ လန်းသော ပန်းတစ်ပွင့်ဟု သူထင်မြင်မြတ်နိုးခဲ့၏။

''သွားမစနဲ့ မောင်ရေ၊ သူကလေးက လက်ယာလမိုင်း လယ်တော်သူဗျ''

ကိုသုခ၏ရင်ကို သန်မာသော ခြေထောက်ကြီးဖြင့် ကျောက်လိုက်သောစကား ဖြစ်ချေ၏။ အကန်ခံရသော ကိုသုခ၏ရင်တွင် ခိုင်ခံ့မာကျောသော ရင်သားကြီး ဖွဲ့

သူသည် ခင်မှန်အား
ကျောက်တော်ကြီးဘုရားပွဲတွင် မြင်တွေ့စွဲလမ်းခဲ့ဖူး၏။
ညိုးငယ်သော်ငြား
ကြည်လင်သော မျက်လုံးပိုင်ရှင် ခင်မှန်၏အလှကို
နေပူထဲ၌လန်းသော ပန်းတစ်ပွင့်ဟု
သူထင်မြင် မြတ်နိုးခဲ့၏။

ယုက်ထားပြီးပြီ။ ကန်ချက်ကျောက်ချက်မှာ မတိုးနိုင်ချေ။ ချစ်ခြင်းတွင် ကရုဏာရံသည်။ ကရုဏာတွင် မေတ္တာဆင့်သည်။ သည်အခါ ရဲရမန်းပုံတော်သားအချို့နှင့် မိတ်ဖွဲ့ကာ ခင်မှန်တို့အိမ်အနီးသို့ ကိုသုခ လာရောက် ရစ်သီပါတော့သည်။

ခင်မှန် ကံဆိုးချင်တော့ အတွက်အချက်လည်း မှားခဲ့ရသည်။

''ဩော်...ဟုတ်ပေမှာပဲ၊ သူနေတဲ့ နေရာကလည်း ကဗျာလက််ာဆရာ ဆရာဖေရဲ့ အိမ်နားဆိုတော့ သူလည်း ဝါသနာကြီးဟန်တူရဲ့၊ ဒါကြောင့်သာ အတီးအမှုတ်သမားတွေနဲ့ ကျွမ်းဝင်တာဖြစ်လိမ့်မယ်''

သို့သော် ခင်မှန် သတိရှိပါသည်။ လမ်းခေါ် ပျော်မှည့် မလုပ်ပါ။ ''လမိုင်း လယ်တော်သူတွေရဲ့ဘဝကို မောင်ကြီးသိပါစ''ဟု မေးဖြစ်အောင်မေးသည်။

''သိပါသော်ကောဗျာ၊ အသည်သားတွေနဲ့ တခြားအစုတွေ မျိုးရိုးတွေမှာ သျှောင်နောက် ဆံထုံးပါရိုးရှိပေမယ့် လမိုင်းလယ်တော်သူနဲ့အကြောင်းပါတဲ့ သူကောင်းသားကဖြင့် ဆံထုံးနောက်ကို သျှောင်ပါရပြီး လမိုင်းအစုဝင် ဖြစ်သွားရပါသတဲ့ဗျာ''

''အဲဒါကြောင့် နှမတို့ လမိုင်းသူလမိုင်းသားတွေမှာ သည်အထဲက ထွက်ခွင့်မရှိပါဘူး မောင်ကြီးရယ်၊ အလွန်ဆင်းရဲ၊ အလွန်ပင်ပန်းရုံမက လူရာသွင်းလည်း မခံကြရပါဘူး၊ စဉ်းစားပါအုံးမောင်ကြီး''

ကိုသုခ၏အပြုံးသည် ညှိုးရော်မသွားပေ၊ ပျက်ပြယ်မသွားပေ၊ တိုးရှဲသာ လန်းတင့်လာ၏။

''လက်ဖက်ရည်တော် မင်းလှသခ်ာဆိုတဲ့ တေးထပ်ကလေး နှမများ ကြားဖူးမလား မသိဘူး၊ မျက်နှာကို ခြေနဲ့ ကျောက်စေတော့ဆိုတဲ့ တေးထပ်လေ''

'အို'ဟု ဆိုကာ ခင်မှန်သည် သွားဝင်းဝင်းလျှပ်လျှပ်ကလေးတွေ ပေါ်လာအောင် ပြုံးရွှာသည်။

''ရွက်စရာ မောင်ကြီးရယ်၊ ခင်လေးက ကြင်ရေးမျှော်လျှင် ထာဘီလျှော်ခိုင်းပါတော့လေးတဲ့၊ သည် တေးထပ်နဲ့တော့ မနှိုင်းပါနဲ့နော်''

ပြောအပြီးတွင် ရွက်ပြုံးကလေးဖြင့် မျက်လွှာချနေခဲ့ရသည်။ ကိုသုခသည် ဟက်ဟက်ပက်ပက်ရယ်၏။ ''ဒါနောဘီလူးတောင် သူချစ်သူကို ခံတွင်းထဲမှာ ငုံထားသေးမဟုတ်လား နှမရဲ့''ဟု ဆို၏။ ခင်မှန့် ရင်ဝယ် ကြည်နူးမှုသည် ကန်ပေါင်ကျိုးဘီသို့ရှိ၏။ သည်အခါ ဝန်းလဲ့သောမျက်လုံးများက အိမ်တိုင်တွင် ချိတ်ဆွဲထားသော



လမိုင်းလယ်တော်သားနှင့် ရေစက်ဆုံသည့် မိန်းမတစ်ယောက်သည် သျှောင်နောက် ဆံထုံးပါသောအားဖြင့် လမိုင်းလယ်တော်သူဖြစ်ရမည်။ လမိုင်းလယ်တော်သူနှင့် အိမ်ထောက်ဖက်ပြုသော ယောကျ်ားအတွက်မူ ဆံထုံးနောက်သို့သာ သျှောင်ပါရမည်။

ကျွဲခေါင်းကြီးအပေါ်သို့ ရောက်သွား၏။

လမိုင်းဝန်သည် ဘုရင့်လယ်တော်များကို လုပ်ကိုင်သော လယ်လုပ်သားများ လျော့ပါးမသွားစေရန် စည်းမျဉ်းတစ်ခု သတ်မှတ်ထား၏။ ယင်းသည်ကား အဝင်သာရှိ၍ အထွက်မရှိခြင်းပေတည်း။

လမိုင်းလယ်တော်သားနှင့် ရေစက်ဆုံသည့် မိန်းမတစ်ယောက်သည် သျှောင်နောက် ဆံထုံးပါသောအားဖြင့် လမိုင်းလယ်တော်သူဖြစ်ရမည်။ လမိုင်းလယ်တော်သူနှင့် အိမ်ထောက်ဖက်ပြုသော ယောကျ်ားအတွက်မူ ဆံထုံးနောက်သို့သာ သျှောင်ပါရမည်။ စွဲလမ်းမှု ကံကြိုးဆွဲရာသို့ မျက်စိမှိတ်ကာ ရောက်ရှိလာပြီးမှ နေပူကြီး ကြွက်ကြွက်ဆူတွင် လယ်လုပ်ရသော ဒုက္ခ၊ အောင်ပင်လယ်တွင် မိုးမရ၍ လယ်တော်များ မဖွံ့ဖြိုးလျှင် ကျည်တော်သို့သာ အစေအငှ ပေးသွင်းပြီး မဝရေစာ စားရသော ဒုက္ခတို့ကို မခံနိုင်သည့် အကြောင်းသူကောင်းသားသည် လမိုင်းအစုမှ ပြေးထွက်လိုအံ့။ ပြေးမလွတ်ပါ၊ မပြေးနိုင်ပါ၊ ကျွဲခေါင်းကြီးရှိသည်။

''စဉ်းစားပါအုံးမောင်ကြီးရယ်၊ လမိုင်းသားဘဝမှာ မပျော်လို့ နှမကိုကွာချင်ပေမယ့် မောင်ကြီး ကွာရှင်းနိုင်မှာမဟုတ်ဘူး၊ လက်ဖက်တစ်ရိုး ကွမ်းရိုးတစ်ညှာနဲ့ ကွာလို့မရတော့ မောင်ကြီး တစ်သက်လုံး စိတ်ဆင်းရဲမှာနော်''

''သိပါတယ် နှမရယ်၊ အသည်းသားတွေနဲ့ တခြားအစုသားတွေမှာ ခအောင်းပင်ကို နှစ်ယောက်သဘောတူ ဓားထစ်ရုံနဲ့ ကွာရှင်းပြတ်စဲရုံနဲ့ ပြီးပေမယ့် လမိုင်းသူကို ကွာရှင်းချင်တဲ့ တခြားအစုသားနဲ့ အသည်းသားဝင်တွေ ကပ္ပားတွေမှာတော့ ကျွဲခေါင်းနဲ့အပြည့် ကိုယ်ဖိုးပေးပြီး ကွာရတယ်မဟုတ်လား''

အနည်းငယ်မျှ တွန့်ဆုတ်ရိပ်မပေါ်သော မျက်နှာပြင် ကြည်ကြည်လန်းကို မမှိတ်မသုန်ကြည့်ရင်း ခင်မှန်မှာ အသာကလေး ခေါင်းညိတ်ရ၏။

''ဒါပေမဲ့ နှမရယ်၊ မောင်ကြီးရဲ့ ရွှေမေတ္တာဟာ ကျွဲခေါင်းကြီးကို တိုင်ပေါ်က ဖြုတ်ချထားတဲ့ မေတ္တာပါဗျာ၊ အဏ္ဏဝါကုန်ခြောက် ယုန်ထောက်လို့မိမှ ခန်းမယ့်မေတ္တာပါ နှမရဲ့''

လမိုင်းစု၏ စည်းကမ်း၊ လမိုင်းအစုသားတို့၏ ဆင်းရဲပင်ပန်းမှုတို့ကို မည်မျှပင် ရှင်းပြသော်ငြား ကိုသုခ နောက်မဆုတ်ပါ။ ရွှေမေတ္တာမိုးသည် သွန်းမြဲသွန်း ဖြိုးမြဲဖြိုး စွေမြဲစွေလျက်ပါကို။

လမိုင်းလယ်တော်အုပ်၊ လယ်တော်ကြပ်နှင့် ခင်မှန့်မိဘ ဆွေမျိုးများကလည်း မြင်းကုန်းနှီးချုပ်လုပ်သော အချုပ်သည် ကလေး ကိုသုခအား လမိုင်းစု၏စည်းကမ်းများကို ထပ်မံရှင်းလင်းပြသည်။ ကိုသုခကလည်း စကားနှစ်ခွန်းဆို။ သည်အစုတွင်း ဝင်ပါမည်ဆိုပြန်သဖြင့် ကိုသုခကို ခင်မှန်နှင့် ပုဆိုးတန်းတင် အကြင်လင်မယားအဖြစ် အသိအမှတ်ပြုလိုက်ကြသည်။

(၃)

''အေ...ကောင်းပျိုရွယ် သူငယ်ချင်းတို့၊ လယ်တော်တွင်းက များတစ်တွေ၊ ကိုယ်စီကလို့ လှစရာတို့၊ မျက်နှာမှာ နံ့သာပြောက်ဖို့ လှည်းစာခေါက်ကို အိုင်အိုင်အေးအောင် သွေးကြပါအေ''

လမိုင်းလယ်တော်သူများသည် ဆင်းရဲသော်လည်း ပျော်ကြ၏။ ကောက်စိုက်ဟန်ချင်းကို အားရပါးရ ဆိုရသဖြင့် ကောက်ကွက်ထိုးရာမှာပင် အားရပါးရရှိလှ၏။

ကိုသုခ၏ အသားမှာ လဲ့လဲ့မည်ဦးတော့၊ မလတ်တော့ပါ။ သပိတ်နှယ် မှောင်၍ ကျွဲပေါက်ကြီးသဖွယ် မည်းကြုတ်နေပြီ။ သို့ဖြစ်ငြား သူပျော်သည်။ ကောက်စိုက်မတွေ၏ ဟန်ချင်းထဲမှာ သူအတွက် အား



ကိုသုခ၏မျက်နှာသည် အိမ်ရှေ့မျက်နှာစာသို့ လည်သွား၏။ လမိုင်းလယ်တောအုပ်၊ လယ်တော်ကြုပ်တို့၏ မရွှင်သောမျက်နှာ။ ပြီးတော့ ဝတ်စားသစ်လွင် ကြော့ကြော့ဆင်၍ အသွင်ယဉ်ကျေးငြား မျက်နှာထား မောက်မာသော လွှတ်စာရေးကြီးနှင့်...

ဆေး ဖြစ်နေလေသည်။

''လေးရာ့နှစ်ဆယ် အနံငယ် တိုထဘီနှင့် ဖျင်အင်္ကျီ သစ်ခေါက်ဆိုးမို့ ချုပ်ရိုးတွေ သိတတန်းမှာ သန်းကိုက် တို့မယား''

ချုပ်ရိုးကြားတွင် ခိုနေသော သန်း'ဖျ' ကလေးတွေကို ကိုသုခ မြင်ယောင်လာသဖြင့် ပြုံးမိသည်။

''ပုံးဖာမှောက်ဆင် တို့လှုတုန်းကို မြင်ပတဲ့ အောင်ငါးမျိုးဆင် ပဝါပြောက်မှာ အဖာတွေ တစ်ရာလောက်ကို တောမြောက်လို့ ပြစမ်း''

လယ်ကန်သင်းမှ လျှောက်သွားရင်း ပြုံးပြသွားသော ကိုအဝှါသိစေရန် လမိုင်းလယ်တော်သူများ အဘယ်မျှ ဝတ်စားတန်ဆာ ကြွယ်ဝကြောင်းကို ခပ်သောသော ကလေး အရွဲ့တိုက်ကာ ဆိုလိုက်သည့် အတွက် ရယ်မောသံများ သောသောညံသွားလေ၏။

ရွှေအိမ်တွင် မစံလို၊ ငွေအိမ်တွင် မစံလို၊ ချစ်သူနှင့်သာ အေးအတူပူအမျှ အနစ်နာခံလိုသော ကိုသုခအတွက် လမိုင်းလယ်တောသည် အလှချည်းဖြစ်နေ၏။ မရိုးဖြူပန်ထားသော လယ်သူမ၊ ပေရွက်လိပ် နားတောင်းနှင့် လယ်သူမတွေ လှုနေသလို၊ သူတို့ ဟစ်သီသည့်တေးကအစ လှုနေသည်။

ဤသို့ဖြင့် လယ်တော်တောတခိုဝယ် မြစိမ်းရောင်စိုခဲ့လေပြီ။ ဝါလွတ်ကင်း တူရာသီသို့ တစတစချဉ်းကပ်လာခဲ့သည်။ ဘုရားပွဲတွင်သီဆိုရန် ဟန်ချင်းကျက်သူများလည်း ကိုသုခတို့အိမ်တွင်စုကာ တရုန်းရုန်း တအုန်းအုန်း သီဆိုကျက်မှတ်ကြပြီ။

''မဆင်ဘဲနှင့် အကဲပေါ်၊ ရွှေမိုင်းသူတော် ကြည့်လိုက်ကြစမ်း''

ခေါင်သူကြီးမှာ အသံကောင်း အဆိုကောင်း မယ်အုံဖြစ်သည်။

''ကြိုက်တယ်လို့ ဆို၊ ကျုပ်ဆီကို တယ်မတိုးနှင့် ကွဲညီကြ ဆိုးသတော့''

နောက်တစ်ယောက်မှာ ဒွေးလှ၊ အသံမှာ မယ်အုံလောက် မကောင်းငြား၊ ချို စောင်းတွင် လက်ညှိုးနှစ်ချောင်းကပ်ထောင်ကာ ခေါင်းတယမ်းယမ်း လုပ်ပြသဖြင့် တဝါးဝါးရယ်ကြရသည်။

''သနပ်ခါး ကွက်ပါးမှာကူ၊ ရွှေမိုင်းသူတော့် ကျုပ်အလှဆုံး''

''ဟုတ်ပေ့ဗျာ၊ ဟုတ်ပေ့''

ခင်မူနှင့်အဆိုတွင် ကိုသုခ ဝင်ဖြည့်သဖြင့် ပွဲကျသွားပြန်၏။

''မေတ္တာပွားလို့ စိတ်ထားတူ၊ ကြိုက်လျှင်ယူတော့ တစ်သက်ပန်လုံး''

''နောက်များကိုတဲ့ ကွာခြားမှု၊ ကျွဲခေါင်းငွေဖြူပေးမှ ဖြတ်ထုံး''

''မယုံစမ်းတော့ မှန်းတဲ့သူငယ်၊ ရွှေမိုင်းသူတော့်တို့မှ တို့စမ်း''

''တို့စမ်း...တို့စမ်း၊ ရွှေးမှလျှော့ဘူး ကျွဲခေါင်းတော်ရေ့''

''ကဲ–ကဲ...နောက်တစ်ကြော့ဆိုရင် ရလောက်ပါပြီ''

ကိုသုခ လက်ခုပ်တီးသည်။ သို့သော် လမိုင်းသူများ၏ မျက်လုံးများသည် ကိုသုခထံမှာမရှိကြ။ အိမ်ရှေ့သို့ ရောက်နေကြ၏။ ရောက်နေသော မျက်နှာများမှာလည်း ကြောက်လန့်စိုးရိမ်ခြင်းစွက်လျက်။

''ရော်...ဘာဖြစ်ကြတာလဲ''

ပြောပြောဆိုဆိုဖြင့် ကိုသုခ၏မျက်နှာသည် အိမ်ရှေ့မျက်နှာစာသို့ လည်သွား၏။ လမိုင်းလယ်တောအုပ်၊ လယ်တော်ကြုပ်တို့၏ မရွှင်သောမျက်နှာ။ ပြီးတော့ ဝတ်စားသစ်လွင် ကြော့ကြော့ဆင်၍ အသွင်ယဉ်ကျေးငြား မျက်နှာထား မောက်မာသော လွှတ်စာရေးကြီးနှင့် နောက်ပါနှစ်ယောက်။

''လယ်တော်အုပ်မင်း ကြွပါခင်ဗျာ၊ ကြွပါ''

ကိုသုခက တလေးတစား ကြိုဆိုငြား၊ လယ်တော်အုပ် မသွက်လက်၊ တုံနေးစွာ



တက်လာသည်။ သူမျက်လုံးတွေက စာရေးကြီး မျက်နှာမှမခွာ။ စာရေးကြီးသည် ကိုသုခအား တစ်ချက်ကြည့်လိုက်ပြီးနောက် ''အိမ်ရှင် ငဖားနဲ့ မိမဲတူတို့ကိုခေါ်ပါ လယ်တော်အုပ်မင်း''ဟု သံပြတ်ဖြင့်ဆိုသည်။

မိန်းကလေးတွေ ဖရိုဖရဲဖြစ်သွားကတည်းက ခင်မှန်၏မိဘများသည် အိမ်ပေါ်သို့ ရောက်နေနှင့်ကြ၏။

''အကျွန်တို့ပါပဲ ဘုရား၊ အကျွန်တို့ပါပဲ''

''လမိုင်းလယ်တော်ဝန်ထံမှ အမိန့်ရပြီးဖြစ်တယ်၊ ငဖား မိမဲတူတို့အိမ်တွင် ရောက်ရှိနေသော မောင်မောင်လှအား လက်မခံရ၊ သင်တို့သမီးနှင့် ကွာရှင်းပြတ်စဲပေးစေရမည်''

''မောင်မောင်လှ မရှိပေါင်ပါဘုရား''

''သည်သူငယ်ဟာ ဓနက်ပလာဝန်မင်းရဲ့ တူတော် မောင်မောင်လှပဲ၊ လမိုင်းအစုတွင်ရှိသော ထုံးတမ်းစဉ်လာအရ၊ ကိုယ်ဖိုးပေးလျော်ရန် ကျွဲခေါင်းကိုဖြုတ်ခဲ့စမ်း''

ကိုသုခမှာ ခေါင်းကြီးအောက်ချနေသည်။ ခင်မှန်မှာ ''မောင်ကြီး . . . မောင်ကြီး၊ ဒါနဲ့ မြင်းကုန်းနီးချုပ်တဲ့ မောင်သုခပါဆို''ဟု ရင်ကွဲပက်လက်မြည်တမ်းရင်း ပြေးလာငြား၊ ဒေါ်မဲတူက တားဆီးထားသည်။

''မထိနဲ့ . . . မကိုင်နဲ့ သမီး၊ မင်းပြစ်သင့်မယ် သမီးရဲ့''

ဖျာပေါ်သို့ ဖွေးဖွေးလှသော ဒေါင်းဒဂီးတွေ သွန်ချသံ။ ကျွဲခေါင်းကြီး မပြည့်မချင်း ဆုပ်၍ဆုပ်၍ ထည့်သံတို့သည် ချစ်သူနှစ်ဦး၏ အသည်းနှလုံးများကို သုသာန်သို့ ပို့ဆောင်သော မရဏဗျိုင်းတောင်သံဖြစ်ပေ၏။

''လမိုင်းလယ်တော်ဝန်နဲ့ ဓနက်ပလာဝန်မင်းရဲ့ အမိန့်အရ ဆောင်ရွက်ခြင်းဖြစ်သည်၊ သင်တို့ ကျေနပ်ရဲ့လား''

''ကျေနပ်ပါတယ် မင်းဘုရား၊ ကျေနပ်ပါကြောင်းပါ''

''ကျုပ် မကျေနပ်ဘူး၊ ကျုပ်မယားမှာ ဘာအပြစ်ရှိလို့ ကွာရှင်းရမှာလဲ၊ မကွာနိုင်ဘူး၊ မလိုက်နိုင်ဘူး''

ကိုသုခ၏အသံနက်ကြီးသည် ကိုသုခ၏ အသည်းကွဲသံဖြစ်ပေမည်။

''ဓနက်ပလာဝန်မင်းရဲ့ အမိန့်တော်နဲ့ လာရတာပါ မောင်မောင်လှ၊ မိဘရပ်ထံ ငယင်းကို ပြန်အုံးမည် လိမ်လည်သွားခြင်း ဖြင့်ပင် အပြစ်ရှိနေပြီ၊ ကောင်းမွန်စွာမလိုက်ပါလျှင် သျှောင်ဆွဲခေါ်စေ အမိန့်တော်ပါတယ် မောင်မောင်လှ''

(၄)

သည်အချိန်ကစပြီး 'ဗောင်းကြော့'ဟူသော အသံကို ခင်မှန် မကြားလိုတော့ပေ။ ဗောင်းကြော့ကြော့လွင်လွင် ဆင်နှိုင်သူမှာ မောင်ကြီးတို့နှယ် မင်းတူ မင်းမြေး မင်းသား မင်းသွေးနှင့် သူဌေး သူကြွယ်တွေ မဟုတ်လား။

ခင်မှန်သည် အခြားသော မင်းပျိုမင်းလွင်များကို စိတ်နာသည်။ အသံသော်မှ မကြားလို သို့ဖြစ်ငြား မောင်ကြီးကိုကား မနာနိုင်။ ခမျာမှာ အတင်းအကျပ် ဆွဲခေါ်ရုံမျှမက၊ ဦးရီးတော်ဝန်မင်းထံရောက်လျှင် အရှက်တကွဲ အကျိုးနည်း ဖြစ်ရပေဦးမည်။

မိမိမျိုးရိုးကို မထိန်းသိမ်းဘဲ အမျိုးနိမ့်သော အစုသူနှင့် အကြင်လင်မယားအဖြစ် နေထိုင်ခဲ့ရပါမည်လားဟု ဒဏ်ပေးခြင်းဖြစ်သည်။



ကိုသုခ ခမျာ ကျွဲခေါင်းစက္ကူကြီးစွပ်ကာ ဆွေမျိုးများအလယ်တွင် မျက်ရည်လည်ရွဲနှင့် ကပြနေရရှာလိမ့်မည်။ ကျွဲခေါင်းကို နှီးပြားထူထူတွင် ရှမ်းစက္ကူကပ်ကာ ဆေးနက်သုတ်လျက်ပြုလုပ်ထားလေ့ရှိသည်။ သည်ကျွဲခေါင်းတွင်မှ ရွှေမင်သုတ် ခလောက်ကြီးကိုဆွဲလျက် စည်းကိုက် ဝါးကိုက် ကရခြင်းဖြစ်သည်။

မောင်ကြီး ဘယ်မျှ ရင်ကွဲရမည်နည်း။ မောပန်းခြင်း၊ နာကျည်းခြင်းနှင့် ကြေကွဲခြင်းတို့ ပူးယှက်နေလိမ့်မည်။

''ခင်မှန်လည်း မောင်ကြီးနဲ့ထပ်တူပါပဲ မောင်ကြီးရယ်''

ထမင်းစားချိန် ရောက်သော်ငြား၊ မောင်ကြီး သုခသည် ခင်မှန်၏ အာရုံမှ မထွက်ပေ။ ခရေပင်ရိပ်တွင် တရေးတမော အိပ်သည့်တိုင်အောင် မောင်ကြီးသည် ခင်မှန်အား စိုးမိုးဆဲပါ။

ဟိုဘက်တွင် နှစ်ယောက်စိုက်စာလယ်ကွက်ကလေး ကျန်နေသေးသည်။ သူတို့၏ နှစ်ကျိပ်ကျော်အင်အားဖြင့် နေမဝင်မီ ပြီးနိုင်ပေသည်။ ခင်မှန်သည် ထဘီတိုတို ပြင်ဝတ်ကာ ပျိုးစည်းကိုဖြေသည်။ ပျိုးဖတ်ကို ကိုင်ကာ ကောက်ပင်တစ်ပင်ထိုးရင်း တီးတိုးဆိုသည်။

''မောင်ကြီးစားဖို့ ကောက်ပင်ပါတော်''

နောက်တစ်ပင် ထိုးလိုက်ပြန်သည်။

''မောင်ကြီးအမျိုးတွေ စားဖို့ပါတော်''

ထိုသို့ တစ်ပင်ထိုးလိုက် တစ်ခွန်းပြောလိုက်ဖြင့် ထိုးထိုးလာရာ ကန်သင်းခုံပေါ်သို့ ရောက်သည်အထိပင်။ ခင်မှန် ရည်မှန်းသူများထဲတွင် မောင်ကြီးအဖ၊ မောင်ကြီးအမိ စသည်ဖြင့် စုံစေ့သွားငြား ကျုပ်ဖို့၊ ကျုပ်အမေဖို့ဟု ရွတ်ဆိုရန် မေ့လျော့ခဲ့သည်။

အနောက်ဘက်တောင်တန်းတွင် တိမ်မရန်းတို့ ချိတ်ပန်းဆင်ကြပြီ။ ခင်မှန်တို့ သုတ်သုတ်လှမ်းကြသည်။ တစတစ ဝင်ရောက်လာသော အမှောင်ရိပ်နှင့်အတူ ချိုးလည်ပြောက်ကလေးတွေ၏ ကူသံကို ကြားရသည်။ ခင်မှန်၏ ခြေလှမ်းများမှာ နေ့လယ်ကနှင့် မတူ၊ သွက်လက်မြန်ဆန်နေချေပြီ။

ဆင်ဖြူကျွန်းအောင်သိန်း

မိုးကောင်းကင်တစ်ခုလုံးကို ငါစားပစ်နိုင်ရင်ကော တအံ့သြပေးမှာလား...

တစ်ခုသော ဇန်နဝါရီလ၊ ကြာသပတေးည၊ နှင်းမြူပိတ်နေတဲ့အချိန် သန်းခေါင်လောက်တွင် ချီကာဂိုဘားဆိုင်မှာ အလုပ်လုပ်နေတဲ့ ထမင်းချက်တစ်ယောက် အလုပ်သိမ်းပြီး အိမ်ပြန်မယ်အလုပ် လူနှစ်ယောက် မှောင်ရိပ်ခိုရာကနေ ဖြတ်သွား ဖြတ်လာလုပ်နေသူတစ်ဦးကို ဓားပြတိုက်နေတာ တွေ့မြင်လိုက်ရတယ်။



ထမင်းချက်အမျိုးသမီးလည်း ဆိုင်ထဲအမြန်ပြေးဝင်ပြီး P.O 51313 ကို ဖုန်းဆက်လိုက်တယ်။ ချက်ချင်းပဲ တစ်ဖက်က ဖုန်းကိုင်တယ်။

''ဟုတ်ကဲ့၊ ချီကာဂိုရဲစခန်းက ပြောနေပါတယ်၊ တာဝန်ကျ ဘရောင်းပါ''

''ဖုန်းကိုင်ထားပေးပါရှင်၊ (Larrabee) လာရာဘီးနားက ခရိုင်လမ်းမှာ ဓားပြတိုက်နေပါတယ်''

ဘရောင်းက စားပွဲပေါ်က နှိပ်သီးကို နှိပ်လိုက်တယ်။

''လက်နက်ကိုင် ဓားပြမှုရှိတယ်''

ပြီးတော့ လိပ်စာကိုဆက်ပြောတယ်၊ သူပြောတဲ့အချက်အလက်တွေကို ရေဒီယိုကနေ ခရိုင်မြောက်ပိုင်းမှာ ပတ်တရောင်လှည့်နေတဲ့ ကားနှစ်စီးထံကို တစ်ပြိုင်တည်း ရောက်သွားတယ်။ ဆာဂျင်တစ်ယောက်နဲ့ ရဲသားလေးယောက် စီးနင်းလာတဲ့ ကားငါးစီးက လိပ်စာရှိတဲ့ဘက်ကို လှည့်လိုက်ပြီး စက်ရှိန်ကိုမြှင့်လိုက်တယ်။

တာဝန်ကျရဲအရာရှိ ဘရောင်းက သတင်းပေးတဲ့ အမျိုးသမီးနဲ့ ဖုန်းပေါ်မှာ စကားပြောနေဆဲပဲဖြစ်တယ်။ သူတို့ အပြန်အလှန်ပြောဆိုနေတာတွေကို လှည့်ကင်းလှည့်နေတဲ့ကားတွေက အတိုင်းသားကြားနေရတယ်။ ၄၅ စက္ကန့်အတွင်း ရဲကားနှစ်စီးက အခင်းဖြစ်ပွားရာနေရာကို ရောက်သွားတယ်။ ဆာဂျင်တစ်ယောက်နဲ့ ရဲသားတစ်ယောက်က သေနတ်ကိုင်ထားတဲ့လူဆိုးကို ခုန်အုပ်လိုက်ပြီး ''လက်နက်ချ''လို့ အော်ဟစ်အမိန့်ပေးလိုက်တယ်။

ချက်ချင်းဆိုသလိုပဲ ရဲကားသုံးစီး ထပ်ရောက်လာတယ်။ အရာရှိတစ်ယောက်က မိုက်ကရိုဖုန်းနဲ့ လှမ်းအကြောင်းကြားတယ်။

''လာရာဘီးနားက ဓားပြကို ဖမ်းမိထားပြီ''

ပြီးခဲ့တဲ့ ၈၅ စက္ကန့်ကမှ ထမင်းချက်အမျိုးသမီး ဖုန်းစတင်ဆက်ခဲ့တာ။ ဒါက အတော်လေးမြန်ဆန်တဲ့ အရေးယူဆောင်ရွက်မှုတစ်ခုပါပဲ။ ချီကာဂိုမှာ လွန်ခဲ့တဲ့ သုံးနှစ်တုန်းကဆိုရင် ဒီလိုအရေးယူဆောင်ရွက်ပေးဖို့ တစ်နာရီ၊ ဒါမှမဟုတ် ဒီထက်တောင် ပိုကြာကြာစောင့်ခဲ့ရတယ်။

ဒီလို ထူးထူးခြားခြားဖြစ်လာအောင် စီမံလိုက်တဲ့ ချီကာဂိုရဲတပ်ဖွဲ့ရဲ့ အကြီးအကဲကတော့ အသက် ၆၂ နှစ်အရွယ်ရှိနေပြီဖြစ်တဲ့ ချီကာဂိုရာဇဝတ်မှုခင်းဆိုင်ရာတက္ကသိုလ်ကျောင်းက ပါမောက္ခ၊ ဌာနမှူး တာဝန်ကနေ အငြိမ်းစားယူခဲ့တဲ့ အော်လန်ဒိုဝင်းဖီးဝီလ်ဆင်(Orlando Winfield Wilson) ဆိုသူပါပဲ။

ဝီလ်ဆင်က ၁၉၆၀ ပြည့်နှစ်၊ မတ်လထဲမှာ ချီကာဂိုပုလိပ်ဌာနရဲ့ ဆိုးဝါးလှတဲ့ သမိုင်းကြောင်းကို ပြောင်းပစ်ဖို့ စတင် တာဝန်ယူခဲ့တယ်။

ထိုစဉ်က သတင်းစာရဲ့ ခေါင်းကြီးပိုင်းမှာ (Buglers in Blue) အပြာဝတ်သူခိုးကြီးများ''ဆိုပြီး သရော်ခံခဲ့ရတာပါ။ ပြီးခဲ့တဲ့ နှစ်လက လှည့်ကင်းတာဝန်ထမ်းဆောင်နေတဲ့ ရဲရှစ်ဦး အဖမ်းခံရတယ်။ လုပ်ငန်းရှင်တွေနဲ့ပတ်သက်တဲ့ စာရွက်စာတမ်းတွေ ခိုးယူခံရတယ်။ တချို့က အမှုနဲ့သက်ဆိုင်တဲ့ အထောက်အထားတွေကို ဖျောက်ဖျက်ပစ်တယ်။

အခြား ရာဇဝတ်မှုခင်းများလည်း ပူးပေါ်သလို ပေါ်လာရတယ်။ ဖောက်ထွင်းသူခိုးတစ်ဦးဆီက ၁၂၀၀ ဒေါ်လာ လာဘ်ယူမှုတွေနဲ့ အရာရှိသုံးဦး တရားစွဲခံရတယ်၊ တခြားနှစ်ယောက်က နာမည်ကြီး သူခိုးတစ်ယောက်ရဲ့ သက်သေအထောက်အထားတွေကို ဖျောက်ဖျက်မှုနဲ့၊ တချို့က ကားခိုးပြေးရင်း အသတ်ခံရတယ်၊ အရာရှိတစ်ယောက်ဆိုရင် ရာဇဝင်ဓားပြလူဆိုးကြီး အယ်လ်ကဖုန်း(Al Capone) ရဲ့ဂိုဏ်းက၊ ထိပ်ပိုင်းခေါင်းဆောင်တစ်ဦးလို့ ယူဆရတဲ့ တိုနီအကာဒို (Tony Accado) နဲ့အတူ ဥရောပတစ်ခွင်လျှောက်လည်ပြီး အပျော်ကြူးခဲ့တယ်လို့ ဖော်ထုတ်ရရှိတယ်။

ချီကာဂို ဒေါ်သူပုန်ထပြီ။ မြို့တော်ဝန်ရစ်ချတ်စ်ဒါလီ (Richard Daley) လည်း အတော်လေးခေါင်းစားနေပြီး မြို့မိမြို့ဖ



၄၅ စက္ကန့်အတွင်း ရဲကားနှစ်စီးက အခင်းဖြစ်ပွားရာနေရာကို ရောက်သွားတယ်။ ဆာဂျင်တစ်ယောက်နဲ့ ရဲသားတစ်ယောက်က သေနတ်ကိုင်ထားတဲ့လူဆိုးကို ခုန်အုပ်လိုက်ပြီး ''လက်နက်ချ''လို့ အော်ဟစ်အမိန့်ပေးလိုက်တယ်။



ခပ်ညှဉ့်ညှဉ့် လူဆယ်ယောက်ကို ထားမယ့်အစား ဉာဏ်ရည်ထက်တဲ့ လူတစ်ယောက်ကိုထားတာ ပိုကောင်းတယ်ဆိုတာ

လူကြီးတွေကိုအကူအညီတောင်း၊ ကော်မတီဖွဲ့ပြီး လူကောင်း၊ သူကောင်းရှာဖို့လုပ်တယ်။ ကော်မတီရဲ့ ဥက္ကဋ္ဌအဖြစ် ပရော်ဖက်ဆာ ဝိလ်ဆင်က တာဝန်ယူတယ်။ ဒီပရော်ဖက်ဆာက အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါးနဲ့ ဖြည်းဖြည်းနေးနေး စကားပြောတတ်တယ်။ ဒါပေမဲ့ စဉ်းစားဉာဏ်က ပြေးသလားမပြောနဲ့။ ပြီးတော့ ဝိလ်ဆင်မှာက နိုင်ငံတကာနဲ့ အဆင့်မီ ဂုဏ်သိက္ခာရှိပြီး လူမမာဖြစ်နေတဲ့ ရဲတပ်ဖွဲ့ကို ကုစားနိုင်မယ့် ဆရာဝန်အဖြစ် ယုံကြည်ကိုးစားခံရသူဖြစ်တယ်။

ဒါလီက ကော်မတီကို အမေရိကရဲ့ အကောင်းဆုံးရဲတပ်ဖွဲ့အကြီးအကဲကိုရှာဖို့ လမ်းညွှန်တယ်၊ ''ကျုပ်က နိုင်ငံရေးဝင်စွက်ဖက်တာကို လက်မခံဘူး၊ ခင်ဗျားတို့ ရွေးတဲ့လူကို ကျုပ်ခန့်မယ်''လို့ ရဲရဲဝံ့ဝံ့ တာဝန်ယူတယ်။

ကော်မတီက လျှောက်ထားသူအများအပြားကို စစ်ဆေးတယ်။ တချို့လူတွေက အရည်အချင်းပြည့်မီကြပေမယ့် ဒီလုပ်ငန်းကို စိတ်မဝင်စားကြဘူး၊ တချို့ကျတော့လည်း သူတို့က လုပ်ချင်ပေမယ့် အရည်အချင်းပိုင်း မပြည့်မီကြဘူး။ ပရော်ဖက်ဆာကြီးလည်း ဘယ်လိုမှ ရွေးမရတဲ့အဆုံး စိတ်ပျက်လက်ပျက်နဲ့ အိမ်ပြန်သွားတယ်။

နောက်ဆုံးကျတော့ ကော်မတီဝင် အားလုံးက ဒီတာဝန်နဲ့ထိုက်တန်သူဟာ ပရော်ဖက်ဆာ ဝိလ်ဆင်မှတစ်ပါး အခြားမရှိဘူးလို့ သူ့ကိုပဲ ရွေးချယ်ကြတယ်။ ဝိလ်ဆင်က ငြင်းပါသေးတယ်။ ဒါပေမဲ့ မြို့တော်ဝန်က ဝိလ်ဆင်ကို လုပ်ပိုင်ခွင့်အပြည့်အဝ ပေးခြင်း၊ အဆင့်အတန်းမီ ရဲတပ်ဖွဲ့ဖြစ်ဖို့အတွက် ဘတ်ဂျက်တိုးမြှင့်သုံးစွဲစေခြင်း အပြင် အမေရိကန်ပြည်ထောင်စုမှာရှိတဲ့ ရဲတပ်ဖွဲ့များအနက် အမြင့်ဆုံးလစာပေးပြီး စည်းရုံးတဲ့အတွက် တာဝန်ကို လက်ခံလိုက်တယ်။

ဝိလ်ဆင်ဟာ ချီကာဂိုရဲတပ်ဖွဲ့ တစ်ခုလုံးကို စာတွေ့လက်တွေ့အပိုင်းနဲ့ အဆင့်မြှင့်ဖို့ကြိုးစားတယ်။ ဝိလ်ဆင်ဟာ ငယ်စဉ်က ဒီဂရီရဖို့ ကျောင်းကို တစ်ဖက်ကတက်ရင်း ကယ်လီဖိုးနီးယားမှာ လှည့်ကင်းရဲတာဝန်ကို လေးနှစ်ထမ်းဆောင်ခဲ့ဖူးတယ်။ နောက် ငွေကြေးကုမ္ပဏီတစ်ခုမှာ ၂နှစ်ခန့် စုံစမ်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ကင်းဆပ်က ဝိချီတာ(Wichita-Kamsus) မှာ ရဲမှူးအဖြစ်တာဝန်ယူရတယ်။ ၁၁နှစ်အတွင်း သူဟာ ဂုဏ်သိက္ခာရှိသူအဖြစ် သက်သေထူနိုင်ခဲ့တယ်။ ခပ်ညှဉ့်ညှဉ့် လူဆယ်ယောက်ကို ထားမယ့်အစား ဉာဏ်ရည်ထက်တဲ့ လူတစ်ယောက်ကိုထားတာ ပိုကောင်းတယ်ဆိုတာ အသိအမှတ်ပြုလာကြတယ်။ သူကလည်း ကောလိပ်ကျောင်းဆင်း လူငယ်ပညာတတ်တွေကိုရွေးပြီး ဒေသတွင်း တက္ကသိုလ်ကျောင်းတွေမှာ ဆက်လက်ပညာဆည်းပူးစေတယ်။

ဝိလ်ဆင်ရဲ့လက်ထက်မှာ ဝိချီတာရဲတပ်ဖွဲ့က တစ်နိုင်ငံလုံးအတိုင်းအတာရဲ့ ဖောက်ထွင်းမှု ၅၀ ရာခိုင်နှုန်းထက်ပိုပြီး အရေးယူထောင်ချနိုင်ခဲ့တယ်။ ''ဝိချီတာမှာ ဒါလောက်လေးလုပ်နိုင်ရုံနဲ့ ချီကာဂိုမှာ ဘယ်လိုအထောက်အကူဖြစ်စေမှာလဲ''လို့ နိုင်ငံရေးသမားတချို့နဲ့ ရဲတချို့က မကျေမနပ်ပြောကြတယ်။ ဒါပေမဲ့ လက်ရှိ မှတ်တမ်းအရတော့ သူရဲ့တန်ဖိုးကို သက်သေပြနေတာပါပဲ။

ဒီကနေ့ ချီကာဂိုရဲမှတ်တမ်းနဲ့ လုပ်နည်းလုပ်ဟန်က အမှုကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ဝိလ်ဆင်ရဲ့ နည်းဗျူဟာတွေက အသုံးဝင်နေပါတယ်။ ရဲတပ်ဖွဲ့ဝင်တွေဟာ ဖြစ်လာနိုင်တဲ့ လူသတ်မှုကနေ ဖောက်ထွင်းမှုအဆုံး အခြေအနေအရပ်ရပ်ကို လွှမ်းခြုံနိုင်တဲ့ ဖိုင်တွေကို သူတို့နဲ့အတူ





တစ်ပါတည်းယူဆောင်သွားကြတယ်။ မှုခင်းဖြစ်တဲ့နေရာကိုမသွားမီ လှည့်ကင်းထွက်မယ့်ရဲဟာ ပုံစံချထားတဲ့စာရွက်မှာ ဘယ်သူ၊ ဘယ်အချိန်မှာ၊ ဘယ်ကို၊ ဘာလုပ်ဖို့ ထွက်သွားပြီဆိုတဲ့ အစီရင်ခံပုံစံကို ဖြည့်သွင်းသွားရတယ်။ နောက် သူက မှတ်ပုံတင်အခန်းကို ဖုန်းဆက်ပြီး သတင်းပို့ရတယ်။ ဒါက တစ်မိနစ်၊ နှစ်မိနစ်ပဲကြာတယ်။

ဒီသတင်းအပြည့်အစုံက အထက်ဌာနချုပ်ကို အချိန်နဲ့တစ်ပြေးညီရောက်သွားတယ်။ ဒါကို E.Computer (ဝီလ်ဆင် တီထွင်ထားတဲ့)တွေက မှုခင်းအစီရင်ခံစာကို အကြမ်းဖျဉ်း ခွဲခြမ်းစိတ်ဖြာကာ တူရာတူရာကို စုစည်းပြီးတော့ မြို့မြေပုံမှာတင်တယ်။

အထက်မှာတင်ပြခဲ့တာလို ခရိုင်လမ်းမက မားပြမှုကို ဤနည်းလမ်းအတိုင်း ဖြေရှင်းခဲ့တာဖြစ်ပါတယ်။ ဒီပုံစံအတိုင်း ကွန်ပျူတာနဲ့ထိန်းချုပ်ပြီး လူနှစ်ယောက်တည်းနဲ့ အကောင်အထည်ဖော်ခဲ့တာဖြစ်တယ်။ ဒီနည်းနဲ့ ဒီလိုမျိုး ရာဇဝတ်မှု ၂၀ ကို ဖြေရှင်းခဲ့တာဟာ အများအားဖြင့် ကြာသပတေးနဲ့ သောကြာည ၁၂နာရီနဲ့ ၂နာရီကြားဖြစ်ခဲ့တာကို သုံးသပ်ရရှိခဲ့ကြပါတယ်။ နေရာကလည်း (Loop) လုခရိုင်အတွင်း မြောက်ဝိုင်း ၂ မိုင်ပတ်လည်အတွင်းဖြစ်တာကို တွေ့ရပါတယ်။

လှည့်ကင်းနဲ့ စုံထောက်အဖွဲ့ကို ချက်ချင်းဆောင်ရွက်နိုင်ဖို့ အလုပ်အဖွဲ့သဘောမျိုး စုဖွဲ့ထားပါတယ်။ ဒါကလည်း ဝီလ်ဆင်ရဲ့ တီထွင်မှုပါပဲ။ အလုပ်အဖွဲ့မှာ အရာရှိ ၄၅၀ ပါဝင်ပြီး၊ တချို့က ယူနီဖောင်းနဲ့၊ တချို့က အရပ်ဝတ်နဲ့၊ တချို့က ကားနဲ့၊ တချို့က လမ်းလျှောက်၊ ကားကိုလည်း ရဲအမှတ်တံဆိပ်မပါတာမျိုးလည်း စီမံထားတယ်။ မှုခင်းဖြစ်ပွားလေ့ရှိတတ်တဲ့ နေရာမျိုးမှာ အင်အားတိုးချထားပေးတာမျိုးလည်း လုပ်တယ်။

ဝီလ်ဆင်ဟာ သူ့တပ်ဖွဲ့ဝင်တွေကို ထူးချွန်ထက်မြက်အောင် တပ်ဖွဲ့တွင်း သင်တန်းတွေကိုလည်းပေးတယ်။ မနှစ်ကဆိုရင် ရဲတပ်ဖွဲ့ဝင် (၆၅၀၀) ကို နာရီ (၈၈) နာရီကြာ သင်တန်းပေးခဲ့တယ်။ ဒီနှစ်ထဲမှာတော့ မွမ်းမံဆိုပြီး ရဲတပ်ဖွဲ့ဝင်တိုင်းကို တစ်ပတ်ကြာ သင်တန်းတက်စေတယ်။ သင်တန်းမှာ ရဲလုပ်ထုံးလုပ်နည်းဆိုင်ရာများကိုသာ သင်ကြားပေးတာမျိုးမဟုတ်ဘဲ ကျင့်ဝတ်တို့ လူအခွင့်အရေးတို့ဆိုင်ရာတွေကိုလည်း လေ့လာစေတယ်။

တစ်ဖက်က ဘယ်လောက်ပဲ ကောင်းတာတွေ လုပ်နေစေကာမူ ဝီလ်ဆင်ကို ဆန့်ကျင်တဲ့သူတွေလည်းရှိတယ်။ ဝီလ်ဆင် တာဝန်ထမ်းဆောင်ကာစနှစ်မှာပဲ ရဲတပ်ဖွဲ့ဝင် (၆၀၀) လောက်က တချို့နုတ်ထွက်တယ်။ တချို့ ထွက်စာတယ်။ အကြောင်းပြချက်တချို့က ယုတ္တိတန်ပြီး အထောက်အထားခိုင်လုံတယ်။ တချို့ကတော့ နောက်ကြောင်းပြန်လိုက်မှာစိုးလို့ အကြောင်းမဲ့နုတ်ထွက်ကြတာဖြစ်တယ်။

ဝီလ်ဆင်က လက်တွေ့အသုံးမတည့်တဲ့ လုပ်ငန်းဌာနအတော်များများကို လျှော့ချပစ်လိုက်တယ်။ ဒါ့အပြင် နိုင်ငံရေးနှင့် ဆက်နွယ်ပြီး ခန့်တဲ့လူတွေကိုလည်း ထုတ်လိုက်တယ်။ ဝီလ်ဆင်ဟာ လုပ်ငန်းတာဝန်သိပ်မရှိလှတဲ့ ရဲစခန်း ၁၇ ခုကိုလည်း ရုပ်သိမ်းလိုက်တယ်။ နှစ်နဲ့ချီပြီးရှိနေတဲ့ စခန်းမှူးတွေကို ဂုဏ်သိက္ခာကျဆင်းစေတယ်။ လက်အောက်ရဲသားတွေကိုတော့ အဖွဲ့ကနေ လိုအပ်တဲ့လှည့်ကင်းတွေမှာ အင်အားဖြည့်တင်းလိုက်တယ်။ တစ်ချိန်တည်းမှာ ရဲလူသစ် (၄၀၀) နဲ့ အရပ်သားလူသစ် (၆၀၀)ကို ရဲလုပ်ငန်းအထိုင်တွေမှာ နေရာချထားပေးလိုက်တယ်။



အစည်းအဝေးတစ်ခုမှာ ဝီလ်ဆင်က လက်ဆောင်ယူတာနဲ့ပတ်သက်လို့ သတိပေးတယ်။ အရာရှိတစ်ယောက်က လက်ဆောင်ရဲ့တန်ဖိုး ဘယ်လောက်ဆိုရင် လက်မခံရမှာလဲလို့ မေးတဲ့အခါ ဝီလ်ဆင်က ဆယ်ဆင့်တန်ကော်ဖီကိုတောင် လက်မခံဖို့ တင်းတင်းမာမာပြောလိုက်တယ်။ ဒါပေမဲ့ တစ်ဖက်ကလည်း ဝီလ်ဆင်က အဆင့်တိုင်းကို လစာတိုးပေးတယ်။ ပြီးတော့ ရာထူးအဆင့်တွေလည်း တိုးပေးတယ်။ ပြီးခဲ့တဲ့ နှစ်ကဆိုရင် လူ (၉၅၀)ကို ရာထူးတိုးပေးခဲ့တယ်။

ချီကာဂိုရဲ့ မှုခင်းဖြစ်ပွားနှုန်းဟာ သိသိသာသာ ကျဆင်းတယ်။ ဝီလ်ဆင်ကတော့ အရှိန်မလျှော့သေးဘူး။ ရဲတပ်ဖွဲ့ကို တင်းတင်းကျပ်ကျပ်ကိုင်တယ်။ အစီအမံတွေ ချမှတ်တယ်။ သူ့ရည်မှန်းချက်က–

ချီကာဂိုရဲတပ်ဖွဲ့ကို ဂုဏ်သိက္ခာအရ လည်းကောင်း၊ ထက်မြက်မှုအရ လည်းကောင်း၊ အလုပ်ကြိုးစားမှုအရ လည်းကောင်း၊ လူသိက္ခာကို နားလည်မှုအရ လည်းကောင်း ကမ္ဘာနဲ့ချီပြီး ဂုဏ်သိက္ခာမြင့်မားရမယ်ဆိုတာပဲ၊ ချီကာဂိုလူထုအဖို့ ကျက်သရေမဲ့သော အပြာရောင်ခိုးသားဓားပြဘေးကနေ လွတ်လပ်ခွင့်ရခဲ့ပြီ၊ သူတို့က ပါမောက္ခဆရာကြီးကို ဆက်ပြီးကိုင်တွယ်ထိန်းကျောင်းသွားစေချင်ကြတယ်။

''The Professor Rubs Out Chicago's Crime'' R/D October/1962 ကို ပြန်ဆိုပါသည်။ **မောင်သီဟ**

အရာရှိတစ်ယောက်က လက်ဆောင်ရဲ့တန်ဖိုး ဘယ်လောက်ဆိုရင် လက်မခံရမှာလဲလို့ မေးတဲ့အခါ ဝီလ်ဆင်က ဆယ်ဆင့်တန်ကော်ဖီကိုတောင် လက်မခံဖို့ တင်းတင်းမာမာပြောလိုက်တယ်။




လက်သီးဆုပ်မလား လက်ဝါးဖြန့်မလား

ထွေးမောင်

အဆိုတော်ကိုင်ဇာရဲ့ နာမည်ကြီးသီချင်းတစ်ပုဒ်ဖြစ်သော **'လက်သီးဆုပ်မလား၊ လက်ဝါးဖြန့်မလား'** ဆိုတဲ့ သီချင်းကိုကြားခဲ့တာ အတော်ကြာပါပြီ။ ငယ်တုန်းကတော့ Rock-N-Roll သီချင်းတစ်ပုဒ်လို့သာ အမှုမဲ့အမှတ်မဲ့နေခဲ့မိတယ်။ ယခု အသက်အရွယ်ကြီးလာတော့ တရားရိပ်သာမှာ တရားတွေနာ၊ တရားတွေအားထုတ်တော့မှ ခန္ဓာဇာတ်သိမ်း ငြိမ်းလိုသူများအတွက် လမ်းနှစ်သွယ်ကို ဖော်ညွှန်းနေကြောင်း တရားဘက်ကို လှည့်တွေးလိုက်တော့မှ နိဗ္ဗာန်ရောက်ကြောင်း လမ်းညွှန်ကောင်းဆိုတာ သိရတယ်။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပဋိစ္စသမုပ္ပါဒ်အကြောင်းအကျိုးဆက်တရားကြီးကို ဟောဖော်ညွှန်ပြတော့မှ ပဋိစ္စသမုပ္ပါဒ် လည်ကြောင်းနဲ့ ဖြတ်ကြောင်း လမ်းနှစ်သွယ်ရှိတယ်၊ မိမိကြုံကြိုက်ရာ လိုက်ကြဆိုပြီး ဟောဖော်ညွှန်ပြခဲ့သည်။ လည်လမ်းဆိုတာ အို၊ နာ၊ သေ ခန္ဓာရလိုက် ဘဝရလိုက်၊ လူချမ်းသာ၊ နတ်ချမ်းသာ လိုချင်သူ ကြိုက်ရာယူနိုင်သလို၊ အို၊ နာ၊ သေ



လွတ်ကြောင်း ခန္ဓာမရကြောင်းတရားများကိုလည်း ကျင့်ကြံအားထုတ်လိုက ခန္ဓာနိဂ္ဂုဟော နိဗ္ဗာန် ခန္ဓာဇာတ်သိမ်းနိဗ္ဗာန်၊ ခန္ဓာပြန်မရလျှင် အဖန်ဖန်အထပ်ထပ် မသေရတဲ့လမ်းဆိုပြီး ကြိုက်ရာရွေးနိုင်ပါတယ်။

ဗုဒ္ဓဘာသာဟာ ငါခိုင်းတာပဲလုပ်ရမယ်၊ ငါပြင် ဘာမှမရှိဘူး၊ မင်းတို့ပြုသမျှ အပြစ်တွေ ငါကယ်တင်မယ်၊ ငါမှလွဲ၍ အခြားကိုးကွယ်ရာမရှိလို့ ဘယ်သောအခါမှ မဟောခဲ့ပါဘူး။ ကြိုက်ရာလမ်းကို ရွေးချယ်ခွင့်ပေးခဲ့တယ်၊ ကိုယ်ပြုသမျှ ကောင်းမှုကံနှင့် မကောင်းမှုကံတို့ကတော့ ရှောင်ကွင်း၍မလွတ်နိုင်ကြောင်း ဟောကြားဆုံးမတဲ့ ဘဝနေနည်းပညာတစ်ရပ်ပါပဲ။

ဗုဒ္ဓဟာ လမ်းပြသူတစ်ယောက်ပါ။ သူဟာ လူသားတစ်ဦးပါပဲ။ လူသားအားလုံးရဲ့ ရှိခိုးခြင်း၊ ကိုးကွယ်ခြင်းခံရအောင် လုပ်ပြသွားတော်မူတယ်။ ငါသာလုပ်နိုင်တယ်၊ သင်တို့မလုပ်နိုင်ဘူးလို့လည်း မလှည့်ပတ်ဘူး။ ဘယ်သူဘယ်ဝါဖြစ်ဖြစ် အမြင့်ဆုံး၊ အမြတ်ဆုံးရောက်အောင်လုပ်နိုင်တဲ့ မဂ္ဂင် (၈)ပါးကျင့်စဉ်ကို လမ်းပြတော်မူခဲ့တယ်။ ဗုဒ္ဓဟာ လမ်းပြသူဆိုတော့ လမ်းမသိလျှင်သာ လိုရာအရပ်ရောက်ဖို့ခက်ပေမယ့် လမ်းသိရင်တော့ အချိန်မရွေးထသွားနိုင်တယ်။ သူတစ်ပါး ကယ်မရန်အတွက် မျက်နှာချိုသွေးပြီး

လူတွေဟာ မွေးလာသည့်အချိန်မှ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိနဲ့ ဘဝကိုစခဲ့ကြသူတွေပီပီ မွေးရာပါ အရိပ်ကြီးအောက်ကလွတ်အောင် မရုန်းထွက်လိုကြသည်မှာ လမ်းမသိ၍သော်လည်းကောင်း၊ လမ်းဟောင်းကို ကြိုက်နေကြ၍သော်လည်းကောင်း၊ အကြောင်းနှစ်ရပ်အနက် လမ်းဟောင်းမပြောင်းချင်တဲ့ လောဘ၊ ဒေါသအရိပ်ကို သခင်ထင်နေကြလို့ပါပဲ။

သူမကြိုက်တာမလုပ်မိရန် ဓမ္မတေးတွေနှင့် သာ ပူဇော်နေရန်နှင့် အပြစ်ယူမှာကို ကြောက်လန့်နေရတဲ့ဘဝမျိုးလည်း မဟုတ်ပါ။ ကယ်တင်ခြင်းဆိုတာ ဗုဒ္ဓဘာသာမှာ လုံးဝမရှိပါဘူး။ သတ္တဝါတွေဟာ ဘယ်သူ့ရဲ့ ကယ်တင်ခြင်းကိုမှစောင့်နေရန်မလိုကြောင်း၊ မိမိသာလျှင် ကယ်တင်ရှင်ဖြစ်ကြောင်း လမ်းပြခဲ့ပါသည်။

၁၉၅၄ ခု၊ ကမ္ဘာ့ဗုဒ္ဓဘာသာ တတိယ ညီလာခံမှာ သက်တော်ရှည်ဆရာတော်ကြီး ဦးသေဋ္ဌလ မထေရ်က ကမ္ဘာကို အတိအလင်းကြေညာခဲ့တော်မူတာက **''ဓမ္မဟာ ယုံကြည်မှု ကိုးကွယ်ရာအယူဝါဒ မဟုတ်ပါဘူး၊ ဒါဟာ ဘဝနေနည်းသာဖြစ်တယ်၊** "The Dhama was not a religion, But a way of Life, He taught us which is necessary for our emancipation" ဗုဒ္ဓမြတ်စွာဘုရားဟာ ကျွန်ုပ်တို့လွတ်မြောက်ဖို့ အတွက် လိုအပ်တဲ့တရားတွေကို ဟောကြားတော်မူတယ်ဆိုပြီး မိန့်ကြားခဲ့တယ်။ အဲဒီအကြောင်းတွေကို ရန်ကုန်မြို့ တရားရုံးချုပ် ဗုဒ္ဓဘာသာအသင်းမှာလည်း ဆရာတော်ကြီးက What Buddhism means to a Buddhist ''ဗုဒ္ဓဘာသာဝင်တွေအတွက် ဗုဒ္ဓဘာသာဆိုတာဘာလဲ''ဆိုတဲ့ ခေါင်းစဉ်နဲ့ ဟောကြားတုန်းက ဆရာတော်ကြီးက But to him to her Buddhism is a practical method of life ဆိုပြီး ထည့် ပြောခဲ့တယ်။ To show how to live rightly there by, happily and peacefully, ဆိုပြီး ဆောက်တည်ရာမဲ့ဖြစ်နေတဲ့ လောကကြီးထဲမှာ စိတ်ချမ်းသာစွာ ငြိမ်းအေးစွာနှင့် ဖြောင့်ဖြောင့်မတ်မတ် ဘယ်လိုနေသွားရမယ်ဆိုတဲ့ ဘဝနေနည်းကို ပြတာဟာ ဗုဒ္ဓရဲ့ ဓမ္မဖြစ်တယ်လို့ ဖွင့်ဆိုတော်မူခဲ့တယ်။

လူတွေဟာ မွေးလာသည့်အချိန်မှ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိနဲ့ ဘဝကိုစခဲ့ကြသူတွေပီပီ မွေးရာပါ အရိပ်ကြီးအောက်ကလွတ်အောင် မရုန်းထွက်လိုကြသည်မှာ လမ်းမသိ၍သော်လည်းကောင်း၊ လမ်းဟောင်းကို ကြိုက်နေကြ၍သော်လည်းကောင်း၊ အကြောင်းနှစ်ရပ်အနက် လမ်းဟောင်းမပြောင်းချင်တဲ့ လောဘ၊ ဒေါသအရိပ်ကို သခင်ထင်နေကြလို့ပါပဲ။ အရိပ်ထဲက အမှောင်ထဲက မလွတ်နိုင်အောင် ဖုံးထားတဲ့ အဝိဇ္ဇာထုကြီးက ကြီးလွန်းတော့ လက်သီးဆုပ်မလား၊ လက်ဝါးဖြန့်မလားဆိုတော့ လွယ်ကူတဲ့လမ်း ၃၁ ဘုံထဲမှာ တဝဲလည်လည် လူချမ်းသာ၊ နတ်ချမ်းသာကိုသာ တောင်းယူနေကြသူတွေများကြတယ်။ ဆွမ်းလေး ကွမ်းလေးလှူပြီး လူချမ်းသာ နတ်ချမ်းသာ တောင်းယူနေကြတာ။ တောင်းတယ်ဆိုတာ ဘယ်သူလဲတဲ့၊ မိုးကုတ်ဆရာတော်ဘုရားကြီးက သစ္စာဆိုက်အောင်ပြောလိုက်တာ သူတောင်းစားတွေ မဖြစ်ကြပါစေနဲ့တဲ့၊ ကြည်ညိုစရာကောင်းတဲ့ အဆိုအမိန့်ဖြစ်ပါသည်။




ဝဋ်ဘဝတိုတိုနဲ့ မဂ်ဖိုလ်နိဗ္ဗာန် အမြန်ရောက်ရပါလိုဇါဆိုတော့ နိဗ္ဗာန်ဟာတောင်းလို့ရတဲ့ ပစ္စည်းမဟုတ်ပါဘူး။ တောင်းယူလို့သာ နိဗ္ဗာန်ရောက်မယ်၊ ရမယ်ဆိုရင် ဘုရားရှင်က မဂ်ကိစ္စဟာ ဘာဝေတမ္ဗကိစ္စ (ကိလေသာထူရင် ထူသလောက်ကြာမယ်) ပွားများယူရမယ့်ကိစ္စ၊ လုပ်ယူရမယ့်ကိစ္စလို့ ဘုရားရှင် ဟောခဲ့တာကိုထောက်လျှင် တောင်းယူရင်တော့ တစ်ဆုပ်တစ်ခဲ၊ လုပ်ယူရင်တော့ အစိုင်အခဲဆိုတော့ ခန္ဓာကိုယ်ကြီးကို ကြိမ်ဖန်များစွာကြည့်မှ ဒုက္ခစက်ကြီးလည်နေမှန်း သိမှာပါ။

တောင်းယူလို့ သူတော်ကောင်းဘဝမှ လမ်းလွဲသွားသော ဆာဒူးတစ်ယောက် အကြောင်း တင်ပြဦးမယ်။ ဟိုးရှေးတုန်းက ဆာဒူးရသေ့တစ်ပါးဟာ အမြိုက်တရားရှာဖို့အတွက် သူ့ဆရာဂုရုကြီးနဲ့အတူ တောထွက်လာတယ်။ ရေပေါတဲ့ရွာနဲ့လည်း နီး၊ ဆွမ်းကွမ်းအတွက်လည်း အဆင်ပြေမည့် တစ်နေရာရောက်တော့ ဆရာလုပ်သူက ''မင်း–ဒီမှာနေခဲ့၊ တရားကိုမှန်မှန်အားထုတ်၊ ငါ နောက်ငါးနှစ်ကြာရင် ပြန်လာခဲ့မယ်၊ မင်းရဲ့အခြေအနေကိုကြည့်ပြီး အဆင့်တက်ပေးမယ်''ဆိုပြီး တပည့်ဖြစ်သူကို တရားပေးပြီး ဟိမဝန္တာကို ထွက်သွားတယ်။

ဆာဒူးရသေ့လည်း ဆရာညွှန်ကြားချက်အတိုင်း တောကျောင်းလေးမှာ တရားအားထုတ်နေတာ အတော်ကြာသွားတယ်။ နေ့စဉ် ဆွမ်း၊ ကွမ်းအတွက် ရွာထဲကို ဆွမ်းခံထွက်မီ ရေမိုးသန့်စင်ရတယ်။ သူဟာ ရေချိုးတဲ့အချိန်မှာ သူ့ရဲ့နံငယ်ပိုင်းကလေးကိုဝတ်ပြီး ရေချိုးတယ်။ ပြီးတော့ ခါးစည်းနံငယ်ပိုင်းလေးကို သစ်ကိုင်းမှာ လှန်းထားလေ့ရှိတယ်။ တစ်နေ့တော့ မမျှော်လင့်ဘဲ ထိုနံငယ်ပိုင်းလေးကို ကြွက်ချီသွားပါရော။ နောက်နေ့ ရေချိုးရန် အခက်တွေ့တော့

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်းဇေဩနာ လည်ပုံပြတ်ပုံ



(လက်ဆောင်ပုံပဲ)

မှုလနှစ်ခြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ်မူလ၊
ဝဋ်သုံးဝန်း၊ ကာလသုံးခြာ၊ ခြင်းရာနှစ်ဆယ်၊ ဣန္ဒြေသွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

အဝိဇ္ဇာနှင့် တဏှာအရင်းခံ၊ ဥပါဒါန်းကံကြောင့် ရွှဲနာဝဲပေါ်၊ အဝပ်မှချိုး၊ ဖျိုးမှအပင်၊ အမျှင်မပြတ်၊ ထက်စပ်သည်တန်၊
ကံကြောင်နာဝဲရွှဲ၊ နာဝဲရွှဲကြောင့် ကံ၊ အခန်းခန်းပြစ်ပြန်နည်းအလျောက်၊ ခြားလွှာသိကြား၊ ဇလဉ်များကာ၊ ထင်ရှားပြုပြင်၊ စီရင်ခန့်ထား၊
အကြောင်းရင်းကြောင့်၊ လူ နတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှုမျှော်ခမျာ။

တယ်။ ဒါနဲ့ ဆာဒူးဟာ ဆွမ်းခံသွားရင်း ရွာသားတွေကို အကျိုးအကြောင်းပြောပြပြီး နံငယ်ပိုင်းကိုအလှူခံယူပါတယ်။ များမကြာမီ ရေချိုးပြန်တော့ သူလှန်းခဲ့တဲ့ နံငယ်ပိုင်းကို ကြွက်တွေက ချီသွားပြန်တယ်။ ဆာဒူးကြီးလည်း ရွာသားတွေထံမှာ အလှူခံရတော့ ကြွက်ရန်ကိုနှိမ်နင်းရန် ကြောင်မွေးပါလားဆိုပြီး ကြောင်တစ်ကောင်ကို ပေးလိုက်တယ်။ ကြောင်ရလာတော့ ကြောင်ကို ကျွေးဖို့ အစာလိုလာပြန်တယ်။ ရွာထဲကိုပဲသွားပြီး ကြောင်ကိုတိုက်ရန် နွားနို့အလှူခံရပြန်တယ်။ ခဏခဏ အလှူခံနေတော့ ရွာသားများက ကြောင်ကို နွားနို့တိုက်ဖို့ နွားမတစ်ကောင် မွေးပါဆိုပြီး ဆာဒူးကို လှူလိုက်တယ်။

ဒီတင် ဆာဒူး ဒုက္ခဆက်ရပြန်တယ်။ နွားကျွေးဖို့ ကောက်ရိုးလိုလာတယ်။ ရွာထဲပဲသွားအလှူခံရတယ်။ ကြာတော့ ရွာသားများအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်လာတော့ ကျောင်းမြေမှာ စပါးစိုက်ပါဆိုပြီး ထွန်တုံးထွန်တံတွေ လှူလိုက်တယ်။ ဆာဒူး တရားအားမထုတ်နိုင်တော့ဘူး။ ကုလားလေး ပုံမတီးနိုင်တော့ဘူး။ အရှုးတစ်ပိုင်း မီးပိုင်းပြီ။ ဘာမှမရှိတုန်းက ဘာမှမဖြစ်ဘူး။ ကြောင်ရတော့ ကြောင်စာရှာရ၊ နွားမွေးတော့ မြက်ကျွေး၊ ကောက်ရိုးအတွက် လယ်စိုက်ရတယ်၊ လယ်စိုက်တယ်ဆိုတာ တစ်ယောက်တည်းလုပ်လို့မရ၊ လူငှားရတယ်။ ထွန်ယက်စိုက်ပျိုးတော့ စပါးနှံတွေ သီးပွင့်လာတယ်၊ ရိတ်ရသိမ်းရ လူလိုပြန်တယ်။ လယ်ယာထွက်ကုန်တွေဖြစ်တဲ့ ဆန်တွေက ပိုလျှံနေတော့ သိုလှောင်ရုံလိုလာတယ်၊ သိုလှောင်ရုံရတော့ ပိုနေတဲ့ဆန်တွေကို ဈေးမှာသွားရောင်းရပြန်တယ်။ ငွေတွေရလာတယ်။ ပစ္စည်းတွေကိုထိန်းဖို့ မိန်းမယူရပြန်တယ်။ **ဃရာဝါသ** ကိစ္စများမြောင်လူတို့ဘောင် ဆာဒူးအသွင်ပျောက်ပြီး အိမ်ရာတည်ထောင် လုပ်သားမောင်ဖြစ်ရတယ်။ ငါးနှစ်ကြာတော့ ဆရာပြန်လာတယ်။ တောကျောင်းလေးပျောက်ပြီး ရွာဇနပုဒ်ကလေးဖြစ်နေတော့ ဆရာက သူ လူအသွင်ပြောင်းနေတာ မြင်တော့မှ မူလရည်မှန်းခဲ့တဲ့ မွန်မြတ်သန့်ရှင်းတဲ့ဘဝ၊ အတက်လမ်းက အဆင်းလမ်းသို့ရောက်ရပုံကို ရင်နှင့်ဖွယ်တွေ့ရတဲ့ ဇာတ်လမ်းလေးတစ်ခုဖြစ်ပါတယ်။

လူတို့သဘာဝ ရရန်လွယ်ရင် အလွယ်ပဲ လိုက်ကြတာများပါတယ်။ အလွယ်ရတဲ့ ပစ္စည်းဆိုတာ ဒုက္ခတွေလို့ပြောရင် ဘယ်သူမှ လက်ခံကြမှာ မဟုတ်ပါဘူး။ ''သဗ္ဗေ သင်္ခါရအနိစ္စ'' လို့ ဘုရားဟောတယ်။ သင်္ခါရတရားတို့မည်သည် ပျက်စီးခြင်းမှာ လမ်းဆုံးရမယ်ဆိုတာပါ။ သင်္ခါရတရားဆိုတာ သူတစ်ပါးပြုပြင်ဖန်တီးထားတဲ့တရားပါ၊ ကိုယ်ပိုင်ကိုယ်ဆိုင် တစ်ခုမှမပါဘူး။ အဌားပစ္စည်းတွေပါ။ သူတစ်ပါးပစ္စည်း၊ ကံ၊ စိတ်၊ ဥတု၊ အာဟာရက ရုပ်တရား၊ အာရုံနဲ့ ဒွါရတိုက်လို့ပေါ်တာ နာမ်တရား။ ရုပ်နာမ်တရား သူများ ပြုလုပ်ထားတာကို ဥပမာ အဌားပစ္စည်းဌားထားတာ ကြာတော့ ပြန်မပေးချင်တော့ဘူး။ ယခု ကိုယ်ကမွေးတော့ ကိုယ့်သား၊ အိမ်ထောင်ကျသွားတော့ သူများသား ဖြစ်သွားတာ အနီးဆုံးဥပမာပါပဲ။

ကိုယ်ပိုင်ပစ္စည်းဆိုလို့ ဆံတစ်ပင်၊ သွားတစ်ချောင်းတောင် မရှိပါဘဲလျက် ခန္ဓာငါးပါးကြီးပေါ်မှာ မျက်စေ့လည်ပြီး ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့သား၊ ငါ့မယားဆိုပြီး အဝိဇ္ဇာက မသိအောင်ဖုံးထားပြီး တဏှာကသေအောင် ခိုင်းနေတာကို မိုးကုတ်ဆရာတော်ဘုရားကြီးက သဘော်ဆိပ်မှာ အလုပ်ကြမ်းလုပ်နေကြသော ကူလီများအား အထုပ်ခပ်များများ ထမ်းရလေလေ သဘောတွေ့လေဆိုတာမျိုး မမောနိုင်၊ မပန်းနိုင် ဒိဋ္ဌိကြိုးတွေ တုတ်ထားပြီး တဏှာခိုင်းစေချက်ကို လုပ်နေရတာ၊ တစ်နေ့လည်းမပြီး၊ နောက်တစ်နေ့လည်း မပြီး၊ ခေါင်းထဲသာဝင်သွားရတယ်၊ လုပ်လက်စအလုပ်ပြီးလို့ လက်စသိမ်းလို့၊ စာရင်းရှင်းပြီးလို့၊ ကြွေးဆပ်ပြီးလို့ သေ

သွားရသူ တစ်ယောက်မှမရှိပါဘူး။ ကြွေးတန်းလန်းနဲ့၊ စာရင်းမရှင်းရသေးဘဲ သေပွဲဝင်သွားကြရသူတွေ များပါတယ်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားက ဒုက္ခကို လက်ခံထားရမှာမဟုတ်ကြောင်း၊ သို့သော် ဆုတောင်းပြည့်ကိုယ်တော်ကြီး၊ ဝိပါကဝဋ်ကြီး လည်နေလို့ ယခုဒုက္ခနဲ့ နေရသည်၊ ရထားတဲ့ဘဝသည်ပင် ဒုက္ခသစ္စာဖြစ်နေသည်။ ဒုက္ခသစ္စာကို သိခြင်းနှင့် ဒုက္ခသစ္စာကို ပယ်ခြင်း၊ ဒုက္ခသစ္စာမှ လွတ်မြောက်ခြင်း(နိဗ္ဗောဓသစ္စာ)ကို မျက်မှောက်ပြုရေးသည် ဗုဒ္ဓဘာသာဝင်တို့၏ လိုရင်းဟုဆိုထားတော့ ဒုက္ခသစ္စာကို ပယ်နိုင်တဲ့နည်းလမ်း ရှိရပေမည်။

ဒုက္ခသစ္စာကို ပယ်လိုလျှင်၊ ဒုက္ခဖြစ်ခြင်း အကြောင်းရင်းဖြစ်သော သမုဒယသစ္စာကို ပယ်နိုင်ရမည်၊ တဏှာချုပ်ဆုံးနိဗ္ဗာန် တဏှာနိရောဓောနိဗ္ဗာန်၊ တစ်နည်းလောင်စာသိမ်း၍ မီးငြိမ်းခြင်းကိုဆိုလိုသည်။ မိုးကုတ်ဆရာတော်ဘုရားကြီး နိဗ္ဗာန်ရောက်ကြောင်း လမ်းမှန်သိလိုလျှင် ''သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာအကျင့် မဂ်ဖိုလ်ခွင့်၊ ရလင့်ဇောနိဗ္ဗာန်သာလို့'' ဆုံးမထားတော့ ရမ်းတုတ်မှန်းတုတ်နဲ့တော့ တဏှာကိုသတ်လို့ရမှာမဟုတ်ပါဘူး။ ဘုရားရှင်တည်းဟူသော လမ်းပြကောင်းကိုရှာပြီး သူပြတဲ့လမ်းအတိုင်း ကျင့်ကြံအားထုတ်နိုင်ကြလျှင် မနက်အားထုတ် ညနေရတယ်၊ ခုနစ်ရက် ခုနစ်လ ခုနစ်နှစ်တွင်းသို့ အာမခံထားတာ လက်သီးဆုပ်သူတို့ထုံးကို နှလုံးမူခိုင်းတာပါပဲ။

တဏှာကုန်ဆုံးတာ နိဗ္ဗာန်ဆိုတော့ တဏှာကို ဘယ်လိုသတ်ကြမလဲ၊ ပုထုဇဉ်တို့သည် အဝိဇ္ဇာကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုသည့် လက္ခဏာရေးသုံးပါးကို မသိ၊ ဒုက္ခသစ္စာကိုမသိ၊ ခန္ဓာကိုမသိ၊



အာယတနကိုမသိ၊ ပဋိစ္စသမုပ္ပါဒ်ကို မသိသောကြောင့် ခန္ဓာငါးပါးကို ငါ့စွာဟု လွဲမှားယူကြသည်၊ ခန္ဓာငါးပါး၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောသိရန် မဂ္ဂင်ရှစ်ပါးတရား သိလ၊ သမာဓိ၊ ပညာဆိုသည့်တရားကို အားထုတ်ကြရမှာဖြစ်ပါသည်။

မိုးကုတ်ဆရာတော်ဘုရားကြီးက တရားအားထုတ်တယ်ဆိုတာ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးဖြာမှာ အတိတ်ကာလသည် လွန်လေပြီးဖြစ်သောကြောင့် တရားအားထုတ်သူ သိရန်မလို၊ အနာဂတ်ကာလဆိုတာလည်းမရောက်သေးလို့ သိရန်မလို။ ယခုဖြစ်ပေါ်နေသည့် ပစ္စုပ္ပန်ကာလကိုသာ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာမည့်ခန္ဓာကို သတိထား၊ ဝိရိယစိုက်၊ ပညာနဲ့ ရှုရမယ်လို့ ဆုံးမတယ်။

ဥပမာ ကြားစိတ်ပေါ်တယ်ဆိုတာ ပစ္စုပ္ပန်ခန္ဓာပဲ။ ဒါဆို အရင်ကြားစိတ်တွေ ဘယ်ရောက်ကုန်ပြီလဲဆိုတော့ အတိတ်ဖြစ်သွားလို့ ရှုရန်မလိုတော့။ ယခုပေါ်ဆဲ ခန္ဓာကိုမြင်မှ သစ္စာဉာဏ်၊ အလုပ်လုပ်နေတဲ့ဉာဏ်ကို သစ္စာဉာဏ်လို့ ခေါ်တာပါပဲ။ မိုးကုတ်ဆရာတော်ဘုရားကြီးက နားကြီးကြီးနဲ့ ထောင်ပါလို့ အမြဲသတိပေးတယ်။ နားမှာ ကြားစိတ်ပေါ်တယ်၊ နားအကြည်နဲ့ အသံ (ပစ္စုပ္ပန်အသံ)နဲ့ တိုက်လို့ပေါ်တာ၊ အိမ်က ပါလာတာမဟုတ်၊ ယခုပေါ် ယခုကြားတာ။ ကြားပြီးတော့ တည်နေတာမဟုတ်၊ ပေါ်ပြီးပျက်၊ ကြားပြီးပျက်တာကို သိနေရမှာဖြစ်ပါတယ်။ သူသေမှာ နားရှိတယ်၊ ကြွေးစည်ထိုးနေပေမယ့် ကြားစိတ်မပေါ်နိုင်ဘဲ ပစ္စုပ္ပန်ခန္ဓာကြား စိတ်ကို ခန္ဓာဖွဲ့လိုက်ရင် သိတာ ဝိညာဏက္ခန္ဓာ ကောင်းတဲ့အသံပဲဖြစ်ဖြစ်၊ မကောင်းတဲ့အသံပဲဖြစ်ဖြစ် ခံစားတာဝေဒနာပဲ။ သူကို ဝေဒနက္ခန္ဓာ၊ မှတ်သားတာက သညာက္ခန္ဓာ၊ မှတ်သားနာယူနေတာ သင်္ခါရက္ခန္ဓာ၊ ကြားစိတ် ကြားခန္ဓာပေါ်တာခန္ဓာလေးပါးဖြစ်တဲ့ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ လေးပါးပေါ်ပြီး ရုပ်မပါသေးဘူးလို့ ပြောလို့မရ၊ ရုပ်ရှိလို့သာ လူရှင်မို့ ကြားရတာဆိုတော့ ခန္ဓာတစ်ခုပေါ်လျှင် ခန္ဓာငါးပါး၊ တစ်ပြိုင်နက်ပေါ် တစ်ပြိုင်နက်ပျက်တာ ပစ္စုပ္ပန်ခန္ဓာပါပဲ။ ကြားတဲ့အသံနောက်က သာယာမယ်ဆိုလျှင် တဏှာ၊ ဥပါဒါန်၊ ကံလိုက်လာတယ်၊ ပဋိစ္စသမုပ္ပါဒ် တန်းသွားတာ။ ပန်းနွယ်က စိမ်းစိမ်း၊ မစိမ်းစိမ်း ဖြစ်ပျက်လို့သာ အမှန်ကိုရှုလိုက်တော့ ဝေဒနာနိရောဓ၊ တဏှာနိရောဓော၊ တဏှာချုပ်တာ နိဗ္ဗာန်၊ ဝေဒနာချုပ်တာ နိဗ္ဗာန်။

တရားရှုတဲ့နေရာမှာလည်း ခန္ဓာငါးပါးလုံး ရှုစရာမလိုပါဘူး။ ဝေဒနက္ခန္ဓာက သတ္တိတစ်မျိုး၊ သညာက္ခန္ဓာက သတ္တိတစ်မျိုးဆိုတော့ ငါးမျိုး သတ္တိမတူတာတွေကို ရှုရမှာမဟုတ်ပါဘူး။ ရုပ်ကြိုက်သူ ရုပ်ရှု၊ ဝေဒနာကြိုက်သူ ဝေဒနာရှု၊ စိတ်ကြိုက်သူ စိတ်ရှု၊ ဓမ္မကြိုက်သူ ဓမ္မရှု၊ ဘာပဲရှုရှု ဖြစ်တာမတွေ့စေနဲ့၊ အပျက်သာတွေ့ပါစေ၊ ကျောက်ဖျာပေါ် သမင်ဆင်းတဲ့ခြေရာတွေ့ရင် တက်တယ်လို့သိ၊ ရှေ့ကဖြစ်ပျက် နောက်ကမဂ်၊ ရှေ့ဖြစ်ပျက် နောက်က မဂ်၊ ဖြစ်လိုက်အစားထိုးလိုက်၊ ပျက်လိုက် အစားထိုးလိုက်၊ အမြဲမရှိတာနဲ့ အရှိမမြဲကို ခွဲခြားရှုမှတ်နိုင်ရမှာဖြစ်ပါတယ်။ အမြဲမရှိတာက

မိုးကုတ်ဆရာတော်ဘုရားကြီးက တရားအားထုတ်တယ်ဆိုတာ
အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးဖြာမှာ အတိတ်ကာလသည် လွန်လေပြီးဖြစ်သောကြောင့်
တရားအားထုတ်သူ သိရန်မလို၊ အနာဂတ်ကာလဆိုတာလည်း မရောက်သေးလို့ သိရန်မလို။
ယခုဖြစ်ပေါ်နေသည့် ပစ္စုပ္ပန်ကာလကိုသာ...

လုံးဝ မရှိတာ။ ရှိတယ် မမြဲဘူး(အနိစ္စ) အရှိမမြဲဆိုတာ ဖြစ်လိုက် ပျက်လိုက်ကို မရှိတော့ဘူး။ မရှိတော့ဘူးဆို သိသိနေရုန်၊ ကိလေသာကြားမထိုးရန် သတိထား၊ ဝိရိယစိုက်၊ ပညာနဲ့ရှုကြရမှာဖြစ်ပါတယ်။

ဝိပဿနာအလုပ်ဆိုတာ ပဋိစ္စသမုပ္ပါဒ်ကိုဖြတ်တဲ့ အလုပ်ဆိုပြီး မိုးကုတ်ဆရာတော် ဘုရားကြီးက ၈-၁-၅၉ နေ့မှာ ''ဘုရားက ဘယ်သူ့ကို ကိုးကွယ်ပါလိမ့်''ဆိုတဲ့ တရားခေါင်းစဉ်လေးနဲ့ ဟောကြားဆုံးမထားတာ ဖြတ်တဲ့အလုပ်ကို လုပ်နေရတယ်ဆိုတော့ ဆက်တဲ့အလုပ်ကို လုပ်နေလို့။ ဒါမလုပ်ရင် ပဋိစ္စသမုပ္ပါဒ်ဆက်နေမှာ။ တဏှာ၊ ဥပါဒါန်၊ ကံကိုတော့ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါန်၊ ဥပါဒါန်ပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇရာ၊ မရဏ တန်းသွားတော့ လည်လမ်း။ တစ်ဘဝပြီး တစ်ဘဝ ဒုက္ခအစုကြီးလည်နေမှာ။ ဝေဒနာနောက်က မဂ်သွင်းနိုင်အောင်ကတော့ ဘာဝေတမ္ဗကိစ္စ၊ ကြိမ်ဖန်များစွာ၊ ကိလေသာထု ထူရင် ထူသလောက်၊ ဥပမာ- သစ်ပင်တစ်ပင်ကို ချိုင်ရလျှင် **ပင်စည်ထုကြီးလျှင်၊ ထူလျှင် ထူသလောက်** ကြာလိမ့်မယ်။ ဒီအခါမျိုးကျတော့ လက်သီးဆုပ်ပြီး မရမချင်း ဖွဲ့တင်းပြီးအားထုတ်၊ ကိလေသာကြားမခိုလျှင် နံနက်အားထုတ် ညနေရပါတယ်လို့ ဘုရားရှင်က အဘယရာဇာကုမာရမင်းသားလေးကို ဟောထားတာ၊ ကိုင်ဇာသီဆိုတဲ့ လက်သီးဆုပ်မလား၊ လက်ဝါးဖြန့်မလား ဆိုတဲ့သီချင်းက မီးမောင်းထိုးပြနေတာ ဖြစ်ပါတယ်။ တရားအားထုတ်လို့ သေတဲ့မသာ မရှိပါဘူး။ ဝိပဿနာတရားက မမျှော်လင့်တဲ့ရောဂါတွေတောင် ပျောက်ကင်းသွားတယ်ဆိုတာ တောင်တက်သမားလို ကိုယ်တိုင်တက်ကြည့်မှ သိမှာပါ။ စိန်နဲ့ဆန်ကွဲ ဘာဖြစ်လို့ မလဲရဲရမှာတုန်း အခွင့်သာတုန်း နင်မကျုံးလျှင် ငတုံးနင့်ပြင် ရှိဦးမှာတဲ့လား။

အလောင်းတော် မဟာဇနကမင်းသားဟာ သဘော်ပျက်တော့ အခြားသဘော်သားတွေလို ကယ်ပါယူပါဆိုပြီး နတ်သမီးတောင့်တ ငိုယိုနေရင် သေပွဲဝင်ရမယ်။ ဘုရားလောင်းကတော့ အသက်ဘေးကလွတ်ရေး ကိုယ်တိုင်အားထုတ်တယ်။ (ဂ)ရက်တိုင်တိုင် ရေထဲမှာမျောနေတယ်။ နောက်ဆုံး နတ်သမီးက လှောင်ပြောင်တော့ ဘုရားလောင်းက အားထုတ်ခြင်းဟာ အကျိုးမဲ့မဖြစ်ဘူး၊ သေချင်သေ၊ နောက်လူတို့ အပြစ်လွတ်အောင် လုံ့လပြုရမယ်ဆိုပြီး ကိုယ့်ကိုကယ်တင်ခဲ့လို့ နတ်သမီးရဲ့ စောင့်ရှောက်ခြင်းကြောင့် အသက်ဘေးမှလွတ်ခဲ့ရတယ်။ God help those who help themselves. ကိုယ့်ကိုကယ်တင်ခဲ့သူကို ဘုရားသခင်က ကယ်တင်တယ်ဆိုတဲ့ သိုးဆောင်းစကားပုံလို ဇနကမင်းသားလို ဖွဲကြီးစွာနဲ့ မလျှော့သောလုံ့လဖြင့် အားထုတ်လို့ အသက်ဘေးက လွတ်ခဲ့ရသလို ကျွန်ုပ်တို့ဟာ မရဏ ရေနစ်နေကြသူများ ဖြစ်လေတော့ နေ့လား၊ ညလား ဆိုတာ ဘယ်သူမှမပြောနိုင်ဘူး။ သေဘေးမှလွတ်လာသော ဇနကမင်းသား အားထုတ်သလို ခန္ဓာဇာတ်သိမ်းမယ့်အလုပ်ကို ယခုလုပ်ပါ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးကလည်း **''ဟောရမှာက ငါ့အလုပ် ကျင့်ကြံအားထုတ်ရမှာက ယောဂီတို့အလုပ်''**ဆိုပြီး **''ကွာတောပရဲပန၊ ပဋိပတ္တိနာမ သာဝကာနံကိစ္စံ''၊ ကွာတောပရဲပန**-ငါဟောပြီးသည့် အခြားမဲ့၌၊ **ပဋိပတ္တိနာမ** - ကျင့်ရမည့် အလုပ်သည်ကား၊ **သာဝကာနံ**-တရားနာသော သာဝကတွေ၊ **ကိစ္စံ**-ကိစ္စပါပဲလို့ နှုတ်တော်က ဖွင့်ဟောခဲ့တယ်။

အရီး အကြော အရေ ခန်းခြောက်စေ၊ ယောဂီလုံ့လ ငါမချ၊ မရမချင်း အားထုတ်ကြ၊ ကိုင်ဇာရဲ့ နောက်ဆုံးစာသားလေးကို တပ်လှန့်နှိုးဆော်ရင် ''ငါသေမှ လျှော့မယ်ဖွဲ့''လို့။

(မိုးကုတ်ဆရာတော်ဘုရားကြီး၏ တရားများပူဇော်၍ မှီခိုရှု ကြည်ညိုလိုက်ရပါသည်)

ထွေးမောင်

အနွေးထည်မဟုတ်၊ အအေးထည်တွေ



ကျွန်မတို့မြို့ငယ်လေးမှာ အတော်လေးအအေးပိုလာတဲ့ အချိန်မှာ ဒေသခံလူတစ်ယောက်ဟာ အရိုးထိအောင်အေးတဲ့ လေဒဏ်ကို ခံနိုင်ဖို့အတွက် အနွေးထည်တွေ အထပ်ထပ်ဝတ်ပြီး လမ်းထွက်လာတယ်။

မျက်နှာလေးပေါ်ရုံ အနွေးထည်အထပ်ထပ်ဝတ်ထားတဲ့သူကို မိတ်ဆွေတစ်ယောက်က-

''ဒါလောက်တောင် အေးလား''လို့ မေးတဲ့အခါ သူက-

''ဒီအဝတ်တွေကလည်း အနွေးဓာတ်မပေးနိုင်ပါဘူးဗျာ၊ ဒီလိုမှန်းသိရင် ဒီအေးတဲ့အဝတ်တွေကို နွေဦးမှာဝတ်ခဲ့ပါတယ်''လို့ ပြန်ဖြေပါတယ်။

မောင်သီဟ

CITY Cartoon



နိုင်ငံခြားကျောင်းဖွင့်

သဖဲ့ဒယန်

''ငါ့သမီးတစ်ကောင်လည်း ဘယ်တွေရောက်ပြီး ဘာတွေလုပ်နေပါလိမ့်နော်၊ အဆင်ပြေရဲ့လား မသိပါဘူးအေ''



သည်ရက်ပိုင်း ထိုစကားကို အမေက မကြာခဏပြောတတ်သည်။ အမေ့ကိုကြည့်ပြီး မြမြ စိတ်မကောင်း။ အမေ့မှာလည်း ညီမအငယ်ဆုံး ကျော့မေစိုးနှင့် တစ်ဒုက္ခပါလား။

''မဖြစ်ပါဘူးအေ၊ ကျော့မေသတင်း ဘာကြားသေးလဲလို့ သူယောကျ့ဖကို သွားမေးအုံးမှပါပဲ''

ပြောလည်းပြော၊ တဘက်ယူပြီး ခေါင်းပေါင်းနေသော အမေ့ကိုကြည့်ကာ မြမြ သက်ပြင်းချမိသည်။

''သွားမေးတော့ရော ဘာထူးမှာမို့လို့လဲ အမေရယ်၊ သူတို့တောင်မှ သူတို့သား ဘယ်ရောက်နေမှန်း စိတ်ဝင်စားတာမဟုတ်ဘူး၊ အမေ့သမီးဆိုရင် ပိုဆိုးတာပေါ့ အမေရဲ့၊ အမေ မောတာပဲ အဖတ်တင်မယ်''

''လူမောတာထက် စိတ်မောတာက ပိုဆိုးတယ်၊ ငါက အမေလေ၊ နင်တို့လို သွေးမအေးနိုင်ဘူးဟဲ့''

''ဘာမှ ထူးလာမှာမဟုတ်လို့ ပြောမိတာပါ အမေရယ်''

အမေက ဘာမှပြန်မပြောဘဲ ထွက်သွားသည်။ တာ၍လည်း ရမည်မဟုတ်သဖြင့် တားမနေတော့။ မနေ့က ကျော့မေယောကျ့မနှင့် မြမြ အေးသုခဈေးမှာဆုံ၍ ကျော့မေတို့သတင်း ဘာကြားသေးလဲဟု မေးကြည့်ခဲ့သေးသည်။ ဘာမှကို မကြားရဘူးဟု တိုတိုပြတ်ပြတ်ပြောသွားသည်။ ထို အကြောင်း အမေ့ကိုလည်း ပြောပြခဲ့ပြီးပြီ။ သို့ပါလျက် အမေ ထွက်သွားသည်။

ကျော့မေနှင့်ပတ်သက်ပြီး အမေ့ဒုက္ခ ကလည်း မသေး။ ကျော့မေတစ်ယောက် ပန်းရံဆရာ ကျော်ဦးနှင့် ရည်းစားဖြစ်နေကြောင်း စပြီးသတင်းကြားကတည်းက အမေ့မှာ သောကဖြစ်ရသည်။ ကျော်ဦးက တစ်ရွာသား။ အသောက်အစားရှိသည့် အပြင် အိမ်ထောင်ပျက်တစ်ယောက်လေ။

ထိုသတင်းကြားပြီး အမေ့မှာ ထမင်း မစားနိုင်။ နေမထိ၊ ထိုင်မရ ဒုက္ခတွေများရသည်။ အလုပ်ထဲအထိလိုက်သွားပြီး ကျော့မေကို ဆွဲခေါ်ခဲ့သည်။ အလုပ်လည်း မဆင်းခိုင်းတော့၊ ကျော်ဦးနှင့် အဆက်ဖြတ်ရန် ချော့ကာတစ်မျိုး၊ ခြောက်၍တစ်ဖုံဖြင့် တားသည်။ ကျော့မေ ဘာမျှမပြော။ ခေါင်းလည်း မညိတ်၊ ခေါင်းလည်းမခါခဲ့ပေ။

မကြာပါ။ ကျော့မေတစ်ယောက် ကျော်ဦးနောက်သို့ခိုးရာလိုက်ပြေးသွားသည်။ အစ်ကို၊ အစ်မတွေ ဒေါသူပုန်ထလိုက်ကြသည်မှာ ဆိုဖွယ်ရာမရှိတော့။ အမေက ဘာမျှမပြောတော့။ ဒေါသထွက်နေသော သားသမီးတွေကို မတားခဲ့သလို၊ ကျော့မေကိုလည်း အပြစ်မဆိုတော့ပြီ။ သို့သော် ထိုရက်ပိုင်းအတွင်း အမေ့မှာ စိတ်ထောင်းပြီး သိသိသာသာ ချောင်ကျသွားလေသည်။

ကျော်ဦးတို့ဘက်က လူကြီးမိဘစုံရာနှင့် လာအပ်သောနေ့တွင် အစ်ကိုတွေက တုတ်ဆွဲ၊ ဓားဆွဲပြီး ''အအပ်မခံဘူး''ဟု နှင်လွှတ်ကြသည်။ အစ်မတွေကခြိမ်းခြောက်အဝင် မခံကြ။

''ဟဲ့ . . . ဖူးစာပါလို့ ညားနေမှတော့ တားမနေကြနဲ့တော့၊ ကောင်းကောင်းဆိုးဆိုး သူကံပဲ၊ နင်တို့တားနေလို့လည်း နင်တို့ ညီမ အပျိုပြန်မဖြစ်တော့ဘူး၊ တစ်ရွက်ကနေ နှစ်ရွက်ဖြစ်အောင် မလုပ်ကြနဲ့''

အမေ့စကားကြောင့် မြမြတို့ ဒေါသတွေ လျော့ချလိုက်ကြသည်။ မလျော့၍လည်း မဖြစ်။ အမေ့ဒေါသကို သူတို့ မောင်နှမတွေ အသိဆုံးပင်။ အမေ့လက်ကလည်း မြန်ပါဘိ။ ဘုန်းကြီးဝတ်နေသော အစ်ကို ကြီးပင်လျှင် အမေ့ကို မလွန်ဆန်ရဲ။ သည်တော့လည်း မြမြတို့ စိတ်လျော့ကြရသည်လေ။

အမေက ကျော့မေတို့ကို ခြိထဲမှာပင် အိမ်ကလေးဆောက်ပြီး နေစေချင်သည်။



ဟဲ့ . . . ဖူးစာပါလို့ ညားနေမှတော့ တားမနေကြနဲ့တော့၊ ကောင်းကောင်းဆိုးဆိုး သူကံပဲ၊ နင်တို့တားနေလို့လည်း နင်တို့ညီမ အပျိုပြန်မဖြစ်တော့ဘူး၊ တစ်ရွက်ကနေ နှစ်ရွက်ဖြစ်အောင် မလုပ်ကြနဲ့ . . .



ကျော့မေက သူယောကျ့မအိမ်မှာ လိုက်နေတော့ အမေ့မျက်နှာ ညှိုးကျသွားသည်။ တစ်ဘက်ရွာရှိ ကျော့မေတို့ဆီတော့ အမေ မကြာခဏသွားလည်သည်။ ပြန်လာတိုင်း လည်း မျက်နှာမကောင်း။ ဘာတစ်ခုမျှ တော့ မပြော။ မြမြ သိနေပါသည်။ ကျော်ဦးမှာ ပန်းရံသမတစ်ယောက်နှင့် ဘာလိုလို သတင်းတွေထွက်နေသဖြင့် ကျော့မေတို့ အိမ်ထောင်ရေး သိပ်အဆင်မပြေ။ မကြာခဏ စကားများကြသည်။ သမီးဦးလေး မွေးပြီးနောက်ပိုင်း ကျော့မေတို့အိမ်ထောင်ရေးက ပိုဆိုးလာသည်။

ကျော့မေ စိတ်ဓာတ်မာချက်ကဖြင့် မြမြ အံ့သြရသည်။ သူတို့အိမ်ထောင်ရေး အကြောင်း မေးလည်းမပြော။ ယောကျ်ားနှင့် စကားများပြီး အိမ်ပြန်လာတာမျိုးလည်း တစ်ခါမျှမရှိခဲ့ပေ။ အားလုံးကတော့ ရိပ်စားမိနေကြသည်။ ညီမဖြစ်သူကို သနားရုံကလွဲ၍ ဘာမျှမတတ်နိုင်ခဲ့။ ကိုယ့်ဘဝ၊ ကိုယ့်အပူတွေနှင့် ရုန်းကန်နေကြရသည်လေ။

ကျော့မေ ဒုတိယသမီးလေးမွေးပြီး တစ်လကျော်ကျော်လောက်မှာပင် ကျော်ဦး တစ်ယောက် ပျောက်ခြင်းမလု ပျောက်သွားသည်။ အလုပ်ထဲမှငွေတွေလိမ်ပြီး ထွက်ပြေးသွားသလိုလို၊ ပန်းရံသမတစ်ယောက်နှင့် ခိုးပြေးသွားကြသလိုလို ဘာလိုလိုပင်။ အမေက ကျော့မေဆီလိုက်သွားပြီး အိမ်ပြန်ခေါ်သည်။ ကျော့မေက မလိုက်။ သူယောကျ်ား ပြန်လာမှာပါဟုဆိုသည်။ ကျော့မေ သမီးလေးသာအလည်လိုက်လာသည်။

''သူရှက်လို့ ပြန်မလိုက်တာနေမှာပါအေ၊ ညည်းတို့လည်း သွားမခေါ်ပါနဲ့၊ သူပြန်လာချင်တဲ့အချိန် ပြန်လာပါ့မယ်လို့ ပြောလိုက်တယ်''

နောက်သုံးရက်ခန့်တွင် ကျော့မေက သူသမီးကို လာခေါ်သွား၏။ အမေ့မှာသာ ကျော့မေများ ဘယ်နေ့ပြန်လာနိုး တမျှော်မျှော်။ ထို့နောက် ကျော့မေတစ်ယောက် သူယောကျ်ားနောက်သို့ကလေးနှစ်ယောက်ဖြင့် လိုက်သွားသည့် သတင်းကိုသာ ကြားလိုက်ရသည်။ သွေးနုသားနုဖြင့် ထွက်သွားသော ကျော့မေအတွက် အမေ့မှာ စိတ်ပူ၍ မဆုံးတော့။ ''လိုက်ရှာကြပါအုံး၊ စုံစမ်းကြပါအုံးဟဲ့''ဟု ပြောလည်းပြော၊ အမေကိုယ်တိုင်လည်း မမောနိုင်၊ မပန်းနိုင် လိုက်

စုံစမ်းခဲ့သည်။ အစ်ကို အစ်မတွေသာမက ဆွေမျိုးတွေရော၊ ရွာသူ၊ ရွာသားတွေကပါ ကျော့မေသတင်းကို ဝိုင်းဝန်းစုံစမ်းပေးကြပါသည်။

သို့သော် ကျော့မေသတင်းကို ဘာမျှ မကြားရသည်မှာ ယနေ့အချိန်ထိပင်။

''အမေရေ၊ ဟိုမှာ···ဟိုမှာ အဖွားပြန်လာပြီ၊ အဖွား ဘာဖြစ်လာတာလဲမသိဘူး''

ကျော့မေအကြောင်းတွေးရင်း ညနေစာ ထမင်းအိုးတည်နေခိုက် သမီးမိမိုးက မြမြကို အပြေးလာပြောဇာ။

''ဟုတ်လား၊ အေး–အဲဒါဆို သမီး ထမင်းအိုးကြည့်ထားလိုက်၊ ဆူရင် အမေ့ကို လှမ်းအော်ခေါ်လိုက်၊ သမီး မင့်နဲ့နေ၊ ကြားလား''

သမီးကိုမှာပြီး အမေ့အိမ်ဘက် သွားရန်ပြင်ခိုက်မှာ မောကြီးပန်းကြီးဟန်ဖြင့် အမေရောက်ချလာသည်။

''ဟော···မြမြ၊ ငါ့သားဖုန်းနံပါတ် နှင့်ကိုမှတ်ခိုင်းထားတာ ဘယ်မှာလဲ၊ ပေးစမ်း''

''မှတ်တော့ မှတ်ထားတာပဲ၊ ဘယ်မှာ မှတ်မိမှန်းတော့ မသိဘူး အမေရဲ့''

''အဲဒါဆို မြန်မြန်ရှာပေးစမ်းပါအေ''

''ဦးလေးအောင်ရဲ့ ဖုန်းနံပါတ်လား၊ အဖွားအိမ်ကပျဉ်ပြားမှာ အဖွားရေးခိုင်းလို့ သမီး မြေဖြူနဲ့ရေးပေးထားတယ်လေ အဖွားရဲ့''

''ဟုတ်လား၊ အဲဒါဆို မြန်မြန်သွားကူးရေးခဲ့ မြေးလေး၊ တစ်လက်စတည်း ညည်းအဒေါ် မိဝင်းကို ငါခေါ်နေတယ်လို့ပြောလိုက်၊ သိန်းနိုင်ကို သွားခေါ်ရမယ်လို့၊ ကြားလား''

''ဟုတ်ကဲ့၊ ဟုတ်ကဲ့ အဖွား''

''အလန့်တကြားရှိလိုက်တာ အမေရယ်၊ မောင်လေး ဘာဖြစ်လို့လဲ၊ သူ တိုက်ပွဲမှာ တစ်ခုခုဖြစ်လို့လား၊ အမေ့ကြည့်ပြီး သွေးတောင် တိုးချင်လာပြီ''

မြမြ ရင်ဘတ်ဖိပြီး ပြောမိဇာ။ မောင်လေးက နေပြည်တော်ရှိ တပ်တစ်တပ်မှာ တာဝန်ကျနေသည်။ ကရင်ပြည်နယ်၊ သံတောင်ကြီးဘက်ကို ရှေ့တန်းထွက်နေရသည်ဟု ကြားရသည်။ ကြည့်ရတာ မောင်လေးများ ရှေ့တန်းမှာ တစ်ခုခုဖြစ်လေရော့



သလား။

''နင့်ရဲ့မောင် ဘာမှမဖြစ်ပါဘူးအေ၊ သူ့ဆီဖုန်းဆက်ပြီး ကျော့မေကို သွားရှာခိုင်းမလို့၊ ကျော့မေ နေပြည်တော် ရောက်နေတယ်လို့ပြောတယ်''

''နေပြည်တော်ကိုရောက်နေတယ်၊ အမေ့ကို ဘယ်သူပြောတာလဲ''

''မော်မော် ပြောတာ၊ မနေ့က ကျော့မေဆီက ဖုန်းလာတယ်တဲ့၊ နေပြည်တော်က ရွှေတိဂုံပုံတူ ဘုရားတည်နေတဲ့ အလုပ်ဆိုက်မှာ ရောက်နေတယ်တဲ့၊ ငါ့ကိုခေါ်ပေးမယ်ဆိုတော့ မခေါ်ပါနဲ့၊ အမေ နေကောင်းရဲ့လား သိချင်လို့ပါတဲ့''

''သူကော အဆင်ပြေရဲ့လား၊ သူ့ယောကျ်ားနဲ့ရော တွေ့ပြီတဲ့လားအမေ''

''အဲဒါ ငါစိတ်ပူတာပဲ၊ မော်မော် ပြောပုံအရဆိုရင် ကျော့မေ နေမကောင်းတဲ့ပုံပဲ၊ အဆင်လည်း ပြေပုံမရဘူး၊ ငါ့သမီးအတွက် ငါအရမ်းစိတ်ပူတာပဲအေ''

''အမေ ဘာဖြစ်လို့လဲ၊ ကျွန်မကို ဘာခိုင်းမလို့လဲ''

မြမြအောက်က မဝင်းမှာ ကလေးတစ်ဖက်နှင့် ရောက်လာပြီး မေးဇာ။

''နင်တို့ညီမသတင်း ရပြီ။ နေပြည်တော် ရောက်နေတယ်တဲ့၊ အဲဒါ ညည်းတောင်ပေါ်ကိုလိုက်သွားပြီး ညည်းအစ်ကို သိန်းနိုင်ကို သွားခေါ်စမ်း၊ နေပြည်တော်ကို သွားရမယ်လို့ပြော၊ ဟဲ့–ငါပြောတာ ကြားလား''

''ကြားပါတယ် အမေရဲ့၊ ဟိုလေ အစ်မကြီးယောကျ်ားကို လွှတ်လိုက်ပါလား၊ သမီးက ကလေးတစ်ဖက်နဲ့''

''ဟဲ့···ဟိုက ကျွဲကျောင်းသွားနေတာလေ၊ မသာမတွေ့ နင်တို့ကိုခိုင်းလိုက်ရင် ဒီလိုချည်းပဲ၊ ညည်းတို့မသွားရင် ငါ့ဘာသာပဲသွားမယ်၊ ဘာမှကို အားမကိုးရဘူး xx+ + - x - - + +''

အမေ စိတ်ဆိုးပြီး မဝင်းကို ကိုင်တုပ်တော့သည်။ မဝင်းက သွားခေါ်ပေးပါမည်ဆိုမှ စိတ်ဆိုးပြေသည်။ အမေနှင့် မြမြတို့ အောင်ဆွေ၏ဖုန်းနံပါတ်စာရွက်ကလေးကိုင်ပြီး မော်မော်တို့အိမ် ထွက်ခဲ့ကြသည်။ မော်မော်က ဖုန်းခေါ်ပေးသည်။ အရေးထဲ ဖုန်းက တော်တော်နှင့်ခေါ်မရ။

''ဟယ်လို···တပ်ကပါလားရှင်၊ ကို အောင်ဆွေနဲ့ ပြောချင်လို့ပါရှင့်၊ ရှင်···ကိုအောင် အပြင်သွားတယ်ဟုတ်လား၊ ဟုတ်ကဲ့···ဟုတ်ကဲ့၊ သူပြန်လာရင် ဖုန်းပြန်ဆက်ပေးပါ၊ အရေးကြီးလို့လို့ ပြောပေးပါနော်၊ ဟုတ်ကဲ့···ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ရှင့်''

''ဘာတဲ့လဲ မော်မော်''

''ကိုအောင်ဆွေ အပြင်သွားတယ်တဲ့၊ ပြန်လာရင် ပြန်ဆက်ခိုင်းလိုက်ပါမယ်လို့ ပြောတယ်''

''ဒုက္ခပါပဲ၊ အရေးကြီးပါတယ်ဆိုမှ၊ ထိုင်စောင့်ရတဲ့အလုပ်ဆို ကျူပ်က သိပ် စိတ်ရှည်တာ မဟုတ်ဘူးအေ့''

''ဒေါ်ကြီးတင် အိမ်ကစောင့်နေပါ၊ ဖုန်းလာရင် ကျွန်မ အပြေးလာပြောပါ့မယ်၊ သူက အပြင်သွားတာဆိုတော့ ဘယ်အချိန် ပြန်ရောက်မယ်မှ မသိတာ''

''ဟုတ်ပါတယ် အမေရယ်၊ အိမ်ကပဲ စောင့်ရအောင်နော်''

မြမြက အမေ့ကိုချော့ပြီး အိမ်ပြန်ခေါ်ခဲ့ရသည်။ အမေ့မှာ စိတ်မပါ့တပါ့ဖြင့် ပြန်လိုက်ခဲ့ရသည်။ အိမ်ရောက်ပြီး သိပ်မကြာပါ။ သားလတ် သိန်းနိုင်လည်း ရောက်လာသည်။ အမေ့ဆီအလာ လမ်းမှာအခေါ်လွှတ်လိုက်သော မဝင်းနှင့် ဆုံသည်ဟုပြောပြီး သူက သတင်းတစ်ခုပေးသည်။

''မနေ့ညနေက တောင်ဘုရားကြီးကို သွားတော့ ကျော်ဦးတို့ဆိုက်မှာ အလုပ်လုပ်တဲ့ မော်ကြီးနဲ့တွေ့တယ်၊ သူပြောတာက

ကျော့မေ လိုက်လာတာမြင်ပြီး ကျော်ဦး ဆိုက်ပြောင်းသွားတယ်တဲ့၊ ကျော့မေက ဘုရားတည်နေတဲ့ ဆောက်လုပ်ရေးဆိုက်မှာ အလုပ်ဝင်လုပ်ပြီး သူယောကျ်ားကို လိုက်ရှာနေတယ်ပြောတယ်၊ သူကလေးလည်း ဆုံးသွားတယ်လို့ ပြောတယ်''

''ကလေးဆုံးသွားတယ်၊ ဘယ်ကလေးလဲ၊ အကြီးလား၊ အငယ်လေးလား''

''အငယ်လေးလို့ ပြောတာပဲအမေ၊ ကျော့မေလည်း ကလေးစိတ်နဲ့ရော၊ သူယောကျ်ားစိတ်နဲ့ရော တချောင်ချောင်ဖြစ်နေတယ်လို့ ပြောတယ်၊ အဲဒါကို ပြောချင်လို့ ထွက်လာတာ မိဝင်းနဲ့ လမ်းမှာဆုံတာပဲ''

''ငါ အရမ်းစိတ်ပူတာပဲ၊ နင် မနက်နေပြည်တော်ကိုလိုက်သွား၊ ကျော့မေကို ရအောင်ပြန်ခေါ်ခဲ့၊ နင့်ညီလည်း ခေါ်သွား၊ သူ့ကိုတော့ ကျော့မေကကြောက်တယ်၊ မဖြစ်ပါဘူး၊ ကျော့မေက ခေါင်းသိပ်မာတာ၊ ငါပါလိုက်မှ ဖြစ်မှာပါ''

''ဟာ···အမေ မလိုက်ပါနဲ့၊ ကျွန်တော်ပဲ လိုက်သွားပြီး ညီလေးနဲ့ ကြည့်လုပ်ပါမယ်၊ ဒါနဲ့ ညီလေးဆီကိုရော ဖုန်းဆက်ပြီးပြီလား၊ သူတို့တပ်ရော ရှေ့တန်းပြန်ဝင်ပြီတဲ့လား''

''ဝင်ပြီနဲ့တူပါတယ်၊ ခုနက ဖုန်းဆက်တော့ အပြင်သွားတယ်လို့ပြောတယ်''

ထိုအခိုက် မော်မော် အပြေးတစ်ပိုင်းရောက်လာ၏။

''မမြရေ···ကိုအောင်ဆွေဆီက ဖုန်းလာတယ်၊ ဖုန်းမချဘဲ ကိုင်ခိုင်းထားတယ်၊ မြန်မြန်လာ''

''အေး···အေး လာပြီ''

မြမြတို့ အပြေးသွားပြီး ဖုန်းကိုင်လိုက်ကြသည်။

''အစ်မကြီး···အမေ ဘာဖြစ်လို့လဲ''

''အမေ ဘာမှမဖြစ်ဘူး၊ နင့်ညီမ ကျော့မေ နေပြည်တော်မှာရောက်နေတယ်တဲ့၊ အဲဒါ မောင်လေးကို သွားစုံစမ်းခိုင်းမလို့''

''မနက်ဖြန် သိန်းနိုင်လာမယ်လို့ ပြောလိုက်၊ ပြီးတော့ ကျော့မေကို ရအောင်ခေါ်ခဲ့လို့''

''ဟုတ်ကဲ့ အမေ၊ အမေကပြောတယ်၊ မနက်ဖြန် သိန်းနိုင် နင့်ဆီလာမယ်၊ နင်တို့နှစ်ယောက် ကျော့မေကိုရှာပြီး ပြန်ခေါ်ခဲ့တဲ့''

''နေပါအုံး၊ ကျော့မေက ဘယ်မှာမို့လို့လဲ''

''အဲ···ဘာတဲ့၊ ရွှေတိဂုံပုံတူ ဘုရားတည်နေတဲ့နေရာမှာ ဆိုလားပဲ''

''ဆိုလား မလုပ်စမ်းပါနဲ့အေ၊ အဲဒီမှာ ပန်းရံဝင်လုပ်နေတယ် ပြောလိုက်''

''ဩော်···ဥပ္ပါတသန္တိဘုရားပါ၊ ကျွန်တော်တို့တပ်နဲ့နီးတယ် အစ်မကြီး၊ အစ်ကို သိန်းနိုင်ကို မလာစေနဲ့အုံး၊ ကျွန်တော် အရင်စုံစမ်းလိုက်မယ်၊ ကျော့မေကိုတွေ့ရင် ရအောင်ခေါ်ပြီး ကျွန်တော်ပြန်လိုက်ပို့ပေးမယ်၊ အစ်ကို့ကို မလာခဲ့နဲ့လို့ ပြောလိုက်ပါ အစ်မကြီး''

''အေး···အေး၊ အဲဒါဆိုလည်း နင်ပဲ နင့်ညီမကိုရှာပြီး ရအောင်ခေါ်ခဲ့နော်၊ အမေ ဘာမှာအုံးမလဲ''

''ကျော့မေကို ငါစိတ်ပူတယ်၊ အမြန်ဆုံး သွားရှာလို့၊ ရအောင်ပြန်ခေါ်ခဲ့လို့''

''မောင်လေး နင်ကြားလား၊ အမေပြောတာကို''

''ကြားတယ် အစ်မကြီး၊ ကြားတယ်၊ အမေ့ကို သိပ်စိတ်ပူမနေနဲ့၊ ကျော့မေကို တွေ့အောင်ရှာပြီး ခေါ်ခဲ့ပေးမယ်လို့ ပြောလိုက်ပါ၊ အမေ့ကျန်းမာရေးလည်း ဂရုစိုက်ပါလို့ ပြောလိုက်ပါ''

''အေးပါ···အေးပါ၊ အမေကတော့ သူသမီးစိတ်နဲ့ အခုထိ ထမင်းကိုမစားရသေးဘူး၊ တစ်ချိန်လုံး ကျော့မေကို စိတ်ပူတယ်ဆိုပြီး ပြောနေတာပဲဟာ၊ ကြာရင် မလွယ်ဘူး''



''ဟဲ့···မြမြ၊ ညည်းဘာတွေ လျှာလျောက်ရှည်နေတာလဲ၊ ငါ့သားလေး စိတ်ပူနေပါ့မယ်၊ ကဲ···ဖုန်းချလိုက်တော့''

အမေက သူ့သားကို စိတ်ပူအောင် လုပ်ရပါ့မလားဟု မြမြကို မျက်စောင်းခဲပြသည်။ မြမြ စကားဖြတ်ပြီး ဖုန်းချလိုက်ရသည်။ ဇရာနှင့်မလိုက်အောင် အမေ့လက်က မြန်တာ မြမြသိနေသည်လေ။

○ ○ ○ ○ ○

အမေ့မှာ အိပ်ရေးပျက်သည့်ညတွေလည်း မနည်းတော့။ ထမင်းစားချင်စိတ်လည်း မရှိပေ။

တစ်ချိန်လုံး သားတော်မောင် အောင်ဆွေဆီက ဖုန်းကိုသာ မျှော်နေမိသည်။ ကျော့မေကို အောင်ဆွေ ရှာတွေ့ပြီလား၊ အမြန်ဆုံးရှာတွေ့ပါစေဟု ဆုတောင်းရသည်မှာလည်း အခါခါပင်။

''မော်မော်ရေ···ငါ့သားဆီက ဖုန်းလာသေးလား၊ ကျော့မေသတင်းရော ဘာကြားသေးလဲ''

''မလာဘူး အဒေါ်ရဲ့၊ ဘာမှမထူးသေးလို့ ဖုန်းမဆက်တာနေမှာပေါ့''

''ဒုက္ခပါပဲအေ၊ စိတ်ပူလွန်းလို့ ရူးတောင် ရူးချင်လာပြီအေ၊ ကဲ···ကဲ ငါ့သားဆီ ဖုန်းဆက်ပေးပါအုံးအေ၊ ငါ့သား ဖုန်းနံပါတ် ရှိတယ်မဟုတ်လား''

''ဟုတ်ကဲ့၊ ကျွန်မ မှတ်ထားပါတယ်၊ ခဏလေးနော်၊ ကျွန်မ ခေါ်ပေးမယ်''

မော်မော်က အမေ့ကိုကြည့်ပြီး စိတ်မကောင်းဟန်ဖြင့် သက်ပြင်းချသည်။ ဒေါ်ကြီးတင်လည်း ကျော့မေစိတ်ဖြင့် အတော့်ကို ချောင်ကျသွားပါလားဟုတွေးရင်း ဖုန်းနံပါတ်တွေနှိပ်သည်။

''ရပြီ···ရပြီ၊ ဟုတ်ကဲ့···ကိုအောင်ဆွေနဲ့ ပြောချင်လို့ပါရှင်၊ သူ့အမေက ဖုန်းပြောချင်လို့တဲ့''

''ဟုတ်ကဲ့ပါခင်ဗျ၊ ခဏကိုင်ထားပေးပါ၊ ဆရာကြီးကို သွားခေါ်ပေးပါ့မယ်''

တစ်ဘက်မှ ခဏစောင့်ပါဟုပြောပြီး ''ဆရာကြီးအောင်ဆွေ၊ ဆရာကြီးအမေဆီက ဖုန်းလာတယ်''ဟု အော်ပြောသံတွေကြားရသည်။ ခဏနေတော့ အောင်ဆွေ ဖုန်းလာကိုင်သည်။

''ဟယ်လို သားလေးလား။ မင်းညီမကို တွေ့ပြီလား။ သူက ဘာတဲ့လဲ၊ ပြန်လိုက်မယ်တဲ့လား။ နေရောကောင်းတယ်မဟုတ်လား''

''ကျော့မေကို ရှာမတွေ့ဘူးအမေ၊ အရင်ကတော့ အဲဒီမှာလုပ်တယ်၊ အခုပြောင်းသွားပြီတဲ့၊ ကျွန်တော်သွားရှာတာကို သိလို့ ရှောင်ထွက်သွားတာနေမှာ''

''အို···ဒုက္ခပါပဲဟယ်၊ မင်းက ထပ်ပြီး မရှာဘူးလား''

''ရှာပါတယ် အမေရ၊ ကျွန်တော့် အသိ ဆောက်လုပ်ရေးသမားတွေကိုလည်း အကူအညီတောင်းပြီး ဝိုင်းစုံစမ်းခိုင်းထားပါတယ်၊ နေပြည်တော်မှာကလည်း ဆောက်လုပ်ရေးဆိုက်တွေက အများကြီးပဲအမေရ''

''တွေ့အောင်ရှာစမ်းပါသားရာ၊ မင်းညီမကို အမေ စိတ်ပူလွန်းလို့ပါကွယ်''

''ဟုတ်ကဲ့ပါ အမေ၊ ကျွန်တော် တွေ့အောင်ရှာပြီး အမေ့ဆီပြန်ခေါ်ခဲ့ပါ့မယ်၊ သိပ်လည်း စိတ်ပူမနေနဲ့အုံး၊ ကိုယ့်ကျန်းမာရေးလည်း ဂရုစိုက်နော် အမေ''

''မင်းညီမသတင်း ဘာမှမကြားရမချင်း အိပ်လို့ဖြောင့်မှာမဟုတ်ဘူး၊ အမြန်ဆုံး တွေ့အောင်ရှာပေးစမ်းပါ''

''ဟုတ်ကဲ့ပါအမေ စိတ်ချပါ၊ ကျွန်တော်တို့တပ်ကို လူကြီးလာစစ်မှာမို့ အလုပ်တွေရှုပ်နေလို့ အားတဲ့အချိန်လေး ပြေးရှာနေရတာ၊ လူကြီးစစ်ပြီးလို့ အလုပ်တွေပါးသွားရင် ကျော့မေကို ကျွန်တော် တွေ့အောင် မရမကလိုက်ရှာပေးပါမယ်၊ အမေသာ ကျန်းမာအောင်နေနော်၊ အရမ်းကြီး စိတ်ပူပြီး သောကရောက်မနေပါနဲ့''

''စိတ်ပူပြီး သောကရောက်မနေပါနဲ့'' ဟု သားကမှာပေမယ့် ကျော့မေကို ရှာမတွေ့၍ အမေ့မှာပိုစိတ်ပူရသည်။ သောကဖြစ်ရသည်။ ကျော့မေ နေမှကောင်းရဲ့လား၊ ကလေးတစ်ဖက်နဲ့ အဆင်မပြေရဲ့လား တွေးပူရသည်။

''ကံဆိုးလိုက်တဲ့ ငါ့သမီးလေးနှယ်၊ လင်က ပစ်၊ ကလေးကဆုံးနဲ့ အတော့်ကို ဒုက္ခရောက်နေတော့မှာပဲ''

တစ်ချိန်လုံး စိတ်မအေးနိုင်သဖြင့် အအိပ်ပျက်၊ အစားပျက်ဖြစ်ကာ အမေကိုယ်တိုင် အိပ်ရာထဲလဲသည့်အဆင့် ရောက်လာသည်။ ကျန်းမာရေးမှူးပင်ပြီး အမေ့



ကျော့မေက ဘုရားတည်နေတဲ့ ဆောက်လုပ်ရေးဆိုက်မှာ အလုပ်ဝင်လုပ်ပြီး သူ့ယောကျ်ားကို လိုက်ရှာနေတယ်ပြောတယ်၊ သူ့ကလေးလည်း ဆုံးသွားတယ်လို့ ပြောတယ်···



ကို ဆေးကုရ၊ အကြောဆေးသွင်းပေးရသည်။ အမေ နေမကောင်းဘူးကြားသဖြင့် ဆည်ပေါ်မှာနေသော သိန်းနိုင်ရော၊ အခြားရွာမှ သားကြီးကိုစိုးပါ ရောက်လာပြီး အားပေးစကား ပြောကြရသည်။ အပေါင်မြို့တွင် သီတင်းသုံးနေသော သားဘုန်းကြီးပါ ကြွလာ၏။ ရောက်လာသမျှလူတိုင်းကို ကျော့မေ သတင်း ဘာကြားသေးလဲဟု အရင်ဆုံးမေးသဖြင့် အမေ့အတွက် စိတ်မကောင်းဖြစ်ကြရသည်။ အဝေးရောက် ကျော့မေတော့ မသိ၊ ကျော့မေစိတ်ဖြင့် ကြာလျှင် အမေ ကျန်းမာရေးထိခိုက်ပြီး ပုန်းပုန်းလဲသွားနိုင်သည်။

ထို့ကြောင့် သိန်းနိုင်က–

''အမေရေ အမေ့သား အောင်ဆွေဆီက ဖုန်းလာတယ်၊ ကျော့မေကို ရှာတွေ့ပြီတဲ့ဗျ၊ ကျန်းကျန်းမာမာပဲတဲ့၊ လကုန်ရင် သူပြန်လိုက်ပို့ပေးမယ်၊ ကျော့မေကလည်း ပြန်လိုက်မယ်လို့ပြောတယ်''ဟု ရုပ်တည်ဖြင့် လိမ်ပြောလိုက်သည်။

''ဟုတ်လား···ငါ့မြေးလေးရော နေကောင်းရဲ့လားဟဲ့''

''ကောင်းတယ်တဲ့ အမေ၊ လကုန်လို့ လုပ်အားခတွေရှင်းပြီးတာနဲ့ အမေ့ဆီ အပြီးပြန်လာမယ်၊ သူ့ယောကျ်ားနဲ့လည်း တရားဝင် ကွာရှင်းပေးလိုက်ပြီလို့ အောင်ဆွေက ပြောတယ်''

''ဘာပဲဖြစ်ဖြစ် ငါ့သမီးလေး နေကောင်းတယ်ကြားလို့ စိတ်အေးရပြီ၊ တော်ပါသေးရဲ့၊ ဘာမှမဖြစ်လို့''

အမေ ရွှင်ရွှင်ပျပျဖြစ်ပြီး ပြန်ထူထောင်လာ၍ အားလုံးကဝမ်းသာကြသည်။ အမှန်တော့ အောင်ဆွေမှာ ညီမဖြစ်သူကို အခုထိ ရှာမတွေ့သေးပေ။ မည်သို့ဆိုစေ အမေ့ကျန်းမာရေးက ပို၍အရေးကြီးသည်မဟုတ်ပါလား။ ထို့ကြောင့်ပင် မလိမ်ချင်ပါဘဲ လိမ်ဆင် ဆင်လိုက်ရလေသည်။

သို့သော် ကြာရှည်စွာတော့ မလိမ်နိုင်ခဲ့ပေ။ သားသမီးတွေကို သိပ်မယုံသဖြင့် အမေကိုယ်တိုင် အောင်ဆွေ့ဆီ ဖုန်းသွားဆက်သည်။ အောင်ဆွေကို အမှန်အတိုင်း ပြောဟု အကြပ်ကိုင်လိုက်သဖြင့် အလိမ်တွေအကုန်ပေါ်ကုန်သည်။ သူ့ကို ညာပြောရကောင်းလားဟုဆိုကာ အမေ သောင်းကျန်းလိုက်သည်မှာ မြမြတို့ပြေးရသည့်အထိပင်။ အစ်ကိုဘုန်းကြီးပင် အဆစ်ပါသွားပြီး အဆူခံလိုက်ရသေးသည်။

''နင်တို့ကို ငါ အားမကိုးတော့ဘူး၊ ငါကိုယ်တိုင် နေပြည်တော်လိုက်သွားမယ်၊ တစ်ယောက်မှ မလိုက်ခဲ့နဲ့၊ မီဝင်း···ရော့ ငါ့နားကပ်ယူသွား၊ ခရီးစရိတ်ရအောင် သွားပေါင်၊ မြန်မြန်သွားပြီး မြန်မြန်ပြန်လာခဲ့''

စိတ်မြန်သော အမေက သူနားကပ်ချွတ်ပြီး သွားပေါင်ခိုင်းသည်။ မြမြတို့က လိုက်မသွားရန်တားကြ၏။ သို့သော် မရ။ တားမရသည့်အဆုံး သိန်းနိုင်နှင့်သွားပါဟု ပြောပြီး ငွေရှာပေးလိုက်ကြသည်။ ငွေရသည်နှင့် ရရာကားဖြင့် ချက်ချင်းသွားမည်ဟုဆိုကာ အဝတ်အစားထုပ်ဆွဲတော့သည်။

''မယ်တော်ကြီးကလည်း ကျန်းမာရေးက ကောင်းတာမဟုတ်ဘဲနဲ့ သိန်းနိုင်ပဲလွှတ်လိုက်ပါ၊ ဒါမှမဟုတ်လည်း မနက်ကျမှ အေးအေးဆေးဆေးသွားပါလား၊ အချိန်မရှိတော့ဘူး၊ ဒီအချိန် ကားရှားသွားပြီ''

''အို···တပည့်တော်ကတော့ ရတဲ့ကားနဲ့ လိုက်သွားမှာပဲ၊ ကားမရရင် ပဲခူးကနေ ညရထားစီးပြီး လိုက်သွားမယ်၊ ဒါဆိုမိုးလင်းတာနဲ့ နေပြည်တော်ကိုရောက်မှာပဲ''

''ကဲ···သဘော··သဘော၊ မတားတော့ပါဘူးဗျာ''

သားဘုန်းကြီးလည်း တားမရသဖြင့် လက်လျှော့လိုက်ရသည်။ အထုပ်ဆွဲပြီး အမေ အိမ်ကထွက်တော့မည့်အချိန်မှာပင် မြမြ၏သမီးအကြီးက ဝမ်းသာအားရ လှမ်း

အော်ပြောသည်။

''အမေရေ...အမေ့၊ ဟိုမှာ ဒေါ်လေး ကျော့မေသမီး၊ ဒေါ်လေးရဲ့ သမီး၊ ဟေး ဒေါ်လေးတို့ ပြန်လာပြီဟေ့''

''ဟယ်...ကျော့မေတို့ ပြန်လာပြီတဲ့ အမေရေ''

မြမြက အိမ်ပေါ်မှပြေးဆင်းသွား၏။ အမေလည်း အထုပ်ကြီးပစ်ချကာ အပြေး တစ်ပိုင်း ဆင်းလိုက်သွားသည်။ သုံးနှစ် အရွယ် ကျော့မေသမီးလေးကို မိမိုး ပြေးချီ ပြီးခေါ်လာသည်။ ကျော့မေကိုတော့ မတွေ့ ရသေး။

''ဟယ်...တူမလေးတို့ ပြန်လာပြီ၊ သမီးအမေရော ဘယ်မှာလဲ''

''အနောက်မှာပါတယ်၊ သမီးက အဖွားကိုတွေ့ချင်လို့ ပြေးလာတာ''

''မြေးလေး...''

အမေက ပြေးပြီး မြေးမလေးကိုဖက်ကာ ဝမ်းသာအားရ အားပါးတရနမ်းသည်။ အမေ့မျက်နှာ ပြုံးနေသည်။ ဝမ်းသာလွန်း၍ မျက်ရည်တွေပင် စီးကျနေလေသည်။

''ဒါက ကျော့မေစိုးရဲ့ အမေနဲ့တူ တယ်''

အသံကြား၍ အမေ မော့ကြည့်လိုက် သည်။ တစ်ခါမှ မမြင်ဖူးဘူးသော အမျိုး သမီးငယ်တစ်ယောက်။

''ဟုတ်ပါတယ်၊ အဒေါ်က ကျော့မေ ရဲ့ အမေပါ၊ သူတို့က ကျော့မေရဲ့ အစ်ကို အစ်မတွေပါ၊ ဘာဖြစ်လို့မေးတာလဲ သမီး''

''ကျွန်မနာမည်က ရွှေနုပါ၊ ကျော့မေ စိုးနဲ့အတူတူ နေပြည်တော်မှာ အလုပ်လုပ် တဲ့သူပါ၊ နေတာကတော့ တောင်ဘုရားကြီး မှာပါ''

''ဩော်...ဟုတ်လား၊ ကဲ-လာလာ၊ အိမ်ထဲဝင်ရအောင်၊ ကျော့မေနဲ့ အလည် လိုက်လာတာပေါ့လေ''

''ဟင့်အင်း...မဟုတ်ပါဘူး၊ သူ့ကို လိုက်ပို့ပေးတာပါအဒေါ်''

''ဟင်...ဘာဖြစ်လို့လဲ''

ရင်ထိတ်စွာ အမေမေး၏။ ရွှေနုက ဘာမျှမပြော။ ကလေးကိုတစ်လှည့်၊ အမေ့ ကို တစ်လှည့်ငေးပြီးကြည့်သည်။ သူကြည့် ရတာ ကလေးရှေ့မှာ တစ်ခုခုကို ပြော မထွက်သည့်ပုံပင်။ အမေတို့ မျက်နှာပျက် သွားကြသည်။

အခြေအနေကို ရိပ်စားမိလိုက်သော မဝင်းက ကလေးကောက်ချီလိုက်သည်။

''တူမလေး ထမင်းစားပြီးပြီလား''

''ဟင့်အင်း၊ မစားရသေးဘူး၊ အမေ ကလည်း ဘာမှဝယ်မကျွေးဘူး''

''ဩော်...ဟုတ်လား၊ ကဲ လာ-လာ၊ ဒေါ်လေးကျွေးမယ်၊ ကြက်သားချက် ထားတယ် သိလား''

မဝင်းက ကလေးခေါ်ပြီးထွက်သွား သည်။ ထိုအခါမှ အမေမှာ ရင်တထိတ် ထိတ်ဖြင့် ထပ်မေးသည်။

''အဒေါ်စိတ်ပူလိုက်တာကွယ်၊ အဒေါ့် သမီးလေး ဘာဖြစ်လို့လဲဟင်၊ ဘာဖြစ်လို့ လဲ''

''ကျွန်မ ဘယ်ကစပြောရမှန်းတောင် မသိတော့ပါဘူး၊ ကျော့မေစိုးက အရမ်း သနားဖို့ကောင်းတာပဲ၊ သူ့ယောကျ်ားက လည်း အတွေ့မခံဘူး၊ ဒီကြားထဲ သူ့ ကလေးကလည်း သေတော့ တော်တော် စိတ်ထိခိုက်သွားတယ်၊ အလုပ်ကပင်ပန်း၊ လူကလည်း မကျန်းမာတော့ အိပ်ရာထဲလဲ တော့တာပဲ၊ မနေ့က ကျွန်မကိုပြောတယ်၊ သူ အမေ့ဆီပဲပြန်တော့မယ်၊ သူ့ကို လိုက် ပို့ပေးပါတဲ့၊ ကျွန်မတို့ ဒီနေ့ နေပြည်တော် ရထားနဲ့ ပြန်ခဲ့ကြတာ''

''ဒါ...ဒါဆို သမီးလေးပြန်လာပြီပေါ့၊ ဒါနဲ့ သမီးလေးကို မတွေ့ပါလား၊ ဩော်-ရွှာက သူ့သူငယ်ချင်းတွေနဲ့ စကားကောင်း နေတယ် ထင်ပါရဲ့''

''မဟုတ်ပါဘူး အဒေါ်၊ ကျွန်မတို့ ဒီကိုအလာ တောင်ငူဘူတာအဝင်နားလေး မှာပဲ ကျော့မေစိုး ဆုံးသွားတယ်အဒေါ်ရယ်၊ ရထားရဲတွေက တောင်ငူဆေးရုံကို အပ် လိုက်ပြီ''

''ဘာ...ညီမလေးဆုံးပြီ ဟုတ်လား၊



ညီမလေး ဆုံးပြီတဲ့ အမေရဲ့''

မြမြက အမေ့ကိုဖက်ကာ ငိုတော့ သည်။ အမေ့မှာတော့ အံ့သြတုန်လှုပ်မှုဖြင့် မငိုမိ။ ကြောင်တောင်တောင်ဖြစ်သွားသည်။ ဧည့်သည်အမျိုးသမီးက မျက်ရည်တွေသုတ် ရင်း ဆက်ပြောသည်။

''ကျော့မေစိုးက သူ့ကိုယ်သူသိလို့ထင် ပါရဲ့၊ သူမသေခင်လေးမှာ သူ့သမီးကို သူ့ အဖွားဆီရောက်အောင် ပို့ပေးပါလို့ တဖွဖွ မှာရှာတယ်၊ ဒါပေမဲ့ ကျွန်မ ဒီရွာဘက်ကို တစ်ခါမှမရောက်ဖူးဘူး၊ အံ့သြစရာကောင်း တာက သုံးနှစ်လောက်ပဲရှိသေးတဲ့ ကျော့ မေစိုး သမီးလေးက ကျွန်မကို ဒီရွာအထိ ရောက်အောင် လမ်းပြပြီး ဦးဆောင်ခေါ်လာ တာ၊ ကလေးက သူ့အမေသေတာ အခုထိ မသိသေးဘူး၊ ကျွန်မစိတ်အထင်တော့ ကျော့မေစိုးက သူ့သမီးကို စိတ်မချလို့ ဒီ အထိ လိုက်ပို့တယ်လို့ထင်တာပဲ အဒေါ် ရယ်''

''ဟုတ်မှာပါ ငါ့ညီမရယ်၊ ဒါကြောင့် တူမလေးက သူ့အမေ နောက်မှာပါတယ် လို့ ပြောနေတာကိုး၊ ဖြစ်မှဖြစ်ရလေ ညီမ လေးရယ်''

မြမြက ပြောပြီးငိုပြန်သည်။ အနားက မိန်းမသားတွေလည်း စိတ်ထိခိုက်လွန်း၍ ငိုကြသည်။

''ငါသိတယ်၊ သိတယ်၊ ငါ့စိတ်ကကို သိနေတယ်၊ ငါ့သမီးလေး တစ်ခုခုဖြစ်နေ ပြီလို့၊ အခုထင်တဲ့အတိုင်းဖြစ်ပြီ၊ သားသမီး ကို ဘယ်တော့မှစိတ်မချတာ အမေဟဲ့ အမေ၊ အခုကြည့်...ငါ့သမီးလေးက သေလု မြောပါးဖြစ်နေချိန်မှာတောင် သူ့သမီးကို ငါ့ဆီအရောက်ပို့ဖို့ ကြိုးစားခဲ့တာ၊ အခု-အခု သူသေသွားတော့လည်း လူမမယ် သူ့သမီးလေးကို စိတ်မချလို့ သူ့ဝိညာဉ်က ငါ့ဆီရောက်အောင် လိုက်ပို့သွားတယ်၊ နင်တို့ မြမြမှတ်ထား၊ အဲဒါ အမေဟဲ့ အမေ၊ သိရဲ့လား''

အမေသည် ဆို့နင့်ကြေကွဲစွာပြောပြီး စိတ်တင်းထားသမျှကိုဖွင့်ချကာ အားပါးတရ ငိုချလိုက်ပါတော့သည်။

မာတိန် မာတာ။

''သားသမီးကိုချစ်မြတ်နိုးသောကြောင့် အမေဟု ခေါ်လေသည်။''

နီသင်အောင်ကျော်မိုး



ထိန်းသိမ်းကြပေ ရှေးဟောင်းအမွေ

ခြယ်မွန်းသီ

မန္တလေးမြို့ ကုသိုလ်တော်ဘုရား ပရဝုဏ်အတွင်းရှိ ပိဋကသုံးပုံ ကျောက်ထက်အက္ခရာ ကျောက်စာ (၇၂၉) ချပ်မှာ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် ယူနက်စကိုအဖွဲ့ကြီးက သတ်မှတ်ခဲ့သည့်နည်းတူ မြန်မာ့ရှေးဟောင်းမြို့ကြီးများဖြစ်သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ ပျူမြို့ကြီး သုံးမြို့သည်လည်း ၂၀၁၄ခုနှစ်၊ ဇွန်လတွင် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ခဲ့သည်။ ယခုအခါ ပုဂံမြို့ဟောင်းနှင့် မြစေတီကျောက်စာအား ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ခွင့်ရရေးကို မြန်မာသုတေသီများ ကြိုးပမ်းလျက်ရှိကြသည်။

ယခုကဲ့သို့ ရှေးဟောင်းအမွေအနှစ်များကို–

၁။ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

၂။ ရှေးမူမပျက် ပြန်လည်ပြုပြင်မွမ်းမံခြင်း၊

၃။ ပျောက်ကွယ်လုနီးပါးဖြစ်နေသည့် အဆောက်အအုံများကို ပြန်လည်ဖော်ထုတ်ခြင်း၊



စသည့် လုပ်ငန်းများသည် သုတေသီ ပညာရှင်များအတွက်သာမက ဗိသုကာနှင့် အင်ဂျင်နီယာပညာရှင်များအတွက်လည်း ရှေးဟောင်းဆောက်လုပ်ပုံ နည်းစနစ်၊ ဖွဲ့စည်းပုံ၊ အသုံးပြုသည့်ပစ္စည်း၊ အတွင်းအပြင် မွမ်းမံမှု၊ အဆောက်အအုံ၏ အသုံးချပုံနှင့် မွမ်းမံထားသည့် အနုပညာအသေးစိတ် လက်ရာများကိုသာမက ထိုခေတ်၏ ယဉ်ကျေးမှုအဆင့်အတန်း၊ ကိုးကွယ်မှု၊ စာပေ၊ ယဉ်ကျေးမှုနှင့် ထိုခေတ်လူသားများ၏ ဖန်တီးနိုင်စွမ်း စသော သမိုင်းတန်ဖိုးမြင့်မားသည့် ခေတ်အမျိုးမျိုးကို ထင်ဟပ်ပြသလျက်ရှိသည်။ ယင်းတို့သည်ကား လူသားအားလုံးက လက်ဆင့်ကမ်း သယ်ဆောင် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် တန်ဖိုးမဖြတ်နိုင်သည့် ဘိုးဘွားအမွေအနှစ်ပင် ဖြစ်ပေတော့သည်။

အောက်တွင်ဖော်ပြမည့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် ယူနက်စကိုမှ သတ်မှတ်ထားသော အဘူဆင်ဘဲလ်ဝတ်ကျောင်းများကို ရေမြုပ်ပျောက်ကွယ်တော့မည့် သဘာဝဘေးအန္တရာယ်မှ ဘေးကင်းရာသို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ တစ်ကမ္ဘာလုံးမှ တန်ဖိုးထားကြိုးပမ်းအားထုတ်ပုံများကို မျှဝေခံစား တင်ပြလိုက်ပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၂၀၀ ကျော်က တည်ဆောက်ခဲ့သော အီဂျစ်နိုင်ငံရှိ နိုင်းမြစ်၏ ဝေးလံခေါင်ဖျား နူဘီယာဒေသရှိ ညီဝါနုရောင် သဲကျောက်တောင်နံရံတွင်းသို့ နက်ရှိုင်းစွာထွင်းထုထားသော ဝတ်ကျောင်းကြီးနှစ်ဆောင်ကို ရေကြီးရေလျှံမှု ဘေးမှ လွတ်ကင်းအောင် ကြိုးပမ်းခဲ့ကြသည်။ နှစ်စဉ် စက်တင်ဘာလဆန်းရက်များတွင် တည်ဆောက်ဆဲ အဆွမ်ဆည်ကြီးကြောင့် နိုင်းမြစ်ရေသည် မကြုံစဖူး မြင့်တက်လာသဖြင့် နှစ်ပေါင်းများစွာ ဘေးကင်းလုံခြုံနေခဲ့သော ဝတ်ကျောင်းတည်နေရာတစ်ခုလုံး ရွှံ့ရေများ တစ်ဟုန်ထိုးဝင်ရောက်လာခဲ့သည်။ ဤသို့ မကြာခဏဖြစ်ပေါ်နေပါက အဘူဆင်ဘဲလ် ဝတ်ကျောင်းများ ရေရှည်တည်တံ့နိုင်တော့မည်မဟုတ်ပေ။ ယင်းတို့ ဘေးအန္တရာယ်ကင်းရှင်းစေရန်မှာ ကံကြမ္မာ၏အထောက်အပံ့နှင့် ရည်မှန်းချက်မြင့်မားသော စိတ်အားထက်သန်သူများ၏ အနိုင်မခံ အရှုံးမပေးသော စိတ်ဓာတ်နှင့် ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ဘေးလွတ်ရာသို့ ကယ်ဆယ်ပို့ဆောင်နိုင်ပေမည်။

၁၉၆၀ ပြည့်နှစ်မှစပြီး အဘူဆင်ဘဲလ် ရှေးဟောင်းအမွေအနှစ်များသည် သဘာဝဘေးဒဏ်မှ လွတ်မြောက်ရန် အခွင့်အလမ်းနည်းပါးလာတော့သည်။ အဆွမ်ဆည်ကြီးကြောင့် ရောမရေအိုင်ကြီးဖြစ်လာပြီး ရှေးဟောင်းအမွေအနှစ်ဝင် ဝတ်ကျောင်းနှင့် ရုပ်တုများသည် ရေအောက်တွင် ရာသက်ပန် နစ်မြုပ်ခြင်းမှ ကယ်တင်နိုင်ရန် ယူနက်စကိုအဖွဲ့ချုပ်မှ ကမ္ဘာတစ်ဝန်းလုံးသို့ ငွေကြေးနှင့်နည်းပညာအကူအညီများ တောင်းခံခဲ့သည်။ နိုင်ငံတကာမှလည်း ဝတ်ကျောင်းကြီးကို တစ်စစီဖြုတ်ယူပြီး ပိုမိုမြင့်သော ဘေးလွတ်ရာသို့ ရွှေ့ပြောင်းတည်ဆောက်ရန် အကြံပြုသည်။

အဘူဆင်ဘဲလ် ဝတ်ကျောင်းများကို စိတ်ကူးအိပ်မက်ပုံဖော်ခဲ့သူမှာ အီဂျစ်နိုင်ငံ ဖာရိဘုရင်မင်းဆက် ဒုတိယရမ်စီဘုရင်(ဘီစီ ၂၂၀၀)က ၎င်း၏ ဗိသုကာကျော်များကို ကမ္ဘာပေါ်တွင် ထူးခြားဆန်းကြယ်ဆုံးသော ဝတ်ကျောင်းနှစ်ဆောင်ကို ဆောက်လုပ်ရန် အမိန့်ပေးခဲ့သည်။ ဝတ်ကျောင်းတစ်ဆောင်မှာ သူ၏မိဖုရား နဖာတရီအတွက်ဖြစ်ပြီး ပိုမိုကြီးမားသော အဆောင်မှာ သူကိုယ်တိုင်အတွက်ဖြစ်သည်။ ဖာရိဘုရင်၏ ဝတ်ကျောင်းတော်အတွက် ပန်းပုပညာရှင်တို့က အကျယ် ၁၃၀ ပေ၊ အမြင့်ပေ ၁၀၀ ရှိသော သဲကျောက်တောင်ကို မျက်နှာပြင်ညီညာအောင်ညှိပြီး ဖိရ ပေမြင့်သော ရမ်စီဘုရင်ကြီး၏ ထိုင်လျက်အနေအထား ကျောက်ဆစ်ရုပ်တု လေးခုကို ထွင်းထုခဲ့သည်။ ထို့နောက် ကျောက်တောင်အတွင်းပေ ၂၀၀ အရှည်ရှိ လိုဏ်ခေါင်းတူးဖော်၍ အခန်းငယ်ပေါင်းများစွာပါဝင်သော ဝတ်ကျောင်းကြီးကိုဆောက်လုပ်ခဲ့သည်။ အခန်းတွင်း၌ ကြိုးမားသောရုပ်တုကြီးများအပြင် နံရံများပေါ်တွင် လှပသော အီဂျစ်စာများနှင့် ရှုခင်းပုံများ ထွင်းထုခဲ့သေးသည်။ ရမ်စီဘုရင်၏ ဝတ်ကျောင်းမှ ခြေလှမ်း ၁၀၀ ကွာသော ကျောက်တောင်တွင် ၎င်း၏ မိဖုရား ဝတ်ကျောင်းကို တည်ဆောက်ထွင်းထုခဲ့သည်။

ဝတ်ကျောင်းနှစ်ဆောင်၏ အရှေ့ယံပမာဏ ကြီးမားမှုကပင် ဘေးလွတ်ရာသို့ ပို့ဆောင်မည့်သူများကို စိတ်ပျက်အားလျော့စေသည်။ ဘုရားကျောင်းတည် ရှိရာ





ကျောက်တောင်များမှာ သဲကျောက်များဖြစ်၍ ခိုင်ခံ့မှုအားနည်းခြင်း၊ ပွခြင်း၊ ကြေမွလွယ်ခြင်း၊ သိပ်သည်းမှုအားနည်းခြင်းတို့ကလည်း စိတ်ပျက်မှုကို ပံ့ပိုးသယောင်ပင်။ ထို့ကြောင့် ပညာရှင်များက ဝတ်ကျောင်းများကို ရွှေ့ပြောင်းရန်မဖြစ်နိုင်ကြောင်း၊ ယင်းတို့ ဘေးကင်းလုံခြုံရန်မှာ မူလတည်ရှိနေရာပင်ဖြစ်ကြောင်း ကနဦးအကြံပြုကြသည်။ ဤစိန်ခေါ်မှုကပင် စိတ်ကူးစိတ်သန်းအသစ်အဆန်းများ ထွက်ပေါ်လာစေသည်။ အချို့အကြံပြုချက်များမှာ ဖြစ်နိုင်ခြေရှိသော်လည်း ကုန်ကျစရိတ်မြင့်မားခြင်း၊ အချို့မှာ လက်တွေ့ဆောင်ရွက်ရန် မလွယ်ကူခြင်း စသည့် အကြံပြုချက်များအနက်မှ ဝတ်ကျောင်းများကို ဘေးကင်းလုံခြုံရာသို့ ရွှေ့ပြောင်းရန် ဆုံးဖြတ်ချက်ကို အတည်ပြုကြသည်။ အာရပ်အဖွဲ့အစည်း (UAR) နှင့် ယူနက်စကိုက အဆိုပါစီမံချက်ကို သဘောတူ လက်ခံသည်။ ဝတ်ကျောင်းကို ကျောက်တုံးအစိတ်အပိုင်းများ ဖြတ်တောက်ပြီး ပွန်းပဲ့ထိခိုက်မှုမှကာကွယ်ရန် အင်္ဂတေဖြင့် ဘောင်ခတ်ထိန်းချုပ်၍ ရာနှင့်ချီသော ဟိုက်ဒရောလစ်များဖြင့် ပေ ၂၀၀ ထက်မြင့်သော ကျောက်တောင်ပေါ်သို့ ဟန်ချက်ညီစွာ မ,တင်ရန်ဆုံးဖြတ်ကြသည်။ ရွှေ့ပြောင်းတပ်ဆင်စရိတ်နှင့် မြေယာပြုပြင်ခြင်းလုပ်ငန်းများအပါအဝင် ကုန်ကျစရိတ်ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ သန်း ၉၀ လျာထားသည်။ ကမ္ဘာတစ်ဝန်းလုံးကလည်း အီဂျစ်အစိုးရကို ကိုယ်ပိုင်ငွေကြေးများ လျှဒါန်းကြသည်။

အင်ဂျင်နီယာများကလည်း ၁၉၆၂ ခုနှစ်၊ မေလအထိ လုပ်ငန်းမစတင်နိုင်လျှင် စီမံကိန်းတစ်ခုလုံး ပျက်စီးလိမ့်မည်ဟု သတိပေးကြသည်။ သို့ရာတွင် သတ်မှတ်ရက်ကျော်လွန်သွားသဖြင့် နိုင်းမြစ်ရေ တစ်စထက်တစ်စ တိုးလာမှုကြောင့် ဝတ်ကျောင်းပတ်ဝန်းကျင်တစ်ခုလုံး ထာဝရရေနစ်မြုပ်တော့မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရတော့သည်။ စာသင်သားများကလည်း အပြေးအလွှား မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်း၊ ပုံကြမ်း ရေးဆွဲခြင်း၊ ကွင်းဆင်းလေ့လာကြ၍ ကမ္ဘာလှည့်ခရီးသည်များလည်း အုပ်စုလိုက် လာရောက်လေ့လာကြသည်။ ယူအေအီးနိုင်ငံကလည်း ဆွီဒင်အင်ဂျင်နီယာအဖွဲ့မှ မစ္စတာမာတင်ဘင်းနက်ဖရန် ရေးဆွဲသော ရိုးရှင်းလွယ်ကူပြန်ဆန်ပြီး ကုန်ကျစရိတ်သက်သာသော စီမံချက်ကို အကောင်အထည်ဖော်ရန် လက်ရှိအရှိန်အဟုန်ကို တိုးမြှင့်တော့သည်။ မစ္စတာမာတင်၏ အကြံပြုချက်မှာ ဝတ်ကျောင်းနှစ်ဆောင်လုံးကို အကြီးဆုံး တန် ၃၀ အရွယ်အစားရှိ အစိတ်အပိုင်းများဖြတ်တောက်ပြီး၊ နောင် မြင့်တက်လာမည့် ရေမျက်နှာပြင်ထက် ပိုမြင့်သော အနီးဆုံးရှိ ကျောက်တောင်ပေါ်တွင် ပြန်လည်တည်ဆောက်ရန်ဖြစ်သည်။ ဤစီမံချက်သည် ဒေါ်လာ ၃၆ သန်းသာ ကုန်ကျမည်ဖြစ်ပြီး ပထမအဆိုပြုချက်ထက် အချိန် ၂ နှစ်စော၍ ပြီးစီးမည်ဖြစ်သည်။ ယူနက်စကိုအသင်းဝင် နိုင်ငံများနှင့် အိမ်ရှင်အီဂျစ်နိုင်ငံတို့က ငွေကြေးလှူဒါန်းမည်ဖြစ်ကြောင်း ကတိပြုကြသဖြင့် လုပ်ငန်းစတင်ရန် မီးစိမ်းပြလိုက်ရာ နိုင်းမြစ်ရေမလွှမ်းမိငါးလအလို ၁၉၆၄ ခုနှစ်၊ မတ်လတွင် အဘူဆင်ဘဲလ်စီမံချက်ကိုစတင်အကောင်အထည်ဖော်တော့သည်။

ဝတ်ကျောင်းကို ကျောက်တုံးအစိတ်အပိုင်းများ ဖြတ်တောက်ပြီး ပွန်းပဲ့ထိခိုက်မှုမှကာကွယ်ရန် အင်္ဂတေဖြင့် ဘောင်ခတ်ထိန်းချုပ်၍ ရာနှင့်ချီသော ဟိုက်ဒရောလစ်များဖြင့် ပေ ၂၀၀ ထက်မြင့်သော ကျောက်တောင်ပေါ်သို့ ဟန်ချက်ညီစွာ မ,တင်ရန်ဆုံးဖြတ်ကြသည်။



စီမံကိန်းပြီးစီးရန် ၂ နှစ်တာကာလ အတွင်း နိုင်းမြစ်ရေလွှမ်းမိုးမှုမှကာကွယ်ရန် ပထမဦးဆုံး ရေထိန်းတမံတည်ဆောက်ရေး ကို အပူတပြင်းအားထုတ်ကြတော့သည်။ ဤမျှ တိုတောင်းသောအချိန်ကာလအတွင်း အလျားပေ ၁၂၀၀၊ အမြင့် ၈၂ ပေရှိ ရေ ထိန်းတမံ တည်ဆောက်ရေးမှာ လွန်စွာ ခက်ခဲသော လုပ်ငန်းဖြစ်သကဲ့သို့ အံ့မခန်း အောင်မြင်မှုတစ်ရပ်လည်းဖြစ်သည်။ သယ် ယူပို့ဆောင်ရေးအတွက် လမ်းပန်းဆက် သွယ်ရေး မရှိသေးသဖြင့် နေထိုင်သူကင်းမဲ့ ဇုန်ဖြစ်၍ ယာဉ်ယန္တရားလုပ်ငန်းသုံးကိရိယာ များ၊ အလုပ်သမားများကို ၁၇၅ မိုင်ကွာ သောအရပ်မှာ သင်္ဘောများဖြင့်သယ်ဆောင် လာရသည်။ သဲများကလည်း စက်ယန္တရား များအတွင်း အစဉ်ဝင်ရောက်သဖြင့် အမြဲ မပြတ် ဖယ်ရှားနေရသည်။ နွေလယ်နေ့များ ၏ ပြင်းထန်သောအပူချိန်မှာ အဆိုးဆုံး ရန်သူဖြစ်၍ အမိုးအကာအောက်တွင် 100°F ပူပြင်းပြီး နေရောင်အောက်တွင် 125°F ထိ အပူရှိန်ပြင်းထန်သဖြင့် သတ္တု ကိရိယာများကိုရေဖြည့်ထားသောပုံးအတွင်း ထည့်၍ သယ်ဆောင်လုပ်ကိုင်ရသည်။ အလုပ်သမားများ၏ ချွေးထွက်နှုန်းမှာ ၆ ကွာတ (၇)လီတာ နေ့စဉ်ဆုံးရှုံးရသည်။ ထိုအပူချိန်ထက် အချိန်မီပြီးစီးနိုင်ပါ့မလား ဟူသော အင်ဂျင်နီယာများ၏ သောက,က ပိုမိုပူပြင်းလှချေသည်။

နိုင်းမြစ်၏ ရေအမှတ်သည် ခါတိုင်း ထက်စောစီးစွာမြင့်တက်ခဲ့သည်။အကြောင်း မှာ ပုံမှန်မဟုတ်သော နွေရာသီ မိုးရွာသွန်း မှုကြောင့်ဖြစ်ရာ လူအင်အား ပိုမိုမြှင့်တင်၍ လုပ်ငန်းအရှိန် တိုးမြှင့်ခဲ့ရသည်။ အဆွမ် ဆည်ကြီး၏ ရေတံခါးများကိုဖွင့်ပြီး ပုံမှန် ထက်နည်းသော ရေပမာဏကို ထိန်းညှိ လွှတ်ပေးရသည်။ ရေပမာဏများလျှင် မြစ် အောက်ပိုင်းတစ်ခုလုံး ရေလွှမ်းမိုးစေမည်။ ရေပမာဏ လျော့နည်းပြီးလွှတ်လျှင် အဘူ ဆင်ဘဲလ် ရေတားတမံကို အခက်အခဲဖြစ် စေမည်။ ဩဂုတ်လကုန်တွင် နိုင်းမြစ်၏ ရေမှတ်သည် ရေထိန်းတမံ၏ထိပ်မှ ၃ ပေ အောက်တွင် နိမ့်ဆင်းနေသဖြင့် ရလဒ် ကောင်းကို ရရှိခဲ့သည်။ ရေထိန်းတမံပြီးစီး ၍ ရေစုပ်စက်များဖြင့် စုပ်ထုတ်သောအခါ ဝတ်ကျောင်းတည်နေရာတစ်ခုလုံး နောင် ၂၄ လတာ ကာလပတ်လုံး ရေဝင်ရောက် မှုမှ ကင်းလွတ်နေပေမည်။

၁၉၆၆ ခုနှစ် နွေဦးတွင် မြစ်ရေသည် ရေထိန်းတမံအထက်သို့ မြင့်တက်ခဲ့ပြီး ပေ ၅၀ အောက် ဇရိယာတစ်ခုလုံး ရေလွှမ်းမိုး ခဲ့သည်။ ဤသို့ဖြင့် သဘာဝနှင့် လူသား ဘတစ်ပြန်၊ ကျားတစ်ပြန် ယှဉ်ပြိုင်ကြရာ အဓိကကျသော ဟန့်တားမှုများမရှိပါက သတ်မှတ်ရက်အတွင်း ပြီးစီးမည်ဟု ပညာ ရှင်များက ယုံကြည်ကြသည်။ ထို့ကြောင့် အချိန်တစ်မိနစ်မျှ မဖြုန်းနိုင်ကြပါ။ သို့ရာ တွင် စက်မှုပိုင်းဆိုင်ရာ နည်းစနစ်များ၊ စက် ကိရိယာများ၊ ဖောက်ခွဲရေးပစ္စည်းများ၊ လွန် တူးလုပ်ငန်းနှင့် ဖြတ်တောက်မှုလုပ်ငန်းများ တွင် ကန့်သတ်ချက်များရှိနေသဖြင့် လုပ်ငန်း မတွင်ကျယ်လှပေ။ လွန်တူးရာ၌အသုံးပြု သော ရေပမာဏ အနည်းငယ်မျှကပင် သိပ်သည်းမှုအားနည်းသော ကျောက်သား များကို အစိတ်စိတ်ကွဲထွက်စေနိုင်သည်။ ယမ်းဖောက်ခွဲရာ၌ကြွပ်ဆတ်သောကျောက်





များကို ကွဲအက်စေသည်။ သို့သော် အင်ဂျင်နီယာများက ဝတ်ကျောင်းအပေါ်ပိုင်းရှိ သဲကျောက်တန်ချိန် ၃ သောင်းကို ဝတ်ကျောင်း နံရံများပေါ်ရှိ ကျောက်ဆစ်ရုပ်တုနှင့် ရှေးဟောင်းအမွေအနှစ်များ ဖြတ်ထုတ်ခြင်းမပြုမီ ဖယ်ရှားနိုင်ခဲ့သည်။ ဘူဒိဇာကြီးများ အသုံးပြု၍ သဲကျောက်များကို ကော်ထုတ် ဖယ်ရှားခြင်းပြုလုပ်ရသည်။ မြေအောက်ဥမင်အတွင်းသို့ လှိုင်းတွန့်ပုံ သဲမဏ္ဍိုချပ်များကာရံကာ အန္တရာယ်ကင်းစွာ ဝင်ရောက်နိုင်ရန် စီစဉ်ထားရသည်။ ဝတ်ကျောင်းအတွင်းပိုင်း၌ အဘက်ဘက်မှ ထိန်းချုပ်ထောက်ပင့်ထားသော ဒေါက်တိုင်များ ပြည့်နှက်နေသည်။ ၎င်းဒေါက်တိုင်များက ဝတ်ကျောင်းတစ်ခုလုံး၏ တန်ပြန်ဖိအား သက်ရောက်မှုမှကာကွယ်ပေးသည်။ ဒေါက်တိုင် အစွန်အဖျားများကို ပလတ်စတစ် ကူရှင်များ ခံပေးထားခြင်းဖြင့် တန်ဖိုးမဖြတ်နိုင်သော အနုစိတ်လက်ရာများ ထိခိုက်ပျက်စီးမှုမှ ကာကွယ်ပေးသည်။ အပေါ်ပိုင်းရှိ တန်ထောင်ပေါင်းများစွာသော ကျောက်သားများကို ဖယ်ရှားရာတွင် အောက်ဘက်ရှိ ကျောက်သားများဆန့်ထွက်လာမှုကြောင့် ကွဲအက်ရာ အနည်းငယ်ပေါ်လာသည်။ ကျောက်ဆောင်အတွင်းပိုင်းရောက်လေ အသုံးပြုသော ကိရိယာတန်ဆာများနှင့် နည်းစနစ်များ အနုစိတ်လာလေဖြစ်သည်။ ကိရိယာအများစုမှ ဤလုပ်ငန်းအတွက် အထူးတီထွင်ထားခြင်းဖြစ်သည်။ လပေါင်းများစွာ စမ်းသပ်မှုများမှ အပါးလွှာဆုံးနှင့် အသေသပ်ဆုံးသော လွှာချက်များ ရရှိလာခဲ့သည်။

လွှာသမားအများစုမှာ အီတလီနိုင်ငံရှိ စက္ကူကျောက်မိုင်းများမှ ခေါ်ယူခဲ့ခြင်းဖြစ်ရာ မည်သည့်လွှာစက်ကမှ ၎င်းတို့လောက် သေသပ်တိကျစွာ ဖြတ်တောက်နိုင်မည် မဟုတ်ပေ။ ဖြတ်တောက်မှုနည်းလေ အစိတ်အပိုင်း ပိုကြီးလေ၊ ကောင်းမွန်လေပင်။ ထို့ကြောင့် နိုင်ငံပေါင်း ၎ နိုင်ငံမှ ပညာရှင်များက အထက်ပါပြဿနာကို ဆုံးဖြတ်ပေးကြသည်။ လွှာချက်များသည် တစ်ခါတရံ ကျောက်သားအတွင်းလွှာအတွင်းနက်ရှိုင်းစွာဝင်ရောက်ပြီး တစ်ခါတရံတွင် ရှေးဟောင်းပန်းပု ကမ္ဘည်းအကွာရာ ထွင်းထုချက်များအတွင်း ထိုးဖောက်ဝင်ရောက်တတ်သည်။ လွှာချက်များက မျက်နှာစာတစ်ဖက်တွင် အဆင့်ပြေသော်လည်း နောက်ကျောဘက်မျက်နှာရှိ ရုပ်တုကို ပျက်စီးစေပြန်သည်။ ထို့ကြောင့် လွှာသမားများသည် ထောင့်ချိုးဖြတ်တောက်မှု၊ မျဉ်းကွေးဖြတ်တောက်မှု၊ စောင်းလျှောဖြတ်တောက်မှုများ လိုအပ်သလို ခဲရာခဲဆစ်ဖြတ်တောက်ကြရသည်။

ကျောက်နံရံများကို အထပ်ထပ်စစ်ဆေးခြင်း၊ ဆွေးနွေးအဖြေရှာခြင်းများပြုလုပ်ပြီးနောက် လုပ်ငန်းခွင်တစ်ခုလုံး ခြုံငုံရေးဆွဲထားသော လွှမ်းခြုံပန္နက်ပုံစံကားချပ် (Master Plan) ရေးဆွဲကာ မျက်နှာစာတစ်ခုလုံးကို အစိတ်အပိုင်းတစ်ခုလျှင် အလေးချိန် ၅ တန်မှ တန် ၃၀ ရှိ အစိတ်အပိုင်းပေါင်း ၃၅၀ ဖြတ်တောက်ရန် ပုံစံရေးဆွဲခဲ့သည်။ အကွေးအဝိုက်ဖြတ်တောက်ချက်များကို ထိခိုက်မှုမရှိအောင် မည်သို့မ,ထုတ် သယ်ယူရမည်ဆိုသည်မှာ ဒုတိယအဓိကပြဿနာပင်။ ကျောက်တုံးအစိတ်အပိုင်းတစ်ခုစီတွင် အပေါက်နှစ်ပေါက်မှ လေးပေါက်အထိ စနစ်တကျဖောက်ပြီး တောင့်တင်းခိုင်မာသော စတီးချောင်းများကို epoxy.resin ဖြင့် နေရာတကျထည့်သွင်းပြီး ကျောက်တုံးများကို ဆွဲမတင်သည့် ထမ်းပိုးအဖြစ် အသုံးပြုသည်။ ဤနည်းဖြင့် ဆိုင်းကြိုး နန်းကြိုးများ အသုံးမပြုဘဲ ထမ်းပိုးနိုင်ပြီး တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းအမွေအနှစ်များ မျက်နှာပြင်ပွတ်တိုက်ပျက်စီးမှုမှ ကာကွယ်ခဲ့သည်။



ဖြတ်တောက်ပြီး အစိတ်အပိုင်းများကို လွှမ်းခြုံပုံစံပါ နံပါတ်စဉ်အတိုင်း အမှတ်အသားပြု၍ သဲများပေါ်တွင် ပလတ်စတစ် ရေမြှုပ်ကူရှင်ခင်းထားသော ယာဉ်ကြီးများပေါ်သို့ ကရိန်းဖြင့် ဖြည်းညင်းစွာ မ,တင်ကာ ပြန်လည်တည်ဆောက်မည့် နေရာသစ်သို့ ပြောင်းရွှေ့သယ်ဆောင်ခဲ့သည်။ အသစ်တည်ဆောက်မည့်နေရာမှာ ပေ ၅၉၀ ရှိ၍ မူလနေရာထက် ပေ ၂၀၀ ပိုမြင့်သည်။ မူလတည်နေရာမှာ နေမင်းကြီးနှင့် ဝတ်ကျောင်း၏ မျက်နှာမူရာအနေအထား ထူးခြားစွာတည်ရှိမှုကပင် ထင်ပေါ်ကျော်ကြားသော အချက်ဖြစ်သည်။ ပုံမှန်အားဖြင့် ဖေဖော်ဝါရီ ၂၁ ရက်နှင့် အောက်တိုဘာ ၁၉ ရက်နေ့များတွင် နံနက်အစောဆုံး ရိုက်ခတ်သည့် နေမင်း၏အလင်းတန်းသည် ဝတ်ကျောင်း၏ စကြံဝဠာရိုးပေါ်တွင် တိုက်ရိုက်ကျရောက်သည်။ ထိုနှစ်ရက်သည် ရမ်စီဘုရင်ကြီး၏ ဘဝသက်တမ်း၌ ထူးခြားအဓိပ္ပာယ်ရှိသော နေ့ရက်များဖြစ်နိုင်သကဲ့သို့ ဝတ်ကျောင်း၌ ရည်စူးကိုးကွယ်သော နေနတ်ဘုရားနှင့် ဆက်နွယ်မှုရှိကြောင်း လူအများက ယူဆကြသည်။

အင်ဂျင်နီယာများက မူလဝတ်ကျောင်း၏ စကြံဝဠာရိုးမှ တစ်ဒီဂရီ၏ ၁၀ ပုံ ၁ ပုံ အိမ်မြောင်ညွှန်းရပ် တိုင်းထွာရရှိရာ ပြန်လည်တည်ဆောက်ရာတွင်လည်း ထိုအတိုင်း တိတိကျကျဆောက်လုပ်ကြသည်။ အမြန်ပြီးစီးရန်မှာ ငွေကြေးအထောက်အပံ့ အမြန်ရရှိရေးပေါ် မူတည်သည့်အပြင် မူလလျာထားချက်အတိုင်း လုပ်ငန်းတစ်ခုပြီးမှတစ်ခု ဆောင်ရွက်ခြင်းထက် တစ်ပြိုင်နက်လုပ်ဆောင်ခြင်းက ပိုမိုမြန်ဆန်ပြီး လုပ်သားအင်အားအများအပြားသုံး၍ အရှိန်မြှင့်တင်ခဲ့ရပေသည်။ ပြန်လည်တည်ဆောက်ပြီးပါက မြေယာရှုခင်းလုပ်ငန်းများအပြင် ကမ္ဘာလှည့်ခရီးသည်များအတွက် တည်းခိုဆောင်များ တည်ဆောက်ရမည်ဖြစ်ရာ အစောဆုံး ၁၉၆၉ ခုနှစ်တွင် ပြီးစီးမည်ဟု ခန့်မှန်းကြသည်။

အဘူဆင်ဘဲလ်လုပ်ငန်းကြီးတစ်ခုလုံးကို လေ့လာစောင့်ကြည့်ခဲ့သော ပါမောက္ခတစ်ဦးကမူ အဓိပ္ပာယ်လေးနက်သော သုံးသပ်ချက်တစ်ရပ်ကို ထောက်ပြခဲ့ပါသည်။ ''လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၂၀၀ ကျော်က ဒီဝတ်ကျောင်းကြီးတွေကို တည်ဆောက်ခဲ့တဲ့ လူသားတွေကိုပဲ ချီးမွမ်းရမလား၊ ဒါမှမဟုတ် ဒီဝတ်ကျောင်းကြီးတွေကို ဘေးကင်းလုံခြုံရာကို မူလပုံစံအတိုင်း ရွှေ့ပြောင်းပြန်လည်တည်ဆောက်ပေးတဲ့ ယနေ့ခေတ် လူသားတွေကိုပဲ ချီးမွမ်းရမလားဆိုတာ မသိနိုင်တော့ပါဘူးဗျာ''

ခြယ်မူနီးသီ

By Gordon Gaskill "The race to save Abusimbel"
RD: Feb, 1966

အတုနဲ့ထောင်ရင် အတုပဲရမယ်

ကောင်လေးတစ်ယောက်က ကြွက်ဖမ်းဖို့ဆိုပြီး ကြွက်ထောင်ချောက်တစ်ခု ဝယ်လာတယ်။ ဒါပေမဲ့ သူက ထောင်ချောက်မှာထားဖို့ ဒိန်ခဲဝယ်ဖို့မေ့ခဲ့တယ်။ ဒါနဲ့ သူက စိတ်ကူးရပြီး အနီးမှာရှိတဲ့ မဂ္ဂဇင်းစာအုပ်ထဲက ဒိန်ခဲပုံပါတဲ့ စာမျက်နှာကိုဖြတ်ယူပြီး ထောင်ချောက်မှာ ထည့်ညှပ်ထားတယ်။

အဲ့ဒါက အလုပ်တော့ဖြစ်တယ်။ နောက်နေ့မနက်ကျတော့ ထောင်ချောက်ထဲမှာ ကြွက်တစ်ကောင်မိနေတယ်။ ဒါပေမဲ့ ကြွက်အစစ်မဟုတ်ဘူး။ ကြွက်တစ်ကောင်ရဲ့ပုံပါတဲ့ စာရွက်ဖြစ်နေတယ်။


မောင်သီဟ





လေယာဉ်လေကားမှ မြေပြင်ကို ခြေလှမ်းအချမှာ ရသာသစ်တစ်ခုကို ရလိုက်သည်။
လွင့်ဝဲလာသော လေပြေလေညင်းမှာပင် အနံ့အသက်လေး စွဲရစ်ပါလာသည်။
ဘယ်လိုဆိုတာ ပြောမပြတတ်ပေမယ့် ရင်မှာတော့ တစ်ခုခုခံစားရလိုက်သည်။
ဘယ်လောက် တမ်းတခဲ့ရသလဲ။ စိမ်းမြမြလွင်ပြင်။ ဒါဟာ မြန်မာပြည်ပေါ့နော်။

ဝါးမြစန္ဒာ
အမှတ်စက်လေးတွေဆုံစည်းရာ



ကေ လူမှန်းမသိတတ်ခင်က ဒီမြန်မာပြည်ကို နှစ်ခေါက်ရောက်ဖူးတယ်လို့ မေမေက ပြောတာပဲ။ ကေက မြန်မာအမျိုးသမီးပါ။ နိုင်ငံခြားသူလို့ ထင်နေတာလား။ ကေ ဖေဖေနဲ့ မေမေက အမေရိကားမှာ ကေ့ကို မွေးခဲ့တာ။ ဖေဖေ 'စလန်မာဂျ'ဆိုတဲ့ ရေနံကုမ္ပဏီမှာ အင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်ခဲ့တုန်းကပေါ့။ နောက်ပိုင်းမှ စင်ကာပူကိုပြောင်းတာ။

မေမေနဲ့ ဖေဖေတို့ လက်ထပ်ပြီး အမေရိကားမှာ အလုပ်လုပ်ဖို့သွားတော့ ဖွားဖွား(မေမွေးအမေ)က အတန်တန်မှာတတ်တဲ့ ''မြန်မာလူမျိုးတွေကမွေးတဲ့ ကလေးတွေက မြန်မာတွေပဲဖြစ်ရမယ်နော်၊ မွေးကတည်းက မြန်မာစကားပြောရမယ်၊ မြန်မာရဲ့ အမူအကျင့် ဓလေ့စရိုက်တွေနဲ့ ရင်းနှီးစေရမယ်၊ မြန်မာဆိုတာမမေ့ဖို့ အရေးကြီးတယ်၊ သူတို့ကို မြန်မာတွေနဲ့ပဲ ပေးစားရမယ်''တဲ့။

ကျောင်းတက်တော့ တခြားသူတွေလိုပဲ 'ကေတီ'လို့သာ အတိုကောက် အင်္ဂလိပ်လိုပေးထားပေမယ့် ကေ့ မြန်မာနာမည်က 'ခိုင်သစ္စာ'ပါ။

''ကေကို တွေ့စက မြန်မာလို့မထင်ဘူး၊ ကေက အရမ်းအသားဖြူတာပဲ၊ အနောက်တိုင်းသူလို့တော့ မထင်ပါဘူး၊ ကေ့ရုပ်က အရှေ့တိုင်းရုပ်ပေါက်ပါတယ်၊ ဂျပန်မလေးလိုလို၊ ထိုင်းလိုလိုပဲ''

ထွန်းက ဒီလိုပြောခဲ့တာ။ သြော်– ပြောပြရအုံးမယ်နော်။ ထွန်းဆိုတာက ထွန်းနေရောင်ပါ။ သူက မြန်မာပြည်ကနေ စင်ကာပူမှာ အင်ဂျင်နီယာပညာလာသင်တာ။ ကေနဲ့ အဲဒီမှာတွေ့ပြီး ခင်ခဲ့တာလေ။

''ဟေ့ . . .ယူက မြန်မာလား''လို့ မေးလိုက်တဲ့ ကေ့ကို အံ့အားသင့်ပြီး စူးစိုက်ကြည့်လိုက်တာ။ အဲဒီအကြည့်ကို ကေ စွဲသွားတာ။

''မင်းက မြန်မာစကားတတ်လို့လား'' တဲ့။

''ကေက မြန်မာလူမျိုးပဲ''ဆိုတော့ မယုံသလို အကြည့်ငေးတစ်ခု။

နောက်တော့ ကေ ရှင်းပြခဲ့ရပါတယ်။ နောက်ပိုင်း သိပ်ရင်းနှီးတဲ့အခါ အိမ်ခေါ်သွားပြီး ကေ့ မိဘတွေနဲ့ မိတ်ဆက်ပေးဖြစ်တယ်။

''မေမေ...အဲဒီကောင်လေးကို ကေ သဘောကျတယ်''ဆိုတော့–

''ကေက တကယ်ရီရတယ်၊ ကေက အသားဖြူဖြူ။ သူက ညိုညို၊ လိုက်လည်းမလိုက်ဘူး''ဆိုပြီး မေမေက စတယ်။



> ကေကို တွေ့စက
> မြန်မာလို့မထင်ဘူး၊
> ကေက အရမ်းအသားဖြူတာပဲ၊
> အနောက်တိုင်းသူလို့တော့ မထင်ပါဘူး၊
> ကေ့ရုပ်က အရှေ့တိုင်းရုပ်ပေါက်ပါတယ်၊
> ဂျပန်မလေးလိုလို၊
> ထိုင်းလိုလိုပဲ . . .

''အောင်မယ် . . .မြန်မာလူမျိုးချင်းလိုက်ပါတယ်''လို့ ကေ ပြန်ပြောခဲ့တုန်းက အမှတ်မထင်ပါပဲ။

နောက်တော့မှ မေမေက ကေ့ဖွားဖွားမှာခဲ့တာကို ပြောပြတာ။

''ဒါပေမဲ့ သမီးက မြန်မာပြည်နဲ့ သိပ်မရင်းနှီးသေးတော့ လူနေမှုစရိုက်များ ကွာဟနေမလား၊ တစ်ယောက်နဲ့တစ်ယောက် လေ့လာအုံးပေါ့နော်''

ကေတို့ ဖေဖေ့ကုမ္ပဏီမှာပဲ နှစ်ယောက်စလုံး အလုပ်ဝင်ဖြစ်တော့ ထွန်းကို ဖေဖေကပါ လေ့လာပေးပါတယ်။ သူတို့ရဲ့ တစ်ဦးတည်းသောသမီးလေးကို အပ်ရမယ့် လူဆိုတော့ သူတို့လည်း ကျေနပ်မှလေ။ ကေတို့မိသားစုက ပွင့်လင်းကြတယ်။

ကေတို့ စင်ကာပူမှာ သက််နှံကျတော့ မြန်မာတွေစုပြီး ရေပက်ကြ၊ မုန့်တွေလုပ်စားကြ၊ ရောင်းကြနဲ့ အရမ်းပျော်ဖို့ကောင်းတာမို့ ထွန်းက–

''ကေ့ကို တို့မြန်မာပြည်ကသက််နှံ ပြချင်လိုက်တာ''ဆိုတော့–

''ဗွီဒီယိုထဲမှာ မြင်ဖူးပါတယ်နော်၊ မန္တလေးသက််နှံမှာ အလှကားတွေနဲ့၊ ပြီးတော့ သက််နှံမိုးဆိုတဲ့ မြန်မာကားဗီစီဒီ ကေ့မှာရှိတယ်''

မကြာခင်မှာပဲ သက််နှံမိုးထဲက မင်းသမီးလို ကေ ထဘီတွေဘာတွေနဲ့၊ မေမေချုပ်ပေးတဲ့အင်္ကျီနဲ့ ထွန်း မွေးနေ့မှာ ဝတ်ပြတော့ ထွန်း သိပ်သဘောကျတာ။

> ကေ . . . စာတွေ့မှာလည်း ဖတ်ဖူးတယ်၊
> ဗီဒီယိုလည်းကြည့်ဖူးတယ်၊
> ပုဂံမြို့က
> သိပ်လွမ်းစရာကောင်းသလိုပဲ၊
> ဘုရားတွေလည်း
> အများကြီးနော်

ကေက မြန်မာမလေး ပီသတယ်မဟုတ်လား။

''ကေ . . . စာတွေ့မှာလည်း ဖတ်ဖူးတယ်၊ ဗီဒီယိုလည်းကြည့်ဖူးတယ်၊ ပုဂံမြို့က သိပ်လွမ်းစရာကောင်းသလိုပဲ၊ ဘုရားတွေလည်း အများကြီးနော်''

''ထွန်းတို့နေတဲ့ ကျောက်ပန်းတောင်းမြို့နဲ့ နီးတယ်၊ ၃၄ မိုင်ပဲဝေးတာ၊ မြန်မာပြည်က ပုပ္ပါးတောင် ကြားဖူးလား၊ ထွန်းတို့ဆီကနေ ၈ မိုင်လောက်ပဲ သွားရတာ''

''သိတယ်၊ သိတယ်၊ နတ်တွေနေတဲ့တောင်''

ကေ ပြောတာကို သဘောကျလို့ ထွန်းက ရယ်လိုက်တယ်။

''ကေက နတ်ဆိုတာသိလို့လား''

''သိတာပေါ့၊ မင်းကြီး၊ မင်းကလေးတို့၊ ပုပ္ပါးမယ်တော်တို့၊ ကိုကြီးကျော်၊ မနဲ့လေး''

ကေ့ ဗဟုသုတကို ထွန်းက အရမ်းသဘောကျခဲ့တယ်။

''ဟုတ်ပါတယ်၊ ကေက မြန်မာမလေးပါ''

ကေတို့နှစ်ယောက် အလုပ်ဝင်တဲ့နှစ်မှာ ရည်းစားဖြစ်ကြတယ်။ ထွန်းကိုချစ်တဲ့ ကေက ပိုမြန်မာဆန်ချင်လာတယ်။ သနပ်ခါး ပါးကွက် လိမ်းကြည့်တဲ့ ကေ့ကို သူငယ်ချင်းတွေက သဘောကျကြတယ်။ ထဘီကို ခါးပတ်ပတ်ပြီး ပွဲလမ်းသဘင်ရှိတိုင်းဝတ်တော့ 'ကြိုးစားလိုက်အုံး' လို့ စကြတယ်။

''ပဲစားတာလည်း ကျင့်အုံးနော်'' လို့ ပြောကြတယ်။ ထွန်းက သူ့ကို 'အညာသား' လို့ခေါ်ရင် သိပ်သဘောကျတာ။ ပဲဆိုရင် လည်း အကုန်ကြိုက်တာ။

ခုတော့ မေမေတို့က ဒေါ်လေးကို အဖော်ထည့်ပြီး ထွန်းတို့အညာကို ဆွေပြမျိုးပြ လိုက်ပေတော့တဲ့။

✣ ✣ ✣ ✣ ✣ ✣

ရန်ကုန်ရောက်တော့ ကေတို့က ဖွားဖွားဆီ နှစ်ရက်လောက်သွားနေရသေးတယ်။ ရွှေတိဂုံဘုရားကြီးကို ထွန်းနဲ့အတူ သွားဖူးကြတော့ ကြည်နူးလိုက်တာ။ စင်ကာပူက အလှအပတွေ အကုန်ငုံဆင်းသွားတယ်၊ သိလား။

''ကေတို့ဆီမှာ ဒီလို တန်ခိုးကြီးပြီး အုံ့ဩစရာဘုရားမရှိဘူး ထွန်းရယ်'' ဆိုတော့–

''ကေ . . . မြန်မာပြည်မှာ မနေချင်ဘူးလား'' တဲ့။

''နေချင်လို့မဖြစ်သေးလို့ပေါ့၊ ဖေဖေတို့ ဒီကိုပြန်လာရင်လာ၊ ဒါမှမဟုတ် ကေတို့ဒီမှာ ကုမ္ပဏီပြောင်းဖွင့်ရင်ပေါ့''

စိတ်ကူးဇာနဉ် ဝေဝေဝါးဝါးလေး။

ရန်ကုန်မြို့က ကမ္ဘာအေးဘုရား၊ ဆူးလေဘုရား၊ ဗိုလ်တထောင်ဘုရားတွေ အနှံ့သွားကြတော့ ကေ့ရင်မှာ ကြည်နူးမှုဆိုတဲ့ အရသာလေး ခံစားမိတယ်။

တစ်ရက်မှာတော့ ဖွားဖွားမိတ်ဆွေတစ်ယောက်ရဲ့မြေး မင်္ဂလာဆောင်ကို ဆီဒိုးနားဟိုတယ်မှာ စုလျားရစ်ပတ်လက်ထပ်မှာ ဆိုလို့ လိုက်သွားခဲ့ကြတယ်။

သတို့သားနဲ့ သတို့သမီးက တကယ့်မင်းသား၊ မင်းသမီးလေးတွေလို ဝတ်ထားတာ၊ ယောကျ်ားလေး ခေါင်းပေါင်းပေါင်းတာ အပြင်မှာ ဒီတစ်ခါပဲမြင်ဖူးတာလေ။ သတို့သမီးဝတ်စုံနဲ့ ပြင်ဆင်ထားတာ လှလိုက်တာ။ ပြင်ထားတဲ့ ပန်းတွေကလည်း လှလည်းလှ၊ မွှေးလည်းမွှေးပဲ။

''ဖွားဖွား . . . သမီးလည်း အဲဒီလို မင်္ဂလာဆောင်ချင်တယ်''

''အေး . . . အဲဒီလိုဆောင်ချင်ရင် မြန်မာပြည်မှာ ပြန်လာဆောင်ပေါ့'' တဲ့။

ဒီတစ်ခုလည်း ကေ တေးမှတ်ထားလိုက်ပြီ။

✣ ✣ ✣ ✣ ✣ ✣

'လေယာဉ်နဲ့ ပုဂံကိုသွားပြီး လည်ပတ်



ပြီးမှ ကျောက်ပန်းတောင်သွားပေါ့'လို့ ဖွားဖွားက ပြောပေမယ့် ထွန်းတို့ကားက လာကြိုနေပြီမို့ 'ကားနဲ့ပဲသွားချင်တယ်'လို့ ပြောပြီး လိုက်လာမိတာ မှန်သွားတယ်။

လမ်းမှာ စိမ်းစိုလှပတဲ့ လယ်ကွင်းတွေ မြင်ရတယ်။ သစ်ရိပ်ဝါးရိပ်တွေ မြင်ရတယ်။ မြစ်တွေ၊ ချောင်းတွေ မြင်ရတယ်။ တောတွေ တောင်တွေ မြင်ရတယ်။ ကြည့်ချင်တဲ့ နေရာမှာ ကားရပ်ပြီး ကြည့်လို့ရတယ်။ ဘုရားတွေလည်း ဆင်းဖူးလို့ရတယ်။ မနက်အစောကြီး ထလာရပေမယ့် ပျော်လို့ရွှင်လို့ လန်းလို့ပါပဲ။

'ပြည်မြို့က ရွှေဆံတော်ဘုရား'ဆိုတာ မေမေပြောလို့ ကြားဖူးတယ်။ လေ့ကားအမြင့်ကြီးတက်ရတာ ပျော်စရာပဲ။ ဖေဖေက ပြည်မြို့သားလေ။ ဖေဖေမွေးတဲ့နေရာဆိုတော့ သေချာကြည့်ခဲ့မိတယ်။ ပြီးတော့ ဒီနေရာလေးတွေမှာ ဖေဖေ့ခြေရာလေးတွေ ရှိနေမှာပဲဆိုပြီး နောက်တစ်ခါလာရင် ဖေဖေနဲ့ ပြည်မြို့ကို ဝင်လည်မယ်လို့ တေးမှတ်ထားခဲ့တယ်။

ရန်ကုန်နဲ့ ပြည်က ၁၈၀ မိုင်တဲ့။ တော်တော် ခရီးရောက်ပြီပေါ့နော်။

ပြည်ကျော်ရင် အောင်လံ၊ တောင်တွင်းကြီးတဲ့။ တကယ့်အညာဒေသရောက်ပြီပေါ့။ ဘယ်နေရာမှာ ကြည့်လိုက် ကြည့်လိုက် တောတောင်အလှတွေက တကယ့် သဘာဝပန်းချီကားတွေပဲ။ နိုင်ငံခြားတွေမှာ လှတာတွေက အပြင်အဆင် အခြယ်အသတွေနဲ့လေ။

ညတော်တော်မိုးချုပ်မှ ကျောက်ပန်းတောင်းရောက်တယ်။ ညဘက်ဆိုတော့ ဘာမှမမြင်ရဘူးလေ။ မြို့ကြီးက မီးရောင်တွေနဲ့ စည်ကားနေပါတယ်။ ထွန်း ဖေဖေနဲ့ မေမေက ကေ့ကိုတွေ့တော့ 'သမီးလေးက လှလိုက်တာ'ဆိုပြီးပဲ တဖွဖွပြောနေတာ။ ထွန်းအစ်မတွေ၊ အစ်ကိုတွေ၊ ဦးလေးဒေါ်လေးတွေ လူစုံတက်စုံ စောင့်နေကြတာ။ ကေတို့ ရေချိုးပြီး ညစာကို တပျော်တပါး စားကြတယ်။

ဆွေပြမျိုးပြဆိုတဲ့အတိုင်း ဆွေစုံမျိုးစုံ အုတ်အုတ်ကျက်ကျက်၊ ပွင့်ပွင့်လင်းလင်း ပျော်စရာကောင်းလိုက်တာ။ ကေနဲ့ ဒေါ်လေးလည်း ချက်ချင်းပဲ သူတို့နဲ့ တစ်သွေးတည်း၊ တစ်သားတည်းလို ဖြစ်သွားတယ်။

> ပြည်မြို့က ရွှေဆံတော်ဘုရားဆိုတာ မေမေပြောလို့ ကြားဖူးတယ်။ လေ့ကားအမြင့်ကြီးတက်ရတာ ပျော်စရာပဲ။ ဖေဖေက ပြည်မြို့သားလေ။ ဖေဖေမွေးတဲ့နေရာဆိုတော့ သေချာကြည့်ခဲ့မိတယ်။ ပြီးတော့ ဒီနေရာလေးတွေမှာ ဖေဖေ့ခြေရာလေးတွေ ရှိနေမှာပဲဆိုပြီး

ထွန်းကပြောတယ်–

''ဒါ···တို့မြန်မာလူမျိုးစစ်စစ် အညာသားတွေရဲ့ ပုံစံပဲ ကေရဲ့၊ လုံးဝ ဟန်ပန်မရှိဘူး''

လူတွေကတင် ပွင့်လင်းတာမဟုတ် ဘူးနော်၊ ထမင်းဝိုင်းမှာ အညာထောင်းဆိုလို့ စားကြည့်လိုက်တာ အားပါး···ငရုတ်သီးထောင်းကလည်း လူကို တစ်ခါတည်း ပွင့်ထွက်သွားတာပဲ။



ကျောက်ပန်းတောင်မြို့ဆိုတာ ကေ့စိတ်ကူးထဲကမြင်ကွင်းနဲ့တခြားစီပဲ။ တကယ့်သစ်လွင်နုပျိုပြီး တောက်ပနေတဲ့မြို့လို့ ပြောရမယ်လေ။ ရာသီဥတုလေးကလည်း ဆောင်းတွင်းပေမယ့် အရမ်းမချမ်းသေးဘူး။

စတိုးဆိုင်ကြီးတွေ၊ လက်ဖက်ရည်ဆိုင်ကြီးတွေကလည်း သားသားနားနား။ ပြီးတော့ ကျောက်ပန်းတောင်းမြို့မှာ မုဒိတာ၊ သုဂတိရှင်၊ တင်ဆွေရတနာ စတဲ့ စေတနာပန်းတွေကလည်းဝေလို့လေ။ လူမှုကူညီမှု စိတ်ဓာတ်လေးတွေပေါ့။

ညဘက်မှာ အာလူးကြော်ထုပ်တွေ ထွန်းမေမေ ဝယ်လာတော့ ကေ တကယ် အံ့သြသွားတယ်။ အကြီးကြီးတွေ။ တစ်တောင်ကျော်လောက် ရှိမလားပဲ။ စားလို့ အရမ်းကောင်းတာ၊ ဘယ်လိုပြောပြရမလဲ မသိ။

''ကောင်းမှာပေါ့၊ ဒီမှာ ပဲဆီကလည်း ကောင်းတယ်လေ'' ပဲဆီသန့်သန့်နဲ့ ကြော်ထားတော့ စိမ့်နေတာပဲ။ လက်ဖက်ထုပ် ဖောက်တော့လည်း ပဲဆီတွေရွှဲလို့။ ချဉ်ချဉ်စပ်စပ်နဲ့မို့ ရှူးရှဲပေါ့။ လက်ဖက်သားစစ်စစ်ကို လုပ်ထားတာမို့ လက်ဖက်အရသာကလည်း အပြည့်၊ ပုစွန်ခြောက်ပါ အပြီးပါပြီးသား။

''ကေကြိုက်ရင် စင်ကာပူကို ထည့်ပေးလိုက်မှာ''လို့ ထွန်းမေမေကပြောတော့ ကေ့မှာ ဝမ်းသာအားရ 'အိုကေ'ပေါ့။

ကျောက်ပန်းတောင်းမြို့ဟာ ဗုဒ္ဓဘာသာဝင်စစ်စစ်တွေနေတဲ့မြို့။ ဘာသာခြားတွေ နေလို့မရတဲ့မြို့လေးမို့ ဘယ်လောက်မြန်မာဆန်ပြီး စည်းလုံးကြသလဲနော်။ ဂုဏ်ယူစရာပဲ။

ဒါတွေဟာ မှတ်စရာတွေများတဲ့ အမှတ်တရတွေပဲ မဟုတ်လား။

✣ ✣ ✣ ✣ ✣ ✣

''စိမ်းစိမ်းညို့ညို့ မို့မို့မားမား''လို့ သီချင်းထဲမှာ ကြားဖူးတာ တကယ်ပေါ့နော်။ ကြည့်ပါအုံး တောင်မကြီးတစ်ခုလုံး သစ်ပင်သစ်တောတွေဝေလို့။

ပုပ္ပါးတောင်ကလပ်ဆိုတာလည်း ကလပ်လေးလို့ ထူးထူးခြားခြား။

ကျောက်ပန်းတောင်းက ဓမ္မိင်လောက် သာဝေးတာမို့ ကျောက်ပန်းတောင်းရောက်ရင် ပုပ္ပါးရောက်ပြီပေါ့နော်။

''ထွန်းရေ...ပူနောင်ချုပ်ခြိမ်းနဲ့ နတ်သံနှောမှာလား''ဆိုတော့ ''သိပ်လှအောင် ပြင်မသွားနဲ့နော်၊ မင်းကြီး မင်းကလေးကောက် သွားအုံးမယ်''လို့ ထွန်းပြောခဲ့တာ သတိရသေးတယ်။

အနားရောက်တော့ တောင်ရဲ့အလှက ပေါ်လွင်လာတယ်။ ဒီနေ့မှာ ထွန်း ကင်မရာရဲ့ မော်ဒယ်က ကေပဲလေ။ ပုပ္ပါးတောင် တက်ကြတော့ မျောက်တွေက ကေ့လက်ထဲက ငှက်ပျောသီးတွေလာလုလို့ ရယ်လိုက်ရတာ၊ အတော်ဆိုးတဲ့ကောင်တွေ။

လှေကားမှ စျေးတန်းမှာ တွေ့သမျှ ကေ့အတွက် အထူးအဆန်းတွေပဲ။ စာရေးတဲ့ ဘောလ်ပင်တောင် သစ်သားနဲ့ထွင်းလုပ်ထားတာ။ လက်ရာမြောက်လို့ ဖေဖေ့အတွက် အမှတ်တရဝယ်ဖြစ်ခဲ့တယ်။ မေမေ့အတွက်တော့ ဝါးကို ယင်းလိပ်လုပ်ပြီး ချုပ်ထားတဲ့ အိတ်လေး။ ဘာမှ တန်ဖိုးမရှိလှပေမယ့် မြန်မာမှုလက်ရာမို့ ကေအတွက်က အဖိုးမဖြတ်နိုင်ပါဘူး။

ပြီးတော့ လှေကားမှာ ကြာဇံဟင်းခါးနဲ့ ထောင်းခနဲမွှေးတာနဲ့၊ သဘော်သီးသုတ်နဲ့ ဟင်းခါးဝယ်စားလိုက်တယ်။ ကေ့ ခံတွင်းနဲ့ အတော်ပဲ၊ စားလို့ကောင်းတာ။ ထွန်းက ''ကေ စားလို့ရရဲ့လား၊ အစပ်တွေကို''လို့ ပြောတော့ ''ကေ ကျင့်ထားပြီးသားပါ''လို့ ပြောလိုက်တယ်။

''တောင်ပေါ်တက် ဘုရားမဖူးသေးဘူး၊ ရှောပင်ထွက်နေပြီလား''လို့ ထွန်းက စနေပေမယ့် ကေဝယ်သမျှ သူက လိုက်ပို့က်ဆံရှင်းပေးနေတာလေ။

ဟိုမှာ မတွေ့ဘူးတဲ့ ပစ္စည်းတွေ လျှောက်ဝယ်နေလို့ ''အပြန်ကျမှ ဝယ်ပါ၊ ခု သယ်နေရအုံးမယ်''လို့ ထွန်းကပြောပေမယ့် ကေက ဝယ်ချင်နေတော့ ဝယ်ခဲ့တော့တာပဲ။

ဘုရားဖူးဖို့ တောင်ပေါ်ရောက်တော့ ညောင်းလို့ခဏထိုင်နေပြီး၊ ဘုရား အေးအေးဆေးဆေးဖူး။ တောင်ပေါ်က တောင်အောက်တွေကို လှမ်းကြည့်တော့ အမြင့်ကမြင်ရတဲ့မြင်ကွင်းက အရမ်းလှတာ။ လေတွေကလည်း အေးစိမ့်လို့။ တောင်ဆိုတာ မြင့်တာပေါ့၊ တောဆိုတာ စိမ်းစိုလို့။

''ပုပ္ပါးမောင် တောင်ကတုံးကို ယောင်ထုံးတော့မယ်''လို့ စာထဲမှာ ဖတ်ထားတဲ့ အတိုင်း တစ်ချိန်က တောင်ကတုံးတောင်၊ အခု စိမ်းစိုပြီး သစ်ပင်ဝါးပင်တွေ ပေါနေတာမို့ ယောင်ထုံးထားပြီပေါ့။

ဒီတော့ ကျောက်ပန်းတောင်မြို့ကြီးလည်း နုပျိုလာတာ မဆန်းဘူးပေါ့နော်။ မေမေ ပြောပြထားတာနဲ့ တခြားစီပဲ။



ကေတို့က ကြာကြာနေလို့ မဖြစ်တော့ နောက်တစ်နေ့မှာ ပုဂံကိုသွားပြီး ဘုရားတွေ ဖူးမယ်။ သရပါဟိုတယ်မှာတည်းပြီး နောက်ရက်မှာ လေယာဉ်နဲ့ပြန်ကြမယ်ပေါ့။ ထွန်း ဖေဖေက ကေလုပ်ချင်တဲ့ အစီအစဉ်တွေ အကုန်လုပ်ပေးထားတာ။

ကေ သိပ်ရောက်ချင်တဲ့ ပုဂံလေ။ ဇော်ဝင်းထွဋ်ဆိုတဲ့ 'မဟာ'ဆိုတဲ့ သီချင်းကို ကေ သိပ်ကြိုက်တာ။ ကေတို့ဆီမှာ လူကြိုက်များတယ်လေ။

ပုဂံမြေအလှကတော့ ဘယ်နိုင်ငံ ဘယ်မြို့မှာမှ ရှာမရနိုင်ဘူးလေ။ မနက်စောစော ရောင်နီဦးမှာတွေ့ရတဲ့ ပုဂံမြို့အလှက ပန်းဖူးလေးနဲ့ တူနေပါတယ်။ အရင်က ကြားဖူးထားတဲ့ (မေမေပြောပြတာ) ပုဂံဆိုတာ ဘုရားအို ကျောင်းပျက်တွေများစွာနဲ့၊ အတိတ်ရဲ့ ကျိန်စာပုံပြင်တွေနဲ့တဲ့။ ပုဂံမင်းတွေလက်ထက်မှာ အောင်စည်တွေတီးပြီး စစ်ပွဲပြန်လာကြတဲ့အသံတွေလိုလို၊ ကျားကျားလျားလျား ပုဂံသားတွေရဲ့ အားမာန်တဝင့် စစ်ချီတက်ကြ၊ ပုဂံဘုရားတွေမှာ လာဆုတောင်းကြ၊ ပြီးတော့ သူတို့တွေလည်း အမှတ်တရ ဘုရားတွေ တည်ခဲ့တာ။

တကယ့်မြင်ကွင်းမှာ ထီးလိုမင်းလို၊ ရာဇာမဏ္ဍိတို့ စတဲ့ နီမောင်းတဲ့ အုတ်စီတံတိုင်းတွေနဲ့ ဘုရားခန့်ခန့်ညားညားတွေ၊ အာနန္ဒာဘုရားလို သပ္ပါယ်ပြီး လက်ရာမြောက်တဲ့ဘုရားတွေ၊ တန်ဖိုးကြီးမားတဲ့ ရွှေစည်းခုံဘုရားတွေ...ပုဂံဘုရားတိုင်းဟာ သူ့သမိုင်းကြောင်းနဲ့သူ အဓိပ္ပါယ်တွေရှိနေကြတာ။ ကမ်းစပ်မှာရှိတဲ့ 'ပူးဘုရား'တို့၊ 'လောကနန္ဒာ'တို့ဟာ အလွန်ကြည်နူးစရာပဲ။

စွယ်တော်လေးဆူ နေ့ချင်းဖူးဆိုလို့ မနက်အစောကြီးထပြီး အပြေးအလွှား ကားနဲ့ ပြေးဖူးတာ နေ့မွန်းမတည့်ခင် (၁၂နာရီ)မှာ စွယ်တော်ဘုရားလေးဆူဖူးပြီး ဆုတစ်ခု

တည်း တောင်းရမယ်တဲ့။

ထွန်းက ''ဘာဆုတောင်းလဲ''တဲ့။ ကေက ရယ်နေလိုက်တော့–

''ထွန်းတော့ ကေနဲ့ ဘယ်တောမှမခွဲပါရစေနဲ့လို့ တောင်းတယ်''တဲ့။

ဆုတွေပြည့်ဖို့တော့ တောင်းကြတာပဲပေါ့ ထွန်းရယ်–

ကေကတော့ ထွန်းနဲ့ ဆွေပြမျိုးပြ၊ အညာဘုရားဖူးခရီးလေးသွားရတာ ပျော်စရာကောင်းလိုက်တာ။ ရုပ်ပုံတွေထဲကနေ စိတ်ကူးနဲ့သာသွားခဲ့ရတဲ့ ပုပ္ပါးတောင်နဲ့ အညာဒေသ ကျောက်ပန်းတောင်း၊ ပုဂံမြေတို့ကို ရောက်ရတာ ကျေနပ်နေမိတယ်။

''ထွန်းနဲ့သွားရတာရော''လို့ မေးခဲ့ရင်တော့ ''စင်ကာပူမှာလည်း ထွန်းနဲ့ လည်ခဲ့တာပဲလေ၊ မတူပါဘူး''လို့ ပြောဖြစ်မှာပဲ။

မြန်မာအနုံအသက်ပီပီရခဲ့တဲ့ ဒီနေရာလေးတွေ၊ အထူးသဖြင့် စိတ်ကူးယဉ်ခဲ့မိတဲ့ ပုဂံ။ သိပ်ရောက်ချင်ခဲ့တဲ့ ပုပ္ပါး၊ ထွန်းတို့ရဲ့ ချစ်စရာမိသားစုရှိတဲ့ ကျောက်ပန်းတောင်း။

''နောက်လာခဲ့အုံးနော်''

''မြန်မြန်လက်ထပ်ဖို့ ပြန်ခဲ့နော်''

''ပျော်တယ်မဟုတ်လား သမီး၊ ကျေနပ်တယ်မဟုတ်လား သမီး၊ မျှော်နေမယ်နော်''

လေယာဉ်မတက်ခင်မှာ ဆွေမျိုးဖြစ်လာမယ့်သူတွေရဲ့ နှုတ်ဆက်သံ။ အမှာစကားတွေနဲ့ အမှတ်တရများစွာတွေကို ကေ သယ်ဆောင်ခဲ့ပါတယ်။

လေယာဉ်ပေါ်ရောက်တဲ့အထိ ထွန်း သိချင်နေတဲ့ အမေးစကားလေးကို မဖြေရသေးဘူးနော်။

ကေကတော့ ထွန်းနဲ့ ဆွေပြမျိုးပြ၊ အညာဘုရားဖူးခရီးလေးသွားရတာ ပျော်စရာကောင်းလိုက်တာ။ ရုပ်ပုံတွေထဲကနေ စိတ်ကူးနဲ့သာသွားခဲ့ရတဲ့ ပုပ္ပါးတောင်နဲ့ အညာဒေသ ကျောက်ပန်းတောင်း၊ ပုဂံမြေတို့ကို ရောက်ရတာ

''ဒီနေရာလေးတွေ ပြန်လာရဖို့ ဒီလူနဲ့ အမြန်ဆုံးဆုံစည်းရပါစေ''လို့ ဆုတောင်းခဲ့တာလေ။

တက္ကသိုလ်အေးမြစန္ဒာ



မီးစက်ရှိပေမယ့် လိုအပ်မှသုံးပါတယ်

ကျွန်တော်မိတ်ဆွေတစ်ယောက်က လမ်းမဟုတ်တဲ့လမ်းတွေကိုကြုံက်တယ်။ တစ်နေ့ လူအများသွားလေ့သွားထမရှိတဲ့ လမ်းဟောင်းတစ်ခုသွားရင်း မိတ်ဆွေတစ်ဦးနဲ့ စကားလက်ဆုံကြတယ်။

နောက်တော့ အဲဒီမိတ်ဆွေကြီးက သူ့အိမ်ကိုဖိတ်ခေါ်တာနဲ့ လိုက်သွားလိုက်တယ်။ အိမ်ထဲမှာ နည်းနည်းမှောင်နေတာနဲ့ အိမ်ရှင်ဖြစ်သူ မိတ်ဆွေကြီးကထပြီး ရေနုံဆီမီးခွက်ထွန်းတယ်။

''ခင်ဗျား လျှပ်စစ်မီးစက်က ပျက်သွားလို့လား''လို့ ကျွန်တော့် မိတ်ဆွေက စပ်စုလိုက်တော့ ထိုမိတ်ဆွေကြီးက–

''အေးဗျာ၊ အပြင်ဘက်မှာ လေအားနဲ့လည်တဲ့ မီးစက်နဲ့ လျှပ်စစ်ရအောင် လုပ်နိုင်ပေမယ့် ကျွန်တော်က တကယ်လိုအပ်မှ သုံးတယ်ဗျ၊ အခု ကျွန်တော့်မှာ ရေနုံဆီရှိနေသေးတယ်လေ''လို့ ပြန်ရှင်းပြပါတယ်။

မောင်သီဟ





ဘုန်း၊ မြန်မာပြည်၊ တရားအိမ်နီးချင်းများ



တစ်စုံတစ်ယောက် ဒုက္ခရောက်နေကြောင်းကို အိမ်နီးချင်းတစ်ဦးက သတင်းပို့သည်နှင့် တစ်ပြိုင်နက် အိမ်နီးချင်းကောင်း အဖွဲ့ဝင်များမှာ အလုပ်များကြတော့သည်။

တိုနီကပ်ကိုလိုအား လွန်ခဲ့သော ဆယ်နှစ်ကစ၍ နယူးယောက်မြို့၊ ဆတ်ဖန်အရပ်တွင် စတင်သိရှိခဲ့ပါသည်။ ထိုစဉ်က တစ်ရက်တွင် သူသည် ကျွန်တော်တို့အား သူ့အိမ်သို့ဖိတ်ခေါ်၍ ကျွန်တော်တို့ မိတ်ဆွေတစ်စုကို ကူညီရန် သူ စိတ်ကူးထားသည့် အကြံအစည်ကို ပါဝင်ဆွေးနွေးစေပါသည်။ ထိုဆွေးနွေးပွဲသို့ လူတန်းစားပေါင်းစုံ တက်

ရောက်ကြသည်။ နေ့လယ်စာရောင်းသော ကားပိုင်ရှင်၊ ကျော်ကြားသော ကလေးဆေးကုဆရာဝန်တစ်ဦး၊ မီလျံနာ တစ်ယောက်၊ ရေပိုက်တပ်ဆင်သူ၊ သွားစိုက်ဆရာဝန်၊ ဖိနပ်ချုပ်သူ၊ ကုန်စုံဆိုင်ပိုင်ရှင်နှင့် လူတန်းစားအဆင့်ဆင့်တို့ ပါဝင်ကြသည်။ တိုနီက ဒေသအတွင်း လျှုဒါန်းရန် စုထားသော ငွေအမြောက်အမြားကို အကူအညီလိုသူများအား ပေးနေကြသည်ကို သူကြားသိရကြောင်း၊ ၎င်းပြင် အနီးအနားမြို့တစ်မြို့တွင် ဆင်းရဲသားများကို ဒေါ်လာ (၄၀၀၀) လှူဒါန်းသည်ကို သူကြားကြောင်း၊ ဝန်ထမ်းများ၏ လစာကို ဒေါ်လာ(၃၆၀၀) အထိ တိုးပေးရကြောင်းကို သူသိရကြောင်း ထိုအတွက် သူစိတ်မကောင်းဟု ပြောပြသည်။

တိုနီက ထိုအဖြစ်အပျက်ကို သူ မယုံကြည်ကြောင်း၊ တစ်ခုခုလုပ်လိုကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ အိမ်နီးချင်းများအား ခေါ်ယူဆွေးနွေးခြင်းဖြစ်ကြောင်း ပြောပြလေသည်။

''ကျွန်တော့်မှာ စိတ်ကူးထားတဲ့အကြံရှိပါတယ်''ဟု သူက ရှင်းပြသည်။ ''မရှိဆင်းရဲသားတွေကိုကူညီဖို့ အဖွဲ့တစ်ဖွဲ့ ဖွဲ့ချင်ပါတယ်၊ လူတိုင်းဟာ တတ်နိုင်သလောက် ထည့်ဝင်လှူဒါန်းစေချင်ပါတယ်၊ ခင်ဗျား သူ့ကို အလုပ်တစ်ခုမပေးနိုင်ရင် ဖိနပ်တစ်ရံ ဝယ်ပေးလိုက်ပါ၊ ဒါမှမဟုတ် သူသွားကို ဖာပေးလိုက်ပါ၊ လက်တွန်းလှည်းတစ်စီး ငှားလိုက်ပါ၊ ဒါမှမဟုတ် သူ့အိမ်အိုးကို ဖာပေးလိုက်ပါ၊ ခင်ဗျားရဲ့အိမ်နီးချင်းဟာ ဒုက္ခရောက်နေရင် သူ့ခမျာ ဘာကိုမှ စူးစမ်းနိုင်တော့မှာမဟုတ်ဘူး၊ အကူအညီပဲ လိုနေတော့မယ်၊ ဒေါက်တာတွေ သွားစိုက်ဆရာဝန်တွေ၊ လက်သမားတွေ၊ ပိုက်ဆက်သူတွေ၊ အိမ်ရှင်မတွေအားလုံး ဒီလုပ်ငန်းမှာ ပါဝင်သင့်ပါတယ်။ ခင်ဗျားတို့အနေနဲ့ လုပ်အားအကူအညီမပေးနိုင်ရင်ငွေကြေးနဲ့ ကူညီနိုင်ပါတယ်၊ ပြီးတော့ အဲဒီငွေကြေးကို ဈေးနှုန်းအသက်သာဆုံးဖြစ်အောင် သုံးစွဲရမယ်၊ ဒါမှ ဒေါ်လာတိုင်းဟာ တန်ဖိုးရှိလာလိမ့်မယ်''

လွန်ခဲ့သော ဆယ်နှစ်က တိုနီ၏ Good Neighbour Plan အိမ်နီးချင်းကောင်း စီမံကိန်းဖြစ်သည်။ ထိုအချိန်က ဆောင်ပုဒ်ဖြစ်သော "Their Brothers Keeper" ကူညီရိုင်းပင်း ညီအစ်ကိုချင်းကို ယခုတိုင် သုံးစွဲနေတုန်းဖြစ်သည်။ ဘာမျှ မထူးဆန်းသည်ကို သင်သိပါလိမ့်မည်။ မည်သည့် အဖွဲ့အစည်းမဆို ထိုအလုပ်မျိုးကို လုပ်နိုင်လေသည်။ ''ဒါဟာ ရိုးရိုးနဲ့ လက်တွေ့ လုပ်နိုင်တဲ့အလုပ်ပါ''ဟု တိုနီကပြောခဲ့သည်။ တစ်စုံတစ်ယောက် ဒုက္ခရောက်နေကြောင်းကို အိမ်နီးချင်းတစ်ဦးကသတင်းပို့သည်နှင့်တစ်ပြိုင်နက် အိမ်နီးချင်းကောင်းအဖွဲ့ဝင်များ အလုပ်များကြတော့သည်။ ဥပမာ ဘွဲ့ယူရန်အတွက် မိန်းကလေးတစ်ဦးတွင် ဝတ်စုံအဖြူမရှိသည့် ပြဿနာ



မရှိဆင်းရဲသားတွေကိုကူညီဖို့ အဖွဲ့တစ်ဖွဲ့ ဖွဲ့ချင်ပါတယ်၊ လူတိုင်းဟာ တတ်နိုင်သလောက် ထည့်ဝင်လှူဒါန်းစေချင်ပါတယ်၊ ခင်ဗျား သူ့ကို အလုပ်တစ်ခုမပေးနိုင်ရင် ဖိနပ်တစ်ရံဝယ်ပေးလိုက်ပါ၊ ဒါမှမဟုတ် သူ့သွားကို ဖာပေးလိုက်ပါ၊ လက်တွန်းလှည်းတစ်စီး ငှားလိုက်ပါ၊ ဒါမှမဟုတ် သူ့အိမ်အိုးကို ဖာပေးလိုက်ပါ...

မျိုး၊ မိသားစုကျန်းမာရေး မကောင်းသဖြင့် ထိုကဲ့သို့ အဝတ်အစားမဝယ်နိုင်သည့် ကိစ္စမျိုးတွင် သတင်းပို့ပြီး မကြာခင်မှာပင် လှုပသော ဝတ်စုံအဖြူသည် မျက်လှည့်ပြသလို ရောက်လာတော့သည်။

မကြာခင်က အနီးပတ်ဝန်းကျင်ရှိ မြို့တစ်မြို့တွင် အိမ်တစ်လုံး မီးလောင်ပြာကျသွားခဲ့သည်။ ကလေးငယ်နှစ်ယောက်သည် အိမ်ထဲမှာပိတ်မိပြီး မီးလောင်သေဆုံးသွားခဲ့ရှာသည်။ မိသားစုမှာ ဘာပစ္စည်းမျှမရလိုက်ခဲ့ပေ။ The Good Neighbours အဖွဲ့ဝင်များသည် အိမ်တစ်အိမ်ငှားပြီး ပရိဘောဂများ ဖြည့်တင်းကြသည်။ ကလေးငယ်များအတွက် သင်္ကြိုလ်စရိတ်ကိုလည်းကျခံသည်။ မိသားစုအား အဝတ်အစား၊ အစားအသောက်နှင့် ငွေကြေးထောက်ပံ့သည်။ ဤကိစ္စအားလုံးကို ၂၄ နာရီအတွင်း ဆောင်ရွက်နိုင်ခဲ့ကြသည်။ ကြိုးနီစနစ်မရှိပေ။

စစ်အတွင်းကာလတစ်လျှောက်လုံး တိုနီ၏အမည်သည် သတင်းစာမျက်နှာဖုံးများတွင် ပါလာတတ်သည်။ နယူးယောက်ပြည်နယ်အတွင်းရှိ လူမှုရေးအဖွဲ့အစည်းအသီးသီးသည် လေကြောင်းတိုက်ခိုက်မှုနှင့် ဗုံးကြဲမှုကိုကာကွယ်ရန် လိုအပ်ချက်များကို တင်ပြကြရသည်။ တိုနီတို့ ဒေသရှိ အဖွဲ့ခွဲက ဒေါ်လာ (၁၆၀၀၀) တန်ဖိုးရှိသော ကိရိယာတန်ဆာပလာများ လိုအပ်ကြောင်း တင်ပြသောအခါ တိုနီက ကန့်ကွက်လေသည်။ ''ဒီပစ္စည်းတွေအားလုံးကို ဝယ်စရာမလိုပါဘူး၊ ဒီအထဲက အချို့ပစ္စည်းတွေဟာ ကျွန်တော်တို့မှာ ရှိပြီးသားပါ၊ ကဲ–ပစ္စည်းစာရင်းကို ကြည့်ကြရအောင်''

တိုနီသည် အဖွဲ့ဝင်များ၏အိမ်များတွင် သေသေချာချာ လိုက်ရှာသည်။ အထပ်ခိုးများ၊ မြေတိုက်ခန်းများမှ လိုအပ်သော

ကျွန်တော်အလုပ်သမားတွေကြောင့် ဘာဖြစ်လို့ ဒုက္ခရောက်ရမှာလဲ၊ သူတို့လုပ်တဲ့ အလုပ်တိုင်းကို ကျွန်တော်လုပ်ခဲ့ဖူးတယ်၊ သူတို့ခံစားချက်ကို ကျွန်တော် နားလည်တယ်၊ ကျွန်တော့်စိတ်နဲ့နှိုင်းယှဉ်ပြီး သူတို့ကို ဆက်ဆံတယ်၊ မိတ်ဆွေလို၊ အိမ်နီးချင်းလို ဆက်ဆံတယ်...

ပစ္စည်းများရကြသည်။ ဓာတ်ငွေ့ကာမျက်နှာဖုံးများသာ မရပေ။ သစ်ပင်ရေဖြန်းသော ပိုက်များကို သိုင်းကြိုးများအဖြစ် အသုံးပြုနိုင်လေသည်။ ပေါက်ပြား၊ ပေါက်ချွန်း၊ ပုဆိန်၊ ရေပုံးများကို မီးငြိမ်းသတ်ရာတွင် အသုံးပြုနိုင်ကြသည်။ ထရပ်ကားများနှင့် စတေရှင်ဝက်ဂွန်းကားများကို တန်းစီထားနိုင်အောင် ရလာခဲ့သည်။ ဆောက်လုပ်ရေးလုပ်ငန်းတွင် အသုံးပြုသော ဟယ်လ်မက်သည် လေကြောင်းရန်ကို စောင့်ကြပ်သူများ၏ ဦးထုပ်ဖြစ်လာသည်။ တိုနီ၏ ရိုးစင်းသော စိတ်ကူးကြောင့် ဒေါ်လာ (၁၆၀၀၀) နီးပါး အကုန်အကျသက်သာသွားပြီး သူ နမူနာကို အားလုံးပင် အတုယူလာကြသည်။

တိုနီသည် လွန်ခဲ့သော နှစ်ပေါင်း(၄၀) က အီတလီမှ အမေရိကန်ပြည်ထောင်စုသို့ ပြောင်းလာခဲ့ပြီး၊ လူငယ်အလုပ်ကြမ်းသမား အဖြစ် ဘဝကိုစတင်ခဲ့သည်။ ထို့နောက် လေးလမ်းသွား အဝေးပြေးလမ်းမကြီးများကို ဖောက်လုပ်တည်ဆောက်သူ ဖြစ်လာခဲ့လေသည်။ သူတွင် အလုပ်သမား (၅၀၀) ခန့် အသင့်ရှိပြီး မည်သည့်အချိန်တွင်မှ အလုပ်သမားပြဿနာ မကြုံခဲ့ရပေ။ ဤကဲ့သို့ အဆင်ပြေအောင် အဘယ်ကဲ့သို့ လုပ်ပါသနည်းဟု အမေးရှိပါက သူ အားရပါးရ ပြုံးပြမည်သာဖြစ်သည်။ တိုနီနှင့်ပတ်သက်သော အရာအားလုံး ကြီးကျယ်လှသည်။ သူလက်သီးဆုပ်မှာ ကြီးသလို၊ သူနှလုံးသားကလည်း ကြီးမြတ်သည်။

''ကျွန်တော် အလုပ်သမားတွေကြောင့် ဘာဖြစ်လို့ ဒုက္ခရောက်ရမှာလဲ၊ သူတို့လုပ်တဲ့ အလုပ်တိုင်းကို ကျွန်တော်လုပ်ခဲ့ဖူးတယ်၊ သူတို့ခံစားချက်ကို ကျွန်တော် နားလည်တယ်၊ ကျွန်တော့်စိတ်နဲ့နှိုင်းယှဉ်ပြီး သူတို့ကို ဆက်ဆံတယ်၊ မိတ်ဆွေလို၊ အိမ်နီးချင်းလို ဆက်ဆံတယ်''

အိမ်နီးချင်းဆိုသော စကားလုံးကို တိုနီ အလွန်တန်ဖိုးထားသည်။ သူနေသော မြို့မှ လူအားလုံးကို သူ့အိမ်နီးချင်းအဖြစ် သဘောထားသည်။ သူ တစ်စုံတစ်ရာကို ယုံကြည်ပါက ထိုအလုပ်ကို လုပ်လေတော့သည်။

''အခြေခံအားဖြင့် လူတိုင်းဟာ ရိုးသားပါတယ်'' တိုနီက ပြောပြသည်။ ''ကျွန်တော်တို့ရဲ့ အိမ်နီးချင်းကောင်းအဖွဲ့ဟာ လို အပ်တဲ့လူတွေကို တစ်ကြိမ်မှာ (၂၅)ဒေါ်လာ ကနေပြီး ဒေါ်လာ(၅၀)အထိ ချေးလေ့ရှိပါတယ်။ သူတို့ဟာ ချေးငွေကို အမြဲတမ်း



ပြန်ဆပ်ကြပါတယ်၊ တစ်ခါတလေတော့ ကားမောင်းသူတွေဟာ ကျွန်တော်တို့မြို့ကို အရောက်မှာ ဆီဝယ်ဖို့မကျန်အောင် ငွေပြတ်သွားလေ့ရှိတယ်၊ ရဲတပ်ဖွဲ့က သူတို့ကို ငွေချေးဖို့ ထောက်ခံတဲ့အခါ ကျွန်တော်တို့ဟာ ငွေအလုံအလောက် သူတို့ကို ချေးလိုက်တယ်၊ အဲဒီငွေကို အမြဲပြန်ပို့ကြတယ်''

ကျွန်တော်သည် အီတလီတွင် မကြာခင်က တိုနီနှင့် တွေ့ခဲ့ပါသည်။ သူက သူ့မွေးဇာတိမြို့သို့ ဖိတ်ခေါ်ပါသည်။ သူ့ မွေးဇာတိ ဆန်မွန်တီမြို့မှာ နေပဲလ်မြို့၏ တောင်ဘက် တောင်ပေါ်တွင်တည်ရှိပါသည်။ ''ခင်ဗျား မယုံကြည်နိုင်တဲ့ အရာတွေကို ကျွန်တော်ပြမယ်''သူက ပြောပါသည်။ ''ကျောက်တောင်က တစ်စက်ချင်း ကျတဲ့ရေကို အမှီပြုပြီး လူ(၂၀၀၀) နေကြရတယ်၊ အိမ်ကို ရေနည်းနည်းသယ်နိုင်ဖို့ အတွက် မိန်းမတွေဟာ နာရီပေါင်းများစွာ စောင့်ကြရတယ်''

''ဒီကိစ္စကို တခြားနည်းနဲ့ ဖြေရှင်းလို့ မရဘူးလား'' ကျွန်တော်ကမေးလိုက်သည်။

''ရတာပေါ့ဗျာ'' သူက ပြောပြသည်။ ''ဒီတောင်ရဲ့ နောက်ကျောမှာ ရေပြည့်လျှံနေတဲ့ ချောင်းတစ်ချောင်းရှိတယ်၊ အဲဒီ ချောင်းကနေပြီး ရေကို ပိုက်နဲ့သွယ်ယူရင် ရေပေါပေါသုံးနိုင်တယ်လေ''

တိုနီအကြောင်းကို ကျွန်တော်သိပါသည်။ မကြာခင် ဆန်မွန်တီမြို့မှာ ရေပေါတော့မည်ဖြစ်သည်။ သူ မည်ကဲ့သို့ အကောင်အထည်ဖော်မည်ကို စဉ်းစားနေမိပါသည်။ ထိုကိစ္စမှာ တိုနီအတွက် အလွန်လွယ်ကူလှသည်။ အသက်သာဆုံးနည်းဖြင့် တောင်ကိုဖြတ်၍ ရေသွယ်နိုင်မည့် နည်းလမ်းကို သူ စဉ်းစားနေခဲ့ပါသည်။ ရောမမြို့ရှိ ပြည်သူ့လုပ်ငန်း ဝန်ကြီးရုံးကိုသွားပြီး ဝန်ကြီးနှင့်တွေ့သည်။ ဝန်ကြီးက သူတွင် ဆန်မွန်တီမြို့ကို ရေသွယ်သည့်လုပ်ငန်းအတွက် ခွင့်ပြုငွေမရှိကြောင်း ရှင်းပြသည်။ ထိုအစည်းအဝေးတွင် ကျွန်တော်လည်း ရှိနေပါသည်။ တိုနီ အကြပ်ရိုက်သွားပြီဟု ကျွန်တော်ထင်လိုက်သည်။ ထို့နောက် ဒေါ်မာန်ပါပါဖြင့် တရစပ် စကားပြောနေသော တိုနီကိုတွေ့လိုက်ရပါသည်။ နောက်ဆုံးတွင် တိုနီ၏တင်ပြချက်ကို ဝန်ကြီးက လက်ခံသွားပြီး ထိုနှစ်၏ ပြည်သူ့လုပ်ငန်း

အစီအစဉ်တွင် ဆန်မွန်တီမြို့အား ရေပိုက်သွယ်သည့် အစီအစဉ်ကို ထည့်သွင်းပေးရတော့သည်။

သူ မည်ကဲ့သို့ပြောသည်ကို နောင်အခါ တိုနီက ရှင်းပြပါသည်။ ''ကျွန်တော်က ဝန်ကြီးအကောင်အထည်ဖော်နေတဲ့ လုပ်ငန်း အသုံးစရိတ်တွေဟာ အတိအကျလားလို့ မေးပါတယ်၊ ဝန်ကြီးက မဟုတ်ဘူး၊ ခန့်မှန်းခြေဖြစ်ပါတယ်လို့ဖြေတယ်၊ ကျွန်တော်က ခန့်မှန်းခြေကုန်ကျစရိတ်တွေကနေပြီး အသုံးစရိတ် အနည်းငယ်လျှော့လိုက်ရုံနဲ့ ဆန်မွန်တီမြို့ကို ရေပိုက်သွယ်တဲ့လုပ်ငန်း အကောင်အထည်ပေါ်အောင် လုပ်ပေးနိုင်ပါတယ်၊ လုပ်ငန်းအစီအစဉ်ထဲမှာ အဲဒီအစီအစဉ်ကိုထည့်ပြီး ဝန်ကြီး လက်မှတ်ရေးထိုးပေးပါလို့ ပြောတယ်၊ ပထမတော့ ဝန်ကြီးဟာ မဖြစ်နိုင်ဘူးလို့ ထင်နေပုံရတယ်၊ ကျွန်တော်က ဆန်မွန်တီမြို့သူမြို့သားတွေကိုယ်တိုင်လုပ်အားပေးမှာ ဖြစ်တဲ့အတွက် ကုန်ကျစရိတ်အနည်းငယ်သာရှိနိုင်ကြောင်း ရှင်းပြလိုက်တယ်၊ အဲဒီမှာတင် ဝန်ကြီး လက်ခံပြီး လက်မှတ်ထိုးပေးပါတော့တယ်''

နောက်တစ်နေ့တွင် ဆန်မွန်တီမြို့သူမြို့သားအားလုံးဟာ ဘုရားရှိခိုးကျောင်း အရှေ့ကွက်လပ်တွင် အစည်းအဝေးခေါ်ခဲ့သည်။ တိုနီက သူတို့အား ရေပိုက်သွယ်မည့် အစီအစဉ်နှင့် ဝန်ကြီး၏လက်မှတ်ကို ပြသည်။ သူဆီသို့ လူများဝိုင်းအုံလာကြ၏။ အမျိုးသားများက သူ့ကိုဝိုင်းဖက်ကြသည်။ အမျိုးသမီးများက သူ့လက်ကိုနမ်းပြီး ဝမ်းသာအားရစွာ အော်ဟစ်ကြသည်။ တိုနီမှာ



မနေတတ် မထိုင်တတ်ဖြစ်သွားရသည်။ သူသည် ကိုယ်ခန္ဓာကြီးမားသလောက် ရှက်တတ်သူဖြစ်သည်။

နောက်တစ်နှစ်နွေရာသီတွင် အီတလီကောင်စစ်ဝန်ချုပ်သည် နယူးယောက်စီးတီးမှ ဆတ်ဖန်မြို့သို့သွား၍ သူ့အား အီတလီနိုင်ငံ၏ အမြင့်ဆုံးဆုကို ချီးမြှင့်သည်။ ကောင်စစ်ဝန်ချုပ်က အီတလီနိုင်ငံသည် သူ့အတွက် ဂုဏ်ယူကြောင်း၊ သူ၏လုပ်ငန်းကို ကမ္ဘာကသိစေလိုကြောင်း ပြောပြသည်။ တိုနီ၏ အိမ်နီးချင်းများအားလုံး သည် အခမ်းအနားကို လာကြည့်ပြီး၊ မစ္စက် တိုနီ၏လက်ရာ အစားအသောက်များကို စားသောက်ကြလေသည်။ သမုဒ္ဒရာ၏ ကမ်းခြေနှစ်ဘက်လုံးတွင် တိုနီလုပ်ခဲ့သည့် လုပ်ငန်းများအတွက် လက်ခုပ်တီးကာ ဂုဏ်ပြုကြလေသည်။ တိုနီမှာ ရှက်ရွံ့နေပြီး သူဘာမျှလုပ်ခဲ့သူမဟုတ်ကြောင်း၊ သူသည် အိမ်နီးချင်းကောင်းတစ်ယောက်ဖြစ်ရန်သာ ကြိုးစားခဲ့ကြောင်း ပြောပြလေသည်။

ဘနှင်း(မြန်မာပြန်)

Ref: "The Most Unforgettable Character I met" by J.P. Me Evoy R.D. 1990 Oct

အထင်နှင့်အမြင်လွဲမှား



ကျွန်တော့်မိတ်ဆွေတစ်ယောက်က သူ့ကိုယ်ပိုင် အင်ဂျင်နှစ်လုံးတပ်လေယာဉ်နဲ့ ကျွန်တော့်ကိုခေါ်ပြီး မိုင်ယာမီ(Miami) ကနေ နာစော(Nassau) ကို ပျံသန်းခဲ့ပါတယ်။ သူဟာ အင်မတန်တော်တဲ့ ပိုင်းလော့တစ်ယောက် ဖြစ်တာကိုသိလို့ ကျွန်တော်ဟာ ဝမ်းမြောက်ဝမ်းသာနဲ့ လိုက်ပါလာခဲ့ခြင်း ဖြစ်ပါတယ်။

အပြန်ခရီးမှာ သူက လေယာဉ်ကို ပြန်လည်စစ်ဆေးတဲ့အခါ အင်ဂျင်တစ်လုံးက စက်သံသိပ်မမှန်ဘူးလို့ ပြောပါတယ်။ ဒါပေမဲ့ စိတ်ပူရန်မလိုကြောင်း၊ တကယ်လို့ အဲဒီအင်ဂျင် ရပ်သွားရင်တောင် ကျန်တစ်လုံးနဲ့ ကောင်းမွန်စွာပျံသန်းနိုင်ကြောင်း ပြောပါတယ်။

ဒီလိုနဲ့ ကျွန်တော်တို့ မိုင်ယာမီကို အပြန်ခရီးမှာ ချောချောမောမောပဲ ပြန်လာကြပါတယ်။ ဒါပေမဲ့ လမ်းတစ်ဝက်မှာ ပိုင်းလော့ကြီးကြည့်ရတာ မျက်နှာသိပ်မကောင်းဘူး။ ဒါနဲ့ ကျွန်တော်ကတောင် အားပေးစကားပြောရပါသေးတယ်။ ဒါပေမဲ့ သူက ဘဝင်မကျဘူး။ ပျက်နေတဲ့အင်ဂျင်ကို ညွှန်ပြပြီး–

''အခု စက်မမှန်တဲ့အင်ဂျင်က ကျွန်တော်ပြောတဲ့ဟာ မဟုတ်ဘူးဗျ'' ဆိုပဲ။

မောင်သီဟ



မိုးကြိုးမုန်တိုင်းနှင့် မိုးသီးကြွေခြင်း

သိပ္ပံစာရေးဆရာကိုကိုအောင်

ကမ္ဘာတစ်ဝန်းလုံး၌ နေ့စဉ်အားဖြင့် မိုးကြိုးမုန်တိုင်းဖြစ်စဉ် အကြိမ်ရေ (၄၀၀၀၀) ခန့် ဖြစ်ပွားလျက်ရှိနေသည်။ ကောင်းကင်တိမ်တိုက်များအတွင်းရှိ ရေမှုန်ရေခဲများသည် လေပြင်းများကြောင့် အချင်းချင်းပွတ်တိုက်မိကြရာမှ လျှပ်စစ်စီးကူးမှုများ ဖြစ်ပေါ်လာချိန်တွင် အပူချိန်ကွာခြားမှု မြင့်မားသောကြောင့် ဒြပ်မှုန်တို့၏ သိပ်သည်းဆ ပမာဏ ကွာဟမှုကြီးမားစွာဖြစ်ပေါ်ကာ အသံလှိုင်းများအဖြစ် ပြောင်းလဲသွားပြီး ထစ်ချုန်းသံများ ထွက်ပေါ်လာခြင်းကို မိုးကြိုးမုန်တိုင်းဖြစ်စဉ်ဟု ခေါ်ဆိုခြင်းဖြစ်သည်။

ကမ္ဘာ့သမုဒ္ဒရာကြီးများနှင့် ကုန်းမြေတိုက်ကြီးများသည် အပူဓာတ်ကို စုပ်ယူထိန်းသိမ်းရာတွင် မတူကွဲပြားသောသဘောသဘာဝရှိနေကြသောကြောင့် ကမ္ဘာ့ရာသီဥတုနှင့် မိုးလေဝသဖြစ်စဉ်များအပေါ်၌ အကျိုးသက်ရောက်ပုံကလည်း ဆန်းပြားလှသည်။ သမုဒ္ဒရာရေထုသည် ကုန်းမြေများကဲ့သို့ အပူဓာတ်ကို လျင်မြန်စွာစုပ်ယူခြင်း မပြုနိုင်ကြသော်လည်း စုပ်ယူထားပြီးသား အပူဓာတ်ကိုမူ အချိန်ကြာမြင့်စွာ ထိန်းသိမ်းထားနိုင်စွမ်းရှိကြသည်။ ကုန်းမြေတိုက်ကြီးများကမူ အပူဓာတ်ကို လျင်မြန်စွာစုပ်ယူနိုင်ကြသော်လည်း စုပ်ယူထားသည့် အပူဓာတ်ကို ကြာရှည်ထိန်းသိမ်းထားနိုင်စွမ်း မရှိကြပေ။

ထိုသဘောသဘာဝကြောင့်ပင် သမုဒ္ဒရာ ရေထုသည် စုပ်ယူထားသောအပူဓာတ်ကို လေထုထဲသို့ စွန့်ထုတ်ရာတွင် ပမာဏအများအပြားကို တဖြည်းဖြည်းချင်းသာ ထုတ်လွှတ်ကြသောကြောင့် အပူချိန် ရုတ်ခြည်းကျဆင်းသွား



ခြင်းမျိုး မဖြစ်ပေါ်ပေ။ ကုန်းမြေတိုက်ကြီးများကမူ ပမာဏနည်းပါးသော အပူဓာတ်ကို အလျင်အမြန်စွန့်ထုတ်ပစ်လိုက်ကြသည့်အတွက် အပူချိန်ရုတ်တရက်ကျဆင်းသွားသည်။ တစ်နည်းဆိုရသော် ကမ္ဘာ့ကုန်းမြေတိုက်ကြီးများသည် အပူချိန်အတက်အကျအလွန်မြန်ဆန်သည့်သဘောသဘာဝရှိကြပြီး၊ သမုဒ္ဒရာရေထုကြီးကမူ အပူချိန်အတက်အကျအလွန်နှေးကွေးသည့်သဘောသဘာဝရှိနေသည်။

အလားတူပင် သမုဒ္ဒရာရေထုသည် လေထုနှင့်နှိုင်းယှဉ်ပါကလည်း အပူဓာတ်ကို စုပ်ယူရရှိမှု လွန်စွာနှေးကွေးသော သဘောသဘာဝရှိနေသည်။ ထုထည်ပမာဏချင်းတူညီပါက လေထုကစုပ်ယူနိုင်သော အပူဓာတ်ထက် အဆ (၃၀၀၀) ခန့် ပြင်းပြသော အပူဓာတ်ကိုရရှိမှသာ ရေထု၏အပူချိန်က လေထု၏အပူချိန်နှင့် တန်းတူဖြစ်လာသည်။ ထိုသဘောသဘာဝကြောင့်ပင် ထုထည်အားဖြင့် တစ်ကုဗမီတာရှိသော ရေထုက အပူချိန် တစ်ဒီဂရီစင်တီဂရိတ် စွန့်ထုတ်လိုက်ခြင်းကြောင့် ကုဗမီတာ (၃၀၀၀) ရှိသော လေထုကို အပူချိန် တစ်ဒီဂရီစင်တီဂရိတ် မြင့်တက်လာစေနိုင်သည်။

လေထု၏အပူချိန်သည် လေဖိအားကို အပြောင်းအလဲဖြစ်ပေါ်စေသည်။ လေထုအပူချိန် မြင့်တက်နေလျှင် လေဖိအား ကျဆင်းပြီး၊ လေထုအပူချိန် ကျဆင်းပါက


လေဖိအားနည်းရပ်ဝန်းနှင့် လေဖိအားများ ရပ်ဝန်းတို့သည် လေတိုက်ရာလမ်းကြောင်း၏ ဦးတည်ရာကိုလည်းကောင်း၊ မုန်တိုင်းတိုက်ခတ်ရွေ့လျားရာ လမ်းကြောင်း၏ ဦးတည်ရာကိုလည်းကောင်း ဖန်တီးနိုင်စွမ်းရှိကြသည်။

လေဖိအားမြင့်တက်လာသည်။ ထို့ကြောင့်ပင် သမုဒ္ဒရာရေပြင်များ၊ ပင်လယ်အော်နှင့် ကမ်းလွန်ပင်လယ်ပြင်များ၌ ရေထုကစွန့်ထုတ်လိုက်သော အပူဓာတ်အနည်းအများသည် လေထုအတွင်း၌ ကြီးမားသော အကျိုးသက်ရောက်မှုကိုဖြစ်ပေါ်စေကာ လေဖိအားနည်းရပ်ဝန်းနှင့် လေဖိအားများရပ်ဝန်းတို့ကို ဖြစ်ပေါ်လာစေခြင်းဖြစ်သည်။

လေဖိအားနည်းရပ်ဝန်းနှင့် လေဖိအားများ ရပ်ဝန်းတို့သည် လေတိုက်ရာလမ်းကြောင်း၏ ဦးတည်ရာကိုလည်းကောင်း၊ မုန်တိုင်းတိုက်ခတ်ရွေ့လျားရာလမ်းကြောင်း၏ ဦးတည်ရာကိုလည်းကောင်း ဖန်တီးနိုင်စွမ်းရှိကြသည်။ ထို့အတူပင် ကမ္ဘာ့ကုန်းမြေတိုက်ကြီးများနှင့် သမုဒ္ဒရာရေပြင်တို့အကြား အပူချိန်ခြားနားချက်များကလည်း ကမ္ဘာ့ရာသီဥတုနှင့် မိုးလေဝသအခြေအနေများကို အမျိုးမျိုးအဖုံဖုံဖြစ်အောင် ပြုပြင်ဖန်တီးလျက် ရှိနေကြသည်။

ကမ္ဘာ့ကုန်းမြေတိုက်ကြီးများသည် ဒြပ်ဝတ္ထုအစိုင်အခဲများ ဖြစ်ကြသောကြောင့် နေမှရရှိသော အပူဓာတ်ကို အပေါ်ယံမြေလွှာက လျင်မြန်စွာစုပ်ယူသိုမှီးထားပြီး အပူလျှောက်ကူးမှုနည်းလမ်းဖြင့် နက်သော မြေလွှာအတွင်းပိုင်းသို့ အပူဓာတ်အနည်းငယ်ကို ပို့ဆောင်ရောက်ရှိစေသည်။ သမုဒ္ဒရာရေထုကမူ နေမှရရှိသောအပူဓာတ်ကို တဖြည်းဖြည်းစုပ်ယူရင်း အပေါ်ယံရေလွှာက ပူနွေးလာသည့်အခါ အောက်အလွှာရှိ အေးသောရေများဆီသို့ အပူစီးကူးမှုနည်းလမ်းဖြင့် ကျယ်ပြန့်စွာရောက်ရှိစေကာ အပူဓာတ်ဖလှယ်နိုင်စွမ်းရှိကြသည်။ ထို့ပြင် ရေစီးကြောင်းကြီးများနှင့် ဒီရေလှိုင်းများကြောင့်လည်း ဝေးသောနေရာရှိ ရေပြင်များဆီသို့ အပူဓာတ်ကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပို့ဆောင်နိုင်စွမ်းရှိကြသည်။ ဤသို့အားဖြင့် ကမ္ဘာ့ရေထုကြီးသည် ကုန်းမြေထုကြီးထက် အပူဓာတ်ကို ကျယ်ကျယ်ပြန့်ပြန့် ထိန်းသိမ်းသိုလှောင်ထားနိုင်သည့် အခွင့်အရေးရှိနေသည်။


သမုဒ္ဒရာရေပြင်ကြီးများက အပူဓာတ်



ကို ကျယ်ပြန့်စွာ စုပ်ယူသိုမှီးထားနိုင်စွမ်းရှိနေခြင်း၏ အကျိုးဆက်တစ်ရပ်အဖြစ် ရေမျက်နှာပြင်အပေါ်ယံရှိ ရေများသည် အမြဲသဖြင့် အငွေ့ပျံလျက်ရှိနေကြသည်။ ယင်းကဲ့သို့ အငွေ့ပျံခြင်းဖြစ်စဉ်ကြောင့် ကောင်းကင်ယံတွင် ရေငွေ့အစုအဖွဲ့ဖြစ်သည့် တိမ်တိုက်တိမ်လွှာများကို ဖြစ်ပေါ်လာစေသည်။

သမုဒ္ဒရာရေထုကြီးနှင့် ကုန်းမြေထုတို့၏ အပူဓာတ်ကို စုပ်ယူသိုမှီးပုံနှင့် စွန့်ထုတ်ပုံတို့ မတူကွဲပြားနေခြင်း သဘောသဘာဝများကြောင့် ကမ္ဘာပေါ်၌ အဓိကကျသော ရာသီဥတုနှစ်မျိုး ဖြစ်ပေါ်လာသည်။ ယင်းတို့မှာ Continental Climate ခေါ် ကုန်းမြေတိုက်ရာသီဥတုနှင့် Oceanic Climate ခေါ် သမုဒ္ဒရာရေပြင်ရာသီဥတုတို့ပင် ဖြစ်ကြသည်။ ကုန်းမြေတိုက်ကြီးများ၏ အတွင်းပိုင်းကျသော အရပ်ဒေသများ၌ ကုန်းမြေတိုက်ရာသီဥတုရှိနေပြီး၊ သမုဒ္ဒရာကမ်းခြေနှင့် နီးကပ်သော အရပ်ဒေသများ၌ သမုဒ္ဒရာရေပြင်ရာသီဥတု ရှိနေကြသည်။

သမုဒ္ဒရာရေပြင် ရာသီဥတုရှိသော အရပ်ဒေသများ၌ သမုဒ္ဒရာရေထုကြီးက အပူအအေးလွန်ကဲမှုမဖြစ်အောင်ထိန်းသိမ်းပေးထားကြသည်။ ထို့ကြောင့်ပင် အဆိုပါ ရာသီဥတုမျိုးရှိသော အရပ်ဒေသများ၌ နွေရာသီ၌ အပူလွန်ကဲမှုမဖြစ်ပေါ်သလို၊ ဆောင်းရာသီ၌လည်း အအေးလွန်ကဲခြင်းမျိုး ဖြစ်ပေါ်လေ့မရှိကြပေ။ သို့ရာတွင် သမုဒ္ဒရာရေပြင်ရာသီဥတုရှိသော ဒေသများ၌ အမြဲလိုလို တိမ်များထူထပ်နေတတ်ပြီး မိုးရွာသွန်းမှုကလည်း များပြားလေ့ရှိသည်။ ကုန်းမြေတိုက်ရာသီဥတုရှိသော အရပ်ဒေသများ၌မူ နွေရာသီတွင် အပူလွန်ကဲပြီး



ဆောင်းရာသီ၌လည်း အအေးလွန်ကဲလေ့ရှိသည်။ နေ့နှင့်ည အပူချိန်ကွာခြားချက်ကြီးမားပြီး၊ နေ့အခါ ပူပြင်းသလောက် ည အခါ၌ အအေးပိုသော သဘောသဘာဝရှိနေသည်။

သမုဒ္ဒရာရေပြင်နှင့် ကုန်းမြေတိုက်ကြီးများအကြား ရာသီကာလအလိုက် အပူချိန်ခြားနားမှု အပြောင်းအလဲရှိနေခြင်းကြောင့် မုတ်သုန်လေတိုက်ခတ်မှုများကို ဖြစ်ပေါ်စေသည်။ သာဓကအားဖြင့် အိန္ဒိယသမုဒ္ဒရာနှင့် အရှေ့တောင်အာရှ ကုန်းမြေထုများအကြား ရာသီအလိုက် အပူချိန်ခြားနားချက် ပြောင်းလဲမှုရှိနေခြင်းကြောင့် အရှေ့တောင်အာရှနိုင်ငံများ၌ မုတ်သုန်လေ၏ အကျိုးကို ခံစားကြရသည်။

အဆိုပါဒေသများတွင် နှစ်စဉ် ဇူလိုင်နှင့် အောက်တိုဘာလများအကြား၌ အနောက်တောင်မုတ်သုန်လေများ တိုက်ခတ်ပြီး၊ အဆိုပါနှစ်၏ အောက်တိုဘာလမှ နောင်နှစ် ဇူလိုင်လများအကြား၌ အရှေ့မြောက် မုတ်သုန်လေတိုက်ခတ်သည်။ ကုန်းမြေဘက်တွင် အပူဓာတ်များပြီး လေထု အပူချိန်မြင့်တက်ကာ လေဖိအားနည်းနေချိန်၌ ဖိအားများနေသော သမုဒ္ဒရာရေပြင်မှ လေများသည် အနောက်တောင်မုတ်သုန်လေအဖြစ် ကုန်းမြေများဆီသို့ တိုက်ခတ်သည်။ အနောက်တောင်မုတ်သုန်လေသည် သမုဒ္ဒရာဘက်မှ တိုက်ခတ်လာသော လေဖြစ်ခြင်းကြောင့် ရေခိုးရေငွေ့ပမာဏအများအပြားကို တစ်ပါတည်း သယ်ဆောင်လာသည်။ အနောက်တောင်မုတ်သုန်လေဖြတ်သန်းတိုက်ခတ်ရာ အရပ်ဒေသများ၌ စွတ်စိုသောရာသီဥတုကို ဖြစ်ပေါ်စေသည်။

သမုဒ္ဒရာရေပြင်များ၌ အပူဓာတ်များပြီး ရေပြင်အပူချိန်မြင့်တက်ကာ လေဖိအားနည်းနေချိန်မျိုး၌ ဖိအားများသော ကုန်းတွင်းလေများက အရှေ့မြောက်မုတ်သုန်လေအဖြစ် သမုဒ္ဒရာရေပြင်များဆီသို့ တိုက်ခတ်သည်။ ဖိအားများနေသော အရှေ့မြောက်မုတ်သုန်လေသည် ခြောက်သွေ့အေးမြသောကြောင့် ဖြတ်သန်းတိုက်ခတ်ရာ အရပ်ဒေသများ၌ အေးမြသောရာသီဥတု







ကို ဖြစ်ပေါ်စေသည်။

သမုဒ္ဒရာရေထု၊ ကုန်းမြေထုနှင့် လေထုတို့၏ အပူဓာတ်စုပ်ယူမှု၊ အပူဓာတ်ထုတ်လွှတ်မှု၊ ရေငွေ့ပျံမှု၊ လေဖိအားနည်းရပ်ဝန်းနှင့် လေဖိအားများရပ်ဝန်း ဖြစ်ပေါ်မှု၊ မုတ်သုန်ရာသီလေများ တိုက်ခတ်မှု၊ လေပြင်းများတိုက်ခတ်မှု၊ အပူလွှိုင်းများဖြတ်သန်းမှု၊ အအေးလှိုင်းများ ဖြတ်သန်းမှု စသော အပြန်အလှန် အကျိုးသက်ရောက်မှုများကြောင့် လေထုလွှာများ၏ အပူအအေးပြောင်းလဲမှု၊ ရေငွေ့ပါဝင်နှုန်းပြောင်းလဲမှု၊ ထူထပ်သောတိမ်များ ဖြစ်ထွန်းမှု၊ မိုးတိမ်တောင်များဖြစ်ပေါ်လာမှု၊ တိမ်လွှာထူအတွင်း အပူချိန်ခြားနားမှု၊ ဖြိပ်မှုန်များ၏ ပွတ်တိုက်ရွှေ့လျားမှုနှင့် သိပ်သည်းဆများ ကွာဟချက်ကြီးမားမှုတို့သည် ရာသီအပေါ်မူတည်ပြီး အမျိုးမျိုးအဖုံဖုံ ပြောင်းလဲဖြစ်ပေါ်လာရသည်။

မိုးတိမ်တောင်တစ်ခုသည် စတင်ဖြစ်ပေါ်ချိန်မှစ၍ အားပျော့ပျက်ပြယ်သွားသည့် အချိန်အတိုင်းအတာအတွင်း စတင်ဖွံ့ဖြိုးလာခြင်း၊ အရွယ်ရောက်ကြီးထွားလာခြင်းနှင့် ထက္ကြလှုပ်ရှားသက်ဝင်လာခြင်းဟူ၍ အဆင့်သုံးဆင့်ကို ဖြတ်သန်းကြရသည်။ အင်အားကောင်းသော မိုးတိမ်တောင်များ ဖြစ်ပေါ်လာချိန်တွင် အမြင့်ပေ (၃၀၀၀) ခန့် အထိပင် ရှိလာနိုင်သည်။

မိုးတိမ်တောင်တစ်ခု၏ တိမ်တိုက်အတွင်း၌ အောက်မှအထက်သို့ ဆန်တက်သော လေစီးကြောင်းများနှင့် အထက်မှ အောက်သို့ စုန်ဆင်းသော လေစီးကြောင်းများ ရှိနေကြပြီး တိမ်တိုက်ကြီး၏ ရွှေ့လျားမှု၊ တိမ်တောင်တိမ်လိပ်တို့၏ ရွှေ့လျားမှု၊ လေပြင်းများ၏ ရွှေ့လျားမှုနှင့် အမြန်နှုန်း စသည်တို့အပေါ်မူတည်ပြီး လျှပ်လက်ခြင်း၊ ထစ်ချုန်းခြင်း၊ လေပြင်းတိုက်ခြင်း၊ မိုးသီးကြွေခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း စသည့် မိုးလေဝသဖြစ်စဉ်များကိုပေါ်ပေါက်စေသည်။ မိုးသက်မုန်တိုင်းဟုလည်း ခေါ်ဆိုနိုင်သော မိုးကြိုးမုန်တိုင်းဖြစ်ပေါ်မှု အချိန်အတိုင်းအတာသည် အနည်းဆုံးအားဖြင့် ၁၅ မိနစ်ခန့်မှ နာရီများစွာအထိ ကြာမြင့်နိုင်သည်။

မြန်မာနိုင်ငံ၌ တစ်နှစ်တာကာလ ရာသီခွင်အတွင်း၌ မိုးကြိုးမုန်တိုင်းဖြစ်စဉ် အများဆုံးဖြစ်ပေါ်ကျရောက်လေ့ရှိသော ဒေသများမှာ မြန်မာနိုင်ငံတောင်ပိုင်းရှိ ကမ်းရိုးတန်းဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများပင် ဖြစ်ကြသည်။ အဆိုပါဒေသများ၌ တစ်နှစ်တာအတွင်း မိုးကြိုးမုန်တိုင်းဖြစ်စဉ် ဖြစ်ပေါ်မှုမှာ ပျမ်းမျှအားဖြင့် ရက်ပေါင်း ၇၀ ကျော် ရှိနေတတ်သည်။

မိုးကြိုးမုန်တိုင်းဖြစ်စဉ်၏ လက္ခဏာတစ်ရပ်ဖြစ်သော ထစ်ချုန်းမှုဖြစ်ပေါ်လာနိုင်သည့် ကာလများမှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများ၌ နှစ်စဉ် ဇွန်လနှင့် စက်တင်ဘာလများ ဖြစ်ကြပြီး၊ မြစ်ဝကျွန်းပေါ်ဒေသများ၌ နှစ်စဉ် မေလနှင့် စက်တင်ဘာလများ ဖြစ်ကြသည်။ တစ်နည်းဆိုရသော် အဆိုပါ အချိန်ကာလများသည် မုတ်သုန်ဝင်ရောက်ချိန်နှင့် မုတ်သုန်ဆုတ်ခွာချိန်များပင် ဖြစ်ကြသည်။

မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးမြို့တော်ဟောင်းဖြစ်သော ရန်ကုန်မြို့တွင် ၁၉၇၁ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ နှစ်ပေါင်း ၃၀ ကာလအတွင်း ထစ်ချုန်းသည့်ရက်ပေါင်း (၁၅၅၈) ရက် ရှိခဲ့သည်။ ထိုကာလအတွင်း တစ်နှစ်ပတ်လုံးအနေဖြင့် ထစ်ချုန်းမှုဖြစ်စဉ်ဖြစ်ပေါ်မှု အများဆုံးနှစ်သည် ၁၉၉၉ ခုနှစ်ဖြစ်ပြီး၊ ထိုနှစ်အတွင်း စုစု

ရေငွေ့ဘဝမှ ရေခဲတုံးအဖြစ်သို့ အသွင်ပြောင်းလဲသွားသော အစိုင်အခဲကလေးများသည် လေးလံလာသောကြောင့် ကမ္ဘာ့မြေဆွဲအား၏အရှိန်ဖြင့် မြေပြင်ပေါ်သို့ ကျဆင်းလာကြသည်။ ဤသည်ကို အရပ်အခေါ်အားဖြင့် မိုးသီးကြွေကျသည်ဟု . . .


ပေါင်း ၇၉ ရက် ရှိခဲ့သည်။ ထစ်ချန်းမှု ဖြစ်စဉ်ဖြစ်ပေါ်မှု အနည်းဆုံးနှစ်ကမူ ၁၉၈၂ ခုနှစ်ဖြစ်ပြီး၊ ထိုနှစ်အတွင်း ထစ်ချန်းမှု စုစုပေါင်း ၂၆ ရက်သာရှိခဲ့သည်။ သာမန်အားဖြင့် မုတ်သုန်လေအား အလွန်ကောင်းသော ဇူလိုင်လနှင့် သြဂုတ်လများ၌ မိုးသည်းထန်စွာရွာသွန်းပြီး ထစ်ချန်းမှုဖြစ်စဉ် နည်းပါးလေ့ရှိသော်လည်း ကမ္ဘာ့ရာသီဥတုပြောင်းလဲလာနေခြင်းကြောင့် လွန်ခဲ့သော နှစ်အနည်းငယ်မှစ၍ မိုးလယ်ကာလများ၌ပင် ထစ်ချန်းသံများကို မကြာခဏဆိုသလို ကြားခဲ့ကြရသည်။

မိုးကြိုးမုန်တိုင်း ဖြစ်ပေါ်ရခြင်း၏ အခြေခံအကြောင်းရင်းသည် တိမ်တိုက်အတွင်းရှိ ရေမှုန်ရေမွှားများအချင်းချင်း ပွတ်တိုက်မိရာမှ လျှပ်စစ်စီးကူးမှု ဖြစ်ပေါ်နေစဉ် အပူချိန်ကွာခြားမှု အဆမတန် မြင့်မားလာရာမှ ဒြပ်မှုန်တို့၏ သိပ်သည်းဆပမာဏ ကွာဟမှု ကြီးမားစွာဖြစ်ပေါ်လာခြင်းကြောင့် ဖြစ်သည်။ မိုးကြိုးမုန်တိုင်းဖြစ်ပေါ်နေစဉ် တိမ်လွှာထုအတွင်း အပူချိန်ကွာခြားမှု ကြီးမားလာရာ မြေပြင်နှင့် အနီးကပ်ဆုံးသော တိမ်လွှာထုအောက်ခြေပိုင်းမှစ၍ တိမ်တိုက်အထက်ပိုင်းအကြား အမြင့်ပေကွာခြားလာသည်နှင့်အမျှ အပူချိန်ကလည်း ရေခဲမှတ်အောက် အလွန်အမင်းကျဆင်းမှုဖြစ်ပေါ်လာသည်။

ထိုအခြေအနေမျိုးတွင် တိမ်လွှာထုအတွင်းရှိ ရေငွေ့များသည် အငွေ့အသွင်ဖြင့် ဆက်လက်ရပ်တည်နိုင်စွမ်း မရှိကြတော့ဘဲ ရေခဲတုံးကလေးများအဖြစ် ပေါင်းစည်းစုဖွဲ့သွားကြတော့သည်။ အဆိုပါ ရေခဲတုံးကလေးများသည် အရွယ်အစားအားဖြင့် သာကူစေ့အရွယ်မှသည် သံပုရာသီးအရွယ်ခန့်အထိ ဖြစ်ပေါ်လာသည်။ ထူးခြားဖြစ်စဉ်အချို့၌မူ ရေငွေ့အစုအဖွဲ့တဖြစ်လဲ ရေခဲတုံးကလေးများသည် လိမ္မော်သီးအရွယ်ခန့်အထိပင် ရှိလာတတ်သည်။

ရေငွေ့ဘဝမှ ရေခဲတုံးအဖြစ်သို့ အသွင်ပြောင်းလဲသွားသော အစိုင်အခဲကလေးများသည် လေးလံလာသောကြောင့် ကမ္ဘာ့မြေဆွဲအား၏အရှိန်ဖြင့် မြေပြင်ပေါ်သို့ ကျဆင်းလာကြသည်။ ဤသည်ကို အရပ်အခေါ်အားဖြင့် မိုးသီးကြွေကျသည်ဟု သုံးနှုန်းကြသည်။ မိုးသီးများအဖြစ် ကြွေကျလာသော ရေခဲတုံးကလေးများသည် မာကျောကျစ်လျစ်မှုအဆင့်အတန်း မြင့်မားနေကြသည့်အပြင် ကမ္ဘာ့မြေဆွဲအားကြောင့် ကျဆင်းလာသောအရှိန်ကလည်း ပြင်းသည့်အတွက် မော်တော်ကားမှန်များ ကွဲအက်ခြင်း၊ နေအိမ်အဆောက်အဦခေါင်မိုးများ ပေါက်ပြဲခြင်း၊ အအောက်အဦပြတင်းမှန်များ ကွဲအက်ခြင်း၊ လူကိုထိမှန်ပါက ထိခိုက်ဒဏ်ရာရခြင်းမှသည် အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ခြင်း၊ လမ်းမများပေါ်သို့ ကျရောက်နေသည့် မိုးသီးများကြောင့် မော်တော်ကား၊ ဆိုင်ကယ်နှင့် စက်ဘီး စသည်တို့ လမ်းချော်ခြင်းများကို ကြုံတွေ့ကြရနိုင်သည်။





မိုးသီးကြွေကျသည့်အခါ အဆိုပါ မိုးသီး အစိုင်အခဲကလေးများထဲ၌ အလွန်နိမ့်သည့် အပူချိန်တွင် ရှင်သန်နိုင်သော ဘက်တီးရီးယားပိုးများ ကပ်ငြိပါဝင်လာနိုင်သည့်အတွက် မိုးသီးကို ရေခဲတုံးအမှတ်ဖြင့် စားသုံးခြင်းကို မပြုလုပ်သင့်ကြပေ။

မြန်မာနိုင်ငံအနေဖြင့် တောင်ပိုင်းကမ်းရိုးတန်းဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများနှင့် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသည် မိုးကြိုးမုန်တိုင်းကို အများဆုံးကြုံတွေ့ကြရနိုင်သော ဒေသများဖြစ်သည့်အတွက် အဆိုပါ အရပ်ဒေသများ၌ ရံဖန်ရံခါ မိုးသီးကြွေကျခြင်းမျိုးကိုပါ ကြုံတွေ့ကြရနိုင်သည်။ ထို့အတူ ပြောင်းလဲလာနေသော ကမ္ဘာ့ရာသီဥတု ဖြစ်စဉ်ကြီးကြောင့် မြန်မာနိုင်ငံ၏ ရာသီဥတုနှင့် မိုးလေဝသဖြစ်စဉ်ကြီးကလည်း လိုက်လျောညီထွေ ပြောင်းလဲလာနေသည်ဖြစ်ရာ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသအကြား မြို့ရွာများသည်လည်း မိုးသီးကြွေကျခြင်းဖြစ်စဉ်နှင့် ကြုံတွေ့ကြရနိုင်သည်ကို သတိပြုကြရမည်ဖြစ်ပေသည်။

သိပ္ပံစာရေးဆရာကိုကိုအောင်

ခွန်အားဖြစ်စေ ဆုပန်ခြွေ

❖ လူပ်လူပ်ရွရွ မြင်ကွင်းက
နိုးထရှင်သန် မြို့အားမာန်
ဟွန်းသံကည် လူခေါ်သံနဲ့
လွင့်ပျံလို့နေ ရန်ကုန်မြေ။

❖ အလောင်းမင်းတရား ဝင့်ဝင့်ကြွားလို့
တည်ထားခဲ့တဲ့ မြို့ဒဂုံ
အကုန် အကုန် ရန်တွေကုန်လို့
ရန်ကုန်ဟု သမုတ် မြို့ဂုဏ်ပုဒ်။

❖ အထင်ကရ ရှိနေကြတဲ့
မြို့ပြအလှ မြင်တွေ့ရသော
နှစ်တစ်ရာတိုင် မယိမ်းယိုင်ပဲ
ခိုင်ခိုင်မာမာ ရပ်တည်ကာဖြင့်
ထည်ဝါခန့်ညား အဆောက်အဦးများကို
ထင်ရှားပေါ်လွင် ပုံရိပ်ရှင်ဖြစ်
မြှင့်တင်ခြင်းငှာ လွန်စွာသာ၍
အပြာရောင် ကမ္ဘည်းများ တပ်ဆင်သည်။

❖ အဟောင်းပြုပြင် မြို့တော်တစ်ခွင်
သစ်လွင်သန့်ရပ် မြို့ဂုဏ်ဖြစ်ပ်ကို
စောင့်အပ်သိကွာ ထိန်းသိမ်းကာဖြင့်
မြန်မာစိတ်ထား နှလုံးသားနှင့်
ခွန်အားဖြစ်စေ ဆုပန်ခြွေ။

ဝိုင်းမောင်(မာန်အောင်)



ဒေးမှတ်တမ်းတွေ
ဆိုးကွက်ဖြစ်ခဲ့ကြပုံ....



နံနက်စောစော အသီးအရွက်တွေ ဝယ်အပြီး ဈေးလေးထဲကအပြန် စုမာ နှာဝထဲ သွားရည်ကျစဖွယ် ဟင်းရနံ့တွေ ရလိုက်သည်။ ဘေးဘီကြည့်လိုက်တော့ မြင်လိုက်ရသည့် ဆိုင်သေးသေးလေးကို စုမာ အရင်က မမြင်ဘူး။ ဆိုင်းဘုတ်သေးသေးလေးက 'မဆင့် မုန့်ဟင်းခါး'တဲ့။ ဆိုင်အသစ်ဖြစ်မည်ထင်သည်။ သည်မြို့လေးဆီ လင်သည်ဝင်းဇော်၏ ပြောင်းမိန့်ကြောင့် ရောက်လာသည်မှာ တစ်လကျော်ကျော်သာ ရှိသေးပေမယ့် ထိုတစ်လကျော်ကျော်၏ နေ့ရက်တိုင်းမှာ ဈေးလေးထဲသွားဖြစ်တော့ သည်ဆိုင်လေးဟာ အသစ်ဆိုတာ စုမာ သိနေသည်။ ဆိုင်လေးက အစွန်းဘက်ကျနေသည်။ မုန့်ဟင်းခါးဆိုလျှင် စုမာ အလွန်ကြိုက်သည်။ လမ်းဘေးအစားအစာ ဆိုသည်မှာ စုမာအကြိုက်ဆုံးအစားအစာများသာ။ သို့ပေမယ့် ဇီဇာကြောင်သည့် လင်သည်ကတော့ စုမာနှင့်ဆန့်ကျင်ဘက်။ ရွံသည်တဲ့။ စုမာကိုလည်း ဝမ်းလျှောမယ်၊ ရောဂါပိုးတွေဝင်မယ်ဆိုပြီး မစားရန်အတင်းအကျပ်တားတတ်သည်။ ဘာပြောပြော စုမာကတော့ လင်သည်လစ်ခိုက်၊ လင်သည် ရုံးသွားခိုက်တွေမှာ အဝအပြဲစားတတ်သည်။ သည်နေ့ လင်သည်ရုံးမသွားခင် ဈေးသွားပြီး နံနက်စာပြင်ဆင်ပေးရဦးမည်။ လင်သည်ဖြစ်သူ ဘယ်လောက်ဇီဇာကြောင်သလဲဆို နံနက်စာဆိုလျှင် ယခုမနက်မှဝယ်သည့် လတ်လတ်ဆတ်ဆတ် အသီးအရွက်ကြော်မှ ကြိုက်သည်တဲ့။ အခုလည်း လင်သည်ရုံးအမီ ဆလတ်ရွက်၊ ကိုက်လန်ရွက်တွေဝယ်ပြီး ကြော်ကျွေးရဦးမည်။ ခက်သည်က ယခု လမ်းဘေးက 'မဆင့် မုန့်ဟင်းခါး'ဆိုင်မှ ရနံ့က မစားရမနေနိုင်အောင် စုမာကိုဆွဲဆောင်နေပေပြီ။ စားလိုက်လို့ လင်သည်သိလျှင် အဆူခံရဦးမည်။

ဈေးပြန်နောက်ကျလို့ ရုံးပါနောက်ကျလျှင် ပိုလို့ဆူခံထိမည်။ ဘာခက်တာလိုက်လို့။ လက်မှ နာရီကိုကြည့်လိုက်တော့ စောသေးသည်။ မြန်မြန်သွက်သွက်လေး စားလိုက်လျှင်ရသည်။ အသန့်ကြိုက်ပြီး နှာခေါင်းပါးသည့်လင်သည်က စုမာဆီက အနံ့တစ်ခုခုရတိုင်း ဘာစားလာသည်ကို သိနေတတ်သည်။ လင်သည်အကြောင်း သိထားတော့ စုမာလည်း အနံ့လေးပျောက်အောင် ပိကေလေး အမြဲဆောင်ထားတတ်တာပဲ။

''မုန့်ဟင်းခါးရောင်းတာလား၊ တစ်ပွဲပေးပါ''

စုမာပြောရင်း ဝင်ထိုက်သည်။

''ဟုတ်ပါတယ်၊ ခဏလေးစောင့်ပါ''

ဆိုင်ရှင်အဒေါ်ကြီးက ဖွင့်စမို့ ဧည့်ဝတ် ကျေစေချင်သည်ထင်ပါရဲ့။ မြန်မြန်သွက်သွက်လေးပြင်ပြီး လာချသည်။

''ရပါ့၊ ဟင် စုမာ''

အသံကြောင့် စုမာလည်း အံ့သြပြီး ဆက်ခနဲမော်ကြည့်ရာ···

''ဟင် လေးလေးဆင့်''

စုမာအံ့သြလွန်းလို့ ဆတ်ခနဲပင် ထရပ်လိုက်မိသည်။

+ + + + +

နှစ်ယောက်သား အံ့သြစွာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေမိသည်။ လေးလေးဆင့်၏မျက်နှာမှာတော့ ဝမ်းနည်းရိပ်တွေ။ မျက်ဝန်းတွေထဲမှာတော့ မျက်ရည်တွေ ဝေ့သီလို့။ စုမာအပေါ် အားကိုးလိုမှုတွေပါသည်။ အသနားခံမှုတွေပါ



သည်။ နှုတ်ခမ်းလေးတွေများဆို ပွင့်အာတုန်ရင်လို့။

မေးစရာပင် မလိုတော့ပါ။ လေးလေးဆင့်၏မျက်နှာကိုကြည့်ရုံ၊ သည်မြို့သေးသေးလေးဆီ လေးလေးဆင့်ရောက်နေရုံနှင့်ပင် လေးလေးဆင့်တစ်ယောက် ဘယ်သို့သော အခြေအနေတွေရောက်နေရပြီကို စုမာ သိလိုက်ပါပြီ။ စုမာ ကရုဏာသက်စွာ လေးလေးဆင့်ကိုကြည့်နေမိသည်။ လေးလေးဆင့်ကလည်းပဲ လေးလေးဆင့် အခြေအနေကို စုမာက သိလိုက်သည့်အကြောင်း သိနေပေလိမ့်မည်။ သည့်ကြောင့်···

''စုမာ''ဟု အားကိုးတကြီးခေါ်ရင်း စုမာအနားရပ်ကာ ပွေ့ဖက်ပြီးငိုလေသည်။

+ + + + +

လေးလေးဆင့်သည် စုမာအဖေ၏ နောက်မယား၊ စုမာ၏မိထွေးဖြစ်သည်။ အဖေ့အကြောင်း စုမာအသိဆုံးဖြစ်သည်။ အဖေ့ဘဝထဲ ဝင်လာခဲ့သူများကို မီးကိုတိုးတဲ့ ပိုးဖလံလေးများဟု ပြောရမည်။ အဖေနှင့် ပတ်သက်သူမှန်သမျှ၏ဘဝသည် ငရဲခံနေသည့်အလားပင်။ စုမာအမေသည်ပင် အဖေ့ဒဏ်ကိုမခံနိုင်သည့်အဆုံး စုမာကို ထားပြီး ထွက်ပြေးခဲ့သည်။

ထိုစဉ်က စုမာသည် ငါးနှစ်အရွယ် လေးသာရှိသေးသည်။ အဖေသည် အလုပ်ကို လက်ကြောတင်းအောင် လုပ်သူမဟုတ်ပေ။ အရက်ကို အလွန်ကြိုက်သည်။ အဖေသည် အသားစုံစားသည်။ အမဲ၊ ဝက်၊ ကြက်မပြောနှင့် ကြောင်သား၊ ခွေးသား၊ ငှက်ပေါင်းစုံသား၊ မြွေပေါင်းစုံသား၊ ဖားသားများကို မက်မက်စက်စက်ကြိုက်တတ်သူပင်။ အဖေ့အိမ်မှာ အသားပြတ်လပ်သည် မရှိ။ အသားတွေ ပိုလျှံနေလျှင် အမြှောင်းလေးတွေဖြစ်အောင်လှီးပြီး တံစို့ထိုးကာ အခြောက်လှန်းထားတတ်သည်။ အသားခြောက်များကို မီးကင်ပြီး အရက်နှင့်မြည်းသည်။ နေ့တိုင်းလိုလို လေးခွလေးနှင့် ငှက်ပစ်ထွက်တတ်သည်။ အဖေ ငှက်ပစ်ပြန်လာတိုင်း အကောင်တစ်ကောင်ပါလာတတ်သည်။ ငှက်မပါလျှင် ရှဉ့်၊ ဖွတ်၊ ပုတပ် တစ်ကောင်မဟုတ် တစ်ကောင်အမြဲလိုလိုပါသည်။ တစ်ရွာလုံးကလည်းအဖေ့အကြောင်း

အဖေသည် ခွေးရူးဟုသတ်မှတ်ပြီး တုတ်ဖြင့်အားကုန်လွှဲကာရိုက်ချသည်။ အဖေ့လက်သံ ပြောင်သလား မမေးနှင့်။ တစ်ချက်ရိုက်ရုံဖြင့် ခွေးမှာ အသက်မျှင်းမျှင်းပင် မရှုတော့။ ပြီးလျှင် အဖေသည် အိမ်သို့တရွတ်ဆွဲကာ အသားဖြတ်လေတော့သည်။ အဖေသည် ခွေးရူးသားကိုလည်း မက်မက်စက်စက်ကြိုက်လေသည်။

ကို သိသည်။ စရိုက်ကြမ်းတော့ ပြန်ပြောဖို့ ဝေးစွ။ မော်လို့ပင်မကြည့်ရဲကြ။ ရွာမှာ မြွေတစ်ကောင်ကောင်ပေါ်လျှင် အဖေ့ကို သတိရကြသည်။ သတ်ပြီး ''ကိုစံချစ် မြွေယူမလား''ဟု လာလာပေးတတ်ကြသည်။ တစ်ခါက ရွာသားတစ်ယောက်က မြွေသေတစ်ကောင် လာပေးသည်ကို စုမာမှတ်မိနေသည်။ စုမာနှင့်အမေက အဖေမြွေကြိုက်မှန်းသိတော့ မြွေသေကို လက်ခံထားသည်။ ထိတော့မထိရဲကြ။ ထိုစဉ် အဖေအိမ်ထဲဝင်လာသည်။ ''ဟယ် ဟိုမယ်မြွေကြီး'ဟု အဖေ့ကို နောက်ပြောင်သည်။ အဖေသည် ထိတ်ထိတ်ပျာပျာ မဟုတ်သေး၊ ဝမ်းသာအားရ ဘေးက ဆိုင်းထမ်းပိုးကို အပြေးယူပြီး မြွေကိုရိုက်သည်။ အဖေ့အဖြစ်ကိုမြင်တော့ စုမာနှင့်အမေ ဝါးလုံးကွဲအောင် ရယ်ကြသည်။ အဖေက မြွေသေမှန်းသိတော့ စုမာနှင့်အမေ့ကို အဖေက မကြားဝံ့မနာသာ ဆဲလိုက်သေးသည်။ ပြီးမှ မြွေကိုအရေခွံချွတ်ပြီး အတုံးတုံးတစ်နေသည်မှာ ကျွမ်းကျင်လိုက်သည်ဖြစ်ခြင်း။ အမေသည် မြွေသားဆို စားဖို့ဝေးစွ ထိပင်မထိချင်။ သို့ပေမဲ့ အဖေစိတ်တိုင်းကျ ချက်ပြုတ်ကျွေးရသည်။ စုမာကိုလည်း အမေက လုံးဝမစားခိုင်းပေ။

စုမာတို့ငယ်စဉ်က ရွာမှာ ခွေးရူးတွေ ခဏခဏပေါ်ဖူးသည်။ လက်ပံပွင့်ချိန်တိုင်း ခွေးရူးတတ်သည်။ ခွေးရူးပေါ်လျှင် ရွာသူရွာသားတွေက အဖေ့ကို အားကိုးတတ်ကြသည်။ ရွာမှာ ခွေးရူးကိုက်ခံရသဖြင့် လူတွေရော နွားတွေပါသေဖူးသည်။ တစ်ရွာလုံးက ခွေးရူးကြောက်ကြပေမယ့် အဖေကတော့ နည်းနည်းမှမကြောက်။ သားကောင်မုဆိုးလို အဖေသည် တုတ်တစ်ချောင်းဖြင့် ရွာလုံးနှံ့ ခွေးရူးရှာထွက်တတ်သည်။ ခွေးရူးတစ်ကောင်၏ပုံစံကို အဖေကောင်းကောင်းသိသည်။ အရူးရင့်နေသောခွေးရူးသည် မျက်စိသိပ်မမြင်။ ကောင်းကင်သို့ ဘယ်တော့မှ မော်မကြည့်။ ခေါင်းကိုအောက်သို့စိုက်လျက် သွားသည်။ မျက်စိသိပ်မမြင်သဖြင့် ဟိုဟိုသည်သည်တိုက်သည်။ အိမ်မှာမနေတတ်။ လျှောက်သွားနေတတ်သည်။ သွားရည်အမြဲတမ်းကျနေတတ်သည်။ ထိုအချက်တွေနှင့် ခွေးတစ်ကောင်ကိုမြင်လျှင် အဖေသည် ခွေးရူးဟုသတ်မှတ်ပြီး တုတ်ဖြင့်အားကုန်လွှဲကာ ရိုက်ချသည်။ အဖေ့လက်သံပြောင်သလား မမေးနှင့်။ တစ်ချက်ရိုက်ရုံဖြင့် ခွေးမှာ အသက်မျှင်းမျှင်းပင် မရှုတော့။ ပြီးလျှင် အဖေသည် အိမ်သို့တရွတ်ဆွဲကာ အသားဖြတ်လေတော့သည်။ အဖေသည် ခွေးရူးသားကိုလည်း မက်မက်စက်စက်ကြိုက်လေသည်။

အဖေ ခွေးသားကြိုက်ကြောင်း တစ်ရွာလုံးမှ လူတွေသာသိသည်မဟုတ်။ ခွေးတွေကလည်း သိကြသည်။ ခွေးတိုင်းက အဖေ့ကိုမြင်လျှင် ထိုးဟောင်ကြသည်။ သို့သော် ဘယ်ခွေးမှ အဖေ့ကိုမကိုက်ရဲ။ ခပ်ဝေးဝေးကနေသာ နားကြားပြင်းကတ် မတတ် ဟောင်နေတတ်ကြသည်။

တစ်ခါက အဖေသည် ခွေးတစ်



ကောင် သတ်ခဲ့သည်ကို စုမာကိုယ်တိုင် မြင်ခဲ့ဖူးသည်။ ထိုအဖြစ်ကို စုမာ ဘယ်တော့မှမမေ့။ ခွေးတစ်ကောင်သည် အဖေ့ကို ဟောင်နေသည်။ အဖေသည် နားကြားပြင်းကတ်လို့ထင်၊ အနားမှာ ဆိုင်းထမ်းပိုးဖြင့် ခွေးကိုလိုက်ရိုက်သည်။ တစ်ချက်တည်းမှာပဲ နှုတ်သီးကိုရိုက်မိရာ ခွေးမှာ အသက်ပျောက်သွားသည်။ ထိုမြင်ကွင်းကြောင့် စုမာ အဖေ့ကိုအလွန်ကြောက်ရွံ့သွားသည်။ ထိုခွေးကိုလည်း အဖေက ဖျက်ပြီးစားသည်။ ခွေးရှင်က တစ်ခုခုလာပြောမည်ထင်ထားပေမယ့် မလာခဲ့။

အဖေသည် အလုပ်ကို လက်ကြောတင်းအောင်မလုပ်ပေမယ့် မမွဲပါ။ အဖေ့မှာ ငွေကြေးမပေါများဘူးဆိုလျှင်တောင် ပြတ်လပ်သည်ဟူ၍မရှိ။ အဖေ့မှာ ခိုင်မာသည့် အလုပ်တစ်ခုရှိသည်။ ထိုအလုပ်မှာ ဝက်မွေးမြူရေးပင်။ အဖေသည် ဝက်ဆယ်ကောင်ထက်မနည်း တစ်ပြိုင်နက် မွေးမြူသည်။ ငွေပြတ်လပ်ခါးနီးလျှင် ဝက်တစ်ကောင်ကောင် ထုတ်ရောင်းပြီး နောက်တစ်ကောင် ထပ်မွေးလိုက်ရုံပင်။

အဖေသည် ဝက်မွေးမြူသည်ဆိုသော်လည်း လက်ကြောမတင်းသူပီပီ မွေးမြူရေးလုပ်ငန်းများကို ကိုယ်တိုင်မလုပ်ပေ။ အမေတစ်ယောက်သာ ဒိုင်ခံလုပ်ရသည်။ ဝက်စာခူးလျှင် အမေသာ။ ဝက်စာစဉ်းလည်းအမေ။ ရွာအနှံ့ ဆိုင်းထမ်းလေးနှင့် ထမင်းရည် လိုက်ယူရလည်းအမေ။ ဝက်ပေါ်လျှင် ထမင်းရည်ပေးသူများကို အဖေက ဝက်သား အစိတ်သားစီပေးတတ်သဖြင့် ထမင်းရည်ကို ပေးတတ်ကြသည်။ ဝက်စာရှားချိန် မန်ကျည်းစေ့လိုက်ဝယ်ပြီး အိမ်အထိရွက်ရလည်း အမေ။ မန်ကျည်းစေ့လှော်လည်း အမေ။ ဝက်စာကျွေး၊ ဝက်စာခွက်သန့်ရှင်းရလည်း အမေပင်။ ထမင်းချက်အဝတ်လျှော်လည်း အမေမှ အမေ။ အဖေကတော့ သောက်လိုက်၊ အိပ်လိုက်နှင့် အပြဖိမ်ကျနေ

သူ။ အဖေ့အလုပ်က အမေ့ကိုခိုင်းစေခြင်းပင်။ အမေအလုပ်လုပ်သည်ကို အလိုမကျလျှင် ပါးစပ်နှင့်သာ တံ့ပြန်သည်မဟုတ်။ လက်သီးလည်းပါသည်။ အဖေ့လက်သီးကြောင့် အမေသွားကျိုးဖူးသည်။ မျက်ခုံးပေါက်ဖူးသည်။ နေရာအနှံ့ ဖူးရောင်ဖူးသည်။ အဖေ့ကြောင့် အမေ ငိုခဲ့ရပေါင်းမနည်းပေ။

တစ်ခါကျတော့ အဖေနှင့်အမေ ရန်ဖြစ်သည့်သတင်းက တစ်ရွာလုံးသို့ပျံ့နှံ့သွားခဲ့သည်။ ထိုနေ့သည် စုမာနှင့်အမေတို့၏ နောက်ဆုံးဆုံတွေ့ခဲ့ရသောနေ့ဖြစ်လိမ့်မည်ဟု စုမာ မထင်ခဲ့ပေ။ အမေသည် အဖေ၏ ပေါင်တွင်းကြောကိုကိုက်သည်တဲ့။ အမေ ဘာကြောင့်ကိုက်ရသည်ကိုတော့ စုမာမသိ။ အဖေနှင့်အမေ ရုန့်ရင်းဆန်ခတ်ဖြစ်ပြီး အမေထွက်လာသည့်အချိန်မှာ အမေ့ တစ်ကိုယ်လုံး ဖရိုဖရဲနှင့် ဦးခေါင်းပေါ်ကနေ သွေးတွေစီးကျနေသည်။ တစ်ရွာလုံးကလည်း အဖေ့ကိုကြောက်တော့ ကြားထဲက ဝင်မဖျန်ဖြေရဲကြ။ အမေငိုတော့ စုမာပါလိုက်ငိုမိသည်။ ထိုနေ့က အမေသည် မကြုံစဖူး စုမာကို အတင်းအကျပ်ပွေ့ဖက်သည်။ ပြီးမှ စုမာ နားကပ်လေးကို ရွှတ်ယူသည်။ ပြီးမှ အိမ်အပြင်သို့ထွက်ကာ ပြေးထွက်သွားသည်။ စုမာကို စကားလေးတစ်ခွန်းတောင် ပြောမသွားခဲ့။ သည့်နောက်ပိုင်း အမေ့သတင်းတွေ စုန်းစုန်းမြုပ်ပျောက်ကွယ်သွားခဲ့သည်။ အမေ ဘာကြောင့် စုမာကို ခေါ်မသွားရပါသနည်း။ စုမာကို မချစ်လို့လား။ မဖြစ်နိုင်ပါ။ အမေ စုမာကိုချစ်တာ စုမာအသိဆုံးပင်။ စုမာကို အဖေနှင့်များ စိတ်ချခဲ့သည်လား။ အဖေ ဘယ်လောက်ပဲ အမေ့အပေါ်ဆိုးဆိုး စုမာကို လက်လေးနှင့်ပင် မရွယ်ခဲ့ဖူးတာ အမေအသိ။ အဖေသည် တစ်ဦးတည်းသောသမီးလေး စုမာကိုချစ်သည်။ ယခုထိတိုင်ပင်။ အမေ့လက်ထဲ ငွေမရှိတော့ စုမာကို ခေါ်မထားနိုင်မှန်း သိသည်။ နားကပ်လေး ရွှတ်ယူသွားသည့် အတွက် စုမာ ဘယ်တုန်းကမှ မနှမြောဘူး။

အမေထွက်သွားသည့်နောက် စုမာ အဖေ့ကိုကြောက်လို့ အဖေ့အိမ်မှာမနေပါ။ အဖေ့အိမ်၏တောင်ဘက်အိမ်တွင်နေသည်။ ထိုအိမ်က အဖေ့အကြောင်းသိလို့ထင်။ စုမာလာနေတော့ ဘာမျှမပြော။ ကြည်ကြည်ဖြူဖြူ နေခွင့်ပြုသည်။ အဖေကလည်း စုမာကို ချစ်လို့ထင်။ စုမာသဘောအတိုင်းပင် နေချင်သလို နေပါစေသဘောနှင့်ပြန်မခေါ်ပေ။ ထိုအိမ်တွင် စုမာ အိမ်ဖော်တစ်ယောက်လိုနေသည်။ နွားစာရိတ်သည်။ ထမင်းချက်သည်။ အဝတ်လျော်သည်။ နွားကျွေးသည်။ ထိုအိမ်တွင် နေရင်း နှစ်နှစ်၊ သုံးနှစ်မျှအကြာတွင် အဖေသည် တခြားရွာမှ မယား တစ်ယောက်ယူလိုက်သည်။ ထိုစဉ်မှာပဲ အမေ့သတင်းတွေ တစ်စွန်းတစ်စကြားခဲ့ရသည်။ အမေတစ်ယောက် မော်တောထဲမှာ လင်ရပြီး ငှက်ဖျားဖြစ်ကာ ဆုံးသွားပြီတဲ့။ ထိုသတင်းကြောင့် စုမာ 'အမေ'ဟုတမ်းတရင်း ရှိုက်ကြီးတငင်ငိုခဲ့သည်။

အဖေယူသည့် ထိုမယားသည် လေးလေးဆင့်ပင်ဖြစ်သည်။ လေးလေးဆင့်သည် အပျိုမဟုတ်။ လင်သေပြီး ကလေးတစ်ယောက်အမေ မုဆိုးမဖြစ်သည်။ သမီးလေးသည် စုမာထက် လေးနှစ်မျှ ငယ်သည်။ သူဇာဟုခေါ်သည်။ သူဇာသည် အဖေ့ကို ကြောက်သည်ထင်။ လေးလေးဆင့်နှင့်မနေ။ တခြားရွာမှ အဘွားအိမ်တွင်နေသည်။ အဖေ လေးလေးဆင့်ကို ယူတော့ စုမာလည်း အဖေ့အိမ်တွင် နေတော့သည်။ အဖေသည် လေးလေးဆင့်ကိုလည်း အမေနည်းတူ နှိပ်စက်တတ်သည်။ လေးလေးဆင့်ကို စုမာ ခင်တွယ်သည်။ အဖေ့အကြောင်းတွေသိထားတော့ လေးလေးဆင့်ကို သနားသည်။ လေးလေးဆင့်ကို အမေတစ်ယောက်လို သဘောထားသည်။ သို့သော် အမေအရင်းကို စုမာ ဘယ်တော့မှ မမေ့သဖြင့် လေးလေးဆင့်ကို အမေဟု မခေါ်နိုင်။ မိထွေးမို့ မိထွေးဟု ခေါ်ရအောင် ဆိုတော့လည်း ထိုအခေါ်အဝေါ်ကြီးက လေးလေးဆင့်အား နှိမ်ရာကျသည်ဟု စုမာ မြင်မိသဖြင့် လေးလေးဆင့်ဟု ခေါ်တော့သည်။ လေးလေးဆင့်ကလည်း စုမာကို ခင်တွယ်သည်။ သားအမိတွေလို တိုင်တိုင်ပင်ပင်နေတတ်သည်။ အဖေ့ဒုက္ခတွေကို ရင်ဖွင့်တတ်သည်။ ထိုအခါမျိုးဆို စုမာမှာ လေးလေးဆင့်ကို ကရုဏာသက်စွာကြည့်နေရသည်။

စုမာ ကျောင်းမနေခဲ့ရပါ။ အမေထွက်သွားချိန်က စုမာ ကျောင်းနေရမည့်အရွယ်ရောက်နေပေပြီ။ အမေထွက်သွားပြီးနောက် အဖေ့အိမ်မှာမနေဘဲ သူများအိမ်မှာ အိမ်ဖော်လိုနေခဲ့ရတော့ စုမာ ကျောင်းမနေခဲ့ရ။ လေးလေးဆင့်ရောက်လာပြီး မကြာမီ၌ ရွာထဲက အိမ်ထောင်တစ်စုံ၏မြို့မှာနေသော ဆွေမျိုးတစ်စုက ရွာသို့လာပြီး အိမ်ဖော်တစ်ယောက်လိုချင်ကြောင်း သတင်းထွက်လာသည်။ စုမာ အိမ်ဖော်လုပ်ဖူးတော့ လိုက်ချင်သည်။ လစာလည်း ရမည်ဆိုလို့ ပိုလုပ်ချင်သည်။ အဖေ့ကိုကြောက်လို့ ထွက်ပြေးချင်တာလည်းပါသည်။ အဖေကတော့ ဘာမျှ မပြောရှာပေ။ စုမာ သွားမယ်လုပ်တော့ လေးလေးဆင့်ကိုသနားပြီးရင်း သနားနေခဲ့မိသည်။ အဖေ့ဒုက္ခတွေကို တိုင်ပင်ဖော်မရှိပါဘဲ လေးလေးဆင့်တစ်ယောက်တည်း ရင်စည်းခံရတော့မည်။ စုမာအဖြစ်က ခေါင်းရှောင်သလို ဖြစ်နေမှန်းသိပါသော်လည်း စုမာ မတတ်နိုင်ခဲ့။

သည်လိုနှင့် စုမာ ရန်ကုန်သို့ရောက်ခဲ့ရသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် အလုပ်တွေပိနေအောင်လုပ်ရသော်လည်း စုမာ ကံကောင်းပါသည်။ အလုပ်ရှင်မိသားစုက အင်မတန်သဘောကောင်းသည်။ စားချင်တာစားရသည်။ အဝတ်အစားတွေဝယ်ပေးသည်။ ရွာက အဖေ့ကိုကြောက်သော်လည်း အဖေက အဖေပဲမို့ ပြီးတော့ စုမာမှာ တွယ်တာစရာမိသားစုဆိုလို့ အဖေတစ်ယောက်သာရှိသောကြောင့် အဖေ့ကို ပစ်ထားလို့လည်း မဖြစ်ပေ။ သည့်ကြောင့် နှစ်နှစ်တစ်ခါလောက် အဖေ့ထံပြန်ဖြစ်သည်။ စုမာပြန်တိုင်း လေးလေးဆင့်တို့အကြောင်း လေးလေးဆင့်က ပြောပြသည်။

စုမာ ကျောင်းမနေခဲ့ရပါ။ အမေထွက်သွားချိန်က စုမာ ကျောင်းနေရမည့်အရွယ် ရောက်နေပေပြီ။ အမေထွက်သွားပြီးနောက် အဖေ့အိမ်မှာမနေဘဲ သူများအိမ်မှာ အိမ်ဖော်လိုနေခဲ့ရတော့ စုမာ ကျောင်းမနေခဲ့ရ။



''ငါ နင့်အဖေဇော်မခံနိုင်လို့ ပြန်ပြန်ပြေးတာ လေးငါးခါရှိပြီ၊ ဒါပေမဲ့လည်း ငါ့မှာ သွားစရာမရှိ၊ စားစရာမရှိတော့ နင့်အဖေ နှိပ်စက်လည်း သည်းခံရမှာပဲဆိုပြီး ပြန်ပြန်လာနေရတယ်၊ ငါလာတိုင်း နင့်အဖေက တစ်ခွန်းမှ မဟဘူးရယ်၊ ဘယ်ဟမလဲ၊ သူ့အလုပ်တွေလုပ်မယ့်သူရှိလာတာကိုး၊ ညည်းအဖေ အလုပ်ဘယ်လောက်ပျင်းတာ ညည်းအသိပဲ၊ နောက်မကြာဘူး၊ တစ်ပတ်လောက်ကြာရင် လေးလေးကို ပြန်နှိပ်စက်ပါရော''

သည်လိုနှင့်ပဲ စုမာ လှသွေးကြွယ်ဘဝသို့ရောက်ခဲ့သည်။ စုမာပျိုဖော်ဝင်ချိန်မှာ ပိုလို့လှလာလို့ထင်ပါရဲ့။ နေ့စဉ်တွေ့နေရသည့် ဘေးအိမ်က ဝင်းဇော်ဆိုသူက စုမာကို ချစ်စကားပြောလာသည်။ ''နင့်လို လှတပတ ရုပ်လေးနဲ့ ပင်ပင်ပန်းပန်းလုပ်နေရတာ မကြည့်ရက်ဘူး၊ ငါ့ကိုယူပြီး ငါ့အနားမှာပဲ အေးဆေးနေပါဟာ''တဲ့။ အိမ်နီးချင်းမို့ ဝင်းဇော် စိတ်ထားကောင်းတာသိသည်။ စုမာကို သံယောဇဉ်ကြီးတာလည်း သိသည်။ ဇီဇာကြောင်တတ်တာလေးတစ်ခုသာပင်။

ဝင်းဇော်နှင့်စုမာယူတော့ ဝင်းဇော်က ဝန်ထမ်းဖြစ်သွားသည်။ ဝန်ထမ်းမို့ အမိန့်အတိုင်း ဟိုဟိုသည်သည်ပြောင်းရသည်။ ယခုလည်း မြို့သေးသေးလေးဆီသို့ ပြောင်းမိန့်နှင့်ရောက်နေသည်မှာ တစ်လကျော်ရုံသာ ရှိသေးသည်။ သည်မြို့လေးမှာ လေးလေးဆင့်နှင့်တွေ့ရလိမ့်မည်ဟု စုမာ နည်းနည်းလေးမှ မထင်မှတ်ခဲ့။ မုန့်ဟင်းခါးသည် မဆင့်၏အမည်မှာ လေးလေးဆင့်ဖြစ်နေလိမ့်မည်ဟုလည်းမထင်မှတ်၊

+ + + + +

''ဘယ်လိုများဖြစ်ရတာလဲ လေးလေးဆင့်ရယ်''

စုမာ ကရုဏာသက်စွာမေးလိုက်သည်။ လေးလေးဆင့်က တရှုပ်ရှုပ်ငိုရင်းဖြေသည်။

''မေးစရာလိုသေးလား၊ ညည်းအဖေပေါ့အေ၊ ညည်းအဖေဇော်မခံနိုင်လို့ ကွာလာတာ၊ ငါ အစကတော့ ဒီတစ်ခါထွက်မပြေးတော့ဘူး၊ သေအောင်နှိပ်စက်လည်း သည်းခံမယ်ဆိုပြီး သံန္ဒိဋ္ဌာန်ချထားပေမယ့်လည်း နောက်ဆုံးမှာ ငါသည်းမခံနိုင်ခဲ့ဘူး၊ ဒါကြောင့် ငါလည်း ရွာကသူကြီးကိုတိုင်ပြီး လျော်ကြေးနဲ့ကွာဖို့ပြောတယ်၊ ငါ ကျွန် တစ်ယောက်လိုလုပ်ခဲ့ရတာ နည်းတာမှတ်လို့၊ ဒါကြောင့် လျော်ကြေးသိန်းငါးဆယ်တောင်းတယ်၊ ဒါပေမယ့် ညည်းအဖေက ဆယ်သိန်းပဲပေးတယ်၊ ညည်းအဖေဆီမှာ ငွေတွေ မနည်းဘူးရှိတယ်တော့်၊ ခုခေတ် ဝက်တစ်ကောင်ရဲ့ဈေးက နည်းနည်းနောနောမဟုတ်ဘူး၊ ဒါပေမယ့်လည်း ဝက်ဆယ်ကောင် လုံးလုံး ဂရုတစိုက်ကျွေးမွေးခဲ့တာ ငါ တစ်ယောက်တည်းပါအေ၊ ဒါများ လျော်ကြေးက ဆယ်သိန်းတဲ့လား၊ သူကြီးကလည်း ညည်းအဖေကို ကြောက်တော့ ပေးသလောက်ပဲယူတဲ့၊ မျှတရဲ့လား၊ ငါလည်း ဘာမှ မတတ်နိုင်တော့ ရတဲ့ဆယ်သိန်းလေးကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး သူဇာရှိတဲ့ ဒီမြို့လေးမှာ မုန့်ဟင်းခါးဆိုင်လေးဖွင့်မယ်ဆိုလို့ ထွက်လာတာ အဲဒီမှာ ညည်းနဲ့တွေ့တာပဲ''

လေးလေးဆင့်က ရှည်ရှည်ဝေးဝေးရှင်းပြတော့ စုမာ အံ့လည်းအံ့သြ၊ သနားလည်း သနားရင်း···

''သူဇာလည်း ဒီမြို့မှာပဲလား၊ တိုက်ဆိုင်လိုက်တာ''ဟုမေးလိုက်သည်။

''အင်း–အပ်ချုပ်စက်ရုံမှာ လုပ်နေတယ်၊ ငါ့ကို မုန့်ဟင်းခါးဆိုင်မဖွင့်ဖို့ ပြောပါတယ်၊ ငါက မနေနိုင်လို့ ညည်းကရောဘာလို့ ဒီရောက်နေတာလဲ''

''ကျွန်မလည်း ယောကျ်ားက ပြောင်းမိန့်ကျလို့ရောက်နေတာ တစ်လကျော်ကျော်ပဲရှိသေးတယ်''

''ဩော်''

''ဒါဆို လေးလေးက အဖေ့ဆီ လုံးဝပြန်မသွားတော့ဘူးပေါ့''

''သွားစရာလား၊ လုံးဝပဲ၊ ညည်းအဖေကို ခွင့်မလွှတ်နိုင်တော့ဘူး၊ အခု နောက်တစ်ယောက်တောင် ခေါ်တင်လိုက်ပြီတဲ့''

''ဟင် ဘယ်လို···''

''ဖျောက်ဆိပ်ရွာသူတဲ့၊ သူလည်း တမြန်နှစ်ကမှ လင်က ထန်းပင်ပေါ်က ပြုတ်ကျပြီးသေထားလို့ မုဆိုးမပဲ၊ ကလေးသုံးယောက်နဲ့၊ ငါတော့ အဲဒီမိန်းမကို သနားလိုက်တာ၊ သူ့ခင်ဗျာ ညည်းအဖေဇော်တွေခံရတော့မှာ''

''ဖြစ်မှဖြစ်ရလေ''

စုမာ ရင်ဘတ်ကိုဖိလိုက်မိသည်။ အကြောင်းကား လေးလေးဆင့်လိုပဲ ထိုမိန်းမကို သနားမိသွားသောကြောင့်ပင်။

''ကလေးတွေက ငယ်ငယ်လေးတွေ၊ အကြီးဆုံးကလေးက ငါးနှစ်တောင်မပြည့်ချင်၊ အငယ်ဆုံးလေးက နို့မပြတ်သေးဘူးတဲ့၊ အဲဒီ မိန်းမခင်ဗျာ ကလေးကတစ်ဖက်နဲ့ အလုပ်တွေ မနိုင်မနင်းလုပ်အုံးမှာ၊ ညည်းအဖေက အဲဒီမိန်းမကိုပါမပြောနဲ့ ကလေးတွေကိုပါ နှိပ်စက်အုံးမလားပဲ''

လေးလေးဆင့်၏စကားတွေအဆုံးမှာ စုမာ ရင်အုံမို့မို့ကြီးကတော့ နိမ့်တုံပြင့်တုံဖြစ်လို့ နေပါသည်။ ။

ဒေးဗစ်မောင်မောင်

CITY Cartoon





■ မောင်သာစိုး(ပြည်)



အကာလား အနှစ်လား

(တစ်)

ပူပြင်းလောင်မြိုက်လှသည့် နွေနေ့လယ်ခင်းအချိန်တွင်မှ ထွက်လာခဲ့မိသည့် ကိုယ့်အဖြစ်ကိုယ်ပဲ ဒေါသထွက်မိသည်။ ရောက်နေသည့်နေရာကလည်းကူး။ ကိစ္စက မြေဝယ်ဖို့လာစုံစမ်းခြင်း။ စံတော်ချိန်သတင်းစာမှာတွေ့လိုက်ရသည့် သတင်းလေးကို ခြေရာခံပြီး အခုလို ပူပြင်းလောင်မြိုက်နေသည့် အပူဒဏ်ကိုမှမမူတော့ဘဲ ထွက်လာခဲ့မိသည့် မိမိအဖြစ်။ ရန်ကုန်လိုနေရာမျိုးမှာ မြေ ၂၀x၆၀ အကျယ်ကို (၁၀)သိန်းနှင့် ရမည်ဆို၍ လောဘဇောတိုက်၍ ကိုယ့်လောဘနှင့်ကိုယ်လာခဲ့မိခြင်း။ ခရီးအဝေးကြီးကနေလည်း လာခဲ့ရသည့်အပြင် ဗိုက်ကလည်းဆာ၊ ထို့အပြင် မြေနေရာသွားကြည့်ရသည့် အကွာအဝေးကလည်း ထပ်ဝေးသေးဆိုတော့ လူကကိုင်ရိုက်ထားသလို မလှုပ်ချင်ဖြစ်နေတော့သည်။

ဘယ်သူ့အပြစ်မှ မဟုတ်။ အချိုအချောင်ရမည်ဆိုပြီး လာခဲ့မိသည့် မိမိအပြစ်။ မြေတန်ဖိုးက မတန်ဘူးလားဆိုတော့လည်း တန်သည်။ သို့သော်...မြေဝယ်ပြီး သည်အတိုင်း ကိုယ်ဆောက်ချင်သည့်အချိန်မှ ထဆောက်လို့ရသည့် အခွင့်အရေးမရှိ။ အခုဝယ်ပြီး အခုဆောက် လူနေကြောင်းပြရမည့်အနေအထား။ ဆိုတော့ မြေဝယ်ပြီး ဥထားချင်သည့် ကျွန်တော့်အတွက် ဘယ်လိုမှမကိုက်။ ချက်ချင်းဆောက်ရအောင်လည်း ကျွန်တော့်မှာ အဲလောက် စုဆောင်းထားသည့်ပိုက်ဆံမရှိ။ ဝယ်ပြီး ဥထားလို့ရသည့် မြေနေရာရှိသော်လည်း တန်ဖိုးကမသေး။ ကျွန်တော့်လို ဝန်ထမ်းတစ်ယောက်အဖို့ ဘယ်လိုမှ အနားမကပ်နိုင်သည့်အခြေအနေ။ ဆိုတော့ စိတ်ပျက်ပျက်နှင့်ပဲ အတူလာပြီး မြေနေရာလာကြည့်သည့် မိတ်ဆွေစာရေးဆရာတွေနှင့်ပဲ တစ်နေရာမှာထိုင်ပြီး လေကန်ကြဖို့ ပြောလိုက်မိသည်။ အားလုံး ခြွင်းချက်မရှိ သဘောတူကြသည်။ မိတ်ဆွေစာရေးဆရာတွေကလည်း မိမိလို မြေတန်ဖိုးအသင့် အတင့်နှင့်ရမည်ဆို၍ အားလုံး တစ်နေရာတည်းမှာချိန်းပြီး အတူတကွလာကြည့်ခြင်းပဲဖြစ်သည်။ သည်ရောက်တော့ အားလုံး ထင်တိုင်းမပေါက်ကြ။ အရှုံးနှင့်ပြန်ရမည့် အတူတူ တစ်နေရာမှာထိုင်ပြီး အေးအေးဆေးဆေး စကားပြောကြရအောင်ဟု မိမိက စလိုက်ခြင်းဖြစ်သည်။ အရိပ်ကောင်းကောင်းရမည့် ဆိုင်တစ်ဆိုင်ကိုရွေးလိုက်သည်။

(နှစ်)

မိမိအပါအဝင် စုစုပေါင်း လူငါးယောက်။ တစ်ယောက်သူကလွဲ၍ အားလုံး စာရေးဆရာတွေချည်း။ စာမျိုးစုံရေးနေသည့် သူပါသလို၊ ဝတ္ထုတိုတစ်လိုင်းပဲ ဖောက်ချရေးနေသည့်သူလည်းပါသည်။ ထို့အပြင် ဆောင်းပါးနှင့် အက်ဆေးပဲရေးနေသည့် စာရေးဆရာလည်းပါသည်။ ဆိုတော့ အားလုံးနီးပါး စာရေးဆရာတွေချည်း။ ထို့ကြောင့် ပြောဖြစ်နေသည့် အကြောင်းအရာတွေကလည်း စာပေကိစ္စတွေချည်း တစ်နေရာအရောက် ပြောချလာသည့် စာရေးဆရာတစ်ယောက်၏ စကားလေးက မိမိနားစည်ကို လာနှောင့်ယှက်သည်။ ထိုသူက



သူတွေ့ကြုံခဲ့ရသည့် ကိစ္စလေးတစ်ခုကို အဖြစ်မှန်အတိုင်း ပြောချလာသည်။ သူတို့သူငယ်ချင်းတစ်စု ရေဘေးဒုက္ခသည်များကို ကယ်ဆယ်လှူဒါန်းဖို့ အလှူခံတွေထွက်ကြ၊ ပိုက်ဆံတွေထည့်ကြ စသဖြင့် လုပ်ကြောင်း။ ရက်တို့ အနည်းငယ်ကြာလာသည့်အခါ ပိုက်ဆံအတော်အသင့်စုဆောင်းမိကြောင်း၊ ထိုအခါ သွားလှူဖို့ ဆုံးဖြတ်ကြသည့်အခါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာက **ကိုယ်တိုင်ကိုယ်ကျ သွားလှူတဲ့အခါ စရိတ်စကတွေနဲ့ မထောင်းသာလို့ အဝေး**




ကနေပဲ သက်ဆိုင်ရာတာဝန်ရှိသူတွေကို ပိုက်ဆံလွှဲပြောင်းပြီး ပို့လိုက်တာ ပိုထိရောက်ကြောင်း စသဖြင့် သူ့အကြံဉာဏ်ကို တင်ပြမိသည်။ သို့သော် အားလုံး လက်မခံ။ ကိုယ်တိုင်ကိုယ်ကျပဲ သွားလှူကြမည်ဟု ဆုံးဖြတ်လိုက်ကြသည်။ ထိုသို့ ကိုယ်တိုင်ကိုယ်ကျ သွားလှူသည့်အတွက် စရိတ်စက ပိုထောင်းသွားကြောင်း မိတ်ဆွေစာရေးဆရာက ကျွန်တော်တို့ကို စာရင်းတွက်ပြသည်။ လူအတော်များများလိုက်ပြီး သွားလှူသည့်အတွက် ခရီးစရိတ် စားစရိတ် နဲ့တင်ပဲ နှစ်သိန်းလောက်ထွက်သွားကြောင်း စသဖြင့် ရှင်းပြသည်။ အလဟဿဖြစ်သွားသည့် နှစ်သိန်းကို တကယ်ဒုက္ခရောက်နေသည့် သူတွေကိုပဲ ပိုက်ဆံပိုတိုးပေးလိုက်ပါက ပို၍ထိရောက်သွားမည်ဖြစ်ကြောင်း စသဖြင့် သူ့အမြင်ကို ပွင့်ပွင့်လင်းလင်းပြောပြလာသည်။ ထို့နောက် ဆက်ပြောသေးသည်။ အခုသွားလှူကြသည့်သူအများစုက တကယ်ဒုက္ခရောက်နေ၊ ဖြစ်နေသည့်သူတွေကို သွားကူညီချင်တာထက် သူတို့ ပျော်ပွဲရွှင်ပွဲအတွက် တစ်စုတစ်ဝေးတည်း သွားချင်သည့်အတွက်သွားလှူချင်တာဖြစ်ကြောင်း မိတ်ဆွေစာရေးဆရာက ပြောပြလာသည်။ မိတ်ဆွေစာရေးဆရာအပြောအောက်မှာ အားလုံး မင်သက်လို့။ ပတ်ဝန်းကျင်ကလည်း ငြိမ်သက်လို့။ လက်ဖက်ရည်ဆိုင်ကလေးကလည်း တိတ်ဆိတ်လို့။

(သုံး)

မိတ်ဆွေစာရေးဆရာပြောမှ ကျွန်တော် သေချာစဉ်းစားကြည့်မိသည်။ ကျွန်တော်တို့တွေက အမှန်တကယ်ထိထိရောက်ရောက် လှူချင်၊ တန်းချင်တာထက် ကိုယ့်နာမည်၊ ကိုယ့်ရုပ်ပုံ၊ ကိုယ့်ဂုဏ်သတင်းကြီးမှကိုပဲ အဓိကထားမိနေသည့်အတွက် မလိုလားအပ်ဘဲ ကုန်မိနေသည့်ငွေတွေ၊ အချိန်တွေက ပိုများနေသလို၊ အမှန်တကယ် အကူအညီလိုအပ်နေသည့် သူတွေအတွက် လည်း မထိရောက်သလိုကြီး ဖြစ်နေမိသည်ကို အားလုံး စဉ်းစားစားမိပါလေစ။ ကိုယ်တိုင်ကိုယ်ကျသွားလိုက်လို့ ကိုယ့်တစ်ယောက်အတွက် ပိုကုန်ကျသွားမည့် ငွေပမာဏကို အမှန်တကယ်အကူအညီလိုအပ်နေသည့်သူတွေကို ပိုထောက်ပံ့လိုက်ခြင်းက အကျိုးရှိထိရောက်သွားမည်ကို တွေးကာ တွေးမိကြပါလေစ။ ကိုယ့်အိတ်ကပ်ထဲက ကိုယ်စိုက်ပြီးသွားမည်ဆိုပါက အကောင်းဆုံး။ ထားတော့။

ပြောချင်သည်မှာ ကျွန်တော်တို့လူမျိုးတွေ၏ အားနည်းချက်တစ်ခုက ဘာအရေးကြီးဆုံးလဲ၊ ဘာအလုပ်သင့်ဆုံးလဲ၊ ဘာအဓိကလဲဆိုသည်ကို ဝေဖန်ပိုင်းခြားနိုင်သည့် ဆင်ခြင်တုံတရား အားနည်းနေသေးသည်က အမှန်ပဲဖြစ်သည်။ အကူအညီလိုအပ်နေသူတွေကို ထိထိရောက်ရောက် လှူဒါန်းနိုင်ဖို့က အရေးကြီးဆုံးလား၊ ကိုယ့်ရုပ်ပုံပါဖို့၊ နာမည်ထွက်ဖို့က အရေးကြီးဆုံးလားဆိုသည်ကို သိပ်မသဲကွဲဘူးဖြစ်နေခြင်းဖြစ်သည်။ မိတ်ဆွေစာရေးဆရာတစ်ယောက်၏ စကားလေးနားထောင်၊ ကြားမိရင်းက လူငယ်ကဗျာဆရာတစ်ယောက်၏ ကဗျာလေးတစ်ပုဒ်ကို ဖျတ်ခနဲသွားသတိရမိသည်။ ကဗျာဆရာနာမည်က ချမ်းမြသော်။ **မိုးသောက်ဂီတ ကဗျာများ**

> ကျွန်တော်တို့လူမျိုးတွေ၏
> အားနည်းချက်တစ်ခုက
> ဘာအရေးကြီးဆုံးလဲ၊
> ဘာအလုပ်သင့်ဆုံးလဲ၊
> ဘာအဓိကလဲဆိုသည်ကို
> ဝေဖန်ပိုင်းခြားနိုင်သည့်
> ဆင်ခြင်တုံတရား
> အားနည်းနေသေးသည်က
> အမှန်ပဲဖြစ်သည်။ အကူအညီ
> လိုအပ်နေသူတွေကို ထိထိရောက်ရောက်
> လှူဒါန်းနိုင်ဖို့က အရေးကြီးဆုံးလား၊
> ကိုယ့်ရုပ်ပုံပါဖို့...



ဆိုသည့်စာအုပ်မှာပါသည်။ ချစ်စရာ ကဗျာကလေး။ ကဗျာခေါင်းစဉ်က **မြင်ကွင်း**။

မြင်ကွင်း
လမ်းထိပ်နတ်စင်
ရွှေမင် ငွေမင်
ပန်းတင်အုန်းဆွဲ
မောင်းတော်လဲ။
ဆွမ်းတင်ကိုရင်
ဟိုဝင်သည်ဝင်
နတ်စင်နံဘေး
ကွေးကွေးလေး။

လူငယ်ကဗျာဆရာ ချမ်းမြသော်၏ ကဗျာက ဒါပဲဖြစ်သည်။ ကဗျာက ရှင်းစရာမလိုအောင် လင်းနေသည့် ကဗျာကလေးဖြစ်သည်။ လမ်းရဲ့ထိပ်မှာရှိသည့် နတ်စင်လေးက လှူဒါန်းပူဇော်ထားသူများ၏ပစ္စည်းများကြောင့် တင့်တယ်ဝင့်ထည်နေတော့သည်။ ရွှေမင် ငွေမင်လောင်းထားသည့် အုန်းသီးလေးက နတ်စင်ထဲမှာ အိန္ဒြေရရ တင့်တယ်စံမြန်းနေသည်။ ထို့အပြင် နတ်စင်ကို ပူဇော်ပသထားသည့် ပန်းများကလည်း မွှေးကြိုင်လန်းဆန်းနေသည်။ သက်မဲ့ဖြစ်သည့် နတ်စင်လေးက ပစ္စည်းပစ္စရစုံစုံလင်လင်ဖြင့် ကျက်သရေတင့်စွာ စံမြန်းနေပေမယ့် နတ်စင်နံဘေးကမြင်ကွင်းကို ကြည့်လိုက်မိသည့်အခါ ရင်ထဲ ဟာခနဲ ဟင်ခနဲဖြစ်သွားမိသည်။ ကိုရင်လေးတစ်ပါး ရွာထဲနဲ့ ရွာနီးချုပ်စပ်မှာ ဆွမ်းခံပါသော်လည်း လောင်းလှူသူနည်းပါးသောကြောင့် (သို့မဟုတ်) လောင်းလှူသူမရှိသောကြောင့် ဆွမ်းဘဉ်းစရာမရှိသော ကိုရင်ကလေး၊ ဒါယိကာခံမည့်သူ မရှိသောကြောင့် ဆွမ်းငတ်နေရရှာသည့် ကိုရင်ကလေး...နောက်ဆုံး ဟိုဝင်သည်ဝင်နှင့် နတ်စင်နံဘေးမှာ ဆာဆာနှင့် ကွေးကွေးကလေးအိပ်နေရရှာသည့် ကိုရင်ကလေး။ အဖြစ်က ရင်နင့်စရာကောင်းသည်။ သာသနာတည်တုံခိုင်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်နေရသည့် သာသနာ့အာဏာနည် ကိုရင်လေးတစ်ပါးကျ ဆွမ်းလောင်းလှူမည့်သူမရှိ။ သက်မဲ့ဖြစ်သည့် လမ်းထိပ်နတ်စင်ကျ ပူဇော်ထားသူ အများစု၏ ပစ္စည်းမျိုးစုံဖြင့် ပေါလွှဲကြွယ်ဝနေသည်။ အင်း...ခက်တော့ခက်သား။

မြန်မာပြည်တစ်ဝန်း အဆိုပါမြင်ကွင်းများကို တွေ့ဖူး၊ မြင်ဖူးကြပါလိမ့်မည်။ ဒါ



ဘာကိုပြနေသနည်းဆိုတော့ ကျွန်တော်တို့ လူမျိုးတွေ ဘာအရေးကြီးဆုံးလဲ၊ ဘာအဓိကကလဲဆိုသည်ကို ဆင်ခြင်ဆုံးဖြတ်နိုင်သည့် ဥာဏ်ပညာတရား အားနည်းနေသေးသည်ကို အထင်းသားတွေ့နေရပါသည်။ ထိရောက်မှုရှိမည့်၊ အဓိကဖြစ်သည့် အရာကိုကျတော့ လျစ်လျူရှုပစ်ပယ်ပြီး အပို အကာအရံတွေကိုပဲ ခုံမင်တပ်မက်နေသည့် ကျွန်တော်တို့စိတ်ထားတွေ။ ကိုယ့်လာဘ်လာဘ၊ ကိုယ့်စီးပွားရေး၊ ကိုယ့်ဂုဏ်သတင်းကျော်ကြားမှုပဲ ကြည့်နေသည့် တစ်ကိုယ်ကောင်းစိတ်ထားတွေ။ ဘာအရေးကြီးဆုံးလဲ၊ ဘယ်အရာအဓိကဖြစ်မလဲ၊ ဘယ်အရာကိုလုပ်ရင် ပိုထိရောက်မှုရှိပြီး ပိုအကျိုးများ ပိုကုသိုလ်များမလဲဆိုသည့် အတွေးအခေါ်တွေ သိပ်မရှိ။ အဓိကနှင့်သာမညမှာ သာမညကိုပဲ ဦးစားပေးနေမိသည့်အဖြစ်။ အနှစ်နှင့်အကာမှာ အကာကိုပဲ ဦးစားပေးနေမိသည့်အဖြစ်။

(လေး)

ကျွန်းငယ်လေးသာသာမျှသာ ရှိသော၊ တံငါရွာလေးသာသာမျှသာရှိခဲ့သော စင်ကာပူကို ယနေ့ အာရှမှာ ကျားတစ်ကောင်ဖြစ်အောင် လုပ်ခဲ့သော စင်ကာပူနိုင်ငံ၏ ခေါင်းကိုင်ဖခင်ကြီး လီကွမ်ယု၏ အတွေးအခေါ်က ပြတ်သားသည်။ အဓိကနှင့် သာမညကိုသိသည်။ သူတွေးပြခဲ့သည့် စကားလေးတစ်ခွန်းက အင်မတန်လှပသေသပ်လွန်းသည်။ **ငါတို့နိုင်ငံ ဘာထွက်သလဲ ရှာကြည့်လိုက်တော့ ဘာမှထွက်တာ မတွေ့ဘူး၊ အဲ--ဒါပေမဲ့ နှစ်စဉ် လူတွေတော့ မှန်မှန်ထွက်နေတယ်၊ ဒါကြောင့် လူကိုပဲ အဓိကထားပြုစုပျိုးထောင်ပေးလိုက်ရင် တစ်နေ့တစ်ချိန်မှာ ကျိန်းသေပေါက် အောင်မြင်လာလိမ့်မည်** ဟု။ ထိုအတွေးကြောင့် နိုင်ငံခြားတိုင်းပြည်များသို့ ပညာတော်သင်များ စေလွှတ်သည်။ လူတွေကို စိတ်ဓာတ်တွေကောင်းမွန်လာအောင် ပထမဦးဆုံးပျိုးထောင်သည်။ အကာနှင့်အနှစ်ကို သိသည်။ ဖြစ်ချင်တာထက် ဖြစ်သင့်တာကို သိသည်။ ထို့ကြောင့် စင်ကာပူနိုင်ငံသည် ယနေ့လို အာရှမှာ ကျားတစ်ကောင်အဖြစ် ထည်ဝါစွာတည်ရှိနေခြင်းဖြစ်သည်။

ဩော်...မိတ်ဆွေစာရေးဆရာတစ်ယောက်၏ စကားလေးတစ်ခွန်းကို ဆက်အမျှင်တန်းရင်းက ကဗျာတစ်ပုဒ်ကို ဖျတ်ခနဲ သတိရသွားမိရင်းက **ဘာအရေးကြီးဆုံးလဲ** ဆိုသည့် မေးခွန်းလေးက ကျွန်တော့်ခေါင်းထဲသို့ တိုးဝင်ပွတ်သပ်လာသည်။

ကဲ...မိတ်ဆွေတို့

အကာလား...အနှစ်လား။

မောင်သာစိုး(ပြည်)







စကားချီး။ ။ ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၏ ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များကို တစ်ကမ္ဘာလုံးကသိရှိပြီး ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် မိမိတို့နိုင်ငံ၏ အမွေအနှစ်များကိုဖော်ထုတ်ကာ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် နိုင်ငံများအဖြစ် စာရင်းဝင်နိုင်ရန် ဆောင်ရွက်ကြရာတွင် မြန်မာနိုင်ငံသည်လည်း အပါအဝင်ဖြစ်သည်။

ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်

မြို့သရေခေတ္တရာ

ဆွေမြင့်သူ(ကြေး/မြေ)

'ကမ္ဘာ့အမွေအနှစ်' ဟူသော ဝေါဟာရ

'ကမ္ဘာ့အမွေအနှစ်' ဟူသောဝေါဟာရသည် စာတမ်းတိုလေးတစ်ခုဖြစ်သော်လည်း ဂုဏ်ရည်နှင့်တန်ဖိုးမှာ နက်နဲသိမ်မွေ့သည်။ အမွေအနှစ်၏ ဂုဏ်ရည်နှင့် တန်ဖိုးကို ဆက်လက်ထိန်းသိမ်းထားနိုင်ရေးအတွက် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားတို့မှာ တစ်လနှင့်လည်းမရ၊ တစ်နှစ်နှင့်လည်းမပြီး၊ တစ်ဖွဲ့တည်းဖြင့်လည်း ဆောင်ရွက်၍မရ၊ တစ်ဌာနတည်းနှင့်လည်း မဖြစ်နိုင်၊ နောင်မျိုးဆက်သစ်သို့တိုင် စဉ်ဆက်မပြတ် အသိပညာရှင်၊ အတတ်ပညာရှင်၊ စေတနာရှင်များနှင့်အတူ ပြည်သူတစ်ရပ်လုံးပါဝင်ပြီး ဝိုင်းဝန်းပူးပေါင်းစောင့်ရှောက်မှသာလျှင် Heritage of Humanity ဆိုသည့်အတိုင်း လူသားတို့အတွက် အမွေအနှစ်ကောင်းများအဖြစ် ထာရှိနိုင်မည်ဖြစ်ပေသည်။

သတ်မှတ်ထားသော စံနှုန်း(၆)ချက်

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ယဉ်ကျေးမှုအမွေအနှစ်ဖြစ်ရန်အတွက် သတ်မှတ်ထား



သော စံနှုန်း (၆)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

စံနှုန်း (၁)။ ။ လူသားများ ၎င်းတို့၏ ယဉ်ကျေးမှုသမိုင်းတစ်လျှောက်တွင် ဖန်တီးပြုလုပ်ထားသည့် တုန့်ပြန်မှုမရ၊ စံပြုလောက်သော ဂုဏ်ဝင်တွင်ပြောင်မြောက်လှသော လက်ရာများဖြစ်သည်။

စံနှုန်း (၂)။ ။ လူသားများ၏တန်ဖိုးကို ပြောင်းလဲစေသော အရေးပါမှု၊ အချိန်ကာလတစ်ခုတွင် အတွင်း(သို့) ယဉ်ကျေးမှုဒေသ အတွင်း ဗိသုကာလက်ရာ(သို့) နည်းပညာအဆောက်အအုံ အနုပညာ (သို့) မြို့တည်ရှိမှုနှင့် သဘာဝရေမြေအနေအထား တိုးတက်ပြောင်းလဲလာမှုဖြစ်သည်။

စံနှုန်း (၃)။ ။ တည်ရှိနေဆဲဖြစ်သော (သို့) ကွယ်ပျောက်သွားခဲ့သော ယဉ်ကျေးမှုဓလေ့ထုံးစံ (သို့) မြို့ပြယဉ်ကျေးမှုတစ်ခု၏ အတုမရှိမှု (သို့) ပြယုဂ်တစ်ခုအနေဖြင့် ကျန်ရှိနေမှုဖြစ်သည်။

စံနှုန်း (၄)။ ။ လူသမိုင်းတွင် သိသာထင်ရှားသော အဆင့်တစ်ခု (သို့) ထို့ထက်ပို၍ ဖော်ပြပေးသည့် သိသာထင်ရှားသော ပုံစံများဖြစ်သည့် အဆောက်အအုံတစ်ခု (သို့) ရေမြေဒေသဖြစ်သည်။

စံနှုန်း (၅)။ ။လူသားအားလုံး အသိအမှတ်ပြုလက်ခံနိုင်သော ပြောင်းလဲဖြစ်ပျက်နေသည့် သဘာဝတရားအရ ဖြစ်ပေါ်လာသော ယဉ်ကျေးမှုနှင့် လူသားများ၏ တန်ပြန်မှုများဖြစ်သည့် အစဉ်အလာအတိုင်း အခြေချနေထိုင်ခဲ့မှု၊ မြေယာနှင့် ရေလွှာများကို အသုံးချခဲ့မှုဖြစ်သည်။

စံနှုန်း (၆)။ ။ လူသားအားလုံး အသိအမှတ်ပြုလက်ခံနိုင်သော အခါ အရေးပါထင်ရှားမှုများတွင် အဖြစ်အပျက်(သို့) ရှင်သန်နေဆဲ၊ ဓလေ့ထုံးတမ်းများဖြင့်ဖြစ်စေ၊ အတွေးအခေါ်များဖြင့်ဖြစ်စေ၊ ယုံကြည်မှုများဖြင့်ဖြစ်စေ၊ အနုပညာပိုင်းဆိုင်ရာဖြစ်စေ၊ စာပေလက်ရာများဖြင့်ဖြစ်စေ တိုက်ရိုက် (သို့) သိသာထင်ရှားစွာ ဆက်စပ်ဖြစ်ပျက်ခဲ့မှုများဖြစ်သည်။

မှတ်ချက်။ ။ မြန်မာနိုင်ငံမှ အဆိုပြုတင်သွင်းခဲ့သော ပျဏ်မြို့ဟောင်း (၃)မြို့၏ ကျန်ရှိနေသေးသော ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အထောက်အထားများအရ သမိုင်းကြောင်းတွင် ဖြစ်ပျက်တည်ရှိခဲ့မှု၊ ယဉ်ကျေးမှုတစ်ရပ်အဖြစ် ခိုင်မာစွာတည်ရှိခဲ့မှု စသည်တို့ကို ဖော်ပြပေးနိုင်သော ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ စံနှုန်း (၂)၊ (၃)၊ (၄) တို့ကို တူညီစံနှုန်းများအဖြစ် သတ်မှတ်အဆိုပြု တင်သွင်းခဲ့ခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံမှ အဆိုပြုအမွေအနှစ် (၈) ခု

ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဖြစ်ထိုက်သော မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များစာရင်းကို (၁၉၉၆) ခုနှစ်၊ အောက်တိုဘာလ (၄) ရက်နေ့က အဆိုပြုခဲ့ရာ ယင်းတို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(၁) ပြဒါးလင်းဂူ၊
(၂) အင်းလေးကန်၊
(၃) ပျဏ်မြို့ဟောင်း၊
(၄) ပုဂံဒေသ၊
(၅) မြောက်ဦးဒေသ၊
(၆) အထက်မြန်မာနိုင်ငံရှိ ရှေးမြို့ဟောင်းများ၊
(၇) မွန်မြို့တော်၊
(၈) ကုန်းဘောင်ခေတ် သစ်သားကျောင်းများ။

ပျဏ်မြို့ဟောင်းများ

အဆိုပြုအမွေအနှစ်များအနက် ပျဏ်မြို့ဟောင်းများဖြစ်သော ဟန်လင်း၊ ဗိသနိုး၊ သရေခေတ္တရာမြို့များအား အစဉ်လိုက်ဖြစ်သော မြို့ (၃)မြို့ကို ရွေးချယ်၍ ယဉ်ကျေးမှုဝန်ကြီးဌာနသည် 'ကမ္ဘာ့အမွေအနှစ်ဆိုင်ရာ အမျိုးသားကော်မတီ'ကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ ယင်းမတိုင်မီက ကြီးကြပ်ရေးအဖွဲ့ (Steering Committee) နှင့် ပညာရှင်များအဖွဲ့ (Expert Team) တို့ကို ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ပျဏ်မြို့ဟောင်းများတွင် ကမ္ဘာ့အဆင့်မီ 'စံ'၊ တန်ဖိုးများရှိမှု၊






ခိုင်မာမှု (Integrity)၊ စစ်မှန်မှု (Authenticity)၊ ဆောင်ရွက်ခဲ့သူတို့၏ စိတ်ရင်းစေတနာနှင့် အပင်ပန်းခံမှု၊ ဒေသခံတို့၏ ပြင်းပြသော ဆန္ဒတို့ကြောင့် 'ကမ္ဘာ့အမွေအနှစ်ကော်မတီဝင်နိုင်ငံများက လေးစားမှု၊ အသိအမှတ်ပြုမှု၊ ချီးကျူးမှု၊ စာနာမှုများနှင့်အတူ တစ်ခဲနက်ထောက်ခံကြသောကြောင့် မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော ကမ္ဘာ့အမွေအနှစ်စာရင်းဝင် မြို့ဟောင်းများဖြစ်ခဲ့ရပါသည်။

စံနှုန်းများဖြင့်ညီညွတ်သော သရေခေတ္တရာမြို့ဟောင်း

၁။ သရေခေတ္တရာမြို့ဟောင်း၏ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ **စံနှုန်း(၂)** ကို ဖော်ညွှန်းပြသနိုင်ခြင်းမှာ အသွင်ကူးပြောင်းမှုဖြစ်သည်။ သရေခေတ္တရာမြို့ဟောင်းတွင် မြို့ပြယဉ်ကျေးမှု အဂါရပ်များအနေဖြင့် မြို့အား စနစ်တကျဖွဲ့စည်းတည်ထောင်ခဲ့မှု၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ တိုးတက်လာမှု၊ ကိုယ်ပိုင်စာပေအရေးအသားပေါ်ပေါက်လာမှု၊ အတတ်ပညာပိုင်းဆိုင်ရာ တိုးတက်လာမှုတို့ကို တွေ့မြင်နိုင်ပါသည်။ မြို့ပြတည်ထောင်ခဲ့ရာတွင် ဘာသာရေးဆိုင်ရာ အဆောက်အအုံများအပြင် စေတီများ၊ ဂူပုထိုးများကို တည်ထားကိုးကွယ်ခဲ့ကြပါသည်။ ပျူတို့၏ မူလကိုးကွယ်မှုမှာ ဟိန္ဒူအယူဝါဒဖြစ်ဟန်တူသည်။ ဟိန္ဒူအယူဝါဒသည် သရေခေတ္တရာသို့ ရောက်ရှိခဲ့ကြောင်းကို ဟိန္ဒူအယူဝါဒဆိုင်ရာ နတ်ဘုရားနှင့် ၎င်းတို့၏ ကြင်ယာတော်များကို ပုံဖော်ထားသော ကျောက်ဖြစ်ရုပ်ကြွင်း (Fossil) များအား တွေ့ရှိရသောကြောင့်ဖြစ်သည်။

သို့သော် နောက်ပိုင်း၌ ဗုဒ္ဓဘာသာရောက်ရှိလာကြောင်းကို ဘောဘောကြီးစေတီ၊ ဘုရားကြီးစေတီ၊ ဘုရားမာစေတီနှင့် ဗုဒ္ဓကျောက်ရုပ်ကြွများ၊ ဆင်းတုရုပ်တုများ၊ ဌာပနာဖုံးကျောက်ပြားများ စသည်တို့ကသက်သေပြနေပါသည်။ မြို့ပြဆိုင်ရာယဉ်ကျေးမှု၏အဆောက်အအုံပိုင်းဆိုင်ရာ တိုးတက်လာမှုကို အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများ၊ မြို့၏ အရံအတား၊ မြို့အဝန်းပိုင်း၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံများနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ အဆောက်အအုံများ







က ဖော်ညွှန်းပြသလျက်ရှိပါသည်။

၂။ သရေခေတ္တရာမြို့ဟောင်း၏ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ **စံနှုန်း (၃)** ကို ဖော်ညွှန်းပြသနိုင်ခြင်းမှာ ယနေ့ကာလတိုင်အောင် တွေ့ရှိရသော အဆောက်အဦးအကြွင်းအကျန်များအရ ဗိသုကာဆိုင်ရာ ကြီးမားသောအနေအထားများဖြစ်သည်။ ယင်းခေတ်ကာလကတည်းက အသုံးပြုခဲ့သော အနေအထားများသည် ယနေ့ကာလတိုင်အောင် မပြောင်းလဲဘဲ တည်တံ့စွာရှိနေဆဲဖြစ်သည်။ ထောင်စုနှစ် (၂)နှစ်ကျော်ကာလအထိ တည်တံ့နေသော မြို့ရိုးနံရံတို့ဖြင့် တည်ရှိနေသည်။ ရှေး ပျူယဉ်ကျေးမှုတွင်ပါဝင်သည့် ဗုဒ္ဓဘာသာဆိုင်ရာ ဗိသုကာလက်ရာများ၊ ရွှေ၊ ငွေ၊ သံ၊ ကျောက်၊ မြေတို့ဖြင့် ပြုလုပ်ထားသည့် အမျိုးမျိုးသော ရုပ်ဝတ္ထုပစ္စည်းများ၊ တန်ဆာဆင်မွမ်းမံထားသော အဆောက်အဦးများ၊ သဘာဝအတိုင်းတည်ရှိနေသော 'မြင်ဗာဟု' တောင်တန်းများ၊ မြေပြန့်ပိုင်းရှိ ဆည်ရေသောက် လယ်ကွင်းများ၊ ကုန်းမြင့်ပိုင်းတွင် အုတ်ဖြင့်ဆောက်လုပ်ထားသော အဆောက်အဦးများ စသည့် ရှေးဟောင်းသုတေသနဆိုင်ရာ အထောက်အထားများ ထင်ထင်ရှားရှားတည်ရှိနေပါသည်။

နှစ်ပေါင်း (၁၀၀၀) ခန့်ကြာမြင့်စွာ နန်းစိုက်တည်တံ့ခဲ့မှုများ၊ ပျူယဉ်ကျေးမှု၏ တိုးတက်ရာလမ်းကြောင်းတို့ကို မြင်တွေ့ရသည်။ သဘာဝအခင်းအကျင်းနှင့် သဟဇာတဖြစ်စေရန် အတတ်ပညာရှင်



များကလည်း ဖန်တီးပြုလုပ်ခဲ့ကြသည်။ ထို့ပြင် ဘာသာရေးဆိုင်ရာ စေတီပုထိုးများ တည်ထားကိုးကွယ်ခဲ့ခြင်းကြောင့် ယနေ့ကာလတိုင်အောင် စဉ်ဆက်မပြတ် ကြည်ညိုတန်ဖိုးထား၍ လာရောက်လျက်ရှိသော ဘုရားဖူးများသည် ယခုကာလအထိ စည်ကားလျက်ရှိပါသည်။

၃။ သရေခေတ္တရာမြို့ဟောင်း၏ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ **စံနှုန်း (၄)** အတွက် ယင်း၏ မြို့ပြယဉ်ကျေးမှုပုံသဏ္ဌာန်ကို ဖော်ပြနိုင်သော အထောက်အထားများက များစွာပံ့ပိုးပေးပါသည်။ ပျူဒေသရှိ အရင်းအမြစ်များအား စီမံခန့်ခွဲမှု၊ စိုက်ပျိုးရေးနှင့် အုတ်၊ သံ ထုတ်လုပ်မှုတို့သည် မြို့ပြစီမံမှုနှင့် တည်ဆောက်မှု ထူးခြားစွာ တိုးတက်လာခြင်းကို ဦးဆောင်သော ရှေးယခင်အခြေအနေများဖြစ်သည်။ ထို တီထွင်ဆန်းသစ်မှုများသည် ရှေးအကျဆုံး၊ အကြီးမားဆုံးနှင့် သက်တမ်းအရှည်ကြာဆုံးဖြစ်သည့် အရှေ့တောင်အာရှ၏ ဂန္ဓဝင်အဆောက်အဦးများ ဖွဲ့စည်းတည်ဆောက်မှုတို့အတွက် ရှေ့ပြေးပုံစံများဖြစ်သည်။ ပျူရှေးဟောင်းမြို့များသည် ပထမဦးဆုံးသမိုင်းဆိုင်ရာ အထောက်အထားဖြစ်သော ဗုဒ္ဓဘာသာ မြို့ပြယဉ်ကျေးမှုများ ပေါ်ပေါက်လာမှုကို အမှတ်အသားပြုခဲ့သည်။

သရေခေတ္တရာမြို့ဟောင်းရှိ သာသနိကအဆောက်အအုံများ

(က) စေတီပုထိုးများ

(၁) ဘောဘောကြီးစေတီ၊
(၂) ဘုရားကြီးစေတီ၊
(၃) ဘုရားမာစေတီ၊
(၄) မြင်ဗာဟုစေတီ၊
(၅) ဆူးပုတ်ကုန်းခေါ် ပေါ်တော်မူစေတီ၊
(၆) စက်တိုင်စေတီ၊
(၇) ညီးညီးစေတီ၊
(၈) ဆင်ချည်တိုင်စေတီတော်၊
(၉) အတွင်းမုဋ္ဌောစေတီ၊
(၁၀) ရွှေနန်းတော်ဦးစေတီ။

(ခ) ဂူဘုရားများ

(၁) ဘဲဘဲဂူဘုရား၊
(၂) လေးမျက်နှာဂူဘုရား၊
(၃) အနောက်ဘေးဂူဘုရား၊
(၄) ဘုရားထောင်ဂူဘုရား၊
(၅) တဝဂူ (သို့) လေးထောင့်ဂူ (သို့) ကပေါင်းဂူဘုရား။

(ဂ) ကုန်းများ

(၁) ငွေးပင်တက်ခေါ် မသီးကျကုန်း၊
(၂) ကုန်းအမှတ် – ၅၁၊
(၃) ရွှေညောင်ပင်ကုန်း။

(ဃ)ကျောက်ချပ်ရုံများ

(၁) ဖိုးခေါင်ကန်ကျောက်ချပ်ရုံ၊
(၂) ထူပါရုံ ကျောက်ချပ်ရုံ၊
(၃) ကျောက္ကာသိမ်ပြတိုက် ကျောက်ချပ်ရုံ၊
(၄) လေးထပ်ပြင်ကျောက်ပလ္လင်။

သရေခေတ္တရာမြို့ဟောင်းရှိ ထင်ရှားသော မြို့တံခါးပေါက်များ

(၁) တွင်းပြည်းပေါက်၊
(၂) နတ်ပေါက်၊
(၃) နဂါးတွန့်ပေါက်၊
(၄) ရွှေတံခါးပေါက်၊
(၅) မှူတ်ရှည်ပေါက်၊
(၆) လုလင်ကျော်ပေါက်၊
(၇) ရဟန္တာပေါက်၊
(၈) သာယာဝတီပေါက်၊
(၉) မုဒ္ဒေါပေါက်။



နန်းတော်ရာနှင့် ကျုံး

နန်းတော်ရာသည် သရေခေတ္တရာမြို့ဟောင်း၏ အလယ်ဗဟို မကျတကျတွင်တည်ရှိ၍ ပျဏ်မြို့ဟောင်းများ၏ မြို့အင်္ဂါရပ်တွင် အဓိကဖြစ်သော နန်းတော်ရာသည် လေးထောင့်ပုံဖြစ်သည်။ နန်းမြို့ရိုးသည် အလျား (၅၁၈·၁၆) မီတာ၊ အနံ (၃၄၂·၉) မီတာရှိ၍ နန်းမြို့ရိုး၏ထုမှာ (၃·၀၄၈) မီတာမှ (၅·၁၈၂) မီတာအထိရှိပြီး နန်းတော်ရာပတ်လည်ကို ကျုံးဖြင့်ဝန်းရံထားသည်။ မြောက်ဘက် မြို့ရိုးနှင့် (၄၈)ပေအကွာတွင် ကျုံး၏အတွင်း ကျုံးနှုတ်ခမ်းအုတ်ရိုးရှိ၍ တောင်ဘက်မြို့ရိုး၏ (၅၄)ပေအကွာတွင် အတွင်းကျုံးနှုတ်ခမ်းအုတ်ရိုးကို တွေ့ရှိရခြင်းမှာ ထူးခြားချက်ဖြစ်ပေသည်။




နိဂုံး

သို့ဖြစ်ပါ၍ ဗုဒ္ဓဘာသာဝင် ဘုရားဖူးခရီးသွားဧည့်သည်အပေါင်းတို့သည် မဟာရန်ကုန်နှင့် (၁၆၉)မိုင်သာ ကွာဝေးသော 'ပြည်'မြို့ရှိ ''လေးဆူဓာတ်ဟျော် ရွှေဆံတော်''ဘုရားကို လာရောက်ဖူးမျှော်ကြည်ညိုရင်း ပြည်မြို့နှင့် တစ်ဆက်တည်း (၃)မိုင်အကွာရှိ သရေခေတ္တရာမြို့ဟောင်းကို ဆက်လက်ကြည့်ရှုလေ့လာနိုင်ကြပါရန် ဖိတ်ခေါ်ရေးသားတင်ပြလိုက်ရပါတော့သည်။

ဆွေမြင့်သူ(ကြေး/မြေ)





ခေါရင်းသဲတူးမြောင်း

ရဲမာန်ခ



ခေါရင်း(Corinth)တူးမြောင်းဟာ ဂရိနိုင်ငံမှာ တည်ရှိပြီး အေသင်ပင်လယ်ထဲက Corinth နဲ့ Saronic ပင်လယ်ကွေ့နှစ်ခုကို ဆက်ပေးထားတဲ့ တူးမြောင်း ဖြစ်ပါတယ်။အလွန်ကျဉ်းမြောင်းတဲ့တူးမြောင်းဖြစ်ပြီး ကမ္ဘာ့အကျဉ်းဆုံးတူးမြောင်းတွေထဲ တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ဒီတူးမြောင်းကို ဖောက်လုပ်ခြင်းအားဖြင့် အရင် မိုင် ၄၀၀ ကျော်သွားခဲ့ရတဲ့ရေလမ်းခရီးကို မိုင် ၁၀၀ ကျော် သက်သာစေခဲ့ပါတယ်။

အချက်အလက်

ဂရိရှေးဟောင်းမြို့ Corinth နာမှာတည်ရှိလို့ ဒီနာမည်ကိုပေးထားတာပါ။ အရှည် ၄ မိုင်ရှိပြီး အကျယ်ကတော့ ၇၀ ပေ မှ ၈၁ ပေအထိပဲ ရှိပါတယ်။ တူးမြောင်းဘေးနံရံတွေကတော့ ပေ ၃၀၀ ခန့်မြင့်ပါတယ်။ တူးမြောင်းက ကျဉ်းတဲ့အတွက်အကျယ်၅၈ ပေသာရှိတဲ့သင်္ဘောများနဲ့ အဲဒီထက်သေးငယ်တဲ့





သင်္ဘောတွေကိုသာ ဝင်ခွင့်ပြုထားပါတယ်။ ဒီတူးမြောင်းကြောင့် Peloponnese ကျွန်းဆွယ်ဟာ ဂရိကုန်းမြေနဲ့ ကွဲသွားကာ သီးသန့်ကျွန်းတစ်ကျွန်းသဖွယ် ဖြစ်သွားခဲ့ပါတယ်။

သမိုင်းအကျဉ်း

ခေါရင်း(Corinth)တူးမြောင်းကို အေဒီ ၁၈၁ ခုနှစ်မှ စတင်တည်ဆောက်ခဲ့တာဆိုပေမယ့် တည်ဆောက်ဖို့ စီစဉ်ခဲ့တာကတော့ အေဒီ ၁၈၃၀ ပြည့်နှစ်လောက်ကတည်းက စိတ်ကူးရှိခဲ့ပြီး ဖြစ်ပါတယ်။ အော်တိုမန် အင်ပါယာလက်အောက်က လွတ်မြောက်ပြီးချိန်မှာ ဂရိနိုင်ငံအကြီးပေးပုဂ္ဂိုလ်နဲ့ နိုင်ငံခြားရေးဝန်ကြီးဖြစ်တဲ့ Ioannis Kapodistrias က ပြင်သစ်အင်ဂျင်နီယာတစ်ယောက်ကို ဒီတူးမြောင်းနဲ့ပတ်သက်ပြီး လုပ်ငန်းအပ်နှံခဲ့ပါတယ်။ ဒါပေမယ့် ကုန်ကျစရိတ်ကို တွက်ချက်ကြည့်တဲ့အခါ အဲဒီတုန်းက ပြင်သစ်ရွှေ (Gold Franc)သန်း ၄၀ လောက် ကုန်ကျမယ်ဆိုတာနဲ့ နောက်ပိုင်းမှာတော့ တူးမြောင်းအစီအစဉ်ကို ရပ်ဆိုင်းခဲ့ရပါတယ်။ အဓိကကတော့ ငွေကြေးကုန်ကျမှုကများပြားနေလို့ပဲ ဖြစ်ပါတယ်။

တည်ဆောက်ရေးအခက်အခဲများ

စူးအက်တူးမြောင်းဖောက်လုပ်ပြီးချိန် အေဒီ ၁၈၆၉ ခုနှစ်မှာ ဂရိအစိုးရဟာ ပြင်သစ်လုပ်ငန်းရှင်တွေအကူအညီနဲ့ Corinth တူးမြောင်းဖောက်လုပ်မယ့်အစီအစဉ်ကို ထပ်ကြိုးစားပြန်ပါတယ်။ ဒါပေမယ့် ပနားမားတူးမြောင်းဖောက်လုပ်တဲ့ပြင်သစ်ဘဏ် ဒေဝါလီခံသွားရပြီးတဲ့နောက် ဘဏ်တွေက ငွေမချေးကြတော့တဲ့အတွက် အစီအစဉ် ပျက်သွားရပြန်ပါတယ်။ ဒီကြားထဲ အကြောင်းအမျိုးမျိုးကြောင့် အချိန်ကြန့်ကြာသွားခဲ့ပြီး အေဒီ ၁၈၈၁ ခုနှစ်မှ စတင်ဖောက်လုပ်နိုင်ခဲ့ပါတယ်။ စတင်တည်ဆောက်ပြီး ၁၂ နှစ်အကြာ အေဒီ ၁၈၉၃ ခုနှစ်မှ ပြီးစီးခဲ့ပြီး ဒီကြားထဲမှ လျာထားငွေကုန်သွားတာတွေ၊ တည်ဆောက်ရေးကုမ္ပဏီက ဒေဝါလီခံသွားတာကြောင့် လုပ်ငန်းခဏရပ်ထားရတာတွေ ဖြစ်ခဲ့ပါသေးတယ်။တည်ဆောက်ပြီးခဲ့ချိန်မှာလည်း ထင်သလောက်အလုပ်မဖြစ်ခဲ့ပါဘူး။ တူးမြောင်းက ကျဉ်းလွန်းခြင်း၊ နံရံများကမြင့်မားပြီး တူးမြောင်းတစ်လျှောက် တိုက်ခတ်တဲ့လေဟာ အလွန်ပြင်းထန်ခြင်း၊ ပင်လယ်ကွေ့နှစ်ခု ဒီဇရေမညီမျှခြင်း စတဲ့အခက်





အခဲ အမျိုးမျိုးကြောင့်သင်္ဘောတွေဟာ ဒီတူးမြောင်းကနေ မဖြတ်ခဲ့ကြတဲ့အတွက် ၁၉၀၆ ခုနှစ်တိုင်အောင် ဖြတ်သန်းခ မည်မည်ရရ မရခဲ့ပါဘူး။

ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များ

ဒါ့အပြင် နံရံပြိုမှုတွေလည်း ဖြစ်တတ်တဲ့အတွက် တူးမြောင်းအရှည်တစ်ဝက်လောက်မှာ အင်္ကတေတုံးတွေနဲ့ ပြုပြင်ထိန်းသိမ်းခဲ့ရပါတယ်။ ၁၉၁၃ခုနှစ်မှာတော့ တူးမြောင်းဖြတ်သန်းမှု ကုန်ချိန်တန်ပေါင်း၁၆သမဂ္ဂ သန်းအထိ မြင့်တက်လာခဲ့ပြီးနောက် ပထမကမ္ဘာစစ် ဖြစ်လာတဲ့အတွက် ဖြတ်သန်းမှုတွေပြတ်တောက်သွားခဲ့ရပြန်ပါတယ်။ ၁၉၂၃ ခုနှစ်မှာတော့ ဘေးနံရံအထိန်းအင်္ကတေကုဗတုံးစုစုပေါင်း ၄၁၀၀၀ ကုဗမီတာလောက်ဟာ တူးမြောင်းထဲကို ပြုတ်ကျခဲ့ပါတယ်။ ဒီလောက်များပြားတဲ့ အင်္ကတေတုံးတွေကို ပြန်လည်ဆယ်ယူတာ အချိန် ၂ နှစ်ကြာသွားခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၁ ခုနှစ် အင်္ကလိပ်တပ်တွေနဲ့ နာဇီဂျာမနီတပ်တွေတိုက်ခိုက်ကြတဲ့ ဂရိတိုက်ပွဲတွေမှာတော့ တူးမြောင်းဟာ အဆိုးရွားဆုံးပျက်စီးသွားခဲ့ပြန်ပါတယ်။ ၁၉၄၇ ခုနှစ်မှာတော့ အမေရိကန်အင်ဂျင်နီယာတပ်ရဲ့ အကူအညီနဲ့ စစ်ပွဲအတွင်းက ပျက်စီးသွားခဲ့တဲ့ တူးမြောင်းကို ပြန်လည်ပြင်ဆင်ခဲ့ပြီး ၁၉၄၈ ခုနှစ်မှာမှ နောက်တစ်ကြိမ် ပြန်ဖွင့်နိုင်ခဲ့ပါတယ်။


လက်ရှိအနေအထား

လက်ရှိအချိန်မှာတော့ ခရီးသွားဖိုမိခံသင်္ဘောပေါင်း ၁၁၀၀၀ ခန့် နှစ်စဉ်ဖြတ်သန်းနေတဲ့ နာမည်ကျော်တူးမြောင်း ဖြစ်လာခဲ့ပါတယ်။ ကမ္ဘာလှည့်ခရီးသွားအတော်များများ ဂရိကိုလာကြတဲ့အချက်တွေထဲမှာ ဒီတူးမြောင်းကိုဖြတ်သန်းပြီး သင်္ဘောစီးတဲ့အတွေ့အကြုံကိုခံစားချင်တဲ့ အချက်လည်း တစ်ချက်အပါအဝင်ပဲဖြစ်ပါတယ်။ ဒီတူးမြောင်းပေါ်မှာ ရထားလမ်းတစ်ခု၊ မော်တော်ကားလမ်းတစ်ခု၊ လူသွားလမ်းတစ်ခုကို ဖြတ်သန်းတည်ဆောက်ထားပါတယ်။ တူးမြောင်းကို ဖြတ်သန်းချိန်ကတော့ ၁ နာရီဝန်းကျင်ဖြစ်ပါကြောင်းတင်ပြလိုက်ရပါတယ်။

ရဲမာန်ခ

Source;Corinth canal by wikipedia.com
thuta zone.com





စကားလုံးများ၏သိက္ခာ


မိုးပန်းမွန်(ရာမည)

''ပညာရှိက နားသောတ ပျော့ပျောင်းသည်''

(မွန်စကားပုံ)

အသိဉာဏ်ရှိသူ၏ စကားလုံးသည် သူတစ်ပါးကြားရလျှင် နှစ်ခြိုက်ကျေနပ်ကြသည်ဟု ဆိုလိုရင်းဖြစ်သည်။

အပြောအဆို သိမ်မွေ့သူသည် စိတ်ထားကောင်းမွန်၍ ဆင်ခြင်တုံတရားရှိစမြဲပင်။ ကမ္ဘာကြီးတွင် လူဦးရေတိုးတက်များပြားလာသည်နှင့်အမျှ စကားသံများလည်း



“ဟာ...သရုပ်ဆောင်တွေကလည်း စကားလုံးကြမ်းလိုက်တာ”ဟု ပြောနေကြပြီ။ အမျိုးသမီးငယ်လေးများဖြစ်သည့် ရုပ်ရှင်သရုပ်ဆောင်များ၏ နှုတ်ခမ်းပါးမှထွက်သော စကားလုံးပင်လျှင် မကြားဝံ့စရာ။ အမျိုးသားသရုပ်ဆောင်များကတော့ ပို၍ဆိုးလေစွ။

ပြည့်လျှံလာပြီ။ ကျယ်လွင့်...တိုးတိမ်၊ ပြင်းထန်...မာန်လျော့၊ ခမ်းနား...ဆန်းပြား၊ ရိုင်းပျ...ယဉ်ကျေး...စသည်...စသည်ဖြင့် အသံကွန်ရက် ရောယှက်နေပြီ။ ကြားရသည့် အသံပေါင်းများစွာကြောင့် အာရုံထွေးပြားရသလို တချို့လည်း သာယာနာပျော်ဖွယ်။

စကားလုံးများစွာကို အသုံးပြုရသည့် ပုဂ္ဂိုလ်များတွင် စာပေလောကသားများနှင့် ရုပ်ရှင်၊ ဂီတ၊ ဇာတ်သဘင်၊ အငြိမ့်စသည့် အနုပညာလောကမှ ပုဂ္ဂိုလ်များပါဝင်သည်။ ထို့အပြင် ကျောင်းဆရာ၊ ကျောင်းဆရာမနှင့် ဆေးရုံ၊ ဆေးခန်းမှ ဆေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်များလည်း ပါဝင်သည်။ ကားလောကမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် ပါသေး၏။

ထိုပုဂ္ဂိုလ်များအားလုံး စကားလုံးများများ သုံးရသူချည်းသာ။

စာပေလောကသား‌များ၏ စကားလုံး အသုံးအနှုန်းကို ဦးစွာစိစစ်ကြည့်လျှင် အချို့က ယဉ်ကျေး၏။ အချို့က ရိုင်း၏။ စာရေးဆရာများ၏ ရသစာပေ၊ သုတစာပေများကို ရွေးချယ်ဖတ်ရှုသော စာဖတ်ပရိသတ် ရှိသည်။ အချို့ စာဖတ်သူများကတော့ ဟာသစာပေကို ရွေးဖတ်သည်။ မည်သည့် စာဖြစ်စေ၊ တစ်စုံတစ်ရာ အကျိုးရှိမှာတော့ သေချာသည်။

သို့ရာတွင် ဟာသစာရေးဆရာအချို့၏ စာများမှာ အဓိပ္ပာယ်နှစ်မျိုးပေါ်သည့် ညစ်ညမ်းစကားလုံးများ တွင်တွင်သုံးထား၏။ မရယ်ရဘဲနှင့် စိတ်ပျက်ချင်စရာဖြစ်နေသည်။ ထိုဆရာများ ဟောပြောပွဲသွားသည့် မြို့ခံလူများကတော့ ‘အပြောကြမ်းသည်’ ဟု မှတ်ချက်ပေးကြစမြဲ၊ ပရိသတ်တိုင်းသည် ညစ်ညမ်းစကားလုံးကို နှစ်သြိုက်လက် ခံသူများမဟုတ်။ သိမ်မွေ့သော ဟာသမြောက်သော စကားလုံးများကိုသာ နားထောင်ချင်ကြသည်။

စာပေဟောပြောပွဲတွင် လူငယ်မောင်မယ်များ အတူတကွနားထောင်ကြရသည်။ ညစ်ညမ်းဟာသကြောင့် မျက်နှာပူရှက်ရွံ့ကြရသည်။ သုတ၊ ရသနှင့် ဟာသကို အလျဉ်းသင့်သလို ဟောကြသည့် ဆရာ၊ ဆရာမများစွာရှိသည်။ ‘‘စာပေဝမ်းစာ’’ ရှိသူများသာ ကျွမ်းကျင်လှပစွာ ဟာသဖောက် စကားလုံးဖြင့် သုတ၊ ရသပါအောင် ဟောနိုင်သည်။ စာပေဝမ်းစာမပြည့်သူ၏ မဖွယ်မရာ စကားများကြောင့် တဝါးဝါး တဟားဟား ရယ်ကြသော်လည်း ကဲ့ရဲ့စကား တင်းဆိုခံရမှာ သေချာသည်။



မြို့ပြပရိသတ်ဖြစ်စေ၊ ကျေးလက်ပရိသတ်ဖြစ်စေ၊ လူတိုင်းနီးပါး စာပေဗဟုသုတရှိကြသည်။ စာကြည့်တိုက်များ တိုးပွားလာသည်နှင့်အမျှ တိုးတက်ခေတ်မီသော အမြင်ရှိကြပြီ။ လူတိုင်း အညီအဟောက်ကြိုက်သူချည်းမဟုတ်၊ ယဉ်ကျေးသော စကားလုံးဖြင့်သာ ဆွဲဆောင်ဟောပြောသင့်သည်။ ‘‘စာပေခေတ်’’ဟုတင်စားရသည့် ပစ္စုပ္ပန်ကာလတွင် ‘‘ယဉ်ကျေးမှုနှင့် စကားလုံးသိက္ခာ’’ကို မထိန်းနိုင်လျှင် ရှုံးပြီ။ ရေးသူ/ဟောသူများအနေဖြင့် ‘‘စာအုပ်ထုတ်သည်’’ ‘‘စာပေဟောပြောပွဲသွားသည်’’ဟု အရေအတွက်များများ ဖန်တီးခြင်းထက် ‘‘သိက္ခာမဲ့စကားလုံးများ မပါဘဲ ဟောပြောရေးသားနိုင်လေစွ’’ဟု မှတ်တမ်းတင်ခံသင့်သည်။

ရုပ်ရှင်ဂီတရေစီးကြောင်းကို စောင်းငဲ့ကြည့်လျှင် မြင်နိုင်သည်။ နားစွင့်လျှင် ကြားနိုင်သည်။ ‘‘ဟာ...သရုပ်ဆောင်တွေကလည်း စကားလုံးကြမ်းလိုက်တာ’’ဟု ပြောနေကြပြီ။ အမျိုးသမီးငယ်လေးများဖြစ်သည့် ရုပ်ရှင်သရုပ်ဆောင်များ၏ နှုတ်ခမ်းပါးမှထွက်သော စကားလုံးပင်လျှင် မကြားဝံ့စရာ။ အမျိုးသားသရုပ်ဆောင်များကတော့ ပို၍ဆိုးလေစွ။

‘‘ဒါရိုက်တာနဲ့ ဇာတ်ညွှန်းရေးဆရာတွေက ပြောခိုင်းတဲ့အတိုင်းပြောရတာ’’ဟု ဖေးဖေးကာကာ ပြောသူလည်းရှိ၏။ ‘‘ပြောခိုင်းတိုင်း ပြောစရာလား၊ အပျိုလေးတွေ တန်မဲ့နဲ့ပြောရဲလိုက်တာ’’ဟု ပြစ်တင်ရှုတ်ချသူလည်းရှိ၏။ ဘယ်သို့ဖြစ်စေ မကြားဝံ့မနာသာ ဖြစ်ရတာတော့အမှန်။ မင်းသား၊ မင်းသမီးဟုခေါ်ရသော သရုပ်ဆောင်အချောအလှတို့လည်း အသုံးအနှုန်းကြမ်းလာကြသည်။ မင်းသား၊ မင်းသမီးဆိုသူများနှင့် သရုပ်ဆောင်မော်ဒယ်လ်မလေးများ



ယဉ်ကျေးဆန်းသစ်သော ပြက်လုံး၊ ခေတ်ကိုသရော်သော ပြက်လုံးနှင့် သံချပ်အသစ်များအတွက် ထိမိသော ဟာသများ အားမထုတ်ကြတော့။ တစ်တစ်ခွခွ၊ နှမသားချင်း မကြားဝံ့မနာသာ စကားလုံးကြမ်းများဖြင့် ပြက်လုံးထုတ်နေသည်။

ကလည်း ပြောရဲကြပါဘိ။ သိက္ခာမဲ့စေသော စကားလုံးများပြောဖြစ်အောင် သင်ကြားပေးသော ဒါရိုက်တာများ၊ ဇာတ်ညွှန်းရေးသူများကိုသာ မေတ္တာရပ်ခံရတော့မည်။

ဇာတ်သဘင်နှင့် ဘာအငြိမ့်၊ ညာအငြိမ့်ဆိုတာ အငြိမ့်များစွာမှ လူရွှင်တော်များက အဆိုးဆုံးဖြစ်နေပြီ။ ''ဇာတ်သမားပြန်လျှင် မှတ်သားစရာကျန်ရမည်''ဆိုသော ရှေးစကားကဖြင့် လွဲနေသလိုပင်။ ဇာတ်ထုပ်များ၊ နိပါတ်တော်များကတော့ ယခင်ကလိုပင် ကောင်းဆဲ၊ ကောင်းမြဲ၊ ယဉ်ကျေးမြဲဖြစ်သည်။ နှစ်ပါးခွင်နှင့် ပြဇာတ်တိုများထဲမှ ပြက်လုံးများမှာ မကြားဝံ့စရာ။

လူရွှင်တော်ဆိုရာတွင် ဇာတ်သဘင်မှ လူရွှင်တော်၊ အငြိမ့်သဘင်မှ လူရွှင်တော် အတော်များများ ပြက်လုံးရိုင်းပါသည်။ မိသားစု အတူတူကြည့်သည့်အခါတွင် မိဘမောင်ဘွား တူသားများနှင့်အတူ ကြည့်ဖြစ်သည်။ စကားလုံးကြမ်းကြမ်းများကြောင့် မျက်နှာပူပူ၊ နားပူပူဖြင့် သွားဖြေနေရစမြဲ။ ရှောင်ထွက်သွားရစမြဲ။ အငြိမ့်များစွာ၏ ပြက်လုံးများစွာသည် အောက်ပိုင်းမလွတ်၊ တချို့ ပျစ်ပျစ်နှစ်နှစ်၊ တချို့တော့ အဓိပ္ပာယ်က ရှက်ဖွယ်လိလိ။ တချို့က ဒဲ့ကို ညစ်ညမ်းလှ၏။ ပြောနေသော မင်းသားများ (လူရွှင်တော်လုပ်သူများ)က မျက်နှာပြောင်စွာပင် ပြောရဲကြသည်။ ကြည့်ရ၊ ကြားရသည်မှာ မကောင်းပါ။

ခေတ်ကို လက်ညှိုးထိုး၍ ''ခေတ်ကြီးကိုက ဆိုးလာတာ''ဟု ပြောနေကြသည်။ ခေတ်က သူဘာသာပြောင်းလာခြင်းသာဖြစ်၍ လူများက ညစ်ညမ်းသောအရောင်ဖြင့် ဆေးခြယ်နေကြခြင်းဖြစ်သည်။ ''အားမထုတ်နိုင်ကြတော့ဘူးလား''ဟု မေးသင့်နေပြီ။ ပို၍ယဉ်ကျေးသော ပြက်လုံးများဖြင့် ဟာသဖြစ်အောင် မဖန်တီးနိုင်တော့ဘူးလား။ သည်လိုမှ ရိုင်းရိုင်းပျစ်ပျစ်ပြောလျှင် မရယ်ရတော့ဘူးလား။ မထွင်တတ်တော့ဘူးလား။ သည်လိုမေးလာသည့် မေးခွန်းများအတွက် အဖြေရှိစေချင်သည်။

ယဉ်ကျေးဆန်းသစ်သော ပြက်လုံး၊ ခေတ်ကိုသရော်သော ပြက်လုံးနှင့် သံချပ်အသစ်များအတွက် ထိမိသော ဟာသများ အား မထုတ်ကြတော့။ တစ်တစ်ခွခွ၊ နှမသားချင်း မကြားဝံ့မနာသာ စကားလုံးကြမ်းများဖြင့် ပြက်လုံးထုတ်နေသည်။ ဖောင်ဒေးရှင်းအငြိမ့်၊ မွေးနေ့အငြိမ့်စသော အငြိမ့်ပေါင်းစုံမှ မင်းသားငယ်များ၏ ပြက်လုံးက အဆိုးဆုံးပင်။ ညစ်ညမ်းသည်မှာ ကမ်းကုန်၏။ ဆင်ဆာမရှိ၊ ပြောချင်ရာပြော၊ သူတို့ဘာသာ တသောသောရယ်ကြသေးသည်။ မင်းသားငယ်များနှုတ်ဖျားမှာ နတ်ကောင်းနတ်မြတ် စောင့်ပါဦးမလား။ ကြားရသူပင် ရှက်ဖွယ်လိလိ၊ မိသားစုကြည့်၍ နားမချမ်းသာ။ မင်းသား မင်းသမီး အရှက်မဲ့လေခြင်း၊ ပြောရဲလေခြင်းဟု ကဲ့ရဲ့မိကြတာ အမှန်။

ပညာရေးလောကနှင့် ဆေးလောကမှ ဆရာ၊ ဆရာမများ၊ ဆရာဝန်များ၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းများလည်း စကားလုံးများကို သိက္ခာရှိရှိသုံးသင့်သည်။ အားလုံးတော့ မဟုတ်ပါ။ အချို့သော စေတနာလွန်ကဲသူ ကရုဏာဒေါသောပြောတတ်သူနှင့် စိတ်ကြမ်း နှုတ်မြှောက်ရှိတတ်သူတို့ ဆင်ခြင်သင့်သည်။ မလိုအပ်သော စာတင် တိုင်တန်းမှုများဖြစ်ပြီး ပြဿနာရှင်းရ မျက်နှာပျက်ရမည်။

ယာဉ်လောကမှ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များကတော့ အဆိုးဆုံး

ဖြစ်သည်။ ကားပေါ်တွင် ရဟန်းသံဃာ၊ လူကြီးသူမနှင့် အမျိုးသမီးများပါမှန်းသိသိနှင့် ဂရုမစိုက်။ ပျစ်ပျစ်နှစ်နှစ် ဆဲဆိုတတ်ကြသည်။ စိတ်မရှည်စရာများ တွေ့လျှင်လည်း ကြမ်းတမ်းစွာမဆဲသင့်။ နှုတ်ကို စောင့်စည်း ဆင်ခြင်သင့်သည်။ မြန်မာလူမျိုးအချို့ ''နှုတ်ကျိုးနေပြီ''ဆိုသော စကားလုံးဖြင့် ကိုယ့်သိက္ခာ ကိုယ်ချနေကြခြင်းပါ။

အကျင့်စရိုက်တစ်ခုသည် သေးငယ်၍ အရာမရောက်ဟုထင်ရသော်လည်း ကြိမ်ဖန်များစွာ သုံးနှုန်းလာသောအခါ နှုတ်ထဲစွဲ၊ စိတ်ထဲမြဲနေတတ်၏။ လျှပ်တစ်ပြက် နှုတ်ထွက်ရဲတတ်ကြ၏။ အမိကြမ်း၍ နှုတ်သရမ်းခြင်းမဟုတ်ဘဲ သူအကျင့်စရိုက်နှင့်သူ ကြမ်းလာခြင်းသာဖြစ်သည်။ ''စကား စကား ပြောဖန်များက စကားထဲက ဇာတိပြ၏''ဆိုသည့်အတိုင်းဖြစ်သည်။



အကျင့်စရိုက်တစ်ခုသည် သေးငယ်၍ အရာမရောက်ဟုထင်ရသော်လည်း ကြိမ်ဖန်များစွာ သုံးနှုန်းလာသောအခါ နှုတ်ထဲစွဲ၊ စိတ်ထဲမြဲနေတတ်၏။ လျှပ်တစ်ပြက် နှုတ်ထွက်ရဲတတ်ကြ၏။ အမိကြမ်း၍ နှုတ်သရမ်းခြင်းမဟုတ်ဘဲ သူအကျင့်စရိုက်နှင့်သူ ကြမ်းလာခြင်းသာဖြစ်သည်။

မည်သူမဆို ကိုယ်၏နှုတ်ထွက်စကားလုံးကို သိက္ခာရှိသော စကားလုံးဖြစ်စေသင့်သည်။ နိုင်ငံကြီးသားပီသသူ၊ ဘာသာရေးအဆုံးအမကို နားရည်ဝသူ၊ ဟီရိသြတပ္ပရှိသူတို့သည် ကြမ်းတမ်းယုတ်ညံ့သောစကားလုံးကို အသုံးမပြုသင့်ကြောင်း အကြံပေးလိုသည်။

ယောဆရာတော်ဘုရားက . . .

''သတိဉာဏ်ကူ၊ အပူ 'နှုတ်'ကာအေးတာကို 'ဆက်'၊ ရှေ့ကိုတက်၊ 'နှုတ်+ဆက်' မဂ်လာ''ဟု ဆိုဆုံးမခဲ့သည်။

မြန်မာနိုင်ငံသားတိုင်း ကိုယ်၏နှုတ်ထွက် စကားလုံးတိုင်းကို သိက္ခာရှိစွာ သုံးနှုန်းကြစေလိုကြောင်း တိုက်တွန်းလိုက်ပါသည်။

မိုးပန်းမွန်(ရာမည)

သူတို့အမှတ်အသား ကိုယ်နားမလည်



မွန်တရီယယ် (Montral) ကို ခေတ္တအလည်လာတဲ့ အမေရိကန်တစ်ဦးဟာ စားသောက်ဆိုင်တစ်ဆိုင်မှာ စားရင်းသောက်ရင်းနဲ့ လက်ဆေးဖို့ ရေပိုက်ကို အအေးဆိုပြီးဖွင့်လိုက်တော့ ရေပူနဲ့တွေ့ပြီး အတော်မကျေမနပ်ဖြစ်သွားတယ်။ ဒါနဲ့ သူက ဆိုင်ရှင်ကို ရေပူ၊ ရေအေး ဆိုတာ ခွဲခြားပြီးမှတ်သားထားဖို့ပြောတယ်။

ဆိုင်ရှင်က သူဖွင့်လိုက်တဲ့ရေပိုက်ကိုညွှန်ပြီး C ဆိုတဲ့ အမှတ်အသားကိုပြတယ်။ ပြီးတော့ ဒီ C ဆိုတာက Chaud ရဲ့ အတိုကောက်ဖြစ်ပြီး ပြင်သစ်လို ''အပူ''ဖြစ်တယ်လို့ ပြန်ဖြေပါတယ်။ ပြီးတော့–

''ခင်ဗျားက ကွီဘက် (Que Bac) မှာ အလည်ထွက်လာကတည်းက ဒီစကားလုံးကိုသိခဲ့ဖို့ကောင်းတယ်''လို့ ဆက်ရှင်းပြတယ်။

ဒါပေမဲ့ အမေရိကန်ကြီးက ဘဝင်မကျဘူး။ ပြီးတော့မှ အခြားရေပိုက်ကိုညွှန်ပြီး ''ဒီမှာလည်း C လို့ ရေးထားပါလား၊ ဒါကကော ဘာကိုရည်ညွှန်းပါလဲ''လို့ မေးတယ်။

ဒီတော့ ဆိုင်ရှင်က–

''ဒါကတော့ နှစ်ဘာသာကျွမ်းသူများအတွက် ရည်ရွယ်ပြီး Cold အအေးဆိုတာဖြစ်ပါတယ်''လို့ ရှင်းပြပါတယ်။

မောင်သီဟ

မင်္ဂလာနေ့မှာ...

ဟူး...ကျုပ်မှာလေ၊ တစ်နေကုန် ပြန့်ကျဲနေတဲ့ စာရွက်တွေ လိုက်ကောက်စီနေရတာကိုက အလုပ်တစ်ခုဆိုပါတော့။

xxx အကြိမ်ကြိမ် အခါခါရှုံးလည်း ယုံကြည်တာတွေ မစွန့်လွှတ် လိုက်ပါနဲ့x x အန္တရာယ်လည်းများပါစေ x x x ဆူးခင်းလမ်းတွေ ဖြစ်ပါစေ xxx



အလဲ့ . . .ကြည့်လေ၊ သူကတော့ သီချင်းလေးတအေးအေးနဲ့။ ရေးလိုက်. . . တွေးလိုက် အဟုတ်ပဲ။ ပဲအပြည့် ဂိုက်ပေးကြမ်းပုံကိုက . . .ကမ္ဘာကျော်စာရေးဆရာစတိုင်ထုတ်လို့ လူမြင်ရင် ရယ်စရာရုပ်. . . အဟိ။

အေးလေ. . .သူ အခုလိုမျိုးပုံစံ ဖြစ်သွားရတာ ကျုပ်တို့ကြောင့်ပါ။ တရားခံကတော့ အိမ်ရဲ့ ဟော့ဟိုထောင့်နားက စက္ကူပုံးအကြီးကြီး။ ပိုပြီးတော့ အဓိကကျတာက သူ့ရဲ့စာရေးချင်စိတ်၊ အင်း. . .စကားလုံးလှလှသုံးရရင်တော့ သူ့ရင်ထဲက အနုပညာပိုးပေါ့ဗျာ. . .ဟုတ်မယ် ကျုပ်အထင် ဒါမှ အမှန်ဆုံးလို့မြင်မိတယ်။ ကိုင်း. . .ကျုပ် သေချာထပ်ရှင်းပြမယ်နော်။

❖ ❖ ❖ ❖ ❖

ဟိုးလွန်ခဲ့တဲ့ စနေနေ့က အိမ်ပွရင် မနေတတ်တော့. . .ကျုပ် တစ်အိမ်လုံးကို လဲ့ကျင်းတာပေါ့။ အဲဒီအချိန် ကျုပ်ဘေးမှာ သူ့အချစ်တော်ကြောင်မလေး ဂျင်းနီက တကယ့်အရှုပ်ထုပ်။ ဆော့ချက်က ကမ်းကုန်။

''ဝုန်း''

ကျုပ်. . .ရှင်းလင်းလို့မှမပြီးခင် စက္ကူပုံးကြီးအထဲကနေ လှစ်ခနဲပြူထွက်လာတဲ့ အိမ်မြောင်ခမျာ ခုန်ပြီးကုတ်ချလိုက်တဲ့ ဂျင်းနီမလက်ချက်နဲ့ ဘဝကူးပါလေရော။ ဒီတော့ ကျုပ်က အကောင်သေကိုရှင်းရင်း ဟသွားတဲ့စက္ကူပုံးကြီးရဲ့အတွင်း ငုံ့ကြည့်မိတယ်။

အိုး. . .အားပါး. . .ပါး. . .ပါး မနည်းမနောများလိုက်တဲ့ စာရွက်စာအုပ်တွေပါလားနော်။ သူ့လက်ရေးဝိုင်းဝိုင်းကလေးနဲ့ ရေးထားတာများအပြည့်ပဲ။ ဒီတော့မှ ကျုပ်လည်းလေ. . .ဇနီးမဟေသီကြီးကို စာပေဝါသနာအိုးကြီး ရွက်ပုန်းသီးကြီးမှန်း သိရတော့တာပေါ့။

''အဲဒါ ချစ်ရင်ထဲ ထိရှလာတိုင်း ချပြထားတဲ့ စာသားတွေ၊ ကဗျာ၊ ဝတ္ထုတိုတွေပေါ့။ ချစ်ရဲ့ ငယ်ဘဝစိတ်ကူးအိပ်မက်က စာရေးဆရာလေ. . .အင်း အခုတော့ ချစ်အသက်က ဇရာတောင်ဝင်စပြုပြီထင်ပါရဲ့၊ ယောက်ျားရယ် အိပ်မက်တွေပုံဖော်ဖို့ မိနိုင်ပါတော့မလား ဟင်. . .ဟင်လို့'' ဘယ်အချိန် ကျုပ်အနားရောက်လာမှန်းမသိလိုက်ဘူး။ ဆွေးဆွေးမြည့်မြည့် ခိုတစ်ကောင်ညည်းတဲ့အတိုင်း. . .

''ရော့. . .ကျုပ်ရေးထားတဲ့ ဝတ္ထုတိုလေး တစ်ပျက်နှာလောက် ဖတ်ပေးပါအုံး၊ ရှင်က ကျုပ်ရဲ့အယ်ဒီတာ လက်ဦးဆရာကြီးပေါ့''

ကြည့်မိတဲ့ကျုပ်ကို ဇွတ်အတင်းရာထူးပေးပြီး အလုပ်စမ်းခန့်တော့တာကိုး၊ ကျုပ် ဘယ်ပြေးလွတ်တော့မလဲဗျို့။

''ကဲ. . .ကဲ မျက်မှန်ပေး၊ အဟမ်း– တိုက်ရိုက်ဝိုင်းလိုက်သည်နှင့် အေးစိမ့်သွားသည်။ မှောင်ရိပ်ထဲဖြစ်ပေမယ့် ကျင့်သားရနေသော ခြေလှမ်းတို့က ယိုင်လဲခြင်းမရှိခဲ့. . .အဟမ်း''

''တော်ပါတော့. . .အဟမ်းကြီး၊ ကျုပ် ရေးတဲ့စာမှာ မပါပါဘူး''

''လှေကားပေါင်း သ ထစ် ကိုကျော် သော် တစ်ချိုးကွေ့ရ၏. . .ဘာတုန်းကွ သ ထစ် ဆိုတာ. . .''

''ရှင်ကတော့လုပ်ပြီ၊ ဘယ်ကလာသထစ်၊ အဲဒါ ၁၁ ထစ်၊ ဆယ့်တစ် ထစ်''

''ဩော်. . .အေး၊ နောက်ထပ် အထစ်ပေါင်းများစွာ တက်ပြီးသော် ထပ်ချိုး၍ကွေ့ရပြန်သည်။ ဟူး. . .ရေနွေးလေးကမ်းပါအုံးဟ''

''သံပန်းတံခါးဖြူဖြူလေးနှင့် ပြာလဲ့လဲ့မီးရောင်အောက်တွင် မောင့်အမည်ရေးထားသော ဆိုင်းဘုတ်ကို မြင်တွေ့ခဲ့ရသည်။ ဟင်း. . .မင်းရဲ့ မောင် ဒီဇာတ်လမ်းမှာ တိုက်ထိပ်ဆုံးတက်ပြီးနေရင် ငါလည်း လျှာအထွက်ပဲ. . .ရော့ ဒီစာမူပယ်တယ်၊ ဆက်မဖတ်လို''

''အို. . .အယ်ဒီတာကြီးကလည်း၊ ဒီဝတ္ထုမကြိုက်ရင် ရော့. . .နောက်ထပ်တစ်ပုဒ် ဒီမှာ အင့်''

''တော်. . .ငါ ဒီမှာ တန်းလန်းကြီး၊ မင်းမမြင်ဘူးလား''

''ရှင်. . .ဘာရှင့်''

''အိမ်ကိုလဲ့ကျင်းနေတာကို ပြောတာ



ဟေ့...မင်း ဒီလောက် စက္ကူပုံကြီးအပြည့် ရေးထားတာတောင် မတတ်သေးဘူးလား၊ ဘုရားရေ... သင်တန်းများ တက်ပြီးရေးရင် ငါလည်း ကမ္ဘာ့အမြင့်ဆုံး စာရွက်ပုံအောက်ကလူသားဆိုပြီး Facebook မှာ ကျော်တော့မှာပဲ...

ပေါ့၊ ဒုန်းဝေးပ''

''အင်းလေ...ဒါဆိုလည်း အမော ဖြေနားရင်း ကျုပ်ဟာလေးဆွဲပေါ့!''

''ဘာ...ဘာကွ''

''ရေးထားတဲ့ စာလေးဖတ်ရင်း အမောဖြေ နားပါ ပြောတာပါတော်၊ တော်လည်း ဒုန်းဝေးပ''

ကိုင်း ခက်ချေပြီ။ သူဝတ္ထုတွေအပြည့် ရှိတဲ့ ဒီပုံကြီးအနား ကျုပ်ဆက်ရပ်နေမိရင် ဇီဝိန်ချုပ်တဲ့အထိတောင် ဖတ်လို့ပြီးတော့မယ် မထင်...လစ်မှ...လစ်မှ။

❖ ❖ ❖ ❖ ❖

''ယောကျ်ား''

''သောက်ခွေး''

ကျုပ်ရဲ့ခြေဖဝါးကို လာဆွဲပြီး နှိပ်နယ်နေတော့ လန့်အော်မိတာပေါ့။

''ချစ် ပြောစရာတစ်ခုရှိလို့ ရှင်ရဲ့''

အင်း...ဒီအထာမျိုးနဲ့ စလာပြီဆိုတော့ တောင်းဆိုစရာတစ်ခု သူမှာရှိလေပြီပေါ့၊ ပေါင်းလာတာပဲ ကြာလေသည်ကိုး။

''ကိုင်း...ဆိုစမ်းပါအုံး၊ သေချာထိထိမိမိလေး နှိပ်''

ကျုပ်လည်း ဘယ်ခေါ်မလဲ၊ ခြေဆန့်ပြီး နားစွင့်လိုက်တယ်၊ ကဲ–ပြောချင်တာပြော''

''မိန်းမလေ သင်တန်းတစ်ခုတက်ချင်လို့၊ အဲဒါ ပို့ပေးဖို့တောင်း...''

''ဟေ...လာပြန်ပြီကွာ၊ ဟိုးတလောကပဲ မင်း ရေကူးတတ်ချင်လိုက်တာလို့ တစာစာပူဆာလို့ ဇီဇဝါရေကူးသင်တန်းကျောင်း ငါပို့ခဲ့ပေးရပါပကော''

''ဒီတစ်ခါက...''

''တော်ပါ...မင်းကွာ မကြီးမငယ်နဲ့ ကလေးတွေကြားထဲ တပြောင်းပြောင်း တပြန်ပြန်''

''အို...ရှင်ကလည်း ရေကူးနည်းပြဆရာမလေးကို မဏ္ဍိမေခလာလေးဆိုပြီး ကျုပ်ကိုစောင့်ရှောက်သလို ဟန်ရေးပြပြီး ငမ်းတာလေ...ဟွန့်''

အင်း...သူပြောမှပဲ မဏ္ဍိလေးကို ကျုပ်သတိရသွားတယ်။

''အေး...ရေထပ်ကူးချင်သေးလို့လား ဟင် မိန်းမ...အဟဲ''

''တော်ပါ...အိုကြီးအိုမနဲ့၊ ပြောတာ သေချာနားထောင်ပါအုံး''

အဟိ...ဘယ်နတ်သမီးရှိတဲ့သင်တန်း သူမြန်းအုံးမလဲမသိ။ ပျော်လိုက်တာ...။

''အခု မိန်းမတက်ချင်တာ စာရေးနည်း လမ်းညွှန်သင်တန်းရှင့်၊ ဒီတော့ စာရေးဆရာအသင်းကို ရှင်လိုက်ပို့ပေး...နော်...နော်''

''ဟေ...မင်း ဒီလောက် စက္ကူပုံကြီးအပြည့် ရေးထားတာတောင် မတတ်သေးဘူးလား၊ ဘုရားရေ...သင်တန်းများ တက်ပြီးရေးရင် ငါလည်း ကမ္ဘာ့အမြင့်ဆုံး စာရွက်ပုံအောက်ကလူသားဆိုပြီး Facebook မှာ ကျော်တော့မှာပဲ''

''တော်ကတော့ ကျုပ်ကို စဖို့ပဲသိ၊ အဲဒီလိုရေးနိုင်လို့ကို စာရေးနည်းအခြေခံလမ်းညွှန်သင်တန်းကို သွားတက်ချင်တာရှင့် သိလား''

''မိန်းမရယ်...အနုပညာဆိုတာ မွေးရာပါ ဗီဇကွဲ့၊ သင်ယူတိုင်း တတ်မြောက်တာ မဟုတ်ဘူးလေ''

''သိပါ့တော် သိပါ့၊ ဒါပေမဲ့ ကျုပ်ငယ်ငယ်ကတည်းက ဝါသနာ ဖွဲကြီးကြီးနဲ့ ရေးထားတဲ့...ဟော့ ဟိုပုံးထဲကစာတွေ ငုတ်တုတ်မေ့နေရတာ ရင်နာလွန်းလို့ပါတော်၊ ဒီသင်တန်းမှာ ကျုပ်တွေ့ချင်တဲ့ ဆရာ၊ ဆရာမကြီးတွေရှိတယ်၊ ကျုပ်စာတွေ သူတို့လက်ထဲရောက်ပြီး အကောင်း၊ အဆိုး ဘာလိုတာလဲ သိချင်တယ်ရှင်''

သူပြောတာလည်း ဟုတ်တုတ်တုတ်။ ပုံးထဲက သူ့ ငုတ်တုတ်စာတွေ ဆရာ၊ ဆရာမတွေဆီရောက်မှ ကျုပ်လည်း အယ်ဒီတာဘဝက ကျွတ်...ရှင်းလင်းရတဲ့ဒုက္ခလည်း လွတ်မယ်။ အင်း...ပို့မှ ပို့မှ။

''အေး...ဟုတ်သား''

''သင်တန်းမှာ စာပေချစ်သူချင်း ခွေး နွေးပြီး ရင်နှီးခွင့်ရ...ဟိုလေ ခေတ်စကား နဲ့ အနုပညာသမားတွေ ရင်ဘတ်ချင်း နီးစပ်ရတာပေါ့...ခစ်...ခစ်''

''ကောင်းကွာ...မင်းသဘောပေါ့၊ တက်စေချား...ပို့မယ်ဟေ့''

''ဒါမှ တို့ကျားကျားကွ''

''ကိုင်း၊ လာထား...သူတို့နဲ့ မနီးစပ် ခင် ကျားကျားတို့လည်း အရင်နီးကြရအောင်...အဟဲဟဲ''

''အိုတော်...ရှင်ကလည်း...ဖယ်ပါ၊ ဖယ်''

''ညောင့်...ညောင်...ညောင်''

''ဟော...မေ့သမီးဂျင်းနီ၊ ဆာလို့ ပြန်လာပြီ၊ လာ...လာ''

ကြည့်...အရေးထဲ အချိန်ကောင်းဆို သူသမီးက တမှောင့်။

''ပြေးစို့ သမီးရေ၊ ဒီလူကြီး ဘာဘယ်လို စိတ်ပေါက်လဲမသိ၊ ဟင်း...ဟင်း''

ကြောင်လေးကောက်ပွေပြီး ရှက်ရှက်နဲ့ ထပြေးတဲ့မိန်းမကို ကျုပ် ဆက် စလိုက်တယ်။

''ဖြည်းဖြည်းပြေးပါ...ကြောင်မမေရယ်၊ ချော်လဲမှ ရင်ဘတ်ချင်းမနီးစပ်ရဘဲ ရေဝေးနဲ့ နီးကပ်သွားအုံးမယ်...ဟား...ဟား''

''အိုတော်...ဒီတော့လည်း ကိုကျော်သူကြီးနဲ့ နီးရတာပေါ့၊ သူလည်း အနုပညာသမားပဲဟာ...ခိ...ခိ''

အမယ်...သူဝါသနာပါရာလမ်းလျှောက်ရမယ်ဆိုတော့ ဖလန်း ဖလန်းထလို့...နုပျိုသွားလိုက်တာများ...ကြည့်။ ခွန်းချင်းမခံ...

❖ ❖ ❖ ❖ ❖

''စာအုပ်၊ ဘောလ်ပင်၊ ခဲတံ၊ မင်

ဖျက်၊ ပေတံ၊ အဘထ၊ ဆရာခို...အင်း စုံပြီ၊ ယောက်ျားရေ...သွားစို့''

ဒါကတော့ အနုပညာမူကြိုအသွားတောလားပေါ့။ သူနဲ့အတူ အဘထနဲ့ ဆရာခိုက အဆစ်ပါသေး...ရှူဖို့၊ လိမ်းဖို့လေ။

ဒီလိုနဲ့ပဲ ကျုပ်တို့နှစ်ဦး ခပ်မြူးမြူးလေး အနုပညာပန်းခင်းနဲ့တူတဲ့ စာရေးနည်း အခြေခံသင်တန်းကို လှမ်းခဲ့ကြတာပေါ့၊ အိုး...ခန်းမကြီးက မြင့်လည်းမြင့်၊ ကျယ်လည်းကျယ်။ ဆရာတွေကလည်း ဝမ်းသာအားရ ကြိုကြတာပေါ့ဗျာ။

''လာကြဟော့...လာ...လာ၊ စားစရာတွေလည်း စား၊ မိသားစုလို ညီညီညွတ်ညွတ်၊ ပျော်ပျော်ရွှင်ရွှင်ပေါ့...လာ''

မဝံ့မရဲလေးဖြစ်နေတဲ့ ကျွန်တော်တို့နှစ်ဦး အားတက်သွားမိတယ်။

''ကန်တော့နော်ဆရာ...မတော်လို့နော် ဆရာမ''

ငေးနေတဲ့ ကျုပ်တို့ကို တိုက်မိသွားတဲ့ ကလေးမလေးက တောင်းပန်မှပဲ ကိုယ့်ကိုယ်ကိုယ် ဆရာဖြစ်သွားမှန်း သတိထားမိတော့တယ်။ ဒီသင်တန်းမှာ ဆရာခေါ်သံတွေ ညံနေတာကိုး။

ခေါင်းလေးတငံ့ငံ့၊ ကိုယ်လေးတညွတ်ညွတ်၊ လက်အုပ်ကလေးတွေ တချီချီနဲ့...သိပ်မတွေ့ရတော့တဲ့ ရှားပါးမြင်ကွင်းလေး ဒီနေရာမှာ မြင်ခဲ့ရတယ်ဗျာ။ ဘိုးဘွား ဆရာကြီးတွေနား ဖလန်းလေးတွေကလည်း ဓာတ်ပုံအစွမ်း တဖျတ်ဖျတ်ပေါ့။ ဆရာကြီးတို့ကလည်း မနုံးဘဲတပြုံးပြုံး။

ဩော်...တံငါသည် ရေမှာပျော်သလို၊ မုဆိုး တောမှာပျော်သလို...အနုပညာသမားတွေကလည်း သူတို့အနုပညာအသိုင်းဝိုင်းလေးမှာပဲ ပျော်နေကြတော့တာကိုး။

''ဆရာ...အခုနောက်ဆုံးထုတ်တဲ့ စာအုပ်က ဘာလဲဟင်...ဆရာ နောက်ဆုံးထုတ်လိုက်တာ...''

''ဗျာ...ကျွန်တော့်မိန်းမရေးမယ့် မှတ်စုမှတ်ဖို့ ဗလာစာအုပ်ပါ''

''အဟင်း...ဟင်း ဟိုဆရာကိုမေးတာပါ၊ ဆောရီးနော်''

''ဩော်...ခေတ်သစ်အလင်္ကာပါ''

ဟိုတွေး သည်ငေးနဲ့ ကျွန်တော် ဂွမ်းတော့မလို့ဗျို့။ တော်သေးရဲ့...ဟူး''

''ဟိုးမှာ အပြာဝမ်းဆက်နဲ့ကဆရာမကြူးကြူသင်း''

''အင်း''

''ဆရာကြီး လယ်တွင်းသားစောချစ်နားမှာက ဆရာမောင်မောင်ဦး''

''ဟိုမှာ ဆရာမ မစန္ဒာ ပန်းရောင်ရင့်နဲ့''

''အစိမ်းနဲ့က ဆရာမ မနှင်းဖွေးလား''

''အေး...ဟုတ်တယ်၊ ဟုတ်တယ်''

''ဟို...ရပ်နေတဲ့ဆရာတွေက ဆရာချစ်နိုင်၊ ဆရာမောင်စိန်ဝင်း၊ ဆရာမောင်နိုင်မိုး၊ ဆရာမောင်ငြိမ်းသူ''

''ဩော်...ခန့်တယ်နော်''

ကျုပ် မိန်းမလေးခမျာတော့ တောကျီးလေး မြို့ရောက်ပေါ့၊ ဟိုကြည့် သည်ကြည့်။ သင်တန်းသားအချင်းချင်း ပြောဆိုနေကြတဲ့ကြားမှာ...

''ဗျို့ ဟေ့လူ...စာပေရဲ့ လက်ရှိအနေ...''

''မဂ္ဂဇင်းတွေလည်း တဖြုတ်ဖြုတ်နဲ့ ကြွေလွင့်နေပြီ''

''ရသစာပေကြီးကရောဗျာ...ဘာထူးမလဲ၊ သူလည်း နေဝင်ချိန် နီးနေတာ''

အို...ကျုပ်လန့်သွားမိတယ်။ ဆရာနှစ်ဦး အတူတူပူးပြီး တိုးတိုးလေးကပ်ပြောတာ ကျုပ်ကြားလိုက်ရတာကိုး။ မိန်းမကို လှမ်းကြည့်တော့ သူ ဆရာမ မစန္ဒာကို ငေးမောနေတာများ မျက်ဝန်းလေးတွေ တလက်လက်နဲ့။

အင်း...တော်ပေသေးရဲ့ဗျာ။ သူ မကြားမိပေလို့...

မဂ္ဂဇင်းတွေရယ် တဖြုတ်ဖြုတ်ကြွေနေတာ တစ်ဆိတ်ရပ်ပေးစမ်းပါဦး၊ ကျုပ် ဒူးထောက် တောင်းဆိုပါရစေ။

ကျုပ်ရဲ့မဟေသီလေး ပဲအပြည့်၊ ဂိုက်ပေးပြီး ဇွဲ ဝါသနာကြီးကြီးနဲ့ရေးထားတဲ့ ဝတ္ထုတိုစာလေးတွေ မဂ္ဂဇင်းစာမျက်နှာတွေပေါ် သူလက်ရေးဝိုင်းဝိုင်းလေးအစား ပုံနှိပ်စာလုံးနဲ့ မမြင်ရခင် ခဏကလေး မကြေပါနဲ့ဦး။

ရသစာပေကြီးလည်း နေမဝင်ပါနဲ့ဦးနော်...ကမ္ဘာကျော်စာရေးဆရာစတိုင်ဖမ်းပြီး လောကအကျိုးပြုစာတစ်ပုဒ် သူအားထုတ် ရေးသားဖို့ စောင့်ပေးပါဦးနော်...သူဘဝ နေမဝင်မီကလေးပေါ့။

ခင်ဝေလင်း







အမှိုက်ပစ်တတ်ဖို့ လိုနေပြီ

သက်ပွ

တစ်ရက်သော နွေဦးကုန်ပိုင်း နေ့လယ် ၁၂ နာရီခန့်၌ စာရေးသူသည် အိမ်ရှေ့တွင်စိုက်ထားသော ကြက်ဟင်းခါးပင်ကိုကြည့်နေစဉ် ချာတိတ်နှစ်ယောက် စက်ဘီးစီးလာရင်း ရုတ်တရက်ရပ်ကာ စက်ဘီးရှေ့ခြင်းအား ဘာဖြစ်သည်မသိ ခက်ခက်ခဲခဲဖြုတ်နေသည်ကိုတွေ့လိုက်ရသည်။ အသက်တွေက ရှိလှမှ ၈ နှစ် ၁၀ နှစ်ဝန်းကျင်။

စာရေးသူလည်း ကိုယ့်အလုပ်မဟုတ်တာနှင့် အမှတ်တမဲ့ကြည့်ပြီး ကြက်ဟင်းခါးသီးဖြစ်လာမည့် အပွင့်လေးများကို ကြည့်နေမိသည်။

မကြာခင် ချာတိတ်အကြီးလေးက ပြုတ်သွားသည့် စက်ဘီးရှေ့ခြင်းအကျိုးကို အိမ်ရှေ့တွင်ပေါက်နေသော ဗာဒံပင်ခြေရင်းလာပြီး စွန့်ပစ်လေသည်။ ပြောရလျှင် အလွယ်တကူ အမှိုက်ပစ်နည်း။

ယင်းကြောင့် စာရေးသူက သည်နေရာမှာ အမှိုက်မပစ်ရကြောင်း၊ စက်ဘီးဖြင့် ယူသွားပြီး ဈေးနားရှိ အမှိုက်ပုံတွင် ပစ်သင့်ကြောင်း လှမ်းပြောမိလေသည်။

စာရေးသူစကားကြောင့် ချာတိတ်အကြီးက ခြင်းကိုပြန်ကောက်ယူကာ စက်ဘီးနှင့်သယ်သွားကြလေသည်။ စာရေးသူစိတ်၌ သည်ကလေးတွေ ပြောစကားနားထောင်တယ်၊ လိမ္မာသားပဲဟုတွေးရင်း ကျေနပ်စိတ်ဖြစ်မိ၏။

သို့ဖြင့် နေ့လယ် တစ်နာရီခန့်တွင် စာရေးသူသည် လက်ဖက်ရည်ဆိုင်ကို ထွက်လာခဲ့သည်။ ဤသို့ လမ်းလျှောက်ရင်း လမ်းထောင့်ချိုးကွေ့ တစ်နေရာရောက်လျှင် စောစောကပစ်ခိုင်းသော ခြင်းအကျိုးသည် လမ်းဘေးပခုံးသားပေါ်၌ တုံးလုံးပက်လက်အနေအထားဖြင့် စာရေးသူအား ဆီးကြိုနေသည်ကို စိတ်ပျက်စရာတွေ့လိုက်ရလေသည်။

စာရေးသူလည်း မြင်မြင်ချင်း အံ့သြစိတ် လှစ်ခနဲပြူထွက်သွား၏။ ခပ်စောစောက ကျေနပ်စိတ်ကလေးတောင် ဒေါသစွက်ဖက်လေသည်။ တစ်ဆက်တည်း သည်ချာတိတ်တွေ အမှိုက်ပုံသည့်နေရာတောင် ယူမသွားနိုင်သည့် အသိစိတ်ဓာတ်တွေ နည်းပါးလှချည်လားဟူ၍လည်း အတွေးဝင်၏။

သည်အဖြစ်အပျက်ကိုမြင်ပြီး စာရေးသူ စဉ်းစားမိသည်မှာ စာရေးသူတို့နိုင်ငံ၌ စည်းကမ်းတကျ အမှိုက်စွန့်ပစ်တတ်ဖို့ လူကြီးတွေသာမက ကလေးတွေပါ အသိရှိဖို့ အများကြီးကြိုးစားရဦးမည်ဖြစ်ကြောင်း သုံးသပ်မိ၏။

ဟိုတစ်ရက်က ပုဇွန်တောင်မြို့နယ်အတွင်း လမ်းတစ်ခု၌ လမ်းကြားထဲ အမှိုက်နှစ်ခါရှင်းပေးပြီးတာတောင် ထပ်ပြီး အမှိုက်ပစ်သည့်သတင်း Facebook မှာ ဖတ်လိုက်ရသည်။ ထိုအဖြစ်များသည် စည်းကမ်းတကျ အမှိုက်ပစ်ရသည်ကို အချို့ပြည်သူများ လေးနက်မှုမရှိသေးကြောင်း မီးမောင်းထိုးပြသော ပြယုဂ်များပင်ဖြစ်၏။

ကနေ့လို နိုင်ငံတော်က ပြောင်းလဲခြင်းကို သွားနေချိန်တွင် လုံးဝမဖြစ်သင့်သော စိတ်ဓာတ်စည်းကမ်းပိုင်းဆိုင်ရာ ချို့ယွင်းချက်များ ဖြစ်ပေသည်။



စာရေးသူတို့ မြန်မာနိုင်ငံသူ/သားများ ကလည်း နှစ်ပေါင်းများစွာ စည်းမရှိ ကမ်းမရှိမှုနှင့် ဖက်လဲ့တကင်း နေထိုင်လာခဲ့ရကား စည်းကမ်းမရှိနေထိုင်သောအကျင့်ကို လွန်စွာသံယောဇဉ်တွယ်နေဟန်ရှိပေသည်။ ထိုမကောင်းသောအကျင့်ကို လွယ်လွယ်နှင့် မစွန့်လွှတ်ချင်ကြ။

တခြားနိုင်ငံတွေ၏ စည်းကမ်းသေဝပ်တာကိုကျတော့ စကားထဲဖောင်ဖွဲ့ပြောကာ အားကျတတ်၏။ မိမိနေထိုင်သည့် နိုင်ငံမှာကျတော့ မဆင်ခြင်ကြ။ စည်းကမ်းရှိရှိ

အမှိုက်ပုံးသည် မြို့ကြီးများအပြင်
မြို့နယ်ရပ်ကွက်တိုင်းလည်း
များစွာလိုအပ်ကြောင်း
တာဝန်ရှိသူများ သတိချပ်သင့်ပေသည်။
သို့မှသာ နေရာတိုင်း၌
စည်းကမ်းတကျအမှိုက်ပစ်ခြင်းဟူသော



နေထိုင်တတ်သူကိုပင် လျော်ချင်သလိုလို အချို့များနှင့်။ မခက်ပေဘူးလား။

တလောက စင်ကာပူနိုင်ငံတွင် (Jurong East Central.1) လမ်းပေါ်ကို သားရေကွင်းနှစ်ပင် ပစ်တင်သည့် အမျိုးသားတစ်ဦးကို စင်ကာပူဒေါ်လာ ၃၀၀ (မြန်မာငွေ ၃သိန်းကျော်) ဒဏ်ရိုက်လိုက်ကြောင်း စင်ကာပူနိုင်ငံ အမျိုးသားပတ်ဝန်းကျင် အေဂျင်စီက ထုတ်ပြန်ခဲ့သည့်သတင်းကို Facebook မှာပင်ဖတ်လိုက်ရပြန်သည်။

ဤသတင်းများသည် ယခုမှထူထောင်နေသော မိမိတို့နိုင်ငံ၌ အတုယူသင့်သော စနစ်များဖြစ်ကြောင်း မည်သူမဆို သိနိုင်ပေသည်။ အကြီးပြုပြောရလျှင် ကောင်းသော အမူအကျင့်များကိုယူရာ၌ နောက်မကျသင့်ပေ။

ထို့ပြင် အမှိုက်ပုံးကိစ္စဖြစ်၏။ အမှိုက်ပုံးများကို အတန်ငယ် ကိုက်အကွာအဝေးသတ်မှတ်၍ ချထားပေးသင့်၏။ ချထားပေးသည်ဆိုရာ၌ လုံလုံလောက်လောက်ကို ဆိုလိုပေသည်။ စည်းကမ်းမရှိ အမှိုက်စွန့်ပစ်သူကိုလည်း စောင့်ကြည့်ကာ ဒဏ်ငွေရိုက်သင့်၏။

ယင်းကြောင့်စောင့်ကြည့်မည့်သူအတွက် လူအားလိုလာပေမည်။ လူခေါ်သင့်က ခေါ်ပြီး ခန့်အပ်ရပေမည်။ ထိုအရာသည် ဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်ပင် မဟုတ်ပါလော။

အမှိုက်ပုံးသည် မြို့ကြီးများအပြင် မြို့နယ်ရပ်ကွက်တိုင်းလည်း များစွာလိုအပ်ကြောင်း တာဝန်ရှိသူများ သတိချပ်သင့်ပေသည်။ သို့မှသာ နေရာတိုင်း၌ စည်းကမ်းတကျ အမှိုက်ပစ်ခြင်းဟူသော အသိတစ်ခု



ပြည်သူတွေ၏ခေါင်းထဲ စွဲမြဲလာပေမည်။

မြို့ကြီးတစ်ခုထဲကွက်ပြီး စည်းကမ်းရှိနေပါက မြန်မာစကားထဲကလို 'မျက်နှာမှာ သနပ်ခါး ပေါင် သေးစီးကြောင်းနှင့်' ဆိုသလို ဖြစ်နေပေလိမ့်မည်။

ထို့ကြောင့် စာရေးသူ ရှေ့တွင်ဖော်ပြခဲ့သလို မြို့နယ်ရပ်ကွက်တိုင်း၌နေထိုင်သော ကလေးတွေကို အမှိုက်စွန့်ပစ်ပုံ စွန့်ပစ်နည်း အသိပညာပေးရပေမည်။ သူတို့ခေါင်းထဲ တာဝန်တစ်ခုလိုမြင်ပြီး တာဝန်ယူတတ်သွားအောင် ဆောင်ရွက်ရပေမည်။

ကလေးတွေကို အမှိုက်စွန့်ပစ်နည်းနားလည်အောင်ပြောပြနိုင်သည်မှာအကောင်းဆုံးက စာသင်ကျောင်းများပင် ဖြစ်သည်။ အမှန်ဆုံးအခြေခံလည်းဖြစ်၏။ ဆရာ၊ ဆရာမတွေနှင့်လည်း အတွေ့အထိဆုံးဖြစ်၏။

ကလေးတွေအသိမှာ နိုင်ငံကြီးသားပီသစွာနေတတ်ဖို့၊ စိတ်ဓာတ်တွေ ဘယ်လိုထားဖို့၊ စည်းကမ်းဆိုတာ သည်လို၊ အများနှင့် ဆက်ဆံရာမှာ ဘယ်လိုစိတ်ထားစသဖြင့် တာဝန်တစ်ခုအနေဖြင့် သင်ကြားပေးခဲ့ပါလျှင် ပို၍ထိရောက်နိုင်ပေသည်။ (အခြားသော ကဏ္ဍများလည်း ရှိပါသည်၊ အမှိုက်နှင့် ပတ်သက်ရာရေးသဖြင့် မဖော်ပြတော့ပါ)

ထိုအခါ ကလေးတွေအသိဉာဏ်၌ အမှိုက်စွန့်ပစ်လျှင် ဤသို့ပစ်ရမည်ဟူသော အသိ နှလုံးသားတိုင်အောင် စူးနစ်ဝင်သွားပေမည်။ ယင်းသည် နိုင်ငံတော်ကောင်းဖို့အတွက် ချုံ့ချဲ့သောမျိုးစေ့ပင် မဟုတ်ပါလော။

ဖြစ်နိုင်လျှင် အောက်ခြေရပ်ကွက်တွေ



ကအစ လမ်းတိုင်းလမ်းတိုင်းမှာ စည်ပင်အသိအမှတ်ပြု အမှိုက်ပုံး(သို့မဟုတ်) အမှိုက်ကန်များထားရှိသင့်ပေသည်။ (ယခင်လို ထားလိုက်၊ မထားလိုက် မလုပ်စေချင်၍ တင်ပြနေခြင်း ဖြစ်ပါသည်)

တစ်ဖက်ကလည်း လူကြီးတွေ စည်းကမ်းရှိပြမှ လူငယ်တွေက လိုက်လုပ်မှာ ဖြစ်ပြီး လူငယ်တွေလုပ်ဆောင်မှုလည်း ကလေးတွေက သိရှိနားလည်လိုက်လုပ်လာမှာပင်။ အကြောင်းမူ လူငယ်နှင့်ကလေးသည် လူကြီးထက်စာလျှင် အနီးစပ်ဆုံး ဆော့ကစားပေါင်းသင်းကြသောကြောင့် ဖြစ်ပေသည်။

သို့ဖြစ်ရာ စည်းမရှိကမ်းမရှိ အမှိုက်စွန့်ပစ်သည့် တရားခံမဟုတ်သော နေရာတွေကိုလည်း ပထမအကြိမ်ဖြင့် အိမ်တိုင်းစေ့ဒဏ်ပေးသင့်၏။ ဒုတိယအကြိမ် ထပ်ပစ်ပါက ပထမထက်ပိုသော ဒဏ်ကြေးဆောင်ခိုင်းသင့်၏။ တတိယအကြိမ်၌ကား ထောင်ဒဏ် စသဖြင့် ဥပဒေများထုတ်ထားသင့်ပေသည်။

တော်တန်ရုံဒဏ်လောက်က စည်းကမ်း မရှိမှုနှင့် နေသားတကျရှိနေသော ပြည်သူတွေသည် ပြီးဖြီးဖြီးမျက်နှာပေးနှင့် ပေးဆောင်သွားကြမှာပင်။ ပေးပြီး နောက် တစ်ကြိမ်ထပ်လုပ်ဖို့ဝန်လေးကြမည်မဟုတ်။

အချုပ်ဆိုရလျှင် ပြည်သူတစ်ရပ်လုံး စည်းကမ်းမရှိ အမှိုက်ပစ်သဖြင့် ဒဏ်ဆောင်ရသည်ကို ရှက်စရာဟုမြင်လာအောင် (သို့) ရှက်တတ်လာအောင် ကနဦးကတည်းက အသိပေးဖို့သည် ကလေးများကစ၍ အသိရှိလာပါလျှင် နိုင်ငံတော်အတွက် ဖြစ်ချင်သော စည်းကမ်းတကျ အမှိုက်စွန့်ပစ်ခြင်းအလေ့သည် မလွဲမသွေဖြစ်လာမည်ဟု ယုံကြည်မိပေသည်။

သက်ပွ



မြန်မာနိုင်ငံဓာတ်ပုံအသင်း

လစဉ်ဓာတ်ပုံပြိုင်ပွဲများ

အကြီးတန်းစံပြအလှမယ် ဓာတ်ပုံပြိုင်ပွဲ

သန့်စင်

MODEL ပန်းအိဖြူ



၀၀၀၅

ဒေါ်အောင်ကျော်မြင့်



ဒုတိယ

သွယ်သွယ်ထွန်း



တတိယ

ဖွဲ့ညီထက်(ခ)

မောင်ညီညီ

မြန်မာနိုင်ငံဓာတ်ပုံအသင်း

လစဉ်ဓာတ်ပုံပြိုင်ပွဲများ

ပြင်ပရိုက်ကူးရေး(OUTING)အစီအစဉ်

တွံတေးခရီးစဉ် (အကြီးတန်း ရောင်စုံဓာတ်ပုံပြိုင်ပွဲ)

သန့်စင်



ဝဝဝမ

ရဲကျော်သူ



ဒုတိယ

သွယ်သွယ်ထွန်း



တတိယ

နိုင်လင်းထွန်း



ရိုးမကျော်ပြီး ပြည်ထောင်စုခရီး

ဗုဒ္ဓမွေ ဂူပုထိုးနဲ့
အုတ်မြို့ရိုး ထပ်ထပ်စီ
ရှေးရခိုင်ပြည်၊
"မြောက်ဦး"နဲ့ "ဝေသာလီ"
အတိတ်ဆီ သာမော
စပါးနံ့ ရေနံ့ကြော
ပြည်နယ်ဝင်ဖြော။

ကျွန်ပြုတဲ့ ကုလားဖြူ
ငြူစူကာ သဒ္ဓါကန်း
ဝမ်းက မဖြူ၊
ဖွံ့ဖြိုးဖို့ လိုမတူ
ခေါင်းပုံမူ အဖြတ်သား
အွန်သာ စည်းကြပ်ထား
ဖွံ့ဖြိုးဟန့်တား။

အကြီးအကဲလမ်းညွှန်မှု
ပြည်ထောင်စု စိတ်ခြေခံ
ဖွံ့ဖြိုးရမှန်၊
ကွာဟမှု နည်းစေရန်
ထူးစီမံခန့်ခွဲ
တိုင်းပြည်နယ် ဘယ်မလွဲ
ဖွံ့ဖြိုးဆဲ။

နီးလျက်နှင့်ခရီးကွာ
တောင်ဗီလာ ရိုးမဆီး
အထီးကျန်ကွာ၊
ခေတ်ဆက်ဆက် အိပ်မက်ပမာ
စွန့်စားကာ မမက်ရဲ
ယခုမူ အားမာန်ခဲ
"ပြည်ထောင်စုလမ်း" ရှည်ကဲ
တည်ဆောက်သည်ပွဲ။

ပန်းဝါချီ ဗန္ဓုလ
စစ်ကြောင်းက အစဖြာ
လက်တွေ့ပေါ်လာ၊
နိုင်ငံတော်၏ စေတနာ
ကြင်နာတဲ့ လမ်းညွှန်မှု
အင်ဂျင်နီယာ အားမာန်စု၊
နည်းပညာ မြင့်မားမှု
တပ်မတော် ထောက်ကူပြု
ပြည်သူ့အား ပေါင်းကာစု၊
ကျော်လွှားကာ ကန့်သတ်မှု
ဟန့်အတား ဘယ်မမှု
ပြည့်အင်အားစု။

ကျော်ဆောဟန်







မြန်မာ့ယဉ်ကျေးမှု မြန်မာ့စာပေတို့ ကမ္ဘာ့အလယ်တွင် ခန့်ခန့်ထည်ထည် တည်ရှိနေခြင်းနှင့်အတူ စာပေလောကတွင် ပြဇာတ်စာပေအခန်းကဏ္ဍသည်လည်း မရှိမဖြစ်လိုအပ်လှပေသည်။ ပြဇာတ်စာပေ ထွန်းကားခြင်းနှင့် စင်တင်ကဇာတ် ပြဇာတ်များ ထူးထူးခြားခြား ထွက်ပေါ်လာရေးမှာ စာပေလောကအတွက် လွန်စွာအရေးပါသည်။

ပြဇာတ်စာပေဟုဆိုရာ၌-

(၁) ဖတ်ရန်ရေးသော ပြဇာတ်

(၂) ဖတ်ရန်သာမက စင်တင်ကပြရန်ရေးသော ပြဇာတ်

(၃) စင်တင်ပြီးမှ မှတ်တမ်းတင်ရန် ပြုစုသော ပြဇာတ်

ပြဇာတ်စာပေ အခန်းကဏ္ဍ ထာဝရရှင်သန်ခြင်းနှင့်အတူ

အောင်မြင့်စိုး(ရေစကြို)

ထိုသုံးမျိုးစလုံးကို ပြဇာတ်စာပေဟု ဆိုလိုပါသည်။

ဝန်ကြီးပဒေသရာဇာ၊ ဦးကြင်ဉ၊ ဦးပုညတို့ရေးခဲ့သည့် မြန်မာ့ရိုးရာ ပြဇာတ်များနှင့်မတူသော ခေတ်ပြဇာတ်များမှာ ၁၉၂၀ ပြည့်နှစ်နောက်ပိုင်းမှ ယနေ့အချိန်ထိ ပေါ်ထွန်းလာခဲ့သည်။ သက္ကဋ္ဌစာပေ၊ ပါဠိစာပေလာ အကြောင်းအရာများကိုစွန့်၍ လူဘဝ၊ လူ့စရိုက်၊ လူ့သဘောတို့ကို သရုပ်ဖော်လာကြသည်။ ခေတ်ပြဇာတ်၌ လင်္ကာပုံစံကိုစွန့်၍ နေ့စဉ်ပြောဆိုနေကြ ပြောစကားသက်သက်ဖြင့်သာ ပြောကြပါသည်။ ခေတ်ပြဇာတ်များကို ခေတ်ငါးခေတ်ပိုင်း၍ တင်ပြရလျှင်-



၁၉၂၀ မှ ၁၉၄၁ ခုနှစ်ထိ စစ်ကြိုခေတ်ပြဇာတ်များ
၁၉၄၁ မှ ၁၉၄၅ ခုနှစ်ထိ စစ်အတွင်းပြဇာတ်များ
၁၉၄၅ မှ ၁၉၄၈ ခုနှစ်ထိ လွတ်လပ်ရေးအကြိုပြဇာတ်များ
၁၉၄၈ မှ ၁၉၆၂ ခုနှစ်ထိ ပါလီမန်အရင်းရှင်ပြဇာတ်များ
၁၉၆၂ မှ ၁၉၈၈ ခုနှစ်ထိ ဆိုရှယ်လစ်ခေတ်ပြဇာတ်များ
ဟူ၍ ဖြစ်သည်။

သခင်ဘသောင်းသည် ၁၉၂၈ ခုနှစ်တွင် ''ဆရာဝန်ပါပဲ'' ပြဇာတ်ကို ပြုစုခဲ့သည်။ ထိုပြဇာတ်တွင် သားသမီးများ၏ အိမ်ထောင်ရေးတွင် မိဘများသဘောထားမမှန်ပုံ၊ ကာလသားသမီးများ ကလည်း ဉာဏ်များပုံ၊ သမားတု သမားယောင်များ ညာဝါး၍ စားပေါက်ချောင်နေပုံတို့ကို ထိမိစွာဖြင့် သရုပ်ဖော်ထားသည်။ လူဘဝ လူစရိုက်ကို ထင်ဟပ်ပြသထားသည်။

၁၉၂၉ ခုနှစ်တွင် သခင်ဘသောင်းသည် ''တိုင်းပြည်ရန်သူ'' ပြဇာတ်ကို ပြုစုသည်။ ထိုပြဇာတ်တွင် တိုင်းပြည်အတွက် အများအကျိုးအတွက်ဟု ပါးစပ်ကတဖွဖွပြောသော်လည်း လက်တွေ့တွင် ကိုယ်ကျိုးကိုသာ အလေးထားသူများအကြောင်း သရုပ်ဖော်ထားသည်။ တိုင်းပြည်အတွက် အများအကျိုးကို ထိထိရောက်ရောက် မဆောင်ရွက်သူသည် ''တိုင်းပြည်ရန်သူ''ဖြစ်ကြောင်း သိမ်မွေ့စွာ တင်ပြထားသည်။

၁၉၃၀ ပြည့်နှစ်တွင် ဦးလှထွန်းသည် တာဝတီသာပြဇာတ်ကို ပြုစုသည်။ ကျေးလက်တောရွာပြုပြင်ရေးကို သရုပ်ဖော်သည့် ပြဇာတ်ကောင်းဖြစ်သည်။

၁၉၃၄ ခုနှစ်တွင် ဦးသိန်းဟန်(ဆရာဇော်ဂျီ)သည် မဟာဆန်ချင်သူ ပြဇာတ်၊ ၁၉၃၅ ခုနှစ်တွင် ရသေ့ဂူ တစ်ခန်းရပ်ပြဇာတ်တို့ကို ပြုစုခဲ့သည်။ ၁၉၂၁ ခုနှစ်မှ ၁၉၃၃ ခုနှစ်အတွင်း ဆရာဇော်ဂျီသည် အခြားတစ်ခန်းရပ်ပြဇာတ်ပေါင်းများစွာ ရေးသားခဲ့သည်။ ဆရာဇော်ဂျီ၏ ထင်ရှားသောပြဇာတ်များတွင် ''ရွှေမောင်းသံ''ပြဇာတ်သည် မွန်-မြန်မာချစ်ကြည်ရေးကိုဦးတည်သော ပြဇာတ်ဖြစ်သည်။ ထိုပြဇာတ်တွင် နယ်ချဲ့စနစ်ကိုမလိုလားသော တိုင်းသူပြည်သား၏လေသံကို ပီပြင်စွာဖော်ပြထားသည့် ထိုပြဇာတ်သည် ရန်ကုန်မြို့၊ မြို့မတိုင်းရင်းသားကျောင်း၊ ရန်ပုံငွေကပွဲအတွက် ရေးပေးခဲ့သော ပြဇာတ်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း ၁၉၄၂ ဒီဇင်ဘာလလောက်ကရေးခဲ့သည့် ဆရာဇော်ဂျီ၏ ''အောင်လံတော်''စင်တင်ပြဇာတ်တွင် သုံးရောင်ခြယ်ဒေါင်းအလံသည် တို့အလံဖြစ်ကြောင်း အကျယ်တဝင့်တင်ပြထားသည်။ အဓိကရည်ရွယ်ချက်မှာ တို့အောင်လံသည် တို့သွေး၊ တို့သတ္တိ၊ တို့အစွမ်း၊ တို့လွတ်လပ်ရေးကို ကိုယ်စားပြုသော အဓိပ္ပာယ်ရှိသည်ကို သဘောပေါက်စေရန် ရည်ရွယ်ဦးတည်သော ပြဇာတ်ကောင်းတစ်ပုဒ်ဖြစ်သည်။

ပြဇာတ်စာပေလောကတွင်-

၁၉၃၅ ခုနှစ်တွင် ဒေါက်တာဂွမ်လျောင်(ဒေါက်တာဖြူး)၏ ပြဇာတ်များ

၁၉၃၄-၃၅ တွင် တင့်တင့်(သိပ္ပံမောင်ဝ)၏ ပြဇာတ်များ
၁၉၄၂-၄၃ တွင် ဦးနု၏ ပြဇာတ်များ

တိုင်းပြည်အတွက် အများအကျိုးအတွက်ဟု ပါးစပ်ကတဖွဖွပြောသော်လည်း လက်တွေ့တွင် ကိုယ်ကျိုးကိုသာ အလေးထားသူများကြောင်း သရုပ်ဖော်ထားသည်။ တိုင်းပြည်အတွက် အများအကျိုးကို ထိထိရောက်ရောက် မဆောင်ရွက်သူသည် "တိုင်းပြည်ရန်သူ"ဖြစ်ကြောင်း . . .





၁၉၄၄ တွင် ဦးဉာဏ၏ ''ဗမာသစ်''စင်တင်ပြဇာတ်၊ (စင်တင်ပြဇာတ်များအနက် ဗမာသစ်ပြဇာတ်သည် အခမ်းနားဆုံးနှင့် လူအင်အားအများဆုံးသုံးခဲ့ရသော ပြဇာတ်ဖြစ်သည်။)

၁၉၄၄ တွင် မောင်ထင်၏ ''အာဇာနည်မိခင်''ပြဇာတ်နှင့် ''ဘာအရေးကြီးဆုံးလဲ''ပြဇာတ်

၁၉၄၄ တွင် သိန်းဖေမြင့်၏ ထင်ရှားသည့်ပြဇာတ်များ

၁၉၄၅ တွင် ဇေယျာမောင်၏ ''စက္ကူဖြူ''ပြဇာတ်

၁၉၄၈ တွင် စာရေးဆရာ အောင်ဗလသည် မဂ္ဂဇင်း၊ စာစောင်များတွင် ''ဟစ်၍ ဟစ်၍ ရယ်ချင်သည်''အပါအဝင် ပြဇာတ်တိုပေါင်း (၂၂)ပုဒ်ရေးခဲ့သည်။ အောင်ဗလ၏ ''မြို့ကျက်သရေဆောင်''သည် ရန်ကုန်မြူနီစပါယ်လူကြီးတို့ ညစ်ပတ်ပုံကို ဖွင့်ချ၍ လူထုအား သတိပေးထားသော ပြဇာတ်ဖြစ်သည်။ ၁၉၅၁ ခုနှစ်က သမဝါယမများ သောင်းကျန်းကြပုံကို ''နို့''ဟူသော ပြဇာတ်ဖြင့် ဖွင့်ချထားသည်။ ''ကျွန်ုပ်တို့အယ်ဒီတာချုပ်'' ပြဇာတ်တွင် သတင်းစာအယ်ဒီတာကြီးများသည် နိုင်ငံခြားသံရုံးကိုကပ်၍ အစိုးရကိုကပ်၍ အခွင့်အရေးယူပုံ။ အယ်ဒီတာလုပ်နေပြီး နိုင်ငံခြားတစ်ခွင် ပြဲပြဲစင်ရောက်ဖူးသော်လည်း မြန်မာနိုင်ငံတွင် အင်းစိန်ဟိုဘက်ကိုမျှ မရောက်ဘူးသော အယ်ဒီတာတို့၏ အရည်အချင်းကို ထိမိစွာသရော်ထားသော ပြဇာတ်ဖြစ်သည်။ အောင်ဗလ၏ ''ဆရာ့ ဆရာ''ပြဇာတ်တွင် ငါသိ၊ ငါတတ်၊ ငါသာမှန်ဟူသော စာရေးဆရာကြီးတို့၏ အူချောင်ချောင်နိုင်ပုံကို လှောင်ပြောင်ထားသည်။

၁၉၄၉ ခုနှစ်တွင် ရသေ့ ဦးစိန်လွှာသည် ''မောင်ကန်တော်ကြီးနှင့် မယ်အင်းလျား''ပြဇာတ်ကို ရေးခဲ့သည်။

၁၉၅၁ တွင် ဓမ္မကထိက ဦးသီဟသည် ''ကြီးမိုက်တရား''ပြဇာတ်နှင့် ''ကြက်ညီနောင်''ပြဇာတ်ကို ရေးခဲ့သည်။

၁၉၅၂ တွင် မာန်အောင်ဝိယသည် မဂ္ဂဇင်းအသီးသီးတွင် ပြဇာတ်(၁၂)ပုဒ် ရေးခဲ့သည်။

၁၉၅၄ ခုနှစ်တွင် စာရေးဆရာ ခင်မောင်ကြီး၏ မြန်မာမှုပြုထားသော ပြဇာတ်ဖြစ်သည့် ''မြေပိုင်ရှင် ဦးကံကောင်းနှင့် သမီးများ'' ပြဇာတ်ကို မြို့တော်ခန်းမ၌ တင်ဆက်ခဲ့သည်။

၁၉၅၈ တွင် ရဝေထွန်း၏ ''သကုန်လ''ပြဇာတ်

၁၉၅၈ တွင် စာရေးဆရာ အောင်လင်းသည် ''စာရေးဆရာကိုဒေါန''ပြဇာတ်ကိုရေးခဲ့သည်။ ထိုပြဇာတ်တွင် သရုပ်ပျက်စာရေးဆရာလောကကို ထိမိစွာသရော်ထားသည်။ ပြဇာတ်တွင် သရုပ်မှန် ဘဝမှန်စာပေကို အငတ်ခံ၍ရေးသော စာရေးဆရာစစ်စစ်၏ အောင်မြင်မှုကို အားရစွဖယ်တင်ပြထားသည်။ အဓိကဦးတည်ချက်မှာ လောကကိုဖျက်ဆီးတတ်သည့် သရုပ်ပျက်စာရေးဆရာ၊ အသည်းကွဲစာရေးဆရာ၊ စုန်းကဝေ သိုက်သမိုင်းစာရေးဆရာမျိုးကို နှိပ်၍ ဘဝမှန်စာရေးဆရာ ပေါ်ထွန်းရေးကို ဦးတည်ထားခြင်း

ထိုပြဇာတ်တွင် သရုပ်ပျက်စာရေးဆရာလောကကို ထိမိစွာသရော်ထားသည်။ ပြဇာတ်တွင် သရုပ်မှန် ဘဝမှန်စာပေကို အငတ်ခံ၍ရေးသော စာရေးဆရာစစ်စစ်၏ အောင်မြင်မှုကို အားရစွဖယ်တင်ပြထားသည်။ အဓိကဦးတည်ချက်မှာ လောကကိုဖျက်ဆီးတတ်သည့် သရုပ်ပျက်စာရေးဆရာ၊ အသည်းကွဲစာရေးဆရာ၊ စုန်းကဝေ သိုက်သမိုင်းစာရေးဆရာမျိုးကိုနှိပ်၍ ဘဝမှန်စာရေးဆရာ ပေါ်ထွန်းရေးကို . . .

ဖြစ်သည်။

၁၉၅၈–၅၉ တွင် ရန်ကုန်ဘဆွေ ရေးသားခဲ့သည့် ပြဇာတ်များမှ ''သူတော်စင်''ပြဇာတ်မှာ ထင်ရှားခဲ့သည်။ သူတော်စင်ပြဇာတ်တွင် ဘိုးတော်သက္ကဇ၏ ကြောင်သူတော်စရိုက်၊ ဝိဇ္ဇာဂိဏ်း၊ အထက်ဂိဏ်းယောင်ယောင် ပဂ္ဂိုလ်တို့က သူတို့ကို ယုံကြည်သူများအပေါ် လိမ်ညာစားပြီး၊ အမျိုးသမီးများကို ဖျက်ဆီးလေ့ရှိသော အကျင့်၊ လူလိမ်လူကောက်များက ကျေးရွာအုပ်ချုပ်ရေးတွင်ပင် ခြယ်လှယ်ကျူးကျော်မှုစသော လူလိမ်လူကောက်တို့၏ ဇာတိရုပ်ကို ပေါ်လွင်စေရန် ပီပီပြင်ပြင်ဖော်ထုတ်တင်ပြထားသော ပြဇာတ်ကောင်းတစ်ပုဒ်ဖြစ်သည်။

၁၉၆၃ တွင် ဆရာပါရဂူ၏ ပုဒ္ဓယဉ်ကျေးမှုပြဇာတ်များ

၁၉၆၃ တွင် မြသန်းတင့်၏ စာမျက်နှာ (၃၅၂)မျက်နှာရှိ ''နေထွက်သောည''ပြဇာတ်ရှည်

၁၉၆၄ တွင် ရွှေမန်းရဲနေ၏ ''တွက်စစ် ကိုးတစ်ဆယ်''ပြဇာတ်နှင့် မန်းတင်၏ ''ဂျူလီယက်ဆီဆာ'' ပြဇာတ်

၁၉၆၅ တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ ''နေမင်း လမင်း သိန်းရာထောင်''ပြဇာတ်

၁၉၆၈ တွင် မောင်ကြည်ရှင်၏ ''မဟာဂီတ'' ပြဇာတ်

၁၉၆၉ တွင် မောင်လင်းယုန်(ရှမ်းပြည်)၏ ပြဇာတ်များ

၁၉၆၉ တွင် တက္ကသိုလ်မောင်မောင်ခင်၏ ''အဆင်းခက်ခက် အတက်ကြမ်းကြမ်း''ပြဇာတ်တို့မှာ ခေတ်အလိုက်ထင်ရှားခဲ့သည်။

၁၉၆၄ ခုနှစ်လောက်မှစ၍ မြန်မာဇာတ်သဘင်အဖွဲ့မှ ရုံတင်၊ စင်တင်ကပြခဲ့သည့် ပြဇာတ်များကို ပုံနှိပ်စာအုပ်အဖြစ် မှတ်တမ်းတင် ထုတ်ဝေခဲ့ကြသည်။ မြန်မာဇာတ်သဘင်မှ မှတ်တမ်းတင်နောက်ပိုင်းဇာတ်နှင့် ပြဇာတ်များကို လေ့လာကြည့်လျှင်–

(၁) ရွှေမန်းဦးတင်မောင်၏ လက်ဝဲသုန္ဒရ၊ ရွဲကုန်သည် အပါအဝင် ထင်ရှားသည့် နောက်ပိုင်းဇာတ်များ

(၂) ဦးစိန်အောင်မင်း၏ မင်းကုသ အပါအဝင် နောက်ပိုင်းဇာတ်၊ ရာဇဝင်ပြဇာတ်များ

(၃) ရွှေမန်းဦးကျော်စိန်၏ ဒွေးမယ်နော် အပါအဝင် နောက်ပိုင်းဇာတ်များ

(၄) ဦးအောင်မောင်း၏ ရှင်မွေးလွန်း မင်းနန္ဒာအပါအဝင် နောက်ပိုင်းဇာတ်

(၅) ဦးတောကျော်၏ ရွှေလုပ် နောက်ပိုင်းဇာတ်

(၆) ရွှေမန်းအောင်ကျော်၏ ထိလပ်ပိုးဥ ဇာတ်တို့ဖြစ်သည်။

ခေတ်နှင့်ကိုက်ညီသမအောင် ပြုပြင်ဖန်တီး၍ ကဇာတ်၊ ပြ

သူတော်စင်ပြဇာတ်တွင် ဘိုးတော်သက္ကဇ၏
ကြောင်သူတော်စရိုက်၊ ဝိဇ္ဇာဂိဏ်း၊
အထက်ဂိဏ်းယောင်ယောင် ပဂ္ဂိုလ်တို့က သူတို့ကို
ယုံကြည်သူများအပေါ် လိမ်ညာစားပြီး၊
အမျိုးသမီးများကို ဖျက်ဆီးလေ့ရှိသော အကျင့်၊



ဇာတ်များ အများဆုံးတင်ဆက်ပြသခဲ့သော ဇာတ်သဘင်အဖွဲ့မှာ မြို့တော်သိန်းအောင် ဇာတ်သဘင်အဖွဲ့ဖြစ်သည်။ဇာတ်တစ်လျှောက်လုံး နဘော ကာရံ ခြသေ့လည်ပြန်တို့နှင့် စကားမပြောတော့ဘဲ စကားပြောရိုးရိုးဖြင့်သာ ပြောသောအခန်းများ အလေးကဲလာခဲ့သည်။

(၁) ''မိုးလား၊ တိမ်လား၊ မြူလား''

(၂) ''သဘင်သည်မဝင်ရ''

(၃) ''ကောက်ပင်တရေးနိုး'' စသည်တို့မှာ ထင်ရှားသောပြဇာတ်များဖြစ်သည်။

၁၉၆၄ မှစ၍ မြန်မာ့ဇာတ်သဘင်အဖွဲ့များမှ စင်တင်ကပြခဲ့ကြသော ပြဇာတ်များကို မှတ်တမ်းတင် ပုံနှိပ်စာအုပ်အဖြစ်–

ရွှေမန်းဦးတင်မောင်၏ ပြဇာတ်နှင့်နောက်ပိုင်းဇာတ်	။	၁၁–ဇာတ်
ဦးစိန်အောင်မင်း၏	။	၆–ဇာတ်
ရွှေမန်းဦးကျော်စိန်၏	။	၅–ဇာတ်
ဦးအောင်မောင်း၏	။	၂–ဇာတ်
ဦးတောကျော်၏	။	၁–ဇာတ်
ရွှေမန်းကျော်အောင်၏	။	၁–ဇာတ်
ရွှေမန်းအောင်ကျော်ညွန့်၏	။	၁–ဇာတ်
မြို့တော်သိန်းအောင်၏	။	၃–ဇာတ်

စုစုပေါင်း ၃၀ ကို မှတ်တမ်းတင်ပြဇာတ်စာပေအဖြစ် ပုံနှိပ်ထုတ်ဝေပြီးဖြစ်ပါသည်။

ပြဇာတ်စာပေ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ လူအဖွဲ့အစည်း၊ လူဓလေ့၊ လူစရိုက်တို့ကို သရုပ်ဖော်သော ပြဇာတ်များအပြင် ယဉ်ကျေးမှု၊ ဇာတိမာန်တက်ကြွရေး၊ ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးသို့ ဦးတည်သော ပြဇာတ်စာပေများ တစ်နေ့တခြား ပေါ်ထွန်းရှင်သန်နိုင်စေရန် ရည်သန်ရေးသားလိုက်ရပေသည်။

အောင်မြင့်စိုး(ရေစကြို)

ကိုးကား။ ။ စာအုပ်စာပေ(ဒုတိယတွဲ)



ကျန်းမာရေးအတွက် အစားအစာကိုင်တွယ်သူ လိုက်နာရမည့်အချက်များ

ဒေါက်တာမြင့်သန်းထွန်း
(ပြည်သူ့ကျန်းမာရေး)

အစားအစာကိုင်တွယ်သူသည် စားသုံးသူများအား ရောဂါများ ကူးစက်နိုင်ပါသည်။ ကိုယ်ခန္ဓာအတွင်း ရောဂါများရှိခြင်း၊ ဒဏ်ရာများရှိခြင်း၊ လက်များညစ်ပေနေခြင်းနှင့် နှာချည်၊ တံတွေးတို့မှ ကူးစက်ပြန့်ပွားတတ်ပါသည်။ ထို့ကြောင့် ကျန်းမာရေးအတွက် အစားအစာကိုင်တွယ်သူများအနေဖြင့် လိုက်နာရမည့်အချက်များကို အပြည့်အဝလိုက်နိုင်ရန် လိုအပ်ပါသည်။

၁။ အစားအစာကိုင်တွယ်သူဆိုသည်မှာ

အစားအစာကိုင်တွယ်သူဆိုသည်မှာ ချက်ပြုတ်သူစားဖိုမှူး၊ အစားအစာထည့်ပေး ပြင်ပေးသူနှင့် အစားအစာရောင်းချသူတို့ဖြစ်ပါသည်။

၂။ ရောဂါများကူးစက်စေနိုင်သော အချက်များ

အစားအစာကိုင်တွယ်သူများသည် ကိုယ်ခန္ဓာအတွင်း ရောဂါရှိပြီး လက္ခဏာအရိပ်အခြေမပြသော်လည်း အနာရောဂါရှိပြီး လက္ခဏာအရိပ်အခြေရှိသောသူများကဲ့သို့ အစားအစာအား ရောဂါသယ်ဆောင်ပေးသူအဖြစ် ရောဂါကူးစက်စေနိုင်ပါသည်။

အစားအစာကိုင်တွယ်သူများတွင် အနာအဆာများရှိခြင်း၊ ပြည်တည်ခြင်းများဖြစ်ပါက အစားအစာများ ချက်ပြုတ်ရန် ပြင်ဆင်နေချိန်တွင် ဘက်တီးရီးယားများ အစားအစာထဲသို့ ရောထွေးသွားနိုင်ပါသည်။





အစားအစာကိုင်တွယ်သူများတွင် ဝမ်းလျှောခြင်း၊ ဝမ်းကိုက်ရောဂါ၊ အူရောင်နင်းဖျားရောဂါများရှိပါက အစားအစာများကို ကိုင်တွယ်ခြင်းမပြုလုပ်သင့်ပါ။ အစာစားပြီးချိန်နှင့် အိမ်သာတက်ပြီးချိန်များတွင် လက်ကို ဆပ်ပြာနှင့် ရေဖြင့် ဆေးကြောခြင်းမပြုလုပ်ပါက ရောဂါပိုးများသည် လက်မှတစ်ဆင့် ကူးစက်နိုင်ပါသည်။

အစားအစာကိုင်တွယ်သူများ၏ နှာရည်၊ တံတွေးတို့မှ ကူးစက်ပြန့်ပွားနိုင်ပါသည်။ အအေးမိခြင်း၊ အဆုတ်ရောင်ခြင်း၊ နှာစေး၊ ချောင်းဆိုးခြင်းဖြစ်နေသော အစားအစာကိုင်တွယ်သူများဖြင့် စကားလက်ဆုံပြောဆိုခြင်း၊ အစားအစာအနီးတွင် ချောင်းဆိုးခြင်းများရှိပါက အစားအစာအား ရောဂါပိုးများ ကူးစက်ပြန့်ပွားနိုင်ပါသည်။

၃။ တကိုယ်ရေသန့်ရှင်းမှုကို ဂရုစိုက်ခြင်း

အစားအစာကိုင်တွယ်သူများသည် တကိုယ်ရေသန့်ရှင်းမှုကို ဂရုစိုက်ရပါမည်။ ကိုယ်ခန္ဓာသန့်ရှင်းစေရန် နေ့တိုင်း ရေချိုး၊ ဆပ်ပြာတိုက်ရပါမည်။ တစ်ပတ်လျှင် အနည်းဆုံး ၂ကြိမ် ခေါင်းလျှော်ပေးရပါမည်။ အထူးသဖြင့် မိမိ၏လက်ကို အမြဲတမ်းသန့်ရှင်းနေစေရန် ကြည့်ရှုစောင့်ရှောက်ရပါမည်။ လက်သည်း၊ ခြေသည်းများကို ညှပ်ပေးရပါမည်။

၄။ ကောင်းမွန်သော ကျန်းမာရေးအလေ့အကျင့်ဖြစ်အောင် ဆောင်ရွက်ခြင်း

အစားအစာများ ချက်ပြုတ်ခြင်း၊ ရောင်းခြင်း၊ အစားအစာများ ပြင်ဆင်ချက်ပြုတ်ခြင်းနှင့် အစားအစာထည့်ပေး ပြင်ပေးခြင်းများတွင် ကောင်းမွန်သော ကျန်းမာရေးအလေ့အကျင့်ဖြစ်အောင် ဆောင်ရွက်ရပါမည်။

အစားအစာကိုင်တွယ်သူများသည် မီးဖိုချောင်ထဲသို့မဝင်မီ အဆင်သင့်ဖြစ်ရန် ပြင်ဆင်ထားရပါမည်။ ချက်ပြုတ်သူ၊ ထည့်ပေး ပြင်ပေးသူသည် အဝတ်ကို သန့်ရှင်းစွာဝတ်ဆင်ရပါမည်။ အင်္ကျီလက်ရှည် အဖြူရောင်ရှေ့ဖုံး၊ ခါးစည်းဝတ်ဆင်ရပါမည်။ ဦးထုပ်(သို့မဟုတ်) ဆံအုပ်ဆောင်းထားရပါမည်။ အစားအစာမချက်ပြုတ်မီ လက်ကိုသန့်ရှင်းစေရန် အမြဲတမ်းဆေးကြောပေးရပါမည်။ လက်သည်းကို သန့်ရှင်းစေရန် ညှပ်ပေးရပါမည်။ လက်ပတ်ဝန်းကျင်တွင် ဒဏ်ရာများရရှိလျှင် ချက်ချင်းကုသ၍ ပလာစတာကပ်ထားရပါမည်။

အစားအစာ ပြင်ဆင်ချက်ပြုတ်ရာတွင် ကြမ်းပြင်မှ အနည်းဆုံး ၆၀ စင်တီမီတာ (သို့မဟုတ်) ၂ ပေမြင့်စေရပါမည်။ ချောင်းဆိုးတိုင်း သန့်ရှင်းသောအဝတ်ဖြင့် ပါးစပ်နှင့် နှာခေါင်းကို ပိတ်ထားရပါမည်။ ချက်ပြုတ်ချိန်တွင် အစားအစာမြည်းကြည့်လိုပါက ပန်းကန်လုံးထဲသို့ထည့်ခြင်း (သို့မဟုတ်) သီးခြားဇွန်းကို အသုံးပြုရပါမည်။ မချက်ရသေးသော အစားအစာကို ဆေးကြောပြီး အမြဲတမ်း ကျက်အောင်ချက်ပြုတ်ရပါမည်။

အစားအစာများ ထည့်ပေး ပြင်ပေးရာတွင်လည်း ကောင်းမွန်သော ကျန်းမာရေးအလေ့အကျင့်ရှိရပါမည်။ အစားအစာအနီးတွင် စကားလက်ဆုံပြောဆိုခြင်း (သို့မဟုတ်) ချောင်းဆိုးခြင်းများမပြုလုပ်ရန် သတိထားရပါမည်။ ထည့်စရာပစ္စည်းကိရိယာများကို မှန်ကန်စွာ ကိုင်တွယ်စေရပါမည်။ ဇွန်း၊ ခရင်းများကို ကိုင်တွယ်ရာတွင် လက်ကိုင်နေရာတွင်သာ ကိုင်ရပါမည်။ ရေခွက်ကိုင်ရာတွင် ခွက်၏အလယ်အောက်ပိုင်းနေရာတွင် ကိုင်ရပါမည်။ အစားအစာထည့်ထားသော ပန်းကန်လုံး၊ ပန်းကန်ပြားများကို ကိုင်တွယ်ရာတွင် လက်ချောင်းများနှင့် အစားအစာထိတွေ့မှုမရှိစေရန် သတိထားရပါမည်။

အစားအစာများ ရောင်းရာတွင်လည်း ကောင်းမွန်သော ကျန်းမာရေးအလေ့အကျင့်ကောင်းများ ရှိရပါမည်။ အစားအစာကို ရောထွေးမှုမရှိစေရန် လုံခြုံသန့်ရှင်း၍ ရှေ့ပိုင်းတွင် မှန်ဖြင့်ပြုလုပ်ထားသည့် ဗီရိုထဲတွင်ထားရှိရပါမည်။ အစားအစာများခတ်ရာတွင် ယောက်ချိုဖွန်း၊ ဇွန်း(သို့မဟုတ်) ညှပ်သောအရာဖြင့် အသုံးပြုရပါမည်။

၅။ စားသောက်ဆိုင်အတွင်း သန့်ရှင်းရေးပြုလုပ်ခြင်း

စားသောက်ဆိုင်အတွင်း၌ ကျန်းမာသန့်ရှင်းမှုကို ကြည့်ရှုထိန်းသိမ်းသည့် ကောင်းမွန်သော ကျန်းမာရေးအလေ့အကျင့်ရှိရ

ပါမည်။ မီးဖိုချောင်စားသောက်ခန်းများကို ကျန်းမာသန့်ရှင်းနေစေရန် အချိန်မှန်သန့်ရှင်းရေး ပြုလုပ်ရပါမည်။ စားသည့်ဖောက်သည်များ စားပြီးတိုင်း စားပွဲကို ချက်ချင်းသိမ်းဆည်းရပါမည်။ အိမ်သာများ၏ ကျန်းမာသန့်ရှင်းမှုကို အမြဲတမ်းဂရုစိုက်ရပါမည်။

၆။ အကြံပြုချက်

အစားအစာကိုင်တွယ်သူများသည် ကျက်၍သန့်ရှင်းသော အစားအစာကို လုံလောက်စွာ စားသုံးရပါမည်။ နာမကျန်းမှုဖြစ်ပါက ဆရာဝန်နှင့် ချက်ချင်းတိုင်ပင်ကာ အကြံဉာဏ်ရယူပြီး ပျောက်ကင်းအောင် ကုသရပါမည်။ အစားအစာကိုင်တွယ်သူများသည် သန့်ရှင်း၍ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများဖြစ်စေရန် ဆောင်ရွက်သင့်ကြောင်း အကြံပြုအပ်ပါသည်။

အစားအစာများကို သေချာစွာပြင်ဆင်စားသောက်ခြင်း

စားသုံးသူများအနေဖြင့် အစားအစာများကို သေချာစွာပြင်ဆင်စားသောက်ခြင်း အလေ့အထရှိရန် လိုအပ်ပါသည်။ အစားအစာများကို သေချာစွာပြင်ဆင်စားသောက်ခြင်း မပြုလုပ်ပါက အစားအစာကြောင့်ဖြစ်သော ရောဂါများနှင့် ရေကြောင့်ဖြစ်သော ရောဂါများ ဖြစ်ပွားနိုင်ပါသည်။ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ ပိုလီယို အကြောသေရောဂါ၊ ကာလဝမ်းရောဂါ၊ အသည်းရောင်အသားဝါရောဂါ၊ အူရောင်နာဖျားရောဂါနှင့် သန်ကောင်စွဲရောဂါများသည် ရောဂါရှိသူနှင့် ရောဂါပိုးသယ်ဆောင်သူများ၏ တံတွေးနှင့် ခွန်အားကိုယ်မှထွက်သော အရည်များမှတစ်ဆင့် ကူးစက်ပြန့်ပွားနိုင်သောကြောင့် ဖြစ်ပါသည်။

၁။ ရောဂါများမကူးစက်စေရန် ကာကွယ်ခြင်း

ရောဂါများမကူးစက်စေရန် ပူပူနွေးနွေးအစားအစာများကို စားသုံးရပါမည်။ အစားစားလျှင် ဓွန်းကိုအသုံးပြုရပါမည်။ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်အောင် အမြဲဆေးကြောရပါမည်။

၂။ ပူပူနွေးနွေး အစားအစာများကို စားသုံးခြင်း

အစားအစာများကို လုံလောက်သောအပူချိန်ဖြင့် သေချာစွာ ချက်ပြုတ်ပြီး ပူပူနွေးနွေး ချက်ချင်းစားသုံးရပါမည်။ အသားများကို ချက်ပြုတ်ပြင်ဆင်ရာတွင် အနည်းဆုံးအပူချိန် (၇၀)ဒီဂရီစင်တီဂရိတ်နှင့် အပူပေးပြီး ချက်ပြုတ်ရပါမည်။ အသားများကို သေချာစွာ ကျက်အောင်ချက်ပြုတ်သင့်ပါသည်။ သေချာစွာမကျက်သော အသားများကို စားသုံးခြင်းအား ရှောင်ကြဉ်ရပါမည်။



ချက်ပြုတ်ပြီးသော အစားအစာများကို ဖုန်များ၊ ယင်ကောင်များနှင့် အခြားအင်းဆက်ပိုးကောင်များရန်မှကာကွယ်ရန် သေချာစွာ ဖုံးအုပ်ထားရပါမည်။ အချိန် ၄ နာရီကျော်ကြာအောင် ပြင်ပအပူချိန်တွင် ထားရှိသော အစားအစာများကို သေချာစွာ ပြန်လည်နွေးပြီးမှ စားသင့်ပါသည်။

၃။ အစားအစာများစားရာတွင် ဓွန်းဖြင့်အသုံးပြုခြင်း

ဓွန်းသည် အစားအစာများကို အများစားသုံးမည့်ပန်းကန်မှ မိမိစားမည့် ပန်းကန်ထဲသို့ထည့်ရာတွင် အသုံးပြုလေ့ရှိပါသည်။ ဓွန်းအပြင် ခရင်း၊ တူ အစရှိသည်တို့နှင့်လည်း အစားအစာများကို စားသုံးရာတွင် အသုံးပြုလေ့ရှိပါသည်။ ယင်း ဓွန်းခရင်းများကို ဟင်းခပ်ရာတွင် ဟင်းပွဲတစ်ခုချင်းစီအတွက် သီးသန့်ထားရှိရန် လိုအပ်ပါသည်။

ဓွန်းဖြင့်စားသုံးခြင်းဖြင့် တံတွေးမှတစ်ဆင့် ကူးစက်တတ်သော ရောဂါများဖြစ်သည့် အသည်းရောင်အသားဝါ၊ ပိုလီယိုအကြောသေရောဂါ အစရှိသည့် ရောဂါများကို ကာကွယ်နိုင်ပါသည်။ ၎င်းအပြင် ဓွန်းဖြင့်စားသုံးခြင်းဖြင့် အစားအစာများ သိုးလွယ်ခြင်းကိုလည်း

ရောဂါများမကူးစက်စေရန် ပူပူနွေးနွေးအစားအစာများကို စားသုံးရပါမည်။ အစားစားလျှင် ဓွန်းကိုအသုံးပြုရပါမည်။ လက်ကို ဆပ်ပြာဖြင့် စင်ကြယ်အောင် အမြဲဆေးကြောရပါမည်။

ကာကွယ်နိုင်ပါသည်။ ဖွန်းဖြင့်စားသုံးခြင်းသည် ကောင်းမွန်သော အလေ့အထအပြင် အဖွဲ့အစည်းနှင့်စားသုံးရာတွင် အထူးသင့်တော်သော အလေ့အထတစ်ခုလည်း ဖြစ်ပါသည်။

၄။ လက်ကို စင်ကြယ်အောင် အမြဲဆေးကြောခြင်း

လက်သည် နေ့စဉ်ဘဝလှုပ်ရှားမှုများတွင် အလွန်အသုံးဝင်သော အင်္ဂါတစ်ခုဖြစ်ပါသည်။ အရာဝတ္ထုများကို ထိတွေ့ကိုင်တွယ်ရာတွင် လက်ကိုအသုံးပြုလေ့ရှိပါသည်။ လူနာများနှင့် ရောဂါသယ်ဆောင်သူတို့၏ တံတွေးနှင့် ခန္ဓာကိုယ်မှထွက်သော အရည်များ ပေကျံနေသည့် လက်ကိုင်ပဝါ၊ တယ်လီဖုန်း၊ ဖန်ခွက် အစရှိသော အသုံးအဆောင်များကို လက်ဖြင့်ကိုင်တွယ်မိနိုင်ပါသည်။ လက်တွင် ရောဂါပိုးများ ကပ်ငြိနေနိုင်ပါသည်။ ထိုရောဂါပိုး ကပ်ငြိနေသော လက်မှတစ်ဆင့် ရောဂါပိုးများသည် နှာခေါင်း၊ မျက်လုံး၊ ပါးစပ်များသို့ ဝင်ရောက်နိုင်ပါသည်။ အစားအစာများထဲသို့လည်း ဝင်ရောက်ပျံ့နှံ့ပြီး ခန္ဓာကိုယ်ထဲသို့ ရောဂါပိုးများဝင်ရောက်နိုင်ပါသည်။

ထို့ကြောင့် လက်ကို အမြဲသန့်ရှင်းစင်ကြယ်စွာ ထားသင့်ပါသည်။ ရောဂါပိုးများ ကပ်ငြိမနေစေရန် လက်ကိုဆပ်ပြာဖြင့် သေချာစွာ ဆေးကြောသင့်ပါသည်။ အစားမစားမီအချိန်၊ အစားအစာများ မပြင်ဆင်၊ မချက်ပြုတ်မီနှင့် ပြင်ဆင်ချက်ပြုတ်ပြီးချိန်၊ အိမ်သာမှထွက်လာသောအချိန်၊ ညစ်ပေနေသော အရာဝတ္ထုများ၊ အမှိုက်ပုံးနှင့် တိရစ္ဆာန်များကိုကိုင်တွယ်ပြီးချိန်နှင့် ချောင်းဆိုး၊ နှာချေပြီး



ချိန်နှင့် နှာညှစ်ပြီးချိန်များတွင် လက်ကိုဆပ်ပြာဖြင့် စနစ်တကျ ဆေးကြောသင့်ပါသည်။

၅။ လက်ဆေးကြောရန် အဆင့်(၇)ဆင့်

လက်ကို ထိရောက်စွာဆေးကြောရန် အဆင့်(၇)ဆင့်ကို လိုက်နာ ဆောင်ရွက်သင့်ပါသည်။ လက်ဖဝါးအချင်းချင်း ပွတ်တိုက်ဆေးကြောခြင်း၊ ညာဘက်လက်ဝါးကို ဘယ်ဘက်လက်ဖမိုးပေါ်သို့တင်၍ ပွတ်တိုက်ဆေးကြောခြင်း (ဘယ်ညာတစ်လှည့်စီ အပြန်အလှန်ပြုလုပ်ခြင်း) လက်ဖဝါးအချင်းချင်းကပ်၍ လက်ချောင်းကြားများကို ပွတ်တိုက်ပေးခြင်း၊ လက်ဖမိုးဘက်ရှိ လက်ချောင်းများကြားကို အခြားလက်ဖဝါးဖြင့် ပွတ်တိုက်ပေးခြင်း (ဘယ်ညာအပြန်အလှန်ပြုလုပ်ခြင်း)၊ ညာဘက်လက်မနှင့် လက်ညှိုးကြားကို ဘယ်ဘက်လက်ဖဝါးဖြင့် လှည့်၍ပွတ်တိုက်ပေးခြင်း (ဘယ်ညာအပြန်အလှန်ပြုလုပ်ပေးခြင်း)နှင့် လက်ဖဝါးဘက်ရှိ လက်ချောင်းများအားလုံးကို လှည့်၍ပွတ်တိုက်ပေးခြင်း (ဘယ်ညာအပြန်အလှန်ပြုလုပ်ခြင်း)နှင့် ညာဘက်လက်ကောက်ဝတ် ပွတ်တိုက်ခြင်း (ဘယ်ညာအပြန်အလှန်ပြုလုပ်ခြင်း)တို့ကို ဆောင်ရွက်ရပါမည်။ လက်ကို ရေဖြင့်စင်ကြယ်စွာ ဆေးကြောပြီး တစ်ခါသုံးလက်ကိုင်ပဝါဖြင့် ခြောက်သွေ့အောင် သုတ်ပေးရပါမည်။

အကြံပြုချက်

လူ့ဘဝ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများကို ဓာတုဆိုးဆေးကင်းသော အစားအစာများနှင့် အာဟာရဓာတ်ပြည့်ဝသော အစားအစာများကို စားသောက်ပေးရပါမည်။ ၎င်းအပြင် အစားအစာများကို သေချာစွာ ပြင်ဆင်စားသောက်ရန်လည်း လိုအပ်ပါသည်။ ထို့အပြင် ရောဂါ မကူးစက်စေရန် ကာကွယ်ခြင်းများကိုလည်း သိထားသင့်ကြောင်း အကြံပြုအပ်ပါသည်။

ဒေါက်တာမြင့်သန်းထွန်း(ပြည်သူ့ကျန်းမာရေး)



နေက အတော်မြင့်နေပြီ။

ချိန်းထားသည့်လူက ရောက်မလာသေး။ ရွှေတောင်ကြီး လက်ဖက်ရည်ဆိုင်တွင် ထိုင်နေသည်မှာ ၂ နာရီပြည့်တော့မည်။ ဆိုင်ရှင်ကို အားနာမိနေပြန်သည်။

ဒီနေရာသို့ ရောက်ခဲ့သည်မှာ ယခုမှမဟုတ်။ အခေါက်ခေါက် အခါခါရှိခဲ့ပါသည်။ အားလုံးလိုလို မျက်မှန်းတမ်းမိနေပြန်သည်။



ရုပ်ရှင်ထုတ်လုပ်ရေး စီစဉ်သူများ၊ စာရေးဆရာ၊ ဇာတ်ညွှန်းရေးဆရာများ၊ သရုပ်ဆောင်များနှင့် ရင်းနှီးခဲ့တာ ကြာမြင့်ခဲ့ပြီ။ သို့သော် မေးထူးခေါ်ပြောအဆင့်ထက် မပို။ ကိုယ်က ခင်မင်ချင်ပြန်သော်လည်း သူတို့အတွက် အခက်အခဲရှိတတ်ပြန်သည်။ အဓိကထုတ်လုပ်သူများပင် ဖြစ်သည်။

သူတို့ကိုလည်းအပြစ်မဆိုသာ။ ဇာတ်ညွှန်းရေးဆရာဆိုတာ ပိတ်ကားနောက်ကွယ်ကလူကိုး။ ဒီအသိုင်းအဝိုင်းက ကျယ်ပြန့်သည်။ အလျော်အစားများသည်။ အောင်မြင်မှုက ခပ်မြန်မြန်ရတတ်သလို ကျဆုံးမှုကလည်း မနှေး။ အောင်မြင်မှုကို လူတိုင်းမက်မော ခင်တွယ်တတ်ကြသလို၊ ကျဆုံးချိန်တွင် လက်ညှိုးထိုးရန်အသင့်။ ဒီနေရာ ဒီလောကသည် ပို၍ပို၍ သတိထားရသည့်နေရာ။

''ညော်...ငါ ဘာတွေတွေးနေတာလဲ၊ သူတို့ဘာသာ အောင်မြင်ချင် အောင်မြင်၊ မအောင်မြင်ချင် မအောင်မြင် ငါနဲ့ဘာမှမဆိုင်၊ ငါ့အလုပ် ငါလုပ်ရမှာပါလား၊ ငါ့မိသားစု စားဝတ်နေရေးက အရေးကြီးသည်၊ အရေးကြီးဆုံးက ငါ့ မိသားစု..''

❑ ❑ ❑ ❑ ❑

''ဖေဖေ...သား ကျူရှင်ခပေးရတော့မယ်နော်၊ သူများတွေ အကုန်ပေးပြီးပြီ၊ သားပဲ ကျန်တော့တယ်''

''မီးမီးကိုလည်း ကျောပိုးအိတ် ဝယ်ပေးအုံးလေ ဖေဖေ''

ဆေးပေါ့လိပ်တိုကို တွင်တွင်ဖွာရင်း မနက်ဖြန် ဇာတ်လမ်းတိုလေးတစ်ပုဒ်ပေးရန် တာစူနေမိသည်။ လက်စသတ်ရန် စီစဉ်နေချိန်တွင် သားတော်မောင်က သူလိုအပ်ချက်ကို တမဟုတ်ခြင်းတင်ပြလာသည်။ သမီးငယ်ကလည်း အစ်ကိုနှင့်အတူ ကျောပိုးအိတ်ဝယ်ပေးရန် သတိပေးလာသည်။

''အေးလေ...သမီးလေး ကျောပိုးအိတ်က ၂နှစ်တောင်ရှိနေပြီပဲ၊ ဟောင်းနေရောပေါ့''

သားဖြစ်သူကို ''ဆရာကိုပြောထားတစ်ရက် နှစ်ရက်နေလျှင် ဖေဖေလာပေးမည်ဖြစ်ကြောင်း'' ပြောလိုက်ရသည်။ အမှန်တော့ မျက်နှာပူ၍ဖြစ်သည်။ သားဖြစ်သူက နှုတ်ခမ်းစူလျက်။



''ဆန်ဈေးကလည်း တစ်အိတ်ကို ငါးထောင် တက်သွားတယ်၊ ကန်စွန်းရွက်က တစ်စည်း လေးရာတဲ့၊ သားငါးဈေးကတော့ တာဝတီသာရောက်နေပြီ၊ ကျွန်မယောကျ်ားဇာတ်ဆရာရေ မနက်ဆို ဆန်မရှိတော့ဘူးနော်''

''ဟာ...ဒီမိန်းမ စဉ်းစားထားတာတွေတောင် ဘယ်ရောက်ကုန်မှန်းမသိဘူး၊ အင်း...''

ဇနီးဖြစ်သူက အပ်ထည်များကိုချုပ်နေရင်း စက်ခုံပေါ်မှ ရောင်ပြန်သတိပေးလာသည်။

ကျွန်တော် ရေနွေးကြမ်းတစ်ခွက်ကို ကောက်သောက်လိုက်ပြီး ဆေးပေါ့လိပ်တိုလေးကို မီးညှိလိုက်ပြန်ပါသည်။ အတွေးတွေက ဟိုရောက်သည်ရောက်။

❑ ❑ ❑ ❑ ❑

ဇာတ်ညွှန်းဆရာဘဝသို့ ရောက်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုကျော်ခဲ့ပြီ ဖြစ်သည်။ နဂိုဗီဇ စာပေပိုးပါသောကြောင့် ကဗျာ၊ ဝတ္ထု စရေးသည်။ မဂ္ဂဇင်းတစ်စောင်တွင် တွင်တွင်ကျယ်ကျယ် ရေးဖြစ်သည်။ သည့်နောက် ဂျာနယ်တွေပေါ်လာသည်။ ကဗျာ၊ ဝတ္ထုလောက်နှင့် အဆင်မပြေတော့။ တစ်ပတ်တစ်ကြိမ်ထုတ် ဂျာနယ်များတွင် ဆောင်းပါးရေးရန် သူငယ်ချင်း ရေးဖော်ရေးဖက်များက အကြိုပြုလာသည်။ ရေးရတာပေါ့ ဆောင်းပါး။

ယခုအခါ ပဂ္ဂလိကသတင်းစာများထွက်ပေါ်လာချိန်တွင် ဆောင်းပါးသတင်းက အလုပ်ဖြစ်နေပြန်သည်။ ကြာတော့ ဆောင်းပါးက ကုန်ကြမ်းရှားလာသည်။ မတိကျဘဲ ရေး၍မရ။ ဆောင်းပါးသည် စာရေးဆရာတို့အတွက် ဘောင်ကျဉ်းသည်။ နောက်တော့ စာစုံရေးတတ်လာသည်။ ဖြတ်သန်းခဲ့သည့် အတွေ့အကြုံက စကားပြောတာလည်း ဖြစ်နိုင်ပါ၏။

နဂိုဗီဇက ကဗျာအားသန်သည်။ သို့သော် ကဗျာချည်းပဲမဖြစ်။ ကဗျာဆရာများက ယနေ့စာပေလောကတွင် အများဆုံးဟု ဆိုရပေမည်။ ကဗျာဆရာကြီးများအတွက် ကဗျာစာမူတစ်ပုဒ် ပေးပို့ဖော်ပြခံရတာ လွယ်ကူနိုင်ပါသော်လည်း တက်သစ်ကဗျာဆရာများအတွက်တော့ ရုန်းကန်နေရသည်။

ဤသို့ဖြင့် မော်ဒန်ကြိုက်သည့်မဂ္ဂဇင်း၊ ဂျာနယ်သို့ မော်ဒန်၊ ဂန္ဓဝင်ကြိုက် သီးသန့် မဂ္ဂဇင်းဂျာနယ်သို့ ဂန္ဓဝင် စသည်တို့ကို ရေးရပြန်သည်။ အခါအားလျော်စွာ ဝတ္ထု၊ ဆောင်းပါး ရေးဖြစ်ပြန်သည်။

ဒီလိုနှင့် ဗီဒီယိုတစ်ခေတ်က စျေးကွက်အလိုကျ ဖွံ့ဖြိုးလာပြန်သည်။ ဇာတ်ညွှန်းအသိုင်းအဝိုင်းနှင့် လက်တွဲမိ၍ ဇာတ်ညွှန်းရေးဖြစ်လာခဲ့သည်။ ကိုယ့်ကလောင်အမည်နှင့်ရေးသလို၊ ရှဲဒိုးလည်းရေးသည်။

ဒါက ထုတ်လုပ်သူအလိုကျ ဝတ္ထု၊

ဆန်ဈေးကလည်း တစ်အိတ်ကို ငါးထောင် တက်သွားတယ်၊ ကန်စွန်းရွက်က တစ်စည်း လေးရာတဲ့၊ သားငါးဈေးကတော့ တာဝတီသာရောက်နေပြီ၊ ကျွန်မယောကျ်ား ဇာတ်ဆရာရေ မနက်ဆို ဆန်မရှိတော့ဘူးနော်...

ဇာတ်ညွှန်းဆရာအမည်ကို မသုံးလိုကြောင်း စသည်တို့ကြောင့်ဖြစ်သည်။ မည်သည့် အကြောင်းပြပြ ကိုယ့်အတွက် ဇာတ်ညွှန်း ရေးခ အပြည့်အဝရလျှင် ရဲဒိုးရေးပေးလိုက်သည်။ အခြားစာရေးဆရာများ၏ ဝတ္ထုများ ဇာတ်ညွှန်းဘဝရောက်အောင် လာအပ်လျှင်လည်း လုပ်ပေးလိုက်သည်။ အခက်အခဲမရှိ။ ဒီလိုဖြင့် ဒီလောကထဲတွင် ကျင်လည်ခဲ့သည်မှာ နှစ်တွေလည်းမနည်းတော့။

အခုတော့ ဗီဒီယိုလောက ပျောက်ကွယ်လုလုဖြစ်လာသည်။ စာပေလောက တွင်လည်း မဂ္ဂဇင်းတွေက တဖြည်းဖြည်း နည်းလာသည်။ ဂျာနယ်များလည်း မနည်း ကျားကန်ထားနေရပြန်သည်။ သတင်းစာ လေးတော့ ကျန်သင့်သလောက်ကျန်သည်။ ဒီလိုမှမကျန်လျှင် ကျွန်တော်တို့လည်း ထမင်းငတ်နိုင်သည်။ စာမူရှိပြန်လျက် ကိုယ်တိုင် စာအုပ်လည်းမထုတ်နိုင်။ ထုတ်ဝေသူ ကလည်း လက်တွန့်သည်။

ရုပ်သံသတင်းဌာနတွေ ပေါများလာတော့ စာရေးဆရာများလည်း ဟိုရုပ်သံသတင်းသို့၊ ဒီရုပ်သံအယ်ဒီတာတို့ အသက အသက ရောက်ကုန်သည်။ စာရေးဆရာက သတင်းထောက်လုပ်နေရသူလည်းတွေ့ရသည်။ ညည်းသည့်ဆရာတွေလည်း ရှိသလို၊ အဆင်ပြေနေသည့် စာရေးဆရာတွေလည်း တွေ့ရပြန်သည်။ သို့သော် အနည်းစုသာဖြစ်သည်။

အခုတော့ ရုပ်ရှင်က ပြန်လည်ဆန်းသစ်စ ပြုလာပြန်သည်။ ထိုအချိန်တွင် ထုတ်လုပ်သူများက အိုက်တင်ခံကုန်ကြပြန်သည်။ ဗီဒီယိုလောက တစ်ချိန်ခေတ် ကောင်းတုန်းက ငါးရက်တစ်ကား၊ အလွန် အကျဲ တစ်ပတ်တစ်ကားရိုက်သည်။ ဇာတ်ညွှန်းရေးဆရာများ လက်မလည်အောင် ရေးရသည်။ ရိုက်ကွင်းရှုတင်ထဲတောင် သိပ်မလိုက်ဖြစ်။ ဇာတ်ညွှန်း နောက်တစ်ပုဒ်အတွက် အသည်းအသန်လုံးပန်းပေးနေရသည်။

ယခု ထုတ်လုပ်သူများ အိုက်တင်ခံလျှင်လည်း အပြစ်မပြောသာ။ ရုပ်ရှင်ဇာတ်ကားကြီးက ကုန်ကျစရိတ်များသည်။ ဗီဒီယို နှင့်မတူ။ တစ်ကားကို တစ်လကျော်ရိုက်ရသည်။ နယ်ထွက်ရိုက်ရလျှင် ရှုတင်ကြေးတွေ ပိုကုန်သည်။ သရုပ်ဆောင်၊ ဇာတ်



ညွှန်း၊ စက်အဖွဲ့ စသည်တို့ကို အိမ်ထောင်ပြောင်းသလို ခေါ်သွားရသည်။ ပြီးတော့ စားစရိတ်၊ နေထိုင်မှု၊ ရိုက်ပြီးပြန်လျှင် တည်းဖြတ်ကြရပြန်သည်။ နောက် ရုံတင်ရန် စောင့်ရပြန်သည်။ ဆင်ဆာနှင့်ငြိသော ဇာတ်ဝင်ခန်းများ ပြန်ရိုက်ရလျှင် ထုတ်လုပ်သူ ငိုချင်စိတ်ပေါက်သည်။

ဒီလို ရင်းနှီးမြှုပ်နှံမှုများသော ရုပ်ရှင် ဇာတ်ကားကြီးတွင် ထုတ်လုပ်သူ ဒါရိုက်တာများ ဝန်ပိမည့် အခန်းကဏ္ဍများကို လျှော့ချလာသည်။ ထိုထဲတွင် ကျွန်တော်တို့ ဇာတ်ညွှန်းဆရာများ ထိပ်ဆုံးကပါလာခြင်း ဖြစ်နိုင်သည်။

ထုတ်လုပ်သူများက ဇာတ်ညွှန်းဆရာများကို နာမည်ကြီးဆရာများဖြင့် ရေးချင်လာသည်။ ဝတ္ထုလည်း ထိုနည်းအတိုင်းပင် ဖြစ်သည်။ ဗီဒီယိုလောက ခေတ်ကောင်းစဉ်က လက်တွဲလာသည့် ဇာတ်ညွှန်းဆရာများကို မေ့ထားချင်လာသည်။ လက်စလက် နရှိသည့် ဆရာများလောက်သာ လက်တွဲချင်လာသည်။ ကိုယ်တိုင်ရေး(ဝတ္ထု ဇာတ်ညွှန်း)ကို အားကိုးတကြီးသွားပြလျှင် ဖတ်ကြည့်ဦးမည်၊ ထားခဲ့ပါဆိုလာသည်။ အလွန့် အလွန်ကောင်းသည့် ဇာတ်ကိုတော့ အပြီးဝယ်ချင်သည်။ သို့သော် ရဲဒိုးဟု ပွင့်လင်းမြင်သာစွာ ဆိုလာသည်။

ကျွန်တော့်အတွက် ပြဿနာမရှိ၊ မည်သူပဲ အမည်ခံခံ အပြီးရောင်း၍ သံယောဇဉ်ဖြတ်လိုက်သည်။ တချို့ ဇာတ်ညွှန်းဆရာများက အမည်ဖော်ပြပေးရေးကို လိုလားသည်။ သို့မဟုတ်က အနုပညာကို မြတ်နိုးလွန်း၍ လျှာမှာမြက်ပေါက်ခံသည်။ ကျွန်တော် အတွေးဘယ်လောက်လွန်သွားသည်မသိ။ ထုတ်လုပ်သူ ကျေးဇူးရှင် ဖုန်းသံမြည်လာသည်။ ရေနွေးကြမ်းတစ်ခွက်ကို ခပ်သွက်သွက် မော့ချလိုက်သည်။

ရင်ထဲမှာ ပူခနဲဖြစ်သွားပါသည်။

❑ ❑ ❑ ❑ ❑

သားအတွက် ကျူရှင်ခ။ သမီးလေး အတွက် ကျောပိုးအိတ်လှလှလေး။ သားနှင့်သမီး ကြိုက်တတ်သည့် မြေအိုးမြီးရှည် ပြန်လျှင်ဝယ်မည်။ ဇနီးသည်ကိုရော–ဆန်တစ်အိတ်၊ နေ့စဉ်ဈေးဝိုး၊ ကြွေးမြီလေးတွေ ဆပ်ကွာ၊ မင်းလိုချင်တဲ့ အပ်ချုပ်စက်တစ်လုံး ဝယ်တော့လို့ပြောရန် အသင့်စကားတွေကို စီထားလိုက်သည်။

''ဟော···ဆရာထိုင်''

ထုတ်လုပ်သူမှာ ပြီးရွှင်ပျူငှာစွာ ကြိုနေပါသည်။

ထိုင်ခုံလွတ်တွင် ကျွန်တော်ဝင်ထိုင်

ဗီဒီယိုလောက ပျောက်ကွယ်လုလုဖြစ်လာသည်။ စာပေလောကတွင်လည်း မဂ္ဂဇင်းတွေက တဖြည်းဖြည်းနည်းလာသည်။ ဂျာနယ်များလည်းမနည်း ကျားကန်ထားနေရပြန်သည်။ သတင်းစာလေးတော့ ကျန်သင့်သလောက် ကျန်သည်။ ဒီလိုမှမကျန်လျှင် ကျွန်တော်တို့လည်း ထမင်းငတ်နိုင်သည်။

လိုက်သည်။

''ဆရာရယ် . . . ဆင်ဆာကခေါ်လို့ အခန်းတွေ ပြန်ပြင်ပေးပါတဲ့ဗျာ၊ စိတ်ကို ညစ်ရော ဆရာရယ်၊ အခုလိုစောင့်ပေးတာ ကျေးဇူးပါဗျာ''

''ရပါတယ် ဆရာ . . .''

''ဒီမှာ ဆရာ့အတွက် ဇာတ်ညွှန်း ဉာဏ်ပူဖော်ခပါ၊ ဒီစာချုပ်မှာလက်မှတ်လေး ထိုးပေး''

ထုတ်လုပ်သူပေးသည့်ငွေကို ကျွန်တော် မကိုင်ကြည့်သေးခင် စာချုပ်ကို ဖတ်ကြည့်လိုက်သည်။

''ဆရာ . . . ကျွန်တော်တို့ သဘောတူထားတုန်းက ဇာတ်ညွှန်းက သုံးသိန်းလေ ဆရာ၊ ဇာတ်ကားထွက်လာလို့ အောင်မြင်လျှင် နောက်ထပ်နှစ်သိန်း ထပ်ချီးမြှင့်မယ်လို့''

''ဟုတ်တော့ဟုတ်ပါတယ် ဆရာရယ်၊ ကျွန်တော့်မှာလည်း ဇာတ်ကားမထွက်မချင်း စောင့်နေရတာရယ်၊ တည်းဖြတ်တာနှိုင်းခြားထိ သွားလုပ်တာတွေကောဆိုတော်တော်ထိသွားတယ်ဗျာ၊ ဒါကြောင့်ပါ''

ကျွန်တော် ခံပြင်းစိတ်ဝင်လာသည်။ ပညာကို ငွေနှင့်လဲတာဖြစ်သော်လည်း မာန



တော့ရှိသည်။ အနုပညာသမားတစ်ယောက်၏ဂုဏ်ကို ထိပါးလာသည်ဟု မြင်မိသည်။ လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း ပြန်လှည့်ထွက်ရန် ပြင်လိုက်သည်။

သို့သော် အိမ်ပြန်လာမည့် အဖေကို အားကိုးတကြီး စောင့်မျှော်နေကြသည့် သားနှင့်သမီးမျက်နှာလေးက ထင်းခနဲမြင်ယောင်လာသည်။ အပ်ချုပ်စက်လေးတစ်လုံး ဝယ်ပေးမည်ဟု ကတိပေးထားသည့် ကျွန်တော် ဇနီးသည်ပျော်နေသည့်ပုံလေး။ အိမ်က ဆန်အိုးလေး။ ပြီးတော့ ပြင်မည်ဟု ရည်မှန်းထားသည့် ပြိုလုလုကျွန်တော့်အိမ်။ အားလုံး အားလုံးကို ကျွန်တော်ရင်ဆိုင်ရန် မဝံ့တဝံ့။ ပင့်သက်ကို အလီလီအခါခါချ၍ ကျွန်တော် ပြန်ထိုင်လိုက်သည်။ စာချုပ်တွင် လက်မှတ်ထိုး၍ စားပွဲပေါ်မှ ငွေတစ်သိန်း ငါးသောင်းကိုယူပြီး မြန်မြန်ထွက်လာခဲ့ပါတော့သည်။

မဟာဗန္ဓုလလမ်းမကြီးပေါ်ရှိ တန်းစီနေသော ရုပ်ရှင်ရုံများတွင်တော့ ကြည့်ရှုသူများကအပြည့်။ ကျွန်တော် ခြေစုံရပ်ပြီး ဇာတ်ကားကြီးအမည်ကို ဖတ်မိလိုက်ပါသည်။

ဒီဇာတ်ကားကို ကျွန်တော်ဝင်ကြည့်စရာကို မလိုတော့။

ဇာတ်ကားတစ်ကားလုံး၏ နိဒါနလေ့မျာကို ကျွန်တော်အလွတ်ရနေပြီး သားများ ဖြစ်နေသောကြောင့်ဖြစ်သည်။

သန်းဝင်းထွန်း(ဆွာ)

ဘရာစီယာမှာ အသက်ရှိတယ်



ကျွန်မ စာသင်နေတုန်းတစ်ရက်မှာ သိပ်ပံကျောင်းသားတစ်ဦးက ကြွက်ငယ်လေးတစ်ကောင် (Hamster) ယူလာလို့ ကျွန်မက ပြဿနာတစ်စုံတစ်ရာမရှိအောင်ဆိုပြီး ခဏထိန်းတဲ့သဘောနဲ့ ကျွန်မရဲ့ ဘလောက်စ်အင်္ကျီအိတ်ထဲ ထည့်ထားလိုက်တယ်။ အဲဒီ အကောင်ငယ်လေးကလည်း ကျွန်မ အင်္ကျီအိတ်ကပ်ထဲမှာ တစ်ခါတည်း အိပ်ပျော်သွားတယ်

ဒီလိုနဲ့ ကျွန်မလည်း တစ်ခန်းပြီးတစ်ခန်း ပြောင်းပြီး စာသင်နေလိုက်တာ တတိယအခန်းမှာတော့ ပြဿနာပေါ်တော့တာပဲ။ အကောင်ငယ်လေးက နိုးလာပြီး အသံပေးတယ်။

အဲဒီမှာ ကျောင်းသားတစ်ယောက်က သူ့အနီးက ကျောင်းသားတစ်ယောက်ကို လက်တို့ပြီး–

''ကြည့်ရတာ တို့ဆရာမရဲ့ ဘရာစီယာက အသက်ရှိနေတယ်ကွ''လို့ တီးတိုးပြောသံကို ကြားလိုက်ရပါတယ်။

မောင်သီဟ

CELEBRITY and SHOWBIZ

■ အောင်စိုးသူ(LPN)



ထိပ်ဆုံးကို ရောက်လာပြီ

ကမ္ဘာကျော်အနုပညာရှင်တွေရဲ့ ဖွန်လအစောပိုင်း ထိပ်တန်း သတင်းတွေထဲမှာ အမေရိကန်အဆိုကျော်မလေး ဆလီနာဂိုမက်ဇ်ရဲ့သတင်းလည်း ပါဝင်နေပါတယ်။ သူမဟာ Instagram မှာ follower ၁၅၁ ဒသမ ၈ သန်း ရောက် သွားခဲ့လို့ပါပဲ။ ဒီအရေအတွက်ဟာ ကမ္ဘာပေါ်မှာ ဩဇာလွှမ်း မိုးမှုရှိတဲ့ လူပုဂ္ဂိုလ်တွေထဲမှာ အများဆုံးအဖြစ် ရပ်တည်နိုင် ခြင်းလည်းဖြစ်ပါတယ်။ သူမဟာ အမေရိကန်မော်ဒယ်နဲ့ စီးပွားရေးလုပ်ငန်းရှင် ကိုင်လီဂျင်နာနဲ့ ဂျူဗင်တပ်တိုက်စစ်မှုး ရော်နယ်ဒိုတို့ကို ကျော်ဖြတ်ပြီး follower အများဆုံးဖြစ်လာ ခဲ့တာပါ။ ဒါ့အပြင် ဆလီနာဂိုမက်ဇ်အတွက် ထူးခြားမှုတစ်ခု ဟာ သူမရဲ့ post တိုင်းမှာ ပျမ်းမျှ like အရေအတွက် ၃ ဒသမ ၆ သန်းကျော် ရှိနေတာပါပဲ။ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ သူမရဲ့ follower တွေထဲမှာ ၁၄ ရာခိုင်နှုန်းကို အိန္ဒယနိုင်ငံ တစ်ခုတည်းက ပိုင်ဆိုင်ထားပြီး အားလုံးရဲ့ ၅၈ ရာခိုင်နှုန်းက လည်း အမျိုးသမီးတွေပဲ ဖြစ်ပါတယ်။ ဒုတိယနေရာမှာတော့ ရုပ်သံဇာတ်လမ်းတွဲတွေနဲ့အတူ ကမ္ဘာကြီးကို လွှမ်းမိုးထားတဲ့ အမေရိကန်မော်ဒယ်မလေး ကိုင်လီဂျင်နာက follower ၁၃၅ သန်း ရှိနေပါတယ်။ ပေါ်တူဂီလက်ရွေးစင်နဲ့ ဂျူဗင်တပ်တိုက် စစ်မှုး ရော်နယ်ဒိုကတော့ တတိယ နေရာမှာရှိနေပြီး သူရဲ့follower အရေအတွက်ကတော့ သန်း ၁၃၀ ဖြစ်ပါတယ်။







စပွန်ဆာတွေ နောက်ဆုတ်သွားတယ်

ပြီးခဲ့တဲ့ မေလက ဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက်တစ်ခုကို ဖွန်လမှာ တရားစွဲဆိုခဲ့တယ်။ ဒါပေမဲ့ သက်သေတွေ မစုံခဲ့သလို အငြင်းပွားစရာတွေ ရှိနေတယ်။ အဲဒါက ဘယ်သူများဖြစ်မလဲ။ ဘရာဇီးလက်ရွေးစင်နဲ့ ပီအက်စ်ဂျီတိုက်စစ်မှူး နေမာရဲ့အမှုပေါ့။ ဘရာဇီးမော်ဒယ်မလေး နာဂျီလာက နေမာဟာ သူမကို မုဒိမ်းမှုကျူးလွန်တယ်ဆိုပြီး တရားစွဲလိုက်တာပါ။ ဒီအဖြစ်အပျက်က ပြီးခဲ့တဲ့ မေလတုန်းက ပဲရစ်မြို့ရဲ့ ဟိုတယ်တစ်ခုထဲမှာ ဖြစ်ပျက်ခဲ့တာပါ။ ဒီအတွက် ဗီဒီယိုရုပ်သံဖိုင်တစ်ခုလည်း အွန်လိုင်းမှာ ပျံ့နှံ့ခဲ့ပါတယ်။ အဲဒီ ရုပ်သံဖိုင်အရတော့ နေမာကို မော်ဒယ်မလေး နာဂျီလာက တိုက်ခိုက်နေတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ဒီအမှုက တိမ်မယောင်နဲ့ နက်ခဲ့တယ်။ နေမာက သူမဟုတ်ဘူးလို့ ငြင်းဆိုထားသလို သူ့ရဲ့ လက်ထောက်တွေနဲ့ အကူလူတွေကိုလည်း ပြစ်တင်ပြောဆိုထားတယ်။ တစ်ဖက်မှာ နာဂျီလာကလည်း ဒီဗီဒီယိုဖိုင်ဟာ ခိုးရိုက်ထားတာဖြစ်ပြီး သူမရဲ့ ကြိုတင်ကြံစည်မှုမဟုတ်ကြောင်းလည်း ရှင်းလင်းထားတယ်။ ၂၀၁၉ မေလထဲမှာဖြစ်ခဲ့တဲ့ အမှုဟာ ဖွန်လအလယ်ပိုင်းလောက်အထိ အဖြူအမည်း မသည်းကွဲသေးပါဘူး။ ဒါပေမဲ့ အဖြူအမည်း သဲကွဲတာ တစ်ခုတော့ရှိတယ်။ အဲဒါကတော့ နေမာကို အဓိကကူညီပံ့ပိုးပေးထားတဲ့ စပွန်ဆာကုမ္ပဏီတွေ နောက်ဆုတ်သွားခဲ့ခြင်းပါပဲ။ ကမ္ဘာကျော် အားကစားပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီဖြစ်တဲ့ Nike ဆိုရင် နေမာရဲ့ ဒီဖြစ်ရပ်နဲ့ပတ်သက်ပြီး အရမ်းကိုစိုးရိမ်ရတယ်လို့ ထုတ်ပြန်ထားပါတယ်။ နောက်ပြီး ရှေ့ဆက်ဖို့စီမံကိန်းတွေကိုလည်း ချင့်ချိန်စွာနဲ့ လုပ်ဆောင်သွားဖို့ရှိနေတယ်လို့ သတင်းတွေအရ သိရပါတယ်။



မအားတဲ့ကြားကလာတာပါ

အင်္ဂလန် ပရီးမီးယားလိဂ်ကလပ် အာဆင်နယ်တိုက်စစ်မှူး အိုဇေးလ်ဟာ ဂျာမနီနိုင်ငံသားတစ်ဦးဖြစ်သလို ဂျာမနီလက်ရွေးစင်ကစားသမားဟောင်းတစ်ဦးလည်း ဖြစ်တယ်ဆိုတာ အားလုံးသိကြပြီးသားပါ။ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ် ကမ္ဘာဖလားပြိုင်ပွဲမှာ ခြေစွမ်းမပြနိုင်လို့ ပြင်းပြင်းထန်ထန် ဝေဖန်ခံရတဲ့အထဲမှာ အိုဇေးလ်က ထိပ်ဆုံးကပါတယ်။ နောက်ပြီး အစွလာမ်ဘာသာကို သက်ဝင်ယုံကြည်သူဖြစ်တဲ့ အိုဇေးလ်ကို ဂျာမနီပရိသတ်တွေ လူမျိုးရေးပါ ခွဲခြားပစ်လိုက်တယ်။ ဒါကြောင့် အိုဇေးလ် ဒေါသထွက်ပြီး လက်ရွေးစင်ကစားသမားဘဝကနေ အပြီးတိုင်အနားယူပစ်လိုက်တယ်။ ဒါကြောင့် သူဟာ ဂျာမနီနိုင်ငံအတွက် စိတ်ပျက်စရာ ရုပ်သေးရုပ်ဖြစ်ခဲ့ပေမယ့် တူရကီနိုင်ငံအတွက်တော့ ဂုဏ်ထူးဆောင်သူတစ်ဦးလိုမျိုး ဖြစ်နေတယ်။ သူ့ရဲ့မင်္ဂလာပွဲကို ဂျာမနီမှာမကျင်းပဘဲ တူရကီနိုင်ငံမှာ အိုဇေးလ် ကျင်းပခဲ့တယ်။ တူရကီသမ္မတ အာဒိုဂန်ကိုယ်တိုင်တက်ရောက်ပြီး ဂုဏ်ပြုခဲ့တယ်။ အိုဇေးလ်နဲ့ တူရကီသမ္မတ အာဒိုဂန်တို့ဟာ ဟိုအရင်နှစ်တွေကတည်းက မကြာခဏဆုံတွေ့ခဲ့ဖူးကြပြီး အာဒိုဂန်ဟာလည်း သူ့ရဲ့ အကောင်းဆုံးစံပြပုဂ္ဂိုလ်ဖြစ်တယ်လို့ အိုဇေးလ်က ဖွင့်ဟထားပြီးသားပါ။ အိုဇေးလ်ရဲ့ မင်္ဂလာပွဲကို ရွေးကောက်ပွဲကိစ္စနဲ့ အလုပ်တွေရှုပ်နေတဲ့ကြားက သမ္မတအာဒိုဂန် တက်ရောက်ခဲ့တာလည်းဖြစ်တယ်လို့ သိရပါတယ်။











ပထမဆုံးမှမဟုတ်တာ

Country သီချင်းတွေနဲ့ ပေါ့ပ်သီချင်းမြူးမြူးလေးတွေကို သီဆိုတတ်တဲ့ တေလာဆွစ်ဖ်တစ်ယောက်ဟာ ဖွန်လဆန်းပိုင်းမှာ စိတ်ရှုပ်စရာ အကြောင်းအရာတစ်ခုနဲ့ ကြုံခဲ့ရပါတယ်။ အကြောင်းကတော့ apostrophe(') ဆိုတဲ့ သင်္ကေတလေးကို အထားမှားပြီး ပုံနှိပ်ခဲ့လို့ပါ။ အနောက်တိုင်းမှာ သီချင်းတစ်ပုဒ်အောင်မြင်သွားပြီဆိုရင် အဲဒီသီချင်းထဲက အထင်ကရ စာသားတချို့ကို အင်္ကျီတွေပေါ်မှာရိုက်နှိပ်ပြီး ဖြန့်ချိတာကလည်း အစဉ်အလာတစ်ခုလိုဖြစ်နေပါပြီ။ ဒါကြောင့် တေလာဆွဖ်ရဲ့ ME သီချင်းထဲမှာပါတဲ့ (You are the only one of you. Baby that's the fun of you) ဆိုတဲ့ စာသားလေးကို တီရှပ်ပေါ်မှာရိုက်နှိပ်ထုတ်ဝေရောင်းချခဲ့ပါတယ်။ အဲဒီမှာ ပြဿနာစတာပါပဲ။ ပထမဦးဆုံး ရိုက်နှိပ်ထုတ်ဝေခဲ့တဲ့ တီရှပ်တွေပေါ်မှာ စာလုံးပေါင်းမှားသွားတဲ့အတွက် ဝေဖန်ခံနေရတာပါ။ ဒါကြောင့် သီသီချင်းပဲ ပြန်လည်ပြင်ဆင်ပြီး ရိုက်နှိပ်ထုတ်ဝေခဲ့တယ်လို့တော့ သိရပါတယ်။ You're the only one of you လို့ ရေးရမယ့်အစား Your'e are the only one of you လို့ စာစီစာရိုက်မှားယွင်းမှုကြောင့် ဝေဖန်ခံခဲ့ရတာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီလိုမျိုးလုပ်ဆောင်ချက်တွေမှာ စာလုံးပေါင်းမှားတာတွေဟာ တေလာဆွဖ် ပထမဆုံး မဟုတ်ခဲ့ပါဘူး။ အင်္ဂလန်နောက်ခံလူဟောင်း အက်ရှ်လေကိုးရဲ့ ဇနီးဟောင်းဖြစ်သူ ချယ်ရီကိုးလ်လည်း စာလုံးပေါင်းမှားခဲ့ဖူးပြီး ဂျပ်စတင်ဘီဘာဆိုရင်လည်း Purpose ဆိုတဲ့ စာလုံးအစား Purose လို့ ရေးသားဖော်ပြဖူးပြီး One Direction ဂီတအဖွဲ့ဆိုရင်လည်း သင်္ကေတအမှားမျိုး ရိုက်နှိပ်ဖော်ပြခဲ့ဖူးတာတွေ ရှိနှင့်ပြီးသားဖြစ်ပါတယ်။

ကတ္ထိပါလမ်းခွဲလေလား



A Star is born ဇာတ်ကားရဲ့ အဓိကဇာတ်ဆောင် ဘရက်ဒလေကူးပါးရဲ့ အကြောင်းကတော့ ၂၀၁၉ ခုနှစ် ဇွန်လအလယ်ပိုင်းမှာ ထိပ်တန်းသတင်းတစ်ရပ်အဖြစ် ပါဝင်လာပါတယ်။ အကြောင်းကတော့ ၄ နှစ်ကြာ လက်တွဲခဲ့တဲ့ချစ်သူ အီရီနာရှက်ခ်က သူ့ကို စွန့်ပစ်သွား ခဲ့တာပါပဲ။ ဘရက်ဒလေကူးပါးနဲ့ အီရီနာရှက်ခ်တို့ဟာ



အမေရိကန်နိုင်ငံ၊ လော့စ်အိန်ဂျလိစ်မြို့မှာ အတူနေထိုင် နေတာဖြစ်ပြီး သူတို့ရဲ့ဇိမ်ခံအိမ်ကြီးဟာ ပေါင် ၃ ဒသမ ၆ သန်းအထိ တန်ကြေးရှိပါတယ်။ ဒီလို နန်းတော်တစ် မျှ ခမ်းနားလှတဲ့ စံအိမ်ကြီးဟာ အီရီနာရှက်ခ်ကို သာယာ မှု မပေးနိုင်ခဲ့ဘူး။ အကြောင်းကတော့ A Star is born ဇာတ်ကားမှာ ဘရက်ဒလေနဲ့အတူတွဲဖက်ပြီး သရုပ်ဆောင်ခဲ့တဲ့ လေဒီဂါဂါရဲ့သတင်းတွေက ဆက် တိုက်ဆိုသလို ထွက်ပေါ်နေလို့ပါပဲ။ ဘရက်ဒလေနဲ့ လေဒီဂါဂါတို့ ကွယ်ရာမှာ ကြိတ်ပုန်းခုတ်နေတာကြောင့် အီရီနာရှက်ခ်အပေါ် ဘရက်ဒလေရဲ့ ဆက်ဆံရေးတွေ အေးခဲနေပြီဆိုတဲ့သတင်းတွေကလည်း မြင်မကောင်း လောက်အောင်ဖြစ်နေတယ်။ ဒီသတင်းတွေနဲ့ ပတ် သက်ပြီးလည်း လေဒီဂါဂါဘက်ကနေပြီး ဖြေရှင်းချက် တွေ အများကြီးထုတ်ထားဖူးတယ်။ သူတို့နှစ်ဦးဟာ အနုပညာအတွက် ဆုံတွေ့ကြတာဖြစ်ပြီး လူမှုရေးကိစ္စ တွေ ရောနှောခြင်းမရှိဘူးလို့လည်း အကြိမ်ကြိမ်ပြောဖူး တယ်။ နောက်ပြီး အခုလို သတင်းတွေရေးနေတာဟာ ဘရက်ဒလေရဲ့ချစ်သူဖြစ်တဲ့ အီရီနာရှက်ခ်ကို အားနာဖို့ ကောင်းတယ်ဆိုတာလည်း ပြောဖူးတယ်။ ဒါပေမဲ့ လက်ရှိအချိန်မှာတော့ အီရီနာရှက်ခ်တစ်ယောက် ဘရက်ဒလေကူးပါးနဲ့ ပေါင် ၃ ဒသမ ၆ သန်းတန် စံအိမ်ကြီးကို စွန့်ခွာသွားခဲ့ပါပြီ။





သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

သက်ဝေမှူး

''ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေး အဘယ်ကြောင့် အလေးထားဆောင်ရွက်ရန်လိုအပ်သနည်း''ဟူသော မေးခွန်း၏အဖြေကို ''သဘာဝပတ်ဝန်းကျင်နှင့် ကမ္ဘာမြေကြီး ထိခိုက်ယိုယွင်းပျက်စီးလာခြင်းမှ ကာကွယ်ရန်''ဟု ဖြေဆိုရန်သာရှိသည်။ ထိုအဖြေသည် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၏ ရည်ရွယ်ချက်လည်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်နှင့် ကမ္ဘာမြေကြီး ထိခိုက်ယိုယွင်းပျက်စီးလာပါက လူနေမှုဂေဟစနစ်များပျက်စီးပြီး သာယာအေးချမ်းသော လောကကို ဖန်တီးပေးနိုင်တော့မည်မဟုတ်ပေ။ ကမ္ဘာကြီးသည် နိုင်ငံများနှင့် ဖွဲ့စည်းထားပြီး၊ နိုင်ငံများသည် လူသားများနှင့် ဖွဲ့စည်းထားသည်။ လူသားများနှင့် သဘာဝပတ်ဝန်းကျင်သည် ခွဲခြားမရနိုင်ပေ။ လူသားများမရှိလျှင် ပတ်ဝန်းကျင်မရှိနိုင်သကဲ့သို့ ပတ်ဝန်းကျင်မရှိလျှင်လည်း လူသားများမရှိနိုင်ပေ။







လူသားများနှင့် ပတ်ဝန်းကျင်သည် တစ်ဦးအပေါ်တစ်ဦး အပြန်အလှန် မှီခိုအားထားဆက်နွယ်နေသည်။

စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေး စသည့်အကြောင်းကိစ္စတိုင်းသည် ပတ်ဝန်းကျင်နှင့်မကင်းနိုင်ပေ။ လူသားတို့သည် ရေသယံဇာတ၊ မြေသယံဇာတ စသည့်သဘာဝသယံဇာတများအပေါ် များစွာ မှီခိုအားထားရသည်။ ကမ္ဘာပေါ်တွင် လူဦးရေသိပ်သည်းများပြားလာခြင်း၊ လူတို့၏ စည်းမဲ့ကမ်းမဲ့ သဘာဝသယံဇာတများထုတ်ယူသုံးစွဲခြင်းတို့ကြောင့် သဘာဝသယံဇာတများ လျော့နည်းလာသည်။ လူဦးရေနှင့် စားဝတ်နေရေး အချိုးကျညီညွတ်မှုတစေရန် အီလက်ထရောနစ်သိပ္ပံနည်းပညာများ၊ အလုပ်အကိုင်လုံလောက်စေရန် စက်ရုံအလုပ်ရုံကြီးများ၊ စက်မှုလက်မှုလုပ်ငန်းများ၊ ခရီးလမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန် သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် နိုင်ငံ၏အန္တရာယ်ကို ကာကွယ်စောင့်ရှောက်နိုင်ရန် ကာကွယ်ရေးစစ်လက်နက်ပစ္စည်းများကို တီထွင်ထုတ်လုပ်လာကြသည်။

မြန်မာနိုင်ငံသည် သယံဇာတကြွယ်ဝသော နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်ထင်ပေါ်ကျော်ကြားခဲ့သည်။ သို့သော် လူတို့သည် သဘာဝသယံဇာတများ ရေရှည်တည်တံ့ခိုင်မြဲရန် တစ်ခါတရံမျှ စဉ်စားဖူးခြင်းမရှိပေ။ ထွက်ရှိလာသော သဘာဝသယံဇာတအရင်းအမြစ်များကို ထုတ်ယူသုံးစွဲမှုသာရှိပြီး၊ မလျော့ပါး မပျက်စီးစေရန် ပြန်လည်ဖြည့်တင်းပေးရန် လုပ်ဆောင်နိုင်မှု နည်းပါးခဲ့သည်။ ထို့ကြောင့် သဘာဝသယံဇာတများသည် တဖြည်းဖြည်း လျော့နည်း ပျက်စီးယိုယွင်းလာသည်။

လူတို့သည် သစ်တောသစ်ပင်များကို သက်တမ်းနှုသည်၊ ရင့်သည် မခွဲခြား၊ အတွင်စီးပွားအတွက် အလွန်အကျွံခုတ်လှဲကြသည်။ လူနေထိုင်ရန် အဆောက်အအုံဆောက်လုပ်ခြင်း၊ လောင်စာအဖြစ် ထင်း၊ မီးသွေး အသုံးပြုခြင်း စသည်ဖြင့် မဆင်မခြင်ဆောင်ရွက်လာကြသည်။ ထိုသို့ စည်းကမ်းမဲ့ဆောင်ရွက်ခြင်းသည် သဘာဝသယံဇာတများ လျော့နည်းပျက်စီးဆုံးရှုံးသည့်အပြင် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးယိုယွင်းစေသည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းလာသည်နှင့်အမျှ ကမ္ဘာ့ရာသီဥတုလည်း ဖောက်ပြန်လာသည်။

''ဥတုရာသီ တောကိုမှီ'' ဆိုသည့် စကားအတိုင်း သစ်တောသယံဇာတများ ပျက်စီးခြင်းသည် ဆိုးဝါးသောရာသီဥတုကို ဖိတ်ခေါ်နေသကဲ့သို့ရှိသည်။ ရာသီဥတုပြောင်းလဲခြင်းကြောင့် မိုးခေါင်ရေရှားဖြစ်ခြင်း၊ မိုးလေဝသ မမှန်ကန်ခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ လျှင်လှုပ်ခြင်း၊ မုန်တိုင်း





တိုက်ခတ်ခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်၍ ရေကြီးနစ်မြုပ်ခြင်း စသည့်သဘာဝဘေးအန္တရာယ်များကို ဆုလာဘ်သဖွယ် ခံစားကြရသည်။

သစ်တော သစ်ပင်တို့သည် လူတို့အတွက် လိုအပ်သော အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးပြီး၊ လူတို့စွန့်ပစ်သော ကာဗွန်ဒိုင်အောက်ဆိုက်ကို စားသုံးခြင်းဖြင့် နည်းပါးရန်ဆောင်ရွက်ပေးသည်။ ကမ္ဘာပေါ်တွင် သစ်ပင်များ လျော့နည်းလာခြင်းသည် လူတို့အတွက် ကောင်းကျိုးဖြစ်ထွန်းရန် မဖြစ်နိုင်ပေ။ ကမ်းရိုးတန်းဒေသများတွင် ဒီရေသစ်ပင်များ ကင်းမဲ့ခြင်းသည် ပင်လယ်မှဝင်ရောက်လာသောမုန်တိုင်းများအန္တရာယ်ကို အကာအကွယ်ပေးနိုင်လိမ့်မည်မဟုတ်ပေ။ မုန်တိုင်းများ ကုန်းတွင်းပိုင်းသို့ အလွယ်တကူဝင်ရောက်နိုင်ရန် လမ်းခင်းပေးသကဲ့သို့ ဖြစ်စေသည်။

လူတို့သည် မြစ်ချောင်းအင်းအိုင်များ၌ ငါးများကို ဝါယောရှော့ခ်တိုက်၍ ဖမ်းဆီးခြင်းသည် ငါးသားပေါက်နှုန်း ငါးမျိုးတုံးမှုကို အားပေးသည်။ လယ်ယာလုပ်ငန်းများ၌ ဓာတုဗေဒပိုးသတ်ဆေးများကို လိုအပ်သည်ထက် ပိုမိုအသုံးပြုခြင်း၊ စက်ရုံ အလုပ်ရုံတို့မှ ရေဆိုးရေညစ်တို့ကို စနစ်တကျ မစွန့်ပစ်ခြင်း၊ ဇီဝရုပ်ကြွင်းများကို နည်းလမ်းတကျ မဆောင်ရွက်ခြင်းတို့ကြောင့် မြေသယံဇာတသာမက၊ ရေသယံဇာတကိုလည်း ပျက်စီးယိုယွင်းစေသည်။ စည်းကမ်းမဲ့ သဘာဝသယံဇာတများ ထုတ်ယူသုံးစွဲခြင်း၊ ပြန်လည်အစားထိုး ဖြည့်ဆည်းပေးနိုင်မှုမရှိခြင်းတို့သည် ရာသီဥတုကို ပြုပြင်ပြောင်းလဲစေ၍ သဘာဝဘေးအန္တရာယ်များကို လက်ကမ်းကြုံဆိုရာရောက်ပေသည်။

လူတို့သည် သစ်တောသစ်ပင်များသာမက တောတွင်းကျင်လည်ကျက်စားနေသော သက်ရှိသတ္တဝါများကို အကြောင်းအမျိုးမျိုးဖြင့် ဖမ်းဆီးသတ်ဖြတ်ခြင်းသည် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းရခြင်း၏အကြောင်းရင်းတစ်ခုဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုကို အချိန်မီကုစားနိုင်မှသာ လူသားတို့အတွက် အေးချမ်းသာယာ လုံခြုံစိတ်ချသော လူနေမှုဘဝကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသည် ဆင်းရဲနွမ်းပါးမှုနှင့် သဘာဝသယံဇာတများကို စဉ်ဆက်မပြတ် ထုတ်ယူမှုတို့နှင့် ဆက်စပ်လျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်ကို မဆင်မခြင် ထုတ်ယူသုံးစွဲခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ရန် ပျက်ကွက်ခြင်းတို့သည် ဆင်းရဲနွမ်းပါးမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အကျိုးကျေးဇူးရရှိမည်မဟုတ်ပေ။

သစ်တောသစ်ပင်များ မဆင်မခြင် ခုတ်ယူခြင်းနှင့်ပတ်သက်၍ ဆရာဇော်ဂျီက **''တောပင်တွေ တော်တော်ခုတ်ကြ၊ တောပြုတ်လိမ့်နောက်နောင်၊ တောခုတ်လို့ တောပြောင်၊ မိုးခေါင်တော့မှာပဲ၊ မိုးခေါင်လို့ ရေမကြွယ်၊ ပင်လယ်ဖြစ်လိမ့်မလွဲ''** ဟု ရေးသားစပ်ဆို သတိပေးခဲ့သည်။



ထို့ကြောင့် **''သစ်တောတွေစိမ်း၊ ရေမြေထိန်း၊ ဖွံ့ဖြိုးကမ္ဘာ၊ လွန်ရှည်ကြာ''၊ ''သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့''၊ ''မြေဆီစိုခိုက်၊ သစ်ပင်စိုက်''** ဟူသော ဆောင်ပုဒ်များဖြင့် နှိုးဆော်တပ်လှုန့်ခဲ့သည်။

ကမ္ဘာ့သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ချက်ကြောင့် (၅-၆-၁၉၇၂) ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ကြီးကဦးဆောင်၍ ဆွီဒင်နိုင်ငံ၊ စတော့ဟုမ်းမြို့တွင် လူ့ပတ်ဝန်းကျင်ဆိုင်ရာ ညီလာခံကို ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ ညီလာခံသို့ နိုင်ငံပေါင်း (၁၁၃)နိုင်ငံနှင့် ကိုယ်စားလှယ်ပေါင်း (၁၂၀၀)ကျော်တက်ရောက်ခဲ့သည်။ ထိုညီလာခံတွင် ကမ္ဘာကြီးပူနွေးလာမှု လျော့ချရေး၊ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု လျော့ချရေး၊ ဖန်လုံအိမ်အာနိသင် လျော့ချရေးတို့ကို ချမှတ်ဆုံးဖြတ်ခဲ့သည်။ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ်ဖြင့် နှစ်စဉ်နှစ်တိုင်း ဇွန်လ (၅) ရက်နေ့ကို **''ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့''** အဖြစ်သတ်မှတ်ကျင်းပခဲ့သည်။

သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု လျော့နည်းစေရန် သစ်တောစိုက်ခင်းများ ပြန်လည်ပြုစုစိုက်ပျိုးခြင်း၊ စက်ရုံအလုပ်ရုံများမှထွက်ရှိသော ရေဆိုးရေညစ်များ၊ ကာဗွန်ဒိုင်အောက်ဆိုက်များကို စနစ်တကျ စွန့်ပစ်စေခြင်း၊ သစ်တောသစ်ပင်များကို စည်းမဲ့ကမ်းမဲ့ ခုတ်ထွင်ခြင်းကို ဥပဒေဖြင့် တားမြစ်ခြင်း စသည့်လုပ်ငန်းများဖြင့် ပြန်လည်ကုစားလျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းခြင်း၏ အကျိုးဆက်ကို သိမြင်ခံစားရသဖြင့် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု လျော့ချခြင်း၊ မိုးခေါင်ရေရှားဒေသများတွင် မိုးအတုများရွာသွန်းခြင်း၊ စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်ခြင်းတို့ကို သိပ္ပံပညာရှင်များက တိတ်တိုင်းကြံဆ ကြိုးစားလျက်ရှိသည်။ တောင်ကိုရီးယားမှ သုတေသီတစ်စုသည် လူခန္ဓာကိုယ်မှစွန့်ပစ်သော ကျင်ငယ်ရည်မှ ကာဗွန်အက်တမ်များကိုအသုံးပြု၍ စျေးနှုန်းသက်သာသည့် လောင်စာဆီထုတ်လုပ်ရန် ကြိုးစားလျက်ရှိသည်။



မြန်မာနိုင်ငံတွင် သစ်တောပြုန်းတီးမှု ကာကွယ်ရန် ထုတ်လုပ်မှုလျော့ချပြီး စိုက်ပျိုးထိန်းသိမ်းခြင်းတို့ကို တိုးချဲ့ပြုလုပ်မည်ဖြစ်သည်။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ကျွန်းသစ်ထုတ်လုပ်မှုတန်ချိန် (၆၀၀၀၀) အထိ လျော့ချသည့်အပြင် သစ်အလုံးလိုက်တင်ပို့ခြင်းကိုလည်း ပိတ်ပင်ရပ်ဆိုင်းခဲ့သည်။ သစ်တောသစ်ပင် စိုက်ပျိုးထိန်းသိမ်းခြင်းကဏ္ဍတွင် ပုဂ္ဂလိကသစ်တောစိုက်ခင်း(၂၇၄၃၅)ဧက၊ နိုင်ငံပိုင်သစ်တောစိုက်ခင်း (၁၃၀၈၀)ဧက စိုက်ပျိုးရန်လျာထားသည်။ ထို့ပြင် လောင်စာအသုံးပြုနိုင်ရန် ထင်းစိုက်ခင်းထူထောင်ရေးစီမံကိန်းကို အိမ်ထောင်စုတစ်စုလျှင် ကျွန်း (၃)ပင်၊ ယူကလစ်(၂၀)ပင် စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု လျော့နည်းစေရန် သစ်တောစိုက်ခင်းများ ပြန်လည်ပြုစုစိုက်ပျိုးခြင်း၊ စက်ရုံအလုပ်ရုံများမှထွက်ရှိသော ရေဆိုးရေညစ်များ၊ ကာဗွန်ဒိုင်အောက်ဆိုက်များကို စနစ်တကျ စွန့်ပစ်စေခြင်း၊ သစ်တောသစ်ပင်များကို စည်းမဲ့ကမ်းမဲ့ ခုတ်ထွင်ခြင်းကို ဥပဒေဖြင့်တားမြစ်ခြင်း . . .

၂၀၁၄ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးခြင်းကို ပြည် နယ်၊ တိုင်းဒေသကြီးအသီးသီးတို့တွင် ကျင်းပပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာန (MOECAF)** က အဓိကတာဝန်ယူဆောင်ရွက်ခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် **ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန (ECD)** ကို တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန(တိုင်းရုံး)များကို ၂၀၁၄ ခုနှစ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ရော်တိတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင်လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင်လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ကျိန်ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်းကောင်း တိုးချဲ့ဖွဲ့စည်းသွားသည်။

မြန်မာတစ်နိုင်ငံလုံး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ တိုင်းအဆင့်(၁၀)ရုံး၊ ခရိုင်အဆင့် (၆၇)ရုံးနှင့် မြို့နယ်အဆင့် (၃၃၆)ရုံး ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် သဘာဝပတ်ဝန်းကျင်

ထိန်းသိမ်းရေးဦးစီးဌာနများကို ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အတွက် **''အစိမ်းရောင်စီးပွားရေး''** ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ သည်။ အစိမ်းရောင်စီးပွားရေးဆိုသည်မှာ **''ကာဗွန်ထုတ်လွှတ်မှုနှင့် လေထုညစ် ညမ်းမှု လျော့ချရေး၊ စွမ်းအင်နှင့် သယံ ဇာတများကို ထိရောက်စွာအသုံးချနိုင် ရေး၊ ဇီဝမျိုးစုံနှင့် ဂေဟစနစ်ဝန်ဆောင် မှုများ ဆုံးရှုံးခြင်းမှ တားဆီးကာကွယ် ရေးတို့ကို အလေးထားဆောင်ရွက်ခြင်း''** တို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင် ရွက်နိုင်ရန် **''အစိမ်းရောင်စီးပွားရေးစင်တာ (Green Economy Green Growth-GEGG)''** ကို ၂၀၁၁ ခုနှစ်တွင် စတင် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ထိုအဖွဲ့အစည်း တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ် တောရေးရာ ဝန်ကြီးဌာန၊ လယ်ယာစိုက် ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သိပ္ပံ နှင့် နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်း ပါဝင်ဆောင်ရွက်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ရခိုင်ကမ်းရိုးတန်း ဒေသများတွင် ဒီရေပင်များ တိုးချဲ့စိုက်ပျိုး ရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များက အကြံပြုတင်ပြခဲ့သည်။ ထို သို့ ကမ်းရိုးတန်းဒေသများတွင် ဒီရေပင် များ စိုက်ပျိုးပါက ပင်လယ်ကမ်းခြေမြေသား ကို ထိန်းသိမ်းထားနိုင်ခြင်း၊ ပင်လယ်မှ ဝင် ရောက်လာသော မုန်တိုင်းအန္တရာယ် ခံစား ရမှုနည်းပါးခြင်း၊ ပင်လယ်မှ အရှိန်ဖြင့်ဝင် ရောက်လာသော ဒီရေကို ကာကွယ်ပေးနိုင် ခြင်း၊ ရေဆင်းသွားသောအခါ ရေသတ္တဝါ များ ရေနှင့်မျောပါမသွားသဖြင့် စားနပ် ရိက္ခာဖူလုံစေခြင်း စသည့်အကျိုးကျေးဇူး များကို ရရှိစေမည်ဖြစ်သည်။

ထို့ပြင် ဒီရေလမုပင်များသည် လူနှင့် ရေသတ္တဝါတို့အတွက် အဆိပ်ဖြစ်စေသော ခဲနှင့် အာစင်းနစ်ဓာတ်တို့ကို စုပ်ယူသန့်စင် ပေးနိုင်သည်။ ကမ်းခြေဒေသများတွင် ဒီရေ ပင် အများအပြား စိုက်ပျိုးရန်လိုအပ်သကဲ့ သို့၊ ဒီရေပင်များကို ခုတ်လှဲအသုံးပြုခြင်းမှ ရှောင်ကြဉ်ရန်လိုအပ်သည်။ ပင်လယ်ကမ်း ခြေနှင့်နီးကပ်သောရောဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့သည် မုန်တိုင်းဝင်ရောက် ရန် လွယ်ကူသောဒေသများဖြစ်သည်။ မုန် တိုင်း ဝင်ရောက်ပါက ဒီရေမြင့်တက်ခြင်း၊ ရေကြီးခြင်းအန္တရာယ်ကို ပင်လယ်ကမ်းစပ် နှင့်နီးသော ဒေသများက ပိုမိုခံစားရသည်။

ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအသင်းက ရခိုင်ပြည်နယ်၊ ဝ မြို့နယ်တွင် ဒီရေပင် (၅၀) သိန်းကျော်၊ ရခိုင်ပြည်နယ်တွင် (၄) ကေစီနှင့် ရောဝတီ တိုင်းဒေသကြီးအတွင်း ပင်လယ်နှင့်နီးကပ် သောဒေသများတွင် ဒီရေလမုပင်(၁၀၀၀၀) ကျော်စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိ သည်။ မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်း ကျင် ပျက်စီးယိုယွင်းမှုကြောင့် ရာသီဥတု ဖောက်ပြန်၍ နာဂစ်မုန်တိုင်းဝင်ရောက်ပြီး နောက် မုန်တိုင်းဒဏ်ခံ(Cyclone Shetter) (၅၆)လုံးကို ဆောက်လုပ်ပေးခဲ့သည်။ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှု ကြောင့် သဘာဝဘေးအန္တရာယ်ကျရောက် လျှင် ဒုက္ခသည်များ လတ်တလော သက် သာချောင်ချိရေး၊ ဒုက္ခသည်များ ထောက်ပံ့ ရေးများကိုလည်း ကြိုတင်စီမံဆောင်ရွက် ထားရှိသည်။ ၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံ အတွင်း နွားနောက်မုန်တိုင်း ဝင်ရောက်ခဲ့ ပြီး ကြီးမားသောပျက်စီးဆုံးရှုံးမှု မရှိခဲ့သော်လည်း ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

၂၀၁၃ ခုနှစ်တွင် ဂျပန်နိုင်ငံ အပြည် ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေ ဂျင်စီ (JICA) နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနတို့ သည် အကူအညီပေးရေးနားလည်မှုစာချုပ် လွှာကို လက်မှတ်ရေးထိုးခဲ့သည်။ ထို နား လည်မှုစာချုပ်လွှာအရ ၂၀၁၃ ခုနှစ်၊ နိုဝင် ဘာလမှ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလထိ (၄) နှစ် စီမံကိန်းချမှတ်၍ မြစ်ဝကျွန်းပေါ်ဒေသ များတွင် သဘာဝဘေးအန္တရာယ် ကြိုတင် ကာကွယ်ရေးဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုစီမံကိန်းတွင် ဂျပန်ယန်းပေါင်း (၅၈၃)သန်း သုံးစွဲသွားမည်ဖြစ်ပြီး၊ သစ် တောနှင့် ဒီရေတောစိုက်ပျိုးခြင်း၊ သစ်တော နှင့် ဒီရေတောထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ မုန်တိုင်းဒဏ်ခံအဆောက် အအုံများ ဆောက်လုပ်ခြင်း လုပ်ငန်းများ ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် လုပ်ငန်းလိုအပ်ချက် အထောက်အကူပြု ယာဉ်များ၊ စက်ကိရိယာပစ္စည်းများ ကူညီ ပံ့ပိုးပေးသွားမည်ဖြစ်သည်။ သစ်တောဦးစီး ဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့သည် စီမံကိန်းကာလအတွင်း ဒီရေတောစိုက်ခင်း (၂၈၅၀)ဇော ပြုစုစိုက်ပျိုးထူထောင်ရန် စီစဉ် ထားသည်။

မြို့ပြနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် ပြည်သူများ သက်ရှည် ကျန်းမာစေရန် သဘာဝပတ်ဝန်းကျင် ထိန်း သိမ်းရေးလုပ်ငန်းများကို သစ်တောဦးစီး ဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနတို့သည် မန္တလေးတိုင်းဒေသကြီး အတွင်း သစ်တောစိုက်ခင်းများတည်ထောင် ခြင်း၊ ပုဂ္ဂလိကစိုက်ခင်းများ ထူထောင်ခြင်း၊ ပျိုးပင်မျိုး ပျိုးထောင်၍ လူထုသို့ ဖြန့်ဝေ စိုက်ပျိုးစေခြင်း၊ သဘာဝသစ်တောထိန်း သိမ်းကာကွယ်ခြင်း၊ သဘာဝသစ်တော တန်ဖိုးမြှင့်စိုက်ခင်း တည်ထောင်ခြင်းတို့အား နှစ်အလိုက် လျာထားချက်အတိုင်း သတ် မှတ်ဆောင်ရွက်သွားမည်ဖြစ်သည်။



မြန်မာနိုင်ငံ၏ သဘာဝသယံဇာတကြွယ်ဝသော အရည်အသွေးကောင်းမွန်သော ပတ္တမြားထွက်ရှိရာ မိုးကုတ်ဒေသတွင်လည်း ပတ္တမြားထွက်ရှိနှုန်း ကျဆင်းခဲ့သည်။ ထိုသို့ကျဆင်းရခြင်းသည် . . .

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ဟောပြောပွဲများ ပြုလုပ်လှုံ့ဆော်ခြင်း၊ တရားမဝင် သစ်ခိုးထုတ်လုပ်မှုများ ဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းတို့ကိုလည်း ပူးတွဲဆောင်ရွက်လျက်ရှိသည်။ သဘာဝသယံဇာတ တူးဖော်ခြင်းလုပ်ငန်းများကို သစ်ပင်ကြီးများပေါက်ရောက်သည့် နေရာဒေသများ၊ ဓမ္မတာမျိုးဆက်ဇရိယာများ ရေဝေရေလဲ ဇရိယာများတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု နည်းပါးစေရန် သတ္တုတူးဖော်ရေးဥပဒေနှင့်အညီ စိစစ်ခွင့်ပြုပေးသည်။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ဒေသတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သတ္တုတူးဖော်ခြင်းလုပ်ငန်းကို လုံးဝခွင့်မပြုပေ။

မြန်မာနိုင်ငံ မြေဇရိယာ၏ (၄၆·၉၆) ရာခိုင်နှုန်းသည် သစ်တောများဖုံးလွှမ်းလျက်ရှိသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ပဲခူးရိုးမဒေသတွင် သစ်တောများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ဆည်နှင့် တာတမံများ တည်ဆောက်ထိန်းသိမ်းခြင်း၊ နိုင်ငံသားပုဂ္ဂလိက လုပ်ငန်းရှင်များအား သစ်တောစိုက်ခင်းများတည်ထောင်၍ ရင်းနှီးမြှုပ်နှံစေခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

၂၀၀၅–၂၀၀၆ခုနှစ်မှစတင်၍ပုဂ္ဂလိက စိုက်ခင်းလုပ်ငန်းများ ပူးပေါင်းပါဝင်စေခြင်း၊ ပြည်သူ၊ ပုဂ္ဂလိက အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ သစ်တောပြုန်းတီးမှုနှင့် သစ်တောအတန်းအစား ကျဆင်းမှုကို ကုစားခြင်းတို့ကိုလည်း တွဲဖက်ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၃–၂၀၁၄ ခုနှစ်အထိ ကျွန်းစိုက်ခင်း (၁၀၇၃၅၂) ဧက၊ ပုဂ္ဂလိက ကျွန်းစိုက်ခင်း (၁၀၇၃၅၂) ဧက၊ ပုဂ္ဂလိက သစ်မာစိုက်ခင်း (၅၁၈၁၃) ဧက စိုက်ပျိုးပြီးစီးအောင်မြင်ခဲ့သည်။ အပူပိုင်းစိမ်းလန်းစိုပြည်စေရေးအတွက် မကွေးတိုင်း၊ တောင်တွင်းကြီးမြို့နယ်၊ ပျဉ်ခေတ် ဗိဿနိုးမြို့ဟောင်းရှိ ကြိုးပြင်ကာကွယ်ရေးတောတွင် သစ်ပင်ပေါင်း (၁၀၀၀) စိုက်ပျိုးရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ရခိုင်ကမ်းရိုးတန်းတွင် လှုပ်ခတ်ခဲ့သော လျှင်နှင့်ပတ်သက်၍ စင်ကာပူ၊ တရုတ်(တိုင်ပေ)နှင့် မြန်မာနိုင်ငံ မြေလျှင်ကော်မတီတို့ပူးပေါင်း၍ ရခိုင်ပြည်နယ်၊ မာန်အောင်ကျွန်းတစ်ဝိုက်၌ လေ့လာမှုများ ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံသည် အယ်လ်ပိုင်း လျှင်ကြောအပါအဝင် ကမ္ဘာ့လျှင်ကြောကြီးနှစ်ခု ဖြတ်သန်းနေသောကြောင့် လျှင်ဒဏ်အန္တရာယ်မှလွတ်ကင်းရန် အစဉ်ဂရုစိုက် ဆောင်ရွက်လျက်ရှိသည်။ လျှင်လှုပ်ခြင်းသည် သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းခြင်းမှ ရရှိလာသော အကျိုးဆက်တစ်ခုဖြစ်သည်။

တွင်းတောင်အင်းကြီးသည် စစ်ကိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့အတွင်း တည်ရှိပြီး အရည်အသွေးကောင်းမွန်သော စပီရူလိုင်းနား စိမ်းပြာရည်အမြောက်အမြား ထုတ်လုပ်ပေးသော မြန်မာနိုင်ငံ၏ သဘာဝအစိမ်းရောင်ရေကန်တစ်ခုဖြစ်သည်။ ၂၀၁၃ ခုနှစ်မှစ၍ စပီရူလိုင်းနား စိမ်းပြာရည်ထွက်ရှိနှုန်း လျော့နည်းကျဆင်းလာပြီး၊ ၂၀၁၄ ခုနှစ်တွင် လုံးဝထွက်ရှိခြင်း မရှိတော့ပေ။ ထိုသို့ တွင်းတောင်အင်းကြီးမှ စပီရူလိုင်းနား စိမ်းပြာရည်ပျက်စီးယိုယွင်းရခြင်းသည် သဘာဝသယံဇာတများ ပျက်စီးဆုံးရှုံးရခြင်း၏ ဆုလာဘ်တစ်ခုဖြစ်သည်။

တွင်းတောင်အင်း ယိုယွင်းပျက်စီးရခြင်းသည် ပတ်ဝန်းကျင်ရှိ မီးတောင်မြေများတွင် မြစ်ရေတင်အသုံးပြုခြင်းကြောင့် အင်းအတွင်း ရေချိုစိမ့်ဝင်၍ အင်းခါးဂေဟစနစ် စပီရူလိုင်းနားနှင့် တွင်းပိုးသယံဇာတများ ပျက်စီးစေခြင်း၊ ၁၉၉၀ ပြည့်နှစ်တွင် ၎င်းဖျားရောဂါနှိမ်နင်းရန် တီလားဗီးယားငါးများကို ထည့်သွင်းမွေးမြူစေခဲ့ခြင်း၊ စပီရူလိုင်းနား စိမ်းပြာရည်ပေါက်ဖွားနှုန်းမြင့်မားရန် ယူရီးယားဓာတ်မြေဩဇာများ ထည့်သွင်းအသုံးပြုခြင်း စသည့်အကြောင်းများကြောင့်ဖြစ်သည်ဟု ပညာရှင်များက သုံးသပ်ကြသည်။ ပညာရှင်များအကြား အမြင်ကွဲပြားသော်လည်း တွင်းတောင်အင်ကြီး၏ အသက်ကို ကယ်တင်သွားနိုင်ရန်၊ အင်းအတွင်း စိမ်းပြာရည်ပြင်များ ပြန်လည်ပေါက်ဖွားရှင်သန်နိုင်ရန် အစီအစဉ်များ စနစ်တကျချမှတ် အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံ၏ သဘာဝသယံဇာတကြွယ်ဝသော အရည်အသွေးကောင်းမွန်သော ပတ္တမြားထွက်ရှိရာ မိုးကုတ်ဒေသတွင်လည်း ပတ္တမြားထွက်ရှိနှုန်း ကျဆင်းခဲ့သည်။ ထိုသို့ကျဆင်းရခြင်းသည် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲခြင်း၏ အကျိုးဆက်ဖြစ်သည်ကို မည်သူမျှမငြင်းနိုင်ပေ။ အဖိုးတန် ကျောက်မျက်ရတနာများထွက်ရှိမှုလျော့နည်းခြင်း၊ အရည်အသွေးမြင့်ကျောက်များ ရှားပါးလာခြင်းသည် ထိုဒေသရှိ လူမှုစီးပွားရေးအပေါ် ဆိုးရွားစွာ အကျိုးသက်ရောက်စေသည်။ ဒေသခံများ အလုပ်အကိုင်ရှားပါးမှုနှင့် ကျောက်မျက်ဈေးကွက် ပျက်ခြင်းတို့ကြောင့် အခြားဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင်လာရသည်။ ထိုသို့ သဘာဝသယံဇာတများ ပျက်စီးကျဆင်းလာခြင်းသည် နိုင်ငံအတွက် သဘာဝသယံဇာတ ဆုံးရှုံးမှုတစ်ခုပင်ဖြစ်သည်။

ကမ္ဘာပေါ်တွင် တစ်ခုတည်းသော အသည်းပုံရေကန်သည် မြန်မာနိုင်ငံ၊ ချင်းပြည်နယ်တွင်တည်ရှိပြီး ရိဒ်ကန်ဟု အမည်တွင်သည်။ ရိဒ်ကန်သည် ဇရိယာ(၈၃၂)ဧက ကျယ်ဝန်းပြီး၊ ပင်လယ်ရေမျက်နှာပြင်အမြင့် ပေ (၂၉၆၆)တွင် တည်ရှိသည်။ ရိဒ်ကန် ပျက်စီးယိုယွင်းမှုနှင့် ရင်ဆိုင်နေရခြင်းသည် ရေဝေရေလဲဇရိယာအတွင်း သစ်တောများ စိုက်ပျိုးခြင်း၊ စိုက်ခင်းများထူထောင်ခြင်း၊ လူနေအိမ်ခြေများ ချဲ့ထွင်ခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်း၊ ဒေသခံနှင့် အပန်းဖြေဧည့်သည်များ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းတို့ကြောင့် ရိဒ်ကန်အတွင်း ရေညစ်ညမ်းခြင်း၊ ရေနည်းပါးခြင်းတို့ဖြစ်ပေါ်ကြောင်း ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလတွင် ရိဒ်ကန်

ထိန်းသိမ်းရေးလုပ်ငန်းအပါအဝင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံ၏ သစ်တောလွှမ်းခြုံမှုသည် ၁၉၇၅ ခုနှစ်တွင် (၆၀·၀၉) ရာခိုင်နှုန်း၊ ၁၉၉၀ ပြည့်နှစ်တွင် (၅၇·၉၇) ရာခိုင်နှုန်း၊ ၂၀၀၀ ပြည့်နှစ်တွင် (၅၂·၈၂) ရာခိုင်နှုန်း၊ ၂၀၁၀ ပြည့်နှစ်တွင် (၄၆·၉၆) ရာခိုင်နှုန်းအထိ အဆင့်ဆင့်ကျဆင်းလာကြောင်း လေ့လာသိရှိရသည်။ လူဦးရေတိုးတက်မှုများပြားလာသည်နှင့်အမျှ သစ်တောသယံဇာတ ထုတ်ယူသုံးစွဲမှု၊ ရေသယံဇာတ ထုတ်ယူသုံးစွဲမှု၊ မြေသယံဇာတ ထုတ်ယူသုံးစွဲမှု စသည်တို့ များပြားလာခြင်းသည် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးခြင်း၊ ရေအရင်းအမြစ် လျော့နည်းခြင်း၊ ရာသီဥတု ဖောက်ပြန်ခြင်း၊ မိုးလေဝသမမှန်ကန်ခြင်း၊ စိုက်ပျိုးရေးနှင့် သောက်သုံးရေ ရှားပါးခြင်း၊ ကမ္ဘာကြီး ပိုမိုပူနွေးလာခြင်း စသည့်ဆိုးကျိုးများကို တန်ပြန်ခံစားရသည်။



အရှေ့တောင်အာရှတွင် ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝသော မြန်မာနိုင်ငံသည် သဘာဝသယံဇာတအရင်းအမြစ်များဖွံ့ဖြိုးရန်၊ ပျက်စီးယိုယွင်းမှုများထိန်းသိမ်းရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (International Centre of Integrated Mountain Development-ICIMOD) တို့ ပူးပေါင်း၍ **"ဗြဟ္မပုတ္တရသံလွင်ဒေသ ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသအဆင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် မူဘောင်ရေးဆွဲခြင်းဆိုင်ရာ ဒေသအဆင့် အလုပ်ရုံဆွေးနွေးပွဲ"** ကို နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည်။

မြန်မာနိုင်ငံသည် ၁၉၉၀ ပြည့်နှစ်မှစ၍ (ICIMOD) အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့ပြီး တောင်တန်းဒေသရှိ သစ်တောသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ICIMOD ၏ ရည်မှန်းချက်မှာ တောင်တန်းဒေသ လူနေမှုဘဝမြှင့်တင်ပေးရန်၊ တောင်တန်းဒေသ၏ ဂေဟစနစ်များကို စီးပွားရေးအရလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအရလည်းကောင်း မဟာဗျူဟာကျစွာ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးရန်ဖြစ်သည်။ ICIMOD သည် ဟိန္ဒူကတ်ချ်–ဟိမဝန္တာဒေသတစ်လျှောက်ရှိ နေရာ (၇) နေရာကို ပတ်ဝန်းကျင်ဂေဟစနစ်နှင့် လူမှုယဉ်ကျေးမှုတိုးတက်စေရန် ဖော်ထုတ်သတ်မှတ်ခဲ့သည်။

ဗြဟ္မပုတ္တရသံလွင်ဒေသသည် တစ်ခုအပါအဝင်ဖြစ်ပြီး၊ မြန်မာ–အိန္ဒိယ နှစ်နိုင်ငံခွဲဝေပိုင်ဆိုင်သည်။ မြန်မာနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံတို့ပူးပေါင်း၍ ဗြဟ္မပုတ္တရသံလွင်ဒေသ ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းအစီအစဉ်များ (Brahinaputra Salween Landscape Conservation and Developmen Initiative- BSLCDI) ကို ရေးဆွဲခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်တွင် လည်းကောင်း၊ ၂၀၁၁ ခုနှစ်တွင် မြန်မာနိုင်ငံ နေပြည်တော်တွင်လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ကာဇီရန်ဂါနှင့် အာသံမြို့တို့တွင်လည်းကောင်း ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခဲ့သည်။ ဗြဟ္မပုတ္တရသံလွင်ဒေသရှိ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ သယံဇာတများကို ရေရှည်တည်တံ့အောင် အသုံးပြုခြင်းဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့ကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

၂၀၁၄ ခုနှစ်တွင် သဘာဝပတ်ဝန်းကျင် သန့်ရှင်းရေး၊ တောတောင်စိမ်းလန်းစိုပြည်စေရေး၊ မြစ်ချောင်းအင်းအိုင် ထိန်းသိမ်းရေးနှင့် ဂေဟစနစ် မပျက်ယွင်းရေးအတွက် အစိမ်းရောင်လူငယ်များအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ မြို့ပြဒေသများတွင် အမှိုက်ကောက်ခြင်းမှစ၍ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလှုပ်ရှားမှု (Green Plain Movement) ကို ဆောင်ရွက်ခဲ့သည်။


ကမ္ဘာလောကကြီး သာယာငြိမ်းချမ်းရန်ပြုလုပ်သောကိစ္စတို့သည် ကမ္ဘာလောကကြီး ညစ်ညမ်းမှုပြန်မဖြစ်စေရန် အထူးသတိပြု ဆောင်ရွက်ရန်လိုအပ်သည်။ တဒင်္ဂအကျိုးကျေးဇူးကိုမကြည့်ဘဲ ထာဝရအကျိုးကျေးဇူး တည်မြဲနိုင်ရန် ထည့်သွင်းစဉ်းစားရမည်။ စက်ရုံအလုပ်ရုံများမှ ထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုက်၊ ကာဗွန်မိုနော့်ဆိုက် ဓာတ်ငွေ့များသည် လေထုကို ညစ်ညမ်းစေသကဲ့သို့၊ စက်ရုံအလုပ်ရုံများမှ စွန့်ပစ်သော ရေဆိုးရေညစ်များသည် ရေထုညစ်ညမ်းမှုကိုဖြစ်စေသည်။ ကမ္ဘာကြီး ပိုမိုပူနွေးလာစေသော ဖန်လုံအိမ်အာနိသင် ဖြစ်ပေါ်ရခြင်းသည် ကာဗွန်ဒိုင်အောက်ဆိုက်ကဲ့သို့ ဓာတ်ငွေ့များသည် အဓိကတရားခံဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းခြင်းကြောင့် ရာသီဥတုဖောက်ပြန်ခြင်း၊ လူနေမှုဂေဟစနစ် ပျက်စီးခြင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းတို့ကို တစ်ဦးတစ်ယောက်တည်း ခံစားရမည်မဟုတ်ပေ။ ကမ္ဘာပေါ်ရှိ သက်ရှိသတ္တဝါအားလုံး မလွဲမသွေ တွေ့ကြုံခံစားကြရမည်ဖြစ်သည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းကို တစ်ဦးတစ်ယောက်ချင်းမှစ၍ တစ်ကမ္ဘာလုံးတိုင်အောင် အလေးထားလိုက်နာဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း သတိပေးရေးသားတင်ပြရပေသည်။

သက်ဝေမှူး

CITY Cartoon



တစ်ခုမှားခဲ့တဲ့အကြောင်း



တကယ်တော့ ကိုယ်နဲ့ မင်းဟာ မျက်နှာချင်းဆိုင်အိမ်မှာ တစ်ယောက်ရဲ့ လှုပ်ရှားမှုမှန်သမျှတိုင်းကို တစ်ယောက်က နေ့စဉ်တွေ့မြင်နေရခဲ့ကြရသော အိမ်နီးချင်း ခင်မင်နေကြသူမိတ်ဆွေနှစ်ဦးပါပဲ။ ကိုယ်ရယ် အိမ်ထောင်သည်အစ်မနှစ်ယောက်နဲ့ မိန်းမသားတွေချည်းသာရှိခဲ့သော ကိုယ်တို့ အိမ်ရဲ့ အရေးပေါ်ကိစ္စလေးတွေပေါ်ခဲ့တိုင်း မင်းပဲကူညီပေးနေကျပါ။

မေမေ၊ ဖေဖေတို့ကလည်း ရုံးကိစ္စနဲ့ မအားလပ်နိုင်ခဲ့သော သမက်နှစ်ယောက်ကို ချန်လှပ်ထားပြီး မင်းရဲ့အကူအညီတွေကိုပဲ စိတ်တိုင်းကျရယူနေခဲ့ပါတယ်။ မင်းကရော တစ်ဦးတည်းသော သူငယ်းသားဆိုတဲ့ မာန်မာနတွေမထားခဲ့ပါဘဲ ကိုယ့်မိဘနှစ်ပါးစလုံးရဲ့ အလိုကိစ္စဆန္ဒမှန်သမျှတိုင်းကို မင်းမရှိရင် မဖြစ်လောက်အောင် ကူညီပေးခဲ့သော စေတနာတွေဟာ ဘယ်လိုအကျိုးတွေကိုမျှ မျှော်ကိုးကူညီပေးခဲ့လေသလဲဆိုတာ ကိုယ်စဉ်းစားလို့မရနိုင်လောက်အောင်ပါ။

ဘေးပတ်ဝန်းကျင်ကတော့ မင်း ကိုယ့်ကို သဘောကျနှစ်သက်နေတယ်လို့ပဲ အတပ်ထင်ကြေးပေးနေခဲ့ကြပါတယ်။ ကိုယ်ကလည်း ပတ်ဝန်းကျင်ရဲ့အမြင်နဲ့ တစ်ထပ်တည်းထင်မြင်မိရင်း မင်းကို တိတ်တိတ်ကြိတ်ပြီး သံယောဇဉ်ငြိတွယ်နေခဲ့မိပါတယ်။ ဒါကိုပဲ ရင်းနှီးတဲ့သူငယ်ချင်းတွေက မင်းနဲ့ ဘယ်တော့လက်ထပ်မလဲဆိုပြီး ကိုယ့်ကို ခဏခဏမေးနေခဲ့ကြတယ်။ ကိုယ်ဘာပြန်ပြောရမှန်းမသိခဲ့ပါဘူး။ မရေရာ မသေချာခဲ့သော ကိုယ်ကိုယ်တိုင် မသိနိုင်သေးခဲ့တဲ့ အဖြေတစ်ခုအတွက် ကိုယ်ဘယ်သူ့ကို ယုံကြည်လို့ရနိုင်ပါ့မလဲလေ။

ဒါပေမယ့်လည်း မင်းကိုချစ်မိနေတဲ့ ကိုယ့်ရဲ့တိတ်တခိုးမျှော်လင့်ချက်က ရှိနေခဲ့တာကြောင့် သူငယ်ချင်းတွေကို ကိုယ်လက်ဝါးကလေးကာပြရင်း ရှက်ရွံ့ဟန်နဲ့ပဲ နှုတ်



ဆိတ်စွာနေခဲ့လိုက်ပါတယ်။ မင်းဟာ ကိုယ်နဲ့ ဘာမှမပတ်သက်သော သူစိမ်းမိတ်ဆွေတစ်ယောက်လို့ ရှင်းပြနိုင်ဖို့ ကိုယ့်ရင်မှာ အင်အားရှာမရခဲ့သေးပါဘူး။ ကိုယ့်ရဲ့ ပင်ကိုအင်အားတွေကို မင်းရဲ့လွှမ်းမိုးအနိုင်ယူခြင်း အောက်မှာ နစ်မွန်းခံရင်း မျက်ရည်တွေနဲ့ ကိုယ်ပျော်နေတတ်ခဲ့ပါတယ်။

မင်းနဲ့လက်တွဲပြီး ဘဝတစ်ခုကို အဆုံးထိထူထောင်ကြည့်ဖို့ ကိုယ်စိတ်ကူးယဉ်ကြည့်ခဲ့မိပါတယ်။ ဒါပေမဲ့လည်း ကိုယ့်ကို ချစ်တယ်လို့ ဘယ်တုန်းကမှဖွင့်မပြောခဲ့ပါဘဲ အရာရာကိုလျှို့ဝှက်သေသပ်စွာ ဟန်ဆောင်သိမ်းဆည်းထားနိုင်စွမ်းရှိခဲ့သူ ယောကျ်ားတစ်ယောက်ကိုမှ နှလုံးသားထဲဇွတ်နှစ်သွင်းရင်း စိတ်ကူးယဉ်ကမ္ဘာငယ်ကလေးတစ်ခု တည်ဆောက်ချင်မိသူ ကိုယ့်မှာသာ ရူးမိုက်ခဲ့မိတာပါပဲ။ မင်းရဲ့နှုတ်ဖျားကသာ ကိုယ့်ကို ချစ်ကြောင်းတွေဖွင့်ပြောခဲ့မယ်ဆိုရင် ကိုယ့်ရင်မှာ မျိုသိပ်သိမ်းဆည်းထားခဲ့သမျှတွေကို ဖြေလျော့ဖွင့်ဟမိမှာပါပဲ။

မင်းသာခွင့်ပြုခဲ့ရင် ရက်လများစွာ ဖုံးကွယ်တားဆီးထားခဲ့သမျှ သောကဒုက္ခတွေကို မျက်ရည်အဖြစ်ထွက်ပေါက်ပေးရင်း မင်းရင်ခွင်မှာခိုဝင်ပြီးတော့ ကိုယ်တဝကြီး အတိုး ချင့်ရွိက်မိဦးမှာပါပဲ။ အဲဒီအခါ ကိုယ့်ရဲ့မျက်ရည်တွေကို ညင်သာဖွဖွသုတ်ပေးရင်း မင်းဆီက အယုယတွယ်တာရတာတွေ ကိုယ့်အပေါ်ချစ်ကြင်နာမိတာတွေကို ဘာတစ်ခုမှ မင်းမပြောခဲ့ပါဘူးလေ။ သာမန်မိတ်ဆွေတစ်ယောက်ရဲ့ရင်းနှီးမှု ဟန်ပန်လောက်သာ မင်းဆီမှာ ကိုယ်မြင်တွေ့ခဲ့ရတာပါပဲ။

မိန်းမသားတစ်ယောက်အနေနဲ့ ထိန်းသိမ်းစောင့်စည်းအပ်သော ဂုဏ်ဒြေစည်းမျဉ်းကလေးတစ်ခုထက်ပိုပြီး မင်းရင်ထဲက အကြောင်းတွေကို ပြောင်ဖွင့်မေးရဖို့အထိ ကိုယ်အတင့်မရဲခဲ့ပါဘူး။ ယောကျ်ားတစ်ယောက်ဖြစ်တဲ့မင်းကကော လွတ်လပ်စွာ ပြောဆိုနိုင်ဖို့အခွင့်အရေးတွေရှိလျက်နဲ့ ကိုယ့်ကို ဘာကြောင့်များဖွင့်မပြောခဲ့ရသလဲဆိုတာ အဲဒီတုန်းက ကိုယ်စဉ်းစားလို့မရနိုင်ခဲ့ပါဘူး။

မင်းနဲ့နှစ်ယောက်တည်း လွတ်လပ်စွာတွေ့ဆုံနိုင်ဖို့ အခွင့်အရေးတစ်ခုဟာ အကြောင်းတိုက်ဆိုင်ဖို့ အလွန်ခက်ခဲနေတဲ့ကြားကပဲ ကိုယ်တို့နှစ်ယောက်တိုက်ဆိုင်စွာ တွေ့ဖြစ်ဖို့ အကြောင်းဖန်လာခဲ့သေးတယ်လေ။ အဲဒီနေ့ဟာ ကိုယ်တို့အိမ်မှာ ဘုရားကိုးဆူ ကပ်လှူရွတ်ဖတ်ပူဇော်သောနေ့ပါပဲ။ ဧည့်သည်များနှင့် ဝင်ထွက်စည်ကားနေတာကြောင့် ခြံအနောက်ဘက်က ခုံတန်းလျားလေးမှာ ကိုယ်တစ်ယောက်တည်း အတွေးကောင်းကောင်းနဲ့ထိုင်နေတုန်း . . .

''မမ၊ ဘာတွေတွေးနေလဲ''

အသံနှင့်အတူ မင်းကိုယ့်အနားရောက်လာခဲ့တာကြောင့် ကိုယ့်ရင်တွေအဆမတန် အခုန်မြန်လာခဲ့မိတယ်။ ပြီးမှ လှုပ်ရှားနေသောရင်ကို တည်ငြိမ်အောင်ကြိုးစားထိန်းရင်း

''ဩော် . . . မောင်မောင် ထိုင်လေ၊ ဘာရယ်လို့မဟုတ်ပါဘူး၊ စိတ်ဆိုတာက အမြဲနေ့ယာဉ်တစ်ခုလိုပါပဲ၊ ဟိုရောက် ဒီရောက်ပဲပေါ့''

ကိုယ့်စကားအဆုံးမှာတော့ မင်းနှုတ်

မင်းနဲ့လက်တွဲပြီး ဘဝတစ်ခုကို အဆုံးထိထူထောင်ကြည့်ဖို့
ကိုယ်စိတ်ကူးယဉ်ကြည့်ခဲ့မိပါတယ်။ ဒါပေမဲ့လည်း ကိုယ့်ကိုချစ်တယ်လို့ ဘယ်တုန်းကမှ
ဖွင့်မပြောခဲ့ပါဘဲ အရာရာကိုလျှို့ဝှက်သေသပ်စွာ
ဟန်ဆောင်သိမ်းဆည်းထားနိုင်စွမ်းရှိခဲ့သူ ယောကျ်ားတစ်ယောက်ကိုမှ ...

ခမ်းမှာ အပြီးကလေးတစ်ပွင့်လျှပ်တစ်ပြတ် ဖြစ်ပေါ်သွားတာ ကိုယ်တွေ့လိုက်ရပါတယ်။

''မမ နှင်းဆီကြိုက်တတ်မှန်းသိလို့ အိမ်ကနှင်းဆီပန်းတွေခူးလာခဲ့တယ်လေ၊ မမနှစ်သက်တဲ့အရောင်ကိုပါ တစ်ပါတည်း ရွေးခူးခဲ့တယ်ရော့''

မင်းပေးတဲ့နှင်းဆီနီနီကလေးတွေကို မြတ်နိုးစွာလှမ်းယူရင်း ကိုယ့်လက်ကို ဆုံးစူးသွားခဲ့မိတယ်။ ဆူးကပဲအဆိပ်ရှိခဲ့သလား ကိုယ်ကပဲ အလျင်စလိုဖြစ်သွားသလား မသိခဲ့ဘူး၊ ကိုယ့်လက်မှာ စူးစူးအောင့်အောင့် ဝေဒနာကလေးခံစားလိုက်ရပါတယ်''

''အ''

''ဟင် မမ ဘာဖြစ်လို့လဲ၊ ဆူးစူးသွားပြီထင်တယ်၊ နှင်းဆီဆူးက အဆိပ်ရှိတယ်ဗျ၊ မှန်းစမ်း''

''အို''

သွေးစို့သွားတဲ့ကိုယ့်ရဲ့လက်ချောင်းကလေးကို ပါးစပ်ထဲငုံပြီး သွေးစုပ်ယူပေးလိုက်တဲ့မင်းရဲ့အပြုအမူတွေဟာ လျှပ်မြန်လွန်းတာကြောင့် ကိုယ် ဘယ်လိုမှတားဆီးချိန်မရလိုက်ပါဘူး။ အံ့သြမင်သက်မိစွာ ကိုယ်မင်းကို ငေးကြောင်ကြည့်နေမိခဲ့ပါတယ်။

''အဆိပ်တက်သွားသေးလား''

မင်းကမေးလိုက်တာကို ကိုယ် ယောင်ယမ်း ခေါင်းညိတ်မိသွားတယ်။ အမှန်တကယ်လည်း ကိုယ်အဆိပ်သင့်သွားခဲ့ပါတယ်ကွယ်။ ဒါပေမဲ့ လက်မှာသင့်တဲ့အဆိပ်က မပြောပလောက်ပေမယ့် ရင်ထဲမှာ သင့်တဲ့အဆိပ်ကတော့ ပိုပြီးနာကျင်စေခဲ့တာ အမှန်ပါပဲ။ အဲဒီနေ့က မင်းဟာ ကိုယ့်ကို ဂရုတစိုက် ကြင်နာယုယခဲ့ပေမယ့်လည်း ကိုယ်မျှော်လင့်ခဲ့သော စကားလေးနှစ်ခွန်းကိုတော့ မင်း ဖွင့်ပြောမသွားခဲ့ပါဘူး။ ကိုယ် တန်ဖိုးကြီးစွာ မျှော်လင့်ခဲ့မိတဲ့ လွတ်လပ်သောအချိန်လေးကို အေးစက်စက်နဲ့ မသိကျိုးကျွန်ပြုခဲ့သူမင်းကိုသာ ကိုယ်နားမလည်နိုင်အောင် ဖြစ်ခဲ့မိပါတော့တယ်။

+ + + + + +



ကိုယ်ဟာ မင်းကို ဘာကြောင့်များ စွဲလမ်းမိခဲ့သလဲဆိုတဲ့ မေးခွန်းတစ်ခု ကိုယ့် ကိုယ်ကိုယ် ပြန်မေးကြည့်ချင်မိခဲ့ပါ တယ်။ ခုံညားလှသောမျက်နှာပေါ်က ထူထဲမည်းနက်နေသော မင်းရဲ့မျက်ခုံးနှစ်ဖက်ကပဲ မင်းရဲ့ယောကျ်ားပီသမှုကို ပိုပြီးအစွမ်းဖြည့်ပေးထားခဲ့လို့လား။ ရိတ်သိမ်းပြီးကာစ အစိမ်းရောင်သန်းနေခဲ့သော နူတ်ခမ်းမွေးနဲ့ ပါးသိုင်းမွေးသဲ့သဲ့တွေကပဲ မင်းရဲ့ဥပဓိရုပ်ကို ပိုမိုခုံညားစေခဲ့လို့လားဆိုတာ ဝေခွဲရနိုင်ပေမယ့်လည်း လေးထောင့်စပ်စပ်နဲ့ တည်ငြိမ်ခုံညားလှသောမင်းမျက်နှာဘေးတိုက်ကလေးကို မဝတမ်းငေးမောကြည့်ချင်နေခဲ့မိတာကိုက ကိုယ့်ရဲ့စွဲလမ်းတောင့်တခြင်းတစ်ခုပါပဲ။

အဝတ်အစားကို ပုံစံဒီဇိုင်းဆန်းဆန်း ဝတ်ဆင်လေ့မရှိပါပဲ ကျေးကွက်စိပ်စိပ် အဆင်တွေကိုသာ အရောင်အမျိုးမျိုးရွေးချယ်ဝတ်ဆင်ခဲ့သော မင်းနှစ်သက်သည့် တီရှပ်အင်္ကျီတွေကပဲ မင်းနဲ့လိုက်ဖက်လွန်းအောင် ကြည့်ကောင်းနေခဲ့သလား၊ လေးစားစရာကောင်းအောင် တည်ကြည်မှုရှိသော မင်းရဲ့အမူအရာတွေကပဲ ကိုယ့်ကို စွဲမက်စေနိုင်ခဲ့သလား မင်းဟာ ကိုယ့်ထက် အသက်သုံးနှစ်မျှလောက်ငယ်ပေမယ့်လည်း ဖေဖေ၊ မေမေတို့ရဲ့စကားကို အလေးထားရှိသေတတ်ခြင်း၊ ကိုယ့်မိသားစုရဲ့လိုအပ်ချက်ကလေးတွေကို ကူညီပေးခဲ့ခြင်း၊ ကိုယ်က မစေခိုင်းဘဲနဲ့လည်း ကိုယ်ကြိုက်တတ်သော စားစရာလေးတွေ မကြာခဏဝယ်လာပေးတတ်ခြင်း၊ အလိုက်တသိနဲ့ အဲဒီလိုလုပ်ဆောင်ပေးတတ်တာတွေကပဲ မင်းကို စွဲလမ်းလောက်အောင်ဖြစ်စေနိုင်ခဲ့သလား။

ဆံပင်ကို တိုတိုရှင်းရှင်းထားတတ်တာမို့ ကော်လံအထက်နားက လစ်ဟာနေခဲ့သော မင်းရဲ့ဂုတ်သားပြည့်ပြည့်လေးတွေဟာ ကိုယ့်ရင်ကို တသိမ့်သိမ့်နဲ့ လှိုက်ဖိုဆွဲဆောင်နိုင်စွမ်းအရှိခဲ့ဆုံး အရာတစ်ခုဆိုတာ ကိုယ်ငြင်းပယ်လို့မရခဲ့ဘူးလေ။ ကိုယ် ဟာရုပ်ရည်ချောမောလှပလွန်းသူတစ်ယောက်မဟုတ်ပေမယ့် သာမန်ကြည့်ပျော်ရွှင်ပျော်ရုပ်ရည်မျိုးလောက်တော့ရှိခဲ့သူပါ။ ကွန်ဒြေသိက္ခာကို လုံခြုံအောင်ထိန်းသိမ်းရင်း မိန်းမကောင်းတစ်ယောက်ဖြစ်နိုင်ဖို့ ကြိုးစားရင်း ယောကျ်ားတကာတို့ရဲ့ သွေးတိုးစမ်းအကြည့်အမျိုးမျိုးကို ကွန်ဒြေနဲ့ ပယ်ခွာရှောင်

တိမ်းလို့ တစ်ကိုယ်တည်းနေထိုင်လာခဲ့တာ ခုဆို ကိုယ့်အသက် သုံးဆယ့်ငါးနှစ်ပြည့်ခဲ့ပါပြီ။ မမျော်လင့်ဘဲ မင်းရဲ့အေးစက်စက် နိုင်လွန်းသေအကြည့်စူးစူးတွေနဲ့ရင်ဆိုင်ခဲ့ရပြီးနောက်ပိုင်းမှပဲ ကိုယ်ဘာကြောင့်များ ရင်ခုန်တတ်ခဲ့သလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် နားမလည်နိုင်အောင်ဖြစ်ခဲ့မိပါတယ်။ မင်းကို နေ့စဉ်လိုလို မြင်တွေ့နေရတာကြောင့် မင်းကို ပိုင်ဆိုင်ချင်စိတ်တွေ ကိုယ့်ရင်မှာ ထိန်းမရနိုင်အောင် ဖြစ်ပေါ်ခဲ့မိပါတယ်။

ကိုယ့်ရင်မှာ ပရမ်းပတာယိမ်းယိုင်လှုပ်ရှားနေခဲ့ရသလောက် မင်းကတော့ ကျောက်ဆစ်ရုပ်တစ်ရုပ်လို တည်ငြိမ်စွာနေနိုင်ခဲ့သလိုပဲနော်။ ကိုယ်လိုအပ်တဲ့အခါတိုင်း အကူအညီတွေပုံအောပေးခဲ့ပြီး ကိုယ်စိတ်ဝင်စားမှုရှိလာအောင် ရိုးသားမှုတွေနဲ့ သွေးဆောင်ဗန်းပြခဲ့ပြီးကာမှ ကိုယ်နဲ့တွေ့ဆုံချိန်တိုင်းမှာတော့ ကိုယ့်အပေါ်ချစ်ကြောင်းတွေ တစ်ခွန်းမှ ဖွင့်ဟမပြောဆိုခဲ့ပါဘဲ အေးတိအေးစက်နဲ့နေပြခဲ့တာကို ကိုယ် မင်းကို နားမလည်နိုင်ခဲ့ပါဘူး။

+ + + + + +

ဒီအပင်ကြီးအောက်မှာ ကိုယ်ရပ်နေခဲ့တာ ခုဆို တစ်နာရီနီးပါးခန့်လောက်ရှိသွားခဲ့ပါပြီ။ အရိပ်ကောင်းပေမယ့်လည်း စောစောက အုပ်ဆိုင်းခဲ့သောနေရာလေးဟာ ခုဆိုရင် နေပြောက်တွေတောင် ကိုယ့်ခြေထောက်ပေါ် ရောက်နေခဲ့ပြီ။ လူရှင်းသောလမ်းချိုးကလေးမှာ မိန်းကလေးတစ်ယောက်တည်း ရှိနေတယ်ဆိုတဲ့အသိက ကိုယ့်ရဲ့စိတ်တွေကို ဘယ်လောက်များ အားငယ်စိုးရွံ့စေခဲ့မလဲဆိုတာ မင်း ကိုယ်ချင်းစာမိဖို့ ကောင်းမှာပါ။ တစ်ယောက်ယောက်ကို မျှော်လင့်စောင့်စားနေဟန်မို့ တချို့က ကိုယ့်ကိုစနောက်လှောင်ပြောင်သွားခဲ့ကြပါတယ်။ အချို့ကတော့ စောင်းငဲ့ကြည့်ရင်း တီးတိုးတီးတိုးနဲ့ အတင်းပြောသွားတတ်ကြသေးတယ်လေ။

''မမရုံးဆင်းရင် မောင်မောင် ရောက်ချင်ရောက်လာခဲ့မယ်နော်၊ ဘုရားရှိခိုးကျောင်းနံဘေးမှာ ခဏစောင့်နေကြည့်ပါ''

မင်းရဲ့ မတင်မကျချိန်းဆိုမှုကိုအလေးထားပြီး ကိုယ်ဒီနေရာမှာ လာစောင့်နေခဲ့ရခြင်းပါပဲ။ မင်းလာမယ်၊ မလာဘူးဆိုတာ အတိအကျမသိနိုင်ပေမယ့် မင်းနဲ့တွေ့ရဖို့ တထစ်ချယုံကြည်မိရင်းက မင်းကို ကိုယ် မျှော်လင့်စောင့်စားနေမိခဲ့ပါတယ်။ မင်းရဲ့ဆိုင်ကယ်နောက်မှာ အတူတူထိုင်စီးရင်း မင်းနဲ့နီးကပ်စွာ အသားချင်းထိတွေ့မိတိုင်း ဖိလှိုက်စွာခံစားရမယ့်အရသာလေးကို ပြန်တွေးကြည့်ရင်း ကိုယ့်ရင်မှာစွဲလမ်းမက်မောရလောက်အောင် ထင်ကျန်စေမယ့် မင်းရဲ့ကိုယ်သင်းရနံ့လေးကို အနီးကပ်ရှုရှိုက်နိုင်ဖို့ မျှော်လင့်ရင်းနဲ့ ရုံးမှာ အလုပ်ကိုစိတ်မဝင်စားနိုင်လောက်အောင် ကိုယ်မင်းကို တစ်နေကုန် တမ်းတလွမ်းဆွတ်နေခဲ့မိပါတယ်။

ခုတော့ ချိန်းဆိုထားပြီး အချိန်လွန်သည်အထိ ရောက်မလာခဲ့သေးသော မင်းကို အပြစ်တင်ရမလား။ ''ဇော် ရောက်ချင်ရောက်လာခဲ့မယ်လေ''ဆိုတဲ့ မတင်မကျမရေရာလှသောမင်းရဲ့စကားကို အလေးထားပြီးပဲ လာရောက်စောင့်ဆိုင်းနေခဲ့မိသော ကိုယ့်ကိုယ်ကိုယ်ပဲ အပြစ်ဖို့ရမလား ဆိုတာတွေးရင်း ကိုယ် သက်ပြင်းအခါခါ ချနေမိခဲ့ပါတယ်။ ကိုယ်ဒီနေရာလေးမှာပဲ ဆက်ရပ်နေရမလား။ မင်းကို ဆက်စောင့်နေရဦးမည်လားဆိုတာ စဉ်းစားနေရင်းပဲ ဒီအပင်ကြီးအောက်ကရွှေလျားဖို့ ကိုယ့် ခြေလှမ်းတွေ တဒင်္ဂတ်ဆိုင်းနေခဲ့မိတယ်။ ပထမမြန်မာနှစ်ခြင်းအသင်းတော် ခရစ် ယာန်ဘုရားရှိခိုးကျောင်းကြီးရဲ့နာရီစင်ကညနေလေးနာရီထိုးသံ တဒင်္ဒင်နှင့်ကြားလိုက်ရတော့မှပဲ ဒီအချိန်ဆို မင်းရောက်မလာတတ်တော့မှန်း ကိုယ်သိလိုက်ရပါပြီ။ လေးပင့်သောခြေလှမ်းတွေကိုလှမ်းရင်း စိတ်မပါတပါဖြင့် အပင်ကြီးအောက်မှအထွက် ဖုတ်ကနဲ ကိုယ့်ရှေ့ကိုကြွေလွင့်လာသော အကြွေပန်းကလေးကို မနင်းမိအောင် ကိုယ့်ခြေလှမ်းကို တိမ်းရှောင်လိုက်ရတယ်။

သေသေချာချာကြည့်မိတော့မှ ကံ့ကော်ပွင့်ကလေး ဖြစ်နေမှန်းသိရတယ်။ ပွင့်ကြွေလေးကို နှစ်သက်စွာကောက်ယူမိရင်း တစ်နာရီနည်းပါးမျှ အရိပ်ခိုခဲ့ရသည့် အပင်ကြီးကိုတောင် ကံ့ကော်ပင်လို့ မသိနိုင်လောက်အောင် မင်းကိုမျှော်လင့်ခဲ့မိသည့် အဖြစ်ကလေးကိုတွေးရင်း ကိုယ် ရှက်ပြုံးလေးတစ်ပွင့်ပြုံးမိသွားခဲ့တယ်။ မင်းဟာ ကိုယ့်ကို အဲဒီလောက်ထိ လွှမ်းမိုးနိုင်လွန်းခဲ့တာပါကွယ်။

+ + + + + +

''ဒီအသက်အရွယ်အထိ အိမ်ထောင်မပြုဘဲ အေးစက်စက်နဲ့ တစ်ကိုယ်တည်း နေနိုင်ခဲ့တဲ့မိန်းမတစ်ယောက်ရဲ့နှလုံးသားမှာ အချစ်ဆိုတဲ့အရာ ရှိ၊ မရှိ နည်းနည်းစမ်းသပ်ကြည့်လိုက်မိတာလေ''

''ဟင်''

ဒီအသက်အရွယ်အထိ အိမ်ထောင်မပြုဘဲ အေးစက်စက်နဲ့ တစ်ကိုယ်တည်း နေနိုင်ခဲ့တဲ့ မိန်းမတစ်ယောက်ရဲ့နှလုံးသားမှာ အချစ်ဆိုတဲ့အရာ ရှိ၊ မရှိ နည်းနည်းစမ်းသပ်ကြည့်လိုက်မိတာလေ...



လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်လုဆဲဆဲ ဖြစ်နေခဲ့သောကိုယ့်ခြေလှမ်းတွေကို နောက်တစ်လှမ်းပြန်ဆုတ်လိုက်ရတယ်။ ကိုယ့် နားထဲမှာ အမြဲတမ်းစွဲလမ်းထင်ကျန်နေရစ်စေခဲ့တဲ့အသံ။ ဘယ်နေရာ ဘယ်ရောက်ရောက်၊ ဘယ်လောက်ဝေးဝေး လွဲမှားသံသယမရှိနိုင်လောက်အောင် မြတ်နိုးခဲ့ရသောအသံလေးမို့ အသံရှင်ဟာ မင်းမှန်းကိုယ် တထစ်ချသိလိုက်ရပါတယ်။ မင်းကို စောင့်နေရာက ဆာလောင်မှုနဲ့အတူ တစ်ခုခုစားဖို့ရည်ရွယ်ပြီး နီးရာလက်ဖက်ရည်ဆိုင်ထဲအဝင် မထင်မှတ်သောစကားသံကြောင့် ကိုယ်ဆိုင်ထဲမဝင်ဖြစ်တော့ပါဘူး။ နံရံနံဘေးကိုတိုးကပ်ရင်း နောက်ထပ်ထွက်ပေါ်လာမယ့်စကားသံတွေကို ဆက်လက်နားစွင့်နေလိုက်မိပါတယ်။

''မင်းရဲ့စမ်းသပ်ချက်တွေထဲမှာ အချစ်ကိုတွေ့ခဲ့ရဲ့လား၊ အမြန်ပြောစမ်းပါ''ဟု အခြားတစ်ယောက်က မေးလိုက်သံကို ထပ်မံကြားလိုက်ရတယ်။

''ဟ– ရှိရုံတင်ဘယ်ကပါ့မလဲကွာ၊ အချစ်တွေများလွန်းလို့ ငါ့တစ်ကိုယ်လုံးတောင် နစ်မြုပ်မတတ်ပဲ''

''မင်းစကားကို နားမလည်လို့ ရှင်းရှင်းလင်းလင်းပြောပြစမ်းပါ မောင်မောင်''

''ဒါဆိုလည်း နားထောင်ကွာ၊ မနေ့က မင်းတို့သုံးယောက်နဲ့ လောင်းကြေးလုပ်ပြီး မမကိုတွေ့ဖို့ ချိန်းခဲ့တာလေ၊ အဲဒါကို မမက တကယ်အလေးအနက်ထားပြီး လာစောင့်နေခဲ့တယ်၊ နာရီကိုငဲ့ကြည့်လိုက် ပတ်ဝန်းကျင်ကိုမျက်စိစကားလိုက်နဲ့ လမ်းချိုးမှာ ပေါ်လာမယ့်အရိပ်တွေကို ငါ့အထင်နဲ့ မျှော်လင့်နေခဲ့တာကိုကြည့်ပြီး ဟန်ဆောင်နေမိရာက ငါ မမကို ကရုဏာဖြစ်သွားမိတယ်၊ မသိအောင် တိတ်တိတ်စောင့်ကြည့်နေရာက မမနံဘေးကိုဖွတ်သွားချင်စိတ်တွေကို မနည်းထိန်းခဲ့ရတယ်၊ နေရာက လူပြတ်တော့ မမတစ်ယောက်တည်း စိတ်မချတာနဲ့ စောင့်ကြည့်မေးနေခဲ့လို့ ငါ ဒီကိုရောက်တာနောက်ကျခဲ့တယ်''

''ဟာကွာ၊ အမှန်ဆိုရင် မမ လာ၊ မလာစောင့်ကြည့်ရုံပဲလေ၊ လာတယ်ဆိုရင်ပဲ မင်းနိုင်နေပြီ၊ ခုတော့ မမကို ကရုဏာဖြစ်သွားတာရယ်၊ ငါတို့ဆီနောက်ကျမှ ရောက်ခဲ့တာရယ် အားလုံးခြုံလိုက်ရင် မင်း



နိုင်ကြေးအပြည့်ရတော့မှာ မဟုတ်ဘူး၊ သည်တော့ လောင်းကြေးသုံးသောင်းထဲက တစ်သောင်းကိုတော့ ငါတို့အတွက် တစ်ဝိုင်းစာ ပြန်ကျွေးခဲ့ကွာ''

''တော်ပါပြီ သည်လောင်းကြေးကိုလည်း ငါတစ်ပြားတစ်ချပ်မှမယူချင်တော့ဘူး၊ မင်းတို့သုံးယောက်သာ တစ်ယောက်ကို တစ်သောင်းစီပြန်ခွဲယူလိုက်ကြပေတော့၊ ဒီပွဲမှာ ငါမနိုင်ခဲ့ဘူးဆိုတာတော့ ဝန်ခံလိုက်ပါရစေ''

''ဟာ–ဒါက ဘယ်လိုဖြစ်ရပြန်တာလဲ မောင်မောင်''

''ဟုတ်တယ်နော် ဇော် မမဟာ အညာလွယ်တဲ့မိန်းမတစ်ယောက် မဟုတ်ပါဘူး၊ တန်ဖိုးထားပြီးလေးစားထိုက်တဲ့ မိန်းကလေးတစ်ယောက်ပါ၊ အပျိုကြီးဆိုပြီး ခပ်လွယ်လွယ်နဲ့ရလိုက်မယ်လို့ မင်းတို့တွေးထင်ခဲ့တာတွေ တစ်ခုမှမဟုတ်ဘူး၊ မမဟာ ကွန်ဒြေသိက္ခာရှိပြီး ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားတတ်တဲ့ မိန်းမကောင်းတစ်ယောက်မှန်း အနီးကပ်တွဲကြည့်မှပိုသိခဲ့ရတယ်၊ ပေါ့ပျက်ပျက် မတွေးခဲ့လို့လည်း သူ့ကိုယ်သူ ယုံကြည်မှုအပြည့်နဲ့ တစ်ယောက်တည်း မားမားမတ်မတ် ရပ်တည်နိုင်ခဲ့တာပါ၊ ဒါကြောင့် ဒီလိုဟန်ဆောင်လှည့်ဖြားပြီး ငါမကို ချစ်ရေးဆိုဖို့ ဘယ်တော့မှမကြိုးစားတော့ဘူး၊ ခုဆို သူတစ်ပါးကို နစ်နာစေခဲ့လို့ ထင်တယ်၊ ငါ့ရင်မှာ ဝေဒနာတစ်ခုဖြစ်ခဲ့တယ်၊ ဒါကြောင့် ဒီပွဲမှာ ငါမနိုင်ပါဘူးကွာ၊ ငါရှုံးပါတယ်၊ ဒီနိုင်ကြေးကို ကတိအတိုင်း ငါလက်မခံပါရစေနဲ့၊ မင်းတို့ပဲပြန်ယူလိုက်ကြပါတော''

မင်းရဲ့စကားအဆုံးမှာတော့ လက်ဖက်ရည်ဆိုင်နံဘေးက ကိုယ် အလျင်အမြန်ပဲ ပြေးထွက်ခဲ့မိတယ်။ ခုတော့ ယောကျ်ားတစ်ယောက်ရဲ့ အစမ်းသပ်ခံ ပစ်ကွင်းတစ်ခုထဲကိုမှ တည့်တည့်မတ်မတ်ဝင်ရောက်သွားခဲ့ရသော ကိုယ့်ရဲ့နှလုံးသားလေးကိုသာ ကိုယ်နမြောတသဖြစ်နေမိရုံပါပဲ။ ဒါပေမဲ့လည်း ကိုယ်မင်းကို အပြစ်မတင်ရက်ခဲ့ပါဘူးလေ။ မင်းကိုချစ်မိသွားခဲ့သောကိုယ့်မှာသာ အပြစ်ရှိခဲ့တာပါပဲ။ ကိုယ့်ကိုအလိုလိုက် အကြိုက်ဆောင်ပြီး ဟန်ဆောင်လှည့်စားခဲ့တာကိုမသိဘဲ မင်းအပေါ်မြတ်နိုးစိတ်တွေနဲ့ သာယာမှုကိုကြည်နူးခံစားမိရင်း အမှားအမှန်ကို မခွဲခြားတတ်နိုင်လောက်အောင် မိုက်မဲခဲ့မိသော ကိုယ့်နှလုံးသားကိုသာ ကိုယ် အမြဲတမ်းအပြစ်ဖို့နေပါ့မယ်။ ကိုယ့်အပေါ် ဟန်ဆောင်လှည့်ဖြားရုံ မကပါဘူးကွယ်။ မင်းကသာ ပေးလာခဲ့မယ်ဆိုရင် သောက ကိုလည်း ကိုယ်လက်ခံချင်မိဦးမယ်။ ဒုက္ခကိုလည်း ကိုယ်လိုချင်မိဦးမှာပါပဲ။ မင်းရဲ့ပြောင်းလဲမှုပုံရိပ်အမျိုးမျိုးတို့ကို ကြည်နူးစွာမြင်ချင်မိရင်း မင်းရဲ့ရက်စက်မှု၊ မုန်းတီးမှုအားလုံးကို ကိုယ်ကျေနပ်စွာ လက်ခံနေမိဦးမှာပါပဲလေ။ ဒါတင်မကသေးဘူး ကိုယ့်နှလုံးသားကို ဓားထက်ထက်နဲ့ တစ်ရစ်ပြီးတစ်ရစ် အမှန်းခံနေခဲ့ရရင်တောင် အဲဒီဓားကို နာကျည်းစွာစွန့်လွှတ်ဖို့ မစဉ်းစားနိုင်ဘဲ မြတ်နိုးစွာသိမ်းဆည်းထားရစ်ခဲ့ဦးမယ်ထင်ရဲ့။

ကဲ မင်းဆီက ဘာလာချင်ဦးမလဲကွယ်။ တကယ်တော့ ဒီပွဲမှာ မင်းမရှုံးခဲ့ပါဘူး။ မင်းနိုင်ပါတယ်။ တကယ်တမ်းရှုံးခဲ့သူဟာ ကိုယ်ပဲ ကိုယ်ပဲဖြစ်ခဲ့မှာပါကွယ်။ ။

တာရာလမင်း

CITY Cartoon



မြေငလျင်မိတ်ဆက်
Earthquake Tips

ငလျင်လှုပ်နေစဉ်အတွင်း ဗိသုကာဆိုင်ရာအင်္ဂါရပ်များသည် အဆောက်အဦများကို မည်သို့ထိခိုက်စေသနည်း

ငလျင်ဒီဇိုင်း စံသတ်မှတ်ချက်များ၏ အရေးပါပုံ

ငလျင်လှုပ်ခတ်စဉ် မြေပြင်တုန်ခါမှုများကြောင့် အဆောက်အအုံများတွင် အနည်းနှင့်အများဆိုသလို ပုံပျက်ယွင်းမှုများ ဖြစ်စေသည်။ အဆောက်အအုံများသည် သက်ရောက်လာသော ငလျင်အားများကြောင့် ပုံပျက်ယွင်းမှုများကို ခံနိုင်ရည်ရှိအောင် ဒီဇိုင်းပြုလုပ်သင့်သည်။ အဆောက်အအုံများ ဆောက်လုပ်ခြင်းအတွက် ငလျင်ဒီဇိုင်းစံသတ်မှတ်ချက်များ ထားရှိပေးခြင်းသည် အဆောက်အအုံများကို ငလျင်ဒဏ်ပိုမိုခံနိုင်စေကာ လူသားတို့၏ အသက်အိုးအိမ်ဆုံးရှုံးမှုများကို သိသိသာသာ လျော့နည်းစေနိုင်သည်။ ကမ္ဘာတစ်ပျမ်းရှိ နိုင်ငံအတော်တော်များများတွင် ဒီဇိုင်းအင်ဂျင်နီယာများအတွက် အဆောက်အအုံများ စီမံကိန်းရေးဆွဲခြင်း၊ ဒီဇိုင်းထုတ်ခြင်း၊ အသေးစိတ်စီစဉ်ခြင်းနှင့် တည်ဆောက်ခြင်းလုပ်ငန်းများတွင် လိုက်နာနိုင်ရန် ကောက်နှုတ်ဖော်ပြထားသော ငလျင်ဆိုင်ရာသတ်မှတ်ချက်နည်းလမ်းများရှိသည်။ ငလျင်ဒဏ်ခံ အဆောက်အအုံများတွင် အောက်ဖေါ်ပြပါ အရည်အချင်း လေးမျိုးရှိသည်။

(က) ကောင်းမွန်သော အဆောက်အအုံ သွင်ပြင်လက္ခဏာ - အဆောက်အအုံ၏ အရွယ်အစား၊ ပုံသဏ္ဌာန်နှင့် ပန်ထမ်းစနစ်တို့တွင် မြေပြင်ဆီသို့ ငလျင်လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လာသောအားများကို အဆင်ပြေချောမွေ့စွာ ကူးပြောင်းနိုင်ရန် ပြုလုပ်ထားသည်။

(ခ) ဘေးတိုက်ခံနိုင်ရည်ရှိသည် - အဆောက်အအုံမှ ခံနိုင်သော အမြင့်ဆုံး ဘေးတိုက်ခံနိုင်အား ဆိုသည်မှာ ထိုအဆောက်အအုံ မပြိုပျက်ခင်အခြေအနေထိ ခံနိုင်မည့် အားကို ဆိုလိုသည်။

(ဂ) လုံလောက်သော တောင့်တင်းခိုင်မာရည် - ၄င်း၏ဘေးတိုက်တွန်းအား ခံနိုင်မှုရှိသော စနစ်ဆိုသည်မှာ ငလျင်ငယ်နှင့် အလယ် အလတ်ငလျင်များ လှုပ်သောအခါ အဆောက်အအုံတွင် ငလျင်ကြောင့်ဖြစ်ပေါ်သော ပုံပျက်ယွင်းမှုသည် ၄င်းရှိအစိတ်အပိုင်းများကို မပျက်စီးစေခြင်း ဖြစ်သည်။

(ဃ) ကောင်းမွန်သော ကွေးညွှတ်နိုင်ရည် - ပြင်းထန်သော ငလျင် လှုပ်ခါမှုတွင် အဆောက်အအုံ၏ အဆုံးစွန်ခံနိုင်ရည်အားကို ကျော်လွန်ရောက်ရှိသွားပြီး အဆောက်အအုံတွင် ကြီးကြီးမားမား ပုံပျက်ယွင်းသွားသည့် အခါတွင်ပင် သင့်တော်သည့်ဒီဇိုင်းနှင့် အသေးစိတ်နည်းစနစ်များကို အသုံးပြု၍ ၄င်းအဆောက်အအုံ၏စွမ်းရည်ကို မြှင့်တင်ပေးနိုင်သည်။

ငလျင်ဒီဇိုင်းစံသတ်မှတ်ချက်များသည် ယင်းကဲ့သို့သော အားလုံးကို ခြုံငုံရန် ရေးဆွဲထားကြသည်။

မြန်မာနိုင်ငံ၏ ငလျင်ဒီဇိုင်းစံသတ်မှတ်ချက်များ

ငလျင်ဒီဇိုင်းစံသတ်မှတ်ချက်များသည် ဒေသတစ်ခုခြင်းစီနှင့် တိုင်းပြည်တစ်ခုခြင်းစီအတွက် ကွာခြားမှုရှိသည်။ ဒေသဆိုင်ရာ ငလျင်ပညာ၊ ငလျင်အန္တရာယ်၊ အဆောက်အအုံ အမျိုးအစား၊ တည်ဆောက်ရေးပစ္စည်းများနှင့် နည်းလမ်းများအား ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ ထို့ထက်ပို၍ ငလျင်ဒီဇိုင်းစံသတ်မှတ်ချက်များသည် ငလျင်ဆိုင်ရာ အင်ဂျင်နီယာလုပ်ငန်းနယ်ပယ်တွင် တိုင်းပြည်တစ်ခုမှ လုပ်ဆောင်နိုင်သော တိုးတက်မှု အဆင့်ကိုလည်း ညွှန်ပြပေးနိုင်သည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံးတရားဝင် အဆောက်အအုံဆိုင်ရာစည်းမျဉ်းများ (Myanmar National Building Code) ကို ၂၀၁၂ ခုနှစ်တွင် ယာယီအဖြစ် ထုတ်ဝေခဲ့ပြီး ဖြစ်သည်။ ၄င်း Myanmar National Building Code တွင် ငလျင်ဒဏ်ခံ အဆောက်အအုံဒီဇိုင်းအတွက် အခြေခံစည်းမျဉ်းများနှင့် သတ်မှတ်ချက်များ ပါရှိသည်။ ၄င်းသတ်မှတ်ချက်ကို Myanmar National Building Code - Provisional ၏ အခန်း (၃.၄) တွင် အသေးစိတ် လေ့လာနိုင်ပါသည်။

Myanmar National Building Code-Provisional (Section 3.4) Seismic Design Criteria and Design Requirements for Buildings

- Section 3.4.1 Seismic Design Criteria
- Section 3.4.2 Seismic Design Requirements for Buildings Structures
- Section 3.4.3 Seismic Response History Procedures
- Section 3.4.4 Site-Specific Ground Motion Procedures for Seismic Design

၄င်းစံနှုန်းများရှိ စည်းမျဉ်းများသည် ငလျင်မည်မျှ လှုပ်လှုပ် အဆောက်အအုံအနေဖြင့် ပျက်စီးမှုမရှိနိုင်ဟု အာမမခံပါ။ သို့သော် ပြင်းထန်သောငလျင်ကြီးများ လှုပ်သောအခါတွင် အဆောက်အအုံကို ဆိုးပါးစွာပြိုကျမှုမဖြစ်စေရန်၊ တစ်ဖန် ပြင်းအား အလယ်အလတ်ရှိသော ငလျင်များလှုပ်သောအခါ

အဆောက်အအုံ၏ အဓိကအရေးကြီး အစိတ်အပိုင်းများ ပျက်စီးမှု မရှိစေရန်ဖြစ်သည်။

Myanmar National Building Code: Section 3.4.1

မြန်မာနိုင်ငံ အဆောက်အအုံဒီဇိုင်းဆိုင်ရာ စည်းမျဉ်းများ၏ အပိုင်း (၃.၄.၁) တွင် အဆောက်အအုံများကို လျင်ဒဏ် ခံနိုင်စေရန် ဒီဇိုင်းပြုလုပ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်အလက်များကို ဖေါ်ပြထားသည်။ အဆောက်အအုံတည်ရှိသော လျင်ဇုံအလိုက် ဒီဇိုင်းပြုလုပ်ရာတွင် ထည့်သွင်းစဉ်းစားရမည့် မြေကြီး၏ အရှိန်ပမာဏများကို မြို့ကြီးများအတွက် ဖေါ်ပြထားသည်။ (ဇယား - ၁ တွင်ကြည့်ပါ။)

ဇယား (၁) 0.2s (Ss) and 1.0s (S1) Spectral Response Acceleration

Sr. No.	City/Town	S_s	S_1	Remarks
1.	Bagan	1.55	0.62	
2.	Bago (Pegu)	1.07	0.43	
3.	Bhamo	0.66	0.26	
4.	Coco Islands (Great Coco Island)	1.18	0.47	
5.	Dawei (Tavoy)	0.25	0.10	
6.	Hakha	1.87	0.75	
7.	Hpa-An (Pa-An)	0.74	0.30	
8.	Kengtung	1.32	0.52	
9.	Kyaukpyu (Kyaukphyu)	0.84	0.33	
10.	Labutta	0.64	0.26	
11.	Lashio	0.48	0.19	
12.	Loikaw	1.41	0.56	
13.	Magwe	1.45	0.58	
14.	Mandalay	2.01	0.80	
15.	Mawlamyine (Mawlamyaing)	0.74	0.30	
16.	Meiktila	2.07	0.83	
17.	Monywa	1.72	0.69	
18.	Myitkyina	1.70	0.68	
19.	Naypyitaw	1.32	0.53	
20.	Pokakku	1.54	0.61	
21.	Pathein (Bassein)	0.87	0.35	
22.	Putao	2.05	0.82	
23.	Pyay (Prome)	0.80	0.32	
24.	Pyinmana	1.32	0.53	
25.	Sagaing	2.12	0.85	
26.	Shwebo	2.25	0.90	
27.	Sittwe (Akyab)	1.26	0.50	
28.	Taungoo	1.20	0.48	
29.	Taunggyi	1.69	0.68	
30.	Thandwe (Sandoway)	0.88	0.35	
31.	Yangon (Rangoon)	0.77	0.31	

Note: Long –period transition period T_L it to be taken as 6 sec.

Myanmar National Building Code: Section 3.4.2

အပိုင်း (၃.၄.၂) တွင် လျင်ဒဏ်ခံအဆောက်အအုံ ဒီဇိုင်းပြုလုပ်ရာတွင် လိုက်နာရမည့် နည်းအဆင့်ဆင့်နှင့်သတ်မှတ်ချက်များကို ဖေါ်ပြထားသည်။ သတ်မှတ်ချက်များတွင် အဆောက်အအုံ၏ ပုံသဏ္ဌာန်အချိုးအစားကိုအလိုက် ထပ်တိုးစဉ်းစားရမည့် လျင်အားများ၊ ဂန်အားအတွဲများ (Load Combination)၊ အဆောက်အအုံ၏ အသုံးပြုမှုအလိုက် ခွင့်ပြုနိုင်သော ဘေးတိုက်အရွေ့တန်ဖိုးများနှင့် သံကူကွန်ကရစ်ကိုယ်ထည်နှင့် ကွန်ကရစ်နံရံပါ အဆောက်အအုံများ၏ ကွေးညွတ်မှုဆိုင်ရာ အသေးစိတ် အချက်အလက်များအတွက် သတ်မှတ်ချက်များ ပါဝင်သည်။ လျင်အဖြစ်များသောဒေသရှိ အဆောက်အအုံများတွင် ကွေးညွတ်လွယ်ဒီဇိုင်းနှင့် အသေးစိတ်အချက်များ စဉ်းစားရန် လိုအပ်သည်။

တံတားများအတွက်သတ်မှတ်ချက်များ

တံတားများအတွက်လည်း လျင်ဒီဇိုင်းကို ဌာနဆိုင်ရာ စံသတ်မှတ်ချက်များဖြင့် ဒီဇိုင်းပြုလုပ်ကြသည်။ အဝေးပြေးလမ်းရှိ တံတားအားလုံးနှင့် ရထားလမ်းရှိ တံတားများကို သက်ဆိုင်ရာ ဌာန တံတားစံသတ်မှတ်ချက်များအရ ပြုလုပ်ရန် လိုအပ်သည်။

နိဂုံး

လျင်လှုပ်ခတ်လေ့ရှိသော ဖွံ့ဖြိုးပြီးနိုင်ငံများတွင် လျင်ဆိုင်ရာသုတေသနပြု လေ့လာချက်များ ကောင်းစွာတိုးတက်ခဲ့ပြီး ဖြစ်သည်။ ဂျပန်၊ နယူးဇီလန်နှင့် အမေရိကန်ပြည်ထောင်စုကဲ့သို့သော နိုင်ငံများတွင် အသေးစိတ်ကျသော လျင်ဆိုင်ရာစံသတ်မှတ်များ၊ ပြဋ္ဌာန်းချက်များရှိသည်။ လျင်ဘေးအန္တရာယ်များမှ လုံခြုံစိတ်ချရမှု ရှိစေရန်အတွက် အဓိကသော့ချက်မှာ လက်တွေ့တည်ဆောက်နေသော လုပ်ငန်းများတွင် ယင်းဒီဇိုင်း သတ်မှတ်ချက်များကို အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အတွက် ထိရောက်သော လုပ်ထုံးလုပ်နည်းများ ချမှတ်ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။

ဘာဆာပြန်ဆိုသူ
မြန်မာနိုင်ငံ ဓမ္မဒေလျင် ကော်မတီ
မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ရန်ကုန်ပြို့

ရည်ညွှန်း

C.V.R.Murty, Indian Institute of Technology Kanpur, India / Earthquake Tips Volume 11 ကို ဆီလျော်အောင် ဘာသာပြန်ပါသည်


This publication has been produced by UN-Habitat in collaboration with Myanmar Engineering Society, Myanmar Geoscience Society, Myanmar Earthquake Committee supported by Norwegian Ministry of Foreign Affairs and European Humanitarian Aid and Civil Protection.

မြေငလျင်မိတ်ဆက်
Earthquake Tips

ငလျင်လှုပ်နေစဉ်အတွင်း ဗိသုကာဆိုင်ရာအင်္ဂါရုပ်များသည် အဆောက်အဦများကို မည်သို့ထိခိုက်စေသနည်း

တိုက်ခံ အဆောက်အအုံ၌ အုတ်နံရံများလုပ်ဆောင်ပုံ

တိုက်ခံအဆောက်အအုံများ၌ အုတ်နံရံများသည် ကြွတ်ဆတ်သော သဘောရှိသောကြောင့် လျင်ပြင်းပြင်း လှုပ်ပါက အလွယ်တကူ ပြိုကျပျက်စီးနိုင်ပါသည်။ ထို့ကြောင့် တိုက်ခံအဆောက်အအုံများကို ဒီဇိုင်းပြုလုပ်ရာတွင် ငလျင်ဒဏ် ခံနိုင်အောင် ဒီဇိုင်းပြုလုပ်ရန် အလွန်အရေးကြီးပါသည်။




ငလျင်လှုပ်ခတ်စဉ် မြေပြင်တုန်ခါမှုများကြောင့် အဆောက်အအုံတွင် inertia ဟုခေါ်သော အရှိန်အားများကို ဖြစ်ပေါ်စေသည်။ တိုက်ခံအဆောက်အအုံ၏ အဓိကအစိတ် အပိုင်းသုံးခုဖြစ်သော ခေါင်မိုး၊ အုတ်နံရံနှင့် အုတ်မြစ်တို့တွင် အုတ်နံရံများသည် ငလျင်ကြောင့် ထိခိုက်ပျက်စီးရန် အလွယ်ကူဆုံးအပိုင်းဖြစ်သည်။ အုတ်နံရံမျက်နှာပြင်နှင့်အပြိုင် တွန်းအား သက်ရောက်သောအခါတွင်မူ ပိုမိုခံနိုင်ရည်ရှိသည်ကို တွေ့ရှိရမည်ဖြစ်သော်လည်း အုတ်နံရံမျက်နှာပြင်နှင့် ထောင့်မှန်ကျ အတိုင်း အားသက်ရောက်လိုက်ပါက ၎င်းအုတ်နံရံသည် အလွယ်တကူ ပြိုလဲကျသွားပေမည်။ ။ (ပုံ ၁ ကို ကြည့်ပါ။)

ငလျင်လှုပ်ခတ်စဉ်တွင် မြေထုသည် ဘေးတိုက်နှင့် အပေါ်အောက်လားရာ နှစ်ခုလုံးတွင် တပြိုင်တည်း တုန်ခါသည်။ (စာစဉ်အမှတ် - ၅ တွင် အသေးစိတ်ကြည့်ပါ) သာမန် တိုက်ခံအဆောက်အအုံများအတွက်မူ ဘေးတိုက်ငလျင် တုန်ခါမှုကြောင့် ပို၍ ပျက်စီးစေသည်။ အုတ်နံရံများအားလုံးသည် တပတ်လည် ချိတ်ဆက်မှု မရှိလျှင်၊ အုတ်နံရံ၏ ခံနိုင်ရည်အားနည်းသော ဘေးတိုက်လားရာအတိုင်း (တစ်နည်းအားဖြင့် အုတ်နံရံ မျက်နှာပြင်နှင့် ထောင့်မှန်ကျအတိုင်း) တွန်းအား သက်ရောက်ခံရပါက အလွယ်တကူ ပြိုလဲကျသွားပေမည်။ (ပုံ ၂ က ကို ကြည့်ပါ။)

ငလျင်ဒဏ်ခံနိုင်စေရန် တိုက်ခံအဆောက်အအုံရှိ အုတ်နံရံများအားလုံးသည် တစ်ခုနှင့်တစ်ခု ကောင်းစွာ တွဲဆက်နေရပေမည်။ သို့မှသာ ဘေးတိုက်တွန်းအားသက်ရောက်ခံရပါက အုတ်နံရံတစ်ခုသည် အခြားနံရံများ၏ အကူအညီဖြင့် ဘေးတိုက်တွန်းအားကို ကောင်းစွာ ထမ်းနိုင်ပေမည်။ ပုံ (၂-ခ) ကို ကြည့်ပါ။ ထိုနည်းတူ အုတ်နံရံများ၊ ခေါင်မိုး၊ အောက်ခံ အုတ်မြစ်တို့သည်လည်း တစ်ခုနှင့် တစ်ခု ကောင်းစွာ ချိတ်ဆက် နေရန်လိုအပ်သည်။

အုတ်နံရံများ၏ ငလျင်ဒဏ်ခံနိုင်ရည်ကို မည်ကဲ့သို့ မြှင့်တင်မည်နည်း

အုတ်နံရံများ၏ အထူသည် ၎င်း၏အမြင့်၊ အလျားတို့နှင့် နှိုင်းစာလျှင် သေးသွယ်ပါးလျသည်ဟု ပြောရပေမည်။ ငလျင်လှုပ်စဉ်အတွင်း ၎င်းအုတ်နံရံများ ကောင်းစွာ ခံနိုင်ရည်ရှိစေရန် အပေါ်ပိုင်းရှိ ခေါင်မိုးမှသည် နံရံအောက်ဖက်ရှိ အုတ်မြစ်အထိ လေးထောင့်တုံးတစ်ခုကဲ့သို့ တစ်သားတည်း ပြုမူရန် လိုအပ်သည်။ အုတ်နံရံများ အချင်းချင်း တွဲဆက်ပြီး လေးထောင့်တုံး တစ်ခုကဲ့သို့ ပြုမူရန် အင်ဂျင်နီယာဆိုင်ရာအမြင်များ လိုအပ်သည်။ အုတ်နံရံများကြား ချိတ်ဆက်မှု ကောင်းမွန်စေရန် (၁) ထောင့်ချိုးအဆက်နေရာများတွင် အုတ်လွှာများနှင့် သရွတ်တို့ ကောင်းမွန်စွာ ချိတ်ဆက်မှုရှိစေခြင်း၊ (၂) အုတ်နံရံအမြင့် တစ်လျှောက် သင့်တော်သည့်နေရာများတွင် ရေပြင်ညီ တပတ်လည်တန်းများ (plinth beams) ထည့်သွင်းခြင်း၊ အထူးသဖြင့်


ပြိုကျ
(၁)
(၂)
(၃)
ပြိုကျ
လျင်လှုပ်ခတ်ရာ
လမ်းကြောင်း
(က) လျင်လှုပ်ခတ်မှုလားရာအရ နံရံ - ၂ ပြိုကျနိုင်သည်
အချိတ်အဆက် ပုံစံ
အုတ်စီခြင်း (သို့)
L ပုံစံရှိ သံချိတ်
အသုံးပြုခြင်း
(၁)
(၂)
(၃)
(၄)
(၅)
(၆)
(၇)
(၈)
(၉)
(၁၀)
(၁၁)
(၁၂)
(၁၃)
(၁၄)
(၁၅)
(၁၆)
(၁၇)
(၁၈)
(၁၉)
(၂၀)
(၂၁)
(၂၂)
(၂၃)
(၂၄)
(၂၅)
(၂၆)
(၂၇)
(၂၈)
(၂၉)
(၃၀)
(၃၁)
(၃၂)
(၃၃)
(၃၄)
(၃၅)
(၃၆)
(၃၇)
(၃၈)
(၃၉)
(၄၀)

ဘာသာပြန်ဆိုသူ
မြန်မာနိုင်ငံ အပြင်လမ်း ကော်မတီ
မြန်မာနိုင်ငံ အလံချင်နီယာအသင်း၊ ရန်ကုန်မြို့

ပြီး လျင်ဒဏ်ခုခံနိုင်မှုတွင် လွန်စွာအားနည်းသည်။ ထုံးနှင့် ရောစပ်ထားသော သဲ-ဘိလပ်မြေ သရွတ်သည် အသင့်တော်ဆုံး ဖြစ်သည်။ ထိုသဲ-ဘိလပ်မြေသရွတ်သည် အုတ်များကို ကောင်း စွာတွယ်ကပ်စေပြီး ပြင်းအားနည်းလျင်ငယ်များ လှုပ်ပါက အလွယ်တကူ ပျက်စီးမှုမဖြစ်စေဘဲ ကောင်းမွန်သော လုပ်ဆောင် ချက်ကိုပေးနိုင်သည်။ အုတ်နံရံများ၏ လျင်ဒဏ် ခံနိုင်မှုသည် အသုံးပြုသော အုတ်နှင့် သရွတ်တို့၏ ခံနိုင်အားများပေါ်တွင် မူတည်သည်။ အုတ်သည် သရွတ်ထက် ပို၍ ခံနိုင်အားရှိနေရမည်။ အုတ်စီရာတွင် သရွတ်အထူ များလွန်းခြင်းသည်လည်း မသင့် တော်ချေ။ လက်တွေ့ လုပ်ဆောင်နိုင်မှုနှင့်အပြင် လုပမှုတို့အတွက် သရွတ်အထူ ⅜ လက်မ (၁၀ မီလီမီတာ) သည် အသင့်တော်ဆုံး ဖြစ်သည်။ မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စည်းမျဉ်းများတွင် တိုက်ခံအဆောက်အအုံများတွင် အသုံးပြုသင့်သော အုတ်များနှင့် သရွတ်တို့အတွက် သင့်တော်သောအမျိုးအစားနှင့် အဆင့်သတ် မှတ်ချက်များကို ဖော်ပြထားသည်။

ရည်ညွှန်း


C.V.R.Murty, Indian Institute of Technology Kanpur, India / Earthquake Tips Volume 12 ကို ဆီလျော်အောင် ဘာသာပြန်ပါသည်
This publication has been produced by UN-Habitat in collaboration with Myanmar Engineering Society, Myanmar Geoscience Society, Myanmar Earthquake Committee supported by Norwegian Ministry of Foreign Affairs and European Humanitarian Aid and Civil Protection.

တိုက်ခံအဆောက်အဦများတွင် အဘယ်ကြောင့် ရိုးရှင်းသော ဖွဲ့စည်းတည်ဆောက်မှုပုံစံများ ရှိသင့်သနည်း

တိုက်ခံ အဆောက်အအုံများ၏ လေးထောင့်ပုံစံ (Box Action) လုပ်ဆောင်ချက်

တိုက်ခံအဆောက်အအုံများသည် ထုထည်ကြီးမား သောကြောင့် လျင်လှုပ်ခါစဉ်တွင် ကြီးမားသော ရေပြင်ညီ အားများကို ခံစားရသည်။ လျင်လှုပ်ခါမှုကြောင့် ဖြစ်ပေါ်လာ သော တွန်းအားနှင့် ဆွဲအားများကြောင့် အုတ်နံရံတွင် ကြီးမား သောအက်ကြောင်းများဖြစ်ပေါ်လာနိုင်သည်။ လျင်ဒဏ်ခံနိုင်ရန် တည်ဆောက်ခြင်း ဆိုသည်မှာ တိုက်ခဲ့သို့သောအားများကို ခံနိုင် ရည်ရှိစေရန် တည်ဆောက်ခြင်းဖြစ်သည်။ သင့်တော်သည့် အဆောက်အအုံ တည်ဆောက်ပုံများကို ဇရုးချယ်တည်ဆောက် ခြင်းဖြင့် ကောင်းမွန်သော လျင်ဒဏ်ခံနိုင်ရည်ကို ရရှိစေနိုင် သည်။

တိုက်ခံအဆောက်အအုံများအတွက် သင့်တော်သော အဆောက်အအုံဆိုင်ရာ သွင်ပြင်လက္ခဏာများတွင် (က) အဆောက်အအုံ၏ ပုံသဏ္ဌာန်နှင့်အရွယ်အစား၊ (ခ) အဆောက် အအုံရှိ ဘေးတိုက်တွန်းအားကို ခံနိုင်သောအစိတ်အပိုင်းများနှင့် ထုထည် ဖြန့်ကျက်သက်ရောက်စေနိုင်ခြင်းတို့ ပါဝင်သည်။ ထုထည်ကြီးမားသည့် တိုက်ခံအဆောက်အအုံများ၊ ရှည်လျား မြင့်မားပြီး ပုံစံမညီညာသည့် တိုက်ခံအဆောက်အအုံများသည် လျင်ဒဏ်ကို ကောင်းစွာခံနိုင်ရည်မရှိပေ။ ထိုကဲ့သို့သော အဆောက်အအုံများကို လျင်ဒဏ်ခံနိုင်ရည်အားကောင်းစေရန် အဆောက်အအုံ၏ အစိတ်အပိုင်းများအားလုံးကို ကောင်းမွန်



ပုံ (၃) အဆောက်အဦကို လေးထောင့်ပုံစံလုပ်ဆောင်ချက် ရစေရန် လုပ်ဆောင်ရမည့် အချက်များပြပုံ


သော လေးထောင့်ပုံစံ လုပ်ဆောင်ချက် (box action) ရအောင် ပြုလုပ်ပေးရမည်။ (ပုံ ၁ ကို ကြည့်ပါ။) ခေါင်ပိုးနှင့်နံရံ ချိတ် ဆက်မှုအားနည်းခြင်း၊ အုတ်နံရံများ အလွန်ပါးလျခြင်းတို့သည် အဆောက်အအုံ၏ လျင်ဒဏ်ခံနိုင်အားကို လျော့နည်းစေသည်။ တံခါးနှင့် ပြတင်းထုပ်များ၏ အပေါ်ဘက်နှင့် အောက်ဘက်တွင် ရေပြင်ညီချုပ်တန်းများ ထည့်သွင်းခြင်းသည် အုတ်နံရံ အပိုင်းများ ကို တောင့်တင်းခိုင်မာစေပြီး နံရံများကို အရာပတ္ထုတစ်ခုတည်း ကဲ့သို့ ကောင်းစွာ ပြုမူစေနိုင်သည်။

အုတ်နံရံရှိ အပေါက်များ


အဆောက်အအုံများတွင် ပြတင်းပေါက်ကဲ့သို့သော အပေါက်များဖောက်ခြင်းသည် လုပ်ငန်းသဘောအရ လိုအပ်ချက် များဖြစ်သည်။ သို့သော် တိုက်ခံအဆောက်အအုံ၏ လျင်ဒဏ် ခံနိုင်မှုသည် အုတ်နံရံရှိအပေါက်များ၏ အရွယ်အစားနှင့် တည်နေရာပေါ်တွင် မူတည်နေပါသည်။ ထိုအချင်းအရာကို ပိုမို ရှင်းလင်းစေရန်အတွက် နံရံလေးဖက်ဖြင့် ဖွဲ့စည်းထားသော တစ်ထပ်တိုက်ခံအဆောက်အအုံ တစ်ခုကို စဉ်းစားကြည့်ပါစို့။ (ပုံ ၂ ကို ကြည့်ပါ။) လျင်လှုပ်ခတ်စဉ်တွင် လျင်အားများသည် နံရံ၏ခံနိုင်ရည်အား ကောင်းသောလားရာနှင့် ခံနိုင်ရည်အား နည်းသောလားရာများအတိုင်း သက်ရောက်သည်။ ခံနိုင်ရည် အားနည်းသောလားရာရှိ နံရံများကို အခြားဖက်ရှိ နံရံများမှ ထောက်ပံ့ပေးထားသည်။ ဆိုလိုသည်မှာ ပုံ (၂) တွင် ပြထားသော လားရာအတိုင်း မြေပြင် လှုပ်ခတ်သောအခါ B1 နှင့် B2 နံရံကို A1 နှင့် A2 နံရံတို့မှ ထောက်ပံ့ပေးထားသည်။ နံရံ B2 သည် A1 နှင့် A2 နံရံများကို တွန်းတိုက်လိုက်စဉ်တွင် B1 သည် ထိုနံရံများကို ဆွဲခေါ်သွားသည်။ လျင်အားသက်ရောက်သောလားရာသည် နံရံနှင့် ထောင့်မှန်ကျလားရာသို့ ပြောင်းလဲနိုင်သည်။ ထိုအခါ နံရံ A နှင့် B တို့၏ လုပ်ဆောင်ချက် ပြောင်းလဲသွားမည်။ နံရံ B1 နှင့် B2 သည် ခံနိုင်ရည်အားများသော လားရာရှိ နံရံများ ဖြစ်လာပြီး နံရံ A1 နှင့် A2 သည် ခံနိုင်ရည်အားနည်းသော လားရာရှိ နံရံများ ဖြစ်လာမည်။

ဤနည်းအားဖြင့် လျင်အားသည် နံရံအဆက်နေရာများ မှတစ်ဆင့် ရေပြင်ညီချုပ်တန်းများ၊ ထို့မှတစ်ဆင့် ခေါင်ပိုးသို့ ကူးပြောင်းသည်။ ထို့ကြောင့် နံရံထောင့်နေရာများမှ အုတ်လွှာ များသည် အချင်းချင်း ကောင်းစွာချိတ်ဆက်မှု ရှိနေရပေမည်။ နံရံထောင့်နားရှိ အပေါက်များသည် အဆောက်အအုံ၏ လျင်ဒဏ် ခံနိုင်မှုကို လျော့နည်းစေသည်။ နံရံထောင့်များနှင့် နီးကပ်လွန်းသော အပေါက်များသည် နံရံတစ်ခုမှ အခြားနံရံတစ်ခု ဆီသို့ လျင်အားများ စီးဆင်းမှုကို နှောင့်နှေးစေသည်။ ပုံ ၃ ကို


ကြည့်ပါ။ ထို့အပြင် နံရံတွင် ကြီးမားသောအပေါက်များ ရှိနေခြင်းသည် လျှင်အားများကို ထမ်းဆောင်နေရသောနံရံများ၏ လျှင်ဒဏ်ခံနိုင်မှုကို လျော့နည်းစေသည်။ ထို့ကြောင့် နံရံများတွင် ပြတင်းပေါက်၊ တံခါးပေါက်များ ဖောက်ရာတွင် အပေါက်များ



ပုံ(၂) တိုက်ခံ အဆောက်အဦတွင် ခံနိုင်ရည်အားနည်းသောနံရံ မှ ခံနိုင်ရည်အားကောင်းသော နံရံ သို့ အားများ ပြောင်းလဲမှု ပြပုံ (နံရံ B2 မှ နံရံ A1နှင့် A2 ကို တွန်းနေစဉ် နံရံ B1 မှ နံရံ A1 နှင့် A2 ကိုဆွဲသည်)



ပုံ (၃) နံရံကို ခံနိုင်ရည် အားနည်းစေသော အပေါက်များ (ပြတင်းပေါက်များ၊ တံခါးပေါက်များ၏ အပေါ်ဘက်နေရာများတွင် ပတ်လည် ချုပ်တန်းများ ထည့်သွင်းပေးရမည်)



ပုံ(၄) တိုက်ခံအိမ်ရှိ လေ့ကားအိမ်၏ လျှင်ခံနိုင်အောင် တည်ဆောက်ပုံ (ဂရုတစိုက် ဒီဇိုင်းရေးဆွဲ ဆောက်လုပ်ရမည်)

ကို တတ်နိုင်သမျှ သေးငယ်စွာ ဖောက်သင့်ပြီး နံရံထောင့်များမှ လည်း ဝေးနိုင်သမျှဝေးစွာ နေရာချသင့်သည်။

လျှင်ဒဏ်ခံနိုင်ရည်ရှိသောတိုက်ခံအဆောက်အဦပုံစံများ

တိုက်ခံအဆောက်အဦများ၏ Box-type action ကောင်းမွန်စေရန်နှင့် လျှင်ဒဏ်ခံနိုင်စေရန် အဆောက်အဦပုံစံများ ရိုးရှင်းမှုရှိရမည်။ ဥပမာအားဖြင့် အပေါ်စီးမှကြည့်လျှင် ရေပြင်ညီအစွန်းများပါသော အဆောက်အဦပုံစံများ ဥပမာ L ၊ T ၊ E နှင့် Y ပုံစံ အဆောက်အဦများကို ရိုးရိုး ထောင့်မှန်စတုဂံပုံစံအဖြစ် ပိုင်းခြားပြီး၊ ၎င်းအစိတ်အပိုင်းတစ်ခုခြင်းစီကို ရိုးရှင်းပြီး ကောင်းမွန်သည့် လျှင်ဒဏ်ခံအဆောက်အဦပုံစံဖြစ်ရန် တည်ဆောက်နိုင်သည်။ လျှင်လှုပ်စဉ် သီးခြား အဆောက်

အဆုံအဝိုင်းများသည် သီးခြားယိမ်းနိုင်ပြီး လွန်စွာနီးကပ်သော အဆောက်အအုံများသည် အချင်းချင်း တိုက်မိနိုင်သည်။ ထို့ကြောင့် ကပ်လျက်ရှိနေသော အဆောက်အအုံများကြား သင့်တော်သော အကွာအဝေး ထားရှိပေးရမည်။ Myanmar National Building Code တွင် အဆောက်အအုံများကြား အနည်းဆုံးရှိသင့်သည့် အကွာအဝေးများကို ဖော်ပြထားသည်။ အကယ်၍ ပိုင်းခြားထားသော အဆောက်အအုံကြား အကွာအဝေးသည် အဆောက်အအုံအလျားတ၏ ၁၅-၂၀% ရှိပါက သီးခြား အဖြစ် ခွဲထုတ်ရန်မလိုပါ။

တိုက်ခံအဆောက်အအုံများရှိလေ့ကျားအခင်းများသည် နောက်ထပ် အလေးထားရမည့်အစိတ်အပိုင်းဖြစ်သည်။ လေ့ကျားအခင်းများသည် ကြမ်းခင်းများကြား ထောင့်ဖြတ်ချုပ်တန်းများကဲ့သို့ ပြုမူပြီး အဆောက်အအုံခေါင်မိုးတွင် သက်ရောက်နေသည့် ရေပြင်ညီအားများကို အောက်ဖက်အထပ်များဆီသို့ လွှဲပြောင်းပေးသည်။ (ပုံ ၄-က တွင်ကြည့်ပါ။) အကယ်၍ လေ့ကားဒီဇိုင်းနှင့် တည်ဆောက်မှုများကို ထည့်မတွက်ပါက ၎င်းနေရာ များသည် ငလျင်လှုပ်ပါက ပျက်စီးမှုဖြစ်စေနိုင်သည့် နေရာများဖြစ်သည်။ ၎င်းအန္တရာယ်ကိုကျော်လွှားရန် တစ်ခါတစ်ရံ လေ့ကားများကို သံကူကွန်ကရစ် အဆောက်အအုံအဖြစ် လုံးဝသီးခြား တည်ဆောက်လေ့ရှိသည် (ပုံ ၄-ခ တွင်ကြည့်ပါ။) လေ့ကားအိမ်နှင့် အဆောက်အအုံကြား လုံလောက်သည့် အကွာအဝေးကို လည်း ထည့်သွင်းပေးရမည်။ ထိုမှသာ ပြင်းထန်သည့် ငလျင်လှုပ်သောအခါ ၎င်းတို့ တစ်ခုနှင့်တစ်ခု တိုက်မိခြင်း၊ ဆောင့်မိခြင်း မဖြစ်နိုင်တော့ပေ။

ဘာသာပြန်ဆိုသူ
မြန်မာနိုင်ငံ မြေလှုပ် ကော်မတီ
မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ရန်ကုန်မြို့


ရည်ညွှန်း

C.V.R.Murty, Indian Institute of Technology Kanpur, India / Earthquake Tips Volume 13 ကို ဆီလျော်အောင် ဘာသာပြန်ပါသည်
This publication has been produced by UN-Habitat in collaboration with Myanmar Engineering Society, Myanmar Geoscience Society, Myanmar Earthquake Committee supported by Norwegian Ministry of Foreign Affairs and European Humanitarian Aid and Civil Protection.


တိုက်ခံအဆောက်အဦများတွင် ရေပြင်ညီ ပတ်တန်းများ ဘာကြောင့်လိုအပ်သနည်း။

ရေပြင်ညီပတ်တန်းများ၏ အရေးပါပုံ

ရေပြင်ညီပတ်တန်းများသည် တိုက်ခံအဆောက်အအုံများအတွက် ငလျင်ဒဏ်ခုခံရာတွင် အရေးအပါဆုံးသော အစိတ်အပိုင်းများဖြစ်သည်။ ရေပြင်ညီပတ်တန်းများသည် နံရံများအားလုံးကို အတူတကွချည်နှောင်ခြင်းဖြင့် တိုက်ခံအဆောက်အအုံတစ်ခုကို တသားတည်းပုံစံဖြစ်ရန် ထောက်ပံ့ပေးပြီး ကတ်ထူစက္ကူသေတ္တာ ပတ်လည်ကို ခါးပတ်ကြိုးစည်းထားခြင်းနှင့် ပုံစံတူသည်။ တိုက်ခံ အဆောက်အအုံအများစုတွင် မြင့်မိုပတ်၊ ခေါင်မိုးပတ်၊ နဖူးစည်းပတ်တန်းနှင့် အောက်ခံပတ်တန်းဟူ၍ ရေပြင်ညီပတ်တန်းပုံစံ လေးမျိုးရှိသည်။ (ပုံ ၁ ကို ကြည့်ပါ။) ပြတင်းပေါက်၊ တံခါးပေါက်များအပေါ်ရှိ နဖူးစည်းပတ်တန်းများသည် အားလုံးထဲတွင် အရေးအပါဆုံးဖြစ်ပြီး အဆောက်



(က) အမိုးပြား မိုးထားသော အဆောက်အဦ



(ခ) မတ်စောက်သော အမိုးနှင့် နံစပ်ထပ်မိမိ

ပုံ (၁) တိုက်ခံအဆောက်အဦရှိ ငလျင်ခံနိုင်အား တိုးစေရန် ရေပြင်ညီပတ်တန်းများ ထည့်သွင်းပုံ



ပုံ(က) နဖူးစည်းပတ်တန်းမရှိသော တိုက်ခံအဆောက်အဦ (နံရံ နှင့် ခေါင်မိုးများ ပြိုကျနှုန်းနိုင်သည်)



ပုံ(ခ) နဖူးစည်းပတ်တန်းရှိသော တိုက်ခံအဆောက်အဦ (အပျက်အစီးမရှိသလောက် နည်းပါးသည်)


ပုံ(၂) နဖူးစည်းပတ်တန်းရှိသော တိုက်ခံအဆောက်အဦသည် ငလျင်ကြောင့် တုန်ခါမှုကို ပျက်စီးဆုံးရှုံးမှုမရှိဘဲ ကောင်းစွာထိန်းထားနိုင်ပုံ

အဆုံတိုင်းတွင် ထည့်သွင်းရန်လိုအပ်သည်။ မြင့်မိုပတ်သည် ခေါင်မိုးအစောင်းဖြစ်သော အဆောက်အအုံများတွင်သာ အသုံးပြုသည်။ ပါးလွှာသောကွန်ကရစ်အမိုးပြား သို့မဟုတ် အုတ်ကျွတ်မိုးထားသော အဆောက်အအုံများတွင် ခေါင်မိုးပတ်တန်းများ မလိုအပ်ချေ။ အဘယ်ကြောင့်ဆိုသော် ခေါင်မိုးပြားများသည် ပတ်တန်းများကဲ့သို့ ပြုမူသောကြောင့်ဖြစ်သည်။ မည်သို့ဖြစ်စေ သစ်သားခေါင်မိုးပြားများ သို့မဟုတ် CGI ခေါင်မိုးများ မိုးထားသော အဆောက်အအုံများတွင်မူ ခေါင်မိုးပတ်တန်းများ လိုအပ်သည်။ ခေါင်မိုးအစောင်းဖြင့် တည်ဆောက်ထားသော အဆောက်အအုံများတွင် ခေါင်မိုးပတ်တန်းသည် အလွန်အရေးကြီးပါသည်။ အောက်ခံပတ်တန်းများကို မည်ညာသော အောက်ခံမြေသားကျိကျမှု မဖြစ်စေရန် အဓိက အသုံးပြုသည်။


နဖူးစည်းပတ်တန်းသည် နံရံများကို အတူတကွချည်နှောင်ထားပြီး ခံနိုင်ရည်အားများသောလားရာရှိနံရံများသည် ခံနိုင်ရည်အားနည်းသော လားရာအတိုင်း အားသက်ရောက်ခံနေရသော နံရံများကို ဖထောက်ပံပေးထားသည်။ ထိုနဖူးစည်းပတ်တန်းသည် အုတ်နံရံ၏အမြင့်ကို လျော့ချပေးသကဲ့သို့ နံရံပွင့်ထွက်နိုင်မှုကိုလည်း လျော့ကျစေသည်။ နဖူးစည်းပတ်တန်းမပါရှိသော တိုက်ခံအဆောက်အအုံများ လျင်ငြိုကြောင့်ပျက်စီးသွားပုံကို ပုံ (၂-က) တွင် တွေ့နိုင်သည်။ နဖူးစည်းပတ်တန်းပါရှိသော တိုက်ခံအဆောက်အအုံသည် လျင်ငြိုကြောင့်တုန်ခါမှုကို ပျက်စီးဆုံးရှုံးမှုမရှိဘဲ ဖောင်းစွာထိန်းထားနိုင်သည်။ (ပုံ ၂-ခ တွင်ကြည့်ပါ။)

နဖူးစည်းပတ်တန်းဒီဇိုင်း

လျင်လှုပ်ခါစဉ်တွင် နဖူးစည်းပတ်တန်းသည် ကွေးခြင်းနှင့် ဆွဲခြင်းကို ခံစားရသည်။ ပုံ ၃ ကိုကြည့်ပါ။ ထိုအပြုအမူများကို ခံနိုင်ရန်အတွက် နဖူးစည်းပတ်တန်းများကို သေချာစွာပြုလုပ်ရန် လိုအပ်သည်။ ပတ်တန်းများကို သံကူကွန်ကရစ်များအပြင် သစ်သားနှင့် ဂါးချောင်းများဖြင့်ပါ ပြုလုပ်နိုင်သည်။ ပုံ ၄ ကိုကြည့်ပါ။ သံကူကွန်ကရစ်ပတ်တန်းများသည် အကောင်းဆုံးဖြစ်သည်။ ပတ်တန်းများကို နံရံထောင့်များတွင် ကောင်းစွာ တွဲဆက်ပေးရမည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ဂန်ထမ်းထားရသည့် ခံနိုင်ရည်အား နည်းသောလားရာရှိ အပြားလိုက်နံရံများကို ခံနိုင်ရည်အား



ပုံ(၃) နဖူးစည်းပတ်တန်း၏ လျင်လှုပ်စဉ်အတွင်း ကွေးခြင်းနှင့် ဆွဲခြင်း ခံစားရပုံ



ပုံ(၄) တိုက်ခံအဆောက်အဦတွင် အလျားလိုက်ပတ်တန်းထည့်သွင်းပုံ
(သံကူကွန်ကရစ်ပတ်တန်းသည် အကောင်းဆုံးဖြစ်သည်)

မြေငလျင်မိတ်ဆက်
Earthquake Tips

ဘာသာပြန်ဆိုသူ
ပြန်မာနိုင်ငံ မြေလျင် ကော်မတီ
ပြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ရန်ကုန်မြို့

များသောလားရာရှိ ကန့်လန့်ဖြတ်နံရံများမှ ထောက်ပံ့ပေးနိုင်မည်။ သစ်သားကန့်လန့်တန်းများကို သစ်သားပတ်တန်းများဖြောင့်တန်းစေရန် အသုံးပြုနိုင်သည်။ ကွန်ကရစ်ထုပ်တန်းများတွင် သံချောင်းများ အတူတကွချိတ်ဆက်လုပ်ဆောင်နိုင်ရန် အတွက် သံချောင်းအဆက်ကွင်းများကို အသုံးပြုနိုင်သည်။ သစ်သားထုပ်တန်းများတွင် သစ်သားကန့်လန့်တန်းများကို သံတဖြောင့်တည်းရိုက်ရန်မှာ အရေးကြီးပါသည်။ အလားတူပင် ကွန်ကရစ်ထုပ်တန်းများရှိ သံချောင်းများကို လုံလောက်သည့် ကုတ်တွယ်မှုရှိစေရန် ထောင့်ချိုးနေရာများတွင် တွဲထပ်ထားရန် လိုအပ်သည်။

သစ်သားပတ်တန်းများ အသုံးပြုသောအခါ ပတ်တန်း အရှည်၏ အရွယ်အစားသည် ၃ လက်မဗျက် နှင့် ၁.၅ လက်မထူရှိပြီး ကန့်လန့်တန်းများသည် ၂ လက်မဗျက် နှင့် ၁.၂ လက်မထူစီ အနည်းဆုံးရှိရမည်ဖြစ်သည်။ သံကူကွန်ကရစ်ပတ်တန်းများကို အသုံးပြုသောအခါ အထူသည် အနည်းဆုံး ၃ လက်မ ဖြစ်ရမည် ဖြစ်ပြီး အနည်းဆုံး ၃/၈ လက်မရှိသော သံချောင်းနှစ်ချောင်း လိုအပ်သည်။ သံချောင်းများကို ချိတ်ဆက်ထားသော အဆက် ကွင်းအကွာအဝေးမှာ ၆ လက်မ ထက်ပိုမများသင့်ပါ။

ရည်ညွှန်း

C.V.R.Murty, Indian Institute of Technology Kanpur, India / Earthquake Tips Volume 14 ကို ဆီလျော်အောင် ဘာသာပြန်ပါသည်
This publication has been produced by UN-Habitat in collaboration with Myanmar Engineering Society, Myanmar Geoscience Society, Myanmar Earthquake Committee supported by Norwegian Ministry of Foreign Affairs and European Humanitarian Aid and Civil Protection.

အယ်ဒီတာတစ်ဦး

အပြန်ကားမရှိလို့ မသိတာပါ

ခရီးရှည်ကားမောင်းလာပြီးတဲ့နောက် ကျွန်တော်ဟာ ဆီဖြည့်ဓာတ်ဆီဆိုင်တစ်ဆိုင်ကို ဝင်လိုက်တယ်။ ကားကိုဆီဖြည့်နေစဉ် ရှေ့မှာရှိမယ့်မြို့ကို ဘယ်လောက်ဝေးသေးလဲလို့ စုံစမ်းတယ်။ ဆီဖြည့်ပေးတဲ့ ပုဂ္ဂိုလ်က ၃ မိုင်လောက်ဝေးသေးတယ်လို့ ဖြေတယ်။

ကျွန်တော်က အဲဒီမြို့မှာ ဟိုတယ်ကောင်းကောင်းရှိနိုင်မလားလို့ စုံစမ်းတဲ့အခါ သူက–

''အဲဒါတော့ မသိဘူးဗျ။ ဒီလမ်းက တစ်လမ်းမောင်းဖြစ်လို့ ဒီကသွားတဲ့ကားတိုင်းက ပြန်လှည့်လာတာမျိုး မရှိဘူး''လို့ ပြန်ဖြေပါတယ်။

မောင်သီဟ



ဘဝတန်ပိုး

သစ်တစ်ပင်ကောင်း ငှက်အပေါင်းတို့
ထောင်သောင်းမက နားခိုရ၍
ဘဝရိပ်မြုံ ဖော်ပွဲစုံသည်
ရွှေဘုံနန်းမ ထင်ခဲ့၏ . . .။

သူတော်သူကောင်း တစ်ယောက်ပေါင်းက
ထောင်သောင်းပြည်သူ ချမ်းမြေ့မှု၍
စင်ဖြူသီလ မြတ်ဓမ္မနှင့်
ဘဝဝမ်းစာ ပြည့်စုံရှာသည်
သီတာစမ်းနယ် အေးလှ၏ . . .။

ထိုသို့ဆိုလျှင် အို အသင်တို့
သစ်ပင်ကြီးကြီး မဖျက်ဆီးနှင့်
ဖျက်ဆီးပါက ပူပန်ရလိမ့်
ယုယစိုက်ပျိုး ရေသွန်းဖြိုးသော်
ကောင်းကျိုးသုခ အမှန်ရလိမ့်
ဓမ္မသခင် သူတော်စင်လည်း
တွေ့မြင်ပေငြာ၊ ရှောင်မသွားနှင့်
ရှောင်သွားပါက အပါယ်ကျလိမ့်
နေ့ညမကွာ ဆည်းကပ်ပါလျှင်
နတ်ရွာနိမ္မာန် လမ်းကြောင်းမှန်ကို
ကေန်ဒီဌ လျှောက်လှမ်းရ၍
ဘဝတန်ဖိုး ဂုဏ်ရည်တိုးကာ
ကောင်းကျိုးကိုယ်စီ ရဖို့တည်း . . .။ ။

ပိုးမြင့်သုခ(အမှိုက်ငယ်)









မွန်မြတ်စိတ်ထား လူငယ်များ

မာမာ(အဓိမြေ)

သက်ရှိသတ္တဝါတိုင်းတွင် **''စိတ်''**ဟူသည် ရှိကြစမြဲပါပင်။ ထိုသက်ရှိ သတ္တဝါထဲမှာမှ အသိဉာဏ်အမြင့်ဆုံး လူသားများတွင်လည်း စိတ်ရှိကြပါသည်။ ထိုစိတ်တွင် ကောင်းသောစိတ်နှင့် မကောင်းသောစိတ်ဟူ၍ နှစ်မျိုးရှိပါသည်။

လူသားဟူသည် အသိဉာဏ်အရှိဆုံးသတ္တဝါဟူ၍ ဂုဏ်ပုဒ်ကို ဆောင်ထားသည်နှင့်အညီ ကောင်းသောစိတ်ကလေး အမြဲရှိဖို့လိုအပ်ပါပေသည်။ ကောင်းသောစိတ်ဟူသည် ကိုယ်ကျိုးတစ်ခုတည်းကိုသာမကြည့်ဘဲ အများအကျိုးအတွက်ပါ အမြဲစဉ်းစားတတ်သောစိတ်ပင် ဖြစ်ပါသည်။ သူတစ်ပါး နစ်နာစေပြီးမှ ကိုယ်ကျိုးရှာလိုသော စိတ်သည်ကား လောကတွင် ယုတ်ညံ့သောစိတ်ဟု ဆိုနိုင်ပါသည်။ **''မကူညီလျှင်နေ မနှောင့်ယှက်ပါနှင့်''** ဟူသည့် စကားအတိုင်း သူတစ်ပါးကို အကူအညီမပေးနိုင်လျှင်သော်မှ အနှောင့်အယှက်တော့ မပေးမိစေရလေအောင် အမြဲသတိရှိသင့်ပါသည်။ သူတစ်ပါးကိုလည်း ကူညီမယ်၊ အနှောင့်အယှက်လည်း မပေးသော စိတ်ထားရှိသူသည် လောကမှာ လူတော်လူကောင်းဖြစ်ပါသည်။



လူတော်လူကောင်းဟူသည် စိတ်ဓာတ်ပေါ်တွင် အခြေခံ၍ ပိုင်းခြားသတ်မှတ်ပါသည်။ ပစ္စည်းဥစ္စာ၊ ဂုဏ်ပကာသနတို့ဖြင့် မပိုင်းခြား မသတ်မှတ်နိုင်ပါ။ စိတ်ထား မကောင်းသူသည် လူကောင်းတစ်ယောက် မဖြစ်လာနိုင်သလို၊ လူတော်တစ်ယောက်လည်း မဖြစ်လာနိုင်ပါ။ လူတော်လူကောင်းများသည် ကိုယ်ကျိုးစွန့်၍ အများအကျိုးဆောင်သော မွန်မြတ်သည့် စိတ်ထားပိုင်ရှင်များ ဖြစ်ပါသည်။

ဖလောရင့်နိုက်တင်ဂေး၊ မာသာထရီဇာ၊ ဟင်နရီဒျူးနန့်တို့လို ကမ္ဘာကျော်ပုဂ္ဂိုလ်တို့သည် အများအကျိုးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့ကြသော မွန်မြတ်စိတ်ထားပိုင်ရှင် လူကောင်းလူတော်များ ဖြစ်ကြပါသည်။

ဖလောရင့်နိုက်တင်ဂေးသည် ဥစ္စာပစ္စည်း ကြွယ်ဝချမ်းသာသူ၏ သမီးဖြစ်သော်လည်း စည်းစိမ်ယစ်၍ မနေခဲ့။ စစ်ပွဲအတွင်း ငြိုးငြူအော်ဟစ်နေသော လူနာစစ်သားများအား အခက်အခဲ ဒုက္ခမျိုးစုံကြားမှ မကြောက်မလန့်ဘဲ မွန်မြတ်လှသော စေတနာအပြည့်ဖြင့် သူနာပြုအလုပ်ကို လုပ်ဆောင်ခဲ့သည်။ သူမ၏စိတ်ထားသည် မွန်မြတ်လှ၍ အတုယူဖွယ်ရာကောင်းလှပါသည်။ သူမကိုဂုဏ်ပြုသောအားဖြင့် ကမ္ဘာတစ်ဝန်းရှိ သူနာပြုသူရဲကောင်းများအား ဖလောရင့်နိုက်တင်ဂေးဆုအဖြစ် ယခုအချိန်ထိ ချီးမြှင့်လျက်ရှိပါသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း ဗိုလ်မှူး ဒေါ်ခင်အုန်းမြ၊ သူနာပြုဆရာမ ဒေါ်အမ်ယောနမ်၊ သားဖွားဆရာမ ဒေါ်သန်းရီ၊ သူနာပြု စနိုင်နိုင်ထွန်းတို့သည် ဖလောရင့်နိုက်တင်ဂေးဆုကို



ရရှိခဲ့သူများ ဖြစ်ကြပါသည်။

ဟင်နရီဒျူးနန့်သည်လည်း ကြက်ခြေနီအဖွဲ့ကို စတင်တည်ထောင်ခဲ့သော အများအကျိုးဆောင်သည့် ပုဂ္ဂိုလ်ကြီးဖြစ်ရာ ဂုဏ်ပြုထိုက်သူ၊ အတုယူသင့်သူတစ်ဦးပင် ဖြစ်ပါသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း ကချင်ပြည်နယ်သား စိုင်းအောင်လှိုင်မြင့်သည် ကမ္ဘာကျော် ဟင်နရီဒျူးနန့်ဆုကို ရရှိခဲ့သူဖြစ်၍ လေးစားဂုဏ်ယူမိပါသည်။

နိဗယ်ဆုရ ကမ္ဘာကျော် မာသာထရီဇာ၏ စွန့်လွှတ်စွန့်စား လူမှုရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံတွင် ဘိုးဘွားရိပ်သာ (၅) ရိပ်သာကို ကိုယ်ပိုင်ပစ္စည်း ဥစ္စာရတနာများဖြင့် တည်ထောင်ဖွင့်လှစ်ပေးခဲ့သော စွန့်ဦးတီထွင် စွမ်းအားရှင် အမျိုးသမီးကြီး ဒေါ်ဦးဖွန်း၏ လူမှုရေးလုပ်ငန်းများသည်လည်း လူလောကတွင် မော်ကွန်းတင်၍ ကျန်နေခဲ့ပါသည်။

ကျွန်ုပ်တို့အားလုံး၏ အလေးအနက်ထားစရာ၊ စံပြုထိုက်သူ ဗိုလ်ချုပ်အောင်ဆန်းသည်လည်း မွန်မြတ်စိတ်ထားပိုင်ရှင် ဖြစ်ပါသည်။ ဗိုလ်ချုပ်သည် မိမိအသက်ကို မငဲ့ကွက်ဘဲ အများအကျိုးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့သူ သမိုင်းဝင်ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ လွတ်လပ်ရေးရအောင် ဆောင်ကြဉ်းပေးခဲ့သော ဗိုလ်ချုပ်၏ကျေးဇူးကြောင့်သာ ကျွန်ုပ်တို့အားလုံး နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝမှ လွတ်မြောက်ခဲ့ကြရပြီး ယနေ့ ဒီမိုကရေစီစနစ်သစ်မှာ အေးချမ်းစွာနေထိုင်ရခြင်းသာ ဖြစ်ပါသည်။ ဗိုလ်ချုပ်၏ အများအကျိုးသယ်ပိုးလိုမှု ပရဟိတစိတ်ဓာတ်သည်ကား ချီးကျူး၍ပင် မကုန်နိုင်ပါပေ။ သူ၏ စိတ်ထားမွန်မြတ်မှုကြောင့် လူသာသေသော်လည်း နာမည်မသေခဲ့ပါ။ ထည်ထည်ဝါဝါ ချမ်းချမ်းသာသာ မနေခဲ့ရပေမယ့် ဂုဏ်ရှိရှိ သိက္ခာရှိရှိ သေခဲ့ရပါသည်။ အနေမြတ်၍ အသေမြတ်ခဲ့ပါသည်။

မွန်မြတ်စိတ်ထားဖြစ်သည့် ပရဟိတစိတ်ကို အခြေခံသည်မှာ ကိုယ်ချင်းစာနာစိတ်ပင်ဖြစ်သည်။ လူတိုင်းတွင် ကိုယ်ချင်းစာနာစိတ် ရှိမည်ဆိုပါက အရာရာတိုင်းတွင် အခက်အခဲဟူ၍ မရှိနိုင်ပါ။ **''ကိုယ်ခံနိုင်မှ သူများခံနိုင်မည်''** ဖြစ်ပါသည်။ ကိုယ်က တစ်ခုခုပြုလုပ်၊ ပြောဆိုမည်ဆိုပါက **''သူ့နေရာမှာငါသာဆိုလျှင်''** ဟူသော အတွေးလေးဖြင့် အစားထိုးဝင်ရောက် ခံစားကြည့်ခြင်းဖြင့် ကိုယ်ချင်းစာနာစိတ်ကို မွေးမြူရပါမည်။ ကိုယ်ချင်းစာနာစိတ် မရှိသူသည် အတ္တဆန်သူ တကိုယ်ကောင်းသမားဖြစ်ပြီး ဘယ်သောအခါမျှ စိတ်နလုံးမအေးချမ်းနိုင်ပါပေ။ အောင်မြင်သူလည်း မဖြစ်လာနိုင်ပါပေ။

ကိုယ်ချင်းစာစိတ်သည် မေတ္တာစိတ်ကလာပါသည်။ **''မေတ္တာသည် အတ္တမဟုတ်၊ မေတ္တာသည် စာနာစိတ်ပင်''** တည်း။ **''မေတ္တာစိတ်ထား ထိုသူများ ကြီးပွားချမ်းသာမည်'' ''မေတ္တာစိတ်ထား ထိုသူများ ဘဝအေးချမ်းမည်'' ''မေတ္တာစိတ်ထား ထိုသူများ သံသရာငြိမ်းအေးမည်''** ဟူ၍ မေတ္တာစိတ်ကို အမျိုးမျိုးအမွမ်းတင်ထားကြပါသည်။

မေတ္တာသည် ကိုယ်က အရင်(အလျင်)ပေးမှ ပြန်ရတာမျိုးဖြစ်သည်။ လူသားပင်မဆိုထားနှင့် ခွေးကလေး၊ ကြောင်ကလေးများပင်လျှင် သူတို့ကို ယုယ၊ ပိုက်ထွေး၊ မေတ္တာပေးသူကို ပြန်၍ သံယောဇဉ်တွယ်တတ်ကြသည်။ ထို့အတူ ကလေးသူငယ်





"စေတနာသည် လူတိုင်းနှင့်မတန်ပါ" ဟူသော စကားသည် မှားနေပါသည်။ စေတနာအပေါ် တန်ပြန်မျှော်လင့်နေခြင်း ကြောင့်သာ ထိုစကားကိုပြောနေခြင်း ဖြစ်ပါသည်။

များသည်လည်း ကိုယ့်အပေါ် မေတ္တာထား သူကို ပို၍ချစ်ခင်တတ်ကြသည်။ ဗုဒ္ဓဘုရား ရှင် ကိုယ်တော်တိုင်ကပင် **''မေတ္တာသည် ရောင်ပြန်ဟပ်၏''** ဟု မိန့်ဆိုခဲ့ပါသည်။ မှန်သားထဲက မျက်နှာပမာပင်တည်း။

မေတ္တာစိတ်မထားဘဲ သူတစ်ပါးအပေါ် မကောင်းကြံသူသည် ဘယ်သောအခါမျှ မကောင်းစားနိုင်ပါ။ ပူပင်သောကများဖြင့်သာ ရင်ဆိုင်နေရမည်ဖြစ်ပါသည်။ **''သူများ မကောင်းကြံ ကိုယ့်ဘေးဒဏ်ထိ''** ဟူသည့်အတိုင်း တူသောအကျိုးကို ခံစားရမည်ဖြစ်ပါသည်။ ညီမျှခြင်း (=) ဟူသည် သခ်ၤာဘာသာအတွက်သာ မဟုတ်ပါ။ လောကရှိအဖြစ်အပျက်၊ အကျိုးအကြောင်း နှင့်လည်း သက်ဆိုင်ပါသည်။ ကိုယ်ပြုသမျှ အရာအားလုံးသည် ညီမျှသောအကျိုးကို သက်ရောက်ပါမည်။ ကိုယ်က စိတ်ကောင်း ထားလျှင် ကိုယ့်ကို စိတ်ကောင်းပြန်ထား ကြပါလိမ့်မည်။ ကိုယ်က စိတ်ယုတ်ထား လျှင် ကိုယ့်ကိုလည်း စိတ်ယုတ်ပြန်ထားကြ မည်သာ ဖြစ်ပါသည်။ ကိုယ့်အပေါ် စိတ် ကောင်းထားသည်ဖြစ်စေ၊ စိတ်ယုတ်ထား သည်ဖြစ်စေ ကိုယ်က အမြဲစိတ်ကောင်း လေး ထားတတ်အောင် ကြိုးစားလေ့ကျင့် ရပါမည်။ မေတ္တာစိတ်သည် စိတ်ကောင်း ပင် ဖြစ်ပါသည်။

ကျွန်ုပ်တို့အားလုံးသည် စိတ်ကောင်း အပြင် စေတနာလည်း ထားသင့်ပါသည်။ စေတနာဟူသည်မှာလည်း ကိုယ့်အတွက် မျှော်ကိုးပြီးထားသော စေတနာမျိုးမဖြစ်ဖို့ အရေးကြီးပါသည်။ စေတနာပြတ်ရပါမည်။ **''စေတနာသည် လူတိုင်းနှင့်မတန်ပါ''** ဟူသော စကားသည် မှားနေပါသည်။ စေတနာအပေါ် တန်ပြန်မျှော်လင့်နေခြင်း ကြောင့်သာ ထိုစကားကိုပြောနေခြင်း ဖြစ် ပါသည်။ အမှန်တော့ စေတနာအပေါ် တန် ပြန် မျှော်လင့်ခြင်းမရှိပါက စေတနာသည် လူတိုင်းနှင့်တန်ပါသည်။ တန်ပြန်မျှော်လင့် ခြင်းမရှိသော စေတနာကို ထားနိုင်မှသာ စိတ်ကောင်းရှိသောသူ ဖြစ်နိုင်ပါသည်။ မွန် မြတ်သော စိတ်ထားပိုင်ရှင်ဖြစ်ဖို့ ကျွန်ုပ်တို့ အားလုံး စိတ်ကောင်းစေတနာအစစ်ကို မွေးမြူကြရပါမည်။

''စိတ်သည် ရုပ်တွင်ပေါ်၏'' ဟူသည့်အတိုင်း စိတ်ထားမကောင်းသူသည် ရုပ်ပိုင်းဆိုင်ရာတွင်လည်း ညှိုးမှိန်နေတတ် ပါသည်။ စိတ်ထားကောင်းသူသည်ကား ရုပ် ဆင်းအင်္ဂါ ကြည်လင်တောက်ပ၍ သောက ကင်းဝေးနေပါမည်။ သောကကင်းဝေးမှ သာ လောကဌ လူဖြစ်ရကျိုးနပ်ပါမည်။ သောကကင်းဝေးစေရန် လောဘကို နည်း နိုင်သမျှနည်းအောင် ကြိုးစားကြရပါမည်။ **''လောဘနည်းမှ သောကနည်း''** နိုင်ပါ မည်။ လောဘစိတ်သည် မွန်မြတ်စိတ်ထား ကို အနှောင့်အယှက်ပေးသော စိတ်ဖြစ်ပါ သည်။

လောဘတွင် မတော်လောဘနှင့် တော်လောဘဟူ၍ နှစ်မျိုးနှစ်စားရှိပါသည်။ မတော်လောဘဆိုသည်မှာ ကိုယ့်ခွန်အား ကိုယ့်အရည်အချင်းမပါဘဲ အချောင်လိုချင် ခြင်းကို ဆိုလိုပါသည်။ တော်လောဘဆို သည်မှာ မိမိကိုယ်ပိုင်အရည်အချင်း၊ အရည် အသွေးတို့ဖြင့် တန်ရာတန်ကြေးရလိုခြင်းကို ဆိုလိုပါသည်။



ကျွန်ုပ်တို့လူငယ်တိုင်းတွင် လောဘများ ကိုယ်စီရှိကြပါသည်။ သို့ရာတွင် မတော်လောဘမရှိစေဘဲ တော်လောဘများရှိစေဖို့အတွက်အလွန်အရေးကြီးလှပါသည်။ ယခုလို တိုးတက်နေသောခေတ်ကြီးတွင် သူထက်ငါအပြိုင်အဆိုင် ကြိုးစားနေကြသည်ကို တွေ့မြင်နေရပါသည်။ ကြိုးစားမှုကို လက်ကမ်းကြိုရပါမည်။ သို့သော် တော်လောဘဖြင့် ပြိုင်ဆိုင်ကြိုးစားမှသာ ရရှိသော အောင်မြင်မှုသည် ရေရှည်တည်တံ့နိုင်ပါမည်။ မတော်လောဘဖြင့်ရရှိသော အောင်မြင်ခြင်းသည်ကား တစ်ခဏသာ ရပ်တည်နိုင်မည်ဖြစ်ပါသည်။ တော်လောဘစိတ် ထားနိုင်သူသည်လည်း မွန်မြတ်သော စိတ်ထားပိုင်ရှင်ဟု ဆိုရပါမည်။ ကျွန်ုပ်တို့လူငယ်တိုင်းထိုစိတ်ထားကိုထားသင့်ပါသည်။

ဒေါသစိတ်သည်လည်း မကောင်းသော စိတ်ရိုင်းတစ်ခုပင်ဖြစ်ပါသည်။ **''ဒေါသရှေ့ထား အမှားများ''**ဟူသည့်အတိုင်း အမှားနည်းစေဖို့ ဒေါသကို တတ်နိုင်သမျှ လျှော့ကြရပါမည်။ လူငယ်တော်တော်များများသည် ဒေါသကြောင့်ပင် ဘဝ၏တက်လမ်းကို ပိတ်ဆို့နိုင်သော အမှားများကို ကျူးလွန်မိနေကြခြင်းဖြစ်ပါသည်။ ဥပမာ–ဒေါသစိတ်ကြောင့် အချင်းချင်းရန်ဖြစ်ကြမယ်၊ သတ်ကြ၊ ဖြတ်ကြမယ်ဆိုပါက ဥပဒေကကြည့်မနေပါ။ ကိုယ့်ရဲ့တန်ဖိုးရှိသောအချိန်များသည် ထောင်ထဲမှာ ကုန်ဆုံးကြရပါတော့မည်။ ကိုယ့်ဘဝတိုးတက်မှုများ နှောင့်နှေးကြရပါတော့မည်။ ထို့ကြောင့် ဒေါသစိတ်သည် ကျွန်ုပ်တို့မထားသင့်သောစိတ်ပင် ဖြစ်ပါသည်။

မောဟစိတ်သည်လည်း ဘဝတိုးတက်မှုအတွက် အဟန့်အတားတစ်ခုပင်ဖြစ်သည်။ မောဟစိတ်သည် တွေဝေနေသောစိတ်ဟု ဆိုလိုပါသည်။ ကျွန်ုပ်တို့ လူငယ်များသည် တွေဝေနေပါက ကိုယ့်ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိနိုင်မည်မဟုတ်ပေ။ စဉ်းစားတွေဝေမနေဘဲ ဘဝကို လက်တွေ့ အကောင်အထည်ဖော်ကြရပါမည်။ လေထဲတွင် တိုက်အိမ်ဆောက်၍မရသလို ဘဝခရီးကို စိတ်ကူးဖြင့်လျှောက်၍ မရနိုင်ပေ။ ကိုယ်ပိုင်အစွမ်းအစကိုထုတ်ဖော်ပြီး အလုပ်ဖြင့် သက်သေပြမှသာ ကိုယ့်ရည်မှန်းချက် ပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်ပါသည်။



သို့ပါ၍ ကျွန်ုပ်တို့လူငယ်များအားလုံးသည် **''လောဘ၊ ဒေါသ၊ မောဟ''** စိတ်များ ကင်းရှင်းသော မွန်မြတ်စိတ်ထားဖြင့် အဆင့်အတန်းရှိသော ဘဝသို့ရောက်အောင် တည့်မတ်စွာလျှောက်လှမ်းကြရပါမည်။

လူတစ်ယောက်၏ အဆင့်အတန်းကို ဥစ္စာပစ္စည်း ချမ်းသာကြွယ်ဝမှု၊ ဂုဏ်ပကာသန ကြီးမြင့်မှုတို့နှင့် မပိုင်းခြားနိုင်ပါ။ စိတ်ဓာတ်ဖြင့်သာ ပိုင်းခြားသတ်မှတ်နိုင်ပါသည်။ စိတ်ထားမွန်မြတ်ကောင်းမွန်သူကို အဆင့်အတန်းရှိသူဟု သတ်မှတ်နိုင်ပြီး၊ စိတ်ထားယုတ်ညံ့သူကို အဆင့်အတန်းနိမ့်သူဟူ၍ သတ်မှတ်နိုင်ပါသည်။ တချို့ ပစ္စည်းဥစ္စာချမ်းသာပါသော်လည်း သူထက်ငါ နိုင်ထက်စီးနင်းပြုကြ၊ စာနာမှုကင်းစွာဖြင့် မိသားစုချင်းပင် မခေါ်မပြောနိုင် ပြိုင်ဆိုင်နေကြသည်ကို စိတ်မကောင်းစွာ တွေ့မြင်နေရပါသည်။ တချို့ အရာရှိအရာခံ ပညာတတ်ကြီးများပင် ဖြစ်လင့်ကစား ညှာတာထောက်



ထားမှုမရှိ၊ မာန်မာနထောင်လွှားပြီး မတူမတန်သလိုဖြင့် ရိုင်းပျစ်စွာ ဆက်ဆံပြောဆိုနေကြသည်ကိုလည်း ဝမ်းနည်းစွာတွေ့မြင်နေရပါသည်။ ဤသို့သော သူတို့ကား အဆင့်အတန်းနိမ့်သောသူများဟု ဆိုရပေမည်။ ကျွန်ုပ်တို့လူငယ်များ အတုမယူသင့်ပါပေ။

တချို့တွင်မူ ပစ္စည်းဥစ္စာမကြွယ်ဝမချမ်းသာ၊ အရာရှိ ပညာတတ်ကြီးမဖြစ်ပေမယ့် သူတစ်ပါးဒုက္ခရောက်လျှင် ကူညီတတ်ကြသည်။ စာနာတတ်ကြသည်။ ဒုက္ခရောက်သူကို ငွေအားဖြင့် မကူညီနိုင်သော်မှ ခွန်အားဖြင့် ကူညီတတ်ကြသည်။ လူဆင်းရဲပေမယ့် စိတ်မဆင်းရဲကြပေ။ ဖြူစင်စိတ်ထားသည် သူတို့ရင်ဝယ် အမြဲကိန်းအောင်းနေကြသည်။ ကိုယ့်အတွက် ပဓာနမထားဘဲ သူအတွက်ကိုသာ အမြဲရှေးရှုတတ်ကြသည်။ ထိုသူတို့သည်ကား အဆင့်အတန်းရှိသောသူဟု ဆိုနိုင်ပါသည်။ ကျွန်ုပ်တို့လူငယ်များ အတုယူကြရပါမည်။

''လဲနေသူ ထူပေးပါ၊ လေးနေသူ တွဲပေးပါ''ဟူသည့်အတိုင်း အချင်းချင်း အားပေးကူညီကြရပါမည်။ စိတ်ဓာတ်ကျလဲပြိုနေသူကို အားပေးစကားပြောခြင်းဖြင့် စိတ်ဓာတ်ခွန်အားများ ပေးရပါမည်။ ထို့အတူ ဘဝခရီးကိုလျှောက်လှမ်းဖို့ မဝံ့မရဲဖြစ်ကာ လေးလံထိုင်းမှိုင်းနေသူကိုလည်း တက်ကြွဖျတ်လတ်ပြီး ကိုယ်နှင့်အတူပါလာစေရန် တွဲခေါ်ရပါမည်။ **''ကမ်းသောလက်များ တွဲခေါ်ဖို့၊ တွဲသောလက်များ မဖြုတ်ဖို့''** အရေးကြီးလှပါသည်။ ကမ်းလက်ပိုင်ရှင်များစုစည်းကာ နိုင်ငံတော်သစ်ဆီသို့ တက်ညီလက်ညီ ချီတက်ကြရပါမည်။ သို့မှသာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်လာနိုင်ပါမည်။

သို့ဖြစ်၍ ကျွန်ုပ်တို့လူငယ်များအားလုံးသည် မွန်မြတ်စိတ်ထားကို အရင်းခံပြီး နိုင်ငံ့သားကောင်းများဖြစ်အောင် အမြဲကြိုးစားလှုပ်ရှားနေသင့်ပါသည်။

မာမာ(အမိမြေ)

ကျမ်းကိုး။ ။ ၁။ မြန်မာ့ကြက်ခြေနီသမိုင်း

၂။ ရွှေမိုးတားဝင်းကြည်ရွှေ(စိတ်ပညာ)၏ ''မြန်မာ့သူနာပြုနှင့် သားဖွားသမိုင်းဝင်မော်ကွန်း''



ဘူမိဘောအဒူယာဒတ်ဂျ်

ကိုကော်

ထိုင်းဘုရင် ဘူမိဘောအဒူယာဒတ်ဂျ်အား ၁၉၂၇ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု မက်ဆာချူးဆက်ပြည်နယ် ကိန်းဘရစ်မြို့တွင် မွေးဖွားခဲ့လေသည်။

ထိုအချိန်တွင် ထိုင်းဘုရင်ရဲ့ ခမည်းတော်မှာ အမေရိကန်ပြည်ထောင်စု ဟားဗက်တက္ကသိုလ်တွင် ပြည်သူ့ကျန်းမာရေးနှင့် ဆေးသိပ္ပံကို တက်ရောက်သင်ကြားလျက်ရှိနေချိန်ပင် ဖြစ်ပါသည်။

ထိုင်းဘုရင် ဘူမိဘောအဒူယာဒတ်ဂျ်ဟုအမည်ပေးသူမှာ သူ့ရဲ့ဦးရီးတော် သတ္တမမြောက် ရာမာဘုရင်ဖြစ်ပါသည်။ နာမည်ရဲ့ အနက်အဓိပ္ပာယ်မှာ ''နိုင်ငံတော်ရဲ့ခွန်အား'' ''အနှိုင်းမဲ့စွမ်းအားရှင်''ပင် ဖြစ်ပါသည်။

ဘန်ကောက်နှင့် ဆွစ်ဇာလန် လော့ဆိန်းမြို့တွင် ပညာသင်ကြားနေသော ခမည်းတော် ဆောင်းကုလားမင်းသားသည် ၁၉၂၉ ခုနှစ်တွင် ကံကုန်သွားခဲ့သောကြောင့် ဆွစ်ဇာလန်နိုင်ငံတွင် မိခင်ရဲ့ စောင့်ရှောက်မှုအောက်မှာ ကြီးပြင်းလာခဲ့ရပါသည်။

အဋ္ဌမမြောက် ရာမာဘုရင် အာနန္ဒာမဟီဒေါသည် လုပ်ကြံခံလိုက်ရသောကြောင့် နတ်ရွာစံသွားလေသည်။ ၁၉၄၆ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ဘူမိဘောအဒူယာဒတ်ဂျ်သည် ထီးနန်းဆက်ခံခဲ့လေသည်။

၁၉၅၀ ပြည့်နှစ်၊ ဇူလိုင် ၂၈ ရက်နေ့တွင် ပြင်သစ်နိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီး ချန်ဒရာပူရီဆူနတ်ရဲ့ သမီးဖြစ်သူ သီရိခေတ် (sirikit) နှင့် စုလျားရစ်ပတ်လက်ထပ်ထိမ်းမြားခဲ့ပါသည်။ ကမ္ဘာတစ်ခွင် အချောအလှဆုံး အမျိုးသမီးများတွင် တစ်ယောက်အပါအဝင်ဖြစ်သော သီရိခေတ်နှင့် ပြင်သစ်နိုင်ငံသို့ ဘူမိဘော အလည်အပတ် သွားရောက်စဉ် တွေ့မြင်ကာ မေတ္တာမှုခဲ့ကြခြင်း ဖြစ်ပါသည်။

၁၉၅၀ ပြည့်နှစ်မှာပင် ရာဇာဘိသေက အခမ်းအနားကို ဆင်ယင်ကျင်းပပြီး နဝမမြောက် ရာမာဘုရင် ဘူမိဘောအဒူယာဒတ်ဂျ် နန်းတက်ဘိသိက်ခံခဲ့ကြပါသည်။

ဘူမိဘော ငယ်စဉ်အခါက အရှက်အကြောက်ကြီးသူဖြစ်ပါသည်။ စိတ်ကောင်းနှလုံးကောင်း ရှိသူဖြစ်ပြီး၊ ခက်ထန်မောက်မာ ကြွားဝါမှုကင်းကာ ယဉ်ကျေးသိမ်မွေ့ကျည်ရိုင်းပင်းလိုသော လူမှုဝန်ထမ်းစိတ်အပြည့်ရှိသောသူဖြစ်သည်။

ရွှေနန်းတော်မှာ စံမြန်းတော်မူနေသော ဘဝမှ မြေကြီးပေါ်က ဗျိုက်ပင် ဗျိုက်တောဆင်း၊ ရွှံ့ဖွက်နွံမှာ ခြေစုံနစ်ကျွံစေဦးတော့ ထိုင်းလူမျိုးတွေ အကျိုးရှိစေမယ့် အလုပ်တွေကို တစ်စိုက်မတ်မတ် အစဉ်ဆက်မပြတ် သယ်ပိုးဆောင်ရွက်ခဲ့ပါသည်။

ဆည်မြောင်းတာတမံ တည်ဆောက်နိုင်ဖို့ ကိုယ်တိုင်ဝင်ရောက်တိုင်းတာ အကြံဉာဏ်ပေးသည့်အပြင် ဆင်းရဲသားပြည်သူတွေကို အကြင်နာတရားနှင့် အားပေးနှစ်သိမ့်ကာ ဘိန်းအစားထိုး အခြားသီးနှံများစိုက်ပျိုးကြစေရန် ကိုယ်တိုင် လိုက်လံစည်းရုံးရေး ဆင်းခဲ့ပါသည်။ ထို့အတူ မျိုးကောင်းမျိုးသန့် စပါးရရှိစေဖို့ လယ်ကွင်းများဆီသို့



ကိုယ်တိုင်ဆင်းပြီး ပညာပေးစည်းရုံးကာ တောင်သူလယ်သမားများနှင့် အသိချင်းဖလှယ်နိုင်ခဲ့ပါသည်။

ထိုင်းဘုရင် ဘူမိဘောသည် တိုင်းခန်းလှည့်လည်ရာတွင် အစိုးရအရာရှိများ၊ ဆောက်လုပ်ရေးအင်ဂျင်နီယာများ၊ အထူးကု ဆရာဝန်များနှင့် သွားဘက်ဆိုင်ရာ ဆရာဝန်များလည်း ပါရှိခဲ့ပါသည်။ ဒေသခံဆေးရုံများနှင့်ပူးပေါင်းပြီး ပြည်သူတွေအား အခမဲ့ဆေးဝါးကုသပေးခြင်းကိုလည်း ဆောင်ရွက်စေခဲ့ပါတယ်။ သီရိခေတ်သည်လည်း ကျေးလက်ဒေသ၊ နယ်စပ်တောင်ပေါ်ဒေသများမှ ဆင်းရဲသားပြည်သူတို့အား အနွေးထည် ခြုံစောင်များ ပေးဝေခဲ့ပါသည်။

တိုင်းပြည်တွင်း မတည်ငြိမ်မှုများ၊ ဆင်းရဲမွဲတေမှု၊ လူမှုရေးပြဿနာ၊ ကျေးလက် တောင်ပေါ်နယ်စပ်ဒေသများတွင် သွားရောက်ရှိပေး ရပ်တည်နေသည်က ''ကြိုတင်ကာကွယ်ရေးဆေးဝါး''ဟု တင်စားခံရလောက်ပင် ပြည်သူတို့အတွက် ချက်ချင်းဆောင်ရွက်၊ လက်တွေ့ကျင့်သုံးလျက်ရှိ







ကာ တိုင်းသူပြည်သားများ စည်းလုံးညီညွတ်ရေး အထိမ်းအမှတ်အဖြစ် ရပ်တည်ပေးခဲ့ပါသည်။

စစ်တပ်အာဏာသိမ်းမှု ၂၂ ကြိမ်၊ အုပ်ချုပ်ပုံ အခြေခံဥပဒေသစ် ရေးဆွဲမှု ၁၂ ကြိမ်၊ အကြိမ်ပေါင်းမရေတွက်နိုင်သော ကက်ဘိနက်ဝန်ကြီးများအဖွဲ့ အပြောင်းအလဲ ရှိခဲ့သော်လည်း ဘူမိဘောသည် လုပ်ပိုင်ခွင့်အာဏာ ကန့်သတ်ခံထားရသော စည်းမျဉ်းခံဘုရင်တစ်ပါးသာ ဖြစ်ပေမယ့်၊ သူ့ရဲ့အရှိန်အဝါက ပြည်သူများစွာကို ကောင်းမွန်စွာထိန်းထားနိုင်စွမ်းရှိသည်။ ထိုင်းစစ်တပ်သည်လည်း အစိုးရတွေ တစ်ဖွဲ့ပြီး တစ်ဖွဲ့ ဖြုတ်ချနိုင်ခဲ့သော်လည်း ဘုရင်ဘူမိဘောအပေါ် သစ္စာခံလေးစားကြည်ညိုမြတ်နိုးမှုရှိနေကြပါသည်။

ဘုရင်ဘူမိဘောသည် အာဏာရနိုင်ငံရေး ကိစ္စများတွင် ဘယ်သောအခါမျှ ပါဝင်ခြင်းမရှိပါ။ သိက္ခာ သမာဓိရှိစွာနဲ့ နေထိုင်ပါသည်။ ကျောသားရင်သား မခွဲခြားဘဲ တရားနည်းလမ်းကျစွာ အဆုံးအဖြတ်ပေးလေ့ရှိပြီး သူ့ရဲ့အပြောအဆို အဆုံးအမတွေကို တစ်ပြည်လုံးကလိုက်နာခံယူကြပါသည်။

ဘုရင်ဘူမိဘောရဲ့ ပုဂ္ဂိုလ်ရေးအာဏာသည် သူ့ရဲ့ နန်းသက်တစ်လျှောက်လုံး ကြာလေ ခိုင်မြဲလေလေ ဖြစ်ခဲ့လေသည်။

ထိုင်းနိုင်ငံရဲ့သမိုင်းတွင် ဘုရင် ဘူမိဘောအဒူယာဒတ်ဂျိသည် နန်းသက်အရှည်ဆုံး မင်းတစ်ပါးအဖြစ် သမိုင်းမှတ်တိုင် ထူနိုင်ခဲ့ပါသည်။

ဘုရင်ဘူမိဘောသည် ထိုင်း၊ အင်္ဂလိပ်နှင့် ပြင်သစ်အပါအဝင် ဘာသာစကားငါးမျိုးကို သွက်လက်စွာပြောဆိုနိုင်ပါသည်။

ပန်းချီရေးဆွဲခြင်း၊ ဂျပ်(စ်)တေးဂီတကို ငယ်စဉ်ကတည်းက ဝါသနာထုံခဲ့သည်။ ကင်မရာတစ်လုံးကို ခရီးထွက်တိုင်း လွယ်လျက် ပထမတန်းဝင် ဓာတ်ပုံဆရာလည်း ဖြစ်ပါသည်။ လေလော်ရွက်တိုက်တွင်လည်း နိုင်ငံတကာအဆင့်မီသူ ဖြစ်ပါသည်။ စာရေးစာဖတ်သူလည်း ဖြစ်သကဲ့သို့ အချို့သော စာအုပ်များကို ဘာသာပြန်ထုတ်ဝေခဲ့ပါသည်။

ကမ္ဘာ့ဝန မဂ္ဂဇင်းကြီးမှ ရေးသားထားချက်အရ ဘုရင်ဘူမိဘောရဲ့ ဘိုးဘေးတော် လက်ထက်ကတည်းက စုဆောင်းထားခဲ့သည်မှာ အမေရိကန်ဒေါ်လာ ၄ ဘီလီယံကျော်ခန့် ချမ်းသာကြောင်းသိရပါသည်။

ဘုရင့်ဥစ္စာဝန ထိန်းသိမ်းရေးရုံးတော်ရဲ့ ကွပ်ကဲထိန်းချုပ်မှုအောက်တွင်ရှိသော ထိုင်းကူးသန်းရောင်းဝယ်ရေးနှင့် ဘိလပ်မြေကုမ္ပဏီတို့မှာ အောင်မြင်သောလုပ်ငန်းများဖြစ်သည်နှင့်အညီ ပြုပြင်တည်ဆောက်ရေးလုပ်ငန်းစဉ်များကိုကူညီပံ့ပိုးပေးကာ ပြည်သူလူထုရဲ့အကျိုးကို တစ်ဖက်တစ်လမ်းမှ ထမ်းရွက်ခဲ့သော ''ပြည်သူ့ဘုရင်ကြီး''ဟု ပြည်သူလူထုတွေက ချစ်မြတ်နိုးစွာ ခေါ်ခဲ့ကြပါသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)မှ ချီးမြှင့်ခဲ့သော Human Development Lifetime Achievement Award. အပြင် အခြားဆုတံဆိပ်များစွာ ချီးမြှင့်တာကိုလည်း ခံခဲ့ရပါသည်။ ဆင်းရဲသောပြည်သူများအတွက် မနားမနေလုပ်ဆောင်ပေးခဲ့သော မေတ္တာတရားကို ဂုဏ်ပြုပေးသော ဆုများဟု ခေါ်ဆိုနိုင်ပါသည်။

၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီ ၂၅ မိနစ်၊ ဘန်ကောက် ဆီရီရက်ဂျ် ဆေးရုံကြီးတွင်နတ်ရွာစံသွားခဲ့ပါသည်။သက်တော် ၈၉ နှစ်၊ နန်းသက် ၇၀ နှစ် စိုးစံကာ သမီးတော် ၃ ပါး၊ သားတော် ၁ ပါးသာ ရှိခဲ့သောကြောင့် သားတော် မဟာဗာဇိရာလောင်ကွန်း (Maha Vajira Long Korm) အား ထီးနန်းဆက်ခံရန် ရွေးချယ်ခဲ့ပါသည်။

နဝမြောက် ရာမာဘုရင် ဘူမိဘော အဒူယာဒတ်ဂျိရဲ့ မှတ်သားဖွယ်ရာ အဆိုလေးများမှာ–



– တောင်းပန်ရန် ဝန်မလေးပါနဲ့၊ မသိရင် မသိကြောင်း ဝန်ခံပါ။

– ထမင်းလုံးတိုင်း ရေစက်တိုင်း၊ စားစရာရှိသမျှ ရင်ထဲကကျေးဇူးတင်ပါ။

– ငွေကိုမချစ်တဲ့သူဟာ ဘဝကို မချစ်တဲ့သူ၊ ကြီးပွားဖို့ မမျှော်လင့်တဲ့သူ။

– ကပ်စေးနဲတဲ့သူဟာ ဘဝအောင်မြင်ဖို့အတွက်ပါ၊ တစ်နည်းအားဖြင့် ဘဝကို ချစ်တဲ့သူပါ။

– မွေးကတည်းက မည်သူမျှ မပြေးတတ်ပါ၊ ဒါကြောင့် ဖြည်းဖြည်းစလုပ်ပါ။

– ပြင်းထန်တဲ့စိတ်ရှိသလို ပျော့ညံ့တဲ့စိတ်လည်း ဖြစ်တတ်ပါတယ်။

– ရန်ဖြစ်သူနှစ်ယောက်ကြားမှာ အရင်ဆုံးရပ်သွားသူက ပညာရှိပါပဲ။

– ငွေအကြွေစေ့တစ်ခုမှာတောင် မျက်နှာ နှစ်ခုရှိတယ်၊ ဘဝတိုင်းမှာလည်း အနိုင်အရှုံး၊ အောင်မြင်ကျရှုံးမှုတွေရှိတယ်။

– နားမလည်သူအားနားလည်အောင် ရှင်းပြတတ်ပါစေ။

– ဘုရားရှိခိုးတိုင်း မည်သည့်ဓနဥစ္စာကိုမျှ မတောင်းဘဲ၊ ပညာနှင့်အစွမ်းသတ္တိကိုသာ တောင်းယူပါ။

– အပင်ငယ် တက်ခါစကို မြန်မြန်ကြီးပါစေဆိုပြီး ဆွဲဆန့်လိုက်တာတွေ မလုပ်မိပါစေနဲ့၊ အမြစ်ပါကြွေသွားမယ်။

– သွားတွေ ဘာလို့ကျိုးသလဲ၊ မာလို့ကျိုးကုန်တာပေါ့၊ လျှာတွေကရော ဘာလို့မကျိုးတာလဲ။

– အလုပ်တစ်ခုကို ပြီးမြောက်အောင်မြင်ရေးအတွက် ရက်ချိန်းတစ်ခု သတ်မှတ်လိုက်ပါ။

– ကြယ်သီးတွေဟာ ပထမတစ်လုံးမှားတပ်လိုက်သည်နှင့် အားလုံးမှားတော့တာပါပဲ။

– မိမိကိုယ်ကိုယ် တစ်နေ့လျှင် သုံးကြိမ် သေရမည်ကိုစဉ်းစားပါ၊ အားလုံးပြင်ဆင်ပြီးသား ဖြစ်သွားပါလိမ့်မယ်။

– လူတစ်သက်တာမှာ အလုပ်တွေအများကြီးလုပ်ရလိမ့်မယ်၊ အရေးကြီးတာတွေကိုသာ ရွေးလုပ်ပါ။

– ကြယ်နှင့်လဟာ အရမ်းမြင့်လွန်းပါတယ်၊ မီနိုင်သလောက်ကိုသာ လှမ်းပါ။

– အရာရာကို သတ်မှတ်ချက်ရှိပါစေ၊ ပစ္စည်းတစ်ခုအား ထိုနေရာမှယူလျှင်၊ ထိုနေရာမှာ ပြန်ထားပါ၊ စည်းကမ်းသည် လူရဲ့တန်ဖိုးပါ။

– စာအုပ်တွေဟာ ကမ္ဘာပေါ်မှာ တန်ဖိုးအရှိဆုံးနှင့် ဗဟုသုတအရဆုံး ပညာရှိတစ်ဆူဖြစ်တယ်၊ တစ်လလျှင်တစ်အုပ်ဖတ်နိုင်အောင် လုပ်ပါ။

– ကျေးဇူးတင်ပါတယ်ဆိုသောစကားကို အမြဲပြောပေးပါ။

– ပြုတ်ကျပါက၊ လဲကျပါက ပြန်ထူပြန်ထရန် မကြောက်ပါနဲ့။

– ခက်ခဲ နက်နဲလေလေ အောင်မြင်ဖို့အတွက် လေးနက်မှုရှိလေလေပါပဲ။

– အများရှိလျှင် ဝန်ခံရမည်၊ ခွင့်လွှတ်စိတ်ရှိပါ၊ နားထောင်သည့်အလုပ်တိုင်းကို ဦးစားပေးပါ။

– သူတစ်ပါး၏ ရင်ဖွင့်စကားနှင့် တိုင်ပင် လျှို့ဝှက်စကားတို့အား မိမိအနေဖြင့် ထိန်းသိမ်းပါ။

– ကီလို ၁၀၀၀ (မိုင်ထောင်ချီ)ခရီးအား ချောမွေ့သည်ကား မရှိနိုင်ပါဘူး။

– ဘာသာရေးစာအုပ်ကို တစ်နှစ်တစ်အုပ်ရအောင်ဖတ်ပါ။

ကိုဇော်





တောင်လေျှန်းခြိန်

❖ ချစ်တဲ့သူငယ်လေ
ကျွမ်းဖော်တစ်သင်း၊ လွမ်းဖော်ချင်းတို့ရေ။

❖ မြူနှင်းငယ်မှ ကုန်စင်
ရှစ်ခွင်တင့်ဆန်း
ညင်းသွေသွေ တောင်လေဖျန်းတော့
ခါနွေဆန်းကိုတဲ့ လွမ်းလှနော်။

❖ မြကမ္ဘလာ မွေ့ယာအခင်း
နေမင်းမှုန် ခြေစုံနင်းတော့
မြေသင်းနံ့ဝေ ညင်းလေလွင့်မြူး
ညို့လွင်လွင် အသွင်ထူးတဲ့
ဂိမာန်ဦးအလှ ပန်းဇာခြည်
ချိန်တစ်ဖန်ကူးမျှ လွမ်းရာသီ။

❖ ရော်ရင့်ရွက်ဝါ အညာပျော့ညောင်း
လေပြေလာ မြေမှာလျောင်းတော့
ဖြစ်ဟောင်းပျက်စဉ် ရွှမြင်မာနဲ့ချ
ငယ်ရုပ်ပုံ မှုန်ပျပျနှင့်
ဘဝဆောင်အတိတ် မှေးစက်ရာ။
ဓမ္မအယောင်ရိပ် တွေးယှက်ဖြာ။

❖ ပင်မြင့်ထက်ယံ လက်ပံနီရဲ
ပွင့်အခိုင် လက်ကိုင်မမြဲတော့
လေဝဲကြွေကျ ငိုရတယ်။
ဖြေကျဲမြေအလှ ဆိုစရာကွယ်။

❖ ဖော်ချင်းဆွေငင်း လက်ပံပင်အောက်
ပလိုင်းကိုယ်စီ စုံညီရောက်လို့
ပြေးလွှားကောက်ရ ပျော်ခဲ့ကြ။

❖ ဖော်ဝေး'ဆက်ရက်' ရော်ဆွေးလျက်
မျှော်တေးဖက်လို့ ကြိုသတော့။

❖ 'ဉဩ'အမ ထုတ်ပြောသမျှ
နူတ်ကယောမြဲသို့ ချီသတော့။

❖ 'အန္တေ' 'မိုးသူ' အခြေမျိုးမတူ
ပလွေရိုးကူလို့ ငိုသတော့။

❖ မှုန်ဆွေးဆွေးနှင့်
ဆုံရေးခက်ကာ လွမ်းတော့တယ်။

❖ ကြိုတွေးတွေးနှင့်
စုံလွေးရတက်ဖြာ သမ်းတော့တယ်။

❖ အလိုလေ့အိုင်
တစ်နွေဆန်းသစ် မှတ်တုံလှစ်သော်
အသစ်ထွေလာ နှစ်တွေကြာလည်း
ဘယ်ခါမန္တမ်း ငယ်ကျမ်းပုံရိပ်
မျက်ရည်စို ပင်အိုရိပ်မှာ
အတိတ်ခြေရာ ရင်လွှာနင်းဆောင့်
တောပျိုမေ တစ်မြေမောင့်ကို
မျှော်စောင့်မိုင်လေး။ ။

မောင်မျိုးသန့်(ပင်လည်ဘူး)

သေးနွဲ့ဝဲကို
ဘယ်ဝါတာရှည်
ဘဝသံသရာ...



မေရဲ့တောင်းဆိုမှုကြောင့် ဘားအံတစ်ခေါက်ရောက်ရပြန်ပါပြီ။ သံလွင်မြစ်နဲ့ ဖွဲကပင်တောင်ကြီးကို မြင်ရပြန်ပြီပေါ့။

ညကမူ ဒူးရင်းဆိပ်တပ်မှာ တစ်ညဉ်အိပ်ခဲ့သည်။ သမီးအငယ်ဆုံးက ဘားအံတပ်မှ ဒုတပ်ရင်းမှူးကတော်ဖြစ်နေသဖြင့်–



''ပါးပါးနဲ့ မိုးမိုး ဘားအံသွားရင် သမီးတို့တပ်မှာ တစ်ညတော့ ဝင်အိပ်ပါ အုံး''ဟု ပြောထားဖူး၏။

ထို့ကြောင့် ဝင်အိပ်ခြင်းပါပေ။ ရန်ကုန်က အထွက် နောက်ကျသဖြင့် ဒူးရင်းဆိပ်သို့ ညအတော်မိုးချုပ်မှရောက်၏ သမီးက ရန်ကုန်ပြန်ရောက်နေသည်။ သူ့အမျိုးသားက သထုံခရိုင် မြောက်ခြမ်းတွင် စစ်ဆင်ရေး တာဝန်ဖြင့် လှည့်လည်သွားလာနေရသည်။ ထို့ကြောင့် ကျွန်တော်နှင့်မေ့ကို ထိတတ်က သိသူမရှိပါ။ သို့ရာတွင် ဧည့်ရိပ်သာကို အသင့်ပြင်ကာ တပ်ရေးဗိုလ်ကြီးနှင့်အဖွဲ့က စောင့်နေကြရှာ၏။

ကျွန်တော်တို့ကားလေးရိပ်သာရောက်တော့ ညကိုးနာရီထိုးပြီ။

''အဘတို့ မိုးချုပ်တယ်နော်''

''ဟုတ်တယ်···ရန်ကုန်ကထွက်လာကတည်းက နေ့လယ် တစ်နာရီထိုးပြီးပြီ''

တစ်ခါမှ မမြင်ဖူးသေးသော်လည်း တပ်ရေးဗိုလ်ကြီးက ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး စကားပြောရှာ၏။ ကျွန်တော် တပ်မ(၃၃)တွင် တာဝန်ထမ်းဆောင်နေစဉ်က ရှေ့တန်းတပ်မဌာနချုပ် သထုံတွင် သူ တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ကျွန်တော့် ကိုလည်း မြင်ဖူးသည်ဆို၏။ ကျွန်တော်က တော့ သူ့ကို ကောင်းစွာမသိပါ။ မြင်လည်း မမြင်ဖူးခဲ့ပါ။ ထိုစဉ်က သူသည် တပ်ကြပ်ကြီးအဆင့်ဟုသိရသည်။ ဆယ်တန်းအောင်ပြီး ဝိဇ္ဇာဘွဲ့ကို အလွတ်ဖြေဆိုအောင်မြင်ပြီးနောက် ဗိုလ်သင်တန်းတက်ခွင့်ရခဲ့ပြီး သူအရာရှိဖြစ်လာခဲ့သည်ဟုဆို၏။ ကောင်းပါသည်။ သာမန်ရဲဘော်မှသည် အကြပ်ကြီးအဆင့်၊ ထိုမှသည် အရာရှိဖြစ်လာသည်ဆိုတော့ အောက်ခြေအဆင့် စစ်သည်များ၏ သဘောသဘာဝကို ပိုမိုနားလည်၍ ကျွမ်းကျွမ်းကျင်ကျင်ဖြင့် တပ်ကို ထိန်းသိမ်းပေးနိုင်ပေလိမ့်မည်။ ထို့ကြောင့်လည်း သူ့ကို တပ်ရေးဗိုလ်ကြီး တာဝန်ပေးထားသည် ထင်ပါသည်။

နာမည်က ဗိုလ်ကြီးကျော်မင်းအောင်။

လူမျိုးက ကရင်။ ဒါပေမဲ့ ဗမာတောထဲ ကြီးလာသည့် ကရင်ဖြစ်ခြင်းကြောင့် ကရင်စကား ကောင်းကောင်းမတတ်။ အခုမှ ကရင်စကားနှင့် ကရင်စာ ပြန်သင်နေရသတဲ့။ သူ့စကားကြောင့် ပြီးရပါသည်။

ထိုညက ညစာကို ဆယ်နာရီထိုးမှ စားနိုင်၏။ ရိပ်သာတွင် ကောင်းစွာအိပ်စက်အနားယူပြီး နောက်တစ်နေ့ မနက်စာကို လည်း မြိန်ရှက်စွာစားသုံး၍ ဒူးရင်းဆိပ်တပ်မှ ဧည့်ခံခဲ့ကြသော တပ်ရေးဗိုလ်ကြီးနှင့် ရိပ်သာတပ်ကြပ်ကြီး ဇနီးမောင်နှံကို နှုတ်ခွန်းဆက်ပြီး ခရီးဆက်ခဲ့ကြသည်။

''ကဲ···လိုလေသေးမရှိ ပြုစုကြတာ ကျေးဇူးအထူးတင်ပါတယ်၊ ရန်ကုန်ရောက်ရင်လည်း ဝင်ပါ၊ လိုတာလည်းမှာပါ၊ သမီးနဲ့ ထည့်ပေးလိုက်ပါမယ်''

တပ်နဲ့ကင်းဝေးခဲ့တာကြာပြီ။ ဆယ့်လေးငါးနှစ်တောင် ရှိခဲ့ပြီပဲ။ အခုတပ်မှာ တစ်ညဝင်နားလိုက်မိတော့ ရှေးဖြစ်ဟောင်းများကို အောက်မေ့မိသည်။ ဒုဗိုလ်ဘဝမှသည် နည်းဗျူဟာမှူးဘဝအထိ စုစုပေါင်း

တပ်နဲ့ကင်းဝေးခဲ့တာကြာပြီ။ ဆယ့်လေးငါးနှစ်တောင် ရှိခဲ့ပြီပဲ။ အခုတပ်မှာ တစ်ညဝင်နားလိုက်မိတော့ ရှေးဖြစ်ဟောင်းများကို အောက်မေ့မိသည်။ ဒုဗိုလ်ဘဝမှသည် နည်းဗျူဟာမှူးဘဝအထိ စုစုပေါင်း ၁၅ နှစ်ကာလမျှ ဤဒေသ၌ ကျင်လည်ကျက်စားခဲ့ရ၏။

၁၅ နှစ်ကာလမျှ ဤဒေသ၌ ကျင်လည်ကျက်စားခဲ့ရ၏။

ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ မော်လမြိုင်၊ ဘားအံ၊ ကျိုဒိုး၊ ကော့ကရိတ်၊ မြဝတီ၊ ရွှေဂွန်း၊ ကမမောင်း၊ ဖာပွန်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်အနှံ့ ခြေဆန့်ခဲ့ရသည်။ တိုက်ပွဲကြီးငယ်အသွယ်သွယ်ကို ဟိုး ဗိုလ်ဖြစ်စ တပ်စုမှူးဘဝမှသည် ဗိုလ်မှူးကြီးအဆင့် နည်းဗျူဟာမှူးဘဝအထိ ဆင်နွှဲခဲ့ရသည်။ ကိုယ်ငယ်ငယ်က သတ်ဖော်သတ်ဖက် ရန်သူခေါင်းဆောင်များ၏ နောက်ဆုံးအခြေအနေကို ဒူးရင်းဆိပ်တပ်မှာ ညစာစားရင်း မေးဖြစ်သည်။

''ဗိုလ်ချုပ်ထိန်မောင် အလင်းဝင်လာတော့ သူနေရာကို ကျော်နီက ဆက်ခံသတဲ့''

''ဩော်···''

''အဘ လေးကေမှာ ဗျူဟာမှူးနဲ့နေခဲ့တုန်းက လေးကေသားတပ်စုမှူး စောမြင့်ထွေးက အခု တပ်ရင်းမှူးလေ''

''ဩော်···''

ဟုတ်ပါလိမ့်မည်။ သူဘက်ကိုယ့်ဘက် ရာထူးတွေ လျင်မြန်စွာတက်လာကြရာ လည်း အပျက်အစီးများရှိခဲ့၏။ ဒါသာမက ထိုင်း–မြန်မာနယ်စပ်ကုန်သွယ်ရေးကလည်း အရှိန်အဟုန်ကောင်းနေသဖြင့် မြဝတီမှ ဆင်းလာသည့် ကုန်တင်ကားကြီးများမှာ ဟီးနေအောင် ကုန်တွေတင်လာကြသည်။ ဆယ်ဘီးကားကြီးများမဟုတ်။ ဘီးပေါင်း ၁၄ ဘီးရှိသည်ကို အသေအချာရေတွက်ကြည့်မိ၍ မှတ်မိခဲ့၏။ ကားကြီးများကို ဟောတစ်စီး၊ ဟောတစ်စီး ရှောင်ပေးနေရသည်။ ယာဉ်အသွားအလာများ၍ ဒူးရင်းဆိပ် ဘားအံလမ်းက အပျက်အစီးများလှ၏။ ကားကြီးတွေ အဝေးကလာသည်ကို လှမ်းကြည့်လိုက်လျှင် ကားဟုပင်မထင်ရ။ ဂိုဒေါင်ကြီးတွေ လိမ့်လာလေသလားဟု ထင်မှတ်မှားရ၏။

''ကားတွေက ကြောက်စရာကြီးနော်၊ ကုန်တွေကို အပြည့်အသိပ်တင်လာတာ''

''အင်း···ဒါမှလည်း သူတို့အတွက် တွက်ခြေကိုက်မယ်ထင်ပါရဲ့''

ကုန်သွယ်ရေး သဘောသဘာဝကို ကျွန်တော် ကောင်းစွာမသိပါ။ ယခုကဲ့သို့ တစ်ခေါက်ဆို ဆိုသလောက် ကုန်များတင်

ဆောင်သယ်ယူနိုင်မှ သူတို့အတွက် စီးပွားရေး အခြေအနေကောင်းမည်ဟုသာ မှန်းဆရပါသည်။ ဒါဆို ဒီလိုပဲ တင်ကြပါလိမ့်မည်။

မနှင့်ပြောရင်းဆိုရင်း သံလွင်တံတားကြီးကိုကျော်၍ ကားက ဘားအံမြို့တွင်း ဝင်လာသည်။ အရှေ့ဘက် ခွဲကပင်တောင်ကြီးကိုလည်း မြင်ရပြီ။ တည်းခိုမည့် ပါရမီ Motel တွင် ပစ္စည်းချသည်။ မရောက်တာကြာသည့် ဘားအံကို ကားဖြင့် တစ်ပတ် ပတ်ကြည့်သည်။ မနှင့် မြင်တာတွေ့တာတွေ ပြောဖြစ်ကြသည်။ ဘားအံ၏ အဓိက လမ်းမကြီးဖြစ်သော ဗိုလ်ချုပ်လမ်းကြီးကို တွင် တည်းခိုဖြစ်ခဲ့သည်။ ဘားအံတွင် ထိုစဉ်က ပုဂ္ဂလိက ဧည့်ရိပ်သာများမရှိသေးပါ။ စစ်သားမို့ တပ်ကဧည့်ရိပ်သာတွင်သာ တည်းရသည်။ အမျိုးတွေခေါ်သော်လည်း အမျိုးတွေအိမ်မှာ တစ်ကြိမ်တစ်ခါမျှမတည်း ဖြစ်ခဲ့ပါ။

''ကိုရေ...တပ်မဟာ(၁၁)နဲ့ ကချင်(၂)လည်း မရှိတော့ဘူးနော်''

''အင်း...တပ်မဟာ(၁၁)က တပ်မဟာတွေ ဖျက်သိမ်းလိုက်တဲ့ထဲပါသွားပြီ၊ ကချင်(၂)ကတော့ အရှေ့ဘက်ကို ရွှေ့သွားပြီ၊ သာမည်တောင်သွားတဲ့လမ်းမှာတဲ့''

''ဩော်...ကိုစိုးအောင်တို့ ကိုဖေငြိမ်း

ကိုစိုးအောင်သည် အသက် ၂၀ မရှိသေးဘဲ တပ်ထဲဝင်သွားခဲ့သူပင်။ ငယ်ငယ်ရွယ်ရွယ်နှင့် ရာထူးတွေ လျင်မြန်စွာတက်ခဲ့ပြီး သူရဘွဲ့တွေ ဘာတွေလည်း ရခဲ့၏။ အသက် ၄၀ ခန့်တွင် ဗိုလ်မှူးကြီး Full Colonel ဖြစ်ခဲ့ရာ ဟိုခေတ်ဟိုအခါက အသက်အငယ်ဆုံး ဗိုလ်မှူးကြီးမို့ ငါလိုလူဇမ္ဗူမှာရှိဦးမှာလားဟုပင် ဆိုရမလောက်ဖြစ်ခဲ့၏။ သူက Full Colonel နည်းဗျူဟာမှူးဖြစ်ချိန်တွင် သူနှင့် အသက်ရွယ်တူ ကျွန်တော်က တူးအိုင်စီခေါ် Second in Command ဒုတပ်ရင်းမှူးသာရှိသေးသည်။ စစ်မြေပြင်တွင် စွမ်းရည်ရှိ၍ သူရဲကောင်းအောင်သူရဲကောင်းနှင့် တပ်မတော်တွင် နာမည်ကြီးခဲ့သူဖြစ်၏။

မေက ကိုစိုးအောင်ကို အလွန်ခင်သည်။ ကိုစိုးအောင်အကြောင်းမကြာမကြာ ပြောလေ့ရှိသည်။ ယခုလည်း ပြောလာပြန်သည်။ မပြောမှ ကိုစိုးအောင်အကြောင်းကို ပြန်ပြောင်းစဉ်းစားရင်း စစ်သားဘဝများကို ကျော်လွန်ကာ ဟိုလွန်ခဲ့သည့် အနှစ် ၄၀ ကျော် ၅၀ နီးပါးက တက္ကသိုလ်ကျောင်းသားဘဝသို့ ပြန်ရောက်သွားတော့၏။

ထိုစဉ်က ကျွန်တော်တို့တစ်တွေက ၁၆၊ ၁၇၊ ၁၈ အရွယ် ဆယ်ကျော်သက်များ။ ထိုကာလများကို ပြန်ပြောင်းအောက်မေ့ရင်း ဘယ်တော့မှ ပြန်မရနိုင်တော့သည့် ငယ်ဘဝကို လွမ်းတမိပါသည်။

အတိတ်ပန်းချီကားသည် မှုန်ဝါးနေရာမှ တဖြည်းဖြည်းပီပြင်လာ၏။

ချစ်ရက်ရှည်ရှည်အင်းလျားမြေ

ကျောင်းဖွင့်ချိန် x x x စိန်ပန်းတွေလည်း x x x မြေမှာကျဲပြန့်နေ x x x ကံကော်ပန်းတွေနဲ့အတူ x x x သူနဲ့တွေ့ရာမြေ x x x တက္ကသိုလ် သို့မဟုတ် x x x မြကျွန်းသာ အင်းလျားကန်မြေပေ x x x ချိန်ညနေချမ်း x x x နေခြည်းဖြန်းရင်လေမြေနီလမ်းကလေးမှာ x x x အပန်းဖြေအပန်းဖြေ x x x ချစ်စရာအလှအပစကားများ x x x ပြောကြတာတွေ x x x ချစ်သော မိမိငယ်ရေ x x x အင်းလျားကန်ကကိုယ်တို့ ကိုယ်တို့ မေတ္တာမြေ x x x

အဆိုတော်ကြီး ကိုသိန်းတန်ရဲ့ ''ချစ်

ကားမောင်းရင်း လေ့လာမိကြသည်။ ၆ လမ်းသွား လမ်းမကြီးအဖြစ်တွေ့ရပြီး ကားတွေ ဥဒဟိုပြေးနေသည်ကို မြင်ကြရ၍ မုဒိတာပွားရသေးသည်။ ကျွန်တော်တို့ငယ်စဉ်က တွေ့မြင်ခဲ့ရသည့် ဘားအံနှင့်ကားများစွာကွာခြားသွားခဲ့ပေပြီ။

''ကိုရေ...ဘားအံတပ်က မေတို့ မိတ်ဆွေတွေ အခု ဘယ်ရောက်နေကြသလဲ''

မနှင့် ကျွန်တော့်မှာ ဘားအံနှင့် ပတ်သက်ပြီး ပြောစရာများကား များလှချေ၏။ လွန်ခဲ့သည့် အနှစ် ၄၀ ကျော်က မနှင့် ကျွန်တော် ဘားအံတွင် ရုံးတက်လက်မှတ်ထိုးခဲ့သည်။ သူဘက် ကိုယ့်ဘက် သက်သေများ ပါဝင်ခဲ့သည်။ တပ်မဟာ(၁၁)နှင့် အမှတ်(၂) ကချင်သေနတ်ကိုင်တပ်ရင်းမှ အရာရှိငယ်များက ကျွန်တော့်ဘက်က၊ ကုန်သွယ်ရေးမှ ဦးစီးအရာရှိများက မေဘက်က၊ ပြီးတော့ မေ့အမျိုးတော်တော်များများကလည်း ဘားအံသူ ဘားအံသားများ။ ထို့ကြောင့် ဘားအံကို မကြာခဏ ရောက်ခဲ့သည်။ တပ်မဟာ(၁၁)ဧည့်ရိပ်သာ

''ပင်စင်စားတွေပေါ့ မေရယ်၊ ဒို့တောင် ပင်စင်စားတွေ ဖြစ်ကုန်ကြပြီပဲ''

''အင်း...ဟုတ်တာပေါ့လေ''

ကိုစိုးအောင်နှင့် ကိုဖေငြိမ်းကား ကချင်(၂)မှ ကျွန်တော်နှင့်အရင်းနှီးဆုံး မိတ်ဆွေနှစ်ဦးပါပေ။ သာမန်ရင်းနှီးသည်မဟုတ်ပါ။ သူတို့နှစ်ဦးနှင့်က ဟိုအရပ်သားဘဝကတည်းက သိလာကြသူတွေ၊ ကိုစိုးအောင်က ၁၉၆၁ ရန်ကုန် B.O.C ကောလိပ်တွင် ဘာသာတွဲအတူတက်ခဲ့ကြသည့် ကျောင်းနေဘက် သူငယ်ချင်း၊ ကိုဖေငြိမ်းကတော့ ကျွန်တော့်မွေးစားအဖေ အမေ၏ သမီးမမလေး၏ခင်ပွန်း၊ ကျွန်တော်နှင့်က သွေးမစပ်သည့်သမီးယောက်ဖ၊ သူကိုတက္ကသိုလ်ကျောင်းသားဘဝထဲက မမလေးဆီ မကြာမကြာလာပြီး အနုအလှနှင့် သမုဒယစကားများ လာပြောနေကတည်းက သိခဲ့သည်။ ထို့ကြောင့် သူတို့နှစ်ဦးနှင့် အရင်းနှီးဆုံးဖြစ်ခဲ့ရသည်။

ကျွန်တော်တို့ ဇနီးမောင်နှံ ဘားအံမှာ ရုံးတက်လက်မှတ်ထိုးတော့ ကိုစိုးအောင်က

ရက်ရှည်ရှည် အင်းလျားမြေ'' သီချင်းက ပတ်ဝန်းကျင်တွင် ပျံ့လွင့်နေသည်။ ကျွန်တော်တို့ တက္ကသိုလ်စတက်သည့် ၁၉၆၁ ကာလ၌ အဆိုတော် တွံတေးသိန်းတန်၏ ''ချစ်ရက်ရှည်ရှည် အင်းလျားမြေ''၊ အဆိုတော်ကြီး ကိုမင်းနောင်၏ ''တက္ကသိုလ်ကျောင်းသူတစ်ဦး''၊ အဆိုတော် ချိုပြုံး၏ ''ဘဝချင်းဆုံတွေ့ပါရစေ''နဲ့ ''တက္ကသိုလ်ကျောင်းက ငွေလမင်း''၊ မင်းသားဝင်းဦး၏ ''မီးပုံပွဲ''၊ အကော်ဒီယံအုန်းကျော်၏ ''နန်းပွင့်ရွှေကြာ''တို့သည်ကား တက္ကသိုလ်ကျောင်းသား ကျောင်းသူများပါးစပ်ဖျား၌ အလွန်ရေပန်းစားပြီး အလွန် Popular ဖြစ်နေသော သီချင်းများဖြစ်၏။

၁၉၆၂ ကုန်၍ ၁၉၆၃ ရောက်ပြီ။ ဥပစာ ဝိဇ္ဇာ အပိုင်း(ခ)ခေါ် ဒုတိယနှစ်အား ကျွန်တော် ဖြေခဲ့ပြီးပြီ။ တက္ကသိုလ်တွင် ၂နှစ်တက်ခဲ့ပြီးဖြစ်၍ အညာကဆင်းလာခါစ အူကြောင်ကြောင် တောသားပုံတော့ မဟုတ်တော့ပါ။ ကျွန်တော့်တွင် ယောကျ်ားလေး မိန်းကလေး မိတ်ဆွေအတော်များများ ရှိနေခဲ့ပါပြီ။ ယခု အိုင်အေ ဒုတိယနှစ်ဖြေပြီး အညာပြန်ရတော့မည်။ မပြန်မီ ချစ်သော ကျောင်းနေဘက်များကို နှုတ်ဆက်ရမည်။ ယနေ့ကား စာမေးပွဲကြိုးနောက်ဆုံးဖြေပြီးသောနေ့။

ကျွန်တော်သည် အတူနေသူငယ်ချင်း ကိုဘိုကြည်နှင့်အတူ သူငယ်ချင်းများကို လိုက်လံနှုတ်ဆက်၏။ ကိုဘိုကြည်နှင့် ကျွန်တော်က ကြည့်မြင်တိုင်ကျောင်းကြီးတိုက် ဘုန်းတော်ကြီးကျောင်းမှ ကျောင်းတက်နေသော ရေဦးသားနှစ်ယောက်။

စာမေးပွဲခန်းမအပြင်မှစောင့်၍ သူငယ်ချင်းများကို နှုတ်ဆက်ကြရသည်။

ပထမ ဝါးခယ်မအုပ်စုဖြစ်၏။ ကိုရီ၊ ကိုကျင်ဝ၊ ကိုသိန်းကြည်၊ ကိုစိန်ထွန်း၊ ကိုဝင်းမြင့်၊ ကိုမြင့်သော်၊ နောက် Day Scholar အုပ်စု ကိုကျော်ရင်၊ ကိုတင်သိန်း၊ ကိုထွန်းသိန်း၊ ကိုအုန်းမောင်၊ အမျိုးသမီးများထဲက မသန်းနိုင်၊ မမြင့်မြင့်ရွှေ၊ မမြလွင်၊ မမြမြဝင်း၊ မခင်မြမြ၊ မကြည်ကြည်ဝင်း စသူစသူတို့ပါပေ။

''ဟေ့ကောင်...သက်ဦး၊ မိတ္ထိလာက သော်ဇင်နဲ့ Day က စိုးအောင်တို့ ကျန်တယ်ကွ''

''ဟိုမှာ လာပါပြီဗျာ သော်ဇင်''

သော်ဇင်ကား မိတ္ထိလာမှ ရွှေ့နေကြီးတစ်ဦးသား၊ သဘောသကာယကောင်းမွန်၍ ပေါင်းလို့သင်းလို့ အလွန်ကောင်းသူဖြစ်၏။

''ဟေ့ကောင်...သော်ဇင် ဖြေနိုင်လား''

''ဖြေနိုင်ပါတယ်ကွ၊ မင်းတို့ရော''

''ဖြေနိုင်ပါတယ်၊ ဒို့ဆရာတွေ ဆရာမတွေက ဒီလောက်မရက်စက်ပါဘူး၊ တပည့်တွေ မဖြေနိုင်မယ့်ဟာမျိုး မမေးပါဘူး၊ ငါတို့ကလည်း စာမေးပွဲအကျမခံနိုင်ဘူး ဟေ့ကောင်ရေ၊ ပိုက်ဆံရှိလို့ ကျောင်းလာတက်တာမဟုတ်ဘူးဟ၊ ဘွဲ့လေးတစ်ခုရချင်လွန်းလို့ ဘုန်းကြီးကျောင်းက လာတက်နေရတာ''

''ကဲ...ထားပါကွာ၊ စိုးအောင်တစ်ယောက်ကော မမြင်ပါလား''

စိုးအောင်သည် ကျွန်တော်တို့ V.-Combination ၌ အသက်အငယ်ဆုံး လေးငါးယောက်အုပ်စုတွင် ပါဝင်သည်။ စကားနည်း၍ အနုပညာဝါသနာပါသည်။ ပေါင်းလို့ သင်းလို့လည်းကောင်းသည်။ အသက်ငယ်ငယ် ရုပ်ရည်လေးက သနားကမားမို့ ကျောင်းသူမမများက စိုးအောင်ကို မောင်လေး မောင်လေးနှင့် ချစ်ကြရှာသည်။ စိုးအောင်က တစ်ခါတစ်ခါ တက္ကသိုလ်စိုးအောင် ကလောင်အမည်ဖြင့် စာတိုပေစများလည်း ရေးတတ်သည်။ သူစာလေးများ တက္ကသိုလ်က နံရံကပ်စာစောင်များတွင် မြင်တွေ့ကြရသည်။ ကဗျာတွေရေးနေသည့် ရွှေမြို့ဝတ်မှုံဦး ခေါ် မမြင့်မြင့်ရွှေနှင့် မြန်မာစာ အလွန်တော်သည့် မသန်းနိုင်တို့က စိုးအောင်ကို ဝါသနာတူချင်းမို့ အထူးရင်းနှီးစွာ ဆက်ဆံတတ်သည်။ မကြာခဏ တစ်ပူးတွဲတွဲ နေတတ်သည်။



''စိုးအောင်...သူ့ မမတွေနဲ့ ရှိမယ် ထင်တယ်''

''ကဲ...ဒါဆို ဒို့သွားမယ်ကွာ''

ကျွန်တော်နှင့် ကိုဘိုကြည်တို့ B.O.C မှ အင်္ဂလိပ်ပိတောက်ပင်ကြီးများ တန်းစီပေါက်နေသည့် ပုဂံလမ်းမကြီးအတိုင်း အဝိုင်းလေးသို့ထွက်ခဲ့ကြ၏။ ၁၆ လိုင်းကား စီးပြီး ကြည့်မြင်တိုင်သို့ ပြန်ရန်ဖြစ်သည်။

တက္ကသိုလ်ရေကူးကန်နားအရောက်တွင်–

''ဟေ့ကောင် ဟိုစုံတွဲကိုကြည့်စမ်း၊ ဘယ်သူနဲ့ ဘယ်သူလဲလို့''

''ဟိုက်...စိုးအောင်နဲ့ ဝင်ဒါမီယာ မမပါလား''

''စိုးအောင် ပျောက်သွားတာ ဒီမှာ လာတွေ့နေပါလား၊ ဒီကောင် ဘယ်တုန်းက ဝင်ဒါမီယာမမနဲ့ ဖြစ်သွားလဲမသိဘူး၊ ငနဲမက အသည်းစားဘုရင်မကွ၊ ရုပ်ကလေးက လှသလောက်၊ အသည်းနှလုံးက ရက်စက်တယ်၊ ဝါးခယ်မက ဝင်းတင့်နဲ့ အရင်ဖြစ်နေတာ၊ ဝင်းတင့်အရင်ကလည်း တစ်ယောက် နှစ်ယောက် ရှိဖူးတယ်''

''ဩော်...မင်းတယ်သိပါလား''

''သိဆို သူ့အကြောင်းတွေ သူနဲ့ စိန့်ဖီလိုမိနာမှာ အတူတက်ခဲ့တဲ့ မခင်သီတာကြီးက ပြောတာကွ''

''ဘယ်လိုပြောလဲ''

''ဒီကောင်မက အထက်တန်းကျောင်းသူဘဝကတည်းကနာမည်ကြီး၊ ယောကျ်ားလေး ငယ်ငယ်ချောချောဆိုရင် သူကြိုက်ပြီ၊ ဇနဲ့ ဗလနဲ့ပါတော်၊ တော်တို့ အငယ်ကောင် အုပ်စုတွေ သတိထား၊ သူလက်ချက် မိသွားအုံးမယ်တဲ့''

''ဩော်...ဟိုတလောက Army က Captain တစ်ယောက်နဲ့ယူသွားတဲ့ မခင်သီတာကြီလား''

''ဟုတ်ပါ့ဗျာ၊ အဲဒါကြီးက ရှင်းရှင်းဘွင်းဘွင်းကြီး ပွင့်ပွင့်လင်းလင်းကြီး။ သူပြောတာ အမှန်တွေကွ၊ သူစာတွေ ဝိုင်းကူးပေးတဲ့နေ့က ငါ့ကိုပြောသွားတာ''

''ဟုတ်တယ်...ဒီမချောက အထက်

ဒီကောင်မက အထက်တန်းကျောင်းသူဘဝကတည်းက နာမည်ကြီး။
ယောကျ်ားလေး ငယ်ငယ်ချောချောဆိုရင် သူကြိုက်ပြီ။
ဇနဲ့ ပလနဲ့ပါတော်၊ တော်တို့အငယ်ကောင် အုပ်စုတွေ သတိထား၊
သူလက်ချက် မိသွားအုံးမယ်တဲ့...

တန်း ကျောင်းသူဘဝကတည်းက ဒီအတိုင်း ပဲတဲ့ဗျာ၊ အခုလည်း B.O.C မှာ ၂ နှစ်ပဲ တက်ရသေးတယ်၊ သူ အတွဲဖြုတ်သွားတာ သုံးလေးယောက်ရှိသွားပြီ''

''ဒို့သူငယ်ချင်း စိုးအောင်က အခု အတိုင်းဆို Top Five ထိပ်ဆုံးငါးယောက်ထဲမှာ ပါသွားပြီပေါ့''

''ဟုတ်ပါ့ဗျာ...ဟုတ်ပါ့''

''ဟား...ဟား...ဟား...ဟား''

ကျွန်တော်နှင့် ကိုဘိုကြည်တို့နှစ်ဦးသည် ရေကူးကန်ဘေးတွင် ပိတောက်ပင်ကြီး၏ ပင်စည်ကိုမှီကာ ကယုကယင် ချစ်တုံတင်နေကြသည့် ကိုစိုးအောင်နှင့် ဝင်ဒါမီယာမမအားကြည့်ပြီး စိုးအောင်အတွက် အလွန်စိုးရိမ်နေသည့်ကြားက ရယ်ပွဲဖွဲ့လိုက်ကြပါသည် ခင်ဗျား။

တက္ကသိုလ်က လူငယ်ဘဝ

၁၉၆၃ ခုနှစ်၊ မိုးဦးကျစကာလ။

ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်ကြီးကား ကုံကော်နှင့် ပိတောက်နံ့သင်းသော အင်းလျားလေ၊ ကုံကော်တော၊ သစ်ပုတ်ပင်၊ အဝိပတိလမ်းမကြီး၊ ဘွဲ့နှင်းသဘင် ခန်းမတို့နှင့် အလွန်ပန်းရနေသည်။ ကျောင်းသူ ကျောင်းသားများကလည်း နှစ်သစ်တွင် စိတ်သစ် လူသစ်များဖြင့် သွားလာလှုပ်ရှားနေကြသည်။

ကျွန်တော်တို့အားလုံးလိုလို အိုင်အေခေါ် ဥပစာတန်းကို အောင်မြင်ခဲ့ကြပြီး ဝိဇ္ဇာအပိုင်း(က)ခေါ် ဘီအေပထမနှစ် စတက်ရပြီ။ တက်သည့်အခါတွင်လည်း Main University ခေါ် ပင်မတက္ကသိုလ်ကြီး၌ တက်ရသည်။ Main ကို တက်ဖူးမှ တက္ကသိုလ်ကျောင်းသား ဖြစ်ရကျိုးနပ်သည်။ B.O.C လောက် Dome လောက်နဲ့ တော့ မရသေး။ ဒါက Intermediate သာ ဖြစ်၏။ Bachelor က မဖြစ်သေး၊ Main ရောက်မှ Bachelor ဖြစ်သည်။ အခု Main ရောက်ပြီဆိုတော့ ကျွန်တော်တို့တစ်တွေ Bachelor ဖြစ်ပြီပေါ့။

''ဟေ့...သက်ဦးနဲ့ ဘိုကြည်၊ ငါတို့ ဘီအေ ပထမနှစ် ပထဝိသမားတွေ ပထဝိအသင်း အမှုဆောင်အရွေးခံဖို့ရှိတယ်ကွ၊ မင်းတို့လိုက်ခဲ့ဦးကွာ''

ကျောင်းဖွင့်စတစ်ရက်တွင် ကိုကျော်ရင် လာခေါ်သဖြင့် Faculty of Forestry သစ်တောသိပ္ပံ မဟာဌာနခွဲပြုလုပ်သည့် ရန်ကုန်တက္ကသိုလ် ပထဝိဝင် ကျောင်းသားကျောင်းသူများအသင်း ပြန်လည်ဖွဲ့စည်းခြင်းနှင့် အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ပွဲကို သွားတက်ဖြစ်ကြသည်။

ကျွန်တော်တို့ V.Combination မှ ပထဝိယူခဲ့သူ ကျောင်းသူကျောင်းသား လေးငါးဆယ်ခန့် အမှုဆောင်သစ် ရွေးချယ်ပွဲကို တက်ကြသည်။ B.A တန်းတွင် ကျွန်တော်က Political Science ခေါ် နိုင်ငံရေးသိပ္ပံကို ယူလိုက်သဖြင့် ယခုကဲ့သို့သော Social Activity များကို စိတ်ဝင်စားစပြုနေသည်။ ယခု အစည်းအဝေးကိုလည်း အသေအချာလေ့လာ၏။

အစည်းအဝေး စသည်နှင့် B.A နောက်ဆုံးတန်းရောက် အသင်းအမှုဆောင်ဟောင်းများက အသင်း၏ အစီရင်ခံစာကို တင်သွင်း၍ ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ပြကြ၏။ အားလုံးပြီးစီးသောအခါ အမှုဆောင်သစ် မရွေးချယ်မီ တက်ရောက်လာသူများအား ဆွေးနွေးလိုသည်များ ဆွေးနွေးခွင့်ပြုသည်။

ထိုအခါ နောင်တွင် ပထဝိဝင် ကိုကျော်ရင်ဟု နာမည်ကြီးလာသည့် ကျွန်တော်တို့ ရောင်းရင်းကြီး ကိုကျော်ရင်က အောက်ပါအတိုင်း စပြောတော့၏။

''အခုရှိတဲ့ ရန်ကုန်တက္ကသိုလ် ပထဝိဝင် ကျောင်းသား ကျောင်းသူများအသင်းကြီးဟာ ပြီးခဲ့တဲ့ ၁၉၆၂-၆၃ ပညာသင်နှစ်မှာ ဘာတစ်ခုမှ မယ်မယ်ရရ စွမ်းဆောင်ခဲ့တာ မတွေ့ရပါဘူး။ လေ့လာရေးခရီးလည်း ဘယ်မှမသွားခဲ့နိုင်ဘူး။ Function တွေလည်း မလုပ်ခဲ့နိုင်ဘူး၊ ဆရာကန်တော့ပွဲတွေလည်း မလုပ်ခဲ့ဘူး၊ မိတ်ဆုံပွဲကိုလည်း မလုပ်ခဲ့ဘူး၊ ဆင်းရဲနွမ်းပါးတဲ့ ကျောင်းသားတွေကိုလည်း ဘာမှထောက်ပံ့ခဲ့တာ မတွေ့ရဘူး၊ ဘာသာရပ်နဲ့ဆိုင်တဲ့ စာစောင်တွေလည်း မထုတ်ခဲ့ဘူး၊ ဒါကြောင့် လက်ရှိအမှုဆောင်အဖွဲ့ကို အယုံအကြည်မရှိပါဘူး၊ တစ်ဖွဲ့လုံး နုတ်ထွက်ပေးဖို့နဲ့ အမှုဆောင်ဟောင်းများကို ပြန်လည်အရွေးမခံဖို့ ပြောကြားလိုပါတယ်''

''ဟိုက်''

''ပထဝိဝင် ကျော်ရင်ကွ''

''ဖြောင်း...ဖြောင်း...ဖြောင်း...ဖြောင်း...ဖြောင်း...''

B.A နောက်ဆုံးတန်းမှ အမှုဆောင်ဟောင်းအဖွဲ့မှာ 'ဟိုက်'ခနဲဖြစ်သွားပြီး B.A ပထမနှစ်မှ ကျောင်းသူ ကျောင်းသားများက လက်ခုပ်တဖြောင်းဖြောင်းတီးကာ သြဘာပေးကြကုန်၏။

အမှုဆောင်ဟောင်းအဖွဲ့က သူတို့အခက်အခဲများကို ရှင်းပြကြသည်။ တက်ရောက်သူများက လက်မခံပါ။

''မလိုဘူး၊ ထွက်ပေး...ထွက်ပေး''

ဟု ဝိုင်းအော်ကြသည်။ နောက်ဆုံးတော့ အမှုဆောင်ဟောင်းတစ်ဖွဲ့လုံး နုတ်ထွက်သွားတော့၏။

ကိုကျော်ရင်ပြောလည်း ပြောလောက်စရာပါပေ။ အမှုဆောင်ဟောင်းအဖွဲ့သည် Activity နှင့် Performance များ မလုပ်ခဲ့ရုံမက ဘဏ္ဍာရေးရန်ပုံငွေများကိုလည်း အကုန်လုံးနီးနီးသုံးထားသည်။ ရန်ပုံငွေလက်ကျန်မှာ ရာဂဏန်းမျှသာရှိ၏။ ဒါကို ဆရာများကလည်း သဘောမကျကြပါ။ ဆရာများက ပြောတာဆိုတာ နားထောင်မည့် အမှုဆောင်အဖွဲ့သစ်ကို လိုချင်ကြသည်။ ဒီလူဟောင်းများက ဒီအသင်းကြီးကို အုပ်စီးထားတာကြာပြီ။ ပြီးတော့ သူတို့

အထဲ၌ အရောင်အသွေးရှိသူအချို့လည်း ရှိနေသည်ဟုလည်း ကြားရသည်။

အမှုဆောင်အသစ် ပြန်ရွေးတော့-

ကိုတင်ဦး	ဥက္ကဋ္ဌ
ကိုအောင်နိုင်	အထွေထွေအတွင်းရေးမှူး
မသန်းနိုင်	တွဲဖက်အတွင်းရေးမှူး
ကိုကျော်ရင်	ဘဏ္ဍာရေးမှူး
မမြင့်မြင့်ရွှေ	ပြန်ကြားရေးတာဝန်ခံ

တို့ ဖြစ်ပြီး၊ အထွေထွေတာဝန်များ ထမ်းဆောင်ရန် ကျွန်တော်အပါအဝင် အောက်ပါကျောင်းသူကျောင်းသားများကို အဖွဲ့ဝင်များအဖြစ် ရွေးချယ်လိုက်တော့၏။

ကိုစိုးအောင်	မမြမြဝင်း
ကိုဘသော်	မကြည်ကြည်ဝင်း
ကိုသော်ဇင်	မချောချော
ကိုသက်ဦး	မခင်နိုနို
ကိုဘိုကြည်	မသန်းဝင်း
ကိုထွန်းမြင့်(၁)	မမြလွင်
ကိုထွန်းမြင့်(၂)	မနွဲ့နွဲ့ဇင်
ကိုရီ	မခင်မြမြ
ကိုကျင်ဝ	မယဉ်မြင့်(၁)
ကိုသိန်းကြည်	မယဉ်မြင့်(၂)

အမှုဆောင်သစ်ရွေးပြီးတော့ ကျွန်တော်တို့တစ်ဖွဲ့လုံး ပါမောက္ခဆရာမကြီး ဒေါက်တာဒေါ်သင်းကြည်နှင့် ပထဝီဝင်ဆရာ၊ ဆရာမများကို သွားတွေ့သည်။ ဆုံးမသြဝါဒများနာခံသည်။ ပါမောက္ခဒေါက်တာ ဒေါ်သင်းကြည်က အသင်းကောင်းကျိုး၊ ဌာနကောင်းကျိုး၊ တက္ကသိုလ်ကြီး ကောင်းကျိုး၊ ကျောင်းသူ၊ ကျောင်းသားများ ကောင်းကျိုး အတတ်နိုင်ဆုံး သယ်ပိုးကြရန်နှင့် အရောင်အသွေးကင်းကင်းရှင်းရှင်းဖြင့် ဆောင်ရွက်သွားကြရန် မှာကြားသည်။

''ဟေ့ကောင်တွေ၊ မင်းတို့အသင်းက ပိုက်ဆံမရှိဘူးကွ၊ ငွေရှာကြဦး''

ဝင်ဒါမီယာမမ၏ လက်ချက်ကြောင့် ကိုစိုးအောင် Knock out ကျသွားရာ အတော်စိတ်ထိခိုက်သွားပုံရ၏။ ကျောင်း မကြာခဏပျက်သည်။ အသင်းအစည်းအဝေးများလည်း လာမတက်တော့။

ကျွန်တော်တို့နှင့် အလွန်ရင်းနှီးသည့် ဆရာဦးမြင့်မောင်က ပြောသည်။

''ဟုတ်တယ်...ငွေရှာရမယ်၊ ဒါမှ အသင်းအတွက် လိုအပ်တာတွေ လုပ်နိုင်မယ်၊ သူများကျတော့ စွဲချက်တွေဘာတွေ တင်ခဲ့ပြီး၊ ကိုယ့်အလှည့်ကျတော့ ဘာမှ မလုပ်ခဲ့နိုင်ရင် ပြောတော့ မိုး၊ ထိုးတော့ မြေကြီးဖြစ်နေဦးမယ်''

အတွင်းရေးမှူး ကိုအောင်နိုင်နှင့် တွဲဖက်အတွင်းရေးမှူး မသန်းနိုင်တို့က ဆိုကြ၏။

ဤသို့ဖြင့် အသင်းဖွဲ့စည်းပြီး မကြာမီမှာပင် ဌာန၏ခွင့်ပြုချက်ဖြင့် Globe ရုံ (ယခု ဆူးလေရှန်ဂရီလာ နေရာ)၌ Charity Show ရန်ပုံငွေရှာသည့်အနေဖြင့် Let's make love အမည်ရ ကမ္ဘာကျော်ညှို့မင်းသမီး MaryLyn Monroe ၏ ရုပ်ရှင်ကားကို ပြဖြစ်တော့၏။

ရုပ်ရှင်ပြတော့ အမှုဆောင်များ တစ်ဖြို့လုံးလှည့်ပြီး လက်မှတ်လိုက်ရောင်းရသည်။ တစ်ပတ်ခန့် လက်မှတ်ရောင်းထွက်သည်။ လက်မှတ်ရောင်းသည့်ကိစ္စ၌ ဝင်ဒါမီယာမမက သူမ၏ ကိုယ်ပိုင်ကားဖြင့် ကြွကြွရွရွလေး လာရောက်ပြီး ပါဝင်ကူညီသည်။ သူနှင့်အတူ တာဝန်ကျသူက ကိုရီ။ တစ်ပတ်ခန့် အတူသွား၊ အတူစား၊ အတူလာလိုက်တော့ ကိုရီသည် ဝင်ဒါမီယာမမ၏ နံပါတ်ငါးမြောက် သူရဲကောင်းဖြစ်သွား၏။ ကိုရီကလည်း အသက်ငယ်ငယ် ရုပ်ဖြောင့်ဖြောင့်ပင်။ ဇာတ်ဆောင်အသစ်တက်လာ၍ အဟောင်း ကျွန်တော်တို့၏ ဇာတ်လိုက်ကျော် ကိုစိုးအောင် အလိုလိုကျဆုံးသွားတော့၏။

ဝင်ဒါမီယာမမ၏ လက်ချက်ကြောင့် ကိုစိုးအောင် Knock out ကျသွားရာ အတော်စိတ်ထိခိုက်သွားပုံရ၏။ ကျောင်း



မကြာခဏပျက်သည်။ အသင်းအစည်းအဝေးများလည်း လာမတက်တော့။ သူက လက်ရေးလက်သားကောင်းပြီး ပန်းချီလေးဘာလေးပါ ဆွဲတတ်သူဖြစ်ခြင်းကြောင့် အသင်းနှင့်ဆိုင်သည့် စာများ ပုံများကို ဒိုင်ခံရေးပေးလေ့ရှိသည်။ သူမရှိတော့ မရေးတတ် ရေးတတ်နှင့် သော်ဇင်နှင့် ကျွန်တော်က ဝင်ရေးရသည်။ စိုးအောင် ပျက်ကွက်မှုများလာတော့ ဘေးက သတိပေးကြရသည်။

''မောင်စိုးအောင် ကျောင်းပျက်အစည်းအဝေးပျက်နဲ့ဘယ်တွေလျှောက်သွားနေတာလဲ''

အစ်မကြီး မသန်းနိုင်ကမေးတော့ သူက UTC ဟု ဖြေသည်။ စိုးအောင်က B.O.C မှာကတည်းက UTC ခေါ် တက္ကသိုလ်အရန်တပ်ရင်းသို့ဝင်ပြီး စစ်သင်တန်း တက်ခဲ့သည်။ ယခုအခါ Lance Corporal ခေါ် ဒုတပ်ကြပ်ရာထူးပင် ရထားနေပြီ။ UTC မှာ နည်းပြဆရာလုပ်နေသည်ဟုလည်း ကြားရ၏။ သူ့ သမုဒယဇာတ်လမ်းကြောင့် သူငယ်ချင်းများနှင့်တွေ့ရမှာ ဝန်လေးနေ၍ UTC ကို အမြဲတမ်းလိုလို သူသွားနေသည်ထင်ပါ၏။ စစ်ယူနီဖောင်းကိုလည်း သူမချွတ်တော့၊ အမြဲတမ်းဝတ်ထားသည်။

ဤသို့ဖြင့် ၁၉၆၃ခုသီတင်းကျွတ်ကာလ အရောက်၌ အရောင်အသွေးရှိသော ကျောင်းသားများ၏ ပယောဂကြောင့် ရန်ကုန်တက္ကသိုလ်ကြီးကို ရက်အကန့်အသတ်မရှိ ပိတ်လိုက်ရပြန်သည်။

ကျောင်းသားတွေအားလုံး အိမ်ပြန်ကြပါတဲ့။ သက်ဆိုင်ရာက အမြန်ဆုံးပြန်ခိုင်း၍ ကျွန်တော်နဲ့ ကိုဘိုကြည်တို့ ဇာတိချက်ကြွေအညာမြေသို့ အမြန်ပြန်ခဲ့ကြရ၏။ ရုတ်ရုတ်ရက်ရက်မို့ ဘယ်သူ့ဘယ်သူမှ နှုတ်မဆက်



နိုင်ကြတော့ပါ။

အညာပြန်ရောက်ပြီး သိပ်မကြာပါ။ သတင်းစာထဲ၌ အိုင်အေအောင်ထားသူများကြည်းတပ် ဗိုလ်သင်တန်းလျှောက်နိုင်ကြောင်း ခေါ်သည့် ကြော်ငြာပါလာ၏။

''ဟေ့ကောင်...သက်ဦး၊ ဘယ်လိုလဲ တပ်ထဲဝင်ကြမလား''

ကိုဘိုကြည်က အဖော်စပ်လာ၏။

''ငါက ခရိုးခယိုင်နဲ့ ချိုနဲ့နဲ့ကောင်ကွ၊ ကျန်းမာရေးက သိပ်ကောင်းတာမဟုတ်ဘူး၊ သိပ်ပင်ပန်းတဲ့ ကြည်းတပ်နဲ့ ဖြစ်မှာမဟုတ်ပါဘူးကွာ၊ ပြီးတော့ ငါက ဘွဲ့ရချင်တာကွ၊ အိုင်အေလောက်နဲ့ ရပ်မထားချင်ဘူး၊ မင်းကတော့ ကျန်းမာရေးကောင်းပြီး တောင့်တောင့်တင်းတင်းဆိုတော့ မင်းသဘောပဲ''

''မင်းမဝင်သေးလည်း ငါလည်း မဝင်သေးပါဘူးကွာ၊ ကျောင်းပြန်ဖွင့်ပြီး ဘွဲ့ရတဲ့အထိ စောင့်ကြည့်ဦးမယ်''

''ကောင်းပါတယ်၊ မင်းက စတိုင်ပင်လည်း ရထားတာပဲ''

ကိုဘိုကြည်က တက္ကသိုလ်မှ စတိုင်ပင်ရထားသည်။ ကျွန်တော်က ဘာစတိုင်ပင်မှ မရပါ။ သူ ဘွဲ့ရဖို့က ဘာမှမခက်ခဲ။ ကျွန်တော့်မှာသာ ကျောင်းစရိတ်အတွက် အလွန်ခက်ခဲနေ၏။ ကျောင်းထားပေးသည့် အရီးက စီးပွားရေးကျနေသည်။ စီးပွားရေးသာမက ကျန်းမာရေးပါ ကျလာနေ၏။

တက္ကသိုလ်ကြီးက တော်တော်နှင့် ပြန်မဖွင့်ပါ။ တက္ကသိုလ်စာမေးပွဲများကိုပင် နယ်မှာ ဖြေကြရ၏။ ၁၉၆၄ ခုနှစ်၊ မတ်လ၌ ဘီအေ ပထမနှစ်စာမေးပွဲကို ရွှေဘိုသွားဖြေရသည်။ ကျွန်တော်ရော ကိုဘိုကြည်ပါအောင်ကြပါသည်။ နောက်ဆုံးနှစ်တက်ရန် ရန်ကုန်ပြန်ဆင်းခဲ့သည်။ အလုပ်ရှာရင်း လုပ်ရင်း ကျောင်းပြန်တက်မည်ဟုဆုံးဖြတ်ကာ ဆင်းခဲ့ခြင်းဖြစ်၏။

ရန်ကုန်ရောက်တော့ အလုပ်မရမီစပ်ကြား ဟိုဟိုဒီဒီ လျှောက်သွားမိသည်။

ရန်ကုန်ရောက်တော့ အလုပ်မရမီစပ်ကြား ဟိုဟိုဒီဒီ လျှောက်သွားမိသည်။ ကျွန်တော် တည်းခိုအခြေပြုနေသော အလုံကွင်းကျောင်းစာသင်တိုက်မှာ ကိုစိုးအောင်တို့အိမ်နှင့်က သိပ်မဝေးလှ။ ရောက်ရောက်ချင်း ကိုစိုးအောင်တို့အိမ်သို့ သွားလည်မိသည်။ ကိုစိုးအောင်ကို မတွေ့တော့...

တော် တည်းခိုအခြေပြုနေသော အလုံကွင်းကျောင်း စာသင်တိုက်မှာ ကိုစိုးအောင်တို့အိမ်နှင့်က သိပ်မဝေးလှ။ ရောက်ရောက်ချင်း ကိုစိုးအောင်တို့အိမ်သို့ သွားလည်မိသည်။ ကိုစိုးအောင်ကို မတွေ့တော့။

''စိုးအောင် တပ်ထဲဝင်သွားပြီ''

သူ့အစ်ကို ကိုဝင်းမြင့်က ဆီးပြော၏။

ဩော် ကိုစိုးအောင် တပ်ထဲဝင်သွားပါပကောလား။ ကောင်းပါသည်။ သူ့အတွက် အကောင်းဆုံးလမ်းကို သူရွေးချယ်သွားပုံရ၏။ ကျောင်းမတက်ရဘဲ အချစ်နာကျကာ အချိန်တွေ အလကားကုန်နေမည့် အစား စစ်တပ်ထဲလိုက်သွားတာကမှ တပ်မတော်အကျိုး၊ တိုင်းပြည်အကျိုး သယ်ပိုးနိုင်သေးသည် မဟုတ်ပါလား။ ဒါဟာ ယောကျ်ားကောင်းတို့ အလုပ်ပေပဲ။

ပြန်တွေ့ကြပြန်ပြီ

လောကကြီးသည် မျှော်လင့်မထားတာတွေ အလွန်ဖြစ်တတ်၏။ အရာရာကြောက်တတ်သော သွေးနှင့် သေနတ်ကိုကြောက်သော ချည်နဲ့နဲ့ကျွန်တော်သည် တစ်ခုသောနှလုံးသားကိစ္စကြောင့်ဘွဲ့ရအပြီး ၌ ဘယ်သူမှအသိမပေးဘဲ တပ်မတော်ထဲသို့ စွတ်ရွတ်ဝင်လိုက်၏။ ဗိုလ်ရွှေးအဖွဲ့ ရောက်မှ ကိုဘိုကြည်နှင့် ပြန်တွေ့သည်။

''ခွေးမသား . . . တပ်ထဲဝင်တာ ငါ့တောင် မပြောဘူး''

ဟု အဆဲခံလိုက်ရသေး၏။ သူငယ်ချင်း နှစ်ယောက် ဗိုလ်သင်တန်းတစ်ပတ်လည်း ပြန်ဆုံကြသည်။ စစ်ဆို ရေတောင်စစ်မသောက်ဖူးသည့် ကျွန်တော်သည် ခရိုးခယိုင်နှင့် ဗိုလ်သင်တန်းတွင် နောက်ဆုံးဆယ်ယောက် လွတ်ရုံကလေးမှ ကျောင်းဆင်းခဲ့၏။ ကျောင်းဆင်းတော့ ကရင်ပြည်နယ်က ဖာပွန်မြို့ကလေးကို အပို့ခံရသည်။ ကိုဘိုကြည်က ဗန်းမော်ဘက်ရောက်သွား၏။ ထိုအချိန်၌ ကိုစိုးအောင်က ဘားအံတပ်မှာ ရောက်နှင့်နေ၏။ သူသာမကပါ မမလေး၏ ခင်ပွန်းလောင်း ကိုဖေငြိမ်းကိုပါ ပြန်တွေ့ရ၏။

ဘားအံတပ်မဟာကို သတင်းပို့သွားတော့ သူတို့နှစ်ဦးကို ကချင်(၂)မှာ ပြန်ဆုံရ၏။ နှစ်ဦးလုံး O.T.S 29 ဗိုလ်သင်တန်း အမှတ်စဉ်(၂၉)မှ ကျောင်းဆင်းဖက်များ၊



မှတ်မှတ်ရရ ပြည်ဆောင်မှ ဝါးခယ်မသား ကိုလှထွန်းလည်း O.T.S 29 မှဆင်းပြီး ကချင်(၂)ရောက်နေသည်။ သူက GG Combination က . . .

''ဟေ့ကောင် သက်ဦး''

''ဟေ့ကောင် စိုးအောင်''

သူငယ်ချင်းနှစ်ယောက် ပြန်တွေ့ကြတော့ ဝမ်းသာအားရ ပွေ့ဖက်ကြ စကားတွေပြောဖြစ်ကြသည်။

''ငါ့ Lady သတင်း ဘာကြားသေးလဲ''

''ဘာကြားရမှာလဲ သူငယ်ချင်းရာ၊ မင်းပြီးတော့ ဝါးခယ်မက ကိုရီကွာ၊ နောက်ပြည်က ကိုအေးကွာ၊ တစ်ယောက်ပြီးတစ်ယောက်ပါပဲ မောင်ရာ၊ အခု နောက်ဆုံးငနဲက သူ့အိမ်က သဘောတူလို့ ယူတော့မှာတဲ့ဗျ။ ကိုကျော်ရင်တို့ ပြောလိုက်တာပဲ''

''ဩော်''

''မင်း စိတ်မဆိုးနဲ့နော်''

''မဆိုးပါဘူး''

''သော်ဇင်ကတောင် ပြောသေးတယ်၊ မမမြင့်တို့က ပြောတယ်ဆိုပဲ၊ ငါတို့ကောင်လေးတွေအုပ်စု ဒီအမျိုးသမီးလက်ချက်မမိအောင် သတိထားရှောင်ခိုင်းတဲ့၊ အားလုံးထဲမှာ စိုးအောင်ကို အသနားဆုံးတဲ့၊ လူရိုးလေးတဲ့၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီအမျိုးသမီး လှည့်စားတာ ခံသွားရတာတဲ့ . . .

ငါတို့ကောင်လေးတွေအုပ်စု ဒီအမျိုးသမီးလက်ချက်မမိအောင် သတိထားရှောင်ခိုင်းတဲ့၊ အားလုံးထဲမှာ စိုးအောင်ကို အသနားဆုံးတဲ့၊ လူရိုးလေးတဲ့၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီအမျိုးသမီး လှည့်စားတာ ခံသွားရတာတဲ့ . . .

ထဲမှာ စိုးအောင်ကို အသနားဆုံးတဲ့၊ လူရိုးလေးတဲ့၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဒီအမျိုးသမီးလှည့်စားတာ ခံသွားရတာတဲ့''

''ဒါပေမဲ့ သူငယ်ချင်းရာ သူကြောင့် တပ်ထဲမြန်မြန်ဝင်ဖြစ်သွားတော့လည်း မြန်မြန် တာဝန်ထမ်းဆောင်၊ မြန်မြန်အလုပ်ရ၊ မြန်မြန်အရာရှိဖြစ်၊ ဒါတွေက သူ့ကျေးဇူးတွေပေါ့''

''ဟုတ်ပါ့ဗျာ . . .ဟုတ်ပါ့၊ ဟုတ်ပါ့ ဟား . . .ဟား . . .ဟား . . .''

ဟိုတုန်းက မရယ်နိုင်ကြပေမယ့် အခုတော့ ရယ်နိုင်ကြပါပြီ။ ကိုစိုးအောင်မှာ အသက် ၂၀ မပြည့်မီ ဗိုလ်ဖြစ်ပြီး လေထီးခုန်ထားသဖြင့် လေထီး Wing တွေ ဘာတွေနဲ့ အခုမှ အလွန်သားနား၍ ကရင်ပြည်နယ် မြို့တော် ဘားအံ၌ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်နေ၏။ အပျိုလေးတွေကြား အလွန်ရေပန်းစားနေ၏။ ချစ်သူတွေ ဝိုင်းဝိုင်းလည်နေပြီး ချစ်သူရွေးမယ် ချစ်ဝဲလည် ဖြစ်နေ၏။ တပ်မဟာမှူး၏ သမီးချောကောလိပ်ကျောင်းသူများကပင်-

''ဟင်း . . .လူကိုက ရှိုးချည်းပဲ၊ ကြည့်လို့ကိုမရဘူး''

ဟု ဇွဲကပင်တောင်တက်စဉ်က တပ်မှတာဝန်ပေး၍ လိုက်ပို့ရတော့ ကိုယ်ရံတော်တပ်မှူးလေး သူ့ကို ပြောသွားသည်ဆို၏။ တကယ်ကြည့်မရ၍ ပြောခြင်းတော့ ဟုတ်ဟန်မတူပါ။ အလွန်ကြည့်ကောင်းနေ၍ အထက်ပါအတိုင်း ပြောခြင်းသာ ဖြစ်မည် ထင်ပါသည်။

ကျွန်တော့်သူငယ်ချင်း ကိုစိုးအောင်၏ စန်းအပွင့်ဆုံးကာလများပါတည်း။

ကရင်ပြည်နယ် ဖာပွန်တွင် ကျွန်တော် ငါးနှစ်ခွဲကြာခဲ့ပါသည်။ တပ်ရောက်ပြီး တစ်နှစ်ကျော်ကျော်၌ မေနဲ့ရတော့၏။ မေနဲ့ ဘားအံရုံးတက်လက်မှတ်ထိုးတော့ ကိုစိုးအောင်၊ ကိုသက်ဆွေ၊ ကိုခင်စိုး စသည့် တပ်မဟာနှင့် ကချင်(၂)မှ အရာရှိများက

ဝင်းဦးကလည်း သိပ် စစ်သားလုပ်ချင်တာမဟုတ်ဘူး၊ ငယ်ငယ်က ဖြူဖတ်ဖြူရော်နဲ့ ခယိုးခယိုင်လေးတဲ့၊ ခပ်နွဲ့နွဲ့လေးရယ်တဲ့၊ သူ့ Girl Friend က နင့်လို ခယိုးခယိုင် ပျော့တိပျော့ဖတ်လေး လင်မတော်ချင်ပါဘူးလို့ စိတ်နာအောင်ပြောလွှတ်လိုက်တာနဲ့ စစ်တပ်ထဲ စွတ်ရွတ်ဝင်လိုက်တာတဲ့ . . .



သက်သေအဖြစ် လက်မှတ်ထိုးပေးကြ၏။

''မင်းက တပ်ထဲဝင်တာကျတော့ ငါ့ထက်နောက်ကျပြီး မိန်းမယူတာတော့ ငါ့ထက်စောသွားပြီ ဟေ့ကောင်ရေ''

ဟု ကိုစိုးအောင်က ရယ်ရယ်မောမော ပြော၏။

''ကိုယ့်အကြောင်းနဲ့ကိုယ်ပါပဲ သူငယ်ချင်းရာ''ဟု ပြန်ပြောခဲ့ရသည်။

သိပ်မကြာပါ။ ကိုစိုးအောင် မော်ဘီလေထီးသင်တန်းကျောင်း ပြောင်းသွားသည်။ ကျွန်တော်က မော်လမြိုင် ကျောက်တစ်လုံးပြောင်းရသည်။

သူနှင့်ကျွန်တော် လုံး၀ အဆက်အသွယ်ပြတ်သွား၏တော့၏။ P.D.P ခေါ် ပြည်ပြေးများ ထကြွစပြုသည့်ကာလမို့ စစ်ဆင်ရေးတာဝန်များနှင့်သာ နပန်းလုံးပြီး တောထဲတောင်ထဲ၌သာ အချိန်တွေကုန်နေသဖြင့် ပြင်ပကမ္ဘာမှာ ဘာဖြစ်နေသည်ကို မသိတော့ပါ ခင်ဗျား။

ကိုစိုးအောင်နှင့် ၁၉၈၆ မှ ပြန်ဆုံရတော့၏။ ဒီတစ်ကြိမ်မှာတော့ သူက အလွန်အောင်မြင်နေပြီး ပြည်တပ်မ၌ နည်းဗျူဟာမှူး Full Colonel ဗိုလ်မှူးကြီးပင်ဖြစ်နေပြီ။ ကျွန်တော်ကတော့ Major ဗိုလ်မှူးအဆင့်ဖြင့် ဒုတပ်ရင်းမှူးရာထူးမှာပင် ရှိနေသေး၏။ အသက်ကျတော့ အတူတူ။ တစ်နှစ်တည်း တစ်လတည်း မွေးခဲ့ကြသူများ။

''သူငယ်ချင်း တပ်ထဲဝင်တာ နောက်ကျတာကိုး''

ဟု ကျွန်တော့်အတွက် စိတ်မကောင်းဟန်ဖြင့် ဆို၏။ ကိုယ့်အကြောင်းနှင့်ကိုယ်မို့ ပြုံးရုံပြုံးရတော့၏။ ကိစ္စဝိစ္စအကုန်လုံးကလည်း ပြော၍မဖြစ်။ လူတိုင်းတွင် ဘယ်သူမှ ပြောမဖြစ်သည့် ကိစ္စလေးတွေက ရှိတတ်ကြစမြဲ မဟုတ်လား၊ခင်ဗျာ။

ကျွန်တော့်ဇနီး မေကတော့ ကိုစိုးအောင်ကို ဖူးစာရေးနတ်ကြီးဆိုပြီး ပြည်မှအောင်လံရောက်လာတိုင်း အမြဲတမ်းစောင့်ကြို ပြုစုတတ်၏။ တပ်တွင် ကျွန်တော် ရှိရှိ မရှိရှိ ကိုစိုးအောင်ကလည်း ကြိုတိုင်းပင် ဝင်လာတတ်၏။ ထိုအချိန်က ပြည်တပ်မသည် ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်ကို အလှည့်ကျဝင်နေသည့်ကာလ။

အောင်လံတပ်တွင် သုံးနှစ်နေခဲ့ရသည်။ ကျွန်တော်တို့တပ်က မိုးမိတ် မဘိမ်းဘက်၌ တာဝန်ထမ်းဆောင်ရရာ ခြောက်လခုနစ်လလောက်ကြာမှ တပ်ကို လေးငါးဆယ်ရက် ပြန်နားရ၏။ ထို့ကြောင့် သုံးနှစ်တာကာလ၌ ကိုစိုးအောင်နှင့် တစ်ခါနှစ်ခါသာ တပ်မှာဆုံဖြစ်သည်။ မေနှင့်တွေ့ကြတာများ၏။ ထိုအကြောင်းများနဲ့ ပတ်သက်ပြီး ဘားအံအိပ်သည့်ညက မေနဲ့ အောက်ပါအတိုင်းလည်း စကားစပ်ပြောမိသေး၏။

''ကိုစိုးအောင်နဲ့ ကိုယ်က မင်းသားကြီး ဝင်းဦးလိုပဲကွ''

''ဘာဖြစ်လို့လဲ ကို''

''ဝင်းဦးကလည်း သိပ် စစ်သားလုပ်ချင်တာ မဟုတ်ဘူး၊ ငယ်ငယ်က ဖြူဖတ်ဖြူရော်နဲ့ ခယိုးခယိုင်လေးတဲ့၊ ခပ်နွဲ့နွဲ့လေးရယ်တဲ့၊ သူ့ Girl Friend က နင့်လို ခယိုးခယိုင် ပျော့တိပျော့ဖတ်လေး လင်မတော်ချင်ပါဘူးလို့ စိတ်နာအောင်ပြောလွှတ်လိုက်

တာနဲ့ စစ်တပ်ထဲ စွတ်ရွတ်ဝင်လိုက်တာတဲ့၊ အဲဒီလို ခယိုးခယိုင်လေးလို့ အပြောခံလိုက်ရတာနဲ့ ရောက်တဲ့တပ်တိုင်းမှာ ဝင်းဦးက ဝိတ်ချည်းပဲ မ,တော့တာတဲ့''

''ကို့ အဲဒါ ဘယ်သူပြောလဲ''

''ကိုအုံးကြိုင်က ပြောသွားတာလေ''

''ကိုအုံးကြိုင်ဆိုတာ ဘယ်သူလဲဟင်''

''ဝင်းဦးရဲ့ညီ မင်းသားအောင်မိုးလေ၊ သူနာမည်က အုံးကြိုင်တဲ့၊ တက္ကသိုလ်မှာ ဒို့မြို့တော်ဝန်ကြီး ဦးကိုလေးနဲ့ ကျောင်းနေဘက်၊ ဝိတ် မ,ဘက်၊ သူက စာလည်းရေးတယ်၊ မိုးမြင့်ဦးတဲ့၊ ဘာသာပြန်တွေရေးတာ''

''ကိုနဲ့ ဘယ်လိုလုပ်ပြီး သိကြတာလဲဟင်''

''Y.C.D.C မှာတုန်းက ဦးကိုလေး မိတ်ဆက်ပေးတာလေ၊ သူရော ကိုယ်ရော စာသမားတွေဆိုတော့ ခဏနဲ့ရင်းနှီးသွားတာပေါ့၊ အဲဒီအချိန်မှာ ကိုအုံးကြိုင်က ကျန်းမာရေး သိပ်မကောင်းတော့ဘူး''

''ဘာဖြစ်လဲ''

''နှလုံးရောဂါဖြစ်နေတာ၊ ကိုယ်က သူ့ကို မကြာခဏဖိတ်၊ ကျွေးမွေးပြုစု၊ ရှေးဟောင်းနှောင်းဖြစ်တွေပြော၊ မေးချင်တာလေးတွေ မေး၊ ကိုယ်က တက္ကသိုလ်တုန်းက သူ့အဖေ ဦးဘညွန့်ကြီးရဲ့ တပည့်လည်းဖြစ်ခဲ့ဖူးတယ်။ သူက သူသိတာတွေ ပြောပြဆိုတော့ ကိုယ်လည်း ဗဟုသုတရ၊ သူလည်း စိတ်ထွက်ပေါက်ရတာပေါ့၊ Y.C.D.C မှာတုန်းက ကိုအုံးကြိုင် ကိုယ့်ဆီ မကြာမကြာ လာလည်တယ်၊ နောက်တော့ ဒီ Heart နဲ့ပဲ ဆုံးသွားရှာတယ်''

''ဩော်''

''ဝင်းဦးကတော့ ရည်းစားကြောင့် Heart ထိပြီး တပ်ထဲဝင်သွားတာလေ၊ ပြန်ထွက်တော့ နိုင်ငံကျော်မင်းသားကြီးဖြစ်ရော၊ ကိုစိုးအောင်ကလည်း Heart ထိပြီး တပ်ထဲဝင်သွားတာ ငယ်ငယ်ရွယ်ရွယ်နဲ့ Full Colonel ကြီး ဖြစ်သွားတယ်လေကွာ''

''နို့...ကိုကရော''

''မေသိရဲ့သားနဲ့၊ ဘာပြောစရာလို

ဒီနေရာတွေကား ကျွန်တော်တို့ ကိုစိုးအောင်တို့ငယ်စဉ်က KNU များ၊ NMSP များ၊ P.D.P များနှင့် အလွန်သတ်လို့ ပုတ်လို့ ကောင်းသည့်နေရာများ ဖြစ်ခဲ့ပါ၏။ ယခုတော့ အေးချမ်းသာယာပြီး ကားတွေ ဥဒဟိုသွားနေကြသည်။

သေးလဲ၊ တပ်ထဲဝင်တုန်းက ကိုယ်အလေးချိန် ပေါင် ၉၀ ငပိန် ငချိလေးက အခု ပေါင် ၁၆၀ တောင် ရှိနေပြီ၊ ကျန်တာတွေ မပြောကောင်းဘူး၊ ကိုယ်ပြောရမယ့်ဟာ မဟုတ်ဘူး၊ ဘေးက ပြောရမယ့်ဟာ၊ တစ်ခုပဲရှိတယ်၊ ဒို့တစ်တွေကို တပ်မတော်က Totally Change လုံးဝပြောင်းလဲပေးလိုက်တာတော့ အမှန်ပဲ၊ လူသာမကဘူး၊ Heart နှလုံးသားကိုပါ ပြောင်းလဲပေးလိုက်တာ''

''ဘာနှလုံးသားလဲ''

''ဟိုဟာမတွေပစ်ပြီး မေ့ကိုပြောင်းချစ်တဲ့ နှလုံးသားလေ''

''ကဲ...မဟုတ်ဘူးလား''

ကျွန်တော့်အပြောကို မေက သဘောကျပြီး...

''ဟုတ်ပါ့ရှင်...ဟုတ်ပါ့...ဟုတ်ပါ့''

ကျွန်တော်ကလည်း သဘောကျစွာ ရယ်မောလိုက်မိပါ၏။

အပြန်ခရီးမှ အမှတ်တရ

ဘားအံမှ အပြန်တွင်တော့ ၃၅ မိုင် ဝေးသည့် မော်လမြိုင်ဘက်ကလှည့်ခဲ့သည်။ မော်လမြိုင် ကျောက်တစ်လုံးတွင် လေးနှစ်နေခဲ့ရသည်လေ။

ဘားအံ မော်လမြိုင် ကတ္တရာလမ်းကကောင်းသည်။ ကားကြီးတွေ သိပ်မသွား၍ထင့်။ ပထမ ဂျိုင်းမြစ်ကူးတံတား ဖြတ်ရသည်။ မော်လမြိုင်ရောက်ခါနီးတော့ အတ္တရံမြစ်ကူးတံတား ဖြတ်ရပြန်၏။ ဒီနေရာတွေကား ကျွန်တော်တို့ ကိုစိုးအောင်တို့ ငယ်စဉ်က KNU များ၊ NMSP များ၊ P.D.P များနှင့် အလွန်သတ်လို့ ပုတ်လို့ကောင်းသည့် နေရာများဖြစ်ခဲ့ပါ၏။ ယခုတော့ အေးချမ်းသာယာပြီး ကားတွေ ဥဒဟိုသွားနေကြသည်။ ရှေးယခင်က ကားလမ်း



ကောင်းကောင်းမရှိ။ မော်လမြိုင်သွားမည်ဆိုက I.W.T နှစ်ထပ်သင်္ဘောများနှင့်သာသံလွင်မြစ်ကြောင်းအတိုင်း သွားခဲ့ရ၏။ မကြာခဏ သောင်းကျန်းသူများ ကမ်းပေါက ပစ်တာခံခဲ့ရ၏။

မော်လမြိုင်ရောက်တော့ မေ့ဆွေမျိုးမိတ်သင်္ဂဟများကို နှုတ်ဆက်ပြီးပြန်ခဲ့ကြ၏။ မော်လမြိုင်လေဆိပ်အနီးတပ်က ကျွန်တော့် ဆရာသမား ဗိုလ်ချုပ်အေးကျော်တပ်ရင်းမှူးလုပ်ခဲ့သည့်တပ်။ ဗိုလ်ချုပ်အေးကျော် ပြောင်းသွားတော့ တပ်ရင်းမှူးဘယ်သူထင်ပါသလဲ။ တခြားသူ ဟုတ်ပါရဲ့လား။ ကျွန်တော့်သူငယ်ချင်း ဗိုလ်မှူးကြီးသူရစိုးအောင်ပါခင်ဗျား။

မုတ္တမမြစ်ကူးတံတားသစ်ကြီးကို ဖြတ်ကြတော့ မေက–

''မေတို့ ဒီတစ်ဝိုက်မှာ ဆယ်နှစ်နော်ကို''

''ကိုက ဆယ်နှစ်မကဘူးကွ၊ ဗျူဟာမှူး လေးငါးနှစ်ပါ ပေါင်းလိုက်တော့ ဆယ့်ငါးနှစ်လောက်ရှိမယ်''

''ဩော်..ဟုတ်တယ်..ဟုတ်တယ်''

''လူဘဝကြီးက ကျဉ်းကျဉ်းလေး မေရဲ့၊ တက္ကသိုလ်တက်တုန်းက ကျောင်းအတူတက်ခဲ့တဲ့သူ အတော်များများ တပ်ထဲမှာ ပြန်တွေ့ကြရတယ်၊ ကိုစိုးအောင်တို့၊ ကိုဘိုကြည်တို့၊ သူရ ဖုန်းစိန်တို့၊ ကိုထွန်းမြင့်တို့ ဆိုတာ တက္ကသိုလ်မှာ ဘာသာတွဲတစ်ခုတည်း ယူခဲ့ကြသူတွေ၊ ဆရာမြင့်နောင်တို့၊ ဆရာထင်ကျော်တို့၊ ဆရာခင်အောင်တို့လည်း တပ်ထဲမှာ ပြန်တွေ့ကြရတယ်လေ၊ ဆရာခင်အောင်က ရေတပ်မှာ ဗိုလ်မှူးချုပ်တောင် ဖြစ်သွားပါရောလား၊ ကိုယ်နဲ့ ဒီယက်နမ်မှာ ပြန်တွေ့ကြသေးတယ်''

''နောက် နယ်ဘက်ရောက်ပြန်တော့လည်း ဒီလူတွေနဲ့ မကြာမကြာပြန်ဆုံတယ်ဗျာ၊ အခုလည်း စာရေးဖို့ ခရီးထွက်တာတောင် လမ်းမှာလာဆုံသေးတယ်၊ မနက်က ရွှေဝါကဖီးမှာတွေ့ခဲ့တဲ့ ဗိုလ်မှူးကြီးဌေးအောင်နဲ့က ၁၉၉၁ က မိုင်းယန်းမှာ ကိုယ်နဲ့အတူနေခဲ့ဖူးတယ်၊ သူက ကိုယ့်ထက် ငါးနှစ်ငယ်တယ်၊ ရှေ့နှစ် ပင်စင်သွားရတော့မယ်တဲ့''

''ဩော်''

''အဲဒါပါပဲ မေရယ်၊ ကိုယ်တို့တစ်တွေ

ကိုယ်တို့တစ်တွေကလည်း ချစ်သူခင်သူ မြတ်နိုးသူတွေနဲ့ ဘဝသံသရာရထားကြီး အတူစီးနေကြရတာ၊ ကိုယ့်နေရာ ကိုယ်ရောက်တော့ ဆင်းကြစတမ်းပေါ့၊ သူ့အလှည့် ကိုယ့်အလှည့်ပေါ့...



ကာလည်း ချစ်သူခင်သူ မြတ်နိုးသူတွေနဲ့ ဘဝသံသရာရထားကြီး အတူစီးနေကြရတာ၊ ကိုယ့်နေရာ ကိုယ်ရောက်တော့ ဆင်းကြစတမ်းပေါ့၊ သူ့အလှည့် ကိုယ့်အလှည့်ပေါ့''

''ကို့စကားက တရားသံတွေပါနေပြီ''

''ဟဲ့...အသက် ၆၀ ကျော်ပြီလေ မိန်းမရဲ့''

''ဒါပေမဲ့ ဘားအံရောက်ခဲ့တော့ ကိုစိုးအောင်နဲ့ အစ်ကိုကြီး ကိုဖေငြိမ်းကို သိပ်သတိရတယ်၊ မော်လမြိုင်ရောက်တော့ ဆုံးသွားတဲ့ ကိုကြီးအေးကျော်ကို သိပ်သတိရတယ်''

''ကိုယ်လည်း သတိရပါတယ်''

မုတ္တမမြစ်ကူးတံတားကြီးကို ကျော်သည်နှင့် အနောက်ဘက်ကမ်း သိတင်းကျွတ်အလှူပွဲတစ်ခုမှ ဆရာကြီး ဦးသုခ၏ ဘဝသံသရာသီချင်းကို ဖွင့်နေသည်။

(ဘဝသံသရာ x x x ရှည်လျားထွေပြား x x x မနေမနား x x x တသွားတည်း သွားကြတာ x x x)

(ခရီးပန်းတိုင် x x x မရောက်မချင်း x x x တစ်ယောက်ဆင်း x x x တစ်ယောက်တက် ဆက်လက်ထွက်ခွာလာ x x x)

ဩော်...ကျွန်တော်တို့၊ ကိုစိုးအောင်တို့၊ ကိုဘိုကြည်တို့ သူငယ်ချင်းများ ဘဝသံသရာရထားကြီးကို စီးနေကြရဆဲပါလား။ ကိုယ့်ဘူတာ ကိုယ်မရောက်မချင်းတော့ စီးကြရဦးမှာပါလေ။

သောင်းဝေဦး

(မုတ်ချက်။ ။ ဗိုလ်မှူးကြီး သူရစိုးအောင်နဲ့ ဗိုလ်မှူးကြီး ဘိုကြည်တို့ ကွယ်လွန်သွားခဲ့ကြပါပြီ။)

ကြော်ငြာများဖိတ်ခေါ်ခြင်း

City Magazine အား

နိုင်ငံတစ်ဝန်းရှိ ပြန်ကြားရေးဝန်ကြီးဌာန၊

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏

မြန်မာစာကြည့်တိုက်များနှင့်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ

မြန်မာအသိုးသိုး ဖြန့်ချိထုတ်ဝေလျက်ရှိပါသည်။

ဈေးနှုန်းချိုသာပြီး အရည်အသွေးပြည့်မီတဲ့ မိတ်ဆွေတို့ရဲ့

ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို

City Magazine မှာ

အခုပဲကြော်ငြာထည့်ပြီး

ရန်ကုန်မြို့တော် အနှံ့မှာရှိတဲ့ ဈေးကွက်တွေကို

သိမ်းပိုက်ကြပါစို့

ဆက်သွယ်ရန်လိပ်စာ

City Magazine

ဟံသာဝတီလမ်းနှင့် ကမ်းနားလမ်းထောင့်၊ ကြည့်မြင်တိုင်မြို့နယ်။

Ph-0973091587, 09420170940